ဂီတကိုကဗျာမှုပြုသူ

# ကိုဓောညိန်း

ရွှေရတုကျွန်းဒါမှတ်တမ်း

ဂီတနှင့်သူ့ဘဝ

ကိုဓောညိန်း တေးများ

(တေးနှင့်ဦး ရှာဖွေစုဆောင်းထားပြုသည်)



# ဂီတကိုကဗျာမှုပြုသူ...

## ကိုစောညိန်း

စောနိုင်ဦး( ရှာဖွေစုဆောင်းတင်ပြသည် )

ကံ့ကော်ဦး
ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

PDF _ Yaybawal

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၃၀၇၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၂၉၇၀၆၀၃

❐

ပုံနှိပ်ခြင်း
ပထမ အကြိမ် - ၂၀၀၆ခုနှစ်၊ ဧပြီလ
အုပ်ရေ - (၅၀၀)

❐

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးစွန်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်၊
၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❐

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❐

မျက်နှာဖုံးပန်းချီ
မငွေး

❐

တန်ဖိုး
၁၇၀၀ ကျပ်

# မာတိကာ


| | |
|---|---|
| အမှာ (စောနိုင်ဦး) | ၈ |
| ကျေးဇူးတင်လွှာ | ၁၄ |
| ကန်တော့ပန်း | ၁၅ |
| မှတ်ပုံမှတ်တမ်းများ | ၁၆ |
| ဂီတနက်သန် ကိုစောညိန်း၏ အတ္ထုပ္ပတ္တိ | ၂၄ |
| ဂီတနက်သန် ကိုစောညိန်း၏ လက်ရာပန်းချီကားများ | ၄၀ |
| ဂီတနက်သန် ကိုစောညိန်း<br>ရေးဆွဲခဲ့သော ကာတွန်းလက်ရာများ | ၄၄ |
| ဂီတနက်သန် ကိုစောညိန်း<br>ရေးစပ်ခဲ့သော ကဗျာများ | ၅၂ |
| ဂီတနက်သန် ကိုစောညိန်း<br>ရေးသားခဲ့သော စာညွှန်းတစ်ပုဒ် | ၈၁ |
| ဂီတနက်သန် ကိုစောညိန်း<br>ရေးသားခဲ့သော ဆောင်းပါးများ | ၈၆ |
| ဂီတနက်သန် ကိုစောညိန်း<br>ရေးသားခဲ့သော ဝတ္ထုတိုများ | ၁၀၆ |
| ဂီတနက်သန် ကိုစောညိန်း၏ ပေးစာများ | ၁၂၂ |
| ဂီတနက်သန် ကိုစောညိန်း၏<br>ပေးစာ လက်ရေးမူများ | ၁၅၃ |
| ဂီတနက်သန် ကိုစောညိန်း<br>ရေးစပ်သီကုံးခဲ့သော သီချင်းများ | ၁၅၈ |



ဂီတနက်သန် ကိုစောညိန်း တယောထိုးနေပုံ



၁၆ နှစ်အရွယ်



၂၃ နှစ်အရွယ်



၂၄ နှစ်အရွယ်



၂၅ နှစ်အရွယ်

ကိုစောညိန်း(၁၆၊၂၃၊၂၄၊၂၅) နှစ်အရွယ်က



ဂီတနက်သန် ကိုစောညိန်း
(၁၉၂၅ - ၁၉၅၂)



ကိုစောညိန်းကိုယ်တိုင် ရေးဆွဲခဲ့သည့် ပုံတူပန်းချီ



ကိုဇော်ညိန်းကိုယ်တိုင် ရေးဆွဲခဲ့သည့် ပုံတူပန်းချီ



ကိုစောညိန်းကိုယ်တိုင် ရေးဆွဲခဲ့သည့် ရှုမျှော်ခင်းပန်းချီ



ကိုစောညိန်းကိုယ်တိုင် ရေးဆွဲခဲ့သည့်
အစ်မဖြစ်သူ ဒေါ်တင်ညွှန့်၏ပုံတူ




(၁၉၇၉) ခုနှစ် မြန်မာပြန်နှံ့အသင်းထုတ်
ဂီတနက်သန် ကိုစောညိန်း၏ စာပေနှင့်ဂီတစာအုပ်
မျက်နှာဖုံး(ပန်းချီစံတိုး ရေးဆွဲထားသည်)

| | | |
|---|---|---|
| ဂီတနက်သန် ကိုစောညိန်း၏ | | |
| သီချင်းလက်ရေးမူများ | | ၁၈၃ |
| နောက်ဆက်တွဲ | | ၁၉၂ |
| ဂီတနက်သန် ကိုစောညိန်းသို့ | | |
| ငွေရတုဂုဏ်ပြုတေး | | ၁၉၃ |
| ဂီတနက်သန် ကိုစောညိန်း၏ | | |
| ငွေရတုသဘင် ကျင်းပခဲ့စဉ်က | (ကြည်ဦး) | ၁၉၄ |
| တေး၏ကြေးမုံ | | ၂၀၂ |
| မိုးအစ၊ မိုးအလယ်၊ မိုးအဆုံး | (စောနိုင်ဦး) | ၂၁၂ |
| မြေလတ်မေ (ခ) ရိရိမေထံမှ | | |
| ကိုစောညိန်းသို့ပေးစာ | | ၂၂၂ |
| မမေ့တဲ့နိုင် | (မေ-မြေလတ်) | ၂၂၅ |
| တမ်းတဖွယ်သူ (သို့) | | |
| ကွန်မဦးလေး ဂီတနက်သန် ကိုစောညိန်း | (တူမစောညိန်း) | ၂၃၁ |
| ရေဒီယိုချိုတေးသံပါ ဆောင်းပါး | | ၂၃၈ |
| ဂီတနက်သန် ကိုစောညိန်း၏ | | |
| စာပေ(စာတမ်း) | (အောင်နိုင်-တက္ကသိုလ်) | ၂၃၉ |
| ဂီတနက်သန် ကိုစောညိန်း | | |
| စာစုစာရင်း စီစဉ်ပုံ | (ခင်နှင်းဦး၊ တင်ဆောင်) | ၂၇၃ |

## ''အမှာ''

ဂီတနက်သန်ကိုစောညိန်းဟာ ၁၂၈၆ခုနှစ်၊ နှောင်းတန်ခူးလဆန်း၊ ( ၈ )ရက်၊ အင်္ဂါနေ့ ( ၃၁ . ၃ . ၁၉၂၅ )မှာ မွေးပြီး တန်ဆောင်မုန်းလဆန်း( ၁၄ )ရက်၊ ( ၃၁ . ၁၀ . ၁၉၅၂ )နေ့မှာ ကွယ်လွန်တယ်။ သူ့အနေနဲ့ လူ့ဘဝမှာ ( ၂၇ )နှစ်နဲ့ ခုနစ်လတိတိပဲ နေထိုင်သွားရတယ်။ သူ့ရဲ့အနုပညာ၊ သူ့ရဲ့အောင်မြင်မှု၊ သူဘာတွေလုပ်သွားခဲ့တယ်ဆိုတာနဲ့ပတ်သက်ပြီး ဒီစာအုပ်နဲ့ သူ့သီချင်းဂီတတွေက ပြောပြလိမ့်မယ်။

ကျွန်တော်ကတော့ ဒီအမှာစာမှာ ကိုစောညိန်းရဲ့ ကံကြမ္မာနဲ့ပတ်သက်ပြီး စောင်းပေးပြောချင်တယ်။ ကိုစောညိန်း နေထိုင်သွားရတဲ့ ခဏတာလေးဟာ မမွေ့မြဲခဲ့ဘူး။ "အနုပညာ" ကလွဲလို့ ဘာမှရမသွားရှာဘူး။ ပြောချင်တာက စီးပွားရေးနဲ့ နှလုံးသားရေးပါ။ သူ့ဘဝဟာ ပန်းမပေါ်တဲ့ ခယောင်းတောလမ်းပါ။

အချစ်ရေးမှာ ကံမကောင်းခဲ့ဘူး။ အချစ်ဦးဖြစ်တဲ့ "သစ္စာခင်" အတွက် "ပွင့်ဦး" ကြွေခဲ့ရတယ်။ ဒုတိယအကြိမ်တွယ်တာသံယောဇဉ်ဖြစ်ခဲ့ရတဲ့ "မြေလတ်မေ" ခေါ် "ရီရီမေ" နဲ့လည်း သေသာသေရော လူချင်းတောင်ဆုံမသွားရရှာဘူး။ ဓာတ်ပုံအပြန်အလှန်ပို့ စာချင်းဆက်သွယ်ရင်းကပဲ သိကျွမ်းခဲ့ရတာလေ။ ချစ်ခင်နှစ်သက်သောသူတို့နဲ့ ကွေကွင်းရသူတစ်ဦးရဲ့ဘဝခမျာ သာယာပါလေစ။

ဂီတနက်သန်ကိုစောညိန်းဟာ ဥစ္စာဓနပြည့်စုံသူတစ်ဦးလည်း မဟုတ်ဘူး။

မိဘနှစ်ပါးနဲ့ လူမမယ်ညီလေးတစ်ယောက်ကို ရှာဖွေကျွေးမွေးနေရတယ်။ စာပေနဲ့ ဂီတအတွက် အငတ်ငတ်အပြတ်ပြတ် အသက်မွေးရတယ်။ ထောက်ပံ့ကြေးတစ်ပြားမှ မရတဲ့ "ဂီတနက်သန်" အဖျော်တမ်းဝိုင်းကို အလူးလူးအလဲလဲ ကျားကန်ခဲ့တာ တစ်နှစ်ခွဲလောက်ပဲခံတယ်။ မြန်မာ့အသံမှာ အသံသွားသွင်းဖို့ အိမ်ကထွက်မယ်လုပ်တိုင်း အစ်မဖြစ်သူ ဒေါ်တင်ညွန့်ရဲ့ စကားကိုကြားရတယ်။ "ဟဲ့ စောညိန်း ပုဆိုးကလည်း အဟောင်းအစုတ်ကြီးပါလား။ ငါ ဝယ်ပေးထားတဲ့ ပုဆိုးအသစ်တွေကော" လို့ လှမ်းမေးတဲ့အခါ "ကျွန်တော့်တီးဝိုင်း သီချင်းတိုက်ဖို့ ငွေလိုနေတာနဲ့ အပေါင်ဆိုင် ပို့ထားရတယ် မမ" လို့ ကိုစောညိန်းက ပြန်ဖြေလေ့ရှိတယ်။ ဒီတော့မှ အစ်မဖြစ်သူက "စောညိန်းတို့ ကတော့ ဖြစ်ရမယ်။ ရော့ ပိုက်ဆံယူသွား။ ပုဆိုးပြန်ရွေးပြီး သပ်သပ်ရပ်ရပ် ဝတ်စားသွား လို့" ပြောရှာတယ်။

ကိုစောညိန်းဟာ ဂီတနဲ့ပတ်သက်လို့ အောင်မြင်မှုတစ်ခုသာ ချခဲ့ပေမယ့် သေသာ သေသွားရော စီးပွားရေးအရ မစံစားသွားရဘူး။ သူ ကွယ်လွန်ခဲ့တဲ့တိုင် မိဘနှစ်ပါးဟာလည်း ပြောပလောက်အောင် အကျိုးမခံစားရဘူး။ ကိုစောညိန်းရဲ့ ခဏတာလူ့ဘဝလေးဟာ ကိုယ်၊ စိတ်နှစ်ပါး ညိုးချုံးမှုတွေနဲ့သာ ပြည့်လျှမ်းခဲ့ရတယ်။ ဒါဟာ သူ့ကံတရားပဲ။

သူကွယ်လွန်ရတာလည်း ရန်ပွဲကို ဝင်ဖျန်ဖြေရာက လူမှားပြီး အရိုက်ခံရလို့ဖြစ်တယ်။ ဥပစ္ဆေဒကကံနဲ့ သေရရှာတယ်။

ဂီတနက်သန်ကိုစောညိန်း ကွယ်လွန်ခဲ့ပေမယ့် သူ့ရဲ့အောင်မြင်မှုဟာ သူ့ပရိသတ်တိုင်းရဲ့ ရင်ထဲမှာ မွှေးမြဲပဲဖြစ်တယ်။ တစ်ခေတ်မှာတစ်ယောက် ထွန်းပေါက်ခဲ့သူပါရမီရှင်ဖြစ်လေတော့ သူ့ရဲ့ကွယ်လွန်ခြင်း "၂၅နှစ်ပြည့်" ငွေရတုမှာ ဂုဏ်ပြုပွဲအထိမ်းအမှတ်လုပ်ကြဖို့စိုင်းပြင်းခဲ့ကြတယ်။

မြန်စာပြန့်အသင်းကကြီးမှူးပြီး အမှတ်တရစာအုပ်ထုတ်မယ်၊ ဂီတဂုဏ်ပြုပွဲလုပ်မယ်ပေါ့။

ဒီအခါမှာ မြန်စာပြန့်အမှုဆောင်တွေကြားထဲ အကြီးအကျယ်သဘောကွဲလွဲကြတယ်။ သဘောမတူတဲ့လူတွေရဲ့ အကြောင်းပြချက်က ဒီလိုပါ။ ကိုစောညိန်းဟာ လူငယ်လေးတစ်ယောက်သာဖြစ်တယ်၊ ပညာရှင်မဟုတ်ဘူး။ မလောက်လေး မလောက်စား ဝါသနာရှင်တစ်ယောက်ပဲဖြစ်တယ်။ ဂုဏ်ပြုခြင်း ဂုဏ်ပြု "မြို့မငြိမ်း" တို့ "ရွှေပြည်အေး"တို့ "မဟာဂီတဦးပြူးချို"တို့ကို ဂုဏ်မပြုဘဲ သူ့ကို ဘာလို့ဂုဏ်ပြုရမှာလဲတဲ့။

အမွှဆောင်တွေကြားထဲ ဘယ်လိုမှ ညှိမရတာနဲ့ ( ၁၉၇၇ )မှာ လုပ်ရမယ့် ငွေရတုပွဲဟာ ဝမ်းနည်းစွာ ပျက်သွားတယ်။ ( ၁၉၇၉ )ကြတော့မှ မြန်စာပြန့်အသင်း ဥက္ကဋ္ဌဖြစ်တဲ့ ဆရာရန်အောင်ရဲ့ စတင်အကြံပေးမှု၊ ဆရာဦးမာယ၊ အဘဦးအောင်သိန်း၊ အဘွားဒေါ်ကြည်ဦး၊ ဆရာရန်နိုင်ဆွေ၊ ဆရာလှသမိန်၊ ဂီတနက်သန်ဦးအုန်းလွင်၊ မြင်းခြံမှ ဗိုလ်မှူးသိန်းအောင်(ငြိမ်း) စသူတို့ရဲ့ ကြိုးပမ်းမှုတွေကြောင့် ငွေရတုပွဲကြီး ရှပ်လုံးကြွလာတယ်။

မြန်စာပြန့်အသင်းကြီးက ဂုဏ်ပြုစာစဉ်( ၁၆ )အနေနဲ့ "ဂီတနက်သန်ကိုစောညိန်း - စာပေနှင့်ဂီတ" စာအုပ်ကို အထိမ်းအမှတ်အဖြစ် ထုတ်ပေးတယ်။ ငွေရတုလွန်နှစ်နှစ်ကျော် ( ၂၂ . ၁၂ . ၇၉ )နေ့ ရန်ကုန်မြို့၊ ဂန္ဓီခန်းမဆောင်ကြီးမှာ ဂီတနက်သန်ကိုစောညိန်း ဂုဏ်ပြုပွဲကြီးကို မြန်စာပြန့်ကပဲ ကြီးမှူးကျင်းပပေးတယ်။

ဒီအခမ်းအနားကလည်း အဆင်ပြေပြေ ချောချောမွေ့မွေ့နဲ့ဖြစ်ပေါ်လာတယ် မထင်ပါနဲ့။ အနှောင့်အယှက်အမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးနဲ့ ကြုံခဲ့ရသေးတယ်။ ( ၁၉၇၇ )ခုနှစ်ထဲက သဘောကွဲလွဲခဲ့ကြတဲ့သူတွေ တစ်ယောက်မှ မပူးပေါင်း/မပါဝင်ကြဘူး။ ဒါဟာလည်း ကိုစောညိန်းရဲ့ ကံကြမ္မာတစ်ခု။

အခမ်းအနားမှာ သဘာပတိဖြစ်တဲ့ ဆရာကြီးဦးမာယက အမှာစကားပြောခဲ့တယ်။ ဂီတနက်သန်ကိုစောညိန်းကို ဘာကြောင့်ဂုဏ်ပြုပွဲ ကျင်းပပေးခဲ့တယ်ဆိုတာကို ပြည့်ပြည့်စုံစုံ အကျယ်တဝင့်ရှင်းပြတယ်။

ကိုစောညိန်းနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းက အောက်ပါအတိုင်း ယုံကြည်ချက်တစ်ခု အခိုင်အမာချမှတ်ခဲ့တယ်။

"- ဂီတနက်သန်ကိုစောညိန်းသည် တစ်ခေတ်တွင်တစ်ယောက် ပေါ် ပေါက်သည်ဟုဆိုသော ရှေးစကားအတိုင်း ပြည်ထောင်စုခေတ် တစ်ခေတ်တွင် ထူးထူးခြားခြားပေါ် ပေါက်လာသည့် အနုပညာရှင် တစ်ဦးဖြစ်ခြင်း။

- မြန်မာ့ဂီတနယ်တွင် အလိုက်စာဆိုမဟုတ်ဘဲ အထွင်စာဆိုဖြစ်၍ မြန်မာမှု မြန်မာဟန်မပျက် ဆန်းသစ်သော တီးလုံးတေးသွားဟန်ကို တီထွင်နိုင်ခြင်း။

- သူ၏သီချင်းများတွင် အသံ၏စွမ်းပကားကိုသာ အားကိုးအားထား မပြုဘဲ ဂုဏ်မြောက်သည့် စာပေအစီအကုံး အနှုန်းအဖွဲ့များ ပါရှိ

ဒါပေမယ့် ဝမ်းသာစရာတစ်ခုရှိတယ်။ ကိုစောညိန်းကွယ်လွန်ခြင်း နှစ်(၅၀) တင်းတင်းပြည့်တဲ့ ၂၀၀၂ခုနှစ်၊ အောက်တိုဘာလ၊ ( ၃၁ )ရက်နေ့မှာ ကိုစောညိန်းမိသားစုက ကိုယ့်အစွမ်းအစနဲ့ အမှတ်တရ ရည်စူးပြီး အလှူအတန်းလုပ်တယ်။ ညီဖြစ်သူ ဦးလှဝေ( အနီ )က ပေါင်းတည်မှာရှိတဲ့ ဘိုးဘွားရိပ်သာမှာ ဘိုးဘွားတွေကို ထမင်းကျွေး လှူဒါန်းပြီး ကိုစောညိန်းကို အမှူဝေတယ်။ ကိုစောညိန်းနေထိုင်သွားရာ အမှတ်(၇၃) ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်နေအိမ်မှာ တူမဖြစ်သူ ဒေါ်ထားထားရီက အထိမ်းအမှတ်ပွဲ အလှူအတန်းလုပ်တယ်။ သံဃာတော်တွေပင့်၊ အရှက်ဆွမ်းကပ်၊ သက်နိုးအစရှိတဲ့ လှူဖွယ်ဝတ္ထုတွေ ဒါနပြုပြီး ကောင်းမှုကုသိုလ်ရည်စူးတယ်။ စာပေနယ်၊ ဂီတနယ်နဲ့ မိတ်ဆွေအပေါင်းအသင်းတွေကို ဖိတ်ကြား ကျွေးမွေးတယ်။ တစ်ပိုင်တစ်နိုင်၊ တစ်ထိုင်ပွဲလေးလုပ်ပြီး ဆိုကြတီးကြတယ်။ ကုန်ကျငွေ ( ၂ )သိန်းကျော် ( ၃ ) သိန်းလောက် ရှိခဲ့ပေမယ့် ဘယ်သူ့ဆီကမှ တစ်ပြားတစ်ချပ်အကူအညီမယူခဲ့ဘူး။ ကိုစောညိန်း သီချင်းတွေရောင်းရတဲ့ အနုပညာကြေးနဲ့ မိသားစုချွေးနဲစာပေါင်းပြီး ဖြစ်အောင် လုပ်ခဲ့တာဖြစ်တယ်။ အောင်အောင်မြင်မြင်ပဲ ပြီးခဲ့တယ်ဆိုပါတော့။

ဂီတနက်သန်ကိုစောညိန်းကွယ်လွန်ခြင်း နှစ်( ၅၀ ) ရွှေရတုနှစ်ဟာ ( ၂ ) နှစ်ကျော်ကျော် ကြာလာပြီဖြစ်ပေမယ့် အထိမ်းအမှတ်စာအုပ်လေးတစ်အုပ်တောင် ဖြစ်မလာရှာဘူး။ ဒါနဲ့ မူလတာဝန်ယူထားတဲ့အသင်းကို အကြောင်းကြားပြီး ကိုစောညိန်းမိသားစုက စာအုပ်ထုတ်ဝေရေးကိစ္စကို ကိုယ့်အစီအစဉ်နဲ့ကိုယ် စတင်ဆောင်ရွက်ခဲ့တယ်။ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ မိုးဆက်တွေလုပ်နေတဲ့ "ကံကော်ဝတ်ရည်"စာပေနဲ့ ဆက်မိရာက စိတ်တူ၊ ကိုယ်တူ၊ ဝါသနာတူနဲ့ ဒီစာအုပ်အတွက် လုံးပမ်းကြတယ်။ နောက်ဆုံးတော့ ကိုစောညိန်းအမှတ်တရစာအုပ်တစ်အုပ် အောင်အောင်မြင်မြင် ပေါ်ထွက်လာခဲ့ပြီ။

အားလုံးကို နိဂုံးချုပ်ပါမယ်။ ကိုစောညိန်းဟာ နေသွားရတဲ့လူ့ဘဝခဏလေးမှာ ဆူးခင်းထားတဲ့ ခယောင်းလမ်းပေါ် လျှောက်ခဲ့ရတယ်။ ဒါပေမယ့် နောက်ဆုံးမှာ ကျော်ကြားမှု၊ အောင်မြင်မှုရခဲ့တယ်။ ယနေ့ထက်ထိတိုင်အောင်ပါပဲ။ သူ့သီချင်းတွေ ဆိုကြတီးကြ နားထောင်နေကြရသမျှ ကာလပတ်လုံး သူ့ကိုလည်း သတိရလွမ်းဆွတ်နေကြဦးမယ်။

ကိုစောညိန်းကွယ်လွန်တဲ့ ( ၂၅ )နှစ်ပြည့် ငွေရတုကို ( ၂ )နှစ်ကျော်ကြာမှ ကျင်းပဖြစ်တယ်။ အနှောင့်အယှက်၊ အခက်အခဲအမျိုးမျိုးတွေကြားကနေ ဂီတဂုဏ်ပြုပွဲ လုပ်ဖြစ်ပြီး အထိမ်းအမှတ်စာအုပ်ထုတ်ဖြစ်တယ်။ နောက်ဆုံးတော့ အောင်မြင်တာပဲ။

၂၀၀၂ခုနှစ် ရွှေရတုကာလအတွင်းမှာ အဆင်မပြေမှု အခက်အခဲအမျိုးမျိုးနဲ့ ထပ်တွေ့ရတယ်။ ကျွန်တော်က ဘဘဦးအောင်သိန်းနဲ့ အဘွားဒေါ်ကြည်ဦးကို အကြောင်းစုံပြောပြတော့၊ အဘက "မောင်သိုက်ရေ ကိုစောညိန်းက ( ၃၁ )ရက်နေ့မှာမွေးပြီး ( ၃၁ )ရက်နေ့မှာ ဆုံးတယ်။ လေးဂဏန်းသမားလို့ပြောလို့ရတယ်။ အင်္ဂါသားကလည်း ဖြစ်နေပြန်တော့ ဒေါသသင့်ရှာတယ်နဲ့တူပါတယ်ကွယ်။ ပညတ်သွားရာ ဓာတ်သက်ပါဆိုသလို "စောညိန်း" ဆိုတော့ စောစောငြိမ်းခဲ့ရတယ်။ သူ့ခမျာ ကံဆိုးရှာတယ်ကွယ်" ဆိုပြီး ကျွန်တော့်ကို ပြောတယ်။

မှန်ပါတယ်။ ကိုစောညိန်းဟာ သက်ရှိထင်ရှားရှိနေတုန်းမှာသာမက ကွယ်လွန်ပြီး နှစ်( ၅၀ )ကျော်သည့်တိုင် ကံမကောင်းရှာဘူး။ သူ့ကိစ္စနဲ့ပတ်သက်ပြီး ဆောင်ရွက်မယ်ကြံတိုင်း အဆင်မပြေဖြစ်တာကများတယ်။ "x x x ဘယ်သူ့ကိုမှ x x x အပြစ်လည်း x x x မတင်လိုပေ x x x" ဆိုတဲ့စာသားကလေးကိုပဲ ငြီးပါရစေ။ နောက်ဆုံးတော့ ကိုစောညိန်းရဲ့ ကံကြမ္မာစေရာပဲ။ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး။

ဒါပေမယ့် တစ်ခုတော့ ဖြည့်စွက်ပါရစေ။ ကိုစောညိန်းနဲ့ပတ်သက်ရင် အခက်အခဲတွေ ဘယ်လောက်ရှိရှိ နောက်ဆုံးတော့ အောင်မြင်တာပဲ။ အခုလည်းအမှတ်တရစာအုပ်ထွက်လာနိုင်ခဲ့ပြီ။

ဂီတနက်သန်ကိုစောညိန်းရဲ့ မျိုးဆက်တစ်ဦးအနေနဲ့ပဲဖြစ်ဖြစ်၊ ကိုစောညိန်းရဲ့ သီချင်းတွေကို ရင်ထဲ၊ နှလုံးသားထဲမှာ အစဉ်အမြဲသိမ်းထားပြီး ရှုသွပ်မြတ်နိုးခဲ့ရတဲ့ သူ့ပရိသတ်တစ်ဦးအနေနဲ့ပဲဖြစ်ဖြစ်၊ ကျွန်တော့်မှာ တာဝန်နှစ်ရပ် ကြွေးတင်ခဲ့ရ တယ်။ တစ်ခုက ရွှေရတုအမှတ်တရစာအုပ်ထွက်လာနိုင်ဖို့ ဒုတိယက ဂီတဆည်းဆာပွဲ အောင်အောင်မြင်မြင်ကျင်းပနိုင်ဖို့။ အခုပထမကြွေးတော့ ဆပ်နိုင်ခဲ့ပြီ။ ဂီတဆည်းဆာပွဲ ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ဖို့တော့ ကျွန်တော်တစ်ယောက်တည်းအားနဲ့ စွမ်းနိုင်မှာ မဟုတ်ဘူး။

ကိုစောညိန်းကိုချစ်ကြတဲ့ မြတ်နိုးတန်ဖိုးထားကြတဲ့ စိတ်ဝင်စားသူတွေရဲ့ အနုပညာအား၊ လူအား၊ ငွေအားတွေသာ ပူးပေါင်းနိုင်ရင် တစ်နေ့ အကောင်အထည်ပေါ်မှာပါ။ ပါဝင်ပူးပေါင်းကူညီကြဖို့လည်း ဖိတ်ခေါ်ပါတယ်။

"ဆန္ဒဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ" လို့ မြတ်စွာဘုရား ဟောပါတယ်။ အဓိပတိတတ်တဲ့ ဆန္ဒသာ ဆောင်ရင် တစ်နေ့အောင်မြင်ရမှာပဲ။ ကျွန်တော် ဒီကြွေးနဲ့ ပတ်သက်ပြီး နေ့စဉ်ခေါင်းထဲမှာ ရှိနေတယ်။ ကျွန်တော်တင်ပြခဲ့ပြီးပြီပဲ။ ကိုစောညိန်းနဲ့ ပတ်သက်လာရင် နောက်ဆုံးတော့ အောင်မြင်တာပါပဲလို့. . . ။

စောနိုင်ဦး (၆. ၁၂. ၂၀၀၄)

## ''ကျေးဇူးတင်လွှာ''

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အကူအညီပေးကြသည့် ဂီတနက်သန်ကိုစောညိန်း၏ညီ ဦးလှဝေ( အနီ )၊ တူမဖြစ်သူ ဒေါ်ထားထားရီနှင့် ၎င်း၏ခင်ပွန်း ဦးညီလွင်၊ လမ်းညွှန်မှုပေးခဲ့သည့် ဘဘဦးအောင်သိန်းနှင့် အဘွားဒေါ်ကြည်ဦး၊ ကံကော်ဝတ်ရည်စာပေတိုက်မှ ဆရာဦးကျော်ဇင်( ဘုန်းတင့်ကျော် )နှင့် ဇနီးဒေါ်ဝိုင်း၊ စာကြည့်တိုက်မှူးများဖြစ်ကြသည့် ဒေါ်ခင်နှင်းဦး၊ ဦးတင်ဆောင်၊ မြန်မာစာပါမောက္ခ(ငြိမ်း)ဖြစ်သည့် ဆရာကြီးဦးအောင်သောင်းတို့အား ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။ စာမူကြမ်းများ စာအုပ်ဖြစ်လာသည်အထိ ပံ့ပိုးကူညီပေးခဲ့သော ကိုဇူးကျော်၏ ကျေးဇူးကိုလည်း မေ့ထားလို့မရပါ။ ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း၊ အမည်နာမ မဖော်ပြနိုင်ခြင်းအတွက် မေတ္တာရှေ့ထား၍ နားလည်ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

□□□

## ‘‘ကန်တော့ဗန်း’’

ဤကြိုးပမ်းဆောင်ရွက်ချက်ဖြင့် အနန္တော အနန္တငါးပါးတို့အားလည်းကောင်း၊ ကွယ်လွန်သူ ဂီတနက်သန်ကိုစောညိန်းအားလည်းကောင်း ကန်တော့ခြင်း ဖြစ်ပေ၏။

❑❑❑

စောနိုင်ဦး

၆ . ၁၂ . ၂၀၀၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်

စာရေးဆရာအသင်း၊

အနုပညာ ဂုဏ်ထူးဆောင်လက်မှတ်

---

၁၃၁၂ ခု၊ နတ်တော်လဆန်း (၁) ရက် တနင်္ဂနွေနေ့ အမျိုးသား စာပေဆုကြီးတွင်၊ ဆင်ယင်ကျင်းပသော နတ်သျှင်နောင်ပြဇာတ်တွင် ထောက်ပံ့ချက်များဖြင့် ကူညီသော ( ကိုဇော်ငြိမ်း ) အား စာရေးဆရာ အသင်းကြီးမှ သူ၏ဂီတ အနုပညာကို ချီးမြှောက်ပြီးသောအားဖြင့် အနုပညာအတွက် ဂုဏ်ထူးဆောင်လက်မှတ်ကို ချီးအပ်ရ ပေသည်။

နတ်သျှင်နောင် ပြဇာတ်သည် ပေဟ ဥဒေါင် ရေးသားခဲ့သော နတ်သျှင်နောင်၏ ရာဇ ဝင်ကို ပြည့်စုံစွာ သရုပ်ဖော်ထားသော စာပေပြဇာတ်ဖြစ်၍ ဂီတအနုပညာကို ပေါ်လွင်အောင် ဖော်ပြနိုင်စွမ်းရှိရပေသည်။

ယခုပြဇာတ်၌ ဂီတအစီအစဉ်ကို ဆောင်ရွက်သူသည် နတ်သျှင်နောင် ဘဝတုံးသော ရာဇ ဝင်များ၏ အနက်အဓိပ္ပါယ်နှင့် သူ၏စိတ်ဓာတ်ကို ဖော်ပြနိုင်သော တေးသံများကို ပြည့်စုံစွာ ထုတ်ဖော်နိုင်စွမ်းရှိသည်။ နတ်သျှင်နောင်၏ အတွေးအခေါ်များကို တေးသံ အားဖြင့် ဖော်ပြပေးနိုင်စွမ်းရှိသည်။ ထိုသို့သော တေးသီချင်းဖြင့် နတ်သျှင်နောင်၏ ရာဇ ဝင်ကို ဖော်ပြသော ဂီတဖြင့် ပြည့်စုံစေသော သူ၏ ဂီတအနုပညာကို ဂုဏ်ပြုသောအားဖြင့် စာရေးဆရာအသင်းကြီး၏ အနုပညာဂုဏ်ထူးဆောင်လက်မှတ်ကို ချီးမြှင့်ရပေကြောင်း။

ဥက္ကဋ္ဌ — အတွင်းရေးမှူး

မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ချီးမြှင့်သော

အနုပညာ ဂုဏ်ထူးဆောင်လက်မှတ်

<u>မြန်မာနိုင်ငံကာလပေါ်တူရိယာဂီတအဖွဲ့ချုပ်။</u>

အမှုဆောင်အစည်းအဝေး။

ဦးစောကြိုင်

.................

လူကြီးမင်းခင်ဗျား။

ယခုလာမည့်တနင်္ဂနွေနေ့တွင် အောက်ပါအရေးကြီးသောတာဝန် အရပ်ရပ်အတွက် ဆွေးနွေးရန် မပျက်မကွက်ဆက်ဆက်တက်ရောက်ပါမည့် အကြောင်း လေးနက်စွာတိုက်တွန်းနှိုးဆော်ရပါသည်။

(၁) ဥက္ကဋ္ဌမိန့်ခွန်း။

(၂) လွန်ခဲ့သောအစည်းအဝေးပြတ်တမ်းဖတ်ကြားအတည်ပြုရန်။

(၃) သမဝါယမဓါတ်ပြားလုပ်ငန်းအတွက်အသေးစိတ်ဆွေးနွေး ဆုံးဖြတ်ရန်။

(၄) အဖွဲ့ချုပ်ကြီး၏မူပိုင်တံဆိပ်နှင့်ပတ်သက်၍လုပ်ငန်းများကို စီမံခန့်ခွဲရန်။

(၅) အဖွဲ့ချုပ်ကြီး၏ဂီတဗိမာန်တည်ဆောက်ရန်နှင့်ပတ်သက်၍ဓါတ်ပြား သွင်းရန်ကိစ္စကိုထပ်မံဆွေးနွေးဆုံးဖြတ်ရန်။

(၆) အဖွဲ့ချုပ်ကြီးအား မှတ်ပုံတင်ရေးအတွက်ဆွေးနွေးဆုံးဖြတ်ရန်။

နေရာ--------နိုင်ငံတော်ဆရာကြီးအတက်သင်သိမ်ကျောင်း၊(ကမာဦးဘာသန်းသို့)

အချိန်--------နံနက်---၉နာရီ။

နေ့စွဲ--------၂၃-၃-၅၂။

(ပုံ) ရန်နိုင်ဆွေ။

အထွေထွေအတွင်းရေးမှူး။

မြန်မာနိုင်ငံကာလပေါ်တူရိယာဂီတအဖွဲ့ချုပ်။

...............

မြန်မာနိုင်ငံ ကာလပေါ်တူရိယာ ဂီတအဖွဲ့ချုပ်
အမှုဆောင် အစည်းအဝေး ဖိတ်ကြားစာ(၁)

ဗမာနိုင်ငံ

"ကာလပေါ်-တူရိယာ-ဂီတ အဖွဲ့ချုပ်"

GENERAL COUNCIL OF MODERN MUSIC

(BURMA)

ဦးဇော်ညိမ်း

ဂီတ · နက်သန်ဂီဖွဲ့

• အရေးပေါ် •

အမှုဆောင်နှင့် - ခေါင်းဆောင်များသို့ အစည်းအဝေး ။

အဓိ၊ ရေး တင်ပြသို့ ဗမာ့ယဉ်ကျေးမှု အဖွဲ့တရပ် ပေါ်ထွက်ရန် စိုင်း ပြင်းနေသည့်ကိစ္စ - ကျွန်ုပ်တို့ တူရိယာဂီတဘက်မှ - တဦးတယောက်မှ မပါသေးသောကြောင့် - တူရိယာဂီတနှင့် ပါတ်သက်သည့် - ပုဂ္ဂိုလ်တိုင်းတို့ ၏ - အရေးကိစ္စ ဖြစ်နေ၍ - အမြန်ဆုံး တိုင်ပင်ဆွေးနွေး ဆောင်ရွက် ရန် - ၂ - ၄ - ၇၂ - နေ့ ၁ နေ့ - ၆ နာရီ အချိန် - နိုင်ငံတော်ဆရာ ဗဟာ သင် သီချင်းကျောင်း - သုခမကထိက ဦးဘသန်း၊ ဒီမ်သို့ မပျက်မကွက်ကက် ကြွရောက်ပါမည့်အကြောင်း၊ လေးနက်စွာ အိတ်ကြား ဖိတ်ခေါ်အပ်ပါသည်။

(ပုံ) ဇော်မြင့်ဝေး

ဥက္ကဋ္ဌ

ဗမာနိုင်ငံ ခေတ်ကာလ ပေါ်တူရိယာ ဂီတ

အဖွဲ့ချုပ်

မြန်မာနိုင်ငံ ကာလပေါ်တူရိယာ ဂီတအဖွဲ့ချုပ်

အမှုဆောင် အစည်းအဝေး ဖိတ်ကြားစာ(၂)

( ဦးစောဖြင့် ) လူကြီးမင်း ခင်ဗျား

လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

အဖွဲ့ချုပ်ကြီး မှ [illegible] ထင်မြင်မှုများ ။

အသံလွှင့်ဌာနမှ ဂီတပညာရှင်များ အပေါ် [illegible]

ပုံများ စသော အရေးကြီး [illegible] ချက်များကို မှတ်တင်၍ ဆွေးနွေး

မည်ဖြစ်သောကြောင့် — ၂၄-၈-၅၂ ၊ တနင်္ဂနွေနေ့ နေ့လည်

[illegible] ၁ နာရီတိတိ

ဂီတ [illegible] လမ်း [illegible] အမှတ် — ၃၂-၁၃၃-လမ်း [illegible]

[illegible] ကြွရောက်ပါရန် [illegible]

လေးစားစွာ [illegible] ပါကြောင်း

အစီအစဉ်

၁။ [illegible] မိန့်ခွန်း

၂။ လွန်ခဲ့သော အစည်းအဝေး မှတ်တမ်း နှင့် [illegible] မှတ်တမ်းများ ဖတ်ကြားအတည်ပြုရန်

၃။ အသံလွှင့်ဌာနမှ အဖွဲ့ချုပ်သို့ ပေးသော စာနှင့်ပတ်သက်၍ ဆွေးနွေးရန်

၄။ အထွေထွေ


( [illegible] )

အတွင်းရေးမှူး

မြန်မာနိုင်ငံကာလပေါ်တူရိယာ [illegible]

အဖွဲ့ချုပ်။

မြန်မာနိုင်ငံ ကာလပေါ်တူရိယာ ဂီတအဖွဲ့ချုပ်
အမှုဆောင် အစည်းအဝေး ဖိတ်ကြားစာ(၃)



ကိုစောညိန်း၏ ဂီတနုတ်စ် လက်ရေးမူ

A DAY IN A LIFE OF A CROW AS TOLD BY ITSELF.

~~Last night~~ I woke up ~~in the~~ early [in] morning and cawed loudly with my companions. Being hungry, I flew away to look for food, and reached a house in which a woman was preparing to cook some curry.

I waited for a long while outside the house as I wanted to have some food. Just then the child of that woman fell down along the stairs; so she had no sooner run to him than I flew down there and made off with some meat.

While I was eating it, a boy came out from the house and he threw stones at me. Fortunately ~~he~~ [the stones] missed [me]; and ~~f~~ I flew to a big tree near the pagoda.

As it was becoming rather hot, I rested on its branches till the evening. Being hungry again, I flew to the market.

On the road, I saw a man holding a piece of food in his hand. While he was speaking with another man, I snatched it suddenly from his hand and flew away as fast as I could. He was very angry but could do nothing to me.

Then I went to a stream to take a bath with my comrades. I was much pleased at that, but my happiness was not completed, because my wife was left to look after our children who wanted constant care of their mother.

It approched to be dark, all of us returned to our ~~roofs~~ [roosts]. As for me, some meat was brought for my wife. Although that time was short, we were very glad to live with our family. Then ~~because~~ [becoming] quite dark, all of us slept together on the tree.

ကိုစောညိန်း၏ အင်္ဂလိပ်စာ လက်ရေးမူ

## ''ဗိတနတ်သန် ကိုစောညိန်း၏ အတ္ထုပ္ပတ္တိ''

မြင်းခြံမြို့နယ်၊ နွားထိုးကြီးအပိုင် ရွာသာယာရွာ၌ အဘဦးမောင်ကြီး၊ အမိ ဒေါ်တင်တို့မှ ၁၂၈၆ ခု နှောင်းတန်ခူးလဆန်း ၈ရက် အင်္ဂါနေ့ ( ၃၁ . ၃ . ၁၉၂၅ )တွင် ကိုစောညိန်းအား ဖွားမြင်ခဲ့သည်။

အဘ ဦးမောင်ကြီးမှာ အောက်မြန်မာနိုင်ငံ ပဲခူးခရိုင် ဘုန်းနဲ့အပိုင် ခနီးရွာဇာတိ ဖြစ်သည်။ ဘုန်းတော်ကြီးဦးစီးသည့်ကျောင်းတွင် စာသင်၍ (၇)တန်းအောင်သည်။ ထိုကျောင်းမှာ ဆရာလုပ်၍ စာသင်ခဲ့သည်။ ထိုနောက် ကျွဲအကောင် ၄၀ နှင့် ဒေးဒရဲမြို့နယ်ဘက်သို့ သွားကာ လယ်သစ်တိုး၍ လယ်လုပ်သည်။ ငါးနှစ်စမ်းသပ်လုပ်ကြည့်ရာ မအောင်မြင်ဘဲ ရှုံးသဖြင့် ကျန်သည့် ကျွဲ ၁၂ ကောင်ကို ဘေးမဲ့လွှတ်ပစ်ခဲ့၍ အညာသို့ တက်ပြီး ပွဲစားလုပ်ကြည့်သည်။

အမိဒေါ်တင်၏ဖခင်မှာ ချောက်ဌာနပိုင်သည့် တိုက်ပိုင်ကြီးတစ်ဦးဖြစ်၍ သမီးကလေးအား လွန်စွာချစ်ခင်သည်။ ငယ်စဉ်က ရာထူးရာခံရှိ ပုဂ္ဂိုလ်များက လာရောက်စကားကမ်းလှမ်းကြသော်လည်း ဒေါ်တင်က စိတ်ဝင်စားခြင်း မရှိသဖြင့် အသက် ၃၀ ကျော်သည့်တိုင် အပျိုကြီးအဖြစ်နှင့် နေလာခဲ့သည်။ သို့ရာတွင် ပွဲစားဦးမောင်ကြီးနှင့် တွေ့သောအခါ ပါရမီရေစက်ကြောင့်ပင်လောမသိ ဦးမောင်ကြီးသည် အိမ်ထောင်ဖွက်တစ်ဦးဖြစ်၍ သမီးလေးတစ်ယောက်ရှိကြောင်းသိလျက်နှင့်ပင် မေတ္တာမျှကာ အိမ်ထောင်ရက်သား ကျခဲ့ပေသည်။

ဦးမောင်ကြီး+ဒေါ်တင်တို့သည် ရွာသာယာတွင်နေ၍ ဆီကြိတ်စက်နှင့် ပြောင်းနှံစင်းစက်များကို လုပ်ကိုင်ကာ စီးပွားရေးချောင်လည်ခဲ့ကြသည်။ ယင်းစီးပွားရေးလုပ်ငန်းများကို ဒေါ်တင်က ဦးဆောင်၍ လုပ်ကိုင်ရသည်။ ဦးမောင်ကြီးကမူ တိရစ္ဆာန်မွေးမြူခြင်းကို ဝါသနာပါသည်။ ကြန်အင်လက္ခဏာ ကောင်းသည့် မြင်းမကလေးတစ်ကောင်ကို ရရှိထားရာ အမိုက်တကြည့်ကြည့်နှင့် မြူစုယုယနေလေ့ရှိသည်။ ထိုမြင်းမကလေးကို မန္တလေးသို့ တက်၍ ပြိုင်ပွဲဝင်ကြည့်ရာ ပွဲတိုင်းနိုင်သဖြင့် 'မန္တလာသန်း'ဟု အမည်မှည့်ထားသည်။

ကိုစောညိန်းအား ဖွားမြင်ပြီး တစ်နှစ်ကျော်လောက်တွင် ဆီကြိတ်စက်ကို မီးလောင်သဖြင့် စီးပွားရေးအခက်အခဲဖြစ်ခဲ့သည်။ ဦးမောင်ကြီးမှာမူ မြင်းမကလေး မန္တလာသန်းကိုယူ၍ ပြည်မြို့မှယာပင်ရပ်သို့သွား၍နေကာ ပြိုင်ပွဲသွင်းရာ ပွဲတိုင်းလိုပင်နိုင်လေသည်။ မှယာပင်ရွာတွင် ငှက်ဖျားရှိသဖြင့် ဦးမောင်ကြီးအား ငှက်ဖျားစွဲလေသည်။ ဦးမောင်ကြီးသည် မြင်းမကလေးကိုယူ၍ ရန်ကုန်သို့ ဆင်းလာခဲ့သည်။ ရန်ကုန်မြို့တွင် မြင်းပွဲနှင့်ဆက်သွယ်၍ စွံအောင်ကြိုးစားမည်ဟု အားခဲထားစဉ် ငှက်ဖျားကအတော်ဒုက္ခပေးတော့သည်။ ထိုကြောင့် ဒေါ်တင်ထံသို့ သံကြိုးရိုက်၍ မှာသော်လည်း မပေါ်လာသဖြင့် လူလွှတ်၍ ခေါ်ခိုင်းမှ ဒေါ်တင်သည် သားနှင့်အတူလိုက်လာ၍ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း ဂျူဗလီဟောရှဲ၏ အနောက်ဘက်ကွက်သစ်တွင် နေထိုင်ကြသည်။ မန္တလာသန်းကို အကြောင်းပြု၍ ပြိုင်မြင်းလေးကောင်အထိ မွေးကာ ဦးမောင်ကြီးသည် မြင်းထိန်းနှာအလုပ်ကို လုပ်လေတော့သည်။ စီးပွားရေးမှာမူ မချောင်လည်လှပေ။ ၁၉၃၀ ပြည့်နှစ် ဌနံလတွင် သားငယ် မောင်လှဝေကို ဖွားမြင်သည်။

ကိုစောညိန်းကို အရွယ်ရောက်လျှင် ရန်ကုန်အနောက်ပိုင်း ၂၁လမ်းရှိ ဦးဘိုးအေး၏ မြန်မာကျောင်းတွင် ထားသည်။ ထိုကျောင်းတွင် သတ္တမတန်းအောင်သောအခါ သရက်တောကျောင်းတိုက်အတွင်းရှိ ဦးပရမ၏ တိုင်းရင်းဘာသာကျောင်းတွင် ဆက်၍ထားရာ ၁၀တန်းအောင်မြင်ခဲ့သည်။ ငယ်စဉ်ကပင် စာပေ၊ ကဗျာ၊ ဂီတကို ဝါသနာပါသည်။ တိုင်းရင်းဘာသာကျောင်းတွင် နေရသောကြောင့် မြန်မာစာတော်သည်။ အသက် ၁၄နှစ်အရွယ်ကပင် လေးလုံးစပ်ကဗျာ၊ ဒွေးချိုး၊ လေးချိုး၊ ရတုများကို ရေးတတ်နေလေပြီ။ ပန်းချီကိုလည်း ဝါသနာပါ၍ ငယ်စဉ်ကပင် ပုံတူပန်းချီကားများ၊ ရှုခင်းပုံများကို ရေးဆွဲသည်။ ပန်းချီဆရာများထံသို့ သွားရောက်မေးမြန်းလေ့လာပြီး ပန်းချီဆွဲနည်းစာအုပ်များကို ကြည့်ကာ ရေးဆွဲနေတတ်သည်။ ကာတွန်းဆွဲနည်းကိုလည်း ဝါသနာပါ၍ ကာတွန်းပုံများကို ဆွဲနေလေ့ရှိသည်။ ၁၉၃၈ခုနှစ်တွင် စတင်တည်

ထောင်သည့် ကာတွန်းရုပ်စုံစာစောင်မှ ကာတွန်းပြိုင်ပွဲပြုလုပ်ရာ ကိုစောညိန်းသည် အသက် (၁၄) နှစ်အရွယ်နှင့် ပြိုင်ပွဲဝင်၍ ပထမဆုကို ရခဲ့သည်။ ထိုပုံမှာ အရုပ်ဆွဲနေသောကလေး၏ ပုံဖြစ်သည်။ ကလေးတစ်ယောက်က အရုပ်ကလေးတစ်ရုပ်ကို ကြိုးနှင့်ချည်၍ ဆွဲသွားနေပုံဖြစ်သည်။ ထိုအတွက် သူ့အား ငွေကိုးကျပ် ဆုချီးမြှင့်ခြင်းခံရသည်။

ထို့နောက် အလွန်ရှော်သော ဇန္နုလ၏ပုံ၊ ထို့နောက် ဂဲသြမေတြီပြိုင်မျဉ်းများပုံများကို ဆက်၍ပြိုင်ရာ သုံးကြိမ်ဆက်တိုက် ဆုရသဖြင့် ကိုစောညိန်းအား နောင်တွင်ပြိုင်ပွဲမဝင်စေတော့ပဲ ကာတွန်းရုပ်စုံတွင် အမြဲတမ်းရေးဆွဲရန် ခွင့်ပြုလိုက်သည်။ မောင်ကျဘမ်းအခန်းကို တာဝန်ယူ၍ ရေးဆွဲရသည်။ တစ်ခါတစ်ရံတွင် ကာတွန်းရုပ်စုံကိုထုတ်ဝေသူ ကိုညီညီ (သမာဓိ)၏ ဗလကြီးအခန်းအတွက်လည်း ကူ၍ရေးပေးရသည်။ တစ်ခါတစ်ရံတွင် ဆောင်းပါးဝတ္ထုတိုများလည်း ရေးသည်။ ကလောင်အမည်များမှာ ကြယ်နီ၊ စောနိုင်၊ လှဲလှဲဝင်း ဟူ၍ဖြစ်သည်။ ထိုတွင် စာရေးဆရာ မြို့မဘုန်းကြွယ်နှင့်လည်း ရင်းနှီးခင်မင်ခဲ့လေသည်။

အသက် ၄နှစ် ၅နှစ်သားလောက်ကစ၍ သီချင်းဆိုဝါသနာပါသည်။ တစ်ခါတစ်ရံ တစ်ယောက်တည်း ငေးလျက် သီချင်းသံလိုလို ညည်းတွား၍နေတတ်သည်။ ကျောင်းသားအရွယ်ရောက်လာသောအခါတွင် လူပုံဟန်က ပိန်ပါးပါးခပ်နွဲ့နွဲ့ရှိသဖြင့် တစ်ခါတရံ ပုဆိုးစကိုဆွဲ၍ မင်းသားကြီးဟန်မှို့လုပ်ကာ သီချင်းဆိုလျှင် လူကြီးမိဘများက သဘောကျကြသည်။ အသက် ၁၂နှစ်လောက်တွင် လက်ဖက်ခြောက်ရောင်းသည့် သုံးထပ်သားသေတ္တာကလေးကို ယူလာ၍ တစ်ဖက်ရှားသွားအောင်ပြုပြင်ကာ ဘင်ဂျိုကြိုးများတပ်၍ တီးလေသည်။ လူကြီးများက သဘောကျသဖြင့် တယောပြားတစ်လက်ကို ၁၂ကျပ်ပေး၍ဝယ်ကာ သူ့အားပေးလိုက်ရာ လွန်စွာဝမ်းသာသွားလေသည်။ ဂီတာဦးစိမ်းမောင်နှင့်တစ်ကွ ဂီတဆရာကြီးများထံသို့ သွားရောက်မေးမြန်းသင်ကြားသည်။ ဂီတတီးဝိုင်းများကိုတွေ့လျှင် မထတမ်းထိုင်၍ နားထောင်နေတတ်သည်။ ပြီးလျှင် အတုနိုး၍ တီးလေ့ရှိသည်။ ထို့ကြောင့် ငယ်စဉ်ကစ၍ တယော၊ ဘင်ဂျို၊ မယ်ဒလင်များကို တီးတတ်ခဲ့သည်။

ဆယ်တန်းအောင်ပြီးနောက် ကာတွန်းရုပ်စုံတွင်ပင် ပန်းချီဆွဲခြင်း၊ ဆောင်းပါး၊ ဝတ္ထု ကဗျာရေးခြင်းများကို စမ်းသပ်ရေးသားနေစဉ်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာလေသည်။ ကိုစောညိန်းတို့ မိသားစုသည် ခရမ်းမြို့ဘက်သို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ရောက်ရာအရပ်တွင်ပင် မိခင်ဖြစ်သူက ဈေးရောင်း၍ ဝမ်းစာရှာခဲ့ရသည်။ ဦးမောင်ကြီးမွေးထားသည့် မြင်းလေးကောင်ကိုမူ ဗမာ့တပ်မတော်သို့ ပေးလှူလိုက်လေ

သည်။

ကိုစောညိန်းသည် ခရမ်းတွင်နေစဉ် ရေလုပ်သားကြီးတစ်ဦးဖြစ်သူ ဦးငွေစိုးနှင့် တွေ့သည်။ ဦးငွေစိုးသည် ကျားပါးစပ်ထောင်၍ ငါးဖမ်းသည့်အလုပ်ကို လုပ်ရာ တံငါတဲကလေးသို့ လိုက်၍ အတူအိပ်ရင်း တယော၊ မယ်ဒလင်နှင့် သီချင်းသင်ရသည်။ ထိုအခါ တယောပြားကလေး ပျက်စီးသွားပြီဖြစ်၍ ဦးငွေစိုးထံရှိ ဟွန်းတယောနှင့် လေ့ကျင့်ရသည်။ ကိုစောညိန်းသည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း၌ နေလာသူပီပီ တံငါးပါးကို လုံးအောင်ထိန်းသည်။ ငါးဖမ်းသည့်အလုပ်ကို စိတ်မပါသော်လည်း ဦးငွေစိုးထံမှ ဂီတပညာကို လိုချင်၍ ဆင်းရဲဒုက္ခခံကာ သွားရောက်လေ့လာသည်။ ကိုစောညိန်းသည် သူတစ်ပါးအသက်ဆိုလျှင် ငါး၊ ဖား၊ ပုစွန်တို့ကိုပင် သတ်လေ့မရှိ အရက်သေစာကိုလည်း လုံးဝမသောက်တတ်ပေ။

ဂျပန်ခေတ်၊ အခြေအနေ မှန်သွားသောအခါတွင် ကိုစောညိန်းသည် တောမှာမနေလို၍ မြို့သို့တက်လာ၍ ကြည့်မြင်တိုင်ဘက်တွင် နေသည်။ ကြည့်မြင်တိုင် ဦးဘိုးထူးလမ်း၊ အမှတ်( ၁ )တွင် ကိုစောညိန်း၏အစ်မဖြစ်သူ မတင်ညွန့်တို့ နေကြသည်။ ထိုအိမ်ရှိ အဒေါ်ဖြစ်သူ ဒေါ်တရုပ်မက သီချင်းဆိုခြင်းအလုပ်ကို မနှစ်သက်သဖြင့် ကိုစောညိန်းသည် သူငယ်ချင်းများနှင့်အတူ ဘုန်းတော်ကြီးကျောင်းတွင် စု၍နေခဲ့သည်။ ကြည့်မြင်တိုင် ကမ်းနားဈေးရှေ့ ဘတ်စ်ကားဂိတ်တွင် ကွမ်းယာ၊ ဆေးလိပ်များကို ဗန်းနှင့်လွယ်၍ ရောင်းသည့်အလုပ်ကိုပင် လုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ယင်း ကြည့်မြင်တိုင် အာရှလူငယ်အစည်းအရုံးတွင် ဝင်၍ ကူညီသည်။ ကြည့်မြင်တိုင် တစ်ဖက်ကမ်းမှ သိုင်းဆရာကြီးတစ်ဦးကို ပင့်ဖိတ်၍ သိုင်းသင်ကြသည်။ ထိုနောက် ဆရာဦးမြေသိမ်း၊ ဦးချစ်သန်းတို့နှင့် ဆက်သင်ရာ ဆရာဖြစ်လက်မှတ်ရသည်။ ညညတွင် စု၍တီးကြဆိုကြသည်။ တစ်နေ့တွင် ကြည့်မြင်တိုင်ဘက်သို့ မဟာမိတ် လေယာဉ်ပျံများက လာရောက်ဗုံးချရာ ကိုစောညိန်းသည် ကွမ်းယာဗန်းကလေးကို ခေါင်းပေါ်တင်၍ မြောင်းထဲသို့ ဆင်းနေခိုက် အနီးကပ်၍ ဗုံးဆံတွေကျလာသဖြင့် ကြောက်လန့်သွားသည်။ သို့နှင့် ရွှေတိဂုံဘုရား မြောက်ဘက် သေ့ဆေးကန်ကျောင်းရှိ မြို့မဘုန်းကြွယ်တို့နှင့် သွား၍ နေခဲ့လေသည်။ ထိုနောက် ကျန်းမာရေးမကောင်းသဖြင့် မိဘများရှိရာ ခရမ်းမြို့သို့ ပြန်၍ ဆေးဝါးကုသခံယင်း အနားယူနေခဲ့သည်။ သို့နှင့်ပင် ဖက်ဆစ်တော်လှန်ရေးကြီး ပြီးဆုံးခဲ့သည်။ မြန်မာနိုင်ငံကို စက္ကူမြူစီမံကိန်းအတိုင်း အုပ်ချုပ်မည့်ဘုရင်ခံ ဆာဒေါ်မန်စမစ် ပြန်ရောက်လာခဲ့သည်။ နန်းရင်းဝန် ဆာပေါ်ထွန်း ကြီးမှူးသော အစိုးရအဖွဲ့ကို ဖွဲ့၍ ဘုရင်ခံ၏အလိုကျ အုပ်ချုပ်ရေးကို စီမံဆောင်ရွက်လျက်ရှိလေပြီ။

ကိုစောညိမ်းသည် တစ်နေ့တွင် ကမ်းနားဘက်သို့ လမ်းလျှောက်ထွက်ယင်း ညနေခင်း၏ ဆည်းဆာအလှကို ကြည့်ရှုနေခဲ့သည်။ ထိုစဉ်တွင် လူတယောက်သည် မယ်ဒလင်တီးနေသည်။ ထိုလူ တီးနေသည့်အသံကို စိတ်ဝင်စားယင်း သူ့ထံသို့သွား၍ မိတ်ဖွဲ့ကာ စကားပြောကြသည်တွင် ထိုလူမှာ ဒေးဒရဲမှဖြစ်ကြောင်း သိရသည်။ ထိုသူက ကိုစောညိမ်းအား ခင်မင်သွားသဖြင့် သူတို့ဆီသို့ လိုက်လာခဲ့ရန် ဖိတ်ခေါ်သည်။

သို့နှင့် ကိုစောညိမ်းသည် အသွား တစ်ထောင့်တစ်မိုက်ရှိသော ငှက်ကြီးတောင်ဓားကို ပဆုံး၌လွယ်၍ ပင်နီတိုက်ပုံ အင်္ကျီ ရှမ်းဘောင်းဘီဝတ်ကာ သိုင်းဆရာအဖြစ်ဖြင့် လိုက်သွားလေသည်။

ဒေးဒရဲအပိုင် လေးရွာသို့ ရောက်သွားသောအခါ သူ၏အမည်ကို စောရန်နိုင်ဟု ပြော၍ လူငယ်များကို သိုင်းပညာ သင်ပေးနေလေသည်။ တစ်ခါတစ်ရံ မင်္ဂလာဆောင်၊ အလှူရှိလျှင် စု၍ တီးကြ ဆိုကြသည်။ ထိုအခါ ကိုစောညိမ်းသည် တီးတတ်ဆိုတတ် ရေးတတ်သူဖြစ်ခြင်းကြောင့် လူငယ်များက ခင်မင်ကြသည်။ သို့ရာတွင် ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တော်လှန်ရေးရဲဘော်တို့ က "လွတ်လပ်ရေးမရလျှင် ဆက်တိုက်မည်၊ ခါးတောင်းကျိုက်မဖြုတ်ကြနှင့်ဦး"ဟု ဗိုလ်ချုပ်ဆောင်ဆန်း၏ ပြောစကားအတိုင်း အင်္ဂလိပ်အစိုးရ၏ အကဲအလေးကို စောင့်ကြည့်နေသည့်အချိန်ဖြစ်ပေသည်။ ဤအချိန်တွင် ကိုစောညိမ်းက သိုင်းဆရာအဖြစ်နှင့် ဝင်လာသောကြောင့် အင်္ဂလိပ်အစိုးရ၏ သူလျှိုလောဟု သင်္ကာမကင်းရှိသည်။ စိတ်မြန်သူများက ဖျောက်ဖျက်ပစ်ကြမည် ကြံသော်လည်း အချို့က တားမြစ်သဖြင့် နောက်ဆုံးတွင် ချောင်းကြီးရွာတွင် ရှိနေသည့် ၎င်းတို့၏ဆရာဖြစ်သူ ဦးဘဆွေလေး (ရန်ကုန်ဘဆွေ)ထံသို့ ခေါ်လာကြသည်။

ကိုစောညိမ်းက သူသည် ဂီတသမားတစ်ဦးဖြစ်ကြောင်း၊ စာရေးဝါသနာပါကြောင်း၊ ကာတွန်းဆွဲကြောင်း၊ သမာဓိ ဦးညိုညို မြို့မဘုန်းကြွယ်တို့နှင့် ရင်းနှီးကြောင်း ပြောပြရာ နောက်ဆုံးတွင် ခင်မင်ရင်းနှီးသွားကြသည်။ သို့နှင့် ( ဘုံဝါဒ )ဦးအောင်စိန်က တာဝန်ယူတည်ထောင်၍ ရန်ကုန်ဘဆွေက ဒါရိုက်တာလုပ်သည့် ပြဇာတ်အဖွဲ့တွင် ကိုစောညိမ်းအား ထည့်သွင်းအသုံးပြုခဲ့သည်။ ထိုစဉ်က စန္ဒရားတီးသူမှာ မောင်ကိုကို ( ဂီတလုလင် မောင်ကိုကို )ဖြစ်၍ အလွန်ငယ်သေးသည်။ ကိုညွန့်ကြည်(ယဉ်ကျေးမှုကဇာတ်)က တယောထိုးသည်။ ကိုစောညိမ်းသည် တီးဝိုင်းဘက်မှာလိုအပ်လျှင် ကူ၍ တီးပေးသည်။ ဇာတ်ခုံပေါ် မှာ လိုအပ်လျှင် ဇာတ်ဆောင်ဝင်လုပ်ပေးသည်။ ခဝဲပွင့်ချိန်ပြဇာတ်၊ တာဝန်ပြဇာတ်၊ ကိုပေါ်၏ဂူပြဇာတ်နှင့် စစ်ပြန်ပြဇာတ်ကြီးတို့ကို ကပြခဲ့ကြ

သည်။ ကိုစောညိန်းသည် တာဝန်ပြဇာတ်၊ ကိုပေါ်၏ဂုပြဇာတ်နှင့် စစ်ပြန်ပြဇာတ်တို့တွင် အရေးကြီးသော ဇာတ်ဆောင်နေရာက ဝင်၍လုပ်ပေးရာ များစွာသဘောကျကြသည်။

ၡင်းတို့ ပြဇာတ်အဖွဲ့သည် ဒေးဒရဲမှ ဖျာပုံသို့ ကူးလာ၍ ဖျာပုံတွင် ပါတီရန်ပုံငွေပွဲ ကပြကြလေသည်။ ဖျာပုံတွင် ရဲဘော်မြလှိုင်၏ ကူညီမှုအရ ရန်ကုန်သို့ တက်၍ ကပြရန် စီစဉ်ကြသည်။ သို့နှင့် ရန်ကုန်၊ ဗဟန်းရပ်ရှိ နေသူရိန်ရုံတော်ကြီးသို့ ရောက်လာကြသည်။ အမျိုးသမီးငါးဦးနှင့် အမျိုးသား ၅၀ကျော်ပါသည့် ၡင်းတို့အဖွဲ့သည် စစ်ပြန်ပြဇာတ်ကြီးကို ကပြရာ ၂ရက်သာ ကရသည်။ ပုလိပ်မင်းကြီးက တားမြစ်သောကြောင့် ပုလိပ်ရုံးကြီးသို့ လိုက်၍ရှင်းရသည်။ သူတို့မကြိုက်သော အခန်းကို ဖြင်ပေးရသည်။ ထိုနောက် ဆက်၍ ကပြကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် လာ၍ ကြည့်ရှုရာ တော်လှန်ရေးရဲဘော်တို့၏ ဆင်းရဲဒုက္ခရောက်ရသည့်ဘဝကို တင်ပြသည့်အခန်းရောက်လျှင် ဗိုလ်ချုပ်ကိုယ်တိုင် မျက်ရည်လည်ရသည်ဟု ဆိုသည်။

စစ်ပြန်ပြဇာတ်ကြီးမှာ နာမည်အလွန်ကြီးသွား၍ တိုးမပေါက်နိုင်လောက်အောင် ကြည့်ကြသဖြင့် ပြဇာတ်စ၍ ၁၅မိနစ်လောက်ကြာလျှင် ရုံဖွင့်ပေးရလေသည်။ ၁၀ရက်လောက် ဆက်၍ ကပြခဲ့ကြသည်။ စစ်ပြန်ပြဇာတ်တွင် ကိုစောညိန်းမှာ သူကြီးသား စံမြင့်အဖြစ်နှင့် ဒုတိယဇာတ်ဆောင်လုပ်ရသည်။ ထိုစဉ်က သူ၏ဗိုကေကို ရှည်ရှည်ထား၍ ဘွတ်ဖိနပ်ကြီးကိုစီးကာ ရှမ်းဘောင်းဘီဝတ်ထားသဖြင့် မိန်းကလေးများက သူ့ကို မျက်စိနောက်ကြသည်။ ကာတွန်းရုပ်ဟု ခေါ်ကြသည်။ သူသည် အကြောင်းရှိမှသာ စကားပြော၍ ငေးတီငေးတေး ငိုင်တိငိုင်တိုင်နေတတ်သည်။ သို့ရာတွင် ဇာတ်ဆောင်လုပ်သည့်နေရာ၊ ဆိုသည့်၊ တီးသည့်နေရာများမှာမူ အလွန်တော်သည်ဟု ချီးကျူးကြသည်။ စစ်ပြန်ပြဇာတ်ကပြီးသည့်နောက် ကိုစောညိန်းသည် ခရမ်းသို့မပြန်တော့ဘဲ ဦးညိုညိုတို့၏ သမာဓိသတင်းစာတိုက်တွင် ဝင်၍ စာရေးလုပ်နေလေသည်။ တစ်ဖက်ကလည်း စာရေးဆရာဖြစ်အောင် ကြိုးစားမည်ဟု အားခဲထားသည်။ ဝါသနာပါသည့် တယော၊ မယ်ဒလင်တို့ကိုလည်း တီးမြဲတီးသည်။ များမကြာမီ ညီဖြစ်သူ ကိုလှဝေ( အနီ )ရောက်လာရာ ညီအစ်ကိုနှစ်ယောက်တို့သည် ဗဟန်း ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်ကျောင်းဝင်းထဲတွင်နေသည့် ငယ်သူငယ်ချင်းဖြစ်သူ မမြခင်တို့၏အိမ်တွင် နေကြသည်။ မမြခင်တို့၏ဖခင် ဦးအောင်ကြီးမှာ ခဲစာလုံး၊ ဘလောက်များ ပြုလုပ်သူဖြစ်သည်။ ကိုလှဝေကို သတင်းစာရောင်းခိုင်းသည်။ မဟန်လျှင် ရုံတစ်ခုတွင် မင်းစေအလုပ်ကို သွင်းပေးရန်ပြောထားသည်။ ထိုနောက် ညီအစ်ကိုနှစ်ယောက်တို့သည် ကျောက်မြောင်း ကြောလမ်းရှိ အဒေါ်တစ်ယောက်၏အိမ်သို့ ပြောင်းရွှေ့

နေထိုင်ကြသည်။ မိမိတို့ဘာသာ ချက်ပြုတ်စားကြသည်။

၁၉၄၈ခု၊ လွတ်လပ်ရေးရပြီးနောက် ၄နှစ်လလောက်တွင် ကိုစောညိန်း၏မိဘများသည် ရန်ကုန်သို့ လိုက်လာကြ၍ ကြည့်မြင်တိုင် ပိတောက်တန်းတွင် စုစည်းနေထိုင်ကြသည်။ ဖခင်ဖြစ်သူ ဦးမောင်ကြီးမှာ မြင်းပွဲမှ ပင်စင်လစာငွေ ၃၅ကျပ်ရသည်။ ကိုစောညိန်း၏အစ်မ မတင်ညွန့်မှာ မူလတန်းပြကျောင်းဆရာမ လုပ်သည်။ ကိုစောညိန်းက သမာဓိသတင်းစာတိုက်တွင် စာရေးလုပ်သည်။ ညီ ကိုလှဝေက သတင်းစာပို့သည်။ သို့ဖြင့် သူတို့မိသားစုသည် မြိုးမြိုးမှာ စားသောက်နေထိုင်ခဲ့ကြသည်။

ကိုစောညိန်းသည် မြို့မ ဘုန်းကြွယ်နှင့်ဆက်သွယ်၍ စာရေးဆရာသန်းဆွေနှင့် ရင်းနှီးခင်မင်ခဲ့သည်။ ထို့နောက် သန်းဆွေမှ တစ်ဆင့် စာရေးဆရာ မင်းရှင်၊ ကိုတင်မေ (အောင်လင်း)၊ ဆရာတင့်တယ်၊ ဆရာသာနုတို့နှင့်လည်း ခင်မင်ခဲ့သည်။ သမာဓိ ဦးညိုညိုနှင့် ဆရာသုခတို့ပေါင်း၍ တေးချိုချိုပြဇာတ်ကို မြို့တော်ခန်းမကြီး၌ တင်ဆက်ကပြခဲ့ရာ ပြဇာတ်အဖွင့်တွင် ပိတောက်ပန်းတွေပွင့်နေချိန်ဖြစ်၍ ရဲဘော်ကလေးတစ်ယောက်သည် ကင်းစောင့်ရင်း မယ်ဒလင်တီးနေရမည်။ သီချင်းမှာ နတ်ရှင်နောင် သီချင်းထဲမှ ပိတောက်တွေ ရွှေရည်လူးကြပေါ့လေ-အပိုဒ်ကို သီဆိုရမည်ဖြစ်ရာ ထိုနေရာအတွက် လူရှာယင်း ကိုစောညိန်းနှင့်စပ်မိ၍ သူ့ကို ရွေးလိုက်သည်။ ထိုကစ၍ ဆရာသုခက ကိုစောညိန်းအား နှစ်သက်သဘောကျသွားလေသည်။

ကိုစောညိန်း၏အသက်မှာ ၂၃နှစ်၊ ၂၄နှစ်မျှသာ ရှိသေးသဖြင့် ပညာရှာ၍ အားမရနိုင်သေးချေ။ ပန်းချီပညာကို ဆက်လုပ်မည် ကြံမိသော်လည်း မြန်မာပန်းချီဆရာကြီးများထဲတွင် ကမ္ဘာကသိသူအချို့ရှိနေကြပေပြီ။ မြန်မာဂီတပညာရှင်ကြီးများထဲတွင်မူ ကမ္ဘာကသိသူ မရှိသေး။ ထို့ကြောင့် ကမ္ဘာကသိသော ဂီတပညာရှင်ဖြစ်အောင် ကြိုးစားမည်၊ မြန်မာ့မူ မြန်မာ့ဟန်နှင့် ကမ္ဘာကို ဖြန့်နိုင်စေရမည်ဟု အားခဲကာ ဆရာ ရွှေတိုင်အေး၊ စန္ဒယား ဆရာမြိုင်၊ စောင်းဦးဘသန်း၊ ဂီတာဦးစိမ်းမောင်တို့ထံ သွား၍ ပညာယူသည်။ သီးချင်းကြီးများကို မြန်မာညွန့် ဦးချစ်မောင်နှင့် အမေဒေါ်အောင်ကြည် တို့ထံတွင် သင်ယူသည်။ သင်ယူသောအခါ ပတ္တလားနှင့် သီချင်းတက်သည်။ ဇွဲအင်မတန်ကြီးသည်။ တစ်ခါတစ်ရံတွင် အိမ်မပြန်တော့ဘဲ အမေဒေါ်အောင်ကြည်တို့အိမ်တွင်ပင် အိပ်၍မိုးလင်းလျှင် သီချင်းကို ဆက်ဆွေးနွေးသည်။ ကျေကျေညက်ညက်ရမှ ပြန်သွားလေ့ရှိသည်။

ထိုအချိန်သည် အသံတိတ်ရုပ်ရှင်ကားများ ပြဆဲဖြစ်၍ အသံထွက်ရုပ်ရှင်ကားနည်းသေးသည်။ ကာဌေးရုံ ဝင်းဝင်းရုံတို့တွင် ပြဇာတ်တွေလှိုင်လှိုင် ပြနေချိန်ဖြစ်သည်။

ကိုစောညိန်းသည် ပိုက်ဆံရရေးကို မလိုက်ပေ။ ဂီတကို ပညာရပ်တစ်ခုအနေနှင့် လိုက်စားသည်။ ကြေးစားအဖြစ် မခံယူလို။ ထို့ကြောင့် နက်နဲသော ဂီတပညာကို ရှာဖွေဆုံးစမ်းသည်။ သင်ယူသည်။ စမ်းသပ်ရေးသားသည်။ မြန်မာဂီတစာဆိုထဲတွင် မန္တလေးမြို့မှ ဆရာ မြို့မငြိမ်းကို နှစ်သက်သည်။ လေးစားသည်။ ဆရာမြို့မငြိမ်းသည် မြန်မာ့မူမြန်မာ့ဟန် မပျက်စေဘဲ ခေတ်ဆန်သော အသံကလေးများနှင့် ဖက်စပ်ကာ မြို့မငြိမ်း၏ မူတစ်ခုဖြစ်အောင် လိုင်းသစ်ထွင်သွားသူ ဖြစ်သည်ဟု ယူဆသည်။

၁၉၅၀ ပြည့်နှစ်၊ မေလ၊ ၆ရက်နေ့ နံနက်ပိုင်းတွင် ဆန်းသစ်စ ကာလပေါ် အဖျော်တမ်းအဖွဲ့မှ သီချင်းများ ထုတ်လွှင့်ရာ နောက်ဆုံးတွင် အဆိုတော် ကိုလှထွန်းက "ဝဿန်ခါဦး"သီချင်းဖြင့် ဖျော်ဖြေခဲ့သည်။ ဆန်းသစ်စအဖွဲ့မှာ စန္ဒရား ကိုလှသွင် ဦးဆောင်သော အဖွဲ့ဖြစ်သည်။ ကိုစောညိန်းသည် သူ့သီချင်းကို ကိုလှထွန်းအား အဆိုခိုင်းရာ ဂီတပညာရှင်များ၏ နားတွင် အတော်ဆန်း၍ သွားသည်။ ထိုသီချင်းနှင့် ပတ်သက်၍ ဂီတာ ကိုအုန်းလွင်၊ စာရေးဆရာ ကိုမင်းရှင်၊ ကိုအောင်လင်းတို့နှင့် ခင်မင်ရင်းနှီးသွားသည်။ ဆန်းသစ်စအဖွဲ့မှပင် "ငွေဝန်းသော်တာ" သီချင်းကို လွှင့်ပြန်ရာ ဤအခါတွင်မူ ကိုစောညိန်းကိုယ်တိုင် သီဆိုလေသည်။ သူ့အသံသည် အသံကောင်း မဟုတ်သော်လည်း အသံခပ်သေးသေး၊ ခပ်ကျစ်ကျစ်ဖြင့် ဟန်အပြည့်ပါသော အသံဖြစ်သည်။ မှင်မောင်းကောင်းသည်။ သူ့သီချင်းမှာ အသံကောင်းတိုင်းလည်း အော်ဆို၍ မရ၊ အထေ့အငေါ့ အဟန့်အဖြတ်ကလေးတွေနှင့် ဆိုရသည်။ သူ့သီချင်းများကို သီဆိုရာတွင် သီချင်းဆိုနေသည်ဟု သဘောမထားရ၊ ခံစားချက်ကို ပြောနေသည်ဟုသာ သဘောထားရသည်။ ထို့နောက် "ဆောင်းနတ်မယ်"၊ "နွေဦး" သီချင်းများကို ဆက်လက် အသံလွှင့်ခဲ့သည်။

သူသည် ဂီတမိတ်ဆွေများနှင့် တိုင်ပင်၍ အဖျော်တမ်းအဖွဲ့တစ်ဖွဲ့ ဖွဲ့ရန် ညှိနှိုင်းကြရာ အားလုံးပင် သဘောကျသဖြင့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းကြသည်။ အမည်ကို "ဂီတနက်သန်" ဟုပေးသည်။ ဘုမ္မိနက်သန်ဆိုသည်မှာ ကောင်းသောကြန်အင်လက္ခဏာနှင့် ပြည့်စုံသည့်မြေဟု အဓိပ္ပါယ်ရကြောင်း ပေါ်ရာဏကထာ အဖြေစာအုပ်များတွင် တွေ့ဖူးသည်။ ထို့ကြောင့် ဂီတနက်သန်ဆိုသည်မှာလည်း ကောင်းသော ကြန်အင်လက္ခဏာနှင့်ပြည့်စုံသည့်ဂီတပညာဟု အဓိပ္ပာယ်ကောက်ယူ သည်။ စန္ဒရား ကိုလှသွင်၊ ဂီတာ ကိုအုန်းလွင်၊ တယော၊ မယ်ဒလင် ကိုစောညိန်းတို့ တီးကြသည်။ တစ်ခါတစ်ခါတွင် တယောသမားကို အခြားမှခေါ်သည့်အခါ ခေါ်ရသည်။ ကိုလှထွန်း၊ ကိုသန်းဆွေ၊ ကိုတင်ဖေ(အောင်လင်း)၊ မသန်းမြင့်၊ စန်းစန်းတင့်၊ လှလှတူးတို့ သီဆိုကြ

သည်။ ကိုစောညိန်းကိုယ်တိုင်လည်း မကြာခဏ သီဆိုသည်။

၁၉၅၀ပြည့်နှစ် မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူး၍ ကာဋေးရုံ၌ နတ်ရှင်နောင်ပြဇာတ်ကို တင်ဆက်ကပြသည်။ ထိုပြဇာတ်အတွက် ကိုစောညိန်းသည် နွေနှောင်းဝသန် နှင့် ရတုဘုရင် သီချင်းနှစ်ပုဒ်ကို ရေးပေးသည်။ သို့သော် မင်းသား လုပ်သူ ရွှေညာမောင်မှာ သူ့သီချင်းကို အချိုးကျအောင် မဆိုနိုင်သဖြင့် မဆိုတော့ဟု ပယ်လိုက်သောအခါ ကိုစောညိန်းမှာ စိတ်ပျက်ရသည်။ သို့ရာတွင် ဆရာသုခက နွေနှောင်းဝသန်သီချင်းကို အလွန်သဘောကျသဖြင့် သူဆိုမည်ဟု ပြောသောအခါ အား တက်ရပြန်သည်။

နတ်ရှင်နောင်သည် သူကိုယ်တိုင် ဆယ်နှစ်ဆယ်မိုး ချစ်ပင်ပျိုးပြီးမှလက်ထပ် ထိမ်းမြားရ၍ယူရသည့် ရာဇဓာတုကလျာနှင့် ခုနစ်လသာ ပေါင်းရသည်။ ဓာတုကလျာ ကွယ်လွန်သဖြင့် စိတ်ပျက်အားလျော့နေသည့်အခိုက် သန်လျင်မှ ဇေကာခေါ် ဖိလစ်ဒီ ဘရစ်တိုက လာရောက်တိုက်ခိုက်ဖမ်းဆီးသွားသဖြင့် သန်လျင်သို့ ပါရလေသည်။ ဤ တွင် ကျွန်ရစ်သူ နတ်ရှင်နောင်၏တပည့်( ဆရာသုခ )က သူ့အရှင် သူ့သခင်နှစ်ပါး ကို တမ်းတလွမ်းဆွတ်သည့် ဇာတ်ဝင်ခန်းတွင် နွေနှောင်းဝသန်သီချင်းကို သီဆိုလိုက်ရာ ပရိသတ်များ ဘဝင်ခိုက်၍ သွားလေသည်။ ဤတွင် ကိုစောညိန်းလည်း နာမည်ရသွား၍ ဆရာသုခလည်း နာမည်တက်သွားလေသည်။ နွေနှောင်းဝသန်သီချင်းကို ဂီတနက်သန်အဖွဲ့မှနေ၍ ဆရာသုခကိုယ်တိုင် အသံလွှင့်သဖြင့် တစ်နိုင်ငံလုံးက ကြားရပြန်သည်။ ၎င်းကို ဓာတ်ပြားသွင်းပြီး မကြာခဏ ပြန်လွှင့်ပြန်သောအခါ ပို၍ ကျော်ကြားလူသိများ လာရလေသည်။

တစ်နေ့တွင် ကိုစောညိန်းသည် ကိုသန်းဆွေထံသို့ ရောက်လာ၍ ပွင့်ဦးသီချင်း စာသားကို ပြသည်။ စာသားမှာ ကဗျာဆန်၍နုနေသည်။ ဆက်သွယ်သန္တတိ၊ မမြဲသော ရုပ်နာမ် ပြောင်းလဲသည့်နယ်၊ ဆိုသော စာမှာ အလွန်နက်နဲလှသဖြင့် ဘာကို ဆိုလိုသနည်းဟု မေးသောအခါ ကိုစောညိန်းက ရုပ်တရား နာမ်တရားတွေ ပြောင်းလဲ တတ်ပုံကို အဘိဓမ္မာတွင် သန္တတိသဒ္ဒါရ ဟု ပြထားကြောင်း၊ မြစ်ထဲ ချောင်းထဲတွင် စီးဆင်းနေသည့်ရေသည် တစ်မြင်တည်းဟု ထင်ရသော်လည်း အမှန်မှာ ခဏတိုင်း စက္ကန့်တိုင်းတွင် တစ်ခုနှင့်တစ်ခုမတူဘဲ ပြောင်းလဲနေကြောင်း၊ ပြောင်းလဲနေမှန်း မသိအောင် ဆက်စပ်ထားသည့်တရားကို သန္တတိဟု ခေါ်ကြောင်း ရှင်းပြသည်။ ကိုသန်းဆွေက ဖတ်ကြည့်သောအခါ ပွင့်ဦးကြွေရသည့် မေတ္တာဇာတ်လမ်းတစ်ပုဒ်ကို မြင်လာသည်။ ကိုစောညိန်းသည် သူ၏ခံစားချက်ကို ပြောပြသည်။

ကိုစောညိန်းငယ်စဉ်ဘဝက ၂၁လမ်း၊ ဦးဘိုးအေးကျောင်းတွင် နေခဲ့စဉ်က "ခင်" ဆိုသည့် ကျောင်းသူတစ်ဦးနှင့် ရင်းနှီးခဲ့သည်။ ခင်တို့က တိုက်နှင့်ကားနှင့်နေ၍ ကိုစောညိန်းက ဆင်းရဲသည်။ ဉာဏ်ကောင်းသည်။ သို့နှင့် တစ်ဦးနှင့်တစ်ဦး ခင်မင်ရာမှ သံယောဇဉ်ဖြစ်လာကြသည်။ ရုပ်ရည်သနားကမားရှိ၍ တီးတတ် ဆိုတတ်လာသော ကိုစောညိန်းအပေါ်တွင် ခင်က အကြင်နာပိုလာသည်။ သို့ရာတွင် ကိုစောညိန်းကမူ အမြင့်က ပန်းတစ်ပွင့်အနေနှင့် စိတ်ကူးယဉ်နေရုံသာရှိသည်။ နှလုံးသားဝေဒနာကို ဖွင့်ထုတ်မပြဝံ့ပေ။ ထိုသို့နေစဉ်တွင် ဒုတိယကမ္ဘာစစ်ကြီးက သူတို့နှစ်ဦးအား ခွဲလိုက်သည်။

ကိုစောညိန်းသည် ခရမ်းဘက်သို့ စစ်ပြေးနေရသော်လည်း ခင့်ကိုမူ မမေ့နိုင်ချေ။ "ခင့်"အပေါ်တွင် စွဲလမ်းမိသမျှကို ဂီတနှင့် အဖော်ပြုယင်းဖြေခဲ့သည်။ ဂျပန်ခေတ် ရန်ကုန်သို့ရောက်လာသောအခါ "ခင်"တို့ အိမ်ကြီးမှာ ဗုံးကျ၍ ပြိုပျက်နေလေပြီ။ "ခင်"တို့ မိသားစုမှာ အထက်အညာသို့ စစ်ပြေးတိမ်းရှောင်နေကြကြောင်း ကြားသိရသည်။ တစ်နေ့တွင် သူတို့ကျောင်းမှ ဆရာမတစ်ယောက်နှင့်တွေ့သဖြင့် သာကြောင်း၊ နာကြောင်းမေးမြန်းရာမှ ခင်တို့သတင်းကို ကြားရသည်။ ခင်သည် စက်သူဌေးသားတစ်ဦးနှင့် လက်ထပ်သွားပြီ။ ဤတွင် ကိုစောညိန်းသည် အနှစ်နှစ်အလလက သူစိတ်ကူးယဉ်ခဲ့ရသမျှတို့သည် အရည်ပျော်ကျသွားသကဲ့သို့ ခံစားလိုက်ရသည်။ သူ၏ အသည်းလွှာတွင် ပွင့်ဖူး၍ လာခဲ့သည့်တစ်ခုတည်းသော ချစ်ပန်း-ပွင့်ဦး ကလေးသည် ကြွေကျမြေခ၍ သွားရလေပြီဟု ခံစားလိုက်ရသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသောအခါ "ခင် . . . သည် ရန်ကုန်သို့ရောက်လာ၍ ကိုစောညိန်းရှိရာ သမာဓိ သတင်းစာတိုက်သို့လာတွေ့သည်။ စက်သူဌေးသားတစ်ဦးနှင့် မိဘများက စေ့စပ်သည်မှန်သော်လည်း "ခင်"က သဘောမတူသဖြင့် လက်မထပ်ဖြစ်ပေ။ ခင်မှာ ယခင်ကလိုပင် ချောမောလှပလျက်ပင်ရှိသည်။ သို့သော် ကိုစောညိန်းကမူ "ခင့်အား မချစ်နိုင်တော့ပြီ။ ခင့်အတွက် ပွင့်ဖူးလာသည့် ချစ်ပန်းပွင့်ဦးကလေးသည် ကြွေကျမြေခကာ ခြောက်သွေ့နေပေပြီ တစ်ဖန်ပြန်၍ မရှင်နိုင်တော့ပြီ"ဟု ဆိုသဖြင့် "ခင့်မှာလည်း ဝမ်းနည်း ပန်းနည်းနှင့် မျက်ရည်သုတ်ကာ ပြန်သွားရလေသည်။" ဤအကြောင်းကို စာရေးဆရာသန်းဆွေက ၁၉၅၁ခုနှစ်၊ မေလထုတ် ရှုမဝမဂ္ဂဇင်းတွင် ပွင့်ဦးအမည်နှင့် ဝတ္ထုတိုတစ်ပုဒ် ရေးထားသည်။ ကိုစောညိန်းသည် တစ်ခါက မြို့မဘုန်းကြွယ်အား ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြဖူးရာ အဖွဲ့ချစ်ဆိုသော အမည်ဖြင့် ဝတ္ထုတစ်ပုဒ် ရေးသားထုတ်ဝေခဲ့ဖူးသည်။

ပွင့်ဦးသီချင်းကို ဂီတနက်သန်အဖွဲ့မှနေ၍ ကိုစောညိန်းကိုယ်တိုင် သီဆိုအသံလွှင့်သောအခါ ညွှန်ကြားရေးဝန် ဆရာဦးခင်ဇော်က ထိုသီချင်းကို ဓာတ်ပြားကူးယူထားရန် တယ်လီဖုန်းဖြင့် လှမ်း၍ အမိန့်ပေးသည်။ ဓာတ်ပြားကူးပြီးသောအခါ ဓာတ်ပြားလေဘယ်(ကတ်ပြား)ပေါ်တွင် ဤသီချင်းသည် အနုပညာရသ အမြောက်ဆုံးသော ခံစားမှုတေးတစ်ပုဒ်ဖြစ်သည်ဟု ဦးခင်ဇော်ကိုယ်တိုင် အင်္ဂလိပ်လိုရေး၍ လက်မှတ်ထိုးထားသည်။ ထို့ကြောင့် ပွင့်ဦးသီချင်းသည် ကိုစောညိန်း၏ အနုပညာအမြောက်ဆုံးသော လက်ရာဟု ဆိုနိုင်ပါသည်။

ကိုစောညိန်းရေးခဲ့သော သီချင်းများတွင် ပွင့်ဦး၏ဂယက်ရိုက်ခတ်နေသည်ကို တွေ့ရသည်။ သူ၏ရင်ခုန်သံကို ကြားနေရသည်။ "မိုး နွေ ဆောင်း သုံးရာသီတွင် "ခင့်"ကို လွမ်းရသည်၊ တမ်းရသည်။ ရှာရသည်။ "စိန့်"ခေါ်၍ ပြေးသကဲ့သို့ ပျောက်သွားသူအား ဤမြေကမ္ဘာကို အခါခါလှန်၍ ရှာရပါစေ၊ နေနှင့်လ မရှိ၍ အလင်းရောင်မရသဖြင့် မမြင်ရစေကာမူ လက်ဖြင့် စမ်းသပ်၍ ရှာနေရသည်ဖြစ်ပါစေ သံသရာမဆုံးမချင်းလိုက်ရှာနေပါမည် . . ." စသည့် စကားလုံးကလေးများကို ကဗျာဆန်ဆန် နုနုနယ်နယ် စီကုံးရေးသားတတ်ပေသည်။

ယင်းသို့ ဂီတနက်သန်အဖွဲ့ အသံလွှင့်နေစဉ် ရေနံမြေရှိ ကိုစောညိန်း၏သူငယ်ချင်း ကိုလှမြင့်၏မိတ်ဆက်ပေးမှုကြောင့် ရီရီမေ(မြေလတ်မေ)ဆိုသူ အမျိုးသမီးတစ်ဦးနှင့် မိတ်ဆွေဖြစ်ရသည်။ ရီရီမေသည် ဂီတဝါသနာပါသည်။ ကိုစောညိန်းသီချင်းများကို နှစ်သက်သည်။ ကိုစောညိန်းထံသို့ စာဖြင့် ဆက်သွယ်၍ ကဗျာအကြောင်း၊ ဂီတအကြောင်းများကို မေးသည်။ ဓာတ်ပုံကလေးထည့်၍ ပေးသောအခါ ဓာတ်ပုံကိုကြည့်၍ စိတ်ကူးယဉ်ရသည်။ ယခင်က ကိုစောညိန်း၏ ပွင့်ဦးသည် ကြွေကျသွားပြီဖြစ်သော်လည်း အသည်းထောင့်တစ်နေရာမှ ချစ်ပန်းဖူးငုံကလေးတစ်ငုံသည် အားယူ၍ လာပြန်သည်။ နဂိုက စိတ်သဘောနုနယ်သည့် ကိုစောညိန်းသည် အရွယ်ကလည်းငယ်သေးသဖြင့် မေတ္တာဝက်ပါလမ်းတွင် စမ်းလျှောက်လိုသည့် စိတ်ဆန္ဒဖြစ်ပေါ်၍ လာပြန်သည်။

သို့နှင့် မြေလတ်မေနှင့် စာအဆက်အသွယ်များပြုကာ စိတ်ကူးယဉ်လျက် တေးသီချင်းများကို ရေးဖွဲ့အသံလွှင့်ခဲ့လေသည်။ အေးဝမ်းရုပ်ရှင်မှ ရိုက်ကူးသည့် ချစ်သက်ဝေ ဇာတ်ကားတွင် မောင်တင်မောင်နှင့် ကြည်ကြည်ဌေးတို့စုံတွဲ သီဆိုသည့် မှာလိုက်စမ်းပါရစေ သီချင်းမှာ ကျော်ကြားသွားပြန်သည်။ ချစ်သက်ဝေကားမှာ ကြည်ကြည်ဌေး၏ ပထမဆုံးကားဖြစ်၍ ထိုကားမှာပင် အကယ်ဒမီရခဲ့သည်။ ထို့နောက်

ဆရာသုခက ဗြိတိသျှဘားမားရုပ်ရှင်မှနေ၍ သည်ဆောင်းဟေမန်ဇာတ်ကားကို ရိုက်ကူးရာ ကိုစောညိန်းအား သည်ဆောင်းဟေမန် သီချင်းကို အနုဆုံး အလှဆုံး အရွှဆုံးဖြစ်အောင် ရေးပေးပါဟု ခိုင်းသဖြင့် သည်ဆောင်းဟေမန်သီချင်းကို ရေးရသည်။ သည်ဆောင်းဟေမန် အစချီဘွဲ့သီချင်းကြီးကို မှီ၍ ခေတ်သီချင်းဖြစ်အောင် ဖန်တီးရာတွင် နုနုလှလှရွှရွှ စကားလုံးကလေးများကို ရှာဖွေကာ ညင်သာနွဲ့နှောင်း ပျောပျောင်းသည့် တေးသွားဖြင့် ဖွဲ့လိုက်ခြင်းကြောင့် ပို၍ပင် သာယာနာပျော်ဖွယ် ကောင်းသွားလေသည်။ ဤသို့ဖြင့် ဂီတနက်သန်အဖွဲ့သည် လွတ်လပ်ပြီးခေတ် (ပြည်ထောင်စုခေတ်) ဂီတလောကတွင် လူသိများ၍လာရသည်။ အများနှင့်မတူ တမူထူးသည့် တေးသွား၊ တမူထူးသည့်စာသားများကို တီထွင်ဖန်တီးနေကြသူတွေပါတကားဟု ချီးကျူးကြသည်။

၁၉၅၂ခုနှစ်တွင် ပြည်တော်သာ ညီလာခံကြီးကို ကျင်းပခဲ့သည်။ ထိုအတွက် ပြည်တော်သာသီချင်းရေးပြိုင်ပွဲကို ကျင်းပခဲ့ရာ ကိုစောညိန်းသည် ပထမဆုငွေ ၃၀၀ ကျပ်ကို ရရှိခဲ့သည်။ ထိုအခါ ကိတ်မုန့်နှင့် သစ်သီးဝလံများကို ဝယ်ယူကာ ဦးချစ်မောင်နှင့် အမေ ဒေါ်အောင်ကြည်တို့အား သွားရောက်ကန်တော့ခဲ့သည်။

ထိုစဉ်က ကာလပေါ်တူရိယာ ဂီတအဖွဲ့ချုပ်ဟူ၍ ဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌမှာ ဆရာ ရွှေပြည်အေး၊ ဒုတိယဥက္ကဋ္ဌ ဂီတာ ဦးစိမ်းမောင်၊ အတွင်းရေးမှူး ရန်နိုင်ဆွေတို့ဖြစ်ကြ၍ ကိုစောညိန်းမှာ ဝါဒဖြန့်ပွားရေးမှူးအဖြစ် ဆောင်ရွက်ရသည်။ မကြာမီ အထက်မြန်မာနိုင်ငံမှ ဂီတပညာရှင်ကြီးများ ရောက်ရှိလာရာ ရွှေတိဂုံဘုရားလမ်း ဂျူဗလီဟောရုံတွင် မိတ်ဆက်လက်ဖက်ရည်ပွဲ ကျင်းပခဲ့သည်။ ဧည့်သည်တော်ကြီးများမှာ မန္တလေး၊ မြို့မအဖွဲ့၊ သင်္ဂဟအဖွဲ့မှဖြစ်ကြ၍ အလင်္ကာကျော်စွာ ဆရာဘကလေး၊ ဆရာမြို့မငြိမ်းတို့ ဦးဆောင်လာကြသည်။ ကိုစောညိန်းတွေ့ချင်သည့် ဆရာမြို့မငြိမ်းနှင့် တွေ့ရပေပြီ။ ဆရာမြို့မငြိမ်းကလည်း ကိုစောညိန်း၏သီချင်းများကို ကြားဖူးပြီးဖြစ်၍ လိုင်းသစ်ထွင်သော လူငယ်တစ်ဦးအဖြစ် နှစ်သက်သဘောကျနေသည်။ ထို့ကြောင့် မန္တလေးသို့ လာလိုလျှင် အချိန်မရွေး လာခဲ့ပါဟု မှာကြားသွားသည်။

ထိုမိတ်ဆက်ပွဲတွင် ကိုစောညိန်းသည် မြန်မာဂီတပညာအကြောင်းကို အနည်းငယ်ပြောသွားသည်။

ကိုစောညိန်းသည် ဂီတပညာကို ဖော်ထုတ်ယင်း စာရေးဆရာဖြစ်လိုသည့်ဆန္ဒကလည်း ရှိသည်။ မရဏာမောင်းသံ အမည်ရှိ ဝတ္ထုရှည်တစ်ပုဒ်ကို ရေးသား၍ ပဒေသာ မဂ္ဂဇင်းတိုက်ကိုလည်းကောင်း၊ ရှုမဝကိုလည်းကောင်း ပြကြည့်သည်။ ထိုစဉ်က ဝတ္ထုဆိုလျှင် ချစ်ကြိုက်လွမ်းဆွေးပါမှဟု ယူဆနေသည့်ခေတ်ဖြစ်သဖြင့် သူ ကြိုးပမ်း

ထားသည့် သိပ္ပံဝတ္ထုကို စိတ်မဝင်စားကြချေ။ နောက်မှ ခေတ်ပြင်စာပေ ဦးဆန်နီနှင့် တွေ့၍ ဦးဆန်နီ၏ကူညီမှုကြောင့် လုံးချင်းဝတ္ထုအဖြစ် ထွက်လာသည်။ သူ့ခေတ်အခါတွင် သူရေးလာထားသမျှ ပညာဗဟုသုတကလေးနှင့် သိပ္ပံဝတ္ထုကို ရေးခဲ့သူဖြစ်ခြင်းကြောင့် စာပေလောကတွင် ရှေ့သို့ရောက်နေသူတစ်ဦးဟု ဆိုနိုင်ပါသည်။

ကိုစောညိန်းသည် တူရိယာဂီတအဖွဲ့ချုပ်အတွက် ဓာတ်ပြားသွင်းရန် သီချင်းတစ်ပုဒ်ရေးလှူပါဟု ဆိုသဖြင့် မြနန္ဒာသီချင်းကို ရေးပေးခဲ့သည်။ မြနန္ဒာသည် မြန်မာဟန် မြန်မာအသံဖြင့် ရေလုပ်သားကြီးတို့၏ဘဝကို အပီပြင်ဆုံး ဖော်ကျူးလိုက်သည့်သီချင်း ဖြစ်ပေသည်။ သူ နောက်ဆုံးရေးသား၍ အသံလွှင့်လိုက်သော သီချင်းမှာ မိုးသက်လေ နှင် ဖြစ်သည်။

နယ်ရှစ်ခွင် မင်းလွင်ဝန်းကျင်၊ လွမ်းအောင်ဖော်ပြ အာကာ
ဝေဟင်၊ ဘယ်ရွှေ ဝင့်ကြွေးတုံ့တင်၊ ချေပြီထင်ခဲ့ နိုမိုရာမဲ့၊ ရှုလို့
မြင်လို့စေချင်၊ ချစ်တဲ့သူ့ရဲ့ရင်ခွင်၊ သည်မိုး မှောင်တုန်း မောင်ပုန်း
ပါရစေခင်၊ တစ်ကိုယ်ရေအား . . . နွဲ့နွဲ့တုန်ပြီရွှေဘဝင်၊ ငြိုရက်
တဲ့ ဒေဝါဆွေနတ်သခင်၊ အော်. . . မိုးသက်လေနှင်။

အားငယ်သည့်သဘော၊ စိတ်ပျက်နွမ်းလျသည့်သဘောကို ဆောင်နေသည်။ ဤသည်မှာ အခြားကြောင့်မဟုတ်၊ မပြည့်စုံသည့်ဘဝကြောင့်ပင် ဖြစ်သည်။ ကိုစောညိန်းသည် အသက် ၂၆နှစ် ရှိလာလေပြီ။ အိမ်မင်းသည့် မိဘနှစ်ပါးကို တာဝန်ယူရသည်။ သမာဓိ သတင်းစာ၏အခြေအနေ မကောင်းသောကြောင့် အလုပ်က ထွက်လိုက်သည်။ အပျော်တမ်း ဂီတနက်သန်အဖွဲ့ကို တစ်နှစ်ခွဲမျှ ကြီးပမ်းတင်ဆက်ခဲ့ရာတွင် နိုပြီးလုံချည် အင်္ကျီ တစ်ထည်ပြီးတစ်ထည်သာ စုတ်ရသည်။ နောက်ထပ်အသစ် မဝယ် နိုင်။ အရွယ်ရောက်လာချိန်ဖြစ်သဖြင့် "ချစ်ရေး ခင်ရေး၊ လိုက်လေဝေးတယ်၊ စိန်ခေါ် ပါလို့ ပြေးလေသလားကွယ်" . . . ဆိုသည့်အတိုင်း စိတ်ကူးယဉ်လိုစိတ်ကလည်း ရှိ လာသည်။

သို့သော် မိမိတွင် ဘာမျှမပြည့်စုံ ငွေကြေးလည်း ချို့တဲ့သည်။ နေရာထိုင်ခင်းလည်း ချွှာချာသည်။ ရိုရိုမေ(မြေလတ်မေ)ကလည်း ရန်ကုန်သို့ လာခဲ့မည်ဟုဆိုသဖြင့် သူ တွေ့ရမှာ ရွံ့နေသည်။ မလာပါနှင့်ဟု ပြောရန်လည်း ခက်သည်။ လာပြန်လျှင်လည်း လှလှပပ ဧည့်မခံနိုင်မည်ကို ဖိုးသည်။ ထိုအကြောင်းများကြောင့် ကိုစောညိန်း၏ စာများ

တွင် အားငယ်သည့်သဘောကို တွေ့ရသည်။ သူသည် ဂီတပညာကို လိုင်းသစ်တီထွင်သူ တစ်ယောက်အဖြစ် အများက လက်ခံခဲ့ကြပေပြီ။ ဆရာ မြို့မငြိမ်းသည် မြို့မငြိမ်း၏ မူသစ်တစ်ခုကို တီထွင်နိုင်ခဲ့သည့်နည်းတူ ကိုစောညိန်းသည်လည်း "စောညိန်း၏မူသစ်" တစ်ခုကို တီထွင်နိုင်ခဲ့ပေပြီ။ သို့သော် လူတွေက သဘောမပေါက်ကြချေ။ ထို့ကြောင့် သူက ကိုသန်းဆွေကို ပြောသည်-

ကျွန်တော်တော့ အနားယူဦးမယ်ဗျာ၊ ကျွန်တော်တို့ လုပ်နေတာကို လူတွေက သဘောမပေါက်ကြသေးဘူး၊ မလိုက်နိုင်ကြသေးဘူး၊ လမ်းဘေးက လူတွေဆိုလို့ရတဲ့ သီချင်းမျိုးမှ သီချင်းလို့ ထင်နေကြတယ်-

ဟု ညည်းညူသည်။ ထို့နောက် ဦးကျော်လင်းတို့ ထုတ်ဝေသည့် "ရန်ကျော်" ဂျာနယ်တိုက်တွင် အလုပ်ဝင်လုပ်သည်။ မိသားစုအရေးကို ပြန်ကြည့်ရန် တာဝန်ကရှိလာသည်။ အောဝင်းရုပ်ရှင်မှ "ဝိညာဉ်မေတ္တာ၊ ဝိဇယ၊ ချစ်သက်ဝေ၊ လေထဲကဖူးစာ" ရုပ်ရှင်ကားများအတွက် သီချင်းများရေးပေးသည်။ ဓာတ်ပြားကုမ္ပဏီတစ်ခုသို့ သီချင်းသုံး-လေးပုဒ် ရောင်းလိုက်ရသဖြင့် ပိုက်ဆံကလေး အသင့်အတင့်ရလာသည်။ ဂီတနက်သန်အဖွဲ့ကို အပျော်တမ်းအဖြစ်မှ သုခမကြေး ၇၀ကျပ်ရသည့် ပညာရှင်ဝိုင်းအဖြစ် တိုးမြှင့်ပေးရန် အရေးဆိုထားချက်မှာလည်း မပြေလည်သဖြင့် အသံလွှင့်ခြင်းကို နားထားလိုက်သည်။ ဤအခါတွင် ရန်ကုန်ကို လာချင်နေသည့် သူ၏အိမ်မက်ထဲက ချစ်သူ မေမှ အားလည်း လာချင်လျှင် လာခဲ့ပါဟု မှာထားသည်။

ညီလေး . . . မင်းလဲ ပေပေတေတေ မနေနဲ့တော့၊ ငါတို့မှာ မိဘတာဝန် ရှိတယ်၊ ငါလဲ စာကျက်ပြီး ၁၀တန်းကို အင်္ဂလိပ်စာ တစ်ဘာသာနဲ့ဖြေမယ်၊ အောင်ရင် သက်ကြီးတက္ကသိုလ် ဆက်တက်မယ်၊ ငါးနှစ်ခြောက်နှစ်ဆိုယင် ဘီအေအောင်ရမယ်၊ မင်းလဲ စာမေးပွဲဖြေဖို့ ပြန်လုပ်ပါ. . .

ဟု ညီဖြစ်သူ မောင်လှဝေကို ပြောဆိုဆုံးမသည်။ ထို့နောက် စန္ဒရား ကိုလှသွင်နှင့်အတူ ဆရာစန္ဒြဆီသို့ သွား၍ လက္ခဏာကြည့်ကြသည်။ ဆရာစန္ဒြက "ဂီတပညာ

မှာ အောင်မြင်ကျော်ကြားမှုရှိမည်။ သို့သော် အသက် ၂၇နှစ်အတွင်း သေနိုင်လောက်သည့်ကိန်း ဖြစ်ရန်ရှိသည်။ မသေလျှင် ရှေ့တွင် ကောင်းစားမည်၊ ခရီးရှည်ထွက်ပါ" ဟု ပြောသည်။ ကိုစောညိမ်းသည် ၎င်းအတွက်လည်း အတန်ငယ် စိတ်လေးသွားသည်။ ထိုအတွက် ကိုလှသွင်နှင့်အတူ ရန်ကုန်ဆေးရုံကြီးသို့ သွား၍ သွေးလှူကြသည်။ မည်သူနှင့်မျှ အတိုက်အခံမဖြစ်ရအောင် ရှောင်သည်။ အိမ်တွင် စာကိုသာ ဖိ၍ ကျက်သည်။ တစ်ခါတစ်ရံ အလုပ်မှပြန်လျှင် ဦးချစ်မောင်-ဒေါ်အောင်ကြည်တို့ထံ သီချင်းတက်သည်။ သူ နောက်ဆုံးတက်သွားသည့်သီချင်းမှာ "သန်းယံသာ ကျနေပါတော့တယ်" သီချင်းဖြစ်သည်။ မကြာမီ မန္တလေးသို့ ခရီးထွက်၍ ဆရာဖြူ့မငြိမ်းထံတွင် အတော်ကြာကြာ နေထိုင်ရန် စိတ်ကူးထားသည်။ သို့သော် ရုပ်ရှင်သီချင်းကလေးများ ရေးနေ၍ မသွားဖြစ် သေးချေ။

၁၉၅၂ခု၊ အောက်တိုဘာလ၊ ၂၉ရက်နေ့ည ဖြစ်သည်။ ကြည့်မြင်တိုင်ပိတောက်တန်းလမ်းထိပ် လက်ဖက်ရည်ဆိုင်တွင် ကိုလှဝေသည် စစ်တုရင်ကစားနေသည်။ သူငယ်ချင်းတစ်ယောက်က ရုပ်ရှင်ကြည့်ရန်ခေါ်သဖြင့် ပိုက်ဆံမရှိသေး၍ စောင့်နေရာ ခဏအကြာတွင် ကိုစောညိမ်းရောက်လာသဖြင့် သူ့ထံမှ ပိုက်ဆံတောင်း၍ ရွှေတိုင်သီရိရုံတွင် ပြနေသည့် အင်္ဂလိပ်မင်းသားကြီး ဘလင်တီနိုပါသည့်ကားကို သွား၍ ကြည့်ကြသည်။ ၁၁နာရီလောက်တွင် ရုပ်ရှင်ပြီး၍ အပြန်တွင် ကိုလှဝေ၏ဖိနပ်ပျောက်သဖြင့် အုန်းပင်တန်းထိပ်က လူတစ်စုနှင့် စကားများ ရန်ဖြစ်ကြသည်။ ကိုလှဝေသည် အိမ်သို့ ပြေးလာ၍ ကုတ်အင်္ကျီကို ချွတ်ထားခဲ့ကာ သံတုတ်ကိုဆွဲ၍ ဆင်းသွားလေသည်။ ကုတ်အင်္ကျီဝတ်၍ စာကျက်နေသည့် ကိုစောညိမ်းက ဘယ်ကိုလဲဟု မေးရာ "ဒီအနားတွင်ပါ"ဟု ပြော၍ ထွက်သွားသည်။ ကိုစောညိမ်းက စိတ်မချ၍ လိုက်သွားရာ လမ်းထိပ်ရောက်လျှင် ရန်ဖြစ်ကြသည်ကို ဝင်၍ ဖျန်ဖြေသည်။ မှောင်နေသော တစ်ဖက်က မြင်းလှည်းသမားများသည် ကုတ်အင်္ကျီဝတ်လာသူသည် သူတို့၏ရန်သူဟု ထင်၍ ဝိုင်းရိုက်ကြရာ ကိုစောညိမ်းလဲကျသွားသည်။ ထိုညပင် ရဲကားနှင့် ဆေးရုံကြီးသို့ ပို့ရသည်။ ပန်းကဒဏ်ရာကြောင့် စကားမပြောနိုင်။ အကြောသေသလိုဖြစ်သည်။ ဦးခေါင်းက ဒဏ်ရာကြောင့် ဦးနှောက်တွင်းသို့ သွေးဝင်သွားသည်။ သို့နှင့် အောက်တိုဘာလ၊ ၃၁ရက်နေ့ (တန်းဆောင်မုန်းလဆန်း ၁၄ရက်နေ့)နံနက်တွင် ကွယ်လွန်သည်။

သူမှာထားသည့် "မြေလတ်မေ"မှာ ရန်ကုန်သို့ ဆင်းလာ၍ ရန်ကျော်ဈာနယ်တိုက်သို့ သွားမေးရာ ကိုစောညိမ်း စောစောပြန်သွားပြီဆိုသဖြင့် မတွေ့ရချေ။ ထိုနောက် သတင်းစာတွင် ကိုစောညိမ်းအရိုက်ခံရ၍ ဆေးရုံတင်ထားရကြောင်း ပါလာသဖြင့်

ဆေးရုံတွင် လိုက်၍ရှာသော်လည်း မတွေ့ရချေ။ သို့နှင့် နောက်တစ်နေ့တွင် ကိုလှဝေက ကိုစောညိန်းဆုံး၍ ၂ . ၁၁ . ၅၂ ရက်နေ့တွင် သဂြိုဟ်မည့်အကြောင်း စာလာပေးသဖြင့် ထိုနေ့တွင် ကြည့်မြင်တိုင် ပိတောက်တန်းသို့ လိုက်သွားရာ မမီလိုက်တော့ဘဲ ကိုစောညိန်း၏မိဘများနှင့်သာ တွေ့ရတော့သည်။ ဤသို့ဖြင့် ကိုစောညိန်းသည် သူစိတ်ဝင်စားနေသည့် မြေလတ်မေကို တွေ့မသွားရချေ။ "တစ်ယောက်ဘဝ၏အစနှင့် တစ်ယောက်ဘဝ၏အဆုံး" တို့သည် သီသီကလေးပင် လမ်းခွဲ၍ သွားခဲ့လေပြီ။

ကိုစောညိန်းကွယ်လွန်သောအခါတွင် အသက်မှာ ၂၇နှစ်နှင့် ခုနစ်လတိတိသာ ရှိသေးသည်။ လူငယ်ကလေးတစ်ယောက်ဟုသာ ဆိုရပါမည်။ သို့သော် သူသည် လူကြီးလို နေတတ်သည်။ ရင့်ကျက်သော ဣန္ဒြေရှိသည်။ သူ၏အရပ်မှာ ငါးပေ၊ ခြောက်လက်မရှိ၍ ပိန်ပိန်သွယ်သွယ်နှင့် အသားလတ်လတ်ရှိသည်။ မိန်းကလေးကဲ့သို့ ပျော့ပျောင်းနူးညံ့သော အမူအရာရှိသည်။ ဝိုင်း၍ကျယ်သော နဖူးနှင့် ခပ်မှိုမှိုမျက်လုံးများက တောက်ကြွားနေသည်။ သူသည် စကားနည်း၍ ပြောလျှင်လည်း ချိုချိုသာသာ ပြောတတ်သည်။ သူ့ကို တွေ့ဖူးသူတိုင်းက ခင်မင်ကြသည်။ သူဆုံးသောအခါ ဂီတလောကသားအားလုံးက ဝမ်းနည်းကြေကွဲကြသည်။ နှမြောတသကြသည်။ သူသည် သူ့အမည်ကို "စောငြိမ်းဟု မရေး၊ စောညိန်း" ဟုသာ ရေးသည်။ သို့ရာတွင် စောငြိမ်းဆိုသည့်စကားလုံးကသာ အနက်ရသည်ဖြစ်သောကြောင့် နာမည်နှင့်လိုက်အောင်ပင် စောစောငြိမ်းသွားရှာသလားဟု ဆိုရမည်သာ ဖြစ်ပါတော့သတည်း။

□□□

("'ဒိတနက်သန် ကိုစောညိန်း - စာပေနှင့်ဂီတ' မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း စာစဉ်( ၁၆ ) - ၁၉၇၉ " စာအုပ်မှ ကူးယူဖော်ပြသည်။)

# မောင်ကျဘမ်း

သူ့ဟာနဲ့သူတော့ဟုတ်-တုတ်တုတ်။




ကာတွန်းရုပ်စုံတွင် ရေးဆွဲခဲ့သော
ကိုစောညိန်း၏ ကာတွန်းလက်ရာများ




ကာတွန်းရုပ်စုံတွင် ရေးဆွဲခဲ့သော ကာတွန်းလက်ရာများ





ကာတွန်းရုပ်စုံတွင် ရေးဆွဲခဲ့သော
ကိုစောညိန်း၏ ကာတွန်းလက်ရာများ

## ရဲဘော်-ဘယ်ခြေမြှောက်။



ဟေ့ ခြေနှစ်ဘက်လုံးမြှောက်ထားတာဘယ်ရဲဘော်လဲကွ)








ကာတွန်းရုပ်စုံ

ကာတွန်းရုပ်စုံတွင် ရေးဆွဲခဲ့သော
ကိုစောသိန်း၏ ကာတွန်းလက်ရာများ





ကာတွန်းရုပ်စုံတွင် ရေးဆွဲခဲ့သော
ကိုဗေညိမ်း၏ ကာတွန်းလက်ရာများ




ကာတွန်းရုပ်စုံတွင် ရေးဆွဲခဲ့သော
ကိုဇောညိန်း၏ ကာတွန်းလက်ရာများ



ကာတွန်းရုပ်စုံတွင် ရေးဆွဲခဲ့သော
ကိုစောညိန်း၏ ကာတွန်းလက်ရာများ





* * *

ကာတွန်းရုပ်စုံတွင် ရေးဆွဲခဲ့သော
ကိုစောညိန်း၏ ကာတွန်းလက်ရာများ

## ''ဝိကနုတ်သန် ကိုစောညိန်း ရေးစပ်ခဲ့သော ကဗျာများ''

### ၁။ လက်သစ်

ကြွေးကြော်ကြက်ဦးတွန်
သန်းယံလွန်ဝယ်
အကျွန်သည်
ကြာခြည်စက်ရာ၌
မပျော်ပိုက်၍
နိုးနိုက်တွင်
သုတ်သင်ရန်ကိုယ်လက်
မြင်သို့ထွက်ရင်း
တံစက်မြိတ်
အိမ်ရိပ်၏အောက်မှ
အာကာသသို့
ပန်းလျှစွာ
မျှော်ကာကြည့်မိလျှင်
ရွတ်ချည်းမြင်ခဲ့

နီကျင်ပြော
အားလျော့ဟန်ညှိုးငယ်
မှိုးသောက်ကြယ်သည်
တိမ်လယ်က
လမ်းပြခေါ်ဆောင်နေ
အရုဏ်မေ၏
ရှပ်ရေလှ
ရွှပနီကယ်တို့
ဆီးယှကြိုလျှက်
နုပျိုသော
မက်မောဘွယ်သွင်ပြင်
ဆင်းကြွန်အင်နှင့်
ကောင်းကင်ဝယ်
တင့်တယ်စေချင်သား
သွှသက်ထားကို
ကြိုးစားညွှန်
အားသွန်စောင့်မျှော်ခါ
နေနှင့်ရှာ၏
တာရာရယ်
သင့်ဝယ်မှာမူကား
ကြိုးစွာမှားပေ့ါ

( ဝီတနက်သန်ကိုစောညီန်း၏လက်ရေးမူကြမ်းမှ - )

□

## ၂။ ဂီတဘုံနန်း

စိတ်က စောသည်၊ ဆိုး သောကနှောင့်
နေမပျော်မှု၊ တကြောင့် ကြကြ
မအေးရခဲ့၊ ဂီတ ဘုံထွင်မှု
မြဲ ပြာသဒ်၌၊ လျှောက်ပတ် ချင်းရည်
စံချိန် မီသား၊ သီဂီ ရုပ်ထု
လက်ရာ နုဖြင့်၊ မြူစု ချင်မိ
ယခု ထိလျှင်၊ ရှိသည့်ကြွေးဝန်
တင်လျက် ကျန်၍၊ ဖန်ဖန် တွက်ရေ
ရက် စနေကို၊ ရောက်စေချင်စွ
ဝေးမောလှ၏၊ နွေညမကွာ
မသွန်းသာသည်၊ ရွှေ နာရကာ
ဆယ်မှုးရည်ကား၊ ရွှေမည် ကြံစ
လောင်းကာမှုဖြင့်၊ ပုံကြွဘနန်း
ဟန်ဖြင့် လွှမ်းလျက်၊ မြူပန်းသွယ်ယှက်
မြူခက်ခွေလျှ၊ မြူကြွမြူဘုံ
လက်စွမ်းကုန်ကို၊ မချွလွှမ်းခင်
မှိုကာပင်လည်း၊ သက်ဝင်လှုပ်ရှား
တော့မည်လားသို့ ထင်မှားယောင်မိ
ဥပမိလျှင်၊ ရဲငြိတောက်ပ
နဂိုလှမို့ စို့ကျဆောက်နှယ်
တူတစ်ချက်ကို၊ တင်ရက်မည်ရေး
ဝန်ဖြင့်လေးခဲ့၊ ရှုပ်ထွေးသိခက်
လေးနက်ကျယ်လွန်း၊ ပညာဝန်းဝယ်
တစ်စွန်းတစ်ကွက်၊ လွဲမှားဖျက်က
ဆယ်သက်ပေးချေ၊ လျှော်မကျေသည်
ရွှေ၏တန်ဖိုး၊ နှမြောနိုး၍

နွံ့ဗိုးမိမိ ဘယ်မျှရှိဟု
မသိရှာပြီ သက်ဝေရိသည်
သွေးဖည်လိမ်းအံ့ တွေး၍လန့်လျက်
ရန့်စိတ်မှာ၊ စေတနာကို
သက်ဘိုးဝါး၊ မယုံစားခဲ့
သနားဖွယ်မျှ ပူတတ်လှသည်
စိတ်ချသောငှာ၊ ဘယ်သစ္စာဖြင့်
ကျိန်ကာ ရွက်ရပါမည်နည်း။ ။

( ကိုစောညိန်းက မြေလတ်မေထံသို့ လေးလုံးစပ်ကဗျာအကြောင်း နမူနာရေးပြသည့် ကဗျာ။ ကိုစောညိန်း၏လက်ရေးစာမူမှ ကူးယူဖော်ပြပါသည်။ )

❑

## ၃။ ချစ်လှမ်းမမီ

ဘယ်ဆုတောင်းဆက်
အကျိုးဆက်၍
ရေစက်ပေးဆုံ
အံ့ဖွယ်ပုံဖြင့်
တွေ့ကြုံကျွမ်းသိ
မြတ်နိုးမိခဲ့။ ။
အဘိသဲ့ဘာ
ယူဇနာဖြင့်
ခြားကွာခွဲခြမ်း
မျှော်တိုင်းပန်းမျှ
ချစ်လှမ်းမမီ
တစ်မြေစီဝယ်
မညီကြောင်းရေး

ခုတိုင်ဝေးသည်
နိုလေးကိုမှ
တွက်တိုင်းဆ၍
ဖော်ပြခြင်းဌာ
အစွမ်းသာသည်
မေတ္တာနှောင်ယှက်။
လက်ဆောင်ဆက်လျက်
အသက်ကိုပင်
နှင်းအပ်ချင်မှု
ခင်မင်ပါရဲ့။ ။
အကြွင်းမဲ့သော
တကယ့်စိတ်ရင်း
နှလုံးသွင်းကို
အချင်းအရည်
ဉာဏ်မမီ၍
ဖွဲ့စီရေးကာ
မတင်သာသည်
ကဗျာရှင်ကား
ကာရန်ရှားခဲ့။ ။
သို့ငြားကြောင့်သာ
စေတနာကို
သက်ဘိုးနှောင့်
စိတ်မပြောင့်သော်
ရှိ စောင့်၍သာ
ကြည့်ပါတော့။ ။

( မြေလတ်မေ ခေါ် ရီရီမေ ထံသို့ ပြန်ကြားသောကဗျာဖြစ်ပါသည်။ ကိုစောညိန်း၏လက်ရေးစာမှ ကူးယူဖော်ပြပါသည်။ )

□

## ၄။ တေးထပ် (အမည်မပါ – တစ်)

ပုလဲမှုံ နှင်းငွေ့
ဝန်းဝေ့၍လူလူ
ညှင်းလေပြည့် ဆောင်ယူသော်
တမြူမြူဝိုက်သန်း။ ။
လရောင်သီဟောမန်ဝယ်
လေပြန်လာနှင်းငွေ့ကြောင့်ချမ်း။ ။
ဆောင်းအကွန့်ရိပ်ကြာ
ငွေသဏ္ဌာစက်ခန်း။ ။
စောင်ထည်ထည်မြကာလွှမ်းသော်လဲ
ရွှေနန်းမှာမလုံ။ ။
လေသုန်သုန်သွေးယူဝေ့ရင်မြင့်
ဆွေးသူ ဖေ့/မွေ့ သည်းလှပ်လှပ်ခုန်။ ။
ချမ်းစိမ့်စိမ့်ရွှေရင်တုန်သည်
ဆောင်းဗုံ့ ငွေနုတွင်မှ
ပုလဲဥမျက်ရည်လှိုင်
နှင်းပေါက်နဲ့ပြိုင်။ ။
လွမ်းမပြေ့ ယှူတိုင်သည်
အသဲဆိုင် ငယ်ချစ်ကြောင့်လေး။ ။

၁၃၀၀ပြည့်နှစ်၊ ပြာသိုလဆုတ် ၁၄ ရက်
(ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ)


❑

## ၅။ တေးထပ် (အမည်မပါ - နှစ်)

ကောင်းခြောက်ဆယ် လေးရပ်
သွေးထပ်ရှပ်ညီ
ရွှေနီပါတ်ထုတ်မမီသည်
ဖုဿတီထွဋ်ထား။ ။
ဝိမ္မာနကိန္နရီလို
တသိဏ္ဍီရိုတော့မမှား။ ။
ဥမ္မာဒရုဏာမယ်လို
နုရှာတသ်အသား
ကုမုဒြာနွတ်ဖျားက
ပဒ္ဒုမြားသဖွယ်။ ။
ကြယ်ဥက္ကာဥာဥ်ရောင်မီးလိုပ
ခင့်မောင်ကြီးထင်လိုက်လှတယ်။ ။
မြင့်ဆောင်ထီးဉောင်လယ်မှာ
ရှုစဖွယ်ပဝင်းလို့
လမင်းထက်နှစ်လေးသာ
စမြလိုက်ထား။ ။
မြင်ရသူဖေသက်သာသည်
ရွှေမျက်နှာကြည်လွှန်းလို့လေး။ ။

( ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

❑



THE TRIBUNE

Managing Proprietor

U Ba Glay

Ex-Mayor of Rangoon

Telegrams:—"TRIBUNE"

P. O. Box:—166.

62 45th Street.

Rangoon ........ 1947

The only Independent Burmese Daily.

ကိုစောညိန်း၏ ကောင်းကြောက်ဆယ့်လေးရပ်အစချီ လက်ရေးမူ

## ၆။ ရုက္ခမူနိဗ္ဗာန် - ဝေဝေါ်တေးထပ်

သုံးဆယ့်တစ်ခွင်ဘုံဌာန
သမုဒယချုပ်ကြိုးတွေရှုပ်သည်
လောကီလောကသံသရာရှည်ကို
စက်ဆုပ်မသတိ ဖို့ညီဖွဲ့လို့မှန်း။ ။
ကြုံလာပြန်လာ ချစ်စိတ်နှာကို
တရားရှုသာပယ်ဖျက်ခွာမည်ဘုန်း။ ။
ကိလေသမီး ထောင့်ငါးရာငယ်
လောင်ကြွမ်းဝေဒနာ ပြေနိုင်တုန်း
ဝတ်ကြောင် ရွတ်ရှောင် ညွတ်နှောင်ထုံးမှ
လွတ်အောင်ကျင့်သုံး စုံတောနိုတော့မည်။ ။
လျှော်တေဖန်ဝါ စိတ်ပုတီးနဲ့
မြိုင်ယံနိုပ်ကြီး ကိုယ်ထည်းရှောင်ဘို့ရည်။ ။
ချောက်မြောင်နှိုကွေ့သာသည့်ဆီတွင်
သီလဆောက်တည် သမထနှင့်
ရုက္ခမူလ မမွေ့ရာမှီးဆောင်
နိဗ္ဗာန်ဌာန ပြည်မနဲ့နီးအောင်။ ။
ကြွမ်းလောင်ထွေးရှုပ် ဤလူ့ဘောင်ဝယ်
တစ်ခဏလေးတောင် မပျော်ပုံပြီတဲ့လေး။ ။

၁၃၀၄ခု၊ နတ်တော်လဆန်း ၂ ရက်
( ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

❑

## ၇။ ရသိဒ္ဓိအလွမ်း – ဝေဝေါ်တေးထပ် (တစ်)

ပိတ်မှောင်ဝေဝေ ဖုံ့မှုန်မှိုင်း
နှင်းရည်ကျလို့မှိုင်းဆင်သိုင်းမှုံ
ပုလဲငွေဝတ်သင်တိုင်းဖြူသည်
ထက်မိုးအမှုန့်ရိုလုံးမောင်း။ ။
ရာသီသာတိုင်းလွမ်းစိတ်စွေသည်
ကျဆင်းမျက်ရည်ဖိုခဲလေတဲ့ဆောင်း။ ။
ပိတ်လှပ်ပုံ့ခင်းသဉ္ဇာယံမှာ
သွင်းမြောက်လေပြန်ဆော်ခညောင်း
ညင်းညင်းပြေပြေပက်ခါလောင်းတော့
နွဲ့နွဲ့နှောင်းနှောင်းလျှလျှတခွေခွေ။ ။
မိုးတွင်းခြင်ဆီနှင်းရည်စိမ့်
ရင်တွင်းသိမ့်သိမ့်တုန်မိပြန်တော့စေ။ ။

၁၃၀၄ခု၊ ပြာသိုလဆန်း ၆ရက်
( ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

□

## ၈။ ရာသီဖွဲ့အလွမ်း – ဝဝဃါကြားထပ် (နှစ်)

မိဿရာသီခါတော်မြွတ်
စိတ္တရနက္ခတ်လနှင့်ပြိုင်၊
ကံ့ကော်ရင်ခတ် ပင်ချင်းဆိုင်သည်
ရနံ့လှိုင်လှိုင်ကြိုင်ပျံ့သင်း၊ ။
မရင့်တရင့် အသင့်အတင့်၊ မမြင့်တမြင့် အပွင့်ပွင့်ဖြာသည်
အဆင့်အဆင့် ချပ်လျှာနိုင်ပန်းဝါလို့ဝင်း၊ ။
မြေညွတ် ချွေဆွတ် ငွေဝတ်ကယ်တည့်ပန်ဆင်ယင်သည်
ရေသဘင်အတွင်း၊
နတ်ကိန္နရီဖို့တစ်သင်းငယ်တို့
သက်ဆင်းသည်သို့ ထင်မိယောင်၊ ။
ကိုယ်စီကိုယ်စီမေအများ
ချမ်းမှာကြောက်တဲ့စာစီမောင်ကို
စိုရွှဲအောင်လာမပက်ပါနဲ့
ဟာ ခက် ခက်လိုက်တာ ဖို့
အို ပက်ပါနဲ့ဆို၊ ။
ရေတစ်စက်မှုပက်၍စိုလျှင်
အဆက်လို့ကို ခေါ်ရမယ်ကွဲ့လေး၊ ။

( ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

□

## ၉။ ဈောလေညှို့ကြီး

ဇမ္ဗူငယ်သမြေ တောင်ကျွန်းဌေမှာ ရေမြေပိုင်သ ဇာနည်အမျိုး သာကီမျိုးတို့ အဆိုးငယ်ရ ကဲ့ကြ အနိစ္စရွှေလျှော ဒုက္ခပင်လယ် ချေပြင်ကျယ်မှာ စဉ်တကယ် မြောခဲ့တယ်။ ။

မယုငယ်ဗွေ ဥဇည်စွန်းမှ စက်ဝန်းနေသည် ဝင်ချေရန် အချိန်မသင့် မည်းမည်းရိပ်ရိပ် မိုးတိမ်လိပ်တို့ ဆိုင်းတက်ချေလင့်သည်သို့ ဘုရင့်အရေအတွက် မင်းဆယ့်တစ်ဆက်မှာ ယွင်းပျက်ခါကြမ္မာစေခဲ့ကြ မြန်မာပြည်ကြင့်နန်းဝယ်။ ။

သို့လည်းသခါရ ပျက်ပြန်ကလည်း ဖြစ်ရမြဲလမ်း ထုံးတမ်းဓမ္မတာ စဉ်အလာကြောင့် ဖန်ဝါသူရိန် ဒေါင်းရဝိန်ကို မြူတိမ်တွေဖုံးသော်လည်း တနေ့လုံးမမှောင်နိုင် ခဏချင်းပင် တိမ်ကင်းစင်လျက် နေဝင်သည်တိုင်အောင် အလင်းကို ဆောင်၍ အရောင်ကိုပြန်သည့်နှယ် တင့်တယ်နိုင်းတု ပမာပြု။ ။

ရွှေဆိုငယ်မုဆိုး - မြန်မာတို့အမျိုးတွင် နန်းမိုးတစ်ဆယ့်ငါး - ဆယ့်တစ်ဆက်နောက်ကျန် မန်အစောင့်ထား ဤလေးပါးသည် တိမ်ကြားအာကာ ဒေါင်းသူရိန်ဖန်ဝါသို့ မြန်မကြာထွန်းပါစေ တောင်းဆုပဌာနာချွေသည် အောင်ဝေယျတု။ ။

၁၃၀၀၊ တပို့တွဲလပြည့်နေ့

( ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

❑

## ၁၀။ တန့်ခူလ - မိဿရာသီဘွဲ့အဲ

ဗုဒ္ဓသာ - ပုဏ္ဏမာမိ ဝန္ဒာမေ

စိတြငယ်မှ တာရာမေ။ ။မိဿရာသီ ယုန်စန္ဒီနှင့် တူညီထွန်းပ ရောင်ခြည်ဝေကြွလို့ ဖုံ့ အာကာငယ်မှလေး။ ။ သကြိန်ငယ်မှအကူး ရေသွန်းခါချိန် ဒေါင်းရဝိန်ဟု ဖန်အိမ်ရောင်ခြည် လင်းမှေးငယ်ချိသည်၊ ရာသီဦးမို့ တန်ဆူမှနွေခါ။ ။ ကံ့ကော်ဝန်မှုန် ရင်ကပ်ရုံနှင့် သင်းထုံငယ်ဝေ ရွက်ဟောင်းချွေလို့ လေပြည်ငယ်ဖြာ သည် ပန်းဝတ်ညာ ဘယ်ညာသွဲ့၍ နွဲ့နွဲ့ငယ်ယိမ်း။ ။လေရှူမှသုန်သုန် ရာသီ အခါ မြတ်တာရာနှင့် အာကာတိမ်ဦး မိုးသားကြူ၍ ပွင့်ဖူးငုံသည် ဝတ်မှုန်ငယ်စီ ရောင်ခြည်ရှူးသန် ဝင်းဖန်ဖန်နှင့် သက်တန့်တိမ်ခွင် လေမိုငယ်ဆင်၍ မို့မင်းလွင်ငယ်ရှိ သော် မိုန်တစ်ချို ခါတစ်လှဲ့တွင် ပြာလဲ့လဲ့မှိုင်း။ ။ပြင်နာရီ ငါးချိန်မှန်ထား၍ အဝါး သုံးပြန် နေခြည်လျှံ၍ ဒေါင်းဖန်သူရ မွန်းတည့်တွင်ကျလို့ မိုးလရာသီ ဂိန္ဓာဝယ် ရှိန်ဝါ ငယ် ရောင်ခြည်ဖြာလေတော့ ယမုံနာရေပြင်ပေါ်က ဇင်ယော်ဝဲ။ ။

၁၃၀၁ခု၊ သီတင်းကျွတ်လဆုတ် ၆ ရက်၊ ကြာသပတေးနေ့

( ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

❑

## ၁၁။ မိုးနွေအလွမ်း

တာရာမှေးလျှက် -

ရေးရေးရိုပ်ရိုပ်၊ မိုးတိမ်လိပ်တို့ ဆိုင်းပိတ်ကွန့်မြူ၊ ရောင်မမြူသား၊ သောက်ရှူ သော်တာ၊ ကြယ်ဥပါလည်း၊ ရောင်ဝါမလက်၊ မိုန်တစ်ချက်ဖြင့်၊ ပြာညက်ကောင်းကင်၊ ဝဥ္စာပြင်ဝယ်၊ ကိုးခွင်ရေမြေ၊ မှိုင်းမှိုင်းဝေမျှ၊ တိမ်လေနှင်းမြူ ဆိုင်းပိတ်မူသော်၊ ဝင်းမြူ မလင်း၊ ရောင်မဝင်းတည့် လမင်းသော်တာ၊ ငွေစန္ဒာလည်း၊ အာကာဝေဟင်၊ မိုးတိမ်ပြင် ကို၊ တိုးဝင်မစွမ်း၊ ရောင်ဝါနွမ်း၏၊ လဆန်းမဟုတ်၊ ရောင်ဝါယုတ်သား၊ လဆုတ်ပက္ခ သမယမို့ တာရာစုဝင်၊ ခုနစ်စဉ်လည်း၊ မိုးပြင်တိမ်ခြေ၊ ရောင်မှုဝေသည်။ ။ ရေမြေရေးရေး မှုန်မှေးမှေး။ ။

မာလာမွှေးလျက် -

အဝေးသို့တိုင်၊ ရနံ့လှိုင်တည့် ပျံ့ကြိုင်သင်းကြူ ပန်းမဥ္စူနှင့်၊ လေယူပျံ့ပျံ့၊ ဝင်းဝင်းဖန့်လျက်၊ ပန်းကံကော်လှိုင်၊ ပင်လုံးမြိုင်၏၊ နိုင်နိုင်ဝင်းဝင်း၊ ကြိုင်လှိုင်သင်းသား၊ အင်ကြင်း ပိတောက်၊ တောကြက်မောက်နှင့်၊ လဲပေါက်ကြက်ရုံ၊ ပင်ဂမုန်းတည့် နန်းလုံးကြိုင်ပါ၊ ဇီဇဝါတို့ ခတ္တာ နှင်းဆီ၊ သရဖီနှင့်၊ ကတ္တာရီဇလပ်၊ ပန်းရင်ကပ်မှာ၊ ထပ်ထပ်ကြိုင်အေး၊ ရနံ့မွှေး၏၊ မြတ်လေးစံပယ်၊ အသွယ်သွယ်နှင့်၊ မယ်ဇယ်သဇင်၊ ပန်းသစ်ပင်ကို၊ ရှစ်ခွင်ပတ်လည်၊ သင်းပျံ့ကြည်မျှ၊ ထုံစီဝေဝေ၊ ကြိုင်လှိုင်စေသည်။ ။

လေပြည်အေးအေး ထုံမွှေးမွှေး။ ။

ခါခါဆွေးလျက် -

မအေးစမွယ်၊ ဖန်သည့်နွယ်လျှင်၊ ဆန်းကြယ်ကောင်းကင်၊ ထက်တာစ်ပြင်သည်၊ ကိုးခွင်မလင်း၊ မြူတိမ်နှင်းတို့ ချင်းချင်းဆက်စပ်၊ မိုးမလပ်မျှ၊ ထပ်ထပ်ရေမြေ၊ ဆိုင်းပလေ၍၊ မှိုင်းဝေမှုန်ပြာ၊ ထက်ဝဋ္ဋာ၌၊ အာကာတိမ်လိပ်၊ မည်းမှောင်ပိတ်သော်၊ လွမ်းစိတ်သွေးဆောင်၊ ဆွေးရောင်ရောင်တည့် မွေ့အောင်နံ့ကြိုင်၊ သင်းပျံ့လှိုင်၍၊ နိုင်နိုင်ညွှတ်လန်း၊ လေပြည်ဖျန်းသော်၊ သည်ပန်းမွှတ်မွှတ်၊ ဖူးထွက်ထွက်ကို၊ ခူးဆွတ်လျှင်လျှင်၊ ချုံခဲ့ချင်လည်း၊ ချစ်ခင်ကြည်ဖြူ ဆင်မည့်သူမှာ၊ ကြည်ဖြူမြတ်လေး၊ မရှိသေးခဲ့ မောင်လေးသက်ဝေ၊ လွမ်းစိတ်မွေ့သည်။ ။

တွေတွေ တွေးတွေးကြီးဆွေးဆွေး။ ။

၁၄ . ၆ . ၁၉၃၉

( ကိုစောညိန်း ၁၄နှစ်သားအရွယ်က လေ့ကျင့်ရေးသားခဲ့သည့် ရတုကဗျာဖြစ်ပါသည်။ အစညီ၊ အချည်းညီ၊ ၃၂ပါဒစီ၊ )

□

## ၁၂။ ဆောင်းနေအလွမ်း

ဝင်းနေနီတျာ -

သူရိယာဟု၊ ဖန်ဝါလှည့်လည်၊ ကြွမြန်းခိုလျက်၊ ဥဒည်တောင်စွန်း၊ ယုဂန်ကျွန်းမှ စက်ဝန်းပေါ်ထွက်၊ အရှက်တက်တွင်၊ နှစ်သက်စဖွယ်၊ လွန်တင့်တယ်သား၊ ရေခြယ်ပြုပြင်၊ စုတ်ဆေးတင်သို့ ကောင်းကင်အာကာ၊ စိမ်းပြာဝါနှင့်၊ နီတျာဝင်းရီ ဖျန်းရောင်ခြည်ကြောင့်၊ တိမ်နီတိမ်ဝါ၊ ငွေတိမ်ပြာတို့ မိလ္လာမြူခြေ၊ ပတ်လွှမ်းဝေသည်။ ။
နှင်းငွေရည်ပြာ ဖျန်းသည့်ခါ။ ။

နှင်းငွေရည်ပြာ -

ကမ္ဘာလာသို့ အာကာဝေမှုံ၊ တသုံသုံနှင့်၊ မှိုင်းဘုံလုလု၊ ငွေနှင်းဥကြောင့်၊ မယုစက္ကိန်၊ အာဒေဝိန်ဟု၊ ရဝိန်လင်းလျှံ မှိန်အောင်ဖန်၍၊ စက်ပုံဖန်ဒေါင်း၊ နှင်းငွေ့လောင်းသော်၊ သောင်းလောကဓာတ်၊ အထပ်ထပ်ကို၊ ရစ်ပတ်မှုံဝေ၊ မလင်းစေလျက်၊ တိမ်လေနှင်းမြူ တလူလူတွင်၊ လွမ်းသူသက်ဝေ၊ ဆွေးမပြေသည်။ ။
ညှင်းလေသီတာ လွှမ်းသည့်ခါ။ ။

ညှင်းလေသီတာ -

ဟေမန္တာမို့ ဖြာဖြာယူသွေး၊ လေပြည်အေးသော်၊ ပူဆွေးမပြေ၊ ငယ်ကျွမ်းဆွေကို သက်ဝေတတမ်း၊ နေ့တိုင်းလွမ်း၍၊ ခေန်းသာစွ ဝေဒနာနှမ့် တမ်းတခါခါ၊ မြန်ရွှေလွှာကို စေရှာလိမ့်နိုး၊ မျှော်တကိုးလျက်၊ ဖော့ဖိုရွှေလည်၊ ကိုနှုလုံပြီထင့်၊ မဆည်ဗျာထု၊ သည်းကျွမ်းလုအောင်၊ ငွေဥမှက်ရည်၊ တွေးတိုင်းကြွေသည်။ ။
ဝင်းနေနီတျာ သန်းသည့်ခါ။ ။

၂၅ . ၁၂ . ၁၉၃၉ ( ၁၃၀၀ပြည့် နတ်တော်လပြည့်နေ့ )

( ကိုစောညိန်း ၁၄နှစ်သားအရွယ်က လေ့ကျင့်ရေးသားခဲ့သည့် ရတုကဗျာ ဖြစ်ပါသည်။ အစည်၊ အချည်၊ ၂၁ပါဒစီ၊ )

❑

## ၁၃။ အလွမ်းရတုယောင်ချူး (တစ်)

( ရတုပုဒ်စုံ )

သဝဏ်သ၌ -

ငယ်ကအတူ - ချစ်ခဲ့သူကို ကြည်ဖြူမြတ်လေး ကြင်နာသေးကြောင့် ဝေးကွာလျက်ပင် - စာသဝဏ်ကို အစဉ်စေသား မပြန်ကြားသော် လွမ်းအားတော်ငယ် တန္တန္တနှင့် တမယ့်ပြန်လွှာ သဝဏ်စာကို အာသာဝတီ ပန်းနွယ်နီ၏ ဝတ်ရည်ပွင့်အောင် နှစ်တစ်ထောင်လျှင် များမြောင်ဒေဝါ စောင့်စားရှာသို့ ပမာတူရှု သည်ကာသူမှာ ရည်တူအမှု ရခဲလှသည် နှမလက်ရာ ပြန်ရွှေလွှာကို မကွာနေ့ည မျှော်တမ်းတလည်း နှစ်လသာ ရှည် ခါတလေဟု ရွှေပေမကြား စိမ်းရက်အားသည်

ထားသည့်မေတ္တာဖျက်သလော။ ။

အစဉ်တ၌

နေ့ညမကွာ သဝဏ်လွှာကို စေပါလိမ့်ငြား မျှော်စောင့်စားလည်း ပြန်ကြားမသာ လွမ်းစိတ်ပြာအောင် ပြုရှာတော်မူ စိမ်းရက်သူရဲ့ သည်းအူလှိုက်လှိုက် ဆွေးငွေ့ရှိုက်လျက် လွမ်းလိုက်ရသူ သည်ကာလူမှာ အပူရစ်လွှမ်း နေ့တိုင်းလွမ်းသည် ငယ်ကျွမ်းသူငဲ့ မြင်စမ်းလှည့်လော့ ပျောင်းနွဲ့ခွေယိုင် မပြေနိုင်၍ လည်တိုင်ဖော့ရှိ မျှော်လင့်ကိုးလျက် မြတ်ကိုးလှအောင် တမိရောင်လည်း တဆောင်လေမျှ ပြန်မသသား မရခဲ့ချေ လွှာရွှေပေကို အမြေမကောက် ပြန်မရောက်သည် ဒီလောက်တောင်များ သဝဏ်သွားကို စေပါးရန်မှာ ခက်သလော။ ။

မရှင်လှ၍ -

နွမ်းလျတိမ်းငဲ့ တနွဲ့နွဲ့တည် လုံလုံမွေးနု မျက်ရည်ဥနှင့် ဆွေးသူသက်ဝေ လွမ်းမပြေသည် မြူချေမှုန်ပြာ အဇရာကို အာကာနှင်းငွေ့ ဝိုက်သန်းဝေ့သို့ လွေ့လွေ့မရှင် စိတ်ဝီညာဉ်သည် လေတွင်ပျံ့လွင့် ဆွေးစိတ်ရင့်ခဲ့ ထောက်ချင့်သောအား ညာသနားလျှင် ပြန်ကြားရွှေလွှာ ချစ်မေတ္တာနှင့် စေပါတော်မူ မျှော်ရသူကို အပူသက်သာ လွမ်းစိတ်ကွာအောင် တစ်ခါလေမျှ မှတ်တရလျှင် ဌာနရပ်ဝေး ပြန်လွှာပေးပ - အရေမယူ မကြည်ဖြူလျက် သူတစ်ဖက်သား သည်ကိုများလျှင်

စိမ်းကားတော်မူရက်သလော။ ။

၁၃၀၀ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ရက်၊ တနင်္လာနေ့

၁၃ . ၁၁ . ၁၉၃၉

❑

## ၁၄။ အလွမ်းရတုယောင်ချား (နှစ်)

မိုင်းရှိညို့လျက်

မြို့၏ဖျားစွန်
ဘယ်ဝင့်ဖန်၍ မျှော်စံရသည်
တွေးဆရည်သော် မဆီနိုင်မှု
အဆွေးကြွလျက် ရှေးကချမ်းသာ
ရတနာနှင့် ဥစ္စာရွှေငွေ
ဆန်ရေစပါး ကျွဲနွားမြင်းဆင်
လိုင်မတာ ပြည့်စုံရသည်
ငယ်ကအကြောင်း အဖြစ်ဟောင်းကို
ပြန်ပြောင်းသတိ ရခဲ့မိ၏
စုံပြည့်မျှော်ရွှင် ဟိုယခင်က
ချစ်ခင်ပေါင်းသင်း သူငယ်ချင်းဟု
ရောင်းရင်းဟူက ရှိသမျှကို
တွေ့ရခဲ့စေ အလွမ်းပြေဟု
မျက်ရည်စိုစို ရင်ဆို့ဆို့နှင့်
မယ်တို့စံရာ မြို့ဟံသာသို့
တစ်ခါတစ်ခေါက် ရောက်သည်တစ်နေ့
မြင်မျှော်တွေ့သော်
လုံး၍မသွေ ကြည့်မိသည်။ ။
လုံး၍သေချာ ရှုတော့သည်။ ။

မယ်တို့ဌာနီ

ရောက်ခဲ့သည်တွင်
သာကြည်ရှုပ်ဆင်း ကျောကျော့ရှင်းနှင့်
ပြတင်းမှန်ကာ ဆောင်လေသာမှ
မျှော်ခါရှုကြည့် မြူပြန်လှည့်သော်
မြူသည့်သွားနေ့ ပုလဲဥတွင်
တစ်ခုချန်လှပ် စွယ်သွားထပ်ကို
ပြက်ပြက်ထင်ထင် ခဏစဉ်တွင်

ရှုမြင်ခဲ့ရ လွမ်းသမျှမှာ
ပျောက်ပမည်ထား တစ်ဖက်သား၌
လွမ်းအားတော်ဟုန် တွေ့ရကြုံလျက်
ပူပုံဝယ်သာ ရှင်ဒေဝါတို့
ကြမ္မာဖန်ဆင်း သည်သက်နှင်းကို
သေမင်းဆောင်ယူ သူမတုဟု
ဆွေးသူကိုများ အပြီးထား၍
စေစားလေကြ မသိရခဲ့
နှမ်းလျှပျောင်းခွေ့ အပူတွေ့သည်
လွမ်းငွေ့မပြေ ရှိဘိသည်။ ။
လွမ်းငွေ့ဝေခါ စုတော့သည်။ ။

ဒုဂုံဆီသို့

လွမ်းစေလိုလျှင်
ဆွေးဖို့ကြုံလာ ကံကြမ္မာကို
ဒေဝါဖန်ဆင်း မောင့်ကိုညင်းလည်း
မကင်းသခါရ ဤလောကဝယ်
သိပ္ပဥစ္စာ ရအောင်ရှာသော်
ပညာလက်နှံ့ယောက်ျားဘုန်းကား
မဆုံးဆနိုင် အခေါင်တိုင်ဟု
မြဲခိုင်ဉာဏ ဝိရိယနှင့် လုံ့လအစွမ်း
ရှာကြံပမ်း၍ အလွမ်းပြေဖျောက်
ပျောက်သလောက်တွင် တစ်ခေါက်တစ်ခါ
ရောက်မိရာကား လွမ်းနှာလောင်စွဲ
သည်စိတ်ထဲဝယ် အသည်းပြောင်းခွေ့
တငွေ့ငွေ့လျှင်
ကြွမ်းကြွေ့တကြွေ လှည့်ဘိသည်။ ။
ကြွမ်း၍ကြွေရှာ လူတော့သည်။ ။

၁၃၀၁ ခု၊ ကဆုန်လ

( ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

□

## ၁၅။ အစြည်ခံရတု (တစ်)

ပဥ္စငါးမည် -

ကလျာဏီဟု ရုပ်ရည်အလှ ဟူသမျှတွင် ရှုပဘုရင်လှထွဋ်တင်ဟု သဇင်စုလစ် ကျွန်းအချစ်ကား ပြေပြစ်ချောမွေ့ ဆင်းလှေ့လှေ့နှင့် စုတေ့လူ့ရွာ နတ်ကညာသို့ မူရာနွဲ့နွဲ့ ဝင်းလဲ့လဲ့နှင့် တကဲ့သရေ ဇမ္ဗူ့ရွှေဝယ် မြူတေစိန်လျှံ မြကြိုးရံသား ထိုက်တန်ကုဋေ အသခေျာတည့် ရဝေစံညောင် ခန်းမဆောင်ဝယ် ကိုယ်ရောင်မြူလွှ မင်းပပ၏ ညီမပေလော ခို့အုံညြသည် အချောရည်တု ရှားဘိသည်။ ။

မြင်ရဖြားသည်-

နော်ဟာရီသို့ ရင်ချိခါးသွဲ့ လှမ်းတိုင်းနွဲ့သား - သည်မယ့်ရုပ်ဆင်း ထွဋ်ထွဋ်ဝင်းကို ပြတင်းမှန်စီ ဘုံဆောင်ဆီဝယ် အညီကောင်းခြင်း ကျော့ကျော့ရှင်းသား ဖက်ကင်းမူရာ နတ်သူဇာကို သေချာရှုကြည့် မြင်ခဲ့မိ၍ သတိယွင်းချွတ် ရှောင်မလွတ်ဘဲ ကွင်းညွှတ်ပမာ ဆင်းရှုပါကြောင့် မေတ္တာအဟုန် သည်အာရုံကို တွေ့ကြုံမိန်းမော ချစ်စိတ်စောသည် သဘောကြည်ဖြူထားမိသည်။ ။

၁၃၀၀ပြည့်နှစ်၊ တပေါင်းလဆန်း ၃ရက်

( ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

❑

## ၁၆။ အပြည့်ခံရတု (နှစ်)

တပို့တွဲလျှင်

နှင်းဖွဲ့မြူသွင်း ဆောင်းလကြွင်းကို လေညင်းယူဆွတ် ပင်တိုင်းညွတ်သော် ပန်းဝတ်လှိုင်ဆဲ ပေါက်နှင့်လဲတို့ သဲသဲဝေဝေ ဖူးပွင့်ကြွေက ပင်ချေတိုင်းပျံ့ မြေအနံ့တည့်ရနံ့သင်းကြည် ကုမ်ရာသီသို့ ကြွခိုပျောင်းနှဲ့ ရွှေညောင်းခဲ့၍ တုမဲ့နိုင်းမျှော် ထွက်မပေါ်သည် မြို့တော်ဥက္ကလာ တိုင်းဟံသာကား ရတနာမွေပေါင်း စံကိန်းအောင်းသည် ဝါမောင်း ဥဒီသ စေတီယတို့ မိုးမှုထိမြင့် ငွားငွားစွင့်လျက် စိမ်းရင့်ပြသား မြသားအဆင်းပင်ချင်းရွက်ညာ ထိစပ်ရာမှ နီလာတိမ်သား နောက်ခံကားသို့ စွန်ဖျားထိုးထွက် ရောင်ချင်းယှက်သော် တုလျက်တူညီ နတ်ပန်းခိုမှ မမှီစွမ်းနိုင် သာမိုးမြိုင်လျက် မဏ္ဍိုင်မြို့ကြီးရှုမငြီးသည် ရေလည်းဆိပ်ကမ်း၊ ပန်းလည်းဥယျာဉ်၊ ယဉ်လည်းရထား၊ သံလေးပါးဖြင့်သိကြားစံအိမ် တာဝတိံသို့ မငြိမ်အုပ်ကြက် နေချင်းဆက်မျှ နှစ်သက်ရာရာ သွားလာဝတ်ဆင် ဈေးသဘင်ဝယ် ရှုမြင်တူရှုရပ်ကြီးသူတို့ မွှေးကြူထုံထုံ နံ့သာမှုန်ဖြင့် အာရုံဂန္ဓာ လေသွဲ့ရာက ပျံ့ကာသင်းလျက် မွှေးသူခက်အောင် နှစ်ဖက်စုနှောင် ဆံဥဿျောင်ကို တင့်အောင်ထုံးမှ ဘယ်ညာချ၍ ဆံစ,ဆံရင်း ထိပ်ဆံကျင်ကို လေတွင် ပျောင်းခဲ့ဖွာစေတဲ့လျက် နွဲ့တုံသွဲ့တုံ ပန်းနှစ်ငုံကို ပဒုမ္မာနု မှန်ဖြစ်လူက လှမ်းရှုတိုင်းယဉ် တစ်ပိုင်းမြင်ခဲ့ သေးမျှင်သွယ်လျှ ခုံမျက်စကို အလှဆုံးဆင် မှင်နှင့်ပြင်၍ နီလွင်နှုတ်ခမ်း ပွင့်ခေါင်ရမ်းသို့ မြန်းမြန်းတွတ်တွတ် စိတ်လုံးညွတ်မျှ ဆင်ဝတ်ခဲ့ပြီ ဇာထမိလည်း တင်ချိခါးရမ်းခြေတစ်လှမ်းတွင် တစ်သန်းတန်မျှ ရှုတိုင်းလှအောင် နောက်ကြွချေနင်း မြဖြူဝင်းကိုကြိုးချင်းယှက်ပြီး နှောင်လျက်စီးက တင့်ရည်းတန်ဆောင် လှမိုးနောင်သည်

ဆန်းအောင်ဆင်မြန်းကြလေပြီ။ ။

တစ်မြို့တည်းတွင်

ငယ်ကပင်တည့် စံရှင်ပျော်ပါး သည်သူအားကို များပြားဆန်းကြယ် အသွယ်သွယ်လျှင် ပျော်မွယ်အထိ သာမိုးပြည့်သည် မရှိတူညီ ဒုံဆီမှ သိသိကျွာဝေး ရပ်တကျေးသို့ စစ်ရေးစစ်ရာ မလွှဲသာကြောင့် ခွဲခွာစွန့်ထွက် ဝုံမည်ရက်တွင် ချစ်သက်ကြင်ကျွမ်း စံပယ်ပန်းကို မမြန်းခဲ့ရ ပြန်ပါကလျှင် နွမ်းလျဝေမှိုင်း ဆွေးမှုန်တိုင်းကြောင့် လွမ်းလှိုင်းကြက်ခွပ် မဖြေတတ်ခဲ့ မရပ်မတည် ဝေမျက်ရည်ကို ဇာနည်မာန်ကိုး

ယောက်ျားမိန်းတို့ ကျရှိစဉ်ဆက် မရှိချက်ကြောင့် တင်းလျက်ချုပ်ထိန်း အနိုင်သိမ်းလည်း မထိန်းတော့နိုင် လွမ်းဝေမြိုင်သည် ခုတိုင်မပြေ ချစ်သည့်မေကို တွေတွေမှာကြား ရပ်မနားအောင် စကားနှင့်သာ အစရှာသည် ချင်းရာပြည့်စုံ နှစ်ရက်ကုန်လည်း လုံးစုံဖွင့်ဟ မစေခဲ့ ငယ်ကကျွမ်းသူ ချစ်ချင်းတူ၍ အမူအရာ ဆံကေသာကို ခွေကာ ရော့ရည်း မလုံးစည်းမျှ သူလည်းမရှောင် သည်သခင်ကြောင့် သဇင်ခွေကြော နေရောင် ဖြော့တွင် ပျောင်းပျော့နွမ်းခွေ ရှိသည့်ထွေသို့ မျက်ရည်ပုလဲ တွဲရရွဲလျှင် အသည်းကြွေလူ လွမ်းမျိုးစုခဲ့ လွမ်းသူ့ကိုသည် လွမ်းမဆီအောင် တီတီတာတာ ပျောင်းနွဲ့ ရှာ၍ အမှာ မပြတ် တတွတ်တွတ်လျှင် ယူဆွတ်ခွေလျက် သည်းထက်ဝက်ကို အသက် သူ့ပင် နှင်းခဲချင်မျှ ရင်တွင်ဆွတ်ပျံ့ လွမ်းမဆုံသည် ချစ်နဲ့လိုက်ဆူ ချစ်သွေးပူက (ချစ်နဲ့ လှိုင်ကြူ ချစ်သွေးဆူက) ချစ်သူသက်ထား သူ့ကိုများလျှင် ပိုက်ဖျားယှင်ငင် ချော့မော့ချင် လည်း သူတွင်လွမ်းအား ဆထက်ပွား၍ များပြားဖွဲ့နှောင် ရှိရစ်အောင်လျှင် အမှောင် သမုဒယ ကိလေသာဟု ပေမနယ်တွင်း ကြူကျော်ချင်းလျက် မဆင်းရက်ခဲ့ လှသူမယ် ကား နွဲ့နွဲ့ရပ်ဝါ နွမ်းလျစွာပြင့် ချစ်ရာစုံဖုံး ချစ်မျက်လုံးနှင့် နောက်ဆုံးချစ်အား ပြသောလားကို ရထားနောက်မြှိတ် ပြတင်းပိတ်မှ ချစ်စိတ်သွေးဆောင် မျှော်မိရောင်တွင် လွမ်းအောင် မြင်စမ်းရလေပြီ။

(ပထမပိုဒ် ပါဒ ၉၃ ပါဒ၊ ဒုတိယပိုဒ် ၉၉ ပါဒ)

၁၉၄၂ခု

( ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

❑

## ၁၇။ လကဆုန်ဝယ်ရတု

( အမြည်ခံရတု )

အမျှန်ညှို့သည်
သန်းမြူရိုလို့
ပတ်လည်မှိုင်းအုံ့ မြူနှိုးမှုံလျက် ပန္နက်ဆော်နိုး ဝသန်မိုးဝယ် တိမ်နိုးကြွကြွ ရာသီ
လကား မြီသသရတု ရွှက်သစ်နု၍ ကိုးဥလုံပြာ စကားဝါတို့ ငုံအာစွင့်စွင့် အပွင့်ဖူးစီ
ရောဟဏီဝယ် စန္ဒီမာသ သာယာလှသော် မြို့မပဲ့သာ မယ်စံရာသို့ တစ်ခါတစ်ခေါက်
ရောက်သည့်ခါတွင် ကြည့်ခါမြင်သည်
ဆွေးပင်ကိုသာ ဖိုးတော့သည်။ ။

ရန်ကုန်မြို့မည်
ကျွမ်းသူဆီသို့
ရောက်သည်အတွင်း ပပဝင်းသည် ပြတင်းမှန်ကာ ဆောင်လေသာမှ မျှော်ခါရှု
လတ် စွယ်သွားထပ်ကို အမှတ်မထင် ပြုံးနိုက်တွင်လျှင် ရှုမြင်ခဲ့ရ တစ်မျိုးလှသော်
ငယ်ကကျွမ်းဟောင်း အတူပေါင်းသည့် တစ်ကျောင်းတည်းထွက် စာသင်ဘက်မို့ တ
လျက်နွမ်းနွေ့ လွမ်းမပြေ၍ ရွှေပေစာသွား သည်တစ်ပါးသည် သူကားလျှင်မူ ဂုဏ်မြင့်သူ
မို့ လေးယူပြန်ကြား သဝဏ်သွားကို မျှော်အားမရှိ လွမ်းစေဘိလျက် ဆွေးမိဘို့သာ
ကံဖန်လာသည်
ဒေဝါမောင့်ကို ဖြိုးတော့သည်။ ။

၁၃၀၁ခု၊ ကဆုန်လ
၁၉၄၀ခုနှစ်

( ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

❑

## ၁၈။ သွားလေပြီ

( ရတု )

မြစ်ရေကြည်တည့်

နဒီသောင်ကမ်းရှိမြောင်စမ်းလည်း ရစ်လွှမ်းရေပြင် မှန်လွင်လွင်နှင့် သွင်သွင်သီတာ နှင်းငွေ့ကာ၍ ဖြာဖြာဝိုက်သန်း လေပြေဖြန်းသော် နတ်ပန်းသော်က ယုဇနတို့ ဖန်သသည့်ခင်း ရွှေလှော်ဆင်းသို့ ဝါဝင်းရောင်ရောင် ရနံ့ဆောင်လျက် ငွေသောင်ဖုံဖုံ ရေယမုန်လည်း စေသုံလှပ်လှပ် ငွေလှိုင်းခပ်သား ဖြတ်ဖြတ်ပြည်သံ မြစ်ကမ်းယံတည့် ဒေါင်းဖန်ရဝိန် နေသူရိန်လည်း မြူတိမ်လျှံထွန်း ရောင်ဝါဖြန်းသော် လျှံလျှံသောင်စ ငွေရောင်ကြွ၏ လှိုင်းထသောခါ သည်ချင်းရာကို

မကွာရှုစေချင်တော့သည်။ ။

ရစ်ရွှေလည်တည့်

နေခြည်မြာလျက် သဲသောင်ထက်ဝယ် မြည်လျက်မဖို ချစ်ရေးဆိုလျက် ရွှေညို လှိုင်းပေါ် ဖွဲဝဲပျော်သား ဇင်ယော်ရေကြက် စက္ကဝတ်နှင့် ရေငှက်ကိုးကြာ ရွှေဟင်္သာတို့ မကွာမောင်နှံ ယမုံယံဝယ် ဝဲပျံတစ်ခါ မြည်တစ်ခါနှင့် ခေါ်ကာထူးလျက် ရွှေလည်ယှက်၍ နှစ်သက်ကြင်နာ ချစ်ကြစွာ၏ သည်းညာသည်းဆိုင် မခွဲနိုင်၍ တူပြိုင်ချစ်ခြင်း မေတ္တာပြင်းသား ဘက်ကင်းတမျှ စံမရအောင် ချစ်စဆက်သွယ် မေတ္တာလှယ်ကြ မောင်မယ်မကွာ ရွှေဟင်္သာကို

ပမာတုစေချင်တော့သည်။ ။

ချစ်စေသည်တည့်

တူညီပမာ ရွှေဟင်္သာသို့ မကွာဖြစ်ကြောင်း ဆုပန်တောင်းလျက် ဖယောင်းငါးတိုင် ကြာငါးနိုင်နှင့် တူပြိုင်မသွေ မြတ်စိန်ရွှေဟု ပရမေဘုရား သုံးလုဘတည့် လောကမှန်ကူ မြတ်ဘုန်းလူ၌ အတူယှဉ်လျက် သစ္စာရွက်သား ဆိုမြွက်စကား ပန်အပ်ကြားသော် မခြားတူရှ ယှဉ်အတူလျှင် ကြည်ဖြူမြတ်လေး အသက်ပေး၍ ချစ်ရေးဆက်သွယ် တုံ့၍လှယ်သား တကယ်မှန်စွာ ပြန်မေတ္တာကို မျှပါလေမူ ချစ်သည့်သူနှင့် အတူဆောစွာ ဆိုသစ္စာကို

မကြာပြုစေချင်တော့သည်။ ။

( ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

## ၁၉။ ပါတော်မူတမ်းချင်း အပြည့်ဓံရတု

ဆက်ကုန်းဘောင်ကား

ဘုန်းရောင်ဝေဖြိုးနေသတိုးဟု မုဆိုးမင်းမှ ဧဒသမ္ဘ နန်းမဟိုက်ထူ ဖြန့်ထီးဖြူ တည့် ဇမ္ဗူပိုင်သ ဖိုးမိုးကြခဲ့ တေဇစကျော်ဟိုး ဘုန်းတန်ခိုးနှင့် နန်းမိုးအမှန် သီဟာပဲ့ဝယ် အသန္တိန္တ ခတ္တိယဟု သကျသာကီ အာဇာနည်တည့် ပွားစီမပြတ် လောင်းမင်းမြတ်နှင့် မန္တတ်စကြာ ရွှေဘုန်းဖြာသား ရာဇာဆူဆူ ဤဗမ္ဗူအား မတူနိုင်မှု ရှေးကာလက တေဇသတင်း ဂုဏ်ရောင်လင်းလည်း ဖျက်ခြင်းမလှ သခ်ီရဟု ဒုက္ခမကင်း သူ့လက် တွင်းသို့ ဆက်နှင်းပြည်လုံး မယူကြုံးသည်

သက်ဆုံးရှည်စွာ မလွှမ်းလော။ ။

လက်ဖွဲ့ရောင်ကား

ရာထောင်စစ်သည် စီရရိုတည့် ညီညီရှေ့ခါ သေနင်္ဂါနှင့် ဗျူဟာအတတ် စစ်ခင်းလတ်၍ သေနတ်အမြောက် မီးပေါက်တုတ်အား လုံ့လေးမြားနှင့် ကာလွှားမလပ် အထပ်ထပ်တည့် စစ်ကြွတ် စစ်ကဲ ရွှေလုံ့ဆွဲ၍ သူရဲသူခက် ဗိုလ်ရဲမက်ကား လက်နက် မြင်းဆင် ကြည်းကြောင်းဆင်လျက် ချေလျှင်တစ်နည်း ဖောင်လှေစီးလျက် ရေထဲတစ် တန် ဇာတိမာန်ကြောင့် အာသံ ကသည်း ထိုစစ်ပွဲကို နိုင်မြဲထွက်ချီ အောင်ခဲ့ပြီးရှင့် ရှမ်းပြည်ဒေသ ကမ္ဘောဇနှင့် ယောတိုင်းကျယ် ရခိုင်နယ်တို့ ဇင်းမယ် သထုံ အလုံးစုံတည့် ဒဂုံ မုတ္တမ ယုဒ္ဓယဟု ယိုးဒယားပါ ပြည်များစွာနှင့် ဂန္ဓာလရာဇ် တရုတ်စစ်ကို အမြစ် ဖြတ်မှု သတ္တိပြ၍ ရန်စချေမှုန်း နိုင်မဖွဲ့သည်

လက်ဖွဲ့ရှည်မှာ မစွမ်းလော။ ။

( ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

## ၂၀။ သူ့ထံစေပြီ – ကို့ကြွစ်ဘုရားတိုင်ရတု

ကမ်းမြစ်စဆီ

ရေနန္ဒီဝယ် ဆီးရိုလည်းကျ မှိုင်းပျပျနှင့် ချုပ်စမ့်မ့် နှင်းငွေ့လုံ့လျက် ယမုံပတ်ရံ ကျိုက္ကစံဟု မြတ်မွန်စေတီ ဆင်းရွှေရည်ကို ရာသီဆောင်းလ မကာရဝယ် နှင်းစကာ သန်း မြူမှုန်မြန်း၍ ကွာလုမ်းသည့်မြေ မြို့တာမွေမှ ဝေဝေမျှပင် ရေရေးမြင်သော် မရွှင်ညွတ်ပျောင်း လက်စုံပေါင်း၍ မြစ်ကြောင်းကုန်စင် ရွှေနားဆင်လျက် ကယ်တင်စေ သား တိုင်လျှက်ကြားသည်

ဘုရားထံခလျှောက်ပါပေသတည်း။ ။( မဂၢါဆံကျင် ချနည်း )

ကျွမ်းချစ်ကြသည်

သုံးနှစ်လည်က ကြည်ကြည်ဖြူဖြူ အတူတကွ မောင်နှမသို့ သိပ္ပထပ်ပေါင်း သင်သည့်ကျောင်းတွင် ကျွမ်းပေါင်းဖြစ်၍ ကျွန်မမေ့ခဲ့ တစ်နေ့မပြတ် သတိချုပ်၍ စေလွှတ်ခွေစာ သခဲ့ပါလျက် အခါနှာရှိ လှည့်လည်ချိန်ပြောင်း ရက်လညောင်းအောင် ငယ်ပေါင်းသက်ဝေ သူမဖြေခဲ့ သည်ဆွေမှာကား မျှော်စောင့်စားလျက် သက်ထားထိုမျှ မစိမ်းလှပဟု စိတ်ကအောင့်မေ့ ထင်မိ၍လျှင် ယနေ့တိုင်လျှား ရက်လများသည်

စကားပြန်မရောက်လှာချေသတည်း။ ။

လွမ်းရစ်ရှိပြီ

မြေမဆည်ခဲ့ ကြာရှည်လနှစ် သက္ကရာဇ်တိုင် မဖြစ်နိုင်စွာ သည့်အရာကို သိပါ လျက်တည့် တောင့်တမိ၍ ကျွမ်းသည့်သူ့ထံ အတန်တန်လျှင် သဝဏ်စေပါး ပါရြွေား လည်း စိမ်းကားရက်စက် ဆွေးသူခက်အောင် အဘက်မတန် ထင်သည့်ဟန်ဖြင့် မပြန် မကြားမြှုရက်အား၍ ပျော်ပါးမဲ့ကင်း ညီချစ်ရင်း၏ ပူပြင်းလောင်ကျွမ်း သည်အလွမ်းကို ဖြေစွမ်းနိုင်သား ရှင်ဘုရားသည်

သနားဖန်သ မြောက်ပါစေသတည်း။ ။

၁၉၄၀ ခုနှစ်

( ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

□

## ၂၁။ ရတုပိုဒ်စုံ (တစ်)

ဝေလျှက်မြောက်လေ

ဆီးနှင်းကြွေသား တိမ်ချေရိုမှိုင်း ပတ်လည်ဆိုင်း၍ ရွှတိုင်းမှုန်မှု အာကာသဝယ်
နှင်းစပွဲပွဲ စိန်မှုန်ကြဲသို့

× × ×

၁၉၄၀ခုနှစ်၊

( ရေးလက်စ ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

❑

## ၂၂။ ရတုပိုဒ်စုံ (နှစ်)

ပလျှက်ဝေလင့်

လင်းငွေစန္ဒာ စမ်းသော်တာလည်း အာကာကောင်းကင် မိုးလုံးစင်မှ ဝေဟင်
အဝှမ်း ရောင်ဝါလွှမ်းလျှက် လဆန်းပက္ခ သမယမို့ စန္ဒရွှန်းမှည် လဝင်းပြည့်၍ တီထိ
ရက်မြတ် ရည်သတ်မှတ်သား လျှပ်လျှပ်ဝင်းရောင် သဲငွေသောင်၌ ငွေရောင်ထွန်းပ
ရွှန်းရွှန်းကြွေသော် တသကွာဝေး လွန်ပုဆွေးသား မအေးရအောင် ဖန်ဆင်းရောင်တည့်
ဝေပြောင်ခန့်ခန့် အရောင်တန့်သော် သင်းပျံ့ဘုမ္မာ ပုဏ္ဏမာဟု ယုံလွှာရှင်းကြွ ရောင်
ဝင်းပသည်

စမ်းလအညီ ပြည့်တော့သည်။ ။

ကျမျက်ရည်ဖြင့်

မပြေလွမ်းနာ သဲလှိုက်ဖြာမှု ဝေးကွာသူ့ထံ တမ်ပြန်၍ဖန် ရော်ရမ်း မျှော်ရှု
လွမ်းသော် ညိုနွမ်းသည် သည်းကြွေလှကွဲမှု စိတ်ထဲမရွှင် ဆွေးရလျှင်လည်း သဇင်
သက်ဝေ ချစ်သည့်မအား မသွေမှာတမ်း မေတ္တာစမ်းသော် စိတ်နွမ်းတော့မည် ဖိုးဘိ
သည်ကြောင့် ပြေဆည်မရ ချစ်ဒုက္ခကို ဖွင့်ဟလိုစိတ် မောင် မြှသိပ်လျှက် ကြိတ်မှိတ်
မျက်ချေ လွမ်းအားပြေလည်း စိတ်ပြေဖို့ဝေး ခုတိုင်ဆွေးခဲ့ မအေးသောက မျက်ရည်
ကျသည်

လွမ်းတာ,မကြည်နိုင်တော့သည်။ ။

ပြသက်သေနှင့်

ထွေထွေတစ်နည်း ရောင်လှံ့ညီးသား ဆီမီးငါးတိုင် ကြာငါးခိုင်နှင့် မြိုင်မြိုင်ရွှန်းဝေ ပရမေနှင့် မသွေမေတ္တာ ကိုန်ရွှေစာနှင့် သမာဒေဝေ ထားသက်သေတည့် ချစ်စေယခု သစ္စာပြုတုံ့ ဆွေးသုခက်စွာ ချစ်ရောဂါကို သက်သာပြေမှု သူ ဆေးကုမှ လောင်လုသည်းကြွေ လွမ်းစပြေမည် သက်ဝေနမအချစ်မှုပ မောင့်လှသက်ထား ဖန်အပ်ငြား၏ မြန်ကြားရွှေလွှာသဝဏ်စာကို မကြာခဏ မျှော်တမ်းတသည်

ရမ်းဆရော်ရည်မိတော့သည်။ ။

၁၅ . ၆ . ၁၃၀၁

( ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )

❑


## ၂၃။ ရတုကဗျာ

ဖန်လာဖူးလျက် ရှင်မြူးမရ လွမ်းစိတ်ကြွအောင် တ,သမြည်အော် တကျော်ကျော်နှင့် ကြင်ဖော်လာနိုး မျှော်တ,ကိုးလျက် ရွှေနိုးလင်းပြာ ပင်ရင်းမာက သံသာခွဲကူဖော်ကွဲသူထင့် ဆွေးပူစိတ်မှာ လောင်သည်းပြာလျက် ဖော်ကွာဝေးသူ ရွှေနှီးမြူ့ရဲ့အပူကိုပြိုး လွမ်းစသိမ်း၍ စိတ်ထိန်းသမှ မောင့်ကိုရှလော့ သည်သူတွင်ပင် ဟိုယခင်က သဇင်သက်ဝေ ငယ်ကျွမ်းဆွေနှင့် ကွဲကွေကွာကွင်း အပူပြင်းခဲ့ ဆွေးခြင်းတုရှ မင့်အပူထက် သည်သူတောရောင် ဆတစ်ထောင်မျှ သည်မောင်စိတ်ထဲ လွမ်းနာစွဲ၍ အသည်းတွင်ညီ ကြေကွဲရိုခဲ့ လွမ်းသည့်မောင့်မှာ ဖော်ဝေးကွာသည်


မျှော်ကာမှန်း၍ ပန်းတော့သည်။ ။

သံသာကြူလျက် ရှင်မြူးပုံ့သန်း × × ×

( ရေးလက်စ ကိုစောညိန်း၏လက်ရေးစာမူကြမ်းမှ )



ကိုစောညိန်း၏ ဆီးရိလည်းကျ. . . အစချီ လက်ရေးမူ




ကိုစောညိန်း၏ နတ်ပန်းချီ ရှုံးလောက်တဲ့. . . အစချီ လက်ရေးမူ

## " ဂီတနတ်သန် ဦးစောညိန်း ရေးသားခဲ့သော ဇာတ်ညွှန်းတစ်ပုဒ် "

### " တစ်ပွင့်ထဲသာကြွေမယ့် "

( ဇာတ်ညွှန်း )

ရေး - စောညိန်း (ဂီတနက်သန်)

မြင့်မားသော သစ်ကိုင်းတစ်ကိုင်းပေါ်တွင် နားစဖြစ်သော သပိတ်လွယ်ငှက်ငယ်သည် သူ၏ရင်ဘတ်နှင့် အတောင်ကြားမှ အမွှေးများကို နှုတ်သီးဖြင့် အယားဖျောက်လျက်ရှိရာမှ တစ်စုံတစ်ခုသောအသံကြောင့် ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်ရင်း-

ငှက်ငယ်။ ။ခေါ် သံလိုလို ကြားလိုက်ပါတယ်။ အလို . . . ကိုယ့်ကိုယ်ကို သစ်ရွက်တွေ၊ အမျှင်တွေနဲ့ ရစ်ပတ်ပြီး၊ ဖိုလ်ဝင်နေတဲ့ သနားစရာပိုးတွဲလဲ ကောင်ကလေးပါကလား၊ ကျွန်ုပ်ကို လှမ်းပြီး ခေါ် လိုက်တာ သင်ပဲ ထင်ပါရဲ့နော်. . . ။

ပိုးတွဲလဲ။ ။ဟုတ်ပါတယ် ငှက်ငယ်ကလေးရယ်၊ ကျွန်ုပ်ရဲ့ဘဝဟာ အခုနှယ်ဆိုရင် ဘယ်ကိုမှ မသွားနိုင်၊ ဘယ်လိုမှ မလှုပ်နိုင်တဲ့အခါမို့၊ ယခုသင့်လို ကျွန်ုပ်အနားကို ကြုံကြိုက်လို့ ရောက်လာတဲ့ မိတ်ဆွေများကိုပဲ သိချင်တာကလေးတွေ မေးပြီး အဖျင်းဖြေရတော့တာပါပဲ။ ဒါပေမယ့်လဲ လေ - ဒီလို မသွားနိုင် မလှုပ်နိုင်နေရတာကိုတော့ ကျွန်ုပ် နဲနဲလေးမှ

ဝမ်းမနည်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်ုပ် ဒီလိုရက်အနည်းငယ် လောက် သည်းညည်းခံပြီး လုပ်နိုင်မှသာ ကျွန်ုပ်ရည်မှန်းထားတဲ့ ပန်းပွင့်ကလေးရှိရာကို ပျံသွားနိုင်လောက်အောင် အတောင်အလက်နဲ့ပြည့်စုံတဲ့ လိပ်ပြာဘဝကို ရမှာကိုး။

ငှက်ငယ်။ ။အံ့သြဖွယ် အမှုအရာနှင့်၊ အလို . . . သင်တို့လို လောကကြီးရဲ့ အဖိုးတန်တဲ့ အချိန်တွေကို ဖျင်းစရာကောင်းတဲ့နည်းနဲ့ ဖြုန်းတီးပစ်နေလေ့ရှိတဲ့ ပိုးလိပ်ပြာလောင်းတွေမှာလည်း ရည်မှန်းထားတဲ့ ပန်းပွင့်ကလေးတို့ ဘာတို့ဆိုတာတွေ ရှိသေးသလား။

ပိုးတွဲလဲ။ ။အနည်းငယ် ပြုံးလိုက်ရင်း . . . တခြားလိပ်ပြာလောင်းတွေအတွက်တော့ ကျွန်ုပ် အမှန်မပြောနိုင်ဘူးပေါ့လေ၊ ကျွန်ုပ်အတွက်မှာဆိုရင်တော့. . . အို. . . အဆွေ ငှက်ငယ်ကလေးရယ်၊ သည်ပန်းပွင့်ကလေးဟာ တစ်ပွင့်တည်းပေါ့၊ သူဟာ အခုကျွန်ုပ်နေတဲ့နေရာနဲ့ သိပ်မဝေးလှတဲ့နေရာမှာပဲ ရှိပါလိမ့်မယ်။ ကျွန်ုပ်သာ မလှုပ်နိုင်မရှားနိုင်လို့ သူ့ထံကို မချဉ်းကပ်ရပေမယ့် အဆွေတော် တွေ့ဖူးကောင်း တွေ့ဖူးမှာပါပဲ၊ မတွေ့ဘူးသေးလို့ရှိရင်လဲ တဆိတ်လောက်သွားပြီး ကြည့်လိုက်စမ်းပါ အဆွေရယ်၊ သူဟာလေ ဟောသည်ကနေပြီး လက်ဝဲဘက်ကို ခွဲထွက်သွားတဲ့ သစ်ကိုင်းကြီးရဲ့ အဖျားခပ်ကျကျကလေးမှာ ရှိလေရဲ့၊ အတော်တော့ မြင့်မြင့်ကလေးမှာပါပဲ၊ ဒါပေမယ့် ကျွန်ုပ်အတွက်တော့ မြင့်တာကို ဂရုမစိုက်လှပါဘူး၊ သည်လိုမြင့်တာဟာ တစ်နည်းအားဖြင့် ကျွန်ုပ်အတွက်တော့ ကောင်းတောင်ကောင်းပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်ုပ်ဟာ တစ်နေ့နေ့မှာ သည်လောက်အမြင့်ကို အသာကလေးပျံပြီး ချဉ်းကပ်နိုင်မယ့်လိပ်ပြာတစ်ကောင် အမှန်ဖြစ်ရမယ်လို့ ယုံကြည်ပြီးဖြစ်လေတော့ သည်လို ကျွန်ုပ်မပျံနိုင်သေးခင်အတောအတွင်းမှာ သူ ကြပ်ကြပ်မြင့်တက်သွားလေ၊ သူ့အတွက် ဘေးရန်နည်းပြီးစိတ်ချရလေပေါ့။

ငှက်ငယ်။ ။သြော်. . . သြော်. . . ကျွန်ုပ် ရိပ်မိပါပြီ။ သင့်ရဲ့ပန်းပွင့်ကလေးဆိုတာ ဟိုဘက်အကိုင်းထိပ်ဖျားမှာ တစ်ပွင့်ထဲပွင့်နေတဲ့ အဖြူရောင်ပန်းပွင့်ကလေးကို ဆိုလိုတာပဲ မဟုတ်လား၊ အင်း. . . သင် စွဲလမ်းမယ်ဆိုရင်လဲ စွဲလမ်းလောက်ပါတယ်လေ။ အနီအဝါ အကြောင်အကျား၊

ရောင်စုံတွေရောယှက်ပြီး၊ ကလက်နေတဲ့ သည်လောကကြီးရဲ့အလယ်မှာ စွန်စွန်စားစား နိုးနိုးကလေးနဲ့ ယဉ်ပြီး၊ ဖြူစင်တဲ့ အရောင်တောက်ပြလိုက်ပုံကတော့ အံ့ဩလောက်စရာပါပေပဲ၊ ဒါနဲ့ စကားမစပ်၊ သင့်ရဲ့ပန်းပွင့်ကလေးဟာ အခုဆိုရင်လေ ငုံရာကနေ တဖြည်းဖြည်းရင့်ပြီး ပွင့်တန်သလောက် ပွင့်ခဲ့ရာမှာ အတော်ကလေးပဲ အမွှေးရနံ့တွေ ကြွယ်နေပြီဆိုတာကိုတော့ သင် မသိသေးပေဘူး မှတ်တယ်။

ပိုးတွဲလဲ။ ။အနည်းငယ် တွေဝေသွားပြီးမှ. . .၊ သင် ဒီလိုပြောပြလို့ သိရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်လဲ မသိရပေမယ်လို့ ခုလောက်ဆိုရင် သည်လိုပဲဖြစ်ရမယ်ဆိုတာကိုတော့ တွက်မိပါတယ်။ ဒါကြောင့် သူဟာ အစွမ်းကုန်ရင့်ပြီး တင့်တင့်တယ်တယ်ကြီး ပွင့်နိုင်မယ့်နေ့မှာ ကျွန်ုပ်ဟာလဲ အတောင်အလက်စုံပြီး လေဟုန်ပေါ်မှာ ဝဲပျံကြွားနိုင်တဲ့ လိပ်ပြာပျိုတစ်ကောင်ဖြစ်ရအောင် ဆက်လက်ကြိုးစားနေရတာပါပဲ။

ငှက်ငယ်။ ။အေးလေ. . . ဒါမှာတော့ ကိုယ့်အတွေးနဲ့ကိုယ်ပေါ့၊ သို့သော်. . . သနားစရာကောင်းတဲ့ လိပ်ပြာလောင်းကလေးရယ်၊ သင်က အခုလို အစွဲအလမ်းကြီးပြီး တစ်ကိုယ်တည်း ကြိတ်ကြံနေတာကို သင့်ရဲ့ ပန်းပွင့်ကလေးကကော စိတ်ကူးထဲကိုမှ ထည့်မိပါ့မလား။

ပိုးတွဲလဲ။ ။ဩော်. . . ဒါကိုတော့ ဘယ်မှာ သူ သိလိမ့်မလဲ ငှက်ကလေးရယ်၊ သိအောင်လဲ ကျွန်ုပ် မကြိုးစားလိုပါဘူး၊ ကျွန်ုပ် ခုကောင်ဘဝတုန်းကဆိုရင် သူဟာလည်း အငုံကလေးလောက်ပဲ ရှိသေးတယ်။ အဲဒီအခါက သူ့အနားကို ကျွန်ုပ် အတော်ကလေးပဲ နီးနီးကပ်ကပ်ရောက်ခဲ့ပါရဲ့၊ ဒါပေမယ့် ကျွန်ုပ်ဟာ သစ်ရွက်ကိုပဲ စားပြီးတော့ နေခဲ့ပါတယ်။ ပန်းပွင့်ဆိုတာကတော့ သူလည်းပွင့် ကျွန်ုပ်လည်း လိပ်ပြာဖြစ်မှသာ အသာကလေး အလှမပျက်အောင် ဝတ်ရည်စုတ်ယူရမယ့် အာဟာရမျိုးပေကိုး။ ဒါကြောင့် ကျွန်ုပ်ဟာ တိတ်တိတ်ကလေး သည်နေရာကို ပြန်လာပြီး ပိုးလ်ဝင်နေခဲ့ပါတယ်။

ငှက်ငယ်။ ။ဩော်. . . ဩော်. . . နို့ နေပါဦး လိပ်ပြာလောင်းကလေးရယ်၊ သင်ကတော့ "ငါ လိပ်ပြာ မဖြစ်ရင် ပန်းပွင့်နားကို မကပ်တော့ဘူး" ဆိုတဲ့ မာနနဲ့ နေတာတော့ မှန်ပါပြီ၊ သင့်ပန်းပွင့်လေးကော သင့်လိုပဲ

"ငါ မြင့်သလောက်ကို ရောက်အောင် ချဉ်းကပ်နိုင်သူမှ" ဆိုတဲ့ မာနထားပြီး နေလိမ့်မယ်လို့ သင် ယုံကြည်သလား။ ကျွန်ုပ်အထင်တော့ သင်ဟာ ခုကောင်ဘဝက သူ့ကို စားပစ်လိုက်တာကမှ သူလည်း ပန်းတစ်ပွင့်ရယ်လို့ ဂုဏ်မဝင့်နိုင်တော့ဘူး၊ သင့်အဖို့လည်း ကောင်းလိမ့်အုံးမယ်လို့ အောက်မေ့တာပဲ။ ဒီမှာ -ကျွန်ုပ် ပြောပုံမယ် အဆွေရယ်၊ လောကကြီးမှာ သင့်လိုစိတ်ထားမျိုးချည်းပဲ မဟုတ်ဘူးဆိုတာကိုလဲ သတိပြုအုံးမှပေါ့၊ အခုတောင်မှပဲ ဟောဟို ကျွန်ုပ်တို့အောက်က မဟာပထဝီမြေကြီးဟာ သင့်ပန်းပွင့်ကလေးနားကို ချဉ်းကပ်နိုင်အောင် သင့်လိုမကြိုးစားဘဲနဲ့ ပန်းပွင့်ကလေးရယ် ကျွန်ုပ်ရဲ့ ရင်ခွင်ထက်ကို သနားသဖြင့် ကြွေသက်ဆင်းခဲ့ပါတော့လို့ ဒူးထောက်တောင်းပန်နေတာကို သင် မကြားမိဘူးလား။ နောက်ပြီးတော့လည်း သင့်ပန်းပွင့်ကလေးဟာ သည်လိုသနားစဖွယ် ဒူးထောက်တောင်းပန်နေတဲ့ မြေပြင်ရဲ့ ရင်ခွင်ထက်ကို ကြွေကျမသွားဘဲနဲ့ သင့်လို အမြင့်ကို ပျံသန်းချဉ်းကပ်လာမယ့် သူ့ကိုပဲ စောင့်စားပြီးတော့ နေလိမ့်မယ်လို့ကော သင် အမှန်ဆိုနိုင်မလား၊ ကျွန်ုပ်ရဲ့အမြင်မှာတော့ သင့်ပန်းပွင့်ဟာ အခုတောင်မှ ဒူးထောက်အညံ့ခံသမားအပေါ်မှာ သနားကရုဏာဝင်ပြီး ကြွေချင်ရက်ရက်နဲ့ လေယူရာမှာ ယိမ်းနွဲ့စပြုပြီလို့မှတ်တာပဲ။ ဒီတော့ တကယ်လို့ သင်ဟာ လေဟုန်ပေါ်မှာ ပျံဝဲနိုင်တဲ့တစ်နေ့မှာ သင့်ပန်းပွင့်ကလေးဟာ မြေပြင်ရဲ့ရင်ခွင်ထက်မှာ ဒါမှမဟုတ်ရင်လဲ သင့်ထက်အရင် ဦးအောင်အမြင့်ကို ပျံသန်းချဉ်းကပ်နိုင်တဲ့ သူတစ်ဦးနဲ့အတူ နှစ်ကိုယ်တွဲပြီး ပျော်ပွဲခံနေနှင့်ပြီဆိုရင် သင်အခုလို လောကကြီးရဲ့ အဖိုးတန်တဲ့ အချိန်တွေကို ဖျင်းရိုးငြီးငွေ့ဖွယ်ရာကောင်းတဲ့ ဘဝထဲမှာ မြုပ်နှံဆုံးရှုံးခဲ့ရတာတွေဟာ ယှက်နှမရနိုင်လောက်အောင် ဝမ်းနည်းစရာ မဖြစ်ပေဘူးလား။ လာပါအဆွေရယ်၊ စိတ်ကူးမလွဲစမ်းပါနဲ့ အရင်ကလို ခုကောင်ဘဝနဲ့ပဲ သင့်အခွံတွေထဲက ပြန်ထွက်လာပြီးတော့ မြစိမ်းရောင်တောက်တဲ့ ဟောသည်သစ်ရွက်တွေပေါ်မှာ တွားသွားရင်း ကျွန်ုပ်ရဲ့တေးသံချိုနဲ့ လောကကြီးရဲ့ သာယာမှုတွေကို ကြည်နူးလှည့်စမ်းပါ။

ပိုးတွဲလဲ။ ။ဟား. . . ဟား. . . ဟား အဖိုးရိုမ်းကြီးပါဘိ ငှက်ကလေးရယ်။ ကျွန်ုပ်

အတွက် သည်လိုကရုဏာနဲ့ အကြဲပေးတာကိုတော့ ကျေးဇူးတင်ပါရဲ့၊ ဒါပေမယ့် ကျွန်ုပ်ရဲ့ပန်းပွင့်ကလေးဟာ အခုပဲ တစ်စုံတစ်ဦးရဲ့ ရင်ခွင်ထဲကို ကြွေကျသွားနှင့်ပြီဆိုတောင်မှလဲ ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့ ဘဝလမ်းစဉ်ကို တစ်မျိုးတစ်ဖုံ ပြောင်းလဲပစ်လိုက်ရလောက်အောင် စိတ်ထားမနုသေးပါဘူး၊ သည်မှာ အဆွေငှက်ကလေး ကျွန်ုပ်ဟာ အတောင်အလက်စုံလို့ လေပေါ် မှာ ပျံ့ဝဲနိုင်တဲ့တစ်နေ့မှာ ကျွန်ုပ်ရဲ့ ပန်းပွင့်ကလေးအနားကို ချဉ်းကပ်ခွင့်မရတော့ဘူးဆိုရင်၊ သင် ထင်သလို ပူဆွေးတာသ ယူကျုံးမရဖြစ်နေရလိမ့်မယ်လို့များတော့ မအောက်မေ့လိုက်ပါနဲ့။ "ကျွန်ုပ် လိပ်ပြာဖြစ်ခဲ့သော်"ဆိုတဲ့ မျှော်လင့်ချက်ရဲ့ ရည်မှန်းမှုပန်းတိုင်ဟာ သူတစ်ပွင့်ထဲသာ ဖြစ်ပေမယ့် သူ မရှိတော့ဘူးဆိုရင် ကျွန်ုပ် ဘာလုပ်မလဲ သင် သိရဲ့လား ( ဤနေရာ၌ ပိုးတွဲလဲကလေးသည် တွေဝေရပ်ဆိုင်းသွားရာ အမြေမှန်ကို ရှာ၍ တွေ့သည့်အလား၊ ကြည်လင်အောင်မြင်သောအသံဖြင့် ဆက်လက်ဟစ်ကြွေးလိုက်သည်မှာ ) သူထက်မြင့်တဲ့ နေရာက ပန်းပွင့်တစ်ပွင့်ဆီကို ပျံသွားမှာပေါ့ ငှက်ကလေးရဲ့ မဟုတ်ဘူးလား ဟား. . . ဟား . . . ဟား ။ ။

( ကိုစောညိန်းသည် သီချင်းမရေးမီ စာညွှန့်ကလေးများကို စိတ်ကူးရသလို အကြမ်းရေးလေ့ရှိသည်။ ဤစာညွှန့်ကို သူ၏အကြမ်းရေးထားသော လက်ရေးမူမှ ကူးယူဖော်ပြပါသည်။ )

❑❑❑

## ''ဂီတနတ်သနိ ကိုစောညိန်း ရေးသားခဲ့သော ဆောင်းပါးများ''

### စာပေသစ်ပြဿနာ

စောညိန်း
( ၁၇ . ၄ . ၅၁ )

( ၁၉၅၁ ခုနှစ်လောက်က မြန်မာစာပေသည် တိုးတက်ရန် အားယူလျက် ရှိနေခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်းတွင် စာရေးဆရာတို့၏ မျက်စိသည် ပို၍ကျယ်ဝန်း၍လာသည်ဟု ဆိုနိုင်ပါသည်။ ထိုစဉ်က စာပေသစ်ပြဿနာကို အချေအတင် ရေးသားဆွေးနွေးခဲ့ကြသည်ဖြစ်ရာ ကိုစောညိန်းကလည်း စာပေ ဂီတအနုပညာနှင့် ပတ်သက်၍ သူ၏အမြင်ကို တင်ပြဆွေးနွေးခဲ့သည်။ သူ၏ ဆောင်းပါးကလေးသည် ယခုတိုင် သိစရာမှတ်စရာ ကောင်းနေသေးသောကြောင့် သူ၏ လက်ရေးစာမူမှယူ၍ ဖော်ပြလိုက်ရပါသည်။ )

အနုပညာအကြီးစား တစ်ရပ်ဖြစ်သော ဂီတသည် အခြားအနုပညာ အကြီးစားတစ်ရပ်ဖြစ်သော စာပေနယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်စပြုခဲ့လေပြီ။ သဘာဝကျသော တိုးတက်မှုတစ်ခုပင်ဖြစ်ပါ၏။ သို့သော်သည်းလိုက် အုလိုက်နှစ်မြိုက်အားရဝမ်းမြောက်မှုယ် မဟုတ်လှသေး။ အဘယ်ကြောင့်နည်း ထိုအနုပညာနှစ်ရပ်ကား သမားရိုးကျအစဉ်အားဖြင့် ဘယ်နံရော အခါမျှကွဲကွာစကောင်းသည် မဟုတ်ပါဘဲလျက်

မြဝတီခေတ်၏သည်မှာဘက်တွင် တဖြည်းဖြည်းကွဲကွာလာခဲ့ရာ ယခုမှ အနိမ့်ဆုံးသော အခြေအနေနှင့် ပြန်လည်စေ့စပ်ရန် စကားကမ်းလှမ်းမိရုံမျှသာ ရှိသေးလေ၍ စာပေနှင့် ဂီတကို အမြင့်ဆုံးအခြေအနေ၌ တွေ့ဆုံမိစေလျက် စံချိန်ပြုခဲ့သော မြဝတီခေတ်၏ အဆင့်အတန်းကိုမီအောင်ပင် အတော်ခဲယဉ်းနေသေးသည်။

စံချိန်သစ်ပြုရန်ကား ဝေးလှပေ၏။ သို့ကြောင့် တီထွင်ဆန်းသစ်ဆိုသောစကားကို ခေတ္တဆိုင်းငံ့ထားသင့်လေသည်။ စံချိန်ဟောင်း အဆင့်အတန်းကို ပြန်လည်ထူထောင်မှုဖြင့် မြဝတီမင်းကြီး၏ စာပေနှင့်ဂီတအရည်အချင်း စွယ်စုံကောင်းကို အမီလိုက်နိုင်သည့် ပုဂ္ဂိုလ်မွန်တို့ပေါ်ထွက်လာသော အချိန်၌ကား တိုးတက်သော တီထွင်ဆန်းသစ်မှုသည် လိုအပ်၍ လာပေမည်။ ထိုတိုးတက်မှုသည်လည်း တကယ်တိုးတက်သည်ဟု အမည်ခံထိုက်သော တိုးတက်မှုအစစ်ဖြစ်ရပေမည်။ ယခုစာပေသမားများသည် နှစ်ပေါင်းများစွာ ကွဲကွာခဲ့သော ဂီတဘက်သို့ ပြန်လည်အာရုံပြုရန် သတိရလာကြ၏။ သတိရ၍ အာရုံစူးစိုက်လိုက်သောအခါ ဂီတနှင့်တွဲဖက်လျက်ရှိသော စာပေအဆင့်အတန်းသည် စောက်ထိုးမိုးမျှော်နိမ့်ဆင်းလျက်ရှိသည်ကို သိမြင်လျက် စံချိန်ဟောင်းကို ပြန်လည်ထူထောင်လိုသော စေတနာဖြင့် စာနယ်ဇင်းများမှနေ၍ ဂီတသမားများဘက်သို့ လက်ကမ်း၏။

ထိုလက်ကမ်းမှုကား နည်းလမ်းမှန်ကန်သော သဘောတရားရေး သက်ဝင်သော်လည်း လုပ်ငန်းစဉ်မှားယွင်းမှုကြောင့် စေ့စပ်ချစ်ကြည်ရေးထက် ပဋိပက္ခမှုသို့ ရှေ့ရှုလျက်ရှိပေသည်။ မှားယွင်းသည်ဟု အဘယ်ကြောင့်ဆိုနိုင်သနည်း။

စာပေနယ်၌ ဝေဖန်မှုသည်ရှိခဲ့လေပြီ။ အလေ့အကျင့်များမှုကြောင့် အတော်အသင့်လည်း ခံနိုင်ရည်ရှိလာကြလျက် စေတနာဆိုးနှင့်ဝေဖန်သူကို လျစ်လျူပြု၍ စေတနာကောင်းနှင့်ဝေဖန်သူကို လက်ခံဆွေးနွေးနိုင်သည့်စိတ်မျိုး မွေးမြူနိုင်လာကြလေပြီ။ ( စာပေသမားတိုင်း မဟုတ်သေး၊ အများအားဖြင့်သာ ဆိုရသည်။ ) ဂီတနယ်၌ကား ဝေဖန်ခြင်းသည် ဇော်ကားခြင်းပင် ဖြစ်သည်။ သူ့ဘာသာ အယူအဆနှင့်သူဖြစ်၍ ထိုသို့မယူဆပါနှင့်ဟု ဆို၍မဖြစ်နိုင်ချေ။ သင်သည် ရောမမြို့၌ နေစဉ် ရောမလူမျိုးလို နေပါဆိုသော သိုးဆောင်းစကားပုံကဲ့သို့ ဂီတသမားနှင့်ဆက်ဆံလိုလျှင် ဂီတသမားလို ဆက်ဆံရမည်။ ဝေဖန်မှုမှသည် ဆွေးနွေးမှုသို့အဆင့် အတန်းတက်လျက် တိုးတက်မှုကို ရယူလိုသော မျှော်လင့်ချက်ကား ကိုယ့်နားရွက်ကိုယ်ကြည့်ချင်သူသည် မှန်ထဲ၌ မြင်ရဦးမည်။ ကြာလေ ဝေးလေသာ နေပေမည်။

စာပေသစ် အမှတ်( ၁ )အောင်လင်း၏ဆောင်းပါးတွင် ယခုအခါ ဂီတဘက်

တွင် နှစ်စုကွဲနေသည်။ တစ်စုကား စာပေကို ကျွမ်းကျင်လျက် ဂီတကို ကောင်းစွာမနိုင်နင်းသော ဆရာများ၊ တစ်စုကားစာပေမကျွမ်း ဂီတသက်သက် ကောင်းစွာနိုင်နင်းသော ဆရာများဟု ခွဲခြားပြခဲ့သည်။

အမှန်မှာနှစ်စုမဟုတ်၊ သုံးစုကွဲမှုဖြစ်ပေမည်။ တတိယအစုမှာ ဂီတရောစာပေပါ စွယ်စုံနိုင်နင်းချင်သော(ဘာမျှ မနိုင်နင်းသေး၍ နိုင်နင်းချင်သော ဟုသာဆိုရမည်) လူငယ် အများစုဟူ၍ဖြစ်သင့်သည်။ အောင်လင်းမှာ တတိယအစု၌ နေလိုဟန်ရှိသော်လည်း ပထမအစုဆရာများ၏ လမ်းစဉ်သို့ လိုက်နေမိသဖြင့် ဤအတိုင်းဆက်လက်သွားလျှင် ပထမအစုထဲသို့ ပါသွားမည်စိုးရပေသည်။

ရှင်းဦးအံ့ - ပထမအစုဆရာသည် အဘယ်ကြောင့်ဂီတကို ကောင်းစွာ မနိုင်နင်းသနည်း၊ ရှာဖွေစူးစမ်းရမည်။ ၎င်းတို့ဉာဏ်နည်း၍ကား မဟုတ်ချေ။ ဂီတကို တကယ်နိုင်နင်းကျွမ်းကျင်သော ဆရာများ၏ အကူအညီ ရသင့်သလောက် မရ၍ ဖြစ်ပေသည်။ အဘယ်ကြောင့် မရသနည်းဆိုသည်ကား များစွာ တွေးတောနေရန် မဟုတ် ရှင်းလှပေသည်။ ထိုဆရာများမှာ မိမိတို့ စာပေနိုင်နင်းမှုကို အသားယူလျက် ဂီတသက်သက်ဆရာများကို ပမာမခန့် မိမိတို့လောက် မတတ်မသိဟုယူဆကာ နှိမ့်ချချင်သောကြောင့် အတုံ့အပြန်အားဖြင့် သင့်တင့်စေ့စပ်မှု မရသည့်အတွက် ဖြစ်ပေသည်။

ကျွန်ုပ်တို့ တတိယအစု လူငယ်များကား ဂီတသက်သက် ကောင်းစွာနိုင်နင်းကျွမ်းကျင်သော ဆရာများနှင့် ပဋိပက္ခဖြစ်မှုကို မည်သည့်နည်းနှင့်မျှ ထောက်ခံအားပေးခြင်း မပြုနိုင်ချေ။ ထိုဆရာများထံမှ ကူညီမှုကို အနည်းအများမဟူ ရနိုင်သမျှစစ်ထုတ်ယူရန် လိုအပ်ပေသည်။

စာပေနှင့်ဂီတ စွယ်စုံပြောင်မြောက်ရေး၌ ယခုခေတ် လူငယ်များသည် အထက်တန်းပညာရပ်များအထိ စာပေကို ရည်ရွယ်ချက်မဲ့လိုက်စားခဲ့မိသည့် ကျေးဇူးကြောင့် မည်သူကိုမျှ များစွာအားကိုးရန်မလိုတဲ့ စာကြည့်တိုက်များ၊ စာအုပ်စာတန်းများကို မိမိဘာသာ မွှေနှောက်လိုက်စား ကြိုးစားနိုင်အောင် အခြေခံရှိခဲ့ပြီဖြစ်သော်လည်း ဂီတဘက်ကမူ ဒုတိယအစုဖြစ်သော ဂီတသက်သက်နိုင်နင်းသည့် ဆရာများမှတစ်ပါး အားကိုးရာမရှိချေ။ ကိုယ့်ဘာသာ လေ့လာလိုက်စား တိုးတက်နိုင်သော ပညာလည်း မဟုတ်ချေ။

ငါ့မှာ ဘယ်ဆရာ ဘယ်ဆရာလက်ကိုင်ရှိသားပဲ၊ ဘယ်ဆရာ ဘယ်ဆရာတွေထံက အကူအညီမရလဲ ကိစ္စမရှိပါဘူး ဟူသော အယူအဆမှာလည်း သင့်လျော်သော

အယူအဆ မဟုတ်ချေ။

ဂီတဘက်တွင် နာမည်ကြီးသောဆရာတိုင်း တစ်မျိုးစီတစ်မျိုးစီ မိမိသန်ရာ အကောင်းကလေးတွေ ရှိတတ်သည်ဟု အောင်လင်းကိုယ်တိုင် ဝန်ခံခဲ့သည့်အတိုင်း ထိုအကောင်းကလေးများအားလုံးကို မိမိထံတွင် စုမိမှသာ ပြောင်မြောက်သော ဂီတမည် ပေမည်။

တီးတွင်ဆန်းသစ်သော ဂီတစံချိန် မြှင့်နိုင်ရေး၌ ဒုတိယအစု ဆရာများကို အားကိုးရန်မရှိသော်လည်း၊ ထိုတီးတွင် ဆန်းသစ်သော စံချိန်ကို ပြုနိုင်မည့် စွယ်စုံ ပုဂ္ဂိုလ်မျိုး ပေါ်ပေါက်ရေး၌ကား ထိုဆရာများကို ပစ်ပယ်၍မရချေ။ ထို့ကြောင့် တနယ်ဇင်းများမှ ဂီတအကြောင်း ဆွေးနွေးလိုမှု ဝေဖန်မှုကို ရှောင်ရှားလျက် မေးခွန်း သက်သက်မြင့်သာ ဒုတိယအစုဆရာများ၏ ယူဆချက်ကို ရယူသင့်ပေသည်။

တီးကွက်မှ ကီစွ၌ကား အငြင်းပွားနေကြသည်ဟုဆိုသော်လည်း အမှန်မှာ တစ်ကျပ်မှုတင်းနှင့် ဆယ့်လေးပဲငြင်းကြသည့် ငြင်းနည်းမျိုးသာ ဖြစ်လေသည်။ အောင် လင်း ခွဲခြားပြသည့်အတိုင်း ရှေးသီချင်းကြီးများ၏ တီးကွက်များကို မိမိဉာဏ်စွမ်းဖြင့် တီတွင်ဆန်းသစ်၍ တီးမှုတ်လိုသော လူငယ်များနှင့် ရှေးမူမပျက် တီးမှုတ်လိုသော ဆရာကြီးများဟု နှစ်စုခွဲ၍ ရေးရမည်ဖြစ်သော်လည်း အမှန်မှာ လူငယ်များအစု ကလည်း ရှေးမူကို မပစ်ပယ်ဝံ့ချေ။ ရှေးမူကို နိုင်နင်းစွာ ရရှိပြီးမှ တီတွင်ဆန်းသစ်၍ ရလေသည်။ ဆရာကြီးများကိုယ်တိုင်လည်း မူကိုဖျက်၍ တီးသည်ကို ကျွန်ုပ်ကိုယ်တိုင် နားနှင့်ဆတ်ဆတ်ကြားခဲ့ရပေသည်။ ချစ်သမျှကိုပတ်ပိုး၊ သံသာလေကမ်းတိုင် အပိုဒ် တွင် သံသာလေကမ်းတိုင် . . . သံ. . . သာ. . . ကမ်း. . . တိုင်. . . သံသာ. . . သံသာ. . . သံသာ. . . ကမ်းတိုင်. . . သံသာ. . . သံသာ. . . သမ်းသာကမ်းတိုင်. . . အစရှိသည်ဖြင့် အသံကျ၊ တစ်မျိုးစီဖြင့် ထပ်ပြန်တကျော့ကျော့ သီဆိုတီးမှုတ်လေ သည်။ အခြားနေရာတွင် မဟုတ် ဂီတအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်စောမြအေးကြည်၏ နေအိမ်ပေါ်တွင် ဂီတမယ်ညွှန့်ပေါင်း အသံလွှင့်ရန် သီချင်းတိုက်နေကြခြင်းဖြစ်သည်။

မှိုင်းပြာဝေ ပတ်ပိုးတွင် ခုနစ်ပေါက်မှစ၍ ကောက်ခြင်းနှင့် သုံးပေါက်က စ ခြင်းကဲ့သို့ မူကွဲတွင်ကား ဒီမိုကရေစီခေတ်ဖြစ်၍ အများသဘော ကြိုက်ညီရာကို မှန်ဟု ယူဆသင့်လေသည်။ ထိုအများကလည်း ရမ်း၍ ကြိုက်ညီကြသည် မဟုတ်ချေ။ တတ်သိနားလည်သူ ပုဂ္ဂိုလ်များပင်ဖြစ်၍ မှန်လည်း ဟုတ်ဟန်လက္ခဏာ ရှိပေသည်။ သို့ရာတွင် ဒုတိယမူကိုလည်း မှားသည်ဟု ငြင်းခုံနေမည့်အစား သည်လိုလဲ ရှိသေးပါ ကလားဟု မှတ်သားထားရန်သာ သင့်ပေသည်။

အသံကျတူ စည်းတူနယ်နမိတ် အတွင်း၌ တီးဟန်လက်ကျနှင့် ဖွဲ့ပုံကွဲပြားခြင်းကား ကွဲပြားသည်ဟု မဆိုနိုင်ချေ၊ မကွဲပြားပါကလည်း ညွှန်သူကောင်းသူ ချန်ပီယံဟူ၍ ရှိတော့မည် မဟုတ်ချေ၊

နယ်နမိတ်ဟုဆိုသဖြင့် ထိုနယ်နိမိတ်၏ အကျယ်အဝန်းသည် အဘယ်မျှရှိသင့်သနည်းဆိုသော အချက်တစ်ချက်မှာ ပေါ်ထွက်၍ လာပြန်လေသည်၊ ထိုပြဿနာ၏အဖြေမှာ တီးကွက်မူပေါ်တွင် အခြေတည်သည်ဖြစ်၍ မူရှိသင့်မရှိသင့်ဟူသော ပြဿနာကို ရှေ့ဦးစွာစဉ်းစားရပေမည်၊

အမှန်မှာ မူသည်ရှိရပေမည်၊ ရှိရရုံမျှမက ဂီတသည်လည်း လူမျိုးတစ်မျိုး၏ ခေတ်တစ်ခေတ်က ရှိခဲ့ဖူးသော ယဉ်ကျေးမှု အဆင့်အတန်းကို ဖော်ပြနိုင်သည့်ကြေးမုံတစ်ခုဖြစ်၍ သီချင်းကြီးတစ်ပုဒ်၏တီးကွက်မူသည် ၎င်းသီချင်းစတင်ဖြစ်ထွန်းခဲ့သော အချိန်က ရှိခဲ့သည့်တီးကွက်မူကို အသံကျ စည်းအရေအတွက်သာမက တီးဟန်နှင့် ဖွဲ့ပုံကိုပင် ထက်ကြပ် သို့မဟုတ် အနီးကပ်နိုင်ဆုံးရအောင် ဖော်ထုတ်ရမည်၊

မည်သည့်အရာသည် အနီးကပ်ဆုံးဟု ဆုံးဖြတ်ရန် တာဝန်ကား ဆိုခဲ့ပြီးသည့်အတိုင်း ဒီမိုကရေစီနည်းအရ အများကြိုက်ညီရာ ဆုံးဖြတ်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိချေ၊

ထိုသို့ ဆုံးဖြတ်ပြီးသောအခါ ထိုမူကို မပျက်မစီးတည်တံ့ရန် တူရိယာသင်္ကေတဖြင့် မြန်မာသီချင်းကြီးများကို ရေးမှတ်နိုင်ပြီဆိုသော ဆရာအား နေရာပေးသင့်ပေသည်၊ ထိုဆရာကလည်း မိမိကြိုက်နှစ်သက်သော အခြားမူကွဲရှိသေးက အခြားကျမ်းတစ်စောင်တစ်ဖွဲ့ ပြုလိုလျှင်ပြု မပြုလိုလျှင်နေ၊ အများဆုံးဖြတ်ထားသော မူကိုကား မူမှန်ဟူ၍ အသိအမှတ်ပြုရန် တောင်းပန်အပ်ပေသည်၊

တီးကွက်ကို တီထွင်ဆန်းသစ်၍ တီးလိုသည်ဟုဆိုသော လူငယ်များသည်လည်း နယ်နိမိတ်ကို ကိုယ်ကြိုက်သလို အကျယ်အဝန်းထား၍ တီထွင်ဆန်းသစ်ကြပါ၊ ကောင်းလှပ်နှားထောင်ပါမည်၊ သို့သော် ရှေးသီချင်းကြီးတစ်ပုဒ်ကို တီထွင်ဆန်းသစ်၍ တီးမည်ဟုမကြံစီမိ ထိုသီချင်းကြီး၏ ပေါ်ပေါက်စခေတ်က ဂီတအဆင့်အတန်း ယဉ်ကျေးမှုကို ဖော်ပြချက်ပါသော မူအစစ်၏ အနီးကပ်ဆုံးဟု အများဆုံးဖြတ်သော မူကို ရှေးဦးစွာ ရအောင်ယူရမည်ဟူသော အချက်ကိုမူ ဝန်ခံပါ၊

သို့မဟုတ်ပါက ခလုတ်တိုက်သည်၊ ဖားပြုတ်ကိုက်သည်၊ တရုတ်ရိုက်သည် ဆိုသကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် တီထွင်ပြီးယင်း တီထွင်ကာ နယ်နမိတ်မရှိတော့ဘဲ ခေတ်ပြကြေးမုံများသည် ကွယ်ပျောက်သွားဖွယ်ရာ ရှိလေသည်၊

ဤအချက်ကို ငြင်းလိုလျှင်ကား မြဲစေတီကျောက်စာ၊ ကလျာနီကျောက်စာ စသော ကျောက်စာများကို ယခုခေတ်နှင့် မဟပ်မိဟု ဖျက်ဆီးပြီး ယခုခေတ်သုံးစာသားနှင့် ရေး၍ ကျောက်တိုင်အသစ်စိုက်ရန် ရှေးဦးစွာ ကြိုးစားပါဦး။

တီထွင်ဆန်းသစ်ဟူသော စကားကို အောင်လင်း စတင်သုံးစွဲခဲ့သည့်အတိုင်း သူယူဆသော ( meaning ) အဓိပ္ပာယ်အတိုင်း ကျွန်ုပ်၏ဆောင်းပါးတွင် အတော်သုံးလိုက်မိလေသည်။ သို့ရာတွင် ကျွန်ုပ်၏အယူအဆမှာမူ ရှေးသီချင်းကြီးများကို မူအတိုင်း ရရှိပြီးသည်နောက် ထိုတီးကွက်အပေါ်တွင် နယ်နမိတ်ထားလျက် တီးဟန် တီးကွက်ဖွဲ့၍ များ၍ ကွန့်၍တီးရုံမျှကို တီထွင်ဆန်းသစ်သည်၊ အနုပညာမြောက်သည်ဟု မယူဆပါ။

ကျွန်ုပ်တို့ ရှေးသီချင်းကြီးများကို လေ့ကျက်သင်ကြားရသည်မှာ အနုပညာ၏ သင်ပုန်းကြီးမျှသာ ဖြစ်ပါသေးသည်။ သင်ပုန်းကြီးကုန်လျှင် မြန်မာအက္ခရာစာဟူသမျှ ရေးတတ် ဖတ်တတ် သကဲ့သို့ သင်ရိုးသင်တန်းမှစ၍ ရှေးသီချင်းကြီးများကို အတော်များများရလျှင် မြန်မာသံမှန်သမျှကို တီးနိုင်တော့သည်။ ထိုမှတဖန် ယခုခေတ်အခေါ် တီးတတ်သည်ဟု အမည်ခံနိုင်သူတိုင်း ကောင်း မကောင်း အပထား၍ များနိုင်သည်၊ ကွန့်နိုင်သည်၊ အကွက်ဖျောက်နိုင်သည်မှာ မဆန်းလှပါ။

တကယ်တိုးတက်ဆန်းသစ်သော တီထွင်မှုမှာ အထွတ်အထိပ်ဖြစ်ခဲ့သော မြဝတီခေတ်နှင့်တန်းတူ ကြိုး၊ ဘွဲ့၊ ပတ်ပျိုး သီချင်းခံစသည်တို့ကို ဆန်းသစ်သော တီးကွက်မူသစ်ဖြင့် ပြုစုရေးသားနိုင်ခြင်းသည်သာသော်လည်းကောင်း၊ ထိုအဆင့်ကိုရပြီးသည်နောက် ဘောလယ်ကို လှိုင်ထိပ်ခေါင်တင် ခွဲခြားဖော်ထုတ်လိုက်သကဲ့သို့ မရှိသေးသော တီးဟန်မှင်မောင်းအဖွဲ့ အကွက်မျိုးဖြင့် သီးခြားပေါ်သစ်သော ဂီတကဏ္ဍတစ်ရပ် ဖွင့်လှစ်နိုင်ခြင်းသာလည်းကောင်း ဖြစ်သင့်သည်ဟု ယူဆပါကြောင်း။

❑

## မြန်မာဂီတပညာပြန်လည်ထူထောင်ရေးနှင့် အတွေးအမြင်သစ်များ

ဂီတနက်သန် စောညိန်းရေးသည်
(လင်းယုန်၊ တွဲ-၃၊ အမှတ်-၁၊
၁၃၁၂ ခု၊ တပေါင်းလဆုတ် ၅ရက်၊ ၁၉၅၁ခု၊ မတ်လ၊ ၂၇ရက်)

တိုင်းပြည်တစ်ပြည်သည် လူမျိုးခြားဖိနှိပ်အုပ်စိုးခြင်းခံရသောအခါ၊ အဖက်ဖက်က အဆင့်အတန်းများသည် တဖြည်းဖြည်းနိမ့်ကျဆုတ်ယုတ်သွားပေလိမ့်မည်။ ထိုသို့ပျက်စီးဆုတ်ယုတ်ခြင်းဒဏ်ကို အများဆုံး ခံရသည့်အစိတ်အပိုင်းမှာကား ( အမျိုးသားယဉ်ကျေးမှုပညာ )များ ဖြစ်လေသည်။

ထိုနည်းတူ လွတ်မြောက်ခြင်းကိုရရှိခဲ့သော တိုင်းပြည်တစ်ပြည်သည်လည်း အမျိုးသားယဉ်ကျေးမှုပညာရပ်များကို အထူးအရေးတကြီးထား၍ ပြန်လည်ထူထောင်ရန် လိုအပ်ပေမည်။

အမျိုးသားယဉ်ကျေးမှုပညာရပ် အမျိုးမျိုးအနက် စာပေ ပန်းချီနှင့် ဂီတပညာများသည် အကျယ်ဝန်းဆုံးနှင့် အရေးကြီးဆုံး တိုင်းပြုပြည်ပြုပညာကြီးများဖြစ်ရာ၊ ကျွန်ုပ်တို့မြန်မာပြည်တွင် စာပေဘက်ကဆိုလျှင် အစိုးရကလည်း ထိုက်သင့်သလောက်အားပေးလျက် စာရေးဆရာများကလည်းတိုးတက်မှုအတွက် တတ်အားသမျှကြိုးပမ်းအားထုတ်ခြင်းပြုနေကြသဖြင့် များစွာတော်ပေသေး၏။

ပန်းချီပညာဘက်ကလည်း၊ များမကြာမီကပင် အမျိုးသားပန်းချီကို ပြန်လည်ဆန်းသစ်ဖော်ထုတ်ရန် အဖွဲ့အစည်းများဖွဲ့သည်ဟု ကြားသိရသည့်အတွက် ရှေ့တွင် တဖြည်းဖြည်းတိုးတက်လာရန် အရိပ်နိမိတ်များရှိသည်ဟု ဆိုရပေမည်။

ဂီတပညာ ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍မူကား တစ်စွန်းတစ်စမျှ မကြားရ မမြင်ရဘဲရှိသဖြင့် အထူးဝမ်းနည်းဘွယ်ပင်ဖြစ်လေသည်။

အနုပညာများ၏သဘာဝမှာ တိုးတက်မှုမရှိလျှင် ဆုတ်ယုတ်လျက်သာ နေမြဲဖြစ်ရာ၊ မြဝတီခေတ်၏ သည်ဘက်တွင် ဘာမျှမယ်မယ်ရရမတိုးတက်ခဲ့သော မြန်မာအမျိုးသားဂီတပညာသည် အနှစ်တစ်ရာကျော်အတွင်း အထူးကြောက်မက်ဖွယ်ကောင်းလောက်အောင် အဆင့်အတန်းလျှောကျဆုတ်ယုတ်ခဲ့လျက် ယခုအတိုင်းသာ ဆက်လက်သွားပါက နှောင်နှစ်ပေါင်းအနည်းငယ်အတွင်း၌ပင်လျှင် လုံးဝတိမ်ကောပျောက်ကွယ်သွားဘွယ်ရာအခြေအနေတွင် ရောက်ရှိနေလေသည်။

အနောက်တိုင်းဂီတကို (ကမ္ဘာသုံးအသံ) ဟုဆိုကာ မြန်မာပြည်တွင်းသို့ သွတ်သွင်းယူဆောင်လာလျက် တီးမှုတ်လေ့လာနေကြခြင်းကို မည်သို့မျှအကျိုးအပြစ်မဝေဖန်လိုသော်လည်း၊ အမျိုးသားဂီတပညာ၏ အဆင့်အတန်းတိုးတက်ခြင်းဟူ၍ကား၊ ကျွန်ုပ် တို့မည်သည့်နည်းနှင့်မျှ ယူမှတ်လက်ခံခြင်းမပြုနိုင်ချေ။ ဥပမာ- အင်္ဂလိပ်စာပေနှင့် စကားကို ကမ္ဘာသုံးသဘောဟူ၍ ကျွန်ုပ်တို့သင်ကြားလေ့လာရသော်လည်း၊ ၎င်းဘာသာကို တတ်မြောက်ကြခြင်းသည် မြန်မာစာပေ၏အဆင့်အတန်းတိုးတက်ခြင်း နိမ့်ကျခြင်းနှင့် မည်သို့မျှမသက်ဆိုင်သကဲ့သို့ပင် ဖြစ်ပေသည်။

အမျိုးသားယဉ်ကျေးမှုပညာဆိုသည်မှာ လူမျိုး၏သီးခြားသော (ကိုယ်ပိုင်ဟန်) ရှိရပေမည်ဖြစ်ရာ၊ ထိုအမျိုးသားဟန်၏နယ်နမိတ်အတွင်းမှ တိုးတက်ခြင်းကိုသာလျှင် ကျွန်ုပ်တို့လိုလားအပ်လေသည်။

ဂီတပညာကို ပြန်လည်ထူထောင်ရာ၌ အထူးအရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်မှာ လူထုကထာဝစဉ်လက်ခံနိုင်မည့် စံနမူနာပြုလောက်သည့် ဂီတအခန်းသစ်များကို ဖော်ထုတ်တင်ပြရန်ဖြစ်သည်။ အချို့က ပြောဆိုတတ်ကြသည်မှာ ယခုခေတ်ကာလပေါ် သီချင်းများသည် ကြာရှည်တည်တံ့သည်၊ မတည်တံ့သည်ဆိုသောအကျိုးတရား၏အကြောင်းရင်းကို အယူအဆမှားယွင်း ကောက်ယူခြင်းပင်ဖြစ်၏။

ဤအတိုင်းသာ ယူဆရမည်ဆိုပါက ဂီတဆရာကြီးများ ကွယ်လွန်ကြသည်နှင့် အမျှ မည်သူမျှမရလိုက်သော ရှေးသီချင်းကြီးပုဒ်ရေ အနည်းနှင့်အများ လိုက်ပါပျောက်ကွယ်သွားတတ်သည်ဖြစ်ရာ၊ နှစ်ပေါင်းကြာရှည်၍ သီချင်းကြီးများလုံးလုံး မကြွင်းကျန်တော့သောအချိန်တွင် မြန်မာအမျိုးသားဂီတပညာတစ်ရပ်လုံး တိမ်ကောပျောက်ပြီဟု ဆိုရမလိုဖြစ်နေလေသည်။

ကာလပေါ် သီချင်းများ၏ မတည်မြဲမှုမှာ ကာလပေါ် သီချင်းဖြစ်သောကြောင့် မဟုတ်ချေ။ ရှိပြီးသော ရှေးသီချင်းများထက် ဘာမျှထူးခြားဆန်းသစ်မှုမရှိသည့်မှုမက ၎င်းတို့၏အဆင့်အတန်းကိုပင် မမှီသည့်အတွက်ကြောင့်သာလျှင်ဖြစ်ရာ၊ တကယ် ထူးခြားဆန်းသစ်သော ကာလပေါ် သီချင်းများထွက်ပေါ် လာလျှင်၊ မတည်မြဲနိုင်ရန် အကြောင်းမမြင်ချေ။ (အမျိုးသားဟန်၏ နယ်နမိတ်အတွင်းမှ ထူးခြားဆန်းသစ်ခြင်းကိုသာ ဆိုလိုပေသည်။ )

ဂီတကို အကြမ်းအားဖြင့် ခွဲခြားကြည့်လျှင် ( ၁ )စာပေ ( ၂ )အသံ ( ၃ ) တူရိယာ ဟူသော အပိုင်းကြီး ၃-ပိုင်းကို မြင်နိုင်ရာ၊ ထိုသုံးပိုင်းစလုံးမှ တစ်ပိုင်းစီကို သေချာစွာ လေ့လာလျှင် ယခုကာလပေါ် သီချင်းများနှင့် ရှေးသီချင်းကြီးများ၏ ကွာခြား

ချက်ကို ပိုမိုထင်လင်းစွာသိသာ ပေလိမ့်မည်။ အရှည်သဖြင့် တည်တံ့နိုင်မြဲမည့် ဂီတ အခန်းသစ်များကို ဖွင့်နိုင်ရန်အတွက် ထိုသုံးပိုင်းစလုံး၌ပင်လျှင် ယခုကာလပေါ် သီချင်းများထက် အဆင့်အတန်းတိုးတက်ရန်သော်လည်းကောင်း၊ ရှေးသီချင်းကြီးများ ထက် ထူးခြားဆန်းသစ်ရန်သော်လည်းကောင်း လိုအပ်ပေလိမ့်မည်။

( ၁ )စာပေ

ဂီတတွင် စာပေဟူသော သီချင်းစာသားသည် ကိုယ်ခန္ဓာနှင့်တူ၍ အသံသည် အသက်ဝိညာဉ်နှင့်တူရာ၊ မည်မျှသာယာငြိမ့်ညောင်းသော တီးကွက်အသံပင်ဖြစ်စေကာမူ သီချင်းစာသားမပါဘဲ၊ အဓိပ္ပါယ်ပြည့်စုံနိုင်မည် မဟုတ်ချေ။ လူ၏စိတ်ကိုလည်း များစွာဆွဲငင်နိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ဂီတတွင် သီချင်းစာသား သို့မဟုတ် စာပေသည် အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်လေသည်။

စာပေဟု ခေါ် ဆိုလိုက်သည်နှင့် တစ်ပြိုင်နက်လည်း၊ သီချင်းဖြစ်စေ ဝတ္ထုဖြစ်စေ၊ ဆောင်းပါးဖြစ်စေ၊ စာပေသည် စာပေသာလျှင်ဖြစ်သဖြင့် စာပေ၏အဆင့်အတန်းရှိရမည်၊ စာပေမြောက်ရမည်။ သီချင်းဖြစ်သည့်အတွက် ဝတ္ထုလောက်သော်လည်းကောင်း၊ ဆောင်းပါးလောက်သော်လည်းကောင်း၊ ကဗျာလောက်သော်လည်းကောင်း၊ အဆင့်အတန်းရှိရန် မလိုဟု လျှော့ပေါ့သက်ညှာမပေးနိုင်ချေ။

ခေတ်တစ်ခေတ်တွင် စကားပြေဖြင့်သော်လည်းကောင်း၊ ကဗျာလင်္ကာဖြင့်သော်လည်းကောင်း၊ ဂီတသီချင်းဖြင့်သော်လည်းကောင်း၊ ဖော်ပြသော စာပေများ၏ အဆင့်အတန်းသည် အားလုံးမျှဉ်းတပြေးတည်းသာလျှင် ဖြစ်သင့်လေသည်။ ရှေးခေတ်ကဆိုလျှင် မြဝတီမင်းကြီး၊ ပြင်စည်မင်းသား၊ နန်းမတော်မမြလေး၊ အစရှိသော ဂီတပညာရှင်တို့၏ ဂီတသီချင်းများမှ စာပေအဆင့်အတန်းသည် ခေတ်ပြိုင်ဖြစ်သော ကဗျာစာဆို စကားပြေစာဆိုပညာရှင်တို့၏ စာပေအဆင့်အတန်းထက် မနိမ့်ကျခဲ့ကြချေ။

သို့အတွက် ယခု ဂီတသီချင်းများ၏ စာပေလည်း၊ ခေတ်နှင့်လျော်ညီစွာ ပြည်သူလူထုကိုအလင်းပြ သင်ခန်းစာ ပေးနိုင်သော ပြည်သူ့စာပေသာလျှင် ဖြစ်သင့်သည်။

သင်ခန်းစာ ပေးနိုင်ရမည်ဆိုသည့်အတွက် လူများယုံပြီး မယုံပါနဲ့ ကိုယ့်ကိုယ်ကို အားကိုးပါ အစရှိသကဲ့သို့ တိုက်ရိုက်ဆုံးမ ဩဝါဒပေးသော ဆုံးမစာများလည်း မဖြစ်သင့်ချေ။ ဝတ္ထုများ၊ ကဗျာများနည်းတူ မိမိမြင်သိသော အမြင်အသိကို လူထုအား မြင်အောင်သိအောင် အနုပညာဖြင့် တင်ပြမှုကိုသာ ဆိုလိုပေသည်။

မျိုးချစ်စိတ် ဇာတိမာန်ထက်သန်အောင် ရည်ရွယ်၍ရေးသော သီချင်းတစ်ပုဒ်၌ ကိုယ့်အမျိုးချစ်ကြပါ၊ စည်းလုံးညီညွတ်ကြပါစသည်ဖြင့် ထပ်ပြန်တလဲလဲပေါ်ပြနေရုံမျှနှင့် အကျိုးထူးမည်မဟုတ်ချေ။ မြန်မာလူမျိုး၏ စိတ်ထားမြင့်မြတ်သိမ်မွေ့ပုံ၊ ဉာဏ်ပညာကြီးမားပုံ၊ မဟုတ်မခံ ရဲရင့်သော သူရသတ္တိရှိပုံတို့ကို ပေါ်လွင်ထင်ရှားအောင် ပေါ်ပြခြင်းဖြင့် မြန်မာလူမျိုးအဖြစ်ကို ခုံမင်မက်မောဖွယ် ထင်မြင်လာအောင် ရေးစပ်နိုင်ရမည်။

မိဘကို ချစ်ခင်ရိုသေကြပါ ဆိုယုံမျှနှင့် အကျိုးထူးမည်မဟုတ်၊ သားသမီးတို့အပေါ်၌ မိဘတို့ထားအပ်သော စေတနာ မေတ္တာ သားသမီးတို့၏ အနှံ့အတာကို ခံခဲ့ရသော မိဘတို့၏ဒုက္ခစသည်တို့ကို ကွင်းကွင်းကွက်ကွက် ထင်မြင်လာအောင် ဖော်ပြခြင်းဖြင့် အလိုလို မိဘအပေါ်၌ ကြည်ညို ချစ်ခင်လာအောင် စိတ်ဓာတ်ကို ဆွဲငင်ယူနိုင်မှသာ ရည်ရွယ်သော အကျိုးသို့ ရောက်ပေမည်။

ထိုနည်းတူ အချစ်နှင့် မယ်ဘွဲ့မောင်ဘွဲ့သီချင်းများတွင်လည်း၊ မြင့်မိုရ်ရွှေတောင်လုံးတုံးမှတ်လို့နှမ်း၊ ကြားက လေသွေးတောင် ထေတယ်ထင်မိတယ်၊ ပိတုန်းရောင်ကေသာနှင့် သုံးရက်လမျက်ခုံးအစရှိသော လူထုနားဝယ် ရိုးအီနေသည့်အသုံးအနှုန်းများကို ထပ်တလဲလဲ ရေးစပ်နေကြမည့်အစား၊ အချစ်နှင့် ပါတ်သက်သော ဆန်းကြယ်သည့် ပြဿနာသစ်များ၊ စိတ္တဗေဒ အမြင်အသိသစ်များကို ဥပမာသစ်ဖြင့်သာ ဖော်ပြသင့်လေသည်။

ထို့ပြင် အီစက်ညက်ညောသောဖဲမွေ့ရာပေါ်တွင် ချစ်ဗျူဟာကျင်းကြသည့် မောင်နှင့်နှမ သာနှင့်အမိ အတူတကွ မကြားဝံ့မနာသာ အကြောင်းအရာများ မြူမှုက်ရည်ဖြင့် အံကြိတ်ခါတင်းရသည့် လူထုစိတ်ကို အကျိုးမဲ့ယစ်မူးပျော့ညံ့စေသော အကြောင်းအရာများကိုလည်း ရှောင်ကြဉ်သင့်ပေသည်။ အလွမ်းကို လုံးဝရှောင်ကြဉ်ရမည်ဟု မဆိုလိုပါ။ လူ၏စိတ်ကို လွမ်းဆွတ်ကြေကွဲအောင် ဆွဲဆောင်နိုင်ခြင်းသည် အနုပညာမြောက်ခြင်းတစ်ရပ်ပင် ဖြစ်ပါသည်။ သို့သော်လည်း ထိုသို့ လွမ်းဆွတ်ကြေကွဲခြင်းဖြစ်ရသည့်အတွက် အကျိုးကျေးဇူးတစ်စုံတစ်ရာ ထင်စေရမည်။ အမြင်သစ် အသိသစ်ကို တွေ့သိခံစားမိစေရမည်။

သို့ဖြစ်ရကား ဂီတသီချင်းရေးစပ်သော ဆရာတစ်ယောက်သည် ဝတ္ထုရေးဆရာတစ်ယောက်နှင့် ထပ်တူထပ်မျှပင်လျှင် စာပေအရည်အချင်းရှိရန် လိုလိမ့်မည်ကို အထူးဖော်ပြရန်လိုမည် မထင်ချေ။ ထိုမျှ အရည်အချင်းနှင့်ပြည့်စုံသော ဂီတဆရာများ ပေါ်ထွက်လာလျှင်လည်း ပဒေသရာဇ်ခေတ်ဟောင်းက ရှေးသီချင်းကြီးများ၏ ရေးပုံ

သားပုံထက် ထူးခြားဆန်းသစ်သော အတွေးသစ်၊ အရေးသစ်များ မဖြစ်ပြောက် နိုင်စရာအကြောင်းမရှိချေ။

( ၂ )အသံ

ကိုယ်ခန္ဓာနှင့်တူသော အက္ခရာစာလုံးကလေးများကို လှပစွာလှုပ်ရှားလူးလွန့် လာအောင် ဖန်တီးပေးရသော ဂီတ၏ အသက်ဝိညာဉ်မှာ အသံဖြစ်လေသည်။ သို့ရာတွင် စာတစ်လုံးတည်းသည် ကဗျာမဖြစ်နိုင်သကဲ့သို့ အသံတစ်လုံးတည်းသည်လည်း ဂီတမဖြစ်နိုင်ချေ။ ဂီတဆိုသည်မှာ အနိမ့်အမြင့်အတိုအရှည် ကွဲပြားခြားနားသောအသံ အမျိုးမျိုးကို တစ်ခုနှင့်တစ်ခု အဆင်းအတက်ပြေပြစ်လှပအောင် တွဲဖက်စပ်ဟပ်ပေးမှု ဖြစ်သည်။

ထိုအသံတို့၏သဘောတွင်လည်း ယခုကာလပေါ် သီချင်းများ၏အဆင့် အတန်းသည် ရှေးသီချင်းကြီးများ၏အဆင့်အတန်းကို မမှီပြန်ချေ။ ကြိုးဘွဲ့သီချင်းခန့် ပတ်ပျိုး၊ ယိုးဒယား မည်သည့်အမျိုးအစား၌မဆို သီချင်းတစ်ပုဒ်၏သံစဉ်အနေအထား သည် အစမှ အဆုံးအထိ တသမတ်တည်းနေသည်ကို မတွေ့ရ။ (KEY)ခေါ် အသံကျများကို တစ်မျိုးမှတစ်မျိုးသို့ ပြေပြစ်လှပစွာကူးပြောင်းသွားစေလျက် နားအာရုံကို အသစ်အသစ်ပြောင်းလဲ ဆွဲငင်ယူသွားပုံများကိုသာ တွေ့ရပေသည်။ ထိုသို့သံတစ်စုံ၏ ( ဟန် )မှ အခြားတစ်ပါးသို့ လမ်းလွှဲကူးပြောင်းသွားစေခြင်းသည် ဂီတ၌သိမ်မွေ့သော အနုပညာပိုင်းဖြစ်သဖြင့် အဆင့်အတန်းရှိသည်ဟု ဆိုရပေမည်။

ကာလပေါ်သီချင်းများ၌မူ လွန်ခဲ့သော တစ်နှစ်ခန့်က အချိန်လောက်အထိ၊ သီချင်းတစ်ပုဒ်တွင် ( ဟန် ) တစ်မျိုးတည်း အသံကျတစ်မျိုးတည်းမှာသာလျှင် တီးမှုတ် သီဆိုသော အလေ့အထရှိကြလေသည်။ မကြာမီကမှ အသံပြောင်း အသံကူးများ အနည်းအကျဉ်းခေတ်စားလာသည်ကို တွေ့ရ၏။ သို့ရာတွင် အနောက်တိုင်းနာမည် ပေး၍ အသစ်အဆန်းပြုလုပ်ပြောဆိုနေကြသော်လည်း၊ ၎င်းတို့၏ ကာလပေါ်သီချင်း များမှ အသံပြောင်းပုံမှာ၊ ရှေးမြန်မာဂီတတေးထပ်တီးကွက်တွင် ငါးပေါက်သံမှ သုံးပေါက်သံသို့ ကူးပြောင်းပုံထက် ထူးခြားဆန်းသစ်လှသည်ကို မတွေ့ရသေးချေ။

ထိုသို့ရေးသားခြင်းဖြင့် အသံပြောင်းစနစ်ကို အပြစ်ပြောဆိုလိုသည် မဟုတ် ချေ။ ၎င်းကို တိုးတက်ကြံဆကြပါက ရှေ့က မရှိနိုင်ဘွယ်ရာ များစွာအလားအလာရှိပေ သည်။ သီချင်းတစ်ပုဒ်ကို အသံနှစ်ပါးအတွင်းမှာသာ တီးမှုတ်မည့်အစား ပို၍ပြည့်စုံ သော အသံခုနစ်ပါးအတွင်းဝယ် တီးမှုတ်နိုင်ရန်မှာလည်း ထိုအသံပြောင်းစနစ်ကိုပင်

သုံးစွဲရသည်ဖြစ်ရာ ဂီတပညာသည်များ အထူးဂရုပြုလေ့လာသင့်သော အစိတ်အပိုင်း တစ်ခုဖြစ်လေသည်။

အသံဆယ့်နှစ်ပါးဆိုသည်ကိုလည်း အချို့က စနှယားစသော အနောက်တိုင်း တူရိယာပစ္စည်းများပေါ်လာမှ မူလရှိပြီးအသံခုနစ်ပါးအပြင် အသံကြောင် ငါးမျိုးတိုးလာ သည့်အတွက် ဆယ့်နှစ်ပါးဖြစ်ရသည်။ မြန်မာသံအစစ်မဟုတ်ဟု ဆိုကြသည်။ သို့ရာ တွင် ထိုအယူအဆသည် မှားယွင်းသောအယူအဆသာလျှင်ဖြစ်ချေသည်။ ပဌမ သင်္ဂါယနာတင် မင်းတုန်းမင်းလက်ထက် ပညာဒီပ ကဝိဓဇ ဒီသာပါမောက္ခ တိပိဋကာ လင်္ကာရ ဘွဲ့တံဆိပ် နာမတော်ရှိသော ငှက်တွင်း ဆရာတော်ဘုရားကြီး ပြုစုစီရင်တော် မူသည့် ပိဋကတ်သုံးပုံ ဖလဲကျမ်း၌ပင်လျှင် ( အသံမျိုးဗွာဒသမှာလည်း၊ သံလွတ်၊ သံလွင့်၊ သံရင့်၊ သံညင်း၊ သံပြင်း၊ သံနုတ်၊ သံငုတ်၊ သံပေါ်၊ သံငေါ်၊ သံတန်း ဤအခန်း လည်း ခွဲခြမ်းစိတ်ဖြာ လိမ္မာရေးခြား သိတတ်စေ )စသည်ဖြင့် အထင်အရှား ဖော်ပြ ရေးသားထားလေသည်။

ထိုသို့ ဆယ့်နှစ်ပါးရှိလျက်နှင့် မထင်ပေါ်ဘဲ၊ အသံခုနစ်ပါးဟူ၍သာ ထင်ပေါ် နေခြင်းမှာ၊ ရှေးသီချင်းများမှစ၍ ယခုကာလပေါ်သီချင်းများအထိ သီချင်းတစ်ပုဒ် အတွင်း၌ အသံခုနစ်ပါးတည်းသာ ခွဲထုတ်သုံးစွဲလေ့ရှိကြခြင်းကြောင့် ဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ စောင်းကြိုးညှိနည်း ခုနစ်မျိုးကို စုံအောင်ညှိလျှင် ထိုအသံ ဆယ့်နှစ်ပါး လုံး အစုံပါဝင်နေသည်ကို တွေ့ရလိမ့်မည်ဖြစ်ကြောင်း ဆရာများထံမှ ကြားသိရဖူး လေ၏။

သို့ဖြစ်သောကြောင့် မြန်မာ ဂီတ၌ နဂိုကပင် ရှိရင်းစွဲဖြစ်သော အသံပြောင်း စနစ်နှင့် အသံဆယ့်နှစ်ပါးကို တိုးတက်ချဲ့ထွင်ကြံစည်ခြင်းဖြင့် အသံ၏ထူးခြားဆန်းသစ် မှုကို ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ဖွယ်များစွာ ရှိပေသည်။

( ၃ )တူရိယာ

အသံ၏တိုးတက်ဆန်းသစ်လာခြင်းနှင့်အမျှ တီးမှုတ်ရန်ပစ္စည်းကရိယာ တူရိ ယာများကိုလည်း ပြုပြင်ပေးရန် လိုအပ်ပေသည်။

သို့ရာတွင် အနောက်တိုင်း တူရိယာပစ္စည်းများကို ယူ၍ သုံးစွဲကြသဖြင့် အမျိုးအမည် ပွားများလာခြင်းကိုမူ မြန်မာအမျိုးသားဂီတ၏ တူရိယာပစ္စည်းများ အဆင့် အတန်းမြင့်လာသည်ဟု ယူဆနိုင်မည် မဟုတ်ချေ။ ၎င်းပြင် စနှယားကဲ့သို့ အချို့ပစ္စည်း ကရိယာများမှာ မြန်မာဂီတနှင့် ထိုက်သင့်သလောက် ဟပ်စပ်မိ၍ လက်ခံရမည်ဖြစ်

သော်လည်း၊ အချို့အနောက်တိုင်း တူရိယာပစ္စည်းများသည် အမျိုးသားဂီတ၏ ပင်ကိုယ်ဟန်ကို လုံးဝပျောက်ကွယ်စေသဖြင့် သုံးစွဲရန်ပင် မသင့်လျော်ချေ။

တိုးတက်အောင် ပြုပြင်ရမည်ဆိုသည်မှာ မြဝတီမင်းကြီးလည်း စောင်းတွင် ညို့ကြိုးခုနစ်ချောင်းရှိရာမှ ဆယ့်သုံးချောင်းသို့ တိုးတက်တတ်ဆင်ခဲ့ခြင်း၊ ဆိုင်းဝိုင်းကို စတွင်ကြံစီပြုလုပ်ခဲ့ခြင်း၊ ဧသည်တို့နည်းတူ ကျွန်ုပ်တို့ခေတ်တွင်လည်း အမျိုးသားတူရိယာများကိုသာ တိုးတက်ကောင်းမွန်အောင်လည်းကောင်း၊ အသစ်တီထွင်ရန်သော်လည်းကောင်း၊ ကြံစည်ကြိုးပမ်းသင့်ပေသည်။ ဥပမာ ပတ္တလားကို အသံခုနစ်ပါးအစားဆယ့်နှစ်ပါးလုံး သံစုံပါအောင် ကြံစည်လုပ်ကိုင်နိုင်ပါက တိုးတက်သည်ဟု ဆိုရပေမည်။

ထိုသို့ ဂီတပညာ၏ ဖော်ပြခဲ့သော အစိတ်အပိုင်းကြီးသုံးရပ်စလုံးကို တိုးတက်ဆန်းသစ်အောင်ပြုပြင်ခြင်းဖြင့် စံတင်လောက်သည့် ဂီတအခန်းကဏ္ဍသစ်များကို ဖွင့်မပေးနိုင်မခြင်း၊ ဆုတ်ယုတ်သည့်ဘက်က ဆုတ်ယုတ်လျက်ရှိသော ကျွန်ုပ်တို့ အမျိုးသားယဉ်ကျေးမှု ဂီတပညာသည် ပျောက်ကွယ်တိမ်ကောသွားဖွယ်ရာ အခြေအနေသို့သာ လျှင် နိမ့်ကပ်သည်ထက် နိမ့်ကပ်နေလိမ့်မည်ဖြစ်ကြောင်း ရေးသားဖော်ပြရပေသတည်း။

□

## ယနေ့မြန်မာ့ဂီတ

ရေးသူ - စောညိန်း (ဂီတနက်သန်)

လင်းယုန် ၊ တွဲ - ၁၊ အမှတ် - ၃၀ ၊ ( ၁ . ၉ . ၁၉၅၀ ) စာ - ၁၆၊ ၂၆။

ကျွန်ုပ်တို့ မြန်မာပြည်တွင် လွန်ခဲ့သည့် တစ်ခေတ် အနှစ်နှစ်ဆယ် သုံးဆယ်ကျော်လောက်ကဆိုလျှင် တူရိယာဂီတပညာသည် လူလေလူလွင့်များ၏အလုပ် ဖက်ခွက်စားပညာ ဧသည်ဖြင့် ရှုံ့ချနှိပ်နယ်လျက် ပစ်ပယ်မေ့လျော့ထားခြင်းကို ခံခဲ့ရပေသည်။ ယခုတော့မူကား နွံ့ဗွက်၏အောက်မှ တဖြည်းဖြည်းလွန်လူးလှုပ်ရှားစတော့မြင့် ပြုခဲ့ပါပြီ။ သူ၏လှုပ်ရှားရုန်းကန်မှုသည် တာပေနယ်ဘက်ဆီသို့ပင်လျှင် ရှိုက်ခတ်တိုးဝှေ့မိပေသေးတော့သည်။ သို့တစေလည်း ထိုလွန်လူးမှုသည် တိုးတက်သော အစိတ်အပိုင်းဘက်သို့ ရွေ့လျားနေသလော၊ ဆုတ်ယုတ်ပျက်စီးမည့်ဘက်သို့ ရွေ့လျားနေသလောဟူသည်ကို ဆင်ခြင်ရပေမည်။

ထိုသို့ဆင်ခြင်လိုက်သည်နှင့် တစ်ပြိုင်နက် "တိုးတက်သောဂီတဆိုတာ ဘာလဲ"

ဟူသော ပြဿနာတစ်ရပ်သည် ထပ်မံပေါ်ထွက်လာလျက်၊ ထိုပြဿနာ၏အဖြေသည် ကိုယ်သန်ရာကိုယ်ဆွဲ၍ ယူဆကြခြင်းဖြင့် အမျိုးမျိုးကွဲပြားနေပေရာ၊ ထိုအဖြေကွဲပြားသည်နှင့်အမျှ ဂီတနယ်မှ လူများသည်လည်း အစုစုကွဲပြားလျက် ငြင်းခုံ၍မဆုံးရှိကြပြန်လေတော့သည်။

ဤကဲ့သို့ ကွဲပြားနေသော အစုစုအနက် အဖောက်ပြန်ဆုံးလူတစ်စုမှာ [အနောက်တိုင်းဂီတ]သမားများ ဖြစ်လေသည်။ အနောက်တိုင်းဂီတမှာ ကမ္ဘာ့ယဉ်ကျေးသော လူမျိုးကြီးတို့၏ အနုပညာရပ်ဖြစ်၍ လေးစားထိုက်ရုံသာမက ၎င်း၏တိုးတက်သော အစိတ်အပိုင်းကို လေ့လာထိုက်သည်မှာကား မှန်၏။ ထိုအနုပညာရပ်မှ အကောင်းအညွန့် အဆီအနှစ်ကို ထုတ်ယူလျက်၊ ကျွန်ုပ်တို့ မြန်မာဂီတဝယ် သင့်လျော်ရာရာ ဖြည့်စွက်ထပ်လောင်းသည်ကိုလည်း လက်ခံနိုင်၏။ သို့ရာတွင် တိုင်းခြားဂီတကို တိုင်းရင်းဂီတအဖြစ်သို့ ပြောင်းယူ၍ အနုပညာ၏ပုံသဏ္ဍာန်သစ်တစ်ရပ်ကို တိုးချဲ့ဆောက်လုပ်မှုသည် အမျိုးသားယဉ်ကျေးမှုဟန်၏ နယ်နိမိတ်အတွင်း၌သာ ရပ်တန့်ရပေမည်။ မြန်မာဂီတသမိုင်းဝယ် အထွတ်အထိပ်ဆုံးဖြစ်ခဲ့သော မြဝတီ ပြင်စည်မင်းသားစသည်တို့ ခေတ်လောက်က တိုင်းခြားဂီတ ယိုးဒယားသံကို မြန်မာဂီတအတွင်းသို့ သွတ်သွင်းဖြည့်စွက်ခဲ့ရာ၌ မြန်မာ့ယဉ်ကျေးမှုဟန်ဖြင့် အထူးနိုင်နင်းစွာ ဖုံးအုပ်နိုင်မှု၊ ဂီတနှင့် တွဲဖက်သော စာပေသည်လည်း အနုပညာမြောက်စာပေအဖြစ်နှင့်ပင်လျှင် လက်မခံနိုင်လောက်အောင် ခန့်ညားသိမ်မွေ့ အဆင့်အတန်းရှိမှုတို့ကြောင့် "ယိုးဒယား" ဟူသော ဂီတပုံသဏ္ဍာန်သစ်တစ်ရပ်သည် မြန်မာတိုင်းရင်းဂီတအဆောက်အအုံဝယ် ထာဝစဉ်တည်တန့်သော အင်္ဂါအစိတ်အပိုင်းတစ်ခုအဖြစ်နှင့် ယခုတိုင် မားမားရပ်နိုင်ခဲ့လေသည်။

ယခုတော့မူ ထိုလူစုသည် အမျိုးသားယဉ်ကျေးမှုဟန်ကိုလည်း နားလည်ဟန်မတူ၊ ဂီတနှင့်တွဲဖက်ရန် စာပေကိုလည်း စာပေမြောက်အောင် ပြုစုနိုင်ဘို့ဝေးစွ၊ တီးကွက်နှင့် အံကိုက် ပြီပြီ သသ အသံထွက်မည့်စကားလုံးကိုပင် စေ့ငှအောင် ရှာ၍မသွင်းတတ်ပါပဲလျက် အနောက်တိုင်းဂီတသံအတုကို တီးတတ်ကာမျှဖြင့် သူတို့သည် မြန်မာဂီတပညာကို တိုးချဲ့ပြုစုသူများအဖြစ် ကိုယ့်ကိုယ်ကို အသားယူကာ ဘဝင်မြင့်နေကြပေသည်။ သို့သော် သူတို့တီးသောအသံများမှာမူ အဆိုမပါဘဲ တီးကွက်ချည်းသက်သက်တီးနေလျှင် မြန်မာသီချင်းဟူ၍ ပြောနိုင်စရာ တစ်ကွက်မျှမရှိ အနောက်တိုင်းတီးဝိုင်းအညံ့စားတစ်ခု တီးနေသည်နှင့်သာ တူပေသည်။ အကယ်၍ အနောက်တိုင်းတီးဝိုင်းအကောင်းစားလောက်မီအောင် တီးနိုင်သည်ထားဘိဦးတော့ တီးဟန်တီးကွက်ကို ကြားရုံ

မှုဖြင့် မြန်မာလူမျိုးတွေ တီးနေတာပဲဟု သိနိုင်လောက်အောင် မြန်မာ့ယဉ်ကျေးမှုဟန်ဖြင့် ဖုံးအုပ်ပေးခြင်းမရှိလျှင် အနောက်တိုင်းဂီတသာဖြစ်၍ တိုင်းရင်းဂီတ၏တိုးတက်သော အင်္ဂါအစိတ်အပိုင်းတစ်ရပ်ဟူ၍ ယူမှတ်နိုင်ဘွယ်ရာအကြောင်းမရှိချေ။

ထိုလူစုမှာ အမျိုးသားဂီတ၏ယဉ်ကျေးမှုဟန်ဖြင့် တိုင်းခြားဂီတကို ဖုံးအုပ်လွှမ်းမိုးရန် ကြိုးစားရမည့်အစား တိုင်းရင်းဂီတ၏ ပင်ကိုယ်ဟန်ကိုပင် အစိမ့်ဘွယ်မရှိ ဖျင်းရိုးငွေ့ဘွယ်ရာ ဖြစ်စေသည်။ စသည့်အနေမျိုးရောက်အောင် စော်ကားကြပေသေးသည်။ များမကြာမီက ပြသွားသော မြန်မာအသံထွက် ဘိုင်စကုတ်တစ်ခုမှာပင် တွေ့လိုက်ရသည်မှာ စန္ဒယားပြိုင်ပွဲတွင် ယှဉ်ပြိုင်တီးကြသော မိန်းကလေးနှစ်ဦးအနက် "ချစ်သမျှကို" သီချင်းကို တစ်ဦးသော မိန်းကလေးက ပတ်ပျိုးအဖြစ်နှင့် အမှန်အတိုင်း တီး၍ ကျန်တစ်ဦးက အင်္ဂလိပ်သံဆန်းဖြင့် သီဆိုတီးမှုတ်ဟန်၊ ပတ်ပျိုးဆိုစဉ်က ငိုက်မျဉ်းနေကြသော ဒိုင်လူကြီးများသည် အင်္ဂလိပ်သံတီးသောအခါတွင် ရွှင်လန်းထကြွလာဟန်ဖြင့် ဇာတ်ကွက်ပြုလုပ်ပြသ၍ပင် လူထု၏အမြင်တွင် တိုင်းရင်းဂီတကို အထင်သေးစေအောင် လှောင်ပြောင်လိုက်ကြသည်။ ထိုလူစု၏လက်ချက်ဖြစ်သည်ကိုကား ရိပ်မိလိုက်ပါ၏။ ထိုထက်အံ့ဩမိသည်မှာကား ဂီတအဖွဲ့ချုပ်ဆိုသူများက ထိုကဲ့သို့ စော်ကားသည်ကိုပင် မသိယောင်ဆောင်၍ ငုံ့ခံနေကြခြင်းပင် ဖြစ်ပေသည်။

ဒုတိယအစုတစ်စုမှာကား မြန်မာသီချင်းကြီးများကို သပ်သပ်လိုက်စားကြသော ဆရာကြီးများအစု ဖြစ်ပေသည်။ ၎င်းတို့မှာကား ပထမအစုကဲ့သို့ မြန်မာဂီတကို ဖောက်ပြန်ဖျက်ဆီးခြင်းမရှိရုံသာမက ငုတ်ကွယ်နေသည်ကို တူးဖော်လျက် ရှိုးသားကိုလည်း မပျောက်ပျက်ရအောင် သိမ်းဆည်းစောင့်ရှောက်ပေးဖော်ရပေသောကြောင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်၏ အမွေထိန်းများအဖြစ်နှင့်ကား ကျေးဇူးဥပကာရတင်ဖွယ်ရှိပါပေသည်။ သို့ရာတွင် ၎င်းတို့သည် ရှိုးသား သီချင်းဟောင်းများကို အပုဒ်ရေများများရအောင် လိုက်စားကြခြင်း၊ တူးဖော်တွေ့ရှိုးသား သီချင်းကြီးများကို သန့်ပြန့်မှန်ကန်စေခြင်းအတိုင်းငှာ သူ့မှု ငါ့မှု စစ်ဆေးငြင်းခုံနေရခြင်းတို့နှင့်သာ အချိန်ကုန်နေခဲ့သည်။ သီချင်းအပုဒ်ရေများများရအောင် တူးဖော်လိုက်စား ကျက်မှတ်နိုင်ခြင်းကို မြန်မာဂီတ၏တိုးတက်မှုဟူ၍ ယူမှတ်ပါ။ ကမ္ဘာ၏ဂီတပညာအဆင့်အတန်းသည် အဘယ်မျှ တိုးတက်နေပြီဆိုသည်ကို ဂရုမပြုမေ့လျော့လျက်၊ ကမ္ဘာသုံးအသံဆယ့်နှစ်ပါး၊ ကမ္ဘာသုံးဂီတသင်္ကေတ စသည်တို့ကို မြန်မာဂီတနှင့်ယှဉ်ကပ်ဆက်သွယ်ကြည့်ရမည့် တာဝန်ဝတ္တရားမှ ဖျက်ကွက်ခဲ့ကြသည်။ အမှန်မှာ သီချင်းအပုဒ်ရေများများရခြင်းသည် အနုပညာကို ဖန်တီးနိုင်ရန် အခြေခံ၊ သူတစ်ပါးထံမှ သင်ယူ၍ တတ်သောပညာ

သာဖြစ်၍ ပညာမမည်သေးချေ။ မြဝတီခေတ်နှင့် ဟိုမှာဘက်က ဂီတပညာသည်ကြီးများ ပြုစုခဲ့သမျှနှင့် တင်းတိမ်ရောင့်ရဲလျက်နေခြင်းဖြင့် တိုးတက်သော ဂီတအစိတ်အပိုင်းတစ်ရပ်သည် မယ်မယ်ရရ တိုးချဲ့ဖြစ်ပေါ်လာမည် မဟုတ်ချေ။

တတိယအစုတစ်စုမှာကား ခေတ်ပညာတတ် လူငယ်ပိုင်းဂီတသမားများအစုဖြစ်ပေသည်။ ၎င်းတို့အစုမှာ ပထမအစုနှင့် ဒုတိယအစုတို့ကဲ့သို့ မဟုတ် အမျိုးသားယဉ်ကျေးမှုဟန်ရှိရမည်ကို နားလည်လက်ခံကြသည်။ တိုးတက်သော တိုင်းရင်းဂီတ၏ အစိတ်အပိုင်းသစ်တစ်ရပ်ကို တည်ဆောက်ရန်ဝတ္တရားကိုလည်း သိကြသည်။ သို့ရာတွင် ၎င်းတို့သည် ရှေးမြန်မာသီချင်းကြီးများ၏ တီးဟန်တီးကွက်ကို ရှေးမှုနှင့်မတူစေဘဲ တီထွင်ဆန်းသစ်သည်ဟုဆိုကာ၊ တီးကွက်များ၍သော်လည်းကောင်း၊ ကွက်ပျောက်များ ထည့်သွင်း၍သော်လည်းကောင်း၊ ရိုးရိုးသားသီချင်းဟောင်းများကို နယ်အမြီးဆက်ရုံမျှနှင့် တိုးတက်သော အနုပညာမြောက်ပြီဟု ထင်မှတ်ကာ တီးဟန်တီးကွက်ကိုမူ မပျက်စောင့်ရှောက်ထိန်းသိမ်းထားကြသော ဒုတိယအစုဆရာကြီးများကို ပုတ်ခတ်ပြောဆိုလိုကြသည်။

အမှန်မှာ ရှေးသီချင်းကြီးများကို သင်ကြားတတ်မြောက်ရသည်မှာ ဆိုခဲ့ပြီးသည့်အတိုင်း အနုပညာမမည်သေး၊ စာတတ်ရန် သင်ပုန်းကြီးကို သင်ရသည်။ သို့ရာတွင် သင်ပုန်းကြီးမှာ အဓိပ္ပာယ်ပြည့်ဝသော စာမဟုတ်သကဲ့သို့သော်လည်းကောင်း၊ သိုင်းတတ်ရန် လေးကွက်ခြောက်ကွက် စသည်ဖြင့် အကွက်အရေဖြင့် သင်ကြားရသည်။ သို့ရာတွင် အကွက်အရေဖြင့်သာ နင်းတတ်သောသူသည် သိုင်းသမားကောင်း မဟုတ်သေးသကဲ့သို့ သော်လည်းကောင်း၊ အနုပညာကို ပြုစုနိုင်ရန် ပညာအခြေခံမျှသာဖြစ်ရာ၊ တီထွင်ဆန်းသစ်၍ တီးလိုကတီးနိုင်သည် မှန်သော်လည်း၊ သင်ရိုးသင်တန်းအဖြစ်နှင့် သတ်မှတ်ထားရန်မှာမူကား တစ်မျိုးတစ်စားတည်းသာ ရှိစေလိုပေသည်။ ဤတွင်မူတစ်မျိုးတည်းဟုပင် ဆိုသော်လည်း တီးကွက်၊ တီးဟန် ခြားနားနိုင်ပေသေးသည်။ ( ဥပမာ ) သာယာကြီး၊ "ချစ်ခင်လေ"အပိုဒ်တွင် ( ချစ် )သုံးပေါက် ( ခင် )လေးပေါက် ( လေ )ငါးပေါက် စည်းတစ်ခန်းဟု သတ်မှတ်ထားပါက၊ စုံရိုက်နှင့် မောင်းနင်းမှုကို ငြင်းခုံနေဖွယ်မလိုချေ။ အသံကျတူ စည်းတူလျှင် တစ်မူတည်းဟုသာ ယူဆရန်ဖြစ်ပေရာ အသံကျလွဲခြင်း၊ စည်းအခန်း အပိုအလျော့ရှိခြင်းတို့ကိုကား အမြန်ညှိနှိုင်းလျက် အများသဘောကြိုက်ညီရာကို ဆုံးဖြတ်သတ်မှတ်ထားသင့်ကြပြီဟု သဘောရရှိပေသည်။

ထိုကဲ့သို့ ဆုံးဖြတ်သတ်မှတ်ထားသောမူကို ရရှိပြီး သူအဖို့ကား ကိုယ်ကြိုက်သလို

မြူပြင်မတီးရဟု မည်သူကမျှ အာဏာနှင့် တားမြစ်ချုပ်ချယ်ထားသည် မဟုတ်၍ အဆန်းထွင်လိုသူအတွက်လည်း သတ်မှတ်စုံမက်မှုရှိရုံမျှနှင့် အကျိုးယုတ်သည်ဟု မဆိုနိုင်ချေ။ မတွေ့ဘူးသော ဂီတသမားချင်း တွဲဖက်တီးမှုတ်ရာ၌လည်း သတ်မှတ်ချက်မှုတစ်ခုတည်းအပေါ် ၀ယ် အမှီပြုတီးရခြင်းဖြင့် ညီညွတ်အံကိုက်မှုကို ရနိုင်ပေသည်။

ကျွန်ုပ်၏အယူအဆမှာကား ရှေးသီချင်းကြီးများ၏ တီးကွက်ကို ကွန့်၍လွန့်၍ တီးနေရုံမျှဖြင့် တိုးတက်သော အနုပညာဟု မခေါ်ဆိုလိုပါ။ လှိုင်ထိပ်ခေါင်တင်မင်းသမီးသည် ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ တလိုင်း စသည် ရှိပြီးသား ဂီတပုံသဏ္ဍာန်တို့မှ တမူခြားနားစေလျက် "ဘောလယ်" ဟူသော တိုးတက်သည့် အနုပညာမြောက်၊ ဂီတပုံသဏ္ဍာန်သစ်တစ်ရပ်ကို တီထွင်ဆောက်လုပ်နိုင်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု ဟန်၏နယ်နမိတ်အတွင်း၀ယ် ဂီတပုံသဏ္ဍာန်သစ်တစ်ရပ်ကို ထပ်မံဆောက်လုပ်ဦးမည့် အနုပညာရှင်ကို မျှော်မှန်းရင်း ဤဆောင်းပါးကို နိဂုံးချုပ်ရပေသတည်း။

□

## ဂီတ – အနုပညာ

ဂီတ . . . ဆိုသည်မှာ အတီးအမှုတ်ပညာဟု သာမန်အားဖြင့် လူတိုင်း နားလည်ကြပေသည်။

သို့ရာတွင် အနုပညာမြောက်ဂီတပညာဆိုသည်ကား အတီးအမှုတ်တစ်ခုတည်း၊ အထီးကျန်သပ်သပ် ကင်းလွတ်နေသောအရာမဟုတ် စာပေပညာ၊ လူတို့၏ စိတ်လှုပ်ရှားမှုနှင့် စပ်ဆိုင်သော စိတ္တဗေဒပညာ၊ နားသောတကဲ့သို့သော လူတို့၏ကိုယ်အင်္ဂါအစိတ်အပိုင်းဆိုင်ရာပညာ၊ လူတို့၏ဖြစ်စဉ်သမိုင်းနှင့် စပ်ဆိုင်သော အဘိဓမ္မာပညာ စသည်တို့ဖြင့် အကျုံး၀င် စပ်သွယ်လျက်ရှိသည်ကိုမူ . . . သဘောပေါက်ကောင်းမှ ပေါက်ပေလိမ့်မည်။

ထိုကဲ့သို့ စပ်သွယ် ဆက်နွယ်လျက်ရှိုံ . . . . . . . . . အနုပညာသမားတစ်ယောက် . . . ဂီတ အတီးသမား၊ အဆိုသမားတစ်ယောက်ဖြစ်ရန် လွယ်ကူသော်လည်း၊ ဂီတအနုပညာသမားတစ်ယောက်ဖြစ်ရန်ကား များစွာ ကျယ်၀န်းနက်နဲလှပေသည်။

မြန်မာပြည်တွင် ဂီတပညာသင်ကြားခြင်းစနစ်ကား လုံး၀ စည်းကမ်းပျက်ယွင်း

ညဲ့ဖျင်းလျက်ရှိရာ ဂီတဆရာတစ်ယောက်ထံ သွားရောက်၍ ဂီတပညာသင်ပေးပါဟု တောင်းခံပါက၊ သီချင်းတွေကိုသာ လျှောက်၍တက်ပေးလိုက်ပေလိမ့်မည်။ အချိန်ကာလ ကြာညောင်း၍ သီချင်းပုဒ်ရေ အတော်အသင့်ရရှိ တီးမှုတ်သီဆိုနိုင်သောအခါ ထိုတပည့်ဖြစ်သူအား ဂီတပညာတတ်ပြီဟူသော စာရင်းထဲသို့ သွင်းလိုက်ကြလေသည်။

သို့ရာတွင် ထိုသူမှာ ဤကား ထူးမခြားနား၊ ဤကား ဂန္ဓမာတောင် အစရှိသဖြင့် ဆရာက လက်ထပ်တက်ပေးလိုက်သည့်အတိုင်း တီးမှုတ်သီဆိုနေရရှာပြီး၊ ကိုယ့်ဟာကိုယ် ဘာတွေလုပ်နေမှန်းမသိ ဖြစ်နေတတ်လေသည်။

ရင်းပြင် ပညာအဆင့်အတန်းကို ပိုင်းခြားရာ၌ သီချင်းပုဒ်ရေ ရှစ်ဆယ်ရသည်။ တစ်ရာရသည် စသော အရေအတွက်ကိုသာ တန်ဖိုးထား၍ ပိုင်းခြားပြောဆိုတတ်ကြသေးသည်။

သူတစ်ပါး အဆင်သင့် ပြုစုပြီးသော သီချင်းကြီးဖြစ်စေ၊ ကာလပေါ်ဖြစ်စေ၊ ပုဒ်ရေများစွာကို တီးတတ်ဆိုတတ်ခါမျှဖြင့် ဂီတအနုပညာရှင်တစ်ယောက်ဟူ၍ ကျွန်တော်ကတော့ မမြင်နိုင်ပါ။ ထိုသူမှာ ဂီတအတီးသမား၊ အဆိုသမားတစ်ယောက်သာလျှင် ဖြစ်နိုင်ပေလိမ့်မည်။

ဂီတအနုပညာရှင်တစ်ယောက် ဖြစ်ထိုက်သော အရည်အချင်းမှာ ထိုကဲ့သို့ သူတစ်ပါးရေးသားပြုစုခဲ့သော သီချင်းများကို ရရှိတီးမှုတ်သီဆိုတတ်ပြီးနောက်၊ ဤသီချင်းတွင် ဤနေရာ၌ ဘာ့ကြောင့် ဤလိုတီးရသည်၊ ဆိုရသည် စသည်တို့ကို ပိုင်းခြားဝေဖန်၍ နားလည်သိရှိရမည်။ ထိုနားလည်သိရှိမှုကို အခြေခံပြု၍ မိမိခံစားတွေ့သိချက်အသစ်များကို ဂီတပညာဖြင့် အသစ်ပေါ်ပြုနိုင်ရမည်။ အရှင်းဆုံးရေးရလျှင် ကိုယ်တိုင်အနုပညာမြောက်သော သီချင်းသစ်များ ပြုစုနိုင်ရမည်။ သို့မှသာ ဂီတအနုပညာရှင်တစ်ယောက်ဟု ခေါ်ဆိုထိုက်လောက်အောင် အရည်အချင်းပြည့်စုံသူဟု ဆိုနိုင်ပေလိမ့်မည်။

ထိုကဲ့သို့ဖြစ်နိုင်ရန်မှာလည်း ကောင်းစွာတတ်မြောက်သော စာပေပညာ အခံရှိဖို့လိုလာပြန်တော့သည်။ သီချင်းဆိုသည်မှာ ကာရန်၊ ဝါကျမှန်ကန်သော ကဗျာတစ်ပုဒ်ကို ဂီတ၏အကူအညီဖြင့် သာမန်ကဗျာထက် ပိုမိုထိရောက်အောင် ပေါ်ပြုခြင်းပင်ဖြစ်ရာ၊ သီချင်းတစ်ပုဒ်တွင် ဂီတကိုဖယ်နှုတ်လိုက်လျှင် ကဗျာတစ်ပုဒ်၏အရည်အချင်းအပြည့်အစုံ ကျန်ရှိရပေမည်။

ထို့ပြင် ယဉ်ကျေးမှုပညာများ၌ ရှိအပ်သော အင်္ဂါလက္ခဏာများအတိုင်း အမျိုးသားမှုအသွင် ရှိရမည်။ သည့်ပြင် လူတို့ဖြစ်စဉ်သမိုင်းနှင့် လျော်ညီသော

အကြောင်းအရာကို ဆောင်နိုင်ရပေဦးမည်။ ဥပမာ-ပဒေသရာဇ်ခေတ်ကို အလုပ်အကျွေးပြုသော ဘုန်းတော်ဘွဲ့သီချင်းတစ်ပုဒ်ကို ယျှလို ပြည်သူ့ခေတ်တွင် ရေးသားမြုစ်၍ အောင်မြင်နိုင်မည် မဟုတ်ချေ။

ပဒေသရာဇ်ခေတ်ဟောင်းတုန်းကမူ သူ့ခေတ်နှင့်သူ လျော်ညီသဖြင့် ဘုန်းဘွဲ့သီချင်းများ၊ မိဖုရားများသောဘုရင်များ အဆောင်တော်သို့ မပေါ်လာ၍ အမျှော်စိုက်သောသီချင်းဂီတများသည် ခေတ်စားအောင်မြင်ခဲ့ပေသည်။ သည်ကြားထဲကပင် မိမိတို့အမျိုးသားတိုင်းပြည် ရေမြေတောတောင်ကို ချစ်မြတ်နိုး၍ သဘာဝကို မှန်ကန်စွာသရုပ်ဖော်မှုများ၊ ဗုဒ္ဓ၏အဘိဓမ္မာကို ဖော်ပြသော ဓမ္မဂီတများ ပေါ်ပေါက်ထွန်းကားခဲ့သည့်ပြင် အမျိုးသားမှ အမျိုးသားဟန်လည်း မပျက်စီးခဲ့သဖြင့် သူ့ခေတ်နှင့် သူ့အနုပညာမှာ အထွဋ်အထိပ်သို့ ရောက်အောင် တိုးတက်ခဲ့ပြီး ယျှခေတ်တိုင်(Classic)ခေါ်မော်ကွန်းတင် အနုပညာများအဖြစ် ကြွင်းကျန်ရစ်ခဲ့ပေသည်။

တစ်ဖန် အရင်းရှင်ခေတ်တွင် ပစ္စည်းရှင်လူတန်းစားတို့သာလျှင် စိတ်ကူးယဉ်နိုင်သော . . . ဂုဏ်အချစ်ကို ဖွဲ့ဆိုသည့်သီချင်းများ ခေတ်စားလာပြီး အမျိုးသားမှ အမျိုးသားဟန်လည်း တဖြည်းဖြည်းပျက်စီးခဲ့သဖြင့်၊ မော်ကွန်းတင်ထားလောက်သော ဂီတအနုပညာဟူ၍ မယ်မယ်ရရမပေါ်ပေါက်လာတော့ပဲ တဖြည်းဖြည်း ဆုတ်ယုတ်မှေးမှိန်ခဲ့ပြန်သည်။

ယခုတစ်ဖန် ပစ္စည်းမဲ့ပြည်သူလူထု၏ အုံကြွလှုပ်ရှားမှု တဖြည်းဖြည်းမြင့်တက်လာခဲ့သည့်အချိန်တွင် အရင်းရှင်စနစ်သည် တဖြည်းဖြည်းကျဆုံးလာခဲ့သည်နှင့်အမျှ သူ့ခေတ်က အနုပညာဟုခေါ်ဆိုသော တကယ်အမှန်မဟုတ်သည့် ပစ္စည်းရှင် လူတန်းစားတို့၏ ဝိမ်ခံစိတ်ကူးယဉ်စရာသာဖြစ်သည့် အမျိုးသားမှုမဆန်သော သီချင်းဂီတများသည် တဖြည်းဖြည်းကျဆုံးရပေတော့မည်။

ထို့ကြောင့်

စိတ်ကူးယဉ်အနုပညာများ၏နေရာတွင် တကယ့်သရုပ်ဖော်အနုပညာများကို အစားထိုးပေးရန် လိုအပ်လာသည်။

ထိုအခါ နယ်ချဲ့အရင်းရှင်စနစ်အောက်တွင် ကွယ်ပျောက်ခဲ့သော အမျိုးသားယဉ်ကျေးမှုများသည် နလံမထူနိုင်အောင် နင်းပြားဘဝတွင် ရှိနေသည်ဖြစ်ရာ ထိုယဉ်ကျေးမှုများကိုပြန်လည် . . . . . . . . . လည်း အရေးကြီးပေသည်။ လူနေမှုစနစ်. . . မှာ ယဉ်ကျေးမှုနှင့် တပါတည်း တိုးတက်ရမည်ဖြစ်ရာ နောက်မှလုပ်မည်ဟု ချွင်းချန်ထား၍ မရနိုင်ချေ။

ထို့ကြောင့် ဂီတအနုပညာရှင်များသည် လူ့ဖြစ်စဉ်သမိုင်းကို နားလည်သိမြင်ဖို့ လိုပေသည်။ သို့မဟုတ် နားလည်သိမြင်သူများသည် ဂီတအနုပညာရှင်များဖြစ်လာဖို့ လိုပေသည်။ ဤနေရာ၌ အချို့ တိုးတက်သောအစိတ်အပိုင်းမှ ပုဂ္ဂိုလ်များသည် ကျယ်ဝန်းနက်နဲလှသော ဂီတပညာကို စာတွေ့လောက်ဖြင့် နားလည်ထားပြီး လက်တွေ့သမားများကို ဝေဖန်နေကြသည်၊ အားမရဖြစ်နေကြသည်။ ဤသည်လည်း မှားယွင်းခြင်းတစ်ရပ်ပင်၊ စာတွေ့သမားသည် စာတွေ့လောက်သာ သဘောပေါက်နားလည်ပေလိမ့်မည်။ လက်တွေ့လေ့လာ ဆည်းပူးတီးမှုတ်တတ်သူကဲ့သို့ နားလည်မည်မဟုတ်ချေ။ ဤအကြောင်းနှင့်ပါတ်သက်၍ အောက်တွင် အဖြစ်အပျက်ကလေးတစ်ခုကို ဖော်ပြပါမည်။

တစ်နေ့တွင် ကျွန်တော့်အိမ်သို့ ရင်းနှီးသောမိတ်ဆွေတစ်ယောက် ရေးကြီးသုတ်ပြာ ရောက်လာသည်။ သူကား စာပေကို ချစ်မြတ်နိုး၍ စာပေဘက်၌ အတော်ပင်ပေါက်ပေါက်ရောက်ရောက်လေ့လာလိုက်စားထားသူတစ်ယောက်ဖြစ်သော်လည်း ဂီတပညာကိုကား ဝါသနာသာပါ၍ လုံးဝသိနားလည်သူတစ်ယောက် မဟုတ်ရှာချေ။

"ဒီမှာ ကိုယ့်လူ တီးကွက်တစ်ပုဒ်လောက်ကောင်းကောင်းလုပ်ပေးစမ်းပါ။ ကျုပ် စာသားသွင်းပြီး သီချင်းရေးစမ်းချင်လို့ . . . "

သူက သည်လိုပြောလာသဖြင့် ကျွန်တော့်မှာ တော်တော်စိတ်ဒိုက်သွားရသည်။ သူက ဆက်လက်၍ ယခုခေတ် ကာလပေါ် သီချင်းများတွင် စာသားအဆင့်အတန်းအလွန်မှ နိမ့်ကျလျက်ရှိကြောင်း သူသည် စာပေကို ကျွမ်းကျင်သဖြင့် အဆင်သင့်လုပ်ပြီးသားတီးကွက် . . . . . ကို ရပါလျှင် သီချင်းကောင်းတစ်ပုဒ်ဖြစ်အောင် ရေးနိုင်လိမ့်မည်ထင်ကြောင်း ပြောပြလေသည်။

ယခုခေတ်တွင်သော်လည်းကောင်း၊ ရှေးကသော်လည်းကောင်း၊ သီချင်းအလိုက်ခေါ် တီးကွက်ရှိပြီးသားတွင် စာသားအသစ်များထည့်သွင်းလျက် ရေးသားလေ့ရှိသော ထုံးတမ်းစဉ်လာကလည်း ရှိနေသဖြင့် သူ့အကြံမှာ မဆိုးလှချေ။

သို့ရာတွင် ကျွန်တော့်အသိအမြင်နှင့်မူကား များစွာဆန့်ကျင်လျက်ရှိသည်။ ထိုကဲ့သို့ပြုလုပ်ရန်မှာ အနုပညာ၏သစ္စာကို စောင့်သိသူတိုင်း မဖြစ်နိုင်ချေ။ လုံးဝလည်း အဓိပ္ပါယ်မရှိပေ။ ထိုကဲ့သို့နည်းဖြင့် အနုပညာမြောက်သော သီချင်းတစ်ပုဒ်ပေါက်သွား . . .

(ဂီတနက်သန်ကိုစောညိန်း၏ လက်ရေးမူကြမ်းမှ ထိုမျှအထိသာဖတ်၍ရပါသည်။)

□□□

## ‘‘ ဝိတနုတ်သန် တိုးစောညိမ်း ရေးသားခဲ့သော ဝတ္ထုတိုများ ’’

### တတိယသဝဏ်လွှာ

ရေး - စောညိမ်း( ဝိတနုက်သန် )

တသုန်သုန်တိုက်ခတ်နေသော မြောက်ပြန်လေညင်းကလေးထဲမှ ဝဲပျံလာသော တယောသံသည် နွဲ့နွဲ့ရီ၏စိတ်အာရုံတစ်ခုလုံးကို သိမ်းကျုံးဆွဲငင်ထားသဖြင့် ကော့ရရော့ နေသောမျက်တောင်ကလေးများကို ပင့်ကာ ဝိုင်းစက်ကြည်လင်သော မျက်လုံးကြီးများကို ဖွင့်၍ ဖြူဖွေးသော ဇာခြင်ထောင်အမိုးကို တွေတွေကလေး စိုက်ကြည့်နေရာမှ အသက်ဝင်လာသလို လှုပ်ရှားရင်း သက်ပြင်းကလေးတစ်ချက် ရှုထုတ်လိုက်ကာ ရည်ရွယ်ချက် မရှိဘဲ ကျယ်ပြန့်ထူထဲသော မွေ့ရာကြီးပေါ်တွင် လူးလှိမ့်လိုက်မိသည်။

ပြတင်းပေါက် တရွက်ကတ်ကြားမှ ဆောင့်ဝင်လာသော ဆောင်းလေသည် ဇာခြင်ထောင်ကို လှိုင်းထသွားစေလျက် သူ၏ရင်ဖုံကလေးကို တိုးဝှေ့ကြည်စယ်သွားမှ စိမ့်သွားသော အအေးဓာတ်ကို သတိပြုမိကာ သက္ကလပ်စောင်ထူထူကြီးကို ဆွဲ၍ခြုံရင်း “ငါ ဘာကြောင့် နားထောင်နေမိပါလိမ့် မလဲ” ဟု သူ့ကိုယ်သူ အပြစ်တင်၍ “ဒီအသံကို နားမထောင်ဘဲနေရင် ကောင်းမှာပဲ” ဟု ဆုံးဖြတ်ချက် ချမိသော်လည်း သူ့စိတ်ကိုသူ အနိုင်မရ တယောသံထဲ၌ နစ်မြောသွားပြန်၏။

ခုနစ်သံချိုကို ဘယ်ပြောင်းညာလှဲ့ နိမ့်တုံမြင့်တုံ့ အလူးအလှိမ့်ကလေးတွေနှင့်

စမ်းသွားသော တယောသံမှာ ကျွန်တော့်သခင်ဟာ သာမည တယောသမားမဟုတ်ပါဘူးဟု အော်မြည်နေသည့်အလား တီတီတာတာ အပလီအခရာ အညှာအခွဲကလေးတွေပိုလျက် ပြာလဲ့သော ကောင်းကင်မှ ပြည့်ဝ ဝိုင်းစက်သောလမင်းကြီး၏အရောင်ဖြင့် လွှမ်းခြုံနေသော တိတ်ဆိတ်သာယာသည့် လောကဓာတ်၏ လွှမ်းစချုပ်ဖွယ်အရသာကို ပို၍ပို၍လေးနက်အောင် ဖြည့်စွမ်းပေးနေလေသည်။ တယောရှင်သည် အစမ်းမှ တေးသွားကို ကူးပြောင်း၍ တီးစပြုသောအခါ နွဲ့နွဲ့ရီ၏အာရုံသည် ပို၍ပို၍ စိုက်လိုက်မိ၏။

"စိမ်းလေသူလှသွေးရယ် . . . မျှော်. . . တွေးရှုယ်. . . ဆွေးပူရတယ်"

အသံမှာ မကောင်းလှသော်လည်း စည်းဝါးကျနအဝင်အထွက် သေသပ်လှသည့်ပြင် တကယ်အဟုတ် လှိုက်လှဲနေသော အသည်းနှလုံးမှ ဆွေးမြည်စွာ ထွက်ပေါ်လာဟန်တူသောကြောင့် ကရုဏာရသနှင့် ပြည့်စုံလှသည်။ သီဆိုလိုက်သော သီချင်းသွားနှင့်လည်း လိုက်လျောလှသည်။ ထိုအပိုဒ်ကို တစ်ခါပြန်ကျော့ပြီးမှ ရှေ့သို့ဆက်လက်၍. . .

"အချစ်စာတွေရယ် . . . မေတ္တာ ဂဟေဆက်သွယ် . . . ပန်ကြားခါ. . . အသနားခံခဲ့တယ်"

နွဲ့နွဲ့ရီသည် မနေ့က ဤအချိန်တွင် သူ၏ချွေးခံအိတ်ထဲ၌ရှိနေသေးသော စာကလေးကို ယောင်၍ စမ်းလိုက်မိသည်။ မတွေ့သောအခါမှ သတိရကာ မေ့လျော့နေသော လောကကြီးမှာ သူ၏စိတ်အာရုံတွင် ပြန်၍ ထင်မြင်လာပြန်၏။

ယနေ့ မနက်ကပင် ရေချိုးစဉ် ချွတ်ထားခဲ့သော အင်္ကျီကို အမှတ်တမဲ့နေလိုက်မိသည်။ သူ့အပြစ်ပင်။ စာရွက်ခေါက်ကလေးသည် အိတ်ထဲမှ ဖျတ်ခနဲ ခုန်ထွက်ကာ သူ့မိခင်ရှေ့သို့သွားကျလျက် ကိုယ်ထင်ပြလိုက်သဖြင့် သူ့မိခင်သည် မသက်သာသော မျက်လုံးများနှင့် သူ့ကို မော်ကြည့်ကာ စာရွက်ခေါက်ကလေးကို ဖြည်းညင်းစွာ ကောက်ယူလိုက်သောအခါ သူ့ရင်ထဲတွင် မီးရထားဆယ်စီးခုတ်မောင်းသွားသလို တဒိန်းဒိန်း လှုပ်ရှားသွားမိသည်။ ပြီးမှ ဣန္ဒြေဆည်လိုက်ကာ

"ဩော်. . . မေမေရယ်၊ မေ့နေလို့ မေမေ့ကို တိုင်မလို့ဟာ မနေ့ကပေါ့ ဟိုအကောင် ပစ်ပေးသွားတာ"

ဟု ခြောက်ပြစ်ကင်း လုပ်လိုက်ရသည်။ သူသည် သူ့မိခင်ကို တစ်ခါမျှ မလိမ်ဘူးခဲ့။ သည်တစ်ကြိမ် စွန့်စား၍ လိမ်လိုက်မိသည်။ အမှန်မှာ ဤစာသဝဏ်ကလေး သူ့ထံမျှော်မှန်းခဲ့သောအချိန်ကာလကို တွက်စစ်လျှင် ဆယ်ရက်ထက်မနည်း ရှိလေပြီ။

သို့သော် သူ့မိခင်သည် သူပြောသောစကားကို ယုံကြည်သည်။ အဘယ်

ကြောင့်နည်း၊ နွဲ့နွဲ့ရီမှာ အလှဘုရင်မကလေးတစ်ဦးဖြစ်ရာ အသက်ဆယ့်လေးနှစ်သမီးလောက်မှ ယခုဆယ့်ခြောက်နှစ်ကျော်ကျော် ရှိလာသည့်အတွင်း ဤကဲ့သို့သောစာမျိုးပေါင်း မရေမတွက်နိုင်လောက်အောင် ရှုံးသမျှသည် သူမိခင်လက်သို့သာ ဝကွက်၍ အပ်နှင်းလိုက်ခဲ့ဖူးသော ကျေးဇူးများကြောင့် ဖြစ်ပေသည်။ ဤစာကလေးကျမှ ဘာကြောင့် သူသိုဝှက်ထားမိသနည်းမသိ။ "ငါ သူ့ကိုများ ချစ်နေမိသလား" သူ့ကိုယ်သူမေးသည်။ မဟုတ်ပါ။ ချစ်နေသည်ဟု ဘယ်နည်းနှင့်မျှ သူ ဝန်မခံနိုင်သေး။ သူ့စိတ်က သူ့ကို ပြန်၍ လှည့်စားနေလေသည်။ သူကား မသိ။

"မချစ်ဘူး . . . မချစ်ဘူး၊ ဘာကြောင့် ချစ်ရမလဲ" ဤအဆိုကို သူ ထောက်ခံသည်။ သူသည် သူတို့မြို့ကလေးတွင် အလှတံခွန်စိုက်ဖြစ်သည့်ပြင် သူ့ဖခင်မှာ ကြွယ်ဝချမ်းသာသော စက်ပိုင်ရှင်တစ်ယောက် ဖြစ်သည်။ တစ်ယောက်တည်းသော သမီးဖြစ်သည့်အလျောက် အလိုလိုက်ခဲ့သည်။ ချစ်ခင်ယုယကာ တဖူးဖူးမှုတ်ထားခဲ့သည်။ ငွေကြေးအကုန်အကျခံကာ ခေတ်ပညာကို သင်စေခဲ့သည်။ အင်္ဂလိပ်ပြေးမှ ရန်ကုန်မြို့ စိန့်ဖင့်ဆင့်ကျောင်းမှ ခုနစ်တန်းနှင့် သူ ထွက်ခဲ့ရသည်။ ရန်ကုန်မှာသော်လည်းကောင်း၊ သူတို့မြို့ကလေးမှာသော်လည်းကောင်း၊ သူ့ကိုမရလျှင် သေမလောက်ကြိုက်ကြသော သူနှင့် ဂုဏ်ရည်တူ ယောက်ျားပျိုကလေးများကို သူ ဂရုမစိုက်ခဲ့။ ဆင်းရဲသော ( ဝါ )ဂုဏ်ရည်မတူသော ဤစမ်းအောင်လိုလူကို သူ ချစ်ပါသည်ဆိုက အတော်ရယ်စရာကောင်းသော အဓိပ္ပာယ်မရှိသည့်စကား ဖြစ်ပေလိမ့်မည်။ ဤမာနစိတ်ကလေးသည် သူ၏အချစ်ကို ဖုံးကွယ်ထားသည်။ သို့သော် "သနားစရာ အတော်ကောင်းတယ်" ဤအဆိုကိုမူကား သူ မကန့်ကွက်၊ သနားသည် . . . သနားသည်။ "ဘာကြောင့် . . . " သူသည် သူ့စိတ်ကို သူ မေးခွန်းထုတ်မည်ပြုစဉ် သူ့မိခင်သည် စာရွက်ကလေးကို အပြုံးကြီးနှင့် ဆုတ်ဖွဲ့ချေမွရင်း ရေရွတ်လိုက်၏။

"ဒီသတ္တဝါကလေးတွေဟာ အတော်လူပါးဝတယ်။ သူတို့နှင့် တန်သလား၊ ရာသလား၊ အမဲဖိုနှယ် ဟင်းအိုးမှ အားမနာ. . . " ဤကဲ့သို့ပင် ရေရွတ်လိုက်ရသော်လည်း စာထဲ၌ပါသော အသုံးအနှုန်းများမှာ နူးညံ့ယဉ်ကျေးလှသဖြင့် သူ့သမီးကိုပင် သူစိတ်မချနိုင်အောင်ဖြစ်မိသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်ပြီးသည့် အသုံးအနှုန်းများ မပါသဖြင့် နွဲ့နွဲ့ရီအား အပြစ်မရှိဟု ယူဆသည့်အလျောက် ဤကဲ့သို့ အောက်တန်းကျသော သူငယ်ကလေးမျိုးနှင့် ဘယ်နည်းနှင့်မျှ မိဘများကလည်း သဘောမျှနိုင်မည်မဟုတ်ကြောင်း၊ နွဲ့နွဲ့ရီကလည်း မိဘနှစ်ပါးတို့က လိမ္မာသောသမီး ဖြစ်သည်ဟု ထင်မြင်သည့်အတိုင်း မိမိစိတ်ကို ထိန်းသိမ်းရမည့်အကြောင်းတို့ကို

သွယ်ဝိုက်သောနည်းအားဖြင့်သာ ချော့မော့၍ ပြောသည်။ သူ့အား ဆုပ္ပအပြစ်တင်ခြင်း မပြု။

သို့သော် ဘယ်အတွက်လဲမသိ တစ်နေ့လုံး သူမှာ စိတ်ညစ်သလိုလို ဘာလိုလို ဟာတာတာ ပေါ့ပျက်ပျက်ကြီးဖြစ်နေသည်။ မကြာခဏ တွေဝေငေးမောနေမိသည်။ ထိုကဲ့သို့ တွေဝေငေးမောနေမိတိုင်း စာထဲပါသော စာလုံးကလေးများကို မြင်ယောင်လျက်နေမိသည်။ စမ်းအောင်အပေါ်တွင် သူ့အတွေးရောက်၏။ သူ တွေ့ခဲ့ဖူးသော (ဝါ) သူ့ကို ပိုးပန်းခဲ့ဖူးသော အခြားယောက်ျားပျိုကလေးများနှင့်မတူ၊ ထူးဆန်းသူဖြစ်လေရာ သူပေးသောစာမှာလည်း အတော် ထူးဆန်းသည်။ စာထဲ၌ သူ့အား ပြန်လည်ချစ်ခင်ပါရန် ခွင့်တောင်းသောစကား တစ်လုံးမျှမပါချေ။ သူ၏အချစ်ကို ဖွင့်လှစ်ထုတ်ဖော်သော စာမျှသာဖြစ်၏။

သူ့စာမှာ သူသည် ဆယ်တန်းမျှလောက် မတောက်တခေါက် ပညာကလေးဖြင့် တစ်ဝမ်းတစ်ခါးကို ဆင်းရဲငြိုငြင်စွာ ရှာဖွေစားသောက်ရသူဖြစ်သည့်အလျောက် မနေဂုဏ်၊ အလှဂုဏ်တို့ဖြင့် အဆင့်အတန်းခြင်း မနှိုင်းယှဉ်သာအောင် ကွာလှမ်းလှသော နွဲ့နွဲ့ရိုတို့လို မိန်းကလေးတစ်ယောက်အား မျှော်မှန်းကြံစည်ခြင်း မပြုဝံ့ပါကြောင်း၊ သို့သော် မိမိစိတ်ထဲ၌ ချစ်မိသောအချစ်ကို ဖြေ၍မရအောင် တစ်နေ့တစ်ခြားကြီးမားရင့်သန်လာခဲ့ပါသဖြင့် အသည်းနှလုံးအတွင်းတွင် မဆံ့သောကြောင့် ပြည့်လျှံထွက်ပေါ်လာသော စကားများကို မျိုသိပ်မထားနိုင်တော့ဘဲ ဖွင့်ဟပြောဆိုရပါကြောင်း၊ မိမိအား ပြန် လည် ချစ်ခင်လိမ့်မည်ဟူ၍လည်း အနည်းငယ်မျှမမျှော်လင့်မိသည့်အတိုင်း ချစ်ပါ၊ ခင်ပါ စသည်ဖြင့်လည်း တိုက်တွန်းတောင်းပန်ခြင်း မပြုဝံ့ပါကြောင်း၊ သို့သော် မိမိ ထင်မြင်ယူဆသည့်အတိုင်း မိမိပေါ်၌ မေတ္တာမတုံ့ပြန်နိုင်သည်ဖြစ်ပါသော်လည်း ဤတစ်သက်တွင် ဤတစ်ကြိမ်သာ ဤအချစ်မျိုးနှင့် ကြုံဖူးခဲ့သော မိမိသည် ဂုဏ်ရည်ခြင်း မမျှသည့်အတွက် ဖူးစာမဆုံရသော ချစ်သူကလေး၏ကိုယ်စား မြတ်နိုးစွာ သိမ်းဆည်းထားရပါရန် တတ်နိုင်သမျှ သက်ညာစွာသော အသုံးအနှုန်းဖြင့် မိမိအချစ်ကို ငြင်းပယ်လိုက်သော စာကလေးတစ်စောင်မျှကိုမူကား တုံ့ပြန် ဖြေကြားလိမ့်မည်ဟု မှားစွာယုံကြည်လျက်၊ မျှော်လင့်စောင့်စားနေပါကြောင်း စသည်ဖြင့် စာရေးစာသားအတော်ပြေပြစ်နွဲ့နှောင်းအောင် ရေးနိုင်သူဖြစ်သည့်အတိုင်း သူ့အပေါ်တွင် စိတ်မဆိုးသာအောင် ရေးသားသော စာလုံးကလေးများ၏ ဆွဲငင်မှုကြောင့် သူ့စိတ်ထဲတွင် ကရုဏာတွေ ပိုမိသည်။ စမ်းအောင်၏အချစ်ကို ငြင်းပယ်ရမည်မှာ သနားနေမိသည်။

ဤစာကို ပေးရသည်အထိ ဖြစ်ရသည်မှာလည်း သူ့ပယောဂ မကင်းကြောင်း

ကို သူ သိ၏။ ရှေ့မဆွက စမ်းအောင်သည် သူ့ကို ဂရုစိုက်သူတစ်ယောက် မဟုတ်ချေ။ သူတို့အိမ်နှင့် ဘေးချင်းကပ်လျက်ရှိသောအိမ်သို့ တပည့်ကလေးတစ်ယောက်အား တူရိယာပညာ သင်ပေးရန် နေ့စဉ်လိုပင် လာရောက်ရာ သူ့ကို မကြာခဏ တွေ့မြင်နေသော်လည်း ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီးကဲ့သို့ တည်ငြိမ်သော ဣန္ဒြေဖြင့်သာ သွားလာမြဲဖြစ်သည်။ ဤကဲ့သို့ သူ့ကို ဂရုမစိုက်ခြင်းကို သူ အနည်းငယ်မျှ မခံမရပ်နိုင်ချေ။ သူသည် သာမညမိန်းကလေးတစ်ယောက်မဟုတ်၊ ရုပ်ချောသည်၊ သူဌေးသမီးဖြစ်သည်။ ရန်ကုန်မြို့တွင် နေစဉ်က ,အထက်တန်းစားကောလိပ်ကျောင်းသားများပင် လျှင် သူ့ကို မြင်လျှင် တုန်လှုပ်ရသည်မဟုတ်ပါလော။ ဤစမ်းအောင်နှင့်ကျမှ "ရဟန္တာ မို့လား. . . သူက ဘာမို့လို့ ငါ့ကို ဂရုမစိုက်ရတာလဲ" စသော မာနစိတ်ကလေးသည် သူ့ကို ပြန်၍ လှည့်စားသွေးဆောင်ကာ စမ်းအောင် ဂရုမစိုက်သမျှ သူ့စိတ်ထဲက စမ်းအောင်အကြောင်းကိုသာ ဂရုစိုက်၍ တွေးနေမိခဲ့သဖြင့် မာယာလေးဆယ်တွင် အကျုံးဝင်သော အမူအရာများကို သူကိုယ်တိုင်ပင်မသိဘဲ အလိုလိုပြုမိရက်သားဖြစ်ခဲ့ သည်။ စမ်းအောင်၏ သံမဏိစိတ်ထားအရည်ပျော်ခဲ့ပြီ၊ သူ၏မာနတွေ အရည်ပျော်မည့်အလှည့်ကား ဘယ်သောအခါ ရောက်မည်မသိ။

သူသည် တွေးတောနေရာမှ လောကကြီးသည် သူ့စိတ်အာရုံထဲတွင် ပျောက်ကွယ်သွားပြန်ကာ တယောသံတွင် ကျက်စားမိပြန်သည်။

"ခင် . . . ခင် . . . ရယ် . . . ကြားဖြေဖို့ရန် မထိုက်တန်လေအောင်. . . မောင်ကံဆိုးရှာသလား . . . နေနိုင်အား သနားမကြင်တယ် . . . အို . . . စကား စိမ်းမြနွှယ် . . ."

ဤအပိုဒ်သည် သူ၏စိတ်ကို ပထမ အပိုဒ်ထက် များစွာ ပိုမိုထိခိုက်သွားသည် ဖြစ်ရာ "ဒီလောက်တောင်လည်း မစိမ်းကားရက်ပါဘူး မောင်ရယ်" ဟု မြည်တမ်းမိလုလုဖြစ်ကာ သူ၏ စာရေးစားပွဲဆီသို့ လှမ်းကြည့်မိရင်း လှပသော မျက်လုံးကြီးများတွင် မျက်ရည်ဥကလေးများ စို့လာတော့သည်။ အချစ်နှင့် ဂုဏ်ကို ချိန်ခွင်တွင် တင်စက်ခဲ့ရာ သနားခြင်းကို အချစ်ဘက်တွင် မဲတင်းပေးမိသဖြင့် ချိန်ခွင်လျှာသည် အချစ်ဘက်သို့ ပြူထွက်သွားလေပြီ။ ထိုခဏ၌ သူ၏ခန္ဓာကိုယ်သည် စားပွဲရှေ့သို့ ရောက်သွားလေ သည်။

စာရေးစက္ကူကို ဖြန့်ကာ ကလောင်တံကို ကိုင်လိုက်မိသော်လည်း ဘာရေးရမည်ကို သူ မသိချေ။ သူ့စိတ်ထဲ၌ ချီတုံချတုံဖြစ်နေသည်။ စမ်းအောင် တောင်းခံသည့် အတိုင်း ငြင်းပယ်သည့်အဖြေကိုပင် ညာညာတာတာ ရေးပေးလိုက်ပါတော့မည်ဟု

အောက်မေ့မိသော်လည်း ငြင်းပယ်လိုက်ရမှာကိုပင် သနားနေမိသည်။ မငြင်းရက်၍ ချစ်လိုက်ရမှာကလည်း မနက်က သူ့အမေ ပြောသောစကားများကို ပြန်၍ကြားယောင်မိသဖြင့် တွေဝေသွားပြန်၏။ တစ်ယောက်ကို တစ်ယောက် ချစ်မိပြီးမှ မိဘများသဘောမတူခဲ့သော်. . . ရှေ့သို့ ဆက်လက်၍ သူ မတွေးဝံ့ချေ။ ယခု နှစ်ပါးသွားမိပါလျှင် တော်တော်ကြာ လွန်းခန်းပေါ်မည်ကို သူ သိသည်။ သူတို့မိုးမိုးမြို့ထဲတွင် မိဘ၏ဩဇာကို လွန်ဆန်၍ ကိုယ်ထင်ရာ ကိုယ်ပြုဖို့ ထုံးစံမရှိ။ မိဘစီမံရာကိုသာ ခေါင်းငုံ့နာခံရမြဲဖြစ်သောကြောင့် သူလည်း လွန်ဆန်ရန် မကြံစည်ဝံ့။

သူသည် အတွေးနက်နေသဖြင့်

"ဘယ်ဝဋ်ကြွေး. . . ဆွေးရစေဖွယ်. . . စိမ်အားလေတယ်. . . မြေလဲ. . . ပြေဘဲ မပြေ နိုင်ဖွယ်. . . လွမ်းပိုခဲ့တယ်"

စသည်ဖြင့် သီဆိုသွားသော အပိုဒ်ကို သဲကွဲစွာ သူ နားမလည်လိုက်မိချေ။ ကလောင်တံဖင်မြီးဖျားကလေးကို ပုလဲရောင် သွားကလေးတွေနှင့် မထိတထိ ကိုက်ရင်း စဉ်းစားနေရာမှ ကလောင်တံကို စားပွဲပေါ်သို့ ပြန်၍ ချလိုက်ပြီး "ယောက်ျားဆိုတာဒီလိုပဲ၊ မရခင်တော့ ပတ်ချွဲနှပ်ချွဲလုပ်ကြတာ ထင်ပါရဲ့" ဟု သူ့စိတ်ကို သူပြောကာ အိပ်ရာပေါ်သို့ ပြန်ရောက်သွားသည်။ သူသည် သူ့မိဘများ ထင်မြင်ယူဆသည့်အတိုင်း စဉ်းစားမျှော်ခေါ်တတ်သော မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းနိုင်သည့် ခေတ်ပညာတတ်မိန်းကလေးတစ်ယောက် ပီသပါပေ၏။ သို့သော် သူ၏စိတ်အာရုံထဲသို့ တယောသံနှင့် တေးသံမှာ ပြန်လည်ဝင်ရောက်လာပြန်သဖြင့် တစိမ့်စိမ့်တွေးရင်း နားထောင်နေမိပြန်၏။

"မောင်နှင့်မေ. . . ဂုဏ်ရည်မတူခြင်းရယ်ကြောင့် . . . ငြင်းသင့်ကာမှန်ပါတယ်. . . သို့ပေမယ့်ကွယ် အဖြေစကားကိုတော့. . . ကြားပါရစေကွယ်၊ ဆွေးစိတ်ပြေနိုင်ဖွယ်. . . ခင်ရယ် ပြန်ကြားသင့်တော့တယ်"

သီဆိုနေသော သီချင်းသံမှာ ဆိုရင်း ဆိုရင်း အသံတွေ တုန်လာသည်ကို သူ သတိပြုမိသည်။

"ဘဝသံသရာ. . . "

ဟိုက်. . . သူသည် ယောင်၍ ခေါင်းထောင်ကာ ထလိုက်မိသည်။ အသံရှင်သည် ဤအပိုဒ်ကို စ၍ဆိုလိုက်သောအခါ သိသိသာသာ ငိုသံပါလာသောကြောင့် သူ၏တေးသံနှင့် တယောသံကို ရုတ်တရက် ရပ်ပစ်လိုက်ပြီးနောက် ဆက်လက်၍ မကြားရတော့ချေ။

အဘယ်မျှကြာအောင် မေ့လျော့တွေဝေမိသည် မသိ၊ ပူနွေးသော မျက်ရည်ပေါက်ကြီးများ မိမိပါးပြင်ပေါ် သို့ လိမ့်ဆင်းလာမှ သတိပြုမိကာ တစ်ချက်မျှရှိုက်လိုက်ရင်း ခေါင်းအုံးကို မျက်နှာနှင့်အုပ်၍ မျက်ရည်တို့ကို သွန်ချလိုက်မိတော့သည်။ တေးသံရှင်၏ ဖြစ်ထွေကို သူ၏စိတ်ကူးထဲတွင် ဘိုင်စကုတ်ပြသကဲ့သို့ ထင်မြင်လာသော ကြောင့် "ဪ. . . ကိုစမ်းအောင် ကိုစမ်းအောင် မိန္နီရီကို ရှာအောင် တမင်လာပြီးတော့ နှိပ်စက်နေတာလား ကိုစမ်းအောင်ရယ်. . . "ဟု စိတ်တွင်းမှ ရေရွတ်မိရင်း တစ်ဘက်သို့ လူးလှိမ့်လိုက်ပြန်သည်။ သူ တစ်ညလုံး အိပ်မပျော်တော့ချေ။ လင်းကြက်ကလေးတွေ တွန်စပြုမှ လွမ်းအာရုံကို ဖြတ်ကာ မှေးကနဲအိပ်ပျော်သွားတော့၏။

နောက်တစ်နေ့တွင် သူသည် စမ်းအောင်ထံမှ ဒုတိယသဝဏ်လွှာကို လက်ခံရရှိပြန်သည်။ ထိုစာကား မိမိသည် ကိုယ့်ကိုယ်ကို အထင်ကြီးမိကြောင်း၊ ယခု မိမိအား မေတ္တာမတုံ့ပြန်နိုင်သော်လည်း အဖြေစကားကလေးကိုမျှ မှကား ပြန်ကြားလိမ့်မည်ဟူ၍ များစွာမျှော်လင့်မိကြောင်း၊ ယခုမှ နွဲ့နွဲ့ရီတို့လို ဂုဏ်သရေရှိ မိန်းကလေးတစ်ဦး တစ်ယောက်၏ ဝရုတစိုက် အဖက်လုပ်ကာ စာပြန်ကြားရန်မျှ မထိုက်တန်လောက်အောင် အဆင့်အတန်းနိမ့်ကျနေသော မိမိဘဝကို သိရပါတော့ကြောင်း မိမိသည် အာသာဝတီနွယ်နီနုတ်ပန်းပွင့်ချိန်ကို အနှစ်တစ်ထောင် စောင့်ရသကဲ့သို့ ပြန်ကြားမည့် အဖြေကလေးကို မရမချင်း စောင့်ဆိုင်း၍ နေလိုပါသော်လည်း ယခုအချိန်အခါမှာ တိုင်းပြည်၏တာဝန်ကို လူတိုင်းထမ်းဆောင်ရမည့်အခါဖြစ်သဖြင့် မျှော်လင့်ချက်ကို ရုပ်သိမ်းပြီး ဤမြို့မှ ထွက်ခွာသွားရတော့မည်ဖြစ်ရာ နောက်ဆုံးနှုတ်ဆက်ခဲ့ပါကြောင်း၊ မိမိကဲ့သို့ အရေးမထားလောက်သူ တစ်ယောက်အား နွဲ့နွဲ့ရီသည် မကြာမီမေ့လျော့ပစ်လိုက်နိုင်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် အစီအရီနွဲ့ပျောင်းနူးညံ့သော စာလုံးကလေးများဖြင့် ရိုရိုကလေးပင် ရေးသားထားသော်လည်း နဂိုကတည်းက ယိမ်းယိုင်တော့မလိုဖြစ်နေသော နွဲ့နွဲ့ရီ၏စိတ်ဓာတ်ကို အရည်ပျော်စေခဲ့သည်။

စမ်းအောင် တပ်မတော်ထဲသို့ဝင်ရန် လက်မှတ်ထိုးခဲ့သည်ကိုသော်လည်းကောင်း၊ အာရှလူငယ်အမှုဆောင်တစ်ဦးဖြစ်သည့်အတွက် ဗိုလ်သင်တန်းတက်ရန် ရွေးချယ်ခြင်းခံရသည်ကိုသော်လည်းကောင်း ယခင်ကပင် သူသိခဲ့သော်လည်း ယခုမှ သတိရမိသည်။ သူ မသနားဘဲ မနေနိုင်တော့ချေ။ တိုင်းပြည်အတွက် စစ်မြေပြင်ကို ထွက်ခွာမည့်သူအား တအားတက်စေရန် သူ ပြုလိုက်ချင်သည်။ "နွဲ့တော့ဖြင့် မသနားဘဲ မနေနိုင်တော့ဘူး မောင်ရယ် ချစ်. . . ချစ်. . . ချစ်နေမိပြီ" ဟု တိုးတိုးကလေး ရေရွတ်လိုက်မိရင်း မေတ္တာတုံ့ပြန်သော အဖြေကို ပေးလိုက်ပါတော့မည်ဟု ဆုံးဖြတ်

လိုက်သည်။ တဖန် "သူကလဲ ချစ်ပါရစေလို့ မတောင်းပန်ဘဲနဲ့ သူ့ကို ချစ်ပါတယ်လို့ စာပြန်လိုက်လို့ တော်မှတော်ပါ့မလား" ဟု တွေးကာ ရှက်နေမိပြန်သည်။ ပြီးမှ သူ့စာထဲမှာ ချစ်ပါရစေလို့ မဆိုပေမယ့်လေ ငါရဲ့မေတ္တာတုံ့ပြန်ခြင်းကိုတော့ တောင်းတတဲ့သဘော ရေးထားတာပါပဲဟု ဖြေကာ ဘာပဲဖြစ်ဖြစ် စာပြန်လိုက်ပါတော့မည်ဟု သန္နိဋ္ဌာန်ချလိုက်၏။

နောက်တစ်နေ့ကား သူတို့မြို့ကလေးမှ ရဲဘော်လောင်းများ ရန်ကုန်မြို့သို့ ထွက်ခွာရမည့်နေ့ဖြစ်သည်။ ထို့ကြောင့် သူသည် စာတစ်စောင်ကို ချက်ချင်းရေး၏။

ကိုစမ်းအောင်-

နွဲ့တော့ဖြင့် ဟန်မလုပ်နိုင်တော့ဘူး။ နွဲ့ရဲ့မေတ္တာတိုက်ကို မပွင့်ပွင့်အောင် ယဉ်ယဉ်ကလေးနှင့် ဖွင့်သွားတဲ့ ကိုစမ်းအောင် လူပလိန်ကြီးကို သနားမိပြီမို့ မိန်းကလေးတန်မယ့် အရှက်ကို နောက်ထားပြီး စာရေးအစီရင်ခံလိုက်ရပါပြီ။

နွဲ့ရဲ့သဘောအတိုင်းဆိုရင်ဖြင့် ကိုစမ်းအောင်ရဲ့မေတ္တာကို တုံ့ပြန်ဖို့ရာ မခဲယဉ်းပါဘူး။ သို့သော်လည်းနွဲ့မှာ မိဘနှစ်ပါးပြီးမှ ပြီးရမယ့်သမီးမို့ မိဘများကျေနပ် အောင်လည်း ကြိုးစားစေချင်ပါတယ်။ ကိုစမ်းအောင်ဟာ ပညာအရည်အချင်းရှိသူဖြစ်လို့ တစ်နေ့နေ့မှာ ကြီးပွားပြီး မိဘများ မငြင်းပယ်နိုင်လောက်တဲ့ ဂုဏ်ရည်အဆင့်အတန်းကို ရောက်အောင် ပြုဖို့ရန်မခဲယဉ်းဘူးလို့ နွဲ့အမှန်ယုံကြည်မိတဲ့အတိုင်း စောင့်မျှော်နေပါ့မယ်။ ဒါလောက်ဆိုရင် နွဲ့သဘောကို သိရောပေါ့နော်. . .။

တိုင်းပြည်အတွက် ဝတ္တရားကျေပွန်တဲ့ ကိုစမ်းအောင်ရဲ့ စိတ်ထားအတွက်လဲ နွဲ့အများကြီး ဂုဏ်တက်မိပါတယ်။ သွားလေရာရာ လာလေရာရာမှာ လက်နက်မားလှံ ဘေးကင်းဝေးပြီး ခလုတ်မထိ ဆူးမငြိပါစေနဲ့ဆိုတာ ပန်းသပြေနဲ့ ညောင်ရေလောင်းလို့ နွဲ့လေးဖြင့် ဆုတောင်းရင်း အလွမ်းပြေရစ်ရှာပေါ့လို့သာ ယူမှတ်ပြီး စစ်တိုက်ရာက နေ့စဉ် သတိရပါတော့မောင်။

နွဲ့နွဲ့ရီ

သူ့စာကလေးကို သူ တစ်ခေါက်ပြန်ဖတ်မိကာ ကျေနပ်သွားသည်။ ပေါ့ပါး သွက်လက်သောစိတ်ဖြင့် စာရွက်ကလေးကို ခေါက်၍စာအိတ်ထဲသို့ အသာအယာ ထည့်ကာ ပိတ်ပြီးမှ ပြဿနာတစ်ရပ်သည် သူ့ခေါင်းထဲသို့ ဝင်လာသဖြင့် အတော် စိတ်မောသွားမိပြန်၏။ "စာရေးပြီးတာတော့ဟုတ်ပြီ၊ သူ့ဆီရောက်အောင် ဘယ်လို လုပ်ပေးရပါလိမ့်" သူကိုယ်တိုင်ပေးရန် သူစဉ်းစားကြည့်သည်။ မဖြစ်နိုင်၊ မဖြစ်နိုင်။ သူသည် ကိုယ်ထိလက်ရောက် မပေးဝံ့ချေ။ အကယ်၍ပေးခဲ့သည်ထားဦးတော့ စမ်းအောင်ကို ဘယ်မှာ တွေ့ရ မည်နည်း။ အိမ်တိုင်ရာရောက် သွား၍ပေးရမှာလည်း မသင့်တော်လွန်းလှ၊ ကလေးတစ် ယောက်ယောက်ကို ပေးခိုင်းရမှာလည်း သူ့ထံရောက် လျှင်တော်ရဲ့ မရောက်လျှင်အခက်။ လူကြီးများကို ပေးခိုင်းရမှာလည်း သူသည် လူသိ မခံဝံ့။ အခက်အခဲကြုတွေ့နေသဖြင့် ဟင်းခနဲ သက်ပြင်းချလိုက်ကာ ခေါင်းကို နှစ်ချက် သုံးချက်ကုတ်လိုက်မိသည်။ နောက်မှ "ဟယ် တတ်နိုင်ပါဘူး သူလဲ ဒီအပိုင်းကို လာပါ လိမ့်အုံးမယ်ထင်ပါရဲ့။ ဒီတော့မှပဲ သင့်သလို ကြည့်ပေးရမှာပဲ" ဟု အောက်မေ့ ကာ စာအိတ်ကလေးကို တရိုတသေသိမ်းထားလိုက်ပြီး ဝါဝင်းသော ခြေသလုံးသား ကလေးပေါ်အောင် ထဘီစတစ်ဖက်ကိုဆွဲရင်း ခုတင်ဆီသို့ ဖြည်းညင်းစွာသွား၍ အတွေးနယ်ချဲ့ကာနေမိသည်။

စမ်းအောင်ကား ထိုနေ့တစ်နေ့လုံး မပေါ်လာ။ သူ့စာထဲတွင် နောက်ဆုံး နှုတ်ဆက်ခြင်းဆိုသည့်အတိုင်း လုံးလုံးစိတ်လျှော့သွားရှာလေပြီ။ နောက်တစ်နေ့သို့ ရောက်သောအခါ သူ ဟန်လုပ်ကာ ရှက်၍မနေနိုင်တော့။ စာအိတ်ကလေးကို စာအုပ် တစ်အုပ်ကြားတွင် ညှပ်ကာ တစ်ယောက်တည်း ထွက်လာခဲ့သည်။ ဤကဲ့သို့ လွတ်လပ်စွာ သွားလာလေ့ရှိသဖြင့် သူ့အဖို့ မထူးဆန်းလှချေ။ သမ္မာန်ဆိပ်အနီးရှိ မိန်းကလေးသူငယ်ချင်းတစ်ယောက်၏ ဈေးဆိုင်တွင်ထိုင်ကာ စိတ်မပါဘဲ စကား ပြောနေရင်း လည်ပင်းတဆန့်ဆန့်နှင့် မျှော်မိသည်။ အချိန်အတန်ကြာသွားသော်လည်း စမ်းအောင်၏အရိပ်အရောင်ကိုမျှ မမြင်ရသေး။

ရဲဘော်လောင်းများ ဆိပ်ကမ်းတွင်စုရုံးကြပြီကို တွေ့ရသည့်ပြင် အချို့သမ္မာန် များပင် ထွက်စပြုပြီ။ စမ်းအောင် ဘာကြောင့် မပေါ်လာသည်ကို သူ တွေး၍မရ။ ထိုအတွင်း ရဲဘော်လောင်းတစ်ယောက် သူထိုင်နေသော ဈေးဆိုင်သို့ ရောက်လာကာ ဆေးလိပ်ဝယ်သည်။ သူ့မှာ ရေငတ်တုန်း ရေတွင်းထဲကျသလိုဖြစ်သွားတော့၏။

"ဒီမှာရှင့် . . . ရှင်တို့တပ်မတော်ထဲဝင်မယ့်လူတွေ မဟုတ်လား"

"ဟုတ်ကဲ့. . ."

"ကိုစမ်းအောင်တစ်ယောက်ကော မမြင်ပါလားရှင်"

"ကိုစမ်းအောင် မနေ့ကပဲ ဗိုလ်ကြီးနဲ့လိုက်သွားနှင့်ပါတယ်"

ဟိုက်ကနဲ အသံထွက်မသွားမိအောင် မနည်းသတိပြုလိုက်ရသည်။ စိတ်ပျက်အားလျှော့သောလေသံကို လူမသိအောင် ဟန်ဆောင်လျက်. . .

"ဪ. . . ဪ ကျွန်မသတိမထားလိုက်မိလို့. . ."

"ဘာမှာလိုက်ချင်လို့လဲ မှာစရာရှိရင် မှာလိုက်ပါလား၊ ဟိုရောက်ရင် ကျွန်တော်တို့နဲ့တွေ့မှာပဲ"

"ကိစ္စမရှိပါဘူးရှင်. . . ကျေးဇူးတင်ပါတယ်၊ အခန့်သင့်လို့ မေးကြည့်တာပါ"

ထိုသူကို စာပေးလိုက်ရန် စဉ်းစားမိသော်လည်း စိတ်မရဲသဖြင့် မပေးဝံ့၊ ထိုနေရာတွင် ကြာကြာနေပါက ဣန္ဒြေပျက်မည်စိုးသဖြင့် နှုတ်ဆက်ပြီးထွက်လာခဲ့ရသည်။ သူ့စိတ်မှာ မရွှင်နိုင်တော့ချေ။ "ဪ. . . သူ့ခမျာ စစ်မြေပြင်မှာ တိုက်အား ခိုက်အား ကလေးတွေရှိအောင် ချစ်တဲ့သူ့ရဲ့ အားပေးစကားကလေးကိုမှ ကြားမသွားရရှာဘူး" ဟု တွေးတောကာ စမ်းအောင်ကိုသနားမိသည်။

ထိုနေ့ကစ၍ စမ်းအောင်အကြောင်းကို အမြဲစုံစမ်းရင်း အလွမ်းကိုဖြေခဲ့လျက် "သူ ဒီတစ်ခါပြန်လာရင်တော့ ငါ့အချစ်ကို အပိုင်အပ်နှင်းလိုက်တော့မယ်" ဟု ဆုံးဖြတ်ကာ စမ်းအောင်ပြန်လာမည်ကို နေ့စဉ်မျှော်မိရှာတော့သည်။ ခြောက်လလောက် ကြာသောအခါ စမ်းအောင်ကျောင်းဆင်းသွားပြီဟု သူ ကြားရ၏။ ပြန်၍ကား မလာ။ နောက်သုံးလခန့်ကြာသောအခါ စမ်းအောင်မှာ သေမည့်နေရာကိုမှ ရွေးချယ်ကာ ဇွတ်ထိုး စွန့်စားလွန်းသဖြင့် ဗိုလ်ကလေးဖြစ်သွားသည်ဟူ၍လည်းကောင်း၊ နောက်များမကြာမီ ဒဏ်ရာရသဖြင့် ဆေးရုံတက်နေရပြီဟုလည်းကောင်း၊ ဆက်ကာဆက်ကာကြားသိ ရပြန်သည်။ "ကိုစမ်းအောင်ရေ ကျွန်မအပြစ်ပဲ၊ ဒီကမိန့်ရှိအတွက်နဲ့ လောကကြီးကို စိတ်နာပြီး ကိုယ့်အသက် ကိုယ်မနှမြောဘဲ သေတွင်းကိုချည်း တမင်ဇွတ်တိုးနေပြီထင်ပါ ရဲ့၊ နွဲ့ကလည်း ချစ်နေပါပြီ မောင်ရယ်၊ နွဲ့စိတ်ထဲမှာရှိတာတွေကို ဘယ်လိုနည်းနဲ့ လာပြီးပြောရပါ့မလဲ. . . စသည်ဖြင့် စိတ်ရှုပေါက်သလို တစ်ကိုယ်တည်း ညည်းညူကာ "ဘုရားသိကြားမလို့ရှင် ဒဏ်ရာက ပျောက်ကင်းပြီး အမြန်ဆုံး ချမ်းသာပါစေ" ဟု ဆုတောင်းလိုက်ရသည်မှာ အမောပင်။

သူ၏ဆုတောင်းမှာ ပြည့်ဝလေတော့သည်။ တစ်လခန့်ကြာသောအခါ စမ်းအောင်မှာ ဒဏ်ရာပျောက်ကင်းပြီးနောက် ကောင်းစွာ မကျန်းမာသေးသည့်အတွက် ခွင့်နှင့်ပြန်လာသည်ဟု သူ ကြားရသည်။ သူသည် အတိုင်းမသိ ဝမ်းမြောက်သွားမိ၏။

ဘယ်နည်းနှင့်မဆို စမ်းအောင်သည် သူ့ထံမှ အဖြေကို ဤတစ်ကြိမ်တောင်းခံလိမ့်ဦးမည်ဟု သူ မျှော်လင့်ယုံကြည်သည်။ ထိုအခါ ဖြေကြားရန် အကောင်းဆုံးစကားလုံးကလေးများကို သူရွေးချယ်ထား၏။ သို့သော် သူမျှော်လင့်ရသည်မှာ ရက်အတော်ကြာမှ သူတို့အပိုင်းသို့ စမ်းအောင် ပေါက်လာလေသည်။ သူသည် အိမ်ပေါက်ဝမှထွက်ကာ ချစ်သူ၏ခန့်ညားတင့်တယ်ခြင်းကို မရောင့်ရဲနိုင်သောမျက်လုံးများဖြင့် ဝမ်းသာစွာကြည့်နေမိသည်။ ငါးပေခုနစ်လက်မခန့်မျှ မြင့်မားသောအရပ်အမောင်း၊ ကျယ်ပြန့်သောရင်အုံ၊ မာကျောကျစ်လျစ်သောကာယဗလတို့ဖြင့် ယောက်ျားပီသသော ကိုယ်ခန္ဓာပေါ်တွင် ယောက်ျားအပီသဆုံးအဝတ်အစားဖြစ်သော စစ်ယူနီဖောင်းကိုဝတ်ကာ ဓားရှည်ကြီးကို ခါးတွင်ချိတ်လျက် ခန့်ညားစွာ တစ်လှမ်းချင်း လျှောက်လာစဉ် နေရောင်ဟပ်သဖြင့် တလက်လက်တောက်ပြောင်နေသော ရင်ဘတ်ပေါ်ရှိ အစိမ်းခံငွေရောင်သုံးလိုင်းနှင့် ကြယ်တစ်ပွင့်မှာ အဆင့်အတန်းကို အတိအကျဖော်ပြနေလေသည်။ အနီးသို့ရောက်လျှင် ပြုံး၍ နှုတ်ဆက်တော့မလိုလို ပြုမူလိုက်မည်ဟု အားခဲထားသော်လည်း သူ့မှာခဲလေသမျှ သဲရေကျဖြစ်ရတော့၏။ စမ်းအောင်မှာ သူတို့အိမ်ဘက်သို့ လှည့်၍မျှမကြည့် သူ့အား ရှိသည်ဟူ၍ပင် အမှတ်မထားသည့်ဟန်ဖြင့် ဆက်လက်၍ လျှောက်သွားသည်ကို မျက်စိတဆုံးမျှော်ကြည့်လိုက်ပြီးမှ သူ့အခန်းထဲသို့ သူ ပြေးဝင်သွားကာ မျက်ရည်များကို အားရအောင် သွန်ချလိုက်ရရှာတော့သည်။

သူသည် စမ်းအောင်အား မျှော်လင့်ရန်မရှိတော့ချေ။ တစ်နှစ်ခန့်က ပေးထားသောစာကို ယခုမှချစ်ပါသည်ဟု ပြန်ကြားရမည်မှာလည်း မိန်းကလေးက စတင်ရသည်နှင့် မထူးတော့သဖြင့် သူသည် ရှက်စနိုးခဲ့၏။ စမ်းအောင် သူ့အပေါ်တွင် လုံးလုံးစိတ်ပြတ်သွားပြီကို သူရိပ်မိကာ မိမိ၏စိတ်ကို ကြိုးစား၍ဖြေပါသော်လည်း "ကိုစမ်းအောင်. . . ကိုစမ်းအောင် . . . ခုတော့ စစ်ဗိုလ်ကြီးဖြစ်လို့ ချစ်မယ့်ခင်မယ့် မိန်းချစ်မယ်ကလေးတွေနဲ့တွေ့ပြီး ဒီကမိန့်နဲ့ရိုကို မေ့ပြီထင်ပါရဲ့" ဟူ၍ကား တစ်ခါတစ်ရံ မြည်တမ်းမိရှာသေးသည်။ ရက်များမကြာမီ စမ်းအောင် ပြန်သွားပြီဟု ကြားရပြီးနောက် သူ့သတင်းကို မကြားရတော့ချေ။

အချိန်နာရီ ရက်၊ လတွေ တဖြည်းဖြည်းကြာညောင်းခဲ့သည်နှင့်အမျှ နွဲ့နွဲ့ရို၏အဆွေးစိတ်သည်လည်း တဖြည်းဖြည်း ပြေပျောက်ခဲ့ပြီ။ တော်လှန်ရေးတွေ စခဲ့သောအချိန်တွင် ဂါအားလျှော့စွာနွဲ့နွဲ့ရိုတို့ရွာကလေးမှာ ဘာမျှ အထိခိုက်အနစ်နာမရှိဘဲ ဘေးရန်လွတ်ကင်းခဲ့ကြသည်။ ဂျပန်လက်နက်ချပြီး၍ တိုင်းပြည်သာယာစပြုသောအခါ သူသည် စမ်းအောင်အား လုံးဝမေ့လျော့သွားပြီဟု မဆိုသာသော်လည်း အတော်ပင်

စိတ်ဝေဒနာမှ သက်သာရာရလျက် ပျော်မွေ့ရွှင်မြူ လှုပ်ရှားမှုကလေးတွေကို အားထုတ်စပြုနိုင်သောအခါမှ သူ့အား အသက်လောက်ချစ်ကြသော မိဘများမှာ ဟင်း. . . ခနဲ သက်မကြီးချကာ မေးမြန်း၍မရသော စိတ္တဇဝေဒနာဖြင့် မစားနိုင်၊ မအိပ်နိုင်၊ တမှိုင်မှိုင် တတွေတွေဖြစ်နေသော သမီးကလေးအတွက် စိတ်ရှုတက်အေးကြရသော်လည်း များမကြာမီပင်လျှင် နွဲ့နွဲ့ရီ၏ပျော်ရွှင်ခြင်းကို မရှုစိမ့် မနာလိုနိုင်သည့်အလား စာတစ်စောင်မှာ သူ့ထံသို့ မမျှော်လင့်ဘဲ ရောက်ရှိလာလေရကား ထိုစာသည် သူ၏တစ်သက်တာဘဝတစ်ခုလုံးကို ပြောင်းလဲပစ်လိုက်လေသည်။

မနွဲ့နွဲ့ရီသို့

ဝမ်းနည်းစွာ စာရေးအကြောင်းကြားလိုက်ပါသည်။ "လူအ" စစ်မြေပြင်တွင် ရရှိသော ဒဏ်ရာကြောင့် အမျိုးကိုချစ်ခင်သော သူရဲကောင်းယောက်ျား အာဇာနည်တို့၏သေခြင်းဖြင့် ကျဆုံးသွားရှာသော ဗိုလ်စမ်းအောင်အား သေအံ့ဆဲဆဲတွင် ဝန်ခံကတိပေးလိုက်ရသည့်အတိုင်း သူ၏ကျဆုံးရပုံနှင့် သူကိုယ်တိုင်ရေးသားပေးခဲ့သော စာကလေးတစ်စောင်ကို ပူးတွဲပေးပို့လိုက်ပါသည်။

ဗိုလ်စမ်းအောင်ပါဝင်သော ကျွန်တော်တို့၏ တိုင်းအမှတ်(၁) တပ်ရင်း(၁၀၆)သည် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းသို့ အသက်ဆံဖျား ခဲယဉ်းစွာ ကူးခဲ့ပြီးသည့်နောက် နွံတွေ ရေတွေထဲတွင် ဝတ်တစ်လှည့် ပြတ်တစ်လှည့်ဖြင့် ရန်သူများကို တိုက်ခိုက်ခဲ့ရာတွင် မိုးရေကလည်း စိုစွတ်၊ လဲစရာ လှမ်းစရာကလည်း မပါသဖြင့် တစ်ညလုံး အစိုကြီးကိုဝတ်ကာ ငိုက်မြည်းရင်း ငုတ်တုတ်မိုးလင်းခဲ့ရသောညဉ့်တွေသာ များသော်လည်း ဗိုလ်စမ်းအောင်၏ညည်းညူသံကို တစ်ခါမျှ မကြားခဲ့ဘူးပါသဖြင့် သူ၏ စစ်သားပီသသော သတ္တိကို အထူးအံ့သြချီးမွမ်းမိပါသည်။

သူသည် လောကကြီးအပေါ်၌ တစ်စုံတစ်ရာ စိတ်နာစရာအကြောင်းကို တွေ့ခဲ့ရဖူးလိမ့်မည်ဟု ကျွန်တော်ထင်မိပါသည်။ စစ်မြေပြင်တိုင်းတွင် ရှေ့ဆုံးကချည်းနေ၍ အမြဲတိုက်တတ်သော သူ့ဝါသနာမှာ ကျွန်တော်တို့ သူရဲကောင်းအမည်ခံသူများပင် လက်ဖျားခါကာ ချီးမွမ်းကြရပါသည်။ ကျွန်တော်တို့က ဆိုးမိုက်သဖြင့်

သတိပေးသော်လည်း ဘယ်အခါမှုနာယူခြင်းမရှိဘဲ ရန်သူနှင့် အနီးကပ်ဆုံးချဉ်းကပ်ခါ အတင်းအဓမ္မ ပစ်ခတ်ဝင်ရောက်တိုက်ခိုက်ခဲ့သမျှမှာလည်း သေကံမရောက် သက်မပျောက်ဆိုသကဲ့သို့ ထူးချွန်စွာအောင်မြင်ခဲ့သည်သာ များသောကြောင့် တပ်ရင်းဗိုလ်မှူးကြီး၏ ချီးကျူးခြင်းကို အကြိမ်ကြိမ်ခံယူခဲ့ရပါသည်။

ကျွန်တော်တို့တပ်ရင်းသည် ရေလဲ့ဗမာရွာစခန်းတွင် တပ်စွဲပြီးသည်နောက် ဗိုလ်စမ်းအောင် အုပ်ချုပ်သော ကျွန်တော်တို့ တပ်စုကလေးသည် ပဲခူးရိုးမတောင်ပေါ်တွင် ကျန်ရှိနေသော ရန်သူများ၏ ကူးလာမည့်လမ်းမှ ဆီးကြိုတိုက်ခိုက်ရန်တာဝန်နှင့် ရှေ့သို့ဆက်လက်၍ သမန်းသောင်၊ ဆေးပုလဲ၊ ငွေဆုပ်တို့ကို ဖြတ်လျက် ချီတက်ခဲ့ရာ "လူအ" သို့ရောက်သောအခါ အရေအတွက် မည်မျှဟု မခန့်မှန်းနိုင်လောက်အောင် များပြားလှသော ရန်သူတို့နှင့် တိုက်ခိုက်ရပါတော့သည်။

ကျွန်တော်တို့တပ်စုကလေးမှာ စုစုပေါင်းမှ လူ ၄၀ခန့်မျှရှိ၍ စက်သေနတ်မှာလည်း တစ်လက်တည်းသာပါသောကြောင့် သူရသတ္တိကိုသာ အားကိုး၍ တိုက်ခိုက်နေကြစဉ် ရှေ့ဆုံးမှ နေရာချထားသော စက်သေနတ်သမားမှာ ဦးခေါင်းကိုတည့်တည့် ကျည်ဆံထိမှန်ကျဆုံးသွားရာ ကျွန်တော်တို့တပ်မှာ စက်သေနတ်လက်လွတ်သွားပါတော့သည်။ စက်သေနတ်ရှိရာသို့ သွားရန်မှာ မလွယ်ကူပါ။ အသက်အန္တရာယ်နှင့် အလွန်နီးကပ်လှပါသည်။ ကျွန်တော်တို့ရှိရာ မြေကတုတ်မှာ စက်သေနတ်နှင့် ပေတစ်ရာမျှကွာလှမ်းလျက်ရှိရာ အကွယ်အကာမရှိသော မြေပြင်တွင် တဖြောက်ဖြောက် ကျလျက်ရှိသော ကျည်ဆန်များအကြားမှ သွားရမည်မှာ တွေးကြည့်ကာ အသည်းယား ဖွယ်ကောင်းလှပါသည်။

ဗိုလ်စမ်းအောင်မှာ သေတွင်းကိုမှ ခွတ်တိုးလိုသော သူ၏ ဝါသနာအတိုင်း စက်သေနတ်ရှိရာသို့ အခြားသူများအား သွားခွင့်မပေးဘဲ သူကိုယ်တိုင် တဖြည်းဖြည်းတွား၍ သွားရာမှ ခေါင်းထောင်၍ အကြည့်လိုက်တွင် ရန်သူကပစ်လိုက်သော ကျည်ဆံသည် သူ၏ လက်ျာဘက်ရင်အုံကို ဖောက်ထွင်းသွားရာ မြေပြင်ပေါ်တွင်

လိမ့်သွားပါသည်။ သို့သော် သူကား အုံ့ဩလောက်အောင် သတ္တိကောင်းလှပါသဖြင့် ဒဏ်ရာရလျက်နှင့်ပင် စက်သေနတ်ရှိရာသို့ အရောက်သွားနိုင်ခဲ့ပါသည်။ သူ့လက်ထဲသို့ စက်သေနတ်ရောက်သည်နှင့် တစ်ပြိုင်နက် နိုင်လောက်ပြီဟု ဌတ်ဝင်လာသောရန်သူများကို အတုံးအရုံးကျဆုံးစေလျက် အောင်ပန်းကို ဆွတ်ခူးလိုက်ပါသည်။

ကျွန်တော်တို့လည်း ကျန်ရှိသော ရန်သူများကို ဆက်လက်သုတ်သင်ဖမ်းဆီး ပြီးမှ ဗိုလ်စမ်းအောင်ထံသို့ ဝိုင်းအုံစုဝေးမိကြသောအခါ သူ့မှာ ဒဏ်ရာကြောင့် မထနိုင်တော့ပါ။ ကျွန်တော်ကိုယ်တိုင်ယုယစွာပွေ့ထူရင်း ဒဏ်ရာမှ သွေးများကိုတိတ်အောင် ကြိုးစားသော်လည်း မအောင်မြင်ပါ။ သူကိုယ်တိုင်လည်း သေရတော့မည်ကိုသိသဖြင့် ကျွန်တော့်အား သူ့အတွက် ဆောင်ရွက်ပေးပါရန် မှာကြားလျက် သူ့အိတ်ထဲတွင် အသင့်ပါလာသော စာရွက်ကလေးတစ်ရွက်ကို ထုတ်၍ စာရေးမည်ပြုသောအခါ ခဲတံလည်းရှာမရ၊ ကျွန်တော့်မှာပါလာသော ဖောင်တိန်မှာလည်း မင်ကုန်နေသဖြင့် အခက်အခဲကြုံနေစဉ် သူသည် တစ်စုံတစ်ခုအကြံရဟန်ဖြင့် ကျွန်တော့်ထံမှ ဖောင်တိန်ကို တောင်းယူကာ သူ့ဒဏ်ရာမှ တသွင်သွင်ယိုထွက်လျက်ရှိသော သွေးများဖြင့်တို့ကာ ပူးတွဲပါစာကလေးကိုအနိုင်နိုင်ကြိုး စား၍ရေးပြီးနောက် ဤစာကလေးနှင့် သူကျဆုံးရပုံကို မန္တလေးရှိထံသို့ ပေးပို့လိုက်ပါရန် အတန်တန်မှာကြားလျက်အသက်ပျောက်သွားရှာ ပါသည်။

ကျွန်တော့်မှာ စစ်တောင်း စစ်မြေပြင်နှင့် ပဲခူးမြို့မတောင်ခြေတွင် တစ်လကျော်ကျော်မျှ ဆက်လက်တိုက်ခိုက်နေရသည့်အတွင်း ၎င်းစာကလေးကို ရှိသေစွာ စာအိတ်ကလေးနှင့်ထည့်ကာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရပြီးနောက် ယခုမှ အားလပ်တော့သဖြင့် ဗိုလ်စမ်းအောင်ကျဆုံးရပုံ အကျယ်တဝင့်ကို မန္တလေးရှိသိသင့်သိထိုက်သည်ဟု ထင်မြင်မိပါ၍ သေချာစေ့စုံစွာ ရေးသားပေးပို့လိုက်ပါသည်။

တင်ဝင်း( တပ်ကြပ်ကြီး )
တိုင်းအမှတ်( ၁ )၊ တပ်ရင်း( ၁၀၆ )
မိုးချစ်ဗမာ့တပ်မတော်။

ဟူသော စာကို ဖတ်ရင်းဖတ်ရင်းပင် နွဲ့နွဲ့ရီ၏ဝိုင်းစက်ကြည်လင်သော မျက်လုံးကြီးများတွင် တွဲခိုနေကြသော ပုလဲဥသဏ္ဌာန်မျက်ရည်စကလေးများမှာ ပါးပေါ်သို့ တဖြည်းဖြည်းလိမ့်ဆင်းကြွေကျလာကြတော့သည်။ တုန်ရီသောလက်များဖြင့် ဖူးတွဲပါစာအိတ်ကလေးကိုဖွင့်ကာ အတွင်းမှပါသော စာရွက်ကလေးကို ဖြန့်ကြည့်လိုက်သောအခါ နီနီရဲရဲအက္ခရာ မပီမသစာလုံးများဖြင့် ရေးသားထားသော-

မနွဲ့နွဲ့ရီ

တုံ့ပြန်သောမေတ္တာကို မခံယူရဘဲ တစ်ဖက်သက်ချစ်ခဲ့ရသူမှာ သေသည်အထိ မမေ့နိုင်သော အချစ်ကို ဤသဝဏ်လွှာကလေးနှင့် သက်သေပြခဲ့ခြင်းဖြင့် နောင်ဖြစ်လေရာဘဝသံသရာအဖို့မှန်းမာန်ကို ရပ်သိမ်းနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ မျှော်လင့်သည့်အတိုင်း မှန်ပါက တိုင်းပြည်အတွက် အသက်စွန့်သွားခဲ့သော စမ်းအောင်အား သက်ဆိုင်သူအဖြစ်နှင့် ဂုဏ်ယူရစ်ပါတော့။

စမ်းအောင်

ဟူသောစာကို တွေ့ရပြန်သောအခါ အောက်နှုတ်ခမ်းကို တင်းကျပ်စွာ ကိုက်ရင်းလေပြင်းတစ်ချက် ရှိုက်သွင်းလိုက်ပြီး ဝမ်းနည်းကြေကွဲလွှမ်းလှသဖြင့် မျက်ရည်များပင်ခန်းခြောက်လျက် မထွက်လာနိုင်တော့ချေ။

ရေး - စောညိန်း

□□□

## " အသစ်စက်စက် "

( ရေးလက်စဝတ္ထုအဖြစ် တွေ့ရပါသည်။ )

ရေး - စောညိန်း

ဘာများ စိတ်ကူးပေါက်နေပြန်ပလဲ ကို ဟောဒီမှာ ကော်ဖီတွေအေးကုန်တော့မယ် သောက်လိုက်ဦး . . .

နံနက် အိပ်ရာထ မျက်နှာသစ်ပြီးစ ဖုံစာရေးကြီး ကိုသိန်းအောင်သည် ပြတင်းပေါက်တွင် ရပ်ကာ အပြင်သို့ မျက်နှာမူနေရာမှ နောက်သို့ လှည့်လိုက်သည်။ ပြောပြောဆိုဆိုနှင့် ဈေးခြင်းတောင်းတစ်လုံးကိုဆွဲကာ ထွက်သွားသော ဇနီးသည် မတင်စုအားလှမ်းမျှော်ကြည့်ရင်း စားပွဲဆီသို့ သူ လျှောက်သွားကာ၊ ကုလားထိုင်တွင် ထိုင်လိုက်၏။ ကော်ဖီကို မသောက်ဖြစ်သေးဘဲ စားပွဲပေါ်တွင် တွေ့သော ထိုနေ့ထုတ်သတင်းစာကိုလှန်လှော၍ကြည့်နေရင်း သတင်းကောင်းအတော်အတန်ပါသည်နှင့် ဆက်လက်ဖတ်နေမိသည်။

ထိုစဉ် အိမ်ရှေ့မှ တစ်စုံတစ်ခုသော အသံကြောင့် သူသည် ခေါင်းမော့ကြည့်လိုက်၏။ ဖကေးခေါ် ဟိန္ဒူကုလားဘုန်းကြီးတစ်ယောက်သည် သူ့အိမ်ရှေ့တွင်ရပ်ကာ မိမိသည် မိုင်ပေါင်းများစွာ ဝေးသောအရပ်မှ လာခဲ့ကြောင်း၊ ရှေ့သို့လည်း ဝေးစွာသွားရဦးမည်ဖြစ်ကြောင်း၊ ယခုအစားအစာအတွက် အခက်အခဲရှိနေပါ၍ တတ်အားသမျှ စွန့်ကြဲပါမည့်အကြောင်း ဟိန္ဒူစတန်နီဘာသာစကားဖြင့် တတွတ်တွတ်ပြောဆိုအလှူခံနေသည်။

ကိုသိန်းအောင်၏စိတ်ထဲတွင် ထိုကုလားဘုန်းကြီးမိုးသည် ဗုဒ္ဓဘာသာတရားတော်အရ အယူအဆမမှန်ကန်သည်ဖြစ်သော်လည်း သမထအကျင့်ကို အထူးမြင့်မြတ်စွာအားထုတ်လုပ်ကိုင်လေ့ရှိသော သူတော်ကောင်းများဖြစ်ကြသည်ဟု နဂိုကပင် ထင်မြင်ယုံကြည်ထားသည်။ သို့ကြောင့် သူသည် နေရာမှထကာ အင်္ကျီချိတ်တွင် ချိတ်ထားသောသူ့ရှပ်အင်္ကျီအိတ်ထဲသို့ သွားစမ်းပြီး အိတ်ထဲတွင်တွေ့သမျှ ပိုက်ဆံအကြွေနှစ်စုလေးစုကို ကုလားဘုန်းကြီး၏လက်ထဲသို့ ထည့်လိုက်၏။ . . . . . . . .

□□□

## ''ဝိတနုတ်သန် ကိုစောညိန်း၏ ပေးစာများ''

( ကိုစောညိန်းသည် ပေးစာများရေးသားသောအခါ လက်ခံကော်ပီအပိုတစ်စုံ ထပ်မံကူးရေး၍ သိမ်းဆည်းထားလေ့ရှိသည်။ ၎င်း၏လက်ရေးမူများမှ အချို့သောပေး စာများကို ပြန်လည်ဖော်ပြအပ်ပါသည်။ )

❑

### '' မိဘနှစ်ပါးထံသို့ပေးစာ ''

သမာဓိသတင်းစာတိုက်၊ ရန်ကုန်မြို့၊

၁၉ . ၆ . ၁၉၄၇

မိဘနှစ်ပါးထံ

ရှိသေစွာ စာရေး အစီရင်ခံပါသည်။ ယခု အနီ ကျွန်တော် ထံတွင် ရောက်နေပါသည်။ သတင်းစာ ရောင်းနိုင်းကြည့်ရာ သိပ် နေရာမကျသေးပါ၊ ခနိုးစရိတ် ရှုံနေပါ သည်။ သို့သော် ရှုံးသော ခနိုးစရိတ်ကို ကိုညီညီက စိုက်ပေးပါသည်။ သတင်းစာမှာ အကြွေး လည်းရ မကုန်လျှင် ပြန်သွင်းလို့လည်းရသော်လည်း စောင်ရေများ များကုန်အောင် မရောင်းနိုင်သည့်အတွက် ခက်နေပါသည်။ စောင်

ရေ တစ်နေ့ကို အစိတ်သုံးဆယ် အမြဲကုန်အောင် ရောင်းနိုင်လျှင် တိုက်မှ လခ သုံးလေးဆယ်လည်း ပေးဦးမည်ဟု ပြောပါသည်။ ယခု သုံးလေး စောင်မျှသာ ရောင်းရပါသည်။

ယခု ကျွန်တော်တို့ ရွှေဂုံတိုင်ကုန်းပေါ်တွင် မြခင်တို့အဖေနှင့် အတူတူနေလျက် ကိုယ့်ဘာသာ ချက်ပြုတ်စားသောက်ကြပါသည်။ ကျွန်တော့်လခမှာ ယခင်အတိုင်းပင်ဖြစ်ပါလိမ့်ဦးမည် ထင်ပါသည်။ ပိုအောင် ကြိုးစား၍ မြိုးခြံနေပါသည်။ အနီအတွက် ဖုံတွင် မင်းစေ အလုပ် လခ ၈၀/- လောက်ရမည်ဟု ကိုဒွေးက ပြောသဖြင့် ပြန် မလွှတ်သေးပါ။ ၎င်းအလုပ်မှ မရလျှင်လည်း သမာဓိသတင်းစာ လပေးနှင့်ကြည့်သူများအား လိုက်ပို့ရန် အလုပ်ကို ရနိုင်ပါသည်။ သို့အတွက် အနီ ပြန်လာချင်မှ လာပါမည်။ နေရာမကျလျှင်လည်း လကုန်လောက်ကို ပိုသမျှငွေနှင့် ပြန်လွှတ်လိုက်နိုင်ကောင်း လွှတ် လိုက်နိုင်ပါလိမ့်မည်။

ဆီမီးတန်ဆောင်ကဲ့သို့ ထွန်းပြောင် ထိန်ဝင်းသော ပညာ အရောင်ဖြင့် ဖမ္ဘူဒိပ်မြေအပြင်ဝယ် လွှမ်းမိုးလျက် မိဘနှစ်ပါးအား ချမ်းသာစွာ လုပ်ကျွေးနိုင်သည့်ကိုယ် ဖြစ်ပါရမည့်အကြောင်း ဘုရား ရှေ့တွင် ညစဉ်ဆုတောင်းလျက်ရှိပါသည်။

စောညိန်း
( ၁၉ . ၆ . ၄၇ )
၆၂ ၄၅လမ်း၊ ကာတွန်းရုပ်စုံဂျာနယ်၊ ရန်ကုန်မြို့။

( စစ်ပြီးခေတ် ကာတွန်းရုပ်စုံဂျာနယ်တွင် အလုပ်လုပ်နေစဉ်က ခရမ်းမြို့ရှိ မိဘနှစ်ပါးထံသို့ ပေးသောစာ ဖြစ်ပါသည်။ အနီဆိုသူမှာ ကိုစောညိန်း၏ညီ ကိုလှဝေ ဖြစ်၍ ကိုဒွေးဆိုသူမှာ ကိုစောညိန်း၏ယောက်ဖဖြစ်ပါသည်။ မြခင်ဆိုသူမှာ ၂၁လမ်း ကျောင်းတွင် အတူနေခဲ့သူဖြစ်၍ မြခင်၏အဖေဦးအောင်ကြီးမှာ ခဲစာလုံး၊ ဘလောက် များလုပ်သူ ဖြစ်ပါသည်။ )

□

## မောင်စိုးလှိုင်သို့ ပြန်စာ

၁၉၅၂ခုနှစ်၊ ဇွန်လ၊ ၁၅ရက်
ရန်ကုန်မြို့၊

ညီလေး မောင်စိုးလှိုင်

မောင်ရင့်ဆီက ပေးပို့လိုက်တဲ့စာကို ချိုတေးသံတိုက်အုပ် မြို့မ ကိုထွန်းအောင်ကတစ်ဆင့် အစ်ကိုကြီး ကောင်းမွန်စွာပဲ လက်ခံရရှိတဲ့အတွက် အကြောင်းစုံ သိရပါပြီ။

မောင်ရင့်ရဲ့ ပေးစာများနှင့်တကွ စိတ်နေသဘောထား အကျင့်ဝါသနာများကိုလည်း စာအရ အစ်ကိုကြီး အတော်ကလေးပဲ အကဲခတ်မိတဲ့အတွက် မောင်ရင့်အပေါ် မှာ ညီအရင်းတစ်ယောက်လို ပဲ ကရုဏာသက်မိတဲ့အပြင် မောင်ရင့်ရဲ့အလိုဆန္ဒကို အစ်ကိုကြီး တတ်နိုင်သမျှ ဖြည့်စွမ်းပေးချင်တဲ့ စေတနာ ပေါ်ပေါက်မိပါတယ်။

သို့သော်လည်း ဂီတနက်သန်အဖွဲ့ဆိုတဲ့ နာမည်နဲ့ စာရေးဆရာ ကိုစောညိန်းဆိုတဲ့ နာမည်ဟာ မြန်မာပြည်အရပ်ရပ်မှာ အတော်ကလေး ကျော်စောထင်ရှားနေသလောက် ဒီအဖွဲ့ကြီးဟာ ရန်ပုံငွေ ပစ္စည်းကိရိယာမှအစ အင်မတန် တောင့်တင်းခိုင်လုံ လိမ့်မယ်၊ ဒီစာရေးဆရာဟာလည်း အင်မတန် ငွေဝင်လမ်းကောင်းပြီး ပြည့်စုံကြွယ်ဝတဲ့လူတစ်ယောက်ဖြစ်လိမ့်မယ် စသည်ဖြင့် ထင်စားမိရင်တော့ မောင်ရင် မှားနေပြီလို့ မှတ်ပေတော့ မောင်ရေ့။

မောင်ရင် နားလည်အောင် အစ်ကိုကြီးရဲ့ အခြေအနေကို ရှင်းပြရမယ်ဆိုယင် အစ်ကိုကြီးဟာ အနုပညာသမားတို့ရဲ့ သဘာဝ အတိုင်း အလုပ်အကိုင် စီးပွားရေးကို လုံးလုံးစွန့်ပစ်ပြီး ကိုယ်မြတ်နိုးတဲ့ ဂီတသမားအဖြစ်ကို လုံးလုံးခံယူလိုက်တဲ့ အချိန်ကစပြီး အောဝမ်းနဲ့ ပြိတ္တာသူ့ဘားမား ရှပ်ရှင်ကုမ္ပဏီကြီးနှစ်ခုက ရိုက်တဲ့ အသံထွက်ဇာတ်ကားတွေအတွက် သီချင်းကလေးများ ရေးရပါရဲ့၊ ရေးခကတော့ တစ်ပုဒ်ကို နည်းရင်ငါးဆယ် များရင်တစ်ရာ ဒီအကြားမှာ ရပါတယ်၊

ရတယ်ဆိုပေမယ့် တစ်လတစ်လမှာ တစ်ပုဒ်စ နှစ်ပုဒ်စ ရေးရတော့ ပျမ်းမျှကြေး ဝင်ငွေ တစ်လ တစ်ရာလောက် ရှိတယ်ဆိုပါစို့။

ဂီတနက်သန်အဖွဲ့ကတော့ ရေဒီယိုမှာ အမှော်တမ်း တီးတာ ကလွဲလို့ တခြား ဘယ်မှာမှ မတီးဘူး။ မတီးတဲ့အကြောင်းကတော့ ဥပမာ-အလှူတို့ မင်္ဂလာဆောင်တို့မှာ အခကြေးငွေနဲ့ လိုက်ပြီး တီးရင် မောင်ရင်လဲ တီးဖူးမှာပဲ သိမှာပေါ့၊ လာတဲ့ပရိသတ်က တီးဝိုင်းကို ကျောပေးပြီး သူတို့တာသာ သူတို့ စားလား၊ သောက်လား၊ ဆုလား၊ ညံလားနဲ့ ဘယ်သူကများ တီးတာ၊ မှုတ်တာကို တန်ဖိုးထား ပြီး လေးလေးစားစား နားထောင်လို့တုန်း၊ အဲဒါကို အစ်ကိုကြီးရဲ့ မျက်စိထဲမှာတော့ ငွေပေးခေါ်ပြီး အနုပညာကို သက်သက် စော်ကား တာလို့ မြင်နေတယ်။ ဒီတော့ သူတို့ပေးတဲ့ ပိုက်ဆံလည်း မလိုချင်ဘူး၊ ကိုယ် အမွန်အမြတ်ထားပြီး လိုက်စားတဲ့ ပညာကိုလည်း စော်ကား မခံဘူး။ ဒါကြောင့် လူပရိသတ်များတဲ့ နေရာမှာ ဂီတနက်သန်ဝိုင်း ဟာ ပိုက်ဆံနဲ့လဲ မတီးဘူး။ အလကားလည်း မတီးဘူး၊ ရေဒီယိုဓာတ် ပြားတို့လို မျက်နှာကို မမြင်ရတဲ့ နေရာမှာပဲ တီးမယ်ဆိုပြီး ဆုံးဖြတ် သတ်မှတ်ထားလိုက်တော့ ဂီတနက်သန်ဝိုင်းဟာ ငွေဝင်လမ်း လုံးဝ မရှိတဲ့အပြင် တစ်ခါတစ်ခါ အသံလွှင့်ချင်ရင် ကုန်ကျစရိတ် လေးငါး ဆယ် စိုက်လိုက်ရသေးတယ်။

ခုတော့ ရေဒီယိုမှာ ပိုက်ဆံငွေ ၇၀ကျပ်ရတဲ့ ည စနာရီလွှင့်ဖို့ တောင်းထားပါတယ်။ အဲဒါတောင်မှပဲ သူ့စရိတ်နဲ့သာ လောက် အောင် အတော်ချွေတာပြီးလုပ်ရတယ်။ တလောကတော့ ဓာတ်ပြား ကုမ္ပဏီတစ်ခုမှာ အစ်ကိုကြီးရေးတဲ့ သီချင်းလေး-ငါးပုဒ် ရောင်းလိုက် ရလို့ ငွေသုံးရာငါးဆယ်လောက် ရလိုက်ပါရဲ့။ ဒီနောက် ဂီတနက်သန် တီးဝိုင်းပါ ဓာတ်ပြားသွင်းဖို့ပြောဆိုစေ့စပ်နေရင်းပဲ ကုမ္ပဏီပိုင်ရှင်များ က ခင်ဗျားရေးတဲ့ သီချင်းတွေဟာ အဆင့်အတန်းမြင့်လွန်းပြီး သိပ် ခက်နေလို့ လူတွေထဲမှာ ခေတ်မစားဘူး။ ဒီတော့ ခေတ်စားအောင် လွယ်လွယ် ကူကူ သီချင်းမျိုးပြောင်းရေးပါ။ ဒါမှ လက်ခံနိုင်မယ်ဆိုပြီး ပြောကြတော့ အစ်ကိုကြီးလဲ အနုပညာသမားပီပီ ဒေါသကကြီးကြီးမို့ ကျုပ် အပေါ်စား လမ်းဘေးက သီချင်းမျိုးရေးတဲ့အကောင် မဟုတ်

ဘူး၊ ခင်ဗျားတို့မလိုချင် မယူဘဲနေရုံရှိတယ်၊ ဟိုလိုရေးပါ ဒီလိုရေးပါ ညြဇာမပေးပါနဲ့၊ တကယ်လို့ ခင်ဗျားတို့က ဒီအတိုင်းပဲ လိုချင်တယ်ဆို တာတောင်မှ ကျုပ်ကလဲ တစ်ပုဒ် သုံးရာမရရင် မရေးဘူးလို့ ဈေး တက်ပစ်လိုက်တာ အဲဒီ ကုမ္ပဏီနဲ့လဲ အဆက်ပြတ်သွားရော၊ အဲဒီ အစ်ကိုကြီးမှာ ခုနကပြောခဲ့တဲ့ အေဝမ်းနဲ့ ဗြိတိသျှဘားမားကုမ္ပဏီ နှစ်ခုက မကြာခဏသီချင်းလာအပ်ကြတဲ့ ဝင်ငွေကလေးနဲ့ပဲ အသက်မွေးနေရတယ်။ ဒါလဲ ကိုယ်ရေးကိုယ်တာအရ မဟုတ်ဘူး၊ ဒိုးမင်းမစွမ်း မိဘနှစ်ပါးကိုပါ ကျွေးမွေးနေရတဲ့တာဝန်က ရှိနေပြန် တော့ အစ်ကိုကြီးတို့ အိမ်ထောင်မှုဟာ ရန်ကုန်စရိတ် ခြစ်ခြစ် ခြုတ်ခြုတ်သုံးရင် တစ်လ နှစ်ရာလောက် ကုန်တယ်။ အဖေကြီးက ပင်စင်လခကလေး ၃၅ကျပ်ရလို့ နည်းနည်းတော့ ခုမိပါရဲ့။ ဒါပေမဲ့ မလောက်တာကို အပေါင်းအသင်း မိတ်ဆွေတွေဆီက ချေးယူပြီး သုံးလိုက်ရတာပဲ။

ဒီတော့ ရန်ကုန်မှာ လူတစ်ယောက် တာဝန်ခံပြီးထားရမယ် ဆိုတဲ့စရိတ်ကို မောင်ရင့် အစ်ကိုကြီးဟာ မတတ်နိုင်တဲ့ လူတစ် ယောက်ဆိုတာ သိစေချင်တယ်။ ဒါပေမဲ့ အစ်ကိုကြီးဆီကို စာရေးပြီ အကူအညီတောင်းလိုက်တဲ့ မောင်ရင့် အကြံဉာဏ်ဟာ မမှားဘူး သိပ်မှန်တယ်။

လောကကြီးမှာ ငါတို့ အနုပညာသမားအချင်းချင်း ရှုံးကန် စားပြီး အားကိုးရတာဟာ ကြွယ်ဝချမ်းသာတဲ့ နေရှင်တွေကို အားကိုး ရတာထက် အများကြီးမျှော်လင့်ချက်ရှိတယ်။ အဓိပ္ပာယ်လည်းရှိ တယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်သိန်းလောက်ချမ်းသာတဲ့ လူတစ်ယောက်ဟာ မောင်ရင်ကို ဘယ်လောက်ပဲ သနားတယ်ဆိုဆို ငွေ၁၀၀ကျပ် ပေးဖို့အင်မတန် ခဲယဉ်းတယ်။ တို့အနုပညာသမားတွေ ကတော့ ဒီလို မဟုတ်ဘူးဟေ့။ ထမင်းနှစ်လုပ်စားစရာရှိတဲ့အထဲက တစ်လုပ်ကို ဖဲ့ကျွေးဝံ့တဲ့သတ္တိရှိတယ်ဆိုတာ မောင်ရင် ယုံတော့။

မောင်ရင့်ကိစ္စကို အဖွဲ့ထဲမှာချပြီး တိုင်ပင်တော့ အဖွဲ့သား တွေက ဘာပြောတယ်မှတ်သလဲ (*ခေါ်သာခေါ်လိုက်ပါ အာစရိုရယ် တဲ့၊ ဒီကျွမ် ကြည့်လုပ်ကြတာပေ့ါတဲ့၊ အဲဒါ အနုပညာသမားတွေရဲ့*

စေတနာအမှန်ပဲ) ဒီလိုသာ ပြောကြတာ သူတို့မှာတော့ ကိုယ့်ဝမ်းမှ ကိုယ်ဝကြတာ မဟုတ်ဘူး။

ဒါပေမဲ့ မောင်ဖိုးလှိုင်ရေ တို့ခွဲတဲ့အကြောင်းတွေကို ရေးပြနေတာဟာ မောင်ရင့်ကို လက်မခံချင်လို့ စေတနာမရှိလို့ ပြောနေတာ မဟုတ်ဘူး။ ဟိုကနေ မောင်ရင်က အထင်ကြီးတစ်ခွဲသားနဲ့ ရန်ကုန်မှာ ဂီတနက်သန်အဖွဲ့သားတစ်ယောက်အဖြစ်နဲ့ နေရရင် သိပ်စမတ်ကျမှာပဲဆိုပြီး ဆင်းလာရင် ဒီကျတော့ မောင်ရင်မှိုခိုနေတဲ့ တို့တစ်တွေ ကိုယ်တိုင်ဟာ ယိုင်နေတာတွေ့ရတဲ့အခါ မောင်ရင် တို့ကို ပြန်ပြီးအားနာနေလိမ့်မယ်၊ စိတ်မကောင်းဖြစ်နေလိမ့်မယ်၊ စားရာသောက်ရာမှာလဲ မှီလို့ကျမှာ မဟုတ်ဘူး၊ အဲဒါတွေကို မြင်လို့ အစ်ကိုကြီး ခရေစေ့ တွင်းကျရှင်းပြနေတာ။ တကယ်လို့ မင်းစိတ်ကို ကပေ့ါလေ (ဟာ ဝေတ်ချင်ဝေတ်၊ ပြတ်ချင်ပြတ် ဒီပညာ မလုပ်ရရင် မနေနိုင်ဘူး၊ ကျွန်တော် လာပါရစေလို့) အနုပညာသမားပီပီ မိုက်မိုက်ကန်းကန်း ဆုံးဖြတ်ရဲရင် ဘာမှအရှည်ကြီး တွေးမနေနဲ့တော့ ဆင်းလာခဲ့ပေ့ါ စားရအတူ ဝေတ်ရအတူ တို့ကြည်ကြည်ဖြူဖြူလက်ခံရဲတဲ့သတ္တိ အဆင်သင့်ရှိတယ်။ အနုပညာသမားပီပီ မိုက်မိုက်ကန်းကန်းဆိုလို့ အနုပညာသမားတွေကို စော်ကားလိုက်တာလို့ မအောက်မေ့နဲ့ တို့အနုပညာနယ်ဆိုတာ ဝေတ်မှာတွေ ပြတ်မှာတွေ အားနာတတ်တာတွေကို လိမ်လိမ်မာမာနဲ့ တွေးတောဆင်ခြင် ချင့်ချိန်တတ်တဲ့ အကောင်မျိုးဟာ ဘယ်တော့မှ မခွဲဘူး၊ နည်းနည်းလဲ မိုက်တိမိုက်ကန်း ကိုယ်ထင်ရာ စွန့်ပြီးလုပ်ရဲ့တဲ့ သတ္တိရှိရတယ်။ အစ်ကိုကြီးတို့လဲ ဒီလိုပဲ လုပ်လာခဲ့ရတာပဲ။

အဲဒီတော့ မောင်ရင့်မှာ မလာရ မနေနိုင်လောက်အောင် ဆန္ဒပြင်းပြနေသေးရင် နောက်ပြီး ခုနကပြောခဲ့တဲ့ အနုပညာရဲ့ ဆင်းရဲဒုက္ခတွေကို ခံနိုင်ရည်ရှိလိမ့်မယ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်ရင် အချိန်မရွေးသာ လာခဲ့။ သိပ်လဲ အားငယ်မသွားနဲ့၊ ခမောင်ရင် ကံကောင်းရင် သင့်တော်တဲ့အလုပ်ကလေး တို့ရှာပေးကောင်း ရှာပေးနိုင်လိမ့်မယ်။ နောက်ပြီး တို့အဖွဲ့တစ်ဖွဲ့လုံးကလဲ မင်းကို ကျွေးမွေးထားရတဲ့အတွက် တစ်ကွက်ကလေးမှ တွန့်တို ငြူစူလိမ့်မယ်

မဟုတ်ဆိုတာကို ယုံ။ ပညာကတော့ မောင်ရင့်ကို ပေးဖို့ အများကြီး ပေးဖို့ ရှိလိမ့်မယ်လို့ မျှော်လင့်တာပဲ။ နောက်ပြီး တို့ဂီတနက်သန်အဖွဲ့ရဲ့ နာမည်ဟာလည်း အများကြီး တက်လမ်းရှိနေတယ်။ မောင်ရင်နဲ့ ကံစပ်မိရင် ဝင်ငွေတွေဘာ တွေကောင်းတဲ့ အဖွဲ့ကြီးတစ်ဖွဲ့ ဖြစ်လာရင် ဖြစ်လာလိမ့်မယ်။ ဒါကြောင့် မောင်ရင်လာချင်တာကိုတော့ အစ်ကိုတို့က လုံးဝမတားဘူး။ ကိုယ့်ဟာကိုယ် ချင့်ချိန်ဆုံးဖြတ်ပြီး လာမယ်ဆိုရင် မြန်မြန်သာလစ်လာခဲ့ပေတော့ ကိုယ့်လူရေ. . .။

စာရေးရင်ဖြစ်ဖြစ်၊ လူကိုယ်တိုင်လာရင်ဖြစ်ဖြစ် နံပါတ်၇၃၊ ပီတောက်တန်း၊ ကြည့်မြင်တိုင်ဆိုတဲ့ လိပ်စာကိုသုံးပါ။

ဒီစာကိုတော့ လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ မပျောက်မပျက်ပါစေနဲ့၊ အနုပညာရာဇဝင်မှာ အရေးကြီးတဲ့ မှတ်တမ်းတစ်စောင် ဖြစ်နိုင်တယ်၊ ကိုယ်နှင့်မကွာသိမ်းဆည်းထားပါ၊ လာရင်လဲ တစ်ပါတည်း ယူခဲ့ပါ၊ လက်ခံကော်ပီ မရှိဘူး။

စောညိန်း<br>
ဂီတနက်သန်၊ ၁၅ . ၆ . ၅၂

( ကိုစောညိန်း၏ သီချင်းများကို နှစ်သက်လွန်း၍ တပည့်ခံရန် လာရောက်လိုကြောင်း ခွင့်တောင်းသည့် ရေနံ့သာ ကိုဖိုးလှိုင်ထံသို့ ပြန်သောစာ ဖြစ်ပါသည်။ )

❑

## ဂီတနက်သန် ကိုဇော်ညိန်းထံမှ ဦးညိုညို( သမာဓိ )ထံသို့ပေးစာ

ကိုညိုညိုခင်ဗျား

မမေ့လျော့သောအကြောင်းဖြင့် စာရေးအစီရင်ခံပါသည်။ ကျွန်တော်သည် နှစ်ရှည်လများ ကိုညိုညိုနှင့် မတွေ့မကြုံရဘဲ ကွေကွင်းခဲ့ရသော်လည်း အမြဲပင် သတိရလျက်ရှိခဲ့ပါကြောင်းကို ကျမ်းသစ္စာကျိန်၍ပင် ပြောဝံ့ပါသည်။ အမြဲသတိရလောက်အောင် လည်း ကျွန်တော့်အပေါ်တွင် ကိုညိုညို၏ကျေးဇူး ကြီးမားခဲ့ကြောင်းကို နှုတ်ဖြင့် ဖွင့်ဟမပြောခဲ့ဘူးသော်လည်း စိတ်တွင်း၌ အမြဲတစေ ကျေးဇူးတင်လျက်ရှိခဲ့ပါ၏။

ကျွန်တော့်အပေါ်တွင် ကိုညိုညိုကျေးဇူးပြုခဲ့သည်မှာ ကိုယ့်အဖို့ အနည်းငယ်မျှသာဖြစ်သော်လည်း ကျွန်တော်၏ညီအစ်ကိုသားချင်းများပင် ကျွန်တော့်အပေါ်တွင် မထားကြသောစေတနာမျိုးကို ကိုညိုညို ထားခဲ့နိုင်သည့်အတွက် ထိုစေတနာ၏တန်ဖိုးကို သိခဲ့သော ကျွန်တော့်အဖို့မှာ ပေါ့ပေါ့ဆဆအနည်းငယ်မျှသာဟု သဘောထား၍ မဖြစ်နိုင်ဘဲ အထူးလေးနက်စွာ စွဲမြဲမှတ်မိလျက်ရှိပါသည်။

ကိုညိုညို ယခုမည်သို့လုပ်ကိုင် ကြံစည်လျက်ရှိကြောင်းကို သိ ခွင့်ရှိလျှင် သိလိုပါသည်။ ကာတွန်းရုပ်စုံဂျာနယ်ကို ပြန်၍ထုတ်ရန် ကြံရွယ်ခြင်း မြူပါသေးသလား။ ကျွန်တော့်မှာကား ဂျပန်ခေတ် တစ်ခေတ်လုံး ကျော်စောထင်ရှားခြင်းကို စွန့်လွှတ်လျက် ဝါသနာ အလျဉ်းမပါသော ကုန်သည်အလုပ်ဖြင့် အသက်မွေးဝမ်းကြောင်း ပြုလျက်နေခဲ့ပြီးနောက် ယခုခေတ်တွင် ဘာမျှအတည်တကျ မရှိသေးပါ။ ပန်းချီအလုပ်ကိုလည်း ပြန်၍လုပ်ရန် စိတ်များစွာ မပါလှပါ။ ဝါသနာအပါဆုံးဖြစ်သော စာပေလောကထဲသို့ ဝင်ရောက်ရန်သာ ကြံမိပါသည်။

ကိုစကြွယ်အားလည်း သတိရပါကြောင်း၊ သူရေးသော ပျောက်ကြားတပ်သား ဝတ္ထုကို ဖတ်ရပါသဖြင့် ယခင်ကထက် လက်ရာ တိုးတက်လာသည်ဖြင့် ဝတ္ထုရှည်ရေး ဝတ္ထုရေးဆရာတစ်ယောက် အဆင့်အတန်းသို့ ရောက်သွားပြီဖြစ်သဖြင့် ကာတွန်းရုပ်စုံဂျာနယ်

နှစ်ဉ်က ဝတ္ထုတိုရေးဘက်မြစ်သော ကြယ်နီက ဝမ်းမြောက်ပါကြောင်း တို့ကို ပြောလိုက်စေလိုပါသည်။

❑

## ဂီတနက်သန် ကိုစောညိန်းထံမှ အယ်ဒီတာတစ်ဦးထံသို့ ပေးစာ

ဆရာခင်ဗျား

ဆရာတို့ထံသို့ ( ၂၃ . ၁၁ . ၄၅ )နေ့စွဲနှင့် **Register** ပြုလုပ်ပေးပို့လိုက်သော ဝတ္ထုတိုအတွက် ပြန်ကြားစာကို မရခဲ့ပါသဖြင့် နောက်ထပ်၍ စာတစ်စောင်ရေးသား မေးမြန်းပါသော်လည်း ယခု တိုင်အောင် ဘာမျှမသိရပါ။ အကယ်၍ ကျွန်တော်၏ ဝတ္ထုမှာ ဆရာတို့ဂျာနယ်တွင် ထည့်သွင်းရန် မဖြစ်နိုင်လောက်အောင် ညံ့ဖျင်းနေခဲ့ပါလျှင်လည်း မထည့်သွင်းနိုင်ကြောင်းမှုကိုကား အတန်တန် အောက်ကြို့တောင်းပန်ခဲ့သည်ကို ထောက်ထားသဖြင့် ပြန်ကြားထိုက်သည်ဟု ထင်ပါသည်။

ကျွန်တော့်ထံ စာပြန်ကြားရန် တံဆိပ်ခေါင်းအပိုတစ်လုံးကို ဝတ္ထုပို့စဉ်ကပင် ပူးတွဲ၍ ပို့လိုက်ပါသည်။ ယခုတစ်ဖန်လည်း နောက်တစ်လုံး ထပ်၍ ဤစာနှင့်အတူ ပူးတွဲ၍ ပို့လိုက်ပါသေးသည်။

ဆရာတို့ထံသို့ကျွန်တော်စာရေးရသည်မှာ သုံးကြိမ်ရှိပြီဖြစ်၍ ကျွန်တော်၏ ဝတ္ထုရားမှာ ကြေကုန်လောက်ပြီထင်ပါသည်။ ယခုတစ်ကြိမ်မှ ပြန်ကြားခြင်း မပြုပါက ဆရာတို့သည် အကြောင်းတစ်ခုခုကြောင့် ကျွန်တော်နှင့် ဆက်သွယ်ရန်အလိုမရှိဟု၍သာ ယူမှတ်လျက် ဆရာတို့ဂျာနယ်နှင့် ဆက်သွယ်ခြင်းကို လက်လျှော့ရပ်စဲကာ ပွင့်သစ်စ စာရေးဆရာများကို အားပေးသော အခြားတိုက်များသို့ ခြေဦးလှည့် ရပါမည့်အကြောင်းကို စာရေးအစီရင်ခံအပ်ပါသည်။

❑

ဂီတနက်သန် ကိုဇော်ညီနှံ့အ " ဖြေလတ်မေ "ဆါ " ဂိုင့်မေ " ထဲသို့ပြန့်ဆ(၁)

ရှိ

"ရှိ"ရယ်လို့ တစ်လုံးတည်းရေးလိုက်မိတာကိုတော့ အနုပညာသမားမို့ အကျွရာအားဖြင့် လှပစေလို့မှုကိုသော်လည်းကောင်း၊ အသံအားဖြင့် ဝါစာသီလို့ဒွဖြစ်စေလို့မှုကိုသော်လည်းကောင်း၊ ရည်ရွယ်ပါတယ်ဆိုတာထက်ပိုပြီး သဘောပေါက်မမှားတန်ကောင်းပါဘူး ထင်ပါရဲ့နော် . . .

လူလားမြောက်တဲ့အရွယ်ကစပြီး "ဂီတမာလာ"ရဲ့ ဆယ့်နှစ်လွှာသော ပွင့်ချပ်ရိုပ်မှာ ငိုက်မြည်း မေးမှိတ်လို့သာ အိပ်ပျော်နေမိခဲ့တဲ့အတွက် မိန်းကလေးများနဲ့ ဆက်ဆံမှုမှာ မကျွမ်းကျင်သူဖြစ်ခြင်းကို ထောက်ထားပြီး မပြေမပြစ်ဖြစ်ခဲ့လို့ရှိရင် ခွင့်လွှတ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

၁၉၅၀ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့စွဲ စာတိုက်တံဆိပ်နဲ့ ပေးပို့လိုက်တဲ့ မောင်လှသောင်းထံမှ ဒုတိယစာလွှာနဲ့အတူ ရှိရဲ့စာကိုပါ ၉. ၁. ၅၁ နေ့မှာ လက်ခံရရှိတဲ့အတွက် အကျိုးအကြောင်းစုံကို သိရပါပြီ။

ရှိရဲ့လိုအင်ဆန္ဒကိုလည်း အစမှသည် အဆုံးတိုင်အောင် ဖြည့်စွမ်းကူညီနိုင်ပါလိမ့်မယ်ထင်ပါတယ်။ ကူညီနိုင်အောင်လည်း အစွမ်းကုန်ကြိုးစားပါ့မယ်။ ကူညီချင်တဲ့စေတနာလည်း လှိုက်လှိုက်လှဲလှဲပဲဖြစ်ပေါ်မိပါတယ်။

ကိုယ်ခန္ဓာ အသည်းနှလုံးနှင့်တကွ အသက်ဝိညာဉ်ကိုပါ ဂီတရဲ့ ယာဇ်ပလ္လင်မှာပူဇော်တင်ဆက်လို့ လှူဒါန်းပြီးခဲ့သူဖြစ်တဲ့အတွက် အမျိုးရဲ့ယဉ်ကျေးမှုပြတိုက်ဖြစ်တဲ့ ဂီတဗိမာန်ကို မွမ်းမံဖို့ ဂီတနယ်ပယ်ကို အပြောကျယ်ပြန့်စေဖို့ ဂီတပညာရှင်သစ်များ ထပ်မံတိုးတက်စေဖို့ ဆိုတာတွေကို အသက်နဲ့ခန္ဓာမြဲသမျှ တာဝန်ဝတ္တရားတစ်ရပ်အနေနှင့် တတ်နိုင်သလောက် ကြိုးစားထမ်းရွက်ပါ့မယ်လို့လည်း ရည်ရွယ်ရင်းရှိခဲ့ပါတယ်။

နေမင်းဟာ ကြယ်တာရာတွေရဲ့ အလင်းရောင်ကို လွှမ်းမိုးပြီး

ကောင်းကင်ပြာမှာ တစ်ပါးတည်း ထွန်းလင်းသလို ဂီတရောင်ဝါနဲ့ တိုင်းပြည်ရဲ့ ကျေးဇူးကို တစ်ယောက်တည်းသာ ပေးဆပ်ရမှာထက် လမင်းဟာ ကြယ်တာရာများအလယ်မှာ ထွန်းလင်းသလို ဖြစ်ရခြင်း ကို ပိုမိုပြီး မြတ်နိုးပါတယ်။

ရိုဟာ ဂီတပညာကို နည်းနည်းမဟုတ်ဘူး သိပ်ပြီး ဝါသနာပါ တာပဲလို့ဆိုတာကိုသိရတဲ့အတွက် အလွန်ပဲဝမ်းသာအားတက်မိပါ တယ်။ ဒါပေမယ့်လို့လဲ ရိုရေ ယဉ်ကျေးမှုပညာတွေရဲ့ တန်ဖိုးကို လူထုနားမလည်နိုင်သေးတဲ့အချိန်မှ ဆုံးရှုံးနစ်နာခြင်းဆိုတဲ့ ဆုလာဘ် ကိုသာမျှော်လင့်ရန်ရှိတဲ့ အနုပညာသမားတို့ရဲ့ လမ်းစဉ်ဟာတော့ဖြင့် ရင် တယ်ပြီး ချောမွေ့ပြေပြစ်ခြင်း မရှိလှဘူးဆိုတာကို ကြိုတင်သိနား လည်ထားဖို့တော့ လိုပေလိမ့်မယ်နော်။

စီးပွားရေးဘက်မှာ သူဌေးတစ်ယောက် အခေါ်ခံနိုင်တဲ့အထိ သော်လည်းကောင်း၊ ကျောင်းနေပညာကို ဘီအေ၊ အမ်အေဘွဲ့ရတဲ့ အထိသော်လည်းကောင်း၊ ခပ်လွယ်လွယ်နဲ့ပဲရယူဖြစ်မြောက်နိုင် လောက်အောင် အင်အားရှိတဲ့ ဦးနှောက်ကို၊ အနုပညာတစ်ရပ်ရပ် အတွက် ပြဌာန်းပေးလှူမိသူတိုင်းဟာ ကျော်စောထင်ရှားမှုဆိုတဲ့ ပန်း တိုင်ကို မရောက်မချင်း၊ ဝမ်းရေးမလုံလောက်ခြင်း၊ အဘက်ဘက်က ကိုယ်ကျိုးနစ်နာခြင်းဆိုတဲ့ ဆူးညောင့်ခလုတ်တွေပေါ်မှာ အလူး အလိမ့်ကြိတ်မှိတ်ဖြတ်ကျော်ရပြီး၊ ပန်းတိုင်ကို ရောက်ပြန်ပါတော့ လည်း ကျော်စောထင်ရှားမှုဆိုတဲ့ အရသာကလေးကိုသာ မက်မောပြီ ကိုယ်မြတ်နိုးရာ ပညာရဲ့ တိုးတက်ဆန်းသစ်တဲ့အခက်းကဏ္ဍသစ် တွေကို ဖွင့်ဖို့ ကြိုးစားရင်းနှင့်ပဲ **Standard of living** ဆိုတဲ့ ပညာဂုဏ်နဲ့ လိုက်လျောမျှတတဲ့ဝင်ငွေကို ရဖို့ရာကို မေ့လျော့ လစ်ဟင်းခဲ့ကြရတာ ပါပဲကွယ်။

ဒါတွေကို သိရက်သားနဲ့ ကိုစောညိန်းတို့တော့ ဘာကြောင့် ဒီပညာကို ဒါလောက် စွဲစွဲလမ်းလမ်းလိုက်စားနေသလဲ? လို့မေးဖို့ရှိ နေပါတယ်။

အနှစ်တစ်ရာကျော် ကျွန်ဖြစ်ခဲ့ရတဲ့ မြန်မာပြည်မှာ အမျိုး သားယဉ်ကျေးမှုပညာတစ်ရပ်ဖြစ်တဲ့ ဂီတရဲ့အခြေအနေဟာ ဘယ်

လို ပြောင်းလဲခဲ့သလဲဆိုတာကို ရိုပဲ ပြန်ပြီး စဉ်းစားကြည့်စမ်းပါ၊ ရို မကျွမ်းကျင်သေးတဲ့ အသံရဲ့သဘောကိုတော့ နောက်မှပဲ ရှင်းပြပါရစေတော့။ အခုတော့ ရိုတတ်ကျွမ်းပြီးဖြစ်တဲ့ စာပေ (သီချင်းစာသား) ကိုပဲ နှိုင်းယှဉ်ပြပါမယ်။

ကိုယ့်ထီးကိုယ့်နန်းနဲ့ နေခဲ့စဉ်အချိန်က ပေါ်ထွန်းခဲ့တဲ့ဂီတစာပေ(သီချင်းကြီးစာသား)တွေကို ရိုဖတ်ဖူးပါလိမ့်မယ်။ ဘယ်လောက်နက်နဲသိမ်မွေ့ခဲ့ညားကြက်သရေရှိသလဲ။ အခုခေတ်ပေါ် သီချင်းစာသားတွေကို ကြည့်စမ်းပါဦး၊ ယဉ်ကျေးမှုအနုပညာဆိုတဲ့ ဂီတနဲ့တွဲဖက်တဲ့စာပေတဲ့ ရိုရယ်၊ ဘယ်မှာ စာပေမြောက်အောင် ကောင်းတဲ့သီချင်းတစ်ပုဒ်ရှိသေးသလဲ၊ တေလေဂျပိုးတွေသုံးနှုန်းတဲ့ စကားမျိုးတွေ မောင်နှင့်နှမ၊ သားနှင့်အမိရှေ့မှာမှ ကြားလို့မလျော်တဲ့ စာမျိုးတွေကိုသာ တွေ့ရတော့တာပဲ။

ဒီလို ကိုယ့်အမျိုးရဲ့ယဉ်ကျေးမှုကို ကမ္ဘာကသိအောင် ပြရမယ့်ပညာတစ်ရပ်ဟာ ဇောက်ထိုးမိုးမျှော်အဆင့်အတန်း နိမ့်ကျနေတာကို မသိလိုက်ဟာသာ မျက်နှာလွှဲပြီး မနေနိုင်လွန်းလို့ ကဲ ငါ့အဖို့မှာ ဘီအေ မအောင်ရင်လည်းနေပေစေတော့ သူဌေးမဖြစ်ရင်လည်း နေပေစေတော့ဆိုပြီး၊ စီးပွားရေးနဲ့ကျောင်းနေပညာရေးကို လုံးလုံးစွန့်လွှတ်၊ ဂီတနဲ့တွဲဖက်ရမယ့် စံချိန်မှီအထက်တန်း မြန်မာစာပေကို ရှေးဦးစွာ လေ့လာ အဲဒီနောက်မှ ဂီတနယ်ထဲကို ခြေစုံပစ်ဝင်ခဲ့ပြီးတဲ့အပြင်၊ ကိုယ့်လိုပဲ ကိုယ်ကျိုးကိုစွန့်လို့ ဂီတပညာရဲ့တိုးတက်ဆန်းသစ်မှုကို ထမ်းရွက်ပံ့မယ့် အာဇာနည်မျိုးချစ်ပုဂ္ဂိုလ်များကိုလည်း အတူလက်တွဲပြီး ကြိုးစားလှည့်ကြပါလို့ အမြဲဖိတ်ခေါ်ခဲ့ပါတယ်။

ဒါကြောင့် ရိုလည်းပဲ ဂီတပညာကို အဟုတ်တကယ် ဝါသနာ ပါခဲ့ရိုးမှန်ရင်တော့ ဒီလုပ်ငန်းဟာ အပျော်တမ်းသက်သက် ကိုယ်နာမည်ကြီးဖို့သက်သက် ရယ်လို့သဘောမထားဘဲ အင်မတန်သန့်ရှင်းမွန်မြတ်တဲ့ တိုင်းပြည်ပြုလုပ်ငန်းတစ်ရပ်အနေနဲ့ စိတ်ထဲမှာ ထားပြီး ဆန်းသစ်တိုးတက်တဲ့ ဂီတကို ဖန်တီးပြုစုရာမှာ ကူညီနိုင်မယ်ဆိုတာဖြင့် အတိုင်းထက်အလွန် ဝမ်းသာရမှာပါပဲ။

လူထုမျက်စိပွင့်လင်းလာလို့ အနုပညာတွေ တန်ဖိုးရှိလာတဲ့

တစ်နေ့ကို ကံကောင်းထောက်မလို့ မှီသေးရင်လည်း ကိုယ့်စေတနာ ကိုယ့်အကျိုးပေးဆိုသလို ခံစားခွင့်ရှိသလောက်တော့၊ အကျိုးခံစားရမှာပေ့ါလေ၊ အခုလက်ငင်းတော့ ရှေးဦးပထမ မတတ်ကျွမ်းသေးတဲ့ ဂီတပညာရဲ့ ခဲရာခဲဆစ်များကို သင်ကြားပေးဖို့နဲ့၊ တကယ်လို့ပါရမီ အလျောက်အနေးနှင့်အမြန် စံချိန်မှီတတ်ကျွမ်းလာလျှင်လာချင်၊ နာမည်ကျော်ကြားမှုကိုရအောင် ပေါ်ထုတ်ပေးဖို့ကို စေတနာသန့်ရှင်းစွာနဲ့ တာဝန်ယူပါတယ်။

အခုလို အကြောင်းမျိုးစုံကို ရေးလိုက်တာတွေကိုတော့ စိတ်ပျက်အောင်ပြောတယ်လို့ မထင်စေလိုဘူး၊ ဂီတပညာရဲ့ ပထမသင်ခန်းစာအဖြစ်နဲ့သာ မှတ်သားထားစေလိုပါတယ်။

တဲ တဲ စာလည်း ရှည်လှလို့ ဖတ်ရတာ မောရော့မယ်နော်၊ ဒါကြောင့် ကိုယ့်အမေက မွေးမပေးခဲ့သော်လည်း ဂီတပညာရဲ့ ကျေးဇူးကြောင့် မိုင်သုံးရာကျော်ဝေးတဲ့နေရာက ကောက်ရခဲ့တဲ့ညီမလေး ရီရဲ့ပြန်စာကို ဂီတနက်သန်မှ စောင့်မျှော်ပါရစေတော့ကွယ်။

ရီ အခုချောက်မှာ ကျောင်းတက်နေသေးသလား။ ရန်ကုန်ကို လာပြီးနေနိုင်ပါ့မလားဆိုတာတွေကို သိပါရစေ။

❑

## ဂီတနက်သန် ကိုဇော်ညီနှင့် " ဖျော်လတ်ဆေး " ဝါ " ရိုးရိုးဆေး " ထုံးသို့ပြန်စာ (၂)

ရိုရေ . . .

မိုးမင်းဒေဝါ ချိန်ခါလေဟုတ်ပဲ ရွာဖွဲ့စွေလို့စွေ. . . ရွာပဲနေလို့နေ. . . ဆိုတဲ့ ရေဒီယိုထဲက ဒေါ်ဒေလီညွှန့်ကြီးရဲ့သီချင်းသံနဲ့ အတူ ရာသီဉတုမမှန်တဲ့ ရန်ကုန်ရဲ့ဆောင်းတွင်းမိုး လမ်းဟာ တဖြောက်ဖြောက်စွေဖွဲ့ အုံ့မှုနေဆဲမှာ ရိုလေးပို့လိုက်တဲ့ စာကလေးကို ပြန်ပြီး ဖတ်ကြည့်မိပါတယ်။

ပြန်ပြီးဖတ်ကြည့်မိတယ်ဆိုတာကတော့လေ . . . နေ့လယ်က ရောက်လာလာချင်းတစ်ခါ ဖတ်ပြီးပြီလို့ဆိုလိုတာပါပဲ။

ပြာလဲ့လဲ့စာရွက်ကလေးပေါ်က အက္ခရာများရဲ့ ဝဏ္ဏတစ်လုံးတစ်လုံးစီက ထွက်ပေါ်လာတဲ့ အသံတွေဟာ ရိုကိုယ်တိုင်ပဲ နှုတ်ကဖွင့်ဟပြီး ပြောနေသလားလို့ စိတ္တဇအာရုံမှာ ကြားယောင်မိအောင် ဝင်စားနိုင်ပေမယ်လို့လည်းပဲ၊ မမြင်ဘူးခဲ့တဲ့ ရိုရဲ့ပုံသဏ္ဍာန်ကိုတော့ ထင် မြင်လာအောင် စိတ်ကူးကြည့်လို့မရနိုင်တဲ့အတွက်ကြောင့်မို့ ဝမ်းနည်း သလိုလိုတော့ ရှိမိသား ရိုရယ်. . .

ဒါပေမယ့်လို့လဲပဲ ရိုရဲ့ဓာတ်ပုံကို ရပါရစေလို့တော့ မတောင်း အပ်ပေဘူး မှတ်ပါတယ်။ သိက္ခာသမာဓိကို ယုံကြည်လို့ ပို့ပေး လိုက်နိုင်မယ်ဆိုရင်တော့လည်း ဝမ်းသာရမှာပေါ့လေ. . .

ဒါထက် ယွင်တစ်ပါတ်က ရို့ဆီကိုပေးပို့လိုက်မိတဲ့ စာနဲ့ပါတ် သက်ပြီး ရိုအဖို့ရာ အားငယ်စိတ်ပျက်စရာများ ဖြစ်သွားလေသလားလို့ ဆိုးရိမ်မိပါတယ်။ သိပ်ပြီးတော့လဲ စိတ်မပျက်ပါနဲ့ ရိုရယ် . . . ဘယ် လောက် ဆူးညှောင့်ခလုတ်တွေရှိတယ်ဆိုစေကာမူ . . . ဝါသနာနဲ့ စိတ်ဓာတ်တကယ်ခိုင်မြဲမြဲင်းထန်တဲ့သူတွေအဖို့မှာတော့ ပြောပ လောက်တဲ့အခက်အခဲရယ်လို့ တယ်ပြီး မတွေ့ရပါဘူး၊ ခွဲမြဲမှုရဲ့ခွန် အားဟာ သည်အခက်အခဲတွေကို သူ့အလိုအလျောက် အလွယ်တ ကူနဲ့ပဲ ရှင်းလင်းသွားနိုင်တဲ့အစွမ်း ရှိပါတယ်။

နောက်ပြီးတော့လဲ ရို တစ်ယောက်အဖို့မှာဆိုရင် စွမ်းအားရှိ သလောက် ကြိုးစားကူညီစောင့်ရှောက်ပြီး အောင်မြင်မှုပန်းတိုင်ကို မရောက်

မချင်း လမ်းပြပို့ဆောင်ပေးမယ့် မိတ်ဆွေကောင်းတစ်ယောက်ဟာ . . . ရန်ကုန်မြို့ရဲ့ ဂီတနက်သန်မှာ ရှိနေပါသေးကလားဆိုတာကို မေ့ပစ် လိုက်မိရင်သာ စိတ်လျှော့ဘို့ရာ အကြောင်းရှိတာပါကွယ်။

မိဘပစ္စည်း ဖြုန်းပြီး ရန်ကုန်မှာ သွားနေတယ်လို့ အပြောမခံရအောင် နောက်အချိန်အခါကို စောင့်ဘုံးပေါ့လေရိုရယ် . . . အရင်ပြောဖူးခဲ့တဲ့ ဓာတ်ပြားကုမ္ပဏီ . . . ဖွင့်ဖို့လဲနီးပါပြီ အဲဒီအခါကျ တော့ သိပ်အကြာကြီးနေဖို့ မလိုပါဘူး . . . ရိုကြိုးစားသင်နိုင်ရင် သုံးလေးလအတွင်းမှာ ဓာတ်ပြားအဆိုတော် ဖြစ် . . . . . ခုနေတော့ ရေဒီယိုမှာ အသံလွှင့်ရရုံလောက်ပဲရှိမှာပေါ့လေ၊ ဒါပေမယ့် . . . အပြီးနေနိုင်ရင်တော့ တစ်မျိုးကောင်းတာပါပဲ ရေဒီယိုက . . . ဓာတ်ပြားသွင်းရဖို့အတွက် . . .

ရို သိချင်လို့မေးတဲ့ "ဂီတနက်သန်" ဆိုတာကတော့ ကိုစောညိန်းရဲ့အိမ်ရှေ့က ပါလစ်သုတ်ထားတဲ့ သစ်သားဆိုင်းဘုတ်ကလေးပေါ်မှာ အဖြူရောင်စာလုံးနဲ့ ရေးထားတဲ့ စာတန်းကလေးပါပဲ၊ စာရေးဆရာအသင်းမှ အနုပညာဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ခြင်းခံရတဲ့အခါက သည်ဆိုင်းဘုတ်ကို ရည်ရွယ်ပြီး အချို့သတင်းစာတွေထဲမှာ "ဂီတနက်သန် စောညိန်း" လို့ ဖော်ပြကြပါတယ်။

အဓိပ္ပာယ်ကတော့ ရိုတွေးမိတဲ့ ဘူမိနက်သန်ဆိုတာလိုပါပဲ၊ အကျွရာသချာ်သဘောနဲ့ ပြေရရင်၊

ဘူမိနက်သန် = အမှန်မုချအောင်မြင်မှုဖြစ်ထွန်းရာမြေ

ဘူမိ = မြေ

ဘူမိနက်သန် - ဘူမိ = နက်သန်

∴ နက်သန် = အမှန်မုချအောင်မြင်မှုဖြစ်ထွန်းရာ

ဂီတ = သီဆိုတီးမှုတ်ခြင်းအတတ်ပညာ

∴ ဂီတ + နက်သန် = အမှန်မုချအောင်မြင်မှုဖြစ်ထွန်းရာ + သီဆိုတီး မှုတ်ခြင်းအတတ်ပညာ။

ပြေပြစ်အောင် ဘာသာပြန်ရရင်တော့

"အောင်မြင်မှန်ကန်ဆန်းသစ်သောဂီတပညာ ပေါ်ထွန်းရာဌာန" လို့ ဆိုနိုင်ပါတယ်။

ကိုစောညိန်းရဲ့စာတ်ပုံပါတဲ့ လင်းယုန်ကျာနယ်ကို တွေ့ချင်ရင်တော့ ရှာဖြူပို့ပေးလိုက်ပါမယ်။ အမှတ်စဉ်တော့ မမှတ်မိတော့ဘူး။ အဖုံးမှာ ခေါင်းလောင်းကြီးနဲ့ပုံပါတဲ့ အပတ်တာပဲ။

ကဲ . . . ကဲ . . . ပေးပို့လိုက်သောစာရွက်အထပ်ကြီးလို့ . . ရီ ပြောစရာမြစ်အောင်ပဲ စာတွေများသွားပြန်ပြီ နောက်မှပဲ ရေးချင်တာတွေကို ထပ်ရေးရတော့မှာပဲ၊ ရီ့ဆီကိုစာရေးရင် ဘာကြောင့်ဒါလောက်ရှည်ရှည် သွားရတယ်လို့တော့ မပြောတတ်နိုင်အောင်ရှိပါတယ်။

လူလားမြောက်တဲ့အရွယ်ကစပြီး ဂီတပညာတစ်ခုတည်းနဲ့သာ အဖော်ပြုမွေ့လျော်ခဲ့ရတဲ့သူမှာဖြင့် ခုလို ရီနဲ့သိရတဲ့အချိန်ကျတော့မှဘဲ ဩော် . . . လောကကြီးမှာ ဂီတပညာမှတစ်ပါး မြတ်နိုးစရာတွေလဲရှိပါသေးကလားလို့ သတိရမိပါတော့တယ် ရီရယ် . . .။

၂၀ . ၁. ၅၁

ဂီတနတ်သန် ကိုဇော်ညိမ်းမှ " မြေလတ်ဝေ "ဖါ် " ရှိရိုဝေ " ထံသို့ပြန်စာ (၃)

ချစ်တဲ့ညီမလေး
ရီ

၂၇. ၆. ၅၁ နေ့စွဲနဲ့ ပေးပို့လိုက်တဲ့စာကို ကိုကြီး ၃. ၇ . ၅၁ နေ့ကပဲ လက်ခံရရှိခဲ့သော်လည်း စာချက်ချင်းမပြန်ကောင်းလားလို့ ညီမလေးအပြစ်တင်စရာဖြစ်အောင်ကိုပဲ ကိုကြီးမှာ အင်မတန်အလုပ်တွေများနေတဲ့အတွက် သုံးညကူးပြီးတဲ့ ဒီနေ့မှ စာပြန်ရတာကို ကလဲ့စားချေတဲ့အနေနဲ့ ကိုကြီးဆီကိုလဲ ချက်ချင်းစာမပြန်ဘဲနေမယ်ဆိုရင်တော့ ကုသိုလ်ပဲလို့အောင့်မေ့ရတော့မှာပေါ့ ရီရယ်။

အလုပ်များတဲ့ကြားထဲက ကမန်းကတမ်းအချိန်လုပြီးတော့ ရေးရင်တော့ ဖြစ်သပေါ့လေ၊ သို့သော်လဲ ကိုယ်ချစ်တဲ့ညီမလေးတစ်ယောက်ဆီကို ပြီးပြီးရောသဘောထားပြီး ကြောင်ခြစ်သလိုမရေးလိုက်ချင်လို့ပါကွယ်။

ကိုကြီးရဲ့စေတနာကတော့ အချိန်ယူပြီးအေးအေးဆေးဆေး အကြင်နာဆုံးစကားလုံးကလေးတွေကို ရွေးချယ်လို့ အရေးတယူပြန်ကြားချင်တာမို့ ချက်ချင်း ချက်ချင်း စာမပြန်မိတာတွေကို ခွင့်လွှတ်ပါတော့ ညီမလေးရာ။

အလုပ်များတယ်ဆိုလို့ ဘာတွေများ ဒါလောက်အလုပ်များနေရသလဲ ခွေးရော ဥပါဒ်ရောလား၊ ဘာညာနဲ့ ရီလေးလျှောင်စရာဖြစ်ပြန်တော့မယ်နော်၊ တလွဲတွေ မထင်လိုက်နဲ့ ရီဆိုတဲ့ကလေးမရယ် ကိုကြီးအလုပ်များနေတယ်ဆိုတာက တခြားမဟုတ်ပါဘူး၊ အခုအလုပ်လုပ်တဲ့တိုက်မှာ သစ္စာမဏ္ဍိုင်ဆိုတဲ့ ဝတ္ထုစာအုပ်ကလည်း ထွက်နေ ရန်ကျော်ဂျာနယ်ကလည်း ထွက်ရက်နီးနေလေတော့၊ ညဆယ်နာရီ ဆယ့်တစ်နာရီလောက်အထိ နယ်ကိုယ်စားလှယ်တွေဆီ စာရေးတန် ရေး၊ စာအုပ်တွေပို့တဲ့စာရင်းလုပ်တန်လုပ်နဲ့ တစ်နေ့လုံး လုပ်နေရတဲ့အတွက် အိမ်လဲပြန်ရောက်ရော ရီရဲ့ကိုကြီးမှာ ခြေပစ်လက်ပစ် ဖြစ်သွားတာပဲ၊ အဲဒီအချိန်မှာ ကိုယ့်ညီမလေးဆီကို စာပြန်ဖို့ သတိရပေမယ့်လဲ ပေါင်တိန်ကိုင်ရမှာကိုတောင် ကြောက်သလောက် ဖြစ်နေတုန်းမှာ ထပြီးရေးရင် စောစောက ပြောသလို

ကြောင်ခြစ်ရာမျိုးပဲ ရိုးဖတ်ရမှာပေါ့၊ ဒါကြောင့်ပါ ရိုရယ် ကိုကြီးရဲ့ စေတနာကို ဒါလောက်တော့ ယုံကြည်လိမ့်မယ်လို့ မျှော်လင့်ပါရစေ တော့လားကွယ်။

ညီမလေးရဲ့စာထဲမှာတော့ကာ ဒီပွင့်ဦးအကြောင်းကလဲ ထပ်တလဲလဲပါလာပြန်မှကိုးနော်၊ ဒီအကြောင်းကို အတော်ပဲ သိချင်နေတယ်မှတ်ပါတယ်။ ဟုတ်လား ကဲ ကဲ ဒါလောက်တောင် သိချင်နေလို့ရှိမှလဲ ရိုလေးကို ကိုကြီးဖုံးကွယ်မထားရက်ပါဘူး၊ သန်းဆွေရေးတဲ့ ဝတ္ထုဟာ ကိုကြီးရဲ့အဖြစ်အပျက်တိတိကျကျမဟုတ်လှသော်လည်း သဘောအားဖြင့်တော့ ကိုကြီးကြုံတွေ့ခဲ့ရတာဟာ ဒီအတိုင်းပါပဲလို့သာ သိထားလိုက်ပါတော့လေ၊ သန်းဆွေကလည်း ကိုကြီးနဲ့ညီအစ်ကိုလို ရင်းနှီးနေတဲ့သူမို့ ကိုကြီးရဲ့ဇာတ်လမ်းကို သိနေလေတော့ ဖတ်ကောင်းအောင် နည်းနည်းပါးပါးပြင်ဆင်ပြီး ရေးလိုက်တာပါပဲ။

သူရေးထားတဲ့အတိုင်း ဇာတ်လမ်းဟာလည်း အဆုံးသတ်နေပြီမို့ ဒီဇာတ်လမ်းကို ရှေ့ဆက်ဖို့အကြောင်းလဲ မရှိတော့ပါဘူး။ နောက်ပြီးတော့လည်း

ကိုကြီးရဲ့ အသည်းနှလုံးမှာ အမြစ်တွယ်ယှက်ပြီး အချစ်နွယ်အချစ်ညွှန့်ကလေးတွေ ခက်လက်ဝေနေတဲ့ ပင်ယံဘွေက အချစ်ပွင့်ဦးဟာ ကြွေကျညှိုးနွမ်းပြီး အမွှေးနံ့ ရနံ့ဖျယ်လို့ ငွေချပ်လွှာကလေးတွေ ဆွေးမြေ့ကြေမွဲ့ခဲ့တဲ့အချိန်ဟာ ဆယ်နှစ်ကျော်ခဲ့ပါပြီ ညီမလေးရယ်။

ဒါကြောင့် ကြွေမြေ့ဆုံးရှုံးလို့ အသုံးမကျတော့တဲ့ပွင့်ဦးကို ဆယ်နှစ်လုံးလုံး မေ့အောင် ပျောက်အောင် အတန်တန်ကြိုးစားလို့ ကိုကြီးရဲ့ဘဝတစ်ခုလုံးကို ဂီတမှာသာပဲ နှစ်မြှုပ်ထားခဲ့ပြီးမှ အခုတစ်ဖန် ပြန်ပြီးတော့ သတိရမနေပါရစေနဲ့တော့ ညီမလေးရယ်. . . မေ့လက်စနဲ့ ဒီအကြောင်းကို မေ့ပစ်လိုက်ပါရစေတော့ ဟုတ်လား။

ဒီတော့ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က မြေအပြင်မှာ ကြွေကျဆုံးရှုံးသွားတဲ့ ပွင့်ဦးကို နှမြောတသလွမ်းစတွေပွားနေရမယ့်အစား ခုဝကြယ်ရဲ့အေးမြတဲ့အလင်းရောင်အောက်မှာ အသည်းလွှာပြင်ထက်က အချစ်နွယ်အချစ်ရွက်ကလေးတွေ တဖြည်းဖြည်းသစ်လန်းလာပြီးတောင် ဒုတိယတစ်ဖန် ပွင့်ကောင်းပွင့်လာနိုင်စရာရှိတဲ့ သို့မဟုတ်

အခုတော့မှ ပွင့်ပြီးဖြစ်နေချင်နေမယ့် ပွင့်နှောင်းကလေးကိုပဲ မျှော်လင့်တသရင်းနဲ့ ကိုကြီးမြတ်နိုးနေပါရစေတော့လို့ဆိုရင် ခွင့်လွှတ်မှာလား ရီလေးရယ်။

သို့သော်လည်းလေ ကိုကြီးတို့အနုပညာသမားတွေဟာ အမြဲတမ်း ဆုံးရှုံးတဲ့ဘက်ကချည်းနေရတဲ့သူတွေမို့ တယ်တော့ အားမရှိလှပါဘူးကွယ်။

ကဲ ကဲ ကိုကြီးအကြောင်းတော့ တော်လောက်ပါပြီ၊ ရီ့အတွက်ကိုပဲ ဆက်ရေးပါတော့မယ် အခုအခိုက် အလှည့်မသင့်လို့ ကိုကြီးနဲ့မတွေ့ရသေးတဲ့အချိန်မှာ သီချင်းအဆိုကို ကြိုတင်ပြီး လေ့ကျင့်ထားချင်တယ်ဆိုရင် ရေဒီယိုမှာ နားထောင်ပြီး အတုနိုးရမဲ့သူတွေထဲမှာ မလေ့ရွှေကို များများအတုနိုးပါ။ ဂရုစိုက်နားထောင်ပါ၊ နောက်တော့ မေသန်း၊ မေသစ်၊ ခင်ခင်ဝင်း၊ မေလှမြိုင်တို့လည်း တော်တော်သင့်ပါတယ်။ မေချစ်လည်း တစ်ခါတစ်ခါ ကောင်းတတ်တယ်။ မေရှင်ရဲ့အဆိုကိုလည်း မြန်မာဆန်ဆန်ဆိုတဲ့သီချင်းတွေမှာ အတုနိုးပါ။ ဥပမာ-အောင်ခြင်းရှစ်ပါးလိုဟာမျိုးပေါ့။ အခုလွတ်လပ်ပြီးဖြစ်တဲ့ မြန်မာပြည်မှာ အားလုံးအနုပညာဘက်ကလူတွေဟာ အမျိုးသားယဉ်ကျေးမှုဟန်ဆိုတဲ့ မြန်မာဆန်မှုကို အထူးလေ့လာကြိုးစားနေကြပြီ၊ ပန်းချီဘက်ကဆိုရင်လည်း ရှေးမြန်မာပန်းချီကို ပြန်ဖော်နေကြတယ်။ နောက်ကို မြန်မာမှုတွေ တဖြည်းဖြည်း ခေတ်ကောင်းလာမှာပဲ၊ အနောက်တိုင်းဆန်တာတွေဟာ မြန်မာရဲ့အနုပညာကို ပျက်စီးစေတယ်၊ ဒါကြောင့် ရီ ကျက်နေတဲ့ မေလွင်တို့ကို အတုမနိုးပါနဲ့၊ စမ်းစမ်းတင့်လည်း မကောင်းဘူး၊ သူတို့ဆိုပုံက နဂိုပကတိအသံမဟုတ်ဘူး၊ ဗိုလ်သံနဲ့တူအောင် နှုတ်ခမ်းကလေးတွေစုပြီး တမင်လုပ်ဆိုတာ အင်မတန်ရွံစရာကောင်းတယ်၊ ဒါကြောင့် အဆိုကျင့်ရင် မြန်မာသံစစ်စစ်သီချင်းတွေကို ပင်ကိုယ်သံနဲ့ ဆိုနိုင်အောင်ကျင့်ပါ။ သီချင်းကြီးဆိုတာတွေကိုလည်း အတုမနိုးနိုင်တောင်မှ နားထောင်ရမှာကိုတော့ မပျင်းပါနဲ့၊ ဂရုစိုက်ပြီး နားထောင်ပေးပါ။ ဒေလီညွန့်တို့ ဒေါ်အောင်ကြည်တို့ဆိုတာတွေဟာ နားထောင်လို့ ပျင်းစရာကောင်းပေမယ့် ပညာရှာတဲ့သူတွေအဖို့ သင်ခန်းစာ အများကြီးပါတယ်။ ဗုဒ္ဓဟူးနေ့ နံနက်တိုင်း အသံလွှင့်တဲ့ ဒေါ်စောမြအေး

ကြည်ရဲ့ ဂီတသင်ခန်းစာကိုလည်း နားထောင်ပါ၊ ဂီတမယ်ဆိုတဲ့ ကလေးမကလေးတွေလည်း ဆိုပုံမြှုပုံ ဆရာကောင်းတပည့် ပီသကြပါတယ်။

ရိုးပြောတဲ့ 'မြကြီး' ဆိုတာ ရေဒီယိုကနေပြီး နာမည်ထွက်လာတဲ့လူပေါ့၊ သူ့လိုလူမျိုးတစ်ယောက်အဖို့ဆိုရင် ဓာတ်ပြားကုမ္ပဏီဖွင့်တာနဲ့ တစ်ပြိုက်နက် အလုပ်ရဖို့သေချာနေပါတယ်။ ရိုး ခိုးမှမ်းတာ မမှားပါဘူး၊ အဆိုကောင်းတစ်ယောက်လို့ ခေါ်ရမှာပေါ့လေ၊ တက်လမ်းအများကြီးရှိတဲ့လူတစ်ယောက်ပဲ၊ ပညာသည်တစ်ယောက်အမြင်နဲ့ ဝေဖန်ရရင်သာ ဆိုဟန်မှာ အချွဲအပျစ်နည်းနည်းများနေတယ်လို့ ဆိုရပါမယ်၊ ဒါတစ်ခုကလွဲလို့ အပြစ်ဆိုစရာမရှိပါဘူး၊ ဒါလည်းပဲ၊ နှစ်ကြာသွားလို့ ဆိုသက်ရင့်လာရင် အလိုလိုသိလာပြီး လုံးဝကောင်းသွားလိမ့်မယ်လို့ မျှော်လင့်စရာရှိပါတယ်။

ကိုစောညိန်းတို့ရဲ့ ဆန်းသစ်စ အပျော်တမ်း တူရိယာအဖွဲ့ကတော့ ၂၃. ၁. ၅၁နေ့ မနက်စနာရီနဲ့ ၅မိနစ်မှာ အသံလွှင့်ပြီးပါပြီ၊ ကောလိပ်ကျောင်းသားတစ်ယောက်ရယ်၊ စမ်းစမ်းတင့်ရယ် ဒါရိုက်တာသုခရယ် ကိုစောညိန်းရယ် တစ်ယောက်တစ်ပုဒ်စီ ဆိုကြပါတယ်။ ရိုး ကြားလိုက်ရပါစေလို့တော့ ဆုတောင်းတာပဲ၊ ဆုတောင်းပြည့်မပြည့်ဆိုတာလဲ သိချင်ပါတယ်။ ကြိုတင်အကြောင်းကြားဖို့ကတော့ အချိန်မရလိုက်ဘူး။ ဒါပေမယ့် ဖေဖေါ်ဝါရီလ ၁၅ရက်နေ့ ည ၇နာရီနဲ့ ၇နာရီခွဲအကြားမှာ ဆန်းသစ်စအဖွဲ့နဲ့ပဲ အသံလွှင့်ဖို့ အစီအစဉ်ရှိနေပါတယ်။ စောင့်သာနားထောင်ပါတော့။

နောက်ပြီးတော့လည်း "မျှော်ကာတမ်းရတယ် ချမ်းမြမြတုန်သူမှာကွယ် ဆောင်းနတ်မယ် ရင်ခွင်မှာသာ ကယ်တင်လာစေချင်ပါတယ် . . . "လို့ ကြွင်ဖော်ကို တမ်းတနေတဲ့ ဂီတနက်သန်မှုလူတစ်ယောက်ရဲ့အသံကို ရိုးကြားရအောင် ဓာတ်ပြားလက်ဆောင်ပို့လိုက်ပါဦးမယ်။

သည်ဓာတ်ပြားကတော့ ကိုစောညိန်းကိုယ်တိုင်ဆို ကိုယ်တိုင်တယောထိုးပြီး အသံသွင်းထားတဲ့ "ဆောင်းနတ်မယ်"ဆိုတဲ့ သီချင်းပါပဲ။

ဂီတနက်သန်အပျော်တမ်း တူရိယာအဖွဲ့ဆိုတဲ့ နာမည်နဲ့

လည်း အသံလွှင့်ဖို့အလှည့် ဘယ်တော့ကျဦးမယ်မသိသေးပါဘူး၊ အလှည့်ကျမယ့်ရက်ကို သိသိချင်း အကြောင်းကြားလိုက်ပါ့မယ်။

အကောင်းဆုံးကတော့ အိမ်မှာ ရေဒီယိုရှိရင်၊ အပျော်တမ်းတူရိယာအဖွဲ့တွေလာတတ်တဲ့ မနက်၈နာရီက ၈နာရီခွဲအကြား၊ ည၇နာရီက ၇နာရီခွဲအကြား၊ နောက်ပြီး ဓာတ်ပြားလက်ဆောင်အချိန် ဓာတ်ပြားသီချင်းအချိန်တွေမှာ အမြဲစောင့်ပြီး နားထောင်စေချင်ပါတယ်။ ကိုစောညိန်းတို့ရဲ့အသံကို မကြားရတောင်မှ ရီ့အဖို့ အချည်းနှီးမဖြစ်ပါဘူး၊ ဂီတနဲ့ပါတ်သက်တဲ့အကြားအသိဗဟုသုတတိုးတာပေ့ါ။

ရီ့အတွက်ကိုတော့ ဓာတ်ပြားအဆို တော်ဖြစ်ဖို့သာ စိတ်ထဲမှာ ရည်ရွယ်ထားစေချင်ပါတယ်။ မေရှင်တို့လို ရုပ်ရှင်မင်းသမီးတော့ မလုပ်ချင်ပါနဲ့ဦးလို့ တောင်းပန်ပါရစေရီရယ် နောက်ရုပ်ရှင်အဆင့်အတန်းမြင့်လာလို့ လုပ်သင့်တဲ့အချိန်ကျတော့လည်း အဆိုကျော်တစ်ယောက်အဖို့ရာ ရုပ်ရည်ရှိရင် အသံထွက်ရုပ်ရှင်မင်းသမီးဖြစ်ဖို့ မခဲယဉ်းလှပါဘူး။

ရီလိုချင်တယ်ဆိုလို့ ကိုကြီးတို့ ၁၄. ၆. ၅၁နေ့က အသံလွှင့်ခဲ့တဲ့ 'မှာလိုက်ပါရစေ' နဲ့ 'စိမ်'ဆိုတဲ့သီချင်းနှစ်ပုဒ်ရေးပို့လိုက်ပါတယ်။ ဂီတနက်သန်အဖွဲ့နဲ့ နောက်ထပ်အသံလွှင့်ဖို့ကတော့ ကိုကြီး အင်မတန်ပင်ပန်းလွန်းလို့ သည်မိုးတွင်းမှာ ခဏနားနေဦးမယ်လို့ စိတ်ကူးနေတယ်။ နို့မဟုတ်ရင် ကျန်းမာရေးကိုတောင် ထိခိုက်မလို ဖြစ်နေပြီ။ ဒါပေမယ့်လို့ ကိုကြီးရဲ့အသံကို ရေဒီယိုက ကြားချင်ရင်တော့

(၁)ပွင့်ဦး
(၂)ဆောင်းနတ်မယ်
(၃)ရတုဘုရင်
(၄)သစ္စာတော်ဦး
(၅)လှိုင်းရေယာဉ်ဦး
(၆)အချစ်ကန္တာရ
(၇)မှာလိုက်ပါရစေ
(၈)စိမ်
(၉)မိုးသက်လေနှင် - ဆိုတဲ့

သီချင်းတွေဟာ အသံလွှင့်ဌာနမှာ ဓာတ်ပြားသွင်းထားတာတွေ ရှိပါ

တယ်။ ကိုယ့်အကြိုက်ဓာတ်ပြားအခန်းကဖြစ်စေ၊ သောတရှင်လိုရာ ဓာတ်ပြားအခန်းဖြစ်စေ၊ အသံလွှင့်ဌာနကို တိုက်ရိုက်စာရေးပြီး တောင်းနားထောင်ပါ။ ရန်ကုန်ကလူ တောင်းတာထက် နယ်ကလူမ်း တောင်းတာကို ပိုပြီးဂရုစိုက်ပါတယ်။

ကိုယ့်အကြိုက်ဓာတ်ပြားအခဏ်းဆိုတာကတော့ ကိုယ်နားထောင်ချင်လို့ဆိုပြီး ကြိုက်တဲ့ဓာတ်ပြားနှစ်မျိုးရဲ့အမည်ကို ရေးထည့်ရတယ်။ အဲဒီအနက်က အဆင်သင့်တဲ့တစ်မျိုးကို ဖွင့်ပေးတယ်၊ လိပ်စာကတော့ ကိုယ့်အကြိုက်ဓာတ်ပြားဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အသံလွှင့်ဌာန ရန်ကုန်မြို့ဆိုရင် ပြီးတာပဲ။

သောတရှင်တို့လိုရာဓာတ်ပြားအခန်းကတော့ ကိုယ်နားထောင်ဖို့ တောင်းတဲ့အနေမဟုတ်ဘူးပေါ့လေ၊ ကိုယ်က တစ်ယောက်ယောက်အတွက် မေတ္တာလက်ဆောင်အဖြစ် ဘာဓာတ်ပြားဖွင့်ပေးပါဆိုပြီးတောင်းရတယ်။ လိပ်စာကတော့ သောတရှင်လိုရာဓာတ်ပြားဆိုင်ရာ - နောက်အထက်ကအတိုင်းပဲ ဆိုပါတော့။ ဒီပြင်လူတွေနာမည်နဲ့လည်း တောင်းခိုင်းပေါ့လေ။ စာများများရေးနိုင် သီချင်းများများနားထောင်ရတာပါပဲ။

ရှိနဲ့သင့်တော်မယ်ထင်တဲ့ ကဗျာစာအုပ်လည်း ရှာနေပါတယ်။ ရရင် ချက်ချင်းပို့လိုက်ပါမယ်။ ငွေတာရိုတို့ရေးတာတွေကတော့ အတုနိုးလောက်အောင် မကောင်းလှပါဘူး၊ မင်းသုဝဏ်တို့ ဇော်ဂျီတို့ကဗျာတွေရရင် ပို့လိုက်မယ်။

ရေကူးဝတ်အင်္ကျီဝယ်ပေးရတာကလေးကိုတော့ ကျေနပ်တင်စကား ခဏခဏပြောမနေပါနဲ့ရှိရှယ်။ ဒါလောက်ကလေးနဲ့တော့ ကျေးဇူးတင်နေစရာမလိုပါဘူး။ ကိုကြီးရဲ့စေတနာဟာ ရှိလိုချင်သမျှကို အမြဲဆောင်ကျဉ်းပေးချင်လျက်ရှိပါတယ်။ အခုနေ ကမ္ဘာပေါ်မှာ ကိုကြီးဂရုစိုက်ရမယ့် မိန်းကလေးတစ်ယောက်တည်းရှိတယ်ဆိုရင် ဒါဟာ ရှိပဲဖြစ်မှာပါပဲ၊ 'ကိုကြီးလိုချင်တာရှိရင်လည်း မှာပါ အားမနာပါနဲ့' လို့ ဆိုသော်လည်း . . . အေးလေ နောက်တော့ ကြည့်ရသေးတာပေါ့။ ခုတော့ဖြင့် မမှာသေးပါဘူး။

❑

## ငါတနက်သန် ကိုဇောညိန်းမှ မြေလတ်မေဒေါ် ရိုရိုမေထံသို့ပြန်စာ (၄)

ကိုကြီးရဲ့အချစ်ဆုံးညီမလေး မေ

ကိုကြီးဆီက ပြန်စာမရလို့စိတ်များပဲ ကောက်နေရောသလား ကွယ်၊ အရင်တုန်းကလို ချက်ချင်း ချက်ချင်း စာမပြန်နိုင်တာကြောင့် ကိုကြီးတစ်ယောက်ဟာဖြင့် မေလေးအပေါ် မှာ အခင်မင်ပေါ့သွား လေပြီလား ထင်ရင်တော့ မှားလိမ့်မယ် ညီမလေးရယ်။

ညီမလေးဆီကို စာမပြန်နိုင်ဘဲ ဖြစ်နေရတဲ့အချိန်တွေမှာ မေရဲ့အစ်ကိုကြီး ဘာတွေလုပ်နေတယ်၊ ဘာတွေကြိုးစားနေတယ်၊ ဘယ်သူ့အတွက် ကြိုးစားနေတယ်ဆိုတာတွေကို အမှန်အတိုင်းသာ မေလေးသိထားနှင့်မယ်ဆိုရင်တော့ ကိုကြီးကို ညီမလေး ခွင့်လွှတ်နိုင် မှာပဲလို့ ထင်ပါတယ်။

မေလေးရဲ့စာကို ရတဲ့အချိန်မှာ ချက်ချင်းစာပြန်ဖို့လုပ်နေ တုန်း ဝမ်းသာစရာ သတင်းကလေးတစ်ခုကို ထည့်ရေးချင်တာနဲ့ ရုတ်တရက် စာမပြန်သေးဘဲ ဒီသတင်းဟာ တကယ်သေချာအောင် လုပ်ဖို့ ရက်နည်းနည်းလောက် စောင့်ရဦးမယ်ဆိုပြီး ဆိုင်းနေခဲ့တာမှာ ကိုကြီးထင်တာထက်တောင် ရက်ပိုကြာသွားပြီး ခုမှပဲ စာပြန်နိုင်တော့ တယ် ညီမလေးရယ်၊ ခုမှပဲ သေချာသွားလို့ ချက်ချင်းပဲ ရေးလိုက်ရပါ တယ်။

တခြားတော့ မဟုတ်ပါဘူး၊ ကိုကြီးကို ရုပ်ရှင်ကုမ္ပဏီကြီး တစ်ခုက သီချင်းရေးပေးဖို့ လာအပ်တဲ့အကြောင်းပါပဲ။ အစတုန်းက အဲဒီကုမ္ပဏီနဲ့ ပတ်သက်တဲ့ လူတွေနဲ့ ကိုကြီးဟာ ရင်းနှီးနေခဲ့ပေမယ့် ကိုကြီးက အင်မတန် မာနကြီးတဲ့လူဆိုတော့ ကိုယ်ကစပြီး မတောင်းခံ ဘဲ နေခဲ့တယ်။ ငါ တကယ်တော်လာတဲ့တစ်နေ့မှာ ခင်းတို့တစ်တွေ က အောက်ကျို့ပြီး လာခေါ် ရလိမ့်မယ်ဆိုတဲ့ မာနနဲ့ နေခဲ့တယ်။ ကိုယ့်ကိုယ်သာ တစ်နေ့ထက်တစ်နေ့ ပိုပြီးတော်အောင် ကြိုးစားပြီး နေခဲ့တယ်။

ခုတော့ ကိုကြီး ကြီးစားရကျိုးနပ်ပါပြီကွယ်။ ကိုကြီးရှိရာကို လာပြီး သီချင်းတွေ ရေးခိုင်းကြပြီ။ တစ်ခုတော့ရှိတယ်။ ကိုကြီးဟာ အခုအချိန်ထိ ငွေကြေးယူပြီးရေးတဲ့ စာရေးဆရာမဟုတ်လို့ သူတို့က အခကြေးငွေ မပေးတတ်ကြသေးဘူး။ ကိုကြီးမှာလဲ ဘိုင်ကျနေတဲ့သူမို့ ပိုက်ဆံလိုချင်ပေမယ့် ပထမတော့ တင်းထားရသေးတာပေါ့ကွယ်။ (ကြည့်လေ ကိုကြီးတို့လို အနုပညာသမားတွေဟာ ဘယ်လောက်များ မာနကြီးသလဲ၊ အငတ်ခံပြီး မာနကြီးကြတယ်။ အနုပညာရှင်ရဲ့မာန ဆိုတာ ဒါကြောင့်မို့ ဘယ်သူမှ လိုက်လို့မမီတာပေါ့။ တချို့လူတွေ ဟာ တခြားနေရာမှာ မာနကြီးနိုင်ပေမယ့် ကိုယ်ငတ်မယ့်ကိစ္စကျ တော့ မာနတင်းမထားနိုင်ဘဲ မာနကို လျှော့ချင်လျှော့ကြတာ၊ ကိုကြီး တို့ အနုပညာသမားတွေကတော့ ဘိုင်ကျလေ မာနကြီးလေပဲကွဲ့) ဒါပေမဲ့ နောင်အရှည် ဆက်သွယ်သွားရင်တော့ သူတို့ကလည်း နေမှာ မဟုတ်ပါဘူး။ ကြည့်ပေးကြမှာပါပဲ။ ကိုကြီးကလည်း ကိုယ် ဒီလောက် နှစ်ရှည်လများ ပင်ပန်းခံပြီး ငွေကုန်ခံပြီး လိုက်စားရတဲ့ ပညာကိုတော့ အလကား အဖြစ်မခံနိုင်ပါဘူး။ ပညာနဲ့တန်အောင် ရရင်တော့ ယူရမှာပဲပေါ့လေ။

ဒါပေမယ့် ကိုယ့်ညီမလေးမို့ ဖွင့်ပြောရဦးမယ်။ ကိုကြီးတို့ အနုပညာသမားတွေဟာ ဘယ်လောက်ပဲ မာနကြီးကြီး ဘယ် လောက်ပဲ တော်တော် ခုလို ကုမ္ပဏီကြီးတွေက မြောက်စားတယ်ဆိုတဲ့ အခွင့်အရေးက အင်မတန်ရခဲပါတယ်။ ဒီကုမ္ပဏီကြီးတွေက မြောက်တင်မှသာ နာမည်ထွက်ကြတာပဲ။ ဒီတော့ ဝမ်းသာစရာပေါ့။

'ဝမ်းသာစရာပေါ့' ဆိုလိုက်တာဟာ ကိုကြီးရဲ့ ကိုယ်ကျိုး အတွက် သက်သက်လို့သာ ညီမလေးထင်ရင်တော့ ညီမလေး မှားမှာ ပဲ။ ကိုကြီးရဲ့အဖြစ်အပျက်ကို မေလေးသိပြီးပြီ မဟုတ်လား၊ ကိုကြီးရဲ့ အဖို့မှာတော့ ဒီဂုဏ်တွေ၊ ပကာသနတွေ၊ ကျော်စောထင်ရှားမှုတွေကို မလိုတော့ပါဘူး ညီမလေးရယ်၊ ကိုကြီးရဲ့ ဆိတ်သုဉ်းနေတဲ့ဘဝ၊ မှောင်မည်းနေတဲ့ဘဝမှာ ကံကောင်းထောက်မမှ တွေ့ရမယ့် အလင်း ရောင်ကလေးတစ်ခုကို မတွေ့ရတော့ဘူးလို့ ဆိုရင်ပေါ့လေ။ ဘယ် လောက်ပဲ နိုင်ငံကျော်ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်နေရပေမယ့်လဲ

ဒီတစ်သက်မှာ ပျော်ရွှင်ချမ်းမြေ့စရာ ရှာတွေ့လိမ့်မယ်လို့တော့ မထင်တော့ပါဘူးကွယ်။

ညီမလေးဟာ အဆိုကျော်ကြီးဖြစ်ချင်တယ်။ နာမည်ကြီး ဂီတပညာရှင်တစ်ယောက် ဖြစ်ချင်တယ်လို့ ဆိုခဲ့တယ်မဟုတ်လား။ ညီမလေး ဖြစ်ချင်တာတွေကို ဖြစ်နိုင်ဖို့အတွက် ကိုကြီးမှာ ဒီလိုကုမ္ပဏီကြီးတစ်ခုကို လက်ကိုင်ရဖို့ လိုတာပေါ့။ ခုလို ကုမ္ပဏီကြီးတွေနဲ့ဆက်မိတော့ ညီမလေးရဲ့ အလိုဆန္ဒတွေကို ဖြည့်စွမ်းနိုင်ဖို့ အရေးဟာ နီးလာတာပေါ့။ ဒါကြောင့် ဝမ်းသာတယ် ပြောတာပါကွယ်။

မေလေးရဲ့ အလိုဆန္ဒကို ကျပ်ပြည့်တင်းပြည့် ဖြည့်စွမ်းပေးနိုင်တဲ့တစ်နေ့မှာ ကိုကြီး ကျေနပ်ပါပြီကွယ်။ ဩော် ဟိုတုန်းကများတော့ ကိုကြီးဟာ ကိုယ့်ရဲ့ကြီးပွားရေး တိုးတက်မှုတွေကို ဘာတွေဆိုတာ ဂရုမစိုက်ဘဲ ကိုယ့်ဘဝကို အနုပညာချောင်ထဲမှာသာ နှစ်မြှုပ်ပြီး နေခဲ့မိပါတယ်။ ခုတော့မှ မေလေးနဲ့ပတ်သက်ပြီး တိုးတက်ကြီးပွားရေးကို အားထုတ်ရမယ်ဆိုတဲ့ လောကတာဝန်တွေကို သိနားလည်လာရလေတော့ ဒီအတွက် မေလေးကို အထူးပဲ ကျေးဇူးတင်မိပါတယ်ကွယ်။

ကိုကြီးရဲ့ ကျန်းမာရေးကို ဂရုစိုက်ဖို့ သတိပေးခဲ့တဲ့အတွက် ကျေးဇူးလည်းတင်ရပြန်ပါတယ်။ လောကကြီးကို ဂရုမထားတဲ့ အစ်ကိုကြီးအဖို့ အခုလို သတိပေးမယ့်သူတစ်ယောက်တော့ ရှိဖို့လိုသပေါ့။ နောက်ပြီး ညီမလေးရဲ့စာထဲမှာ မေကတော့ ကိုကြီးတို့လို စာကို ပြေပြေပြစ်ပြစ် မရေးတတ်လေတော့ ခုကတည်းက သည်းခံပါတော့ ကိုကြီးရာလို့ ရေးလိုက်ပြန်တယ်။ မေလေးရဲ့စာကိုတော့ ဘယ်လိုပဲ ရေးရေးခုလဲ သည်းခံနေတာပါပဲ။ နောင်ကျမှလည်း သည်းခံမှာပါပဲ။ ကိုယ့်ညီမလေး ဘယ်လောက်ပဲ နွဲ့ဆိုး ဆိုးဆိုး အဲဒီလို နွဲ့ဆိုးဆိုးနေတာကိုပဲ သည်းခံနေချင်တာပါပဲ။ ခုလိုအရသာမျိုးကလည်း ကိုယ်ခံချင်တိုင်း ခံရတာမျိုးမဟုတ်ဘဲကိုး။ ကိုကြီးဆိုရင် ညီမရယ်လို့ ရှိခဲ့ဖူးသူမဟုတ်တဲ့အပြင် ခုလို နွဲ့ဆိုးဆိုးမယ့်သူကလည်း မရှိခဲ့ဖူးလေတော့ နွဲ့ဆိုးဆိုးတာတွေကို ခံချင်သားကွယ့်။

နောက်ပြီး မေလေးက ရန်ကုန်မှာလာနေပြီး ကိုကြီးဆီမှာ

ဂီတပညာတွေသင်၊ အဆိုတွေ သင်ချင်တယ်လို့ ပြောခဲ့တယ်။ ခုစာမှာ ဆိုရင်လည်း လာချင်လှပါပြီလို့ ပြောခဲ့တယ်။ ကိုကြီးကလည်း ညီမလေးကို တွေ့ချင်လှပါပြီ။

အဲဒီတွေ့ချင်လှပါပြီဆိုတဲ့ ဆန္ဒအတိုင်း ကိုယ့်ဆန္ဒပြည့်ပြီးရင် ပြီးတာပဲဆိုတဲ့ သဘောနဲ့ လာသာလာခဲ့ဆိုပြီ မိုက်မိုက်ကန်းကန်း တိုက်တွန်းရရင်တော့ နဂိုက ရန်ကုန်ကိုလာချင်နေတဲ့ မေလေးကို လာအောင် အတင်းမြှောက်ပင့်ပေးတာ ကြာလှပြီကော။ ဒါပေမယ့် ညီမလေးအပေါ်မှာ အဟုတ် မြတ်နိုးတဲ့စေတနာနဲ့ စဉ်းစားလိုက်တော့ အခုနေဆိုရင် အခြေအနေကလည်း မကောင်းသေး။ ကိုကြီးမှာလည်း စေတနာရှိသလောက် စောင့်ရှောက်နိုင်လောက်အောင် အင်အားကမရှိသေး။ ဒါကြောင့် လာရတဲ့လူမှာ စရိတ်ကုန် လူပန်းဖြစ်မှာလည်းစိုး နောက်ပြီးတော့ ကိုကြီးသူငယ်ချင်းပြောသလိုပဲ ရန်ကုန်မြို့ဆိုတာဟာ အင်မတန်မှ ရှုပ်ထွေးပွေလီမှုတွေ များလှပါတယ်။ ညီမလေးဟာ သူငယ်နုပ်စားလေး မဟုတ်ပေမယ့် ညီမလေး မသိမမြင်သေးတဲ့ ဘေးအန္တရာယ်တွေဟာ ပတ်ချာဝိုင်းနေတော့ ဒီဘေးအန္တရာယ်အလယ်မှာ ညီမလေးမှာ မျက်စိသူငယ် နားသူငယ်နဲ့ ဖြစ်နေမှာကို စိုးရိမ်လွန်းလို့ မလာပါနဲ့ဦးလို့သာ တားလိုက်ရပေမယ့် ညီမလေးကို တွေ့နေချင်တဲ့ ကိုကြီးမှာ ဒီလိုတားလိုက်ရတဲ့ စကားတစ်ခွန်းအတွက် ရင်မှာ ဘယ်လောက်နင့်သွားတယ်ဆိုတာ မေလေးသိစေချင်ပါတယ်ကွယ်။ သိစေချင်စမ်းပါရဲ့ မေရယ်။

ဒီအဆိုတော်တို့ ရုပ်ရှင်ဇာတ်လိုက်တို့ ဆိုတာတွေဟာ မိန်းကလေးတွေအဖို့ဆိုရင် ကြိုးတန်းလမ်းလျှောက်နေရတဲ့လူလို ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်လွန်းမှသာ တော်ရုံကျတဲ့အလုပ်တွေပဲ။ ခြေလှမ်းတစ်ချက်မှားတာနဲ့ တစ်ပြိုင်နက်တည်း အကျနာတော့တာပဲ။ အဆိုတော်လောကဆိုရင်တော့ ကိုကြီးတစ်ယောက်လုံး ရှိသေးတာမို့ မေလေးအပေါ်မှာ ကျရောက်လာတဲ့ အန္တရာယ်တွေကို ကာကွယ်ပေးနိုင်စရာရှိသော်လည်း ရုပ်ရှင်မင်းသမီးအနေနဲ့ဆိုရင်တော့ ကိုကြီးတောင်မှ ကာကွယ်ပေးနိုင်ဖို့ ခဲယဉ်းပါလိမ့်မယ်။ ဒါကြောင့် ရုပ်ရှင်မင်းသမီးတော့ မလုပ်ချင်ပါနဲ့လို့လည်း ကိုကြီး တောင်းပန်ပါတယ်။

ကဲ ကဲ စာလည်းရှည်လှပြီ၊ ဖတ်ရတဲ့လူလည်း ဇက်ညောင်းရှာရောမယ်။ တော်လောက်ပါပြီနော်။ စာလည်း ပြန်ပါဦး ညီမလေးရယ်။ ကိုကြီးကို ကလဲ့စားချေတဲ့သဘောနဲ့ ချက်ချင်းစာမပြန်ဘဲ အချိန်ဆွဲမထားပါနဲ့ကွယ်။ ကိုကြီးလေ တတ်နိုင်ရင် မေ့ဆီကို တစ်နေ့ စာတစ်စောင်လောက် အမြဲတမ်း ရေးနေချင်ပါတယ်။ ဒါပေမယ့် ထမ်းဆောင်နေရတဲ့ တာဝန်တွေက များလွန်းလို့ ရက်တရက် စာမပြန်နိုင်တာကို ခွင့်လွှတ်ပါကွယ်။ ဒီလို စာမပြန်နိုင်တဲ့ အချိန်တွေမှာ ကိုကြီး အလကားမနေပါဘူး။ မေလေးကိုသာပဲ အမြဲတမ်း သတိရလျက်နဲ့ မေလေးရဲ့ အလိုဆန္ဒတွေကို ဖြည့်စွမ်းနိုင်ဖို့အတွက် ကြိုးစားပြီးနေလေရဲ့လို့သာ အောက်မေ့စေလိုပါတယ်ကွယ်။

ကိုကြီး ကြိုးစားပြီးနေသမျှတွေဟာ မေလေးအတွက်ဆိုတာ ယုံပါတော့ မေရယ်။

မြတ်နိုးစွာဖြင့်
စောညိန်း
၁၇. ၈. ၅၁

## ဂီတနတ်သန် ကိုအောညိန်မှ ဖျော်လတ်ဆေဒေါ် ရိုရိုမေထံသို့ပြန်စာ (၅)

'အိုကွယ် မေလေးရယ် လို့'
သည်လိုသာပဲ တစ်ယောက်တည်း တ,သနေမိပါတော့တယ်'
ကိုကြီးရဲ့ အသည်းနှလုံးတွေဟာလည်း တလှပ်လှပ်နဲ့ ခုန်လို့ လက်ချောင်းကလေးတွေကလည်း တဆတ်ဆတ်နဲ့ တုန်လို့ အိုဘယ်လောက်များ ဝမ်းသာလိုက်ရတယ်ဆိုတာကိုလည်း မြင်လာစေချင်စမ်းပါဘိတော့တယ် မေရယ်။

ဒီနေ့ဟာ ဇူလိုင်လ ၅ရက်နေ့ပေ့ါ ဘယ်လိုမှ မမျှော်လင့်ရဘဲနဲ့ မေ့ထံမှ လူကြုံနဲ့ပေးပို့လိုက်တဲ့ ဓာတ်ပုံကလေးများနဲ့ စာရွက်ပြာကလေးတွေကို ကိုကြီးလက်ခံရရှိခဲ့တယ်လေ။

တကယ့်ကိုပါပဲ လှလိုက်တာ မေရယ်၊ ကိုကြီးမှာတော့ ဒီဓာတ်ပုံလေးကိုပဲ ကြည့်မြဲရင်း ကြည့်လို့မဝနိုင်လောက်အောင် ရှိရပါတော့တယ်။ မေရဲ့မျက်နှာတစ်ခုလုံးမှာ ကိုကြီးသဘောအကျဆုံးကတော့ နဂိုသဘာဝအတိုင်း မနုတ်မရိတ်ဘဲ ထင်ရှားပေါ်လွင်နေတဲ့ မျက်ခုံးကလေးတွေပါပဲ။ ကြည့်စမ်းပါဦးတော့ ဘယ်လောက်များ ခံ့ညားပြီး ကျက်သရေရှိလိုက်ပါဘိသလဲလို့ အိုကွယ် မေရယ် ဘာကြောင့်များ သည်လောက်တောင် လိမ်မာလွန်းရသလဲဟင် သည်လိုသာပဲ မေးလိုက်ချင်ပါတော့တယ်။ ခုလောက် အတုအပတွေများပြီး ဖက်ရှင်လိုက်စားနေတဲ့ခေတ်ကြီးမှာ သည်လို သဘာဝကျတဲ့ မျက်ခုံးမျိုးကို ပိုင်ဆိုင်ထားဝံ့တဲ့သတ္တိကိုတော့ အဟုတ်ပဲ ချီးကျူးမိပါရဲ့ မေရယ်။

သည်လိုလှပတဲ့ ဓာတ်ပုံကလေးကို ကိုကြီးကိုပေးဖို့ သတိရတဲ့အတွက်လည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါတယ်။ ကိုကြီးကိုယ်တိုင် ပြောမပြနိုင်လောက်အောင်လဲပဲ ဝမ်းသာမိပါတယ်။ တွေးမိရဲ့လားမေ၊ ဩော် ဓာတ်ပုံကလေးရုပ်နဲ့ ဒီလောက်တောင် ဖြစ်ရတဲ့ ကိုကြီးမှာ တကယ်လို့များဆိုပါတော့လေ မေဟာ ကိုကြီးမျှော်လင့်ထားတဲ့အတိုင်း ဖြစ်လာမယ်ဆိုရင် ဘယ်လောက်များ ဝမ်းသာရှာလိမ့်မလဲလို့ ဒါပေမယ့်ကွယ် ဓာတ်ပုံကလေးကို လက်ထဲက မချရက်

အောင် တစ်နေ့တခြား တစ်နေ့ထက်တစ်နေ့ မြတ်နိုးနေမိတဲ့အတွက်ကတော့ ကြာရင် ခက်ရချည်ထင်ပါရဲ့ မေလေးရယ်။

မေလေးရဲ့လက်ဆောင်ကို တုံ့ပြန်တဲ့အနေနဲ့ ကိုကြီးရဲ့ ဓာတ်ပုံတွေကိုလည်း ပို့ပေးရဦးမယ်။ မေလေးရဲ့ကဗျာတွေလည်း သေသေချာချာ ဖတ်ခဲ့ပါပြီ။ ဒါတွေကိုတော့ ဘယ်လိုမှ မဝေဖန်ပါရစေနဲ့တော့ကွယ်။ မေလေးဟာ ကဗျာကို တကယ်ပဲ ဝါသနာပါလို့ လေ့ကျင့်ပါတယ်ဆိုတဲ့ စိတ်ဓာတ်ကို သိရှုံ့နဲ့ပဲ ဝမ်းသာလှပါပြီ။ ကိုကြီး အကြံပေးချင်တာကတော့ မေလေး ရန်ကုန်ကိုလာပြီး ဂီတနဲ့ ကဗျာကို မလေ့လာသေးခင်မှာ ကိုကြီးနဲ့ ဆက်သွယ်ရတာလဲ အချည်းအနှီး မဖြစ်စေရအောင် ကဗျာရေးနည်းကို ကျကျနန သင်ကြားမယ်ဆိုရင်တော့ ကိုကြီး ကြိုးစားပြီး သင်ပေးပါ့မယ်။ ဒါကတော့ စာပေးစာယူနဲ့လည်းပဲ ဆည်းပူးနိုင်တဲ့ ပညာပါပဲ။

ဒါကြောင့် အခု နမူနာအဖြစ်နဲ့ ကိုကြီးရေးထားတဲ့ ကဗျာတစ်ပုဒ် ရေးထည့်ပေးလိုက်ပါတယ်။ တစ်ကြောင်းနဲ့တစ်ကြောင်း ကာရန်ချိတ်ငင်ပြီး ယူသွားပုံတွေကိုလည်း ရိပ်မိလွယ်အောင် ကာရန်ဖြစ်နေတဲ့ စာလုံးတွေအောက်က မျဉ်းသားပြီးထားပါတယ်။ သည်ကဗျာမျိုးဟာ လေးလုံးစပ်လို့ခေါ်တဲ့ အဖွဲ့မှာ အကျုံးဝင်တဲ့ ရတုစပ်နည်းပါပဲ။ လေးလုံးစပ်နည်း အမျိုးမျိုးရှိတဲ့အနက်က အရိုးသားဆုံး ကာရန်ယူတဲ့နည်းနဲ့ ရေးစပ်ထားတဲ့အတွက် ကဗျာကို စတင်လေ့လာသူများအတွက် အသင့်လျော်ဆုံးဖြစ်ပါတယ်။ အဖျားချကို ခုနစ်လုံး ချထားပါတယ်။ အဲဒီနည်းကို သဘောပေါက်အောင် စဉ်းစားပြီး အတုခိုးရေးကြည့်ပါ။ နောက်ပြီး ကိုကြီးဆီကို စာတစ်စောင်မှာ ကဗျာတစ်ပုဒ်ရေးပို့ပါ။ မှားတာ မှန်တာကို ညွှန်ပြပေးပါမယ်'

ကဗျာရေးရမယ့် အကြောင်းအရာကိုလည်း ရွေးချယ်တတ်ဖို့ လိုပါသေးတယ်။ စတင်လေ့ကျင့်စသူများအဖို့တော့ စိတ်အာရုံမှာ ခံစားရတာတွေ၊ တွေးမိတာတွေ၊ သဘောပေါက်တာတွေ အစရှိတဲ့ စိတ်ပိုင်းနဲ့သက်ဆိုင်တာတွေကို မရေးသေးဘဲ မျက်စိနဲ့ ဒိဋ္ဌကြည့်လို့ မြင်လို့ရတဲ့ ရုပ်ပိုင်းနဲ့ သက်ဆိုင်တာတွေကိုသာ အရင်ရေးသားလေ့ကျင့်ရပါတယ်။ ဥပမာ နေဝင်ရီတရောအချိန်မှာ တိမ်တွေတောက်

နေပုံ၊ သစ်ပင်ရေမြေတောတောင်တွေ နေပုံ၊ ကျေးငှက်သတ္တဝါတွေ သွားလာလှုပ်ရှားကြပုံ အစရှိတဲ့ အကြောင်းအရာမျိုး ဆိုပါတော့၊ အဲဒီလို အကြောင်းအရာတွေကို အရင်လေ့ကျင့်လို့ ကျွမ်းကျင်လာတဲ့ အခါကျမှ ဒီလိုမြင်ရတဲ့အမြင်ကို မှီပြီး စိတ်အာရုံမှာ ဘယ်လိုခံစားရ တယ်ဆိုတာကို တစ်ဆင့်တက်ပြီး ရေးရပါတယ်။ နောက်အဆင့်တွေ ကိုတော့ နောက်မှ ပြောပြပါ့မယ်။ ကဗျာရေးသားရာမှာ အထူးသတိ ပြုရမယ့်အချက်၊ ကိုယ်ရေးချင်တဲ့အကြောင်းအရာမှာ အထူးသတိပြု ရမယ့်အချက်တွေကတော့ ကိုယ်ရေးချင်တဲ့ အကြောင်းအရာနဲ့ ဘယ် လိုမှ မပတ်သက်တဲ့ စာလုံးအပိုတွေကို တတ်နိုင်သမျှ ရှောင်ကြဉ်ဖို့ ပဲ။ ဥပမာ အပေါင်းမကြွား သောင်းပတ္တမြား နှောင်းအခြေမနည်းဆို တဲ့ အပိုဒ်တွေဟာ အလင်္ကာသက်သက်မဲ့ ပိုနေတယ်၊ ဒါတွေကို အထူးရှောင်ကြဉ်ရမယ်။ တကယ်တော်တဲ့ လူတွေရေးတဲ့ စာတွေ၊ ကဗျာတွေဟာ စာတစ်လုံးဆိုရင် တစ်လုံး အင်မတန် တိကျအသုံး ဝင်အောင် ရွေးချယ်စပ်ဆိုထားတဲ့အတွက် အဓိပ္ပာယ်ပြန်တဲ့အခါ စကားပြေပြန်တဲ့အခါမှာ တစ်လုံးမှုကို ပစ်ပယ်ချန်လှပ်ထားခဲ့လို့ကို မရတော့ဘူး။ ဒါကြောင့် ကဗျာရေးချင်တဲ့လူဟာ သူများရေးထားတဲ့ ကဗျာကိုလည်း စကားပြေနဲ့ အဓိပ္ပာယ်ပြန်တတ်ရတယ်။ ရှေးပညာရှိ တွေရဲ့ ကဗျာတွေကိုလည်း များများဖတ်ရတယ်။ ဖတ်ပြီး စာလုံးတိုင်း စာလုံးတိုင်းရဲ့ အဓိပ္ပာယ်ကိုလည်း တိတိကျကျ နားလည်အောင် တွေးတောစဉ်းစားရတယ်။ ကိုယ်မသိတဲ့ စာလုံးပါလာရင်လဲ သိတဲ့လူ များထံ မေးမြန်းပြီး မှတ်သားထားရတယ်။ စာရေးကောင်းဖြစ်ချင်သူ တွေ လိုက်နာရမယ့် အကောင်းဆုံးနည်းလမ်းကတော့ စာများများဖတ် ဖို့ဆိုတဲ့ ဩဝါဒပါပဲ။

တကယ်လို့သာ မေလေးသာ စာပေမှာ ကျွမ်းကျင်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်မယ်ဆိုရင်ဖြင့် ကိုကြီးစိတ်ထဲမှာ ခုထက် ပိုပြီး မြတ်နိုးရပေဦးတော့မှာပေါ့ မေရယ်။

ကဲ ဒီတစ်ပတ်တော့ စာလဲ ရှည်လှပြီ။ ကဗျာအကြောင်းကို ဒီလောက်နဲ့ ရပ်ကြဦးစို့ ကိုကြီးအကြောင်းကို မေတို့အရပ်က ချောမဒီ ကညာတွေဆီမှာ ဝါဒဖြန့်တယ်ဟုတ်လား။

တော်ပါတော့ ညီမလေးရယ်၊ မေလေးတည်းဟူသော သူငယ်မတစ်ယောက်ကလွဲလို့ ဒိပြင်မိန်းကလေးတွေနဲ့ ကိုကြီး အသိမဖြစ်ပါရစေတော့၊ မေတစ်ယောက်တည်းကိုသာ စိတ်ဝင်စားပါရစေတော့လားနော်လို့ ဟုတ်လား။

ကိုကြီးရေးတဲ့ သီချင်းတွေဟာ အလွမ်းချည်းပဲ၊ ပျော်ပျော်ရွှင်ရွှင် သီချင်းမပါဘူးဆိုတာတော့ ဝန်ခံပါတယ်။

ဒါပေမယ့် ဒီကိစ္စကတော့ ကိုကြီးဘာသာ ပြုပြင်လို့ရတာမှမဟုတ်ဘဲကလားကွယ်။ အနုပညာသမားဆိုတာ ကိုယ်ခံစားရတာကိုကိုယ်ဖော်ပြတတ်ကြတာပေကိုး။ သစ္စာတော်ဦးဆိုတဲ့ သီချင်းကို ပြန်ဖတ်ကြည့်ပါလား၊ ကိုကြီး သီချင်းတွေ ဘာကြောင့် အလွမ်းချည်းဖြစ်နေရတယ်ဆိုတာကို ရိပ်မိပါလိမ့်မယ်။

ဒါကြောင့် ကိုကြီးရေးတဲ့ သီချင်းတွေဟာ ပျော်စရာ ရွှင်စရာဖြစ်လာစေချင်ရင် ကိုကြီးကတော့ ဘာမှမတတ်နိုင်တော့ဘူး၊ အဲသည်လိုဖြစ်အောင် တစ်ယောက်တည်းသာရှိလေတော့ မေလေးရယ်။

ချစ်ကန္တာရသီချင်းရဲ့ အဆုံးသတ်ကလေးအတိုင်း ခုံကြွယ်ခင်ခင့်ကိုပဲ တောင်းပန်ချင်တယ်လို့သာ ရေးလိုက်ချင်တော့တာပါပဲကွယ်။

ထာဝစဉ် မြတ်နိုးနေလျက်နှင့်
စောညိန်း
၅ - ၇ - ၅၂

□□□

## ''ဝိတနုတ်သန် ကိုစောညိန်း၏ ပေးစာ လက်ရေးမူများ''

**သမာဓိသတင်းစာ**

ကြေးနန်းလိပ်စာ–Tribune

[illegible]

[illegible]

ရန်ကုန်မြို့ [illegible]


[illegible]

မိဘနှစ်ပါးထံသို့


[illegible]

[illegible]


မိဘနှစ်ပါးထံသို့ ကိုစောညိန်း၏ ပေးစာ




ပဒေသာစာစောင်သို့ ကိုတောညိန်း၏ ပေးစာ



မြေလတ်မေထံသို့ ကိုစောညိန်း၏ ပေးစာ



ကိုစောညိန်း၏ လက်ရေးမူ


ဂီတ – အနုပညာ

ကိုစောညိမ်း၏ လက်ရေးမူ

တလှည့် အချင်းယုန်မင်းရဲ့ လွမ်းတင်းဆိုစို့ တူပြိုင် . . . ပုဏ္ဏာတိုင် လက်ခံမြဲမှာ မောင်လည်းပဲ အသည်းကြွေသူပါ၊ ဆွေးနေရင်ကူပါလှည့်သော်တာ. . .

ပြိုင်ဆို။ ။မြောက်လေပြည်မြူ ဆောင်းလက်မွန်ဦးမို့သာ၊ သဇင်ခွာပြာ ကြူမွှေးကြိုင်သင်းခဲ့ ပြန်တာ၊ ချစ်သူကိုယ်တိုင်ဆူးကာ၊ မယ့်ကို ဆင်မပေးသာ၊ မြရည်စိမ်းလဲ့ ယိမ်းနွဲ့နွဲ့လှောင်နိုင်အားရှာ။

ချမ်းလို့ရယ်မြူတွေး မလုံအေး၊ ကိုယ်ရေကြုံပြန်လာ၊ ရွှေရင်လှုံ့ နွေးရန်မဲ့စွာ၊ ညောင်သဉ္ဇာခန်းရိပ်သာ၊ စက်လဲတဲ့ မရွှင်သူမှာ၊ မျှော်ကာငေးကာ ဆွေးဖော်ရှာမိတာ၊ ရှေ့မြစ်စဉ် အကြောင်းအင်ကိုသာ၊ ခေါ်ကာသာတွေးကာ တစ်ရေးပင်မပျော်ခဲ့ပါ၊ သူကလည်းကွယ် မပေါ်လာ၊ ခုတိုင်အောင်ငေးကွာ၊ နှင်းကြွေဟေမန်ကူးကာ ညင်းလေပြန်မြူတဲ့ ပေါ်ဦးငယ် ဆောင်းလက်မွန်၊ မျှော်ရက်ကယ်ကျွံ ကျော်လွန်စေခဲ့တာ၊ ယုန်စန္ဒာရှင်ကိုမျှားရယ်၊ မှာလိုက် လေမလား ညစဉ်စောင့်စားကာ. . .

ပြိုင်ဆို။ ။မြောက်လေရှူ ဆောင်းလက်မွန်ဦးမို့သာ၊ သဇင်ခွာပြာ ကြူမွှေးကြိုင်သင်းခဲ့ ပြန်တာ၊ ချစ်သူကိုယ်တိုင်ဆူးကာ၊ မယ့်ကို ဆင်မပေးသာ၊ မြရည်စိမ်းလဲ့ ယိမ်းနွဲ့နွဲ့လှောင်နိုင်အားရှာ။

❑

၄။ စံပယ်

ဆို - ကိုစောညိန်း
မောင်မောင်ညွန့်

[ (စံပယ်)[၃] ပန်းနှယ် သင်းရနံ့ကြူမြူမြူမွှေးရယ် မွှေးမွှေးလေးပေးချင်အောင်ကွယ် မှုယာစုံကြွယ် ညာဘယ်သွဲ့သွဲ့နွဲ့ကာသာ ယိမ်းဖယ်၊ စိမ်းစိမ်းလန်း ပင်နန်းသူမယ် နိုင်ပန်းငုံဆန်း ရောင်စုံလွှမ်းခြယ် ရောယှက်ကာပြွမ်းမြိုင်စခန်းလယ် ]

(မှုမှန်တမင်ပွင့်အမြွှာခံအဆင်နှင့် အသွင်တင့်ယဉ်ကျေးပါပေတယ်)[၂]

ငွေရည်ငွေသွေး နိုနိုလေးနဲ့ မြင်သူငေးဘွယ် ဘယ်ရှေ့ဆုတောင်းလဲကွယ် စံပယ့်ရယ် အပျိုဘော်ဝင်အရွယ် ချစ်ချစ်ဖို့ကောင်းလွန်းတယ် (စံပယ်)[၄] မြူစင်ကြယ်သူလေးကို သည်နှာမည် ပေးချင်ပါပြီကွယ်။

❑

## ၅။ သစ္စာ

ဆို - မောင်မောင်ညွန့်

(ရေမြေခြားစေတော့ကွယ် ခင်ဖုန်းကိုတော့ တွေ့အောင်ရှာမယ် ရှာတော့မယ်)၂

ပြောသံကြားနဲ့ နားဝင်ချိုရှင်ဖိုကာရယ်၊ ယနေ့ပင် တွေ့မြင်ချင်စေဝယ်၊ အာရုံစိတ်စောမိပါတယ်၊ လုလင်ငယ်သွေး ကလေးသာသာအရွယ်၊ ဟိုစဉ်ကပဲ. . . အသည်းစွဲခဲ့ပေ့ါကွယ်၊ ဆင်းသွင်ရုပ်ဝါ လက္ခဏာသွယ်သွယ် ဘယ်ပုံမမှန်း ခန့်နိုင်ဖွယ်၊ သညာယဉ်ကျေး ရွှေသစ္စာခင်လေးရယ်။

တရွေ့ရွေ့ဝေးပါလို့ ရေမြေအဏ္ဏဝါ ကမ္ဘာမြေခြားရာဝယ်၊ ထွက်ပြေးရှောင်ဖယ် ပြေးရှောင်ဖယ်၊ မောင့်အပေါ်ဝယ် မုလွန်းနိုင်အားတယ်ကွယ်၊ နာရီတွေနှောင်း၊ ရက်တွေသာ ညောင်းပါလို့ရယ်၊ လရာသီတွေပြောင်းကာ နှစ်ပေါင်းတွေကြာခဲ့ပေ့ါ. . . မဟာကပ်ကမ္ဘာ မြေလွှာပြင်ဝယ်၊ မြူခြေငွေနှင်း ကျကာဆင်းသည့်နှယ်၊ သက်ဘယုံမှား လွဲစွာမှောင်မည်း အစိမ့်စဝုံးပိတ်ကွယ်၊ မြော် တွေ့နိုင်ခဲလှတယ်။

သစ္စာ သစ္စာခင်ရယ်၊ မေ့ကို ချစ်ချင်လေသမျှ လောကရဲ့ ပရိယာယ် မာယာအသွယ်သွယ် . . . ဆန်းကြယ်စွာ သူ လှည့်စား၍ ဇရာကားဝါးမျိုခဲ့ပြီကွယ်၊ နေစိမ့်တဲ့မေရယ် ကွယ်ပျောက်လို့ ဘယ်ဆီမှာ ဝေးတယ်၊ သိတာရေမြေခြားပါစေတော့ ရှာရတော့မယ် သစ္စာခင်ရယ်၊ မေ တမင်ပုန်းရက်မှာလားကွယ်. . .။

(ရွှေမင်းသမီးတံဆိပ် အောင်ကျော်ညွန့်ဓာတ်ပြားကုမ္ပဏီမှ မောင်မောင်ညွန့်ဆို၍ ဓာတ်ပြားသွင်းသည်။)

❑

## ၆။ စိန်

ဆို - ကိုစောညိန်း
မောင်မောင်ညွန့်

ချစ်ရေးခင်ရေး လိုက်လေဝေးတယ် စိန်ခေါ်ပါလို့မြေးလေသလားကွယ် လှမ်းလင့်သူအား မြူသလိုလို့နှယ် ယိမ်းနွဲ့လှည့်စား ရှောင်ဖယ်ရှောင်ဖယ် မာယာတွေပိုလွန်းသူရယ် × × × )၂

စိန်ပြီကွယ့်သက်လယ် လွတ်အောင်သာရှောင်စမ်းပ့ါ မောင်ဖမ်းယူ လှမ်းချကာပွေ့မယ် တစ်မြေစီမှာရယ် ဝေး ဝေးလို့သာ မပိုင်သူအနိုင်ယူအားကိုးနဲ့ရယ် မှုနိုင်ရက်လေသမျှ နောင်ကျမှ အပြီးကိုချေမယ် လိုက်လေ ဝေးလေ ဝေးတယ် ချစ်တဲ့အရေးကို အပြေးစိန်သူရယ် မောင်ချူယူလက်ကမ်းမယ် အလှမ်းမှီကာမှ ဘွာမကူတမ်းကွယ် × × ×

(အောင်ကျော်ညွန့်ဓာတ်ပြားကုမ္ပဏီမှ မောင်မောင်ညွန့် သီဆိုဓာတ်ပြားသွင်းသည်။)

□

## ၇။ ဆောင်းနတ်မယ်

ဆို - ကိုစောညိန်း
မောင်မောင်ညွန့်

ဆောင်းနတ်မယ်လျှ မြောက်ဆီကသာ၊ ကင်းစလေဦး မြူကာကကာ၊ ဖြူလွှာငွေနှင်းပွင့်ကို လွှင့်ကာလွှင့်ကာချွေလို့ တစ်ကိုယ်ရေပင်ပန်း မောင့်ကိုပက်ဖျန်း အကြည်စယ်ကြမ်းလှတယ်၊ အကျွမ်းမဝင်ခင်မို့ ဆောင်းဘုရင်မလေးရဲ့ ထွေးပိုက်တဲ့ရင်ခွင်လယ်ဝယ် တုန်ကာနွမ်း ပန်းလျှလျှခက်ငြိနော်ကွယ်၊ အသက်ရှူများအောင် ကစားကာမြူတယ်၊ မျှော်နိုင်ပဲငယ် စက်လဲဆောင်ကြာယံလယ် ဆောင်းဦးမို့သစ် မူရာစုံကြွယ်၊ အချစ်စမ်းတာလား သနားစေချင်လှတယ်။

မျှော်ကာမှန်းရတယ် ချမ်းမြမြတုန်သူကိုကွယ် ဆောင်းနတ်မယ် ရင်ခွင်မှာသာ

ကယ်တင်လာစေချင်ပါတယ်၊ ဖော်ကွာဝေးသူမယ်၊ ကုညီမဲ့ဆွေ၊ မမြင်ချေသေးတော့တယ်၊ ဖူးစာပိုင်နတ်မျှား ပစ်ထားကာသွေမိရှောင်ဖယ်၊ ဘယ်မာန်ငြိုလေတယ် ငြိုရက်တော်မူနိုင်ပါပေ့ကွယ် ခွာပြာညှိုသင်းတယ်၊ သည်ဆောင်းတွင်းရဲ့ နှင်းလုံမပြယ်ခင်ဝယ်၊ ရွှေရင်ဘုံငွေ့ကို ကြုံတွေ့ဖွယ် အချစ်ကံဖန်ခဲ့တယ်. . .

(အောင်ကျော်ညွှန့်ဓာတ်ပြားကုမ္ပဏီမှ မောင်မောင်ညွှန့် သီဆိုဓာတ်ပြားသွင်းသည်။)

❑

၀။ နွေဦး

ဆို - ကိုအောင်ဖုန်း
မောင်မောင်ညွှန့်

နှင်းကြွေလေးတွေ တဖြည်းဖြည်းကွဲကာ၊ နွေဦးပေါ်သစ်၊ ပုရစ်ညာချိုချို အင်ကြင်းသန္တာသွေး၊ ခုလိုကြူသင်းမွှေးမှဖြင့် တရေးရေးမြင်မိ တဆွေးဆွေးဘဝင်မချို နေထိသည်မာလာနှယ်၊ ညိုးလျှကာ ပုပ်ုတွေကြွယ် ညစဉ်ညတိုင်း တိမ်မှိုင်းရိပ်ဝယ်၊ လရောင်ကွယ်ရင် တကယ်၊ စက်ခန်းသာဆောင်လယ်၊ အားငယ်ပါတဲ့ မောင့်မှာ တစ်ကိုယ်တည်းရယ်။

ဩော်. . . မ, ဖိုစုံလင် ခွန်းတုံ့တင်လို့ ကျေးငှက်ရွှင်လို့ သိုက်ဝင်ရိုပ်နန်း၊ နွေဦးဆန်းဝယ်၊ ခေါ်တမ်းကြင်နွာ၊ ဘာသာလှနှယ်၊ ဥဩငှက်ကလေးတို့ရယ်၊ ဟိုပင်ယံ ရွှေယင်းမာတာ၊ တေသံသာဖွဲ့ကာ ကြည်စယ်၊ ရယ်ရွှင်ပါလို့ မောင့်ကိုညွှန်းသည့်နှယ်၊ ပူပူဝန်ကြေးရယ်နဲ့၊ ဆွေးရတဲ့မိန့်အကျွန်ဝယ်၊ ရော်ရွက်ဝါတို့သက်ကြွေဆဲ ဖော်နည်းသူမို့ မျက်ရည်ဝဲပြီကွယ်။

## ၉။ မိုးသက်လေနှင်

ဆို - ကိုစောညိမ်း
ကိုတင်မေ၊ မောင်မောင်ညွန့်

(အနောက်တောင်ဆီက၊ ရွာမည်ဟန်ပြင်၊ မိုးသက်လေနှင့် မုန်တိုင်းပင့်လျှင်. . . စမ်းမျက်နှာဖွင့် တိမ်နီလွင့်ကာနှင်၊ မှိုင်းမှိုင်းရိပ်မှောင် စွန်တောင်မှင် ပြိုမှာလေလား. . . မိုးရဲ့ ဝိုးအောင်ခုပင် အမှုန်မောင်ဖန်အားလေတဲ့အင်)၂

(လျှံရွှေစင် ပြိုးပြိုးပြက်လျှပ်စစ်ရောင်ခြည်မျှင်၊ ဗျူဟာဆင် မိုးလုံးပြည့် တရွှေ့ရွှေ့ယူဆဲတွင်)၂

နယ်ရှစ်ခွင် မင်းလွင်ဝန်းကျင်၊ လွမ်းအောင်ဖော်ပြ အာကာဝေဟင်၊ ဘယ်ရွှေဝင်ကြွေး တဲ့တင်ချေပြီထင်ခဲ့၊ နိမိရာမဲ့ . . . ရွှလဲ့မြင်လှဲ့စေချင် ချစ်တဲ့သူရဲ့ရင်ခွင်၊ သည်မိုးမှောင်တုန်း မောင်ပုန်းပါရစေခင်၊ တစ်ကိုယ်ရေအား နွဲ့နွဲ့တုန်ပြီရွှေဘဝင်၊ ငြိုးရက် တဲ့ဒေဝါဆွေနတ်ရှင်၊ ဩော်. . . မိုးသက်လေနှင် . . .

(အောင်ကျော်ညွန့်စာတ်ပြားကုမ္ပဏီမှ မောင်မောင်ညွန့် သီဆိုဓာတ်ပြားသွင်းသည်။)

□

## ၁၀။ ငွေဝန်းသော်တာ

ရေးသားအသံသွင်းသူ - ကိုစောညိမ်း
ဆို - မောင်လှထွန်း
မောင်မောင်ညွန့်

ငွေမှင်ရည်ခြယ်လို့ မှုန်းကာ မှုန်းကာ သဒ္ဒါ စန္ဒရ ယုံငွေလ မြပုဏ္ဏမာ မိုးပြာနီလာရောင်သန်း တိမ် တိမ် နန်း ဂွမ်းဆိုင်လွှာထက် သာရက်မေ့ သီတဂူဆွေ လင်းရောင်ခြည်ယှက်ခါသာဝေ တစ်မြို့စီနေ ရေနဒီခြား ချစ်သူထံအား မှာကြားလိုက်ပါရစေ ပြောလိုက်ပ ငွေဝန်းသော်တာရေ သည်မောင်မှာဖြင့် ဩော်ဆွေးကြွေ လုံ့လုံ့ဝင်လမင်းသာသာ မှိုင်းပြာပြာဝေ မြင်လာစမ်းပါ မျှော်ကာမှန်းကာ လွမ်းရမြေလဲမပြေ။

**Chorous** - ကြယ်ခြွေရွှေပေါင်း ထောင်သောင်းသခင့်ျ ဘော်လေစုံညီသားနဲ့, ကွယ်ခဲ့သာ တစ်လှည့် ညိုနွဲ့ငယ်တဲ့ဆွေ မောင်ကဲ့သို့ တစ်ကိုယ်ရေသာလေ ကြံပါရင်မြင့် ပုဏ္ဏမှာ သဇင်ပွင့် ကြွေမည်လား ယုံအိမ်စံလနတ်ပုံရေ စွဲလမ်းလို့သာ ထင်မိများ လျှောင်သလိုခုများ ဆွေးဆွေးရသူ ပူဘောင်ဖန်အားနိုင်ရက်ပေ။

ငွေဝန်းရယ် ဝန်းရယ်သော်တာ ယုံစန္ဒာအား ရှုစားတော့ကွယ်လေ ငွေလွှာ စက်ဝိုင်းထက်ပိုင်းပြတ်ကြွေ မောင့်အသည်းလိုကွဲခါသာနေ မောင့်နှလုံးလို ပြုန်းခါသာ ကြေ တပြည်းပြည်းပြတ်သန်း ညှိုးနိုပ်မှောင် လွမ်းပါလို့ လချမ်းပဲငွေယဉ်သာလေ့ကွယ် သည်နွယ်တူယောင်ယောင်နေ ရွှေရွှေရင်ထဲ ကြေကွဲခဲ့စေပြီမေရေ သည်းဘဝင် ကျွမ်းကာ လွမ်းတမြည်မြည် ကြွေပြီထင်ပေ့ါလေ။

Chorous - ကြယ်ခြွေရွှေပေါင်း . . . . . . . . . . ပူဘောင်ဖန်အားနိုင်ရက်ပေ။

❑

၁၁။ ပွင့်ဦး

ဆို - ကိုစောညိန်း
မောင်မောင်ညွန့်

(အသည်းလွှာမြေဝယ်၊ အမြစ်ဖြာယှက်သွယ်၊ အချစ်ညာခက်ခါနွယ်၊ မာလာ ပင်နန်း၊ ချစ်ပန်းပွင့်ဦးစအရွယ်၊ ချွေတော်မူလာနိုး မျှော်ကိုးကာ ပူဇော်ပါကြွယ်၊ ရည်ရွယ် သွယ်ညွှတ်ပျောင်း၊ ကြာလေညာကြွေညောင်းမှုရယ်၊ အနိုင်းစံပယ်မို့ ပစ်ပယ်၊ ပန်တော် မဝင်တယ်၊ ငွေသဇင်ကြွေမွေး၊ သူ့ရွှေပြီထင်အားငယ်၊ တွက်ရေသော်ရက်တွေခြား၊ စောင့်စားရင်းမြေမှာ၊ ကြွေ ကြွေကာ နွမ်းလေပြီကွယ်၊ ငွေချပ်လွှာဆွေး မာလာ မွှေးရနံ့ပြယ် x x x )

စပယ်မြှူတုံးကာမှ ခင်ဖုန်းသက်ဝေရယ်၊ ဘယ်စိတ်လည်လို့ ပေါ်လာပြန်တယ်၊ လျှောင်တာလေလားနော်ကွယ်၊ ဖန်လာပုံခုမှဆန်းကြယ်၊ အချစ်ဖြင့် ဆိတ်သုဉ်း၊ ဆုံးရှုံး ခြောက်ခန်း၊ လောင်ကျွမ်းခဲ့ရ မောင့်ဘဝအစဉ်ဝယ်၊ ဆက်သွယ် သန္တတိ မမြဲသော ရုပ်နာမ်ပြောင်းလွဲသည့်နွယ်၊ ဖြစ်ပြန်ပျက်ပြန် အချစ်မှန် တရားရယ်၊ မူလွှန်းခဲ့သူရယ်၊ ပွင့်ဦးကြွေမှဖြင့်ကွယ်၊ မပန်စေချင်ရက်တော့တယ် x x x ။

❑

## ၁၂။ သစ္စာတော်ဦး

ဆို - ကိုစောညိန်း
မောင်မောင်ညွန့်

အသက်ကိုခွဲကာ ဝက်ကာ၊ စက်ရာအုံးပြိုင် မဝေသာပိုင်တယ်၊ ရွှေတိုင်၊ ဂီတနက်သန်ဦး၊ ဧကရီကျော့မှုမြှောက်ဖို့ရွယ်။

ခင်မင်ချစ်မြတ်နိုးကာ၊ မျှော်ကိုးလို့သာ စေတနာပိုသူဝယ် ကြာလေစွဲလေ၊ အမြဲတစေတော့တာ စောင့်ရ ကြာလွန်းလှန်းလို့ ခွန်းစကာ ပန်ချင်ပြီကွယ် သစ္စာတော်ဦး ချစ်ပိုင်မှုရှ ရှိလေမှာလားကွယ်။

မေတ္တာငုံရွှေညွှင့်နှယ်၊ ကြွေလွင့်ရှာနိုးနဲ့၊ ဦးရိမ်ပေမယ့် မြေယူဇနာလယ်၊ ချောင်းမြစ်ဆီးကာ၊ ခရီးကွာလေတယ်၊ မပိုင်ဆိုင်ဝေးသူမို့ ပူရန်သာကြွယ်၊ မောင့်ရွယ်မှန်း နေ့စဉ် ညတိုင်းလွမ်း၊ ကျွမ်းကြွေလု ရွှေရင်ထဲဝယ်၊ ချစ်သွေးဆူဆူပြီမေရယ်၊ မြားဒဏ်ရာပြင်း အသည်းလှိုချင်း၊ ထိုးဝင်ဖောက်ထွင်းသည့်နှယ်၊ နတ်များဖန်ဆင်းလို့ ပစ်ခွင်းတော်မူပြီထင်တယ်၊ သစ္စာတော်ဦးမာလာကို ခူးယူပါရစေကွယ်. . . ။

□

## ၁၃။ ဝသန်ဦး

ဆို - မောင်လှထွန်း
မရှင်
မောင်မောင်ညွန့်

မိုးဦးသစ်ခဲ့ပြန်ပြီ ပြာပြာဝေဆိုင်း ဘုံကာသာပဲမှိုင်းတလဲ့လဲ့ သိုင်းဖွဲ့ရွှေပဇ္ဇုန်သည် ပြုမလိုလို့နဲ့ တိမ်ညိုပြိုင်းပြိုင်း ဆိုင်းတွဲဝေရီ မြစိမ်းစိုဖန့်ဖန့်မြေ စုံခြေနဲ့သာမြိုင်မဟီမှန်သိင်္ဂီရင့် ပင်ယံကြွင်း ပန်တော်မို့ ပိတောက်ကျွန်ညာချို ရာသီခါလင့် ပွင့်ဝါသင်းလို့ တဝင်းဝင်းကြွေသက် တညင်းညင်းခွေရက် လွမ်းပိုအောင် တောင်ပြန်လေသွေး စက်၍ဘေးတော့သည်။

ပြန်ကောက် (မာန်တင်း ဖန်ဆင်း ဖွဲ့ကာဝဠာဘောင်ညိုမြေ နဂိုနေ တိမ်ပန်းချီပုံမခြား

ဂဠုန်နဂါး ပြေးလွှားဟန်သည် ဆေးစပ်မိလေပြီ မှင်နိုးလှဲ့ရီ ခိုပြာနီလာညိုလွှာရင့်တဲ့ မကာန်းတောင်တိမ်မြင့် လွှင့်ခါဝေပြီ အမှုန်မောင်က သည်းကျွမ်းလုအောင် ခင်းတော့သည်)

ဈာဟာဆင်ဖြန့် စစ်အင်ကျင်းသည် အာကာပြင်နှံ့ သေနင်္ဂါမည် တိမ်လှိုင်းဝိုင်း ရံအုံ့ချီ သနားမစာနာခဲ့ တရားအညာတာမဲ့ ပူအောင်ဖန်ပြီ မာန်မပြီးပါနဲ့ အလိုလို မအေး ရွှေရင်မှာ ဗိုဋ်ိုချင်ဆွေးပေါ့ ဝေးလေဖော်မဲ့ တစ်ကိုယ်ရေနွမ်းခဲ့ပြီ ပြော် လွမ်းရ ဝသန်ရာသီ မိုးနတ်ဆွေရဲ့ သည်မောင်ချစ်ရေမည်။

ပြန်ကောက် (မာန်တင်း ဖန်ဆင်း ဖွဲ့ကာ. . . သည်းကြွမ်းလုအောင်ခင်းတော့သည်)

❑

## ၁၄။ ဆည်ဆာ

ဆို - ကိုတင်မေ
မောင်မောင်ညွန့်

ဆည်းဆာရိပ်ဝယ် နေရီရီလှဲ့ တိမ်နီရောင်ခြယ် ဟိုတောင်ဆွယ်က ပြုပြုံမှိုင်း ညနေတိုင်း အုံ့ကာနေတော့တယ် + ။

(ရွှေသားသင်ပြူလားလို့ ထင်ယောင်မှားဖွယ်၊ လှမိုးစုံခင်း ကျင်းတဲ့ရေပြင် ပင်လယ်)[၂] သဲသာသောင်နဲ့၊ ငွေရောင်ကမ်းဆွယ် ရွက်ကြီးဆင်တဲ့ ပင်တိုင်ဝါး၊ ကုက္ကလင်နဲ့ လင်းယဉ်ဖျားဝယ်၊ နာဝါလှေများတွေရယ်၊ ဆွေးသူကို ကယ်ယူပါလှဲ့၊ လမ်းကြိုရင် ခေါ် စေချင်ရဲ့ ပြာရီလှဲ့ဆည်းဆာညနေချမ်းဝယ်၊ မျှော်လေလေ မေ့ကို လွမ်းတယ်၊ ကမ်းဆိပ်က, သာယာလှပေတယ်။

ရွှေဟသာမောင်နှံရယ်၊ တောင်ပံယှက်ပြီ လည်ချင်းမှီလို့ ချစ်ချစ်ကျွမ်း၊ အောင်တော်သံ ခွန်းတုံ့လှယ်၊ နေညိုအိပ်တန်းတက်ဝယ်၊ တူနှဲ့ယှက်ကာ မျော်နိုင်ပါပေတယ်။

## ၁၅။ ရတုဘုရင်

ဆို - ကိုလှထွန်း
မောင်မောင်ညွန့်

(ရော်ရွက်ဝါ မြူညှာချောင်းကာ၊ ညိုနုလျော်ခွေပြောင်း နွေနှောင်းရာသီမှာ၊ လေယူနှင်ရာ ကြွေကာဝဲကာ၊ ဆင်းရွေ့မှန်ရောရာ၊ မြေသို့သက်လျှော လွမ်းဖွယ်သာမောစွာ)၂

မိုးဦးပစ္စုန်ဒေဝါ၊ မာန်ဂုဏ်တော်ပြိုး မှင်နိုးရိုလှဲ ဖွဲ့ကာဝိုင်းလို့သာ၊ မှုန်ပြာဝေမှိုင်း ခုလိုတိမ်မှိုးဆိုင်းမှုဖြင့် ကသိုဏ်းကွက်ထင်လာ၊ နတ်ရှင်ကို မြင်ယောင်မိပြန်လာ၊ ကဗျာသီကြွေး စာပလီတေးတွေနဲ့ ရေဖွဲ့ဟန်ကို ပြန်လှန်ကာသာ၊ ထင်တရေးရေးနဲ့ လွမ်းမိုးစွဲလို့ရှာ၊ မပြေနိုင်ပါ၊ ကိုယ်တော်တိုင်မှာ သောကရဲ့စေစားချက်နှာ၊ စစ်မြေကွာဝေး ဆွေးလျက်ပင်သာ၊ တစ်သက်တာလွမ်းရရှာ၊ ရာဇဝင်အမှောင်မှာ တန်ဆောင်ဆီမီးပမာ၊ အနုပညာမြောက် စံတင်နိုင်လောက် စာပေရောင်ဝါ၊ ထိန်ထိန်တောက်ခဲ့တာ၊ ရတုဘုရင်စာဆိုရှင်ရဲ့ ဂန္ထဝင်အမွေအနှစ်ပါ။ ။

□

## ၁၆။ နွေနှောင်းဝသန်

ဆို - စာရေးဆရာသုခ

နွေနှောင်းရက်ကျန်၊ ဝသန်ပေါ်ဦးခါ၊ အုံ့ပျံ့မှိုင်းဆန်း ယုဂန်တွေ မြနန်းမှာ၊ ရွှေလျှံ့လျှပ်နွယ်ခွေကာ၊ မိဂ္ဂလာချပ်ဆင် ဝေမင်မှောင်ပြာ၊ တိမ်တိုက်ရွှေပြောင်း လေလျှင်လောင်းရာ၊ ကြွေကာကြွေကာ မြေမှာကြွလျက်၊ ပုလဲရည်ငွေစက် မြန်းပက်စွေရှာ၊ မြူမှုန်လိမ်းကျံ့တဲ့ ညိုနုပျောင်းရွက်ညှာ ရွှေရောင်ရော်ဝါ၊ သန္တာလို မြည်ိုရောကာ၊ ကြွေလျှောကုန်လု၊ ပုရစ်နုညာချို နှောင်းနွေသန်လှ စက်ရာသီမှာ၊ လေယူဆောင်နှင်း မြေဆီ မြေသင်းနဲ့သာ၊ စိန်မြူးဘုံကြွ ကြာညောင်သစ္စာ၊ ပန်းကြွတဲ့ဖဲစက်ရာမှာ၊ မယ့်ကိုယ်က မွေးမြလေသလော့ ထင်မြင်ယောင် တွေးမိမှားကာ သည်းအူချာ ကြွေအောင်မန်လား၊ သက်လျှာဓာတုရဲ့ မြင်လှဲ့ပါ။

□

## ၁၇။ ပိဇယ

ဆို - မောင်မောင်ညွန့်
မောင်မောင်လတ်

သဲဆိပ်ကမ်းဆွယ် ဤဒေသမှာ၊ ဝဲရိုပ်ဆန်းကြယ် ဒီရေကျလာ၊ မြေကမူစွန်း သောင်ထွန်းလို့သာ၊ ကျောက်ဆောင်ငှ လေယူလှိုင်းပုတ်လာ ပတ်လည်ဝိုင်းလို့ ရွတ်ရိုင်းရယ် ပယ်လယ်အဏ္ဏဝါ၊ ကွာဝေးခဲ့ပေ့ါ ရှေးပြည်တော်သာ၊ တရှုရှည်မှန်းပါလို့ လွမ်းဖွယ်စေ ကမ်းခြေသာလှပါ၊ ရေယဉ်ဝန်း ကျွန်းလက်ာသီဟိုဠ်မှာ . . .

မှော်ရင်းမှော်ရင်း - တောတောင်နင်းကာ မြေပြင်လွင်ကင်း ဆွေးအောင်ဖန် နှင်း ဆင်းကြည်သွန်ပြာ၊ စမ်းရေအိုင်သီတာ . . . မြရောင်ရိပ်သွင်ထင်လာ၊ ခြွေရွှေ များစွာရံကာ ခကာ၊ တမေခင်မယ်ဝဏ္ဏာ ကခုန်မြူးလို့ နူးကြသလား ပန်းမာလာပင်ယံ ထက်မျှားမှာ၊ ယိမ်းနွဲ့နွဲ့ဘယ်ညာ လှုပ်ရှားကာ၊ ဆင်းရွှေဝါလေပြည်ယူရာ၊ သင်းပျံ့မွှေး တော့ရှာ . . .

ပျံကာဝဲကာ နွဲ့ကြရှာ၊ ရေအိုင်ထဲမှာ ကူးခတ်ကာ၊ မ, ဖိုခေါ် သံနဲ့သာ၊ ကျူးရင့် ကြည်ပြိုင်ညီညာ၊ လှုနှယ်တူစွာ၊ မြသိုက်ရိပ်မှာ လည်ယှက်၍သာ၊ ငှက်မယ်ညီ ဝဲလို ဟသာ၊ လိပ်ပြာပိတုန်း၊ ဝတ်ရည်သုံးကာ၊ အစာရှာကြ ပန်းစုံမြိုင်ထဲမှာ၊ နတ်များဖန် စီမံဆောင်ပို့ရာ၊ ဘုန်းတေဇာ ရွှေသမ္ဘာလင်းကာ၊ မဟာဝိဇယရာဇာ၊ ဘဂဝါဝိနေ သာသနာ၊ ပင့်ယူဆောင်ထိုက်သူမှန်စွာ၊ ဒေဝါများစွာ သိကြားပါစောင့်ရှောက်လာ. . .

❑

## ၁၈။ ချစ်တန္တာရ

ဆို - မောင်မောင်ညွန့်
ကိုလှထွန်း

မြေသော်လည်းကွယ် - မြေပဲမောင့်မှာရယ်၊ ဖူးစာနတ်များသနားမညာလေ တယ်၊ ချစ်တဲ့တင်ဝင့်ကြွေး ဆွေးအောင်ဖန်ကာရယ်၊ ဘယ်မှန်းမာန်နဲ့သာ၊ ညိုနွဲ့လေ တယ်၊ ထာဝစဉ်ပူရေးကကြွယ်၊ ချစ်သူမဲ့ပြီ ဒီမောင်ဘဝဝယ်၊ အမိုက်မှောင်အတိသာ၊ ကာဆီးတော့တယ်. . .၊ ချစ်ကန္တာရအဏ္ဏဝါရေပြင်ပင်လယ်၊ ဘယ်ဝယ်မျှော်မှန်း

ကမ်းရိုပ်မမြင်တဲ့ ရေကြောဝယ်၊ မျှောလို့နေတဲ့ လှေကလေးနှယ် လမ်းပြပါလို့ ကြယ်စုံ ခင်ခင့်ကိုပဲ တောင်းပန်ချင်တယ်၊ မောင်မျှော်လင့်တဲ့ ချစ်ရိပ်မြုံနန်း ကမ်းသာသောင်သို့ ဆောင်ယူလို့သာ ပို့ပါလားမေရယ်. . . ။

□

၁၉။ မဗေဒါ

ဆို - မြင့်မြင့်ရှိန်
လှလှရီ

မြိုင်မြိုင်ခြေတောတစ်ပိုက်မှာ၊ မြိုင်မြိုင်လေ မောဟိုက်ကာ ဖူးညှိကို ဖိုပိုက်ကာ၊ ဆံကေသာညှာ သွယ်ဝိုက်မှာ၊ ပန်းပျိုစိုက်လာ မဗေဒါ၊ မဗေဒါ။

မဗေဒါမှာရှင် - ဆိုတေးသံကသာ၊ ညနေခါမှာထင့် - ပျိုလေးမြန်ဖို့ရှာ၊ ညညမှာ အလှတွေပြင်လို့ မဗေဒါအပျိုကြီး တစ်ကိုယ်တည်းမို့ နေရရှာ ဖူးညှိကို ရေပြည့်အောင် တစ်နေဝင် ဟိုတောင်တန်း အပန်းဖြေရရှာ၊ မဗေဒါ၊ မဗေဒါ။

□

၂၀။ ချစ်တိုင်းမညား

ဆို - ခင်မောင်ကြည်

လောကသဘာဝ ဇာတ်ထောင်သက်မှူး ပြုကြသူတွေမှာ၊ အချစ်နဲ့ဖူးစာကံဟာ ဆုံလာနိုင်ခဲ၊ မရေမရာဘဲမို့ အသည်းစွဲချစ်ချင်းကို ကွေကွင်းအောင် စီမံပြီးတော့ကာ၊ ဘဝရဲ့ရေစက်ဝေးကွာ တစ်ပါးသူရင်ခွင်ထက်မှာ၊ မရှုရက်မမြင်သာ၊ အပိယေဟိ သမ္ပယောဂေါ ဒုက္ခောရယ်လို့ ဆွေးပူမှိုင်ကြမြန်လေတာ။

ချစ်သူတိုင်းလဲမညားကြရှာ၊ ညားသူတိုင်းလဲ မချစ်ကြရှာ၊ ရည်မှန်းချက် အထွေထွေ၊ အဆင်မပြေနိုင်စရာ၊ ဖူးစာနတ်မင်းများတို့ မြားချက်သွေချော်၊ သရော် လှောင်ပြောင်ရက်ကြတာ ကိုယ်ချစ်သူနဲ့ ပေါင်းရန်ဝေးကာ၊ ထိုအသစ်လူနဲ့ အကြောင်း ကံပေးလာ၊ စေတနာမေတ္တာပါး၊ ချစ်သဒ္ဓါမပွားဘဲညားအောင်ဖန်လေတာ။

□

## ၂၁။ ချစ်ပြုံးနှင်းဆီ

ဆို - ရေနံ့သာစိုးလှိုင်

(မြူပြာလို့ မှုရာသွယ်နဲ့ ချစ်တဲ့သူခင်ရယ်။ မာန်ပြိုမျက်ထားတွေထည် အညိုကြီးနဲ့ စိမ်းတာလေလားကွယ်၊ ရွှေနှင်းဆီငုံလေးနှယ်၊ နွတ်ခမ်းတော် စုလွန်းတယ်)[၂]

(နေ့စဉ်စောင့်ပါလို့လေ နေပေမယ့်တာကယ်ပွင့်နိုင်ခဲ့ပါဘိကွယ်၊ သန္တာလုံ့ရယ် ဘယ်ခါချစ်ပြုံးမာလာကိုကွယ် ခူးဆွတ်လို့ဖူးမောင်နမ်းသာမယ်)[၂]

(ချစ်ပြုံးနှင်းဆီပွင့်ကို မျှော်ခါတလင့်လင့် ကြိုတင်မှန်းဆရှယ်၊ ဘယ်ရာသီဝယ် မာလာရယ်ပွင့်မှာလဲကွယ်၊ တစ်ငုံထဲမငုံဘဲ နည်းနည်းလဲလျှော့စေချင်ပါတယ်၊ သဘာဝတရား မတားသာဘဲမို့တာကယ် ပြုံးလိုက်ပါတော့လားကွယ်၊ သနားမဘက်တဲ့ မနှင်းဆီရယ်)

□

## ၂၂။ ဝဏ္ဏပဘာ

ဆို - ရှုပ်ရှင်မင်းသားကိုသန်းမြင့်

ဆည်းဆာကျော့ ညနေဆီဝယ်၊ နေရောင်ခြည်နဲ့ ပဏာစား ကေရိဘုရင်မ ထိပ်ခေါင်တင်တစ်ပါးနှယ်၊ ခန့်ညားထည်ဝါပါပေ့ကွယ်။

မျက်နှာတော် ရွှေအဆင်း လမင်းထင်ရ ပင်တိုင်တော် ဆောင်လယ်မှ ဝဏ္ဏပဘာမယ်၊ သွယ်သွယ်ကွန်မြူး တာရာစိုင်နှုကြယ်ဥက္ကာရယ်၊ ကူးကြွေကာ မြေမှာ စံသို့ လျှံပြောင်ထိန်ဝင်း ဆယ်စင်းလျှပ်နွယ်၊ မြိုင်ညိုပွင့်ဆဲ သနွှေယူစွဲသူပဲထင်တယ်၊ ဝဿဝတီမှ ကိုယ်ထင်လာပြလေသလားကွယ်၊ အလှရောင်ခြည် သမိုးပဘာ ကလျာဝဏ္ဏ ဆင်းသွင်ကြန်အင်ဝယ်၊ ရွှေပေစဉ် မော်ကွန်းတင်ထိုက်သူရယ်။

မြူပြာမှုယာစုံကြွယ် (ချစ်သူနှမဝဏ္ဏပဘာမယ်)[၂] (ဆင်းသီကီမေလေးရယ်)[၂] (အို့ . . . မြင်သူများ၊ အလိုထင်ယောင်မှား)[၂] နေနတ်နွယ်လားကွယ်၊ နန်းကြာညို သနွှေဖွားငယ်၊ ရင်ဖိုအောင် လှနိုင်အားရှာတယ်၊ သွန်းထားသော ရွှေစင်ရုပ်သွင်နှယ်။

□

## ၂၃။ အရက်

ဆို - ကိုစောညိန်း
ကိုသန်းမြင့်

(လင်းရောင်လှဲ့မှုန်၊ ရောင်မြှုန်နုတ်ချိန်အရက်ဝယ် လှုံ့ချင်ပါရဲ့ပပဝင်း ချစ်နေမင်းထွက်ပေါ်ပြန်လှတယ်)၂

(တိမ်သားပြင်ရဲရဲနဲ့ ရောင်နီကြရယ် ဘွေ့ဥဒညည်စွန်းက ရွှေခြည်မှုင်သွယ်)၂

ကြေးစည်သံက ချိန်မှန်မြူးဘွယ် ကြက်ဦးတွန်တဲ့ညောင်ကန်မိုး နို့ဘွာန်ဆော်တို့ အော်ကာနှိုးတယ် ကြည်ညိုမြတ်နိုးသူမယ် ဆွမ်းတော်ကို တင်ချင်ပါရဲ့ အုံးမြိုင်ယှဉ်ကြင်သူမနဲ့ သာယာတဲ့လင်းအရုဏ်ဦးဝယ် တူမသွေနေ့စဉ် ဖူးကာကူးခပ်လို့ သံသာဆုံးတိုင်ဖွယ်၊ ရွှေစည်းခုံစေတီရယ် ဤမြေမှာသည် မျှော်တမ်းရည်လို့ လက်ချီအုပ်မိုးဘယ်ခါရှိုနိုးရမယ်၊ ရည်ရွယ်ကြဲအောက်မေ့ကာ ဆုတောင်း၍သာ နေပါပြီမရယ်။

□

## ၂၄။ ရွှေပဝင်း ( သည်းကြွေလှုပြီ )

ဆို - ဝေဇင်

ပုဏ္ဏားမာယုံလွှာခင်းပါလို့ ဘုမ္မာလင်းပါဘိ ဝင်းပြေပြေ ( သပြေဒီပါ အေးမြစေ)။

သော်တာရေ ဘယ်အားကိုးအပြုံးနဲ့သာလေ၊ လှောင်နိုင်ရက်တာမို့ မြူးဝင့်လို့နေ၊ သည်းကြွေအင် မြင်ချင်လို့လား၊ မိုးယံမှာသာနိုင်အား၊ မြင်ရသူကို အသက်ရှူမှားစေ၊ ကြည်လင်စွာပဘာရောင်ခြည်ဝေ၊ မြူးမြူးဖွေဖွေအဆင်း ကိုယ်ရည်သွေးလို့နေ့ ငေးမျှော်ကာပဲ ရွှေရင်ထဲ အသည်းကြွေလှုပြီလေ။

□

## ၂၅။ ဆည်းဆာသီဂီ

ဆို - လှလှတူး

(ဂေါယာနောက်ကျွန်း၊ စကြာယွန်းမည်၊ တိမ်နီတိမ်ဝါခြယ်မှုန်းခဲ့လေပြီ၊ ခွန်းသွဲ့သွဲ့ တေးနွဲ့နွဲ့ မာဂဓာကျူးရင့်ရှာပြီ သိုက်မြုပင်ယံဦးဆီ ခေါ်ထူးလည်ချင်း ယှက်ခါမိ)၂

လင်းပြာ၊ ရွှေညို၊ ချစ်တင်းတွေနှောပါတဲ့ သာမောဖွယ်ခင်တန်းကလေး၊ မြစ်ကမ်းနံဘေးက သွယ်တန်းစီ ညနေရိုဆည်းဆာမှုန် - သီဂီ ရွှေဝါလင်းရောင်ခြည် ခွန်းနှုတ်ဆက်လို့ ရှုပ်သိမ်းနေလေပြီ။ ရွာလယ်ရေတွင်းနားမှာ ကိုယ်စီ လုံမေ လယ်တော ရပ်သူပီပီ၊ ရေအိုးရွက်လို့သယ်ကြသည်။

လယ်ထွန်ယောက်ျားလှည်းအိုရှင်သည် နှင်တံကြိမ်လုံးမြှောက်ကာ ဟန်ချိုကောက်လှိုင်းတိုက်လို့ ပြန်ခဲ့ပြီ။ ရွာဦးကျောင်းက တန်ဆောင်းနဲ့ရွှေစေတီ၊ ရွှေဆည်းလည်း ငွေဆည်းလည်း၊ ( ဖွဲ့ဝဲကာ )၂ မြည်သံသာလွန်းသည် ညင်းလေအေးနွဲ့သာကြည် ညနေရိုဆည်းဆာသီဂီ၊ ရွှေမှုန်( ကြပြန်တော့သည်။ )၂

❑

## ၂၆။ မြနှင်း

ဆို - မြင့်မြင့်မိုရ်

နီလာမြနှယ်စိမ်းတယ်၊ သိတာသောင်ကမ်းကဆန်းကြယ်၊ ရောကြော၊ သာမောနဒီလယ်။

(ကွေ့ဝိုက်ခွေလို့ ရေညိုညိုဆင်းသွယ်၊ ကမ်းစပ်မှာ ဗေဒါတွေရယ်၊ ဝဲပြန်ရိုပ်ဝယ်)၂

စုန်ဆန်မျောရှာပေ့ါကွယ်၊ စီးရေညိုလယ်၊ ရောင်စုံတွေခြယ်၊ ဆည်းဆာမှိုန်ရိုသီဂီရွှေမှုန်ကြ ဇင်ယော်တွေလဲ၊ မောင်မယ်တူနွဲ့ပျံကာ ဝဲကြတယ်၊ ငွေသောင်ဦး ကြည်နူးဖွယ် ဒီဆိုင်ရေဆွယ် လှိုင်း လှိုင်း လှိုင်းထလို့ရယ်။

(ရိုးသီးလေး၊ လှော်ကြ လှော်ကြ လောင်းယဉ်သာ၊ လှေငယ် ရွှေစွန်တောင်တက် ရေဟန်လှ၊ ရေပေါ်မှာ ဂဲကာနွဲ့ကြတယ်၊ အဏ္ဏဝါလှိုင်းနံ့ဝေ့ဝယ်၊ ကူးကာမြူးကာလူးလာ

ပြိုင်လို့ရယ်)[၂]

(လေဖွဲ့သုန်သုန်၊ နှင်းဖုံဖုံငွေယမုန် စီး-ရေညှိလယ် )[၂] ငါးတန်တွေ သောင်ခြေ ဦးမှာ မြူးတူးသောနွေလဝယ်. . .

(ဒေါင်းဖန်ဝါ ဟိုကမ်းသာရိပ်ဆွယ် ဂေါရာဆီ သက်ယွန်းပြိုမ့်ကွယ်)[၂] မိုးယံမြင့် မှာတဲ့ စန်းယုန်ပွင့်သာလျက်ကယ်၊ လင်းရောင်ဝေလွှမ်းရေထက်ဝယ်၊ ရွှေရည်လက်ကာ သာရယ်၊ မြူးမြူးပြက်ပြက် ရှက်ကွေးလိမ်ခွေနွယ်၊ မြုမှန်ငွေနှင်း သုန်သုန်ယှသွင်း တောင်လေညှင်းစဝယ်၊ လှေယာဉ်စီး ပိုက်ကြီးကို တံငါတွေရယ် မျှော မျှော မျှောကြတယ်။

နိုယီးလေးလှော်ကြ . . . . . . . (လှိုင်း)[၇] ထလို့ရယ်။

□

## ၂၇။ စာဆိုရှင်

ဆို - မြင့်မြင့်ခင်

သံသာချိုအေး နွဲ့ကာလဲတကယ်၊ ထံတျော ချိုတေးဖွဲ့ကာ ခွဲတယ်၊ ဂီတတွေ ညှကာရေးကာ၊ ကဗျာဉာဏ်ကြွယ်၊ စာဆိုရယ် ကြားရသူများဝယ် အသည်းနှလုံးရွှင်မြူး အောင်ကွယ်၊ မယ့်ကိုပဲ ဖွဲ့ဆောင်နိုင်လွန်းတယ်။

ချစ်ကြည်ညို ရင်ဖိုနွေးကာ ဘယ်လိုတွေးတွေး၊ ခင်မင်ရေးရယ် ဂီတသံသာကျူး စာဆိုမှုကို အထူးပင်ခွဲလမ်းဖွယ်။ သဒ္ဒါခုံရယ် ဖရဏာဟုန်ပီတိဇောဝယ် (နှစ်မြော ဖွယ်)[၂] သောတငြိမ့်လေးထံတျာ တေးဂီတတွေကို ရေးသီဆို ရွှေညြဖို့ ညောင်ညိုပင် ထက်ဝယ် ကြင်ဖော်ကို တမ်းတလေသည့်နှယ်၊ ခွန်းဆင့်တကြော်ကြော် မယ့်ကိုခေါ်နေ တာလား ဖို့မောင်ရယ်။

လေဟုန်မှာ ဝဲပျံ့တဲ့ (ချစ်တေးသံရယ်)[၂] ဖူးရွှေစာတမန် အောင်သွယ်၊ ရွှေ တောင်ပံဝဲတာလားကွယ်၊ ဒီဖို့မေခင့်ထံပါးဝယ်။

နို့ ဘယ်ခါ ယောင်မှားလို့ရယ်၊ ရောက်ပါမယ်၊ ဖို့မေစောင့်စားမိတယ် (ဂီတ)[၂] စာဆိုရှင်ကြီးရယ်။ ၊

( လေထဲကဖူးစာရှပ်ရှင်မှ )

□

## ၂၈။ မေတ္တာနှောင်ကြိုး

ဆို - တင်တင်ရွှေ
သန်းသန်းဆင့်

(မေတ္တာ နှောင်ကြိုးတဲလို့ ဆွဲဆောင်၊ အချစ်ကျော့ကွင်း တင်းတင်းကြီးမယ့်ကို ချည်နှောင် ရှောင်ရှန်းကာ မခွာနိုင်ပေါင် တာရှည်အမြဲ ကြာလေစွဲလောက်အောင်)
(ချော့ကာ၊ မော့ကာ၊ မာယာ ဉာဏ်နီနှောကာ သဘောရှိလား ထင်မိယောင် မနောဆိုးလား မေ့ရဲ့မောင်)

ပင့်ကူချည်မျှင်တန်းနှယ်၊ ရက်ကန်းသွယ် ဉာဘယ်မြောက်တောင်၊ ချစ်မေတ္တာကြိုးယှက်ကာ၊ ခန်းစက်ရာသဥ္စာရှိပ်မှောင်)၂

နှစ်ကိုယ်တွေ့ဝယ်မေ့ကာ မြောကာ၊ နွယ်လျှလျှရွှေရင်ဖိုအောင် တကယ်ပင်ယုံစားပုံမိတာများ မှားနဲ့ပြီထင် ထာဝစဉ်ကြွေလောင် သည်းရွှေဘဝင်ကျွမ်းမှု၊ တစ်ကိုယ်လုံးနွမ်းလျှ ဩော် ကြံ့ရမြဲကြာယံညောင် အသည်းစွဲမေတ္တာချစ်ကြိုးနှောင်။

□

## ၂၉။ မယ့်ကြာ

ဆို - မေနွဲ့

ဘယ်ရွှေကံကြမ္မာရယ်၊ မယ်ဆွေးရန် ဖန်တာလဲတဲ့ကွယ်၊ ချောင်းရေခွဲလို့ ဖော်ကွဲသူ ကိန္နရီပျိုနှယ်၊ ရွှေရင်ဘုံနှကို စုံထုဖွယ် လွမ်းရန်ဆင်တော့တယ်။

ရာဇဒဏ်ရှိန်ပြင်း၊ အချစ်ကိုခွင်းပေါ့ကွယ်၊ ပုပင်လယ်ပိုင်းပါလို့ မုန်တိုင်းသွယ်သွယ်၊ မယ့်ကိုရယ် သေစေညှန်းလေအားတယ်၊ မင်းခယောက်ျား ကမ်းနားသစ်ပင်၊ ချစ်လင်သယ် မောင်ရယ်၊ နတ်များဖန်လို့ရယ် ကုလာညီပဲမို့ကွယ် ဝေးပြီထင်ပါတယ်။

(စာဆိုတော်နေ့ မြဝတီစာရေးဆရာပြဇာတ်မှ)

□

## ၃၀။ ဆောင်းညဉ့်

ဆို - မေလှမြိုင်
လှလှတုး

ဆောင်းရဲ့ညဉ့်ယံ ပုံသဏ္ဍာန်သည်၊ လေပြည်ယူလွင့် နှင်းမှုန်ပွင့်နဲ့ ကုပင်ဝိုင်းကာ မှိုင်းပြာပြာဝယ်၊ သာနိုင်ပေစွ သော်တာလငယ်ကိုး၊ ကြယ်ပေါင်းရံလို့ ရောင်လျှံစို ငွေရည်ယို မယုံစက်ရာ ဆောင်ကြာယံဆီ၊ ရွှေချည်မှုင်ရွက် ကျကာသက်၍တိမ်လွှာထဲ ပုလဲမှုန်တို့ နှင်းတွေဝေလို့ ဝေ့ကာဝန်းကာ မျှော်လွှန်းရန်ကပို ရွှေရင်အုံထဲမှာ သည်းတုန်ကာချမ်းလို့ဖို့ မြူလွှာထည်နဲ့ မလုံပါပြီတဲ့ ထွေးပိုက်တော်မူပါလှဲ့ဆို၊ နတ်တော်ပြာသို ငွေနှင်းရည်စိုစို မြည်းလေချိုချို၊ မွေးပျံ့ကြိုင်သင်း ဇင်မင်းခွာညို၊ မပန်ဆင်ထိုက်သူဖို့၊ ချူပေးသူဝေးပူဆွေးနှောင်ပြီအစ်ကို။

❑

## ၃၁။ မှာလိုက်စမ်းပါရစေ

ဆို - မောင်တင်မောင်
ကြည်ကြည်ဌေး

မ။ ။ မှာလိုက်စမ်းပါရစေ၊ ဖို့ငယ်ကျွမ်းမယ့်သက်ဝေ၊ ပညာရှာရေးရယ်နဲ့ အဝေးနယ်ကို ကိုယ်သွားပေရော့လေ၊ လွမ်းပေမယ့် ရွှေညာသူမေ၊ မြေရစ်မယ်မောင်ရေ မောင်ရေ ချည်ရောင်စုံတန်းပါလို့ စက်ပန်းဇာကိုင်ကာသာနေ့၊ ရက်တွေတွက်ရေ မျက်ရည်ကလဲ ကြွေမှာပါပဲလေ၊ မှာလိုက်စမ်းပါရစေ၊ ဖို့ငယ်ကျွမ်းမယ့်သက်ဝေ။

အချစ်ဦးဖို့ကိုတော့ နှောင်ခါနှော် မေ့ကာမှား၊ မြို့ကြီးသူတွေနဲ့ ကြည်ဖြူမော့် မွေ့မှာလားလေ၊ ဦးနှော့ပုလို့သာနေ့၊ ရွှေရင်အသည်း ခွဲကာမျှအတူ ကြင်သူမဝေရက်ပါနဲ့လေ။

ကျား။ ဦးပါနဲ့မေ၊ ကမ္ဘာမြေ ကြေကာမြေ့တောင် မောင်မမေ့နိုင်သလေ။ ချစ်သူကြင်သက်ဝေ၊ နန်းနီဗျူကမ်း တူမသွေလှမ်းစို့လေ၊ ရွယ်မှန်းမျှော်ကိုး မောင့်အချစ်မိုးကစွေ ထာဝစဉ် မေတ္တာနှောင်ချွေ၊ ပတ္တနာစဉ်သစ္စာညောင်ရေ တစ်နာရီတောင်ပဲ၊ မောင်မခွဲခွာချင်သူဆွေ၊ မေ့ပါ မေ့ပါနိုင်ဘူး၊ ရွှေစေတီစူးစေတော့ ခင်ရေ။

(ဘေဝမ်းရုပ်ရှင် ချစ်သက်ဝေဇာတ်ကားမှ)

❑

## ၃၂။ ရွှင်ပြုံးချိုချို

ဆို - မောင်တင်မောင်
ကြည်ကြည်ဌေး

ကျား။ ။ရွှင်ပြုံးချိုချို အလိုလိုယဉ်တယ်၊ မျက်နှာတော်လေး ကြည်အေးမြသူရယ် သည်မောင် ချစ်တင်းနှောလို့ ပြော ပြောတော့မယ်၊ သက်ထားခင် နားဝင်မှာလား ကွယ်။

မ။ ။တန်ပါမောင်ရယ်၊ မယုံကြည်နိုင်ဖွယ်၊ ချစ်တယ်ဆိုသော်လည်း၊ ပြောင်းလဲသော ထိုအနိစ္စရယ် နှောင်ခါကျရင် ပျက်ပြယ်၊ ပို့မေခက်ပါလိမ့်မယ်၊ ရှိုနှိုပဲ ခင်ပါလားနော်ကွယ်။

ကျား။ ။အထင်တော်လွဲပါပေ့တကယ်၊ စေတီရှေ့မယ် ယုံပါတော့ကွယ်၊ နှစ်သက်ဆုံးမောင်ဖုန်းချစ်တာမပြယ်၊ သုံးသိန်းလေးလီမြံပါတွေထူး၊ ဆုစေတော့ကွယ် ပစ်မူ သက်ဝေရယ်. . .

မ။ ။ရှိုပါစေတော့သက်လယ်၊ သို့ပေမယ့်လို့ ကြောက်တယ်၊ ချစ်တယ် ကြိုက်တယ်ဆိုရာက သမုဒယနှောင်ကြိုးသွယ်၊ ဒုက္ခတရားရယ် မုချပွားမယ်၊ အေးအေးပဲ နေချင်ပါ သေးတယ်. . .

ကျား။ ။ဩော် . . . အဆိုးရိမ်လွန်ကဲ၊ ခင်လွဲပြီထင်ပါတယ်၊ စေတနာ နဂိုရင်း ရှင်းသန့်ပါတဲ့ ချစ်ခြင်းမေတ္တာရယ်၊ ဒုက္ခကင်းဝေးငြိမ်းအေးသော ချမ်းသာပွားစေမယ်.

မ။ ။ဘယ်လိုပဲ ပြောပြော၊ အနတ္တဖြစ်သော ဤခန္ဓာရယ်၊ ကိုယ်ပိုင်အမှန်မဟုတ်နာမ်ရုပ်ထိုတရားမို့ ဖောက်ပြားမှာပဲ စိတ်မှာစွဲတယ်၊ ဒို့ကွယ် ပြောရင်လဲ မကဲစေချင်ပါတယ်. . . မောင်ရယ်၊ ဩော် ငွတ်ပဲလား နော်ကွယ် ခက်ပါပြီကော ပြောမရ ဆိုမရ လွန်လွန်လှပါတယ်. . .

❑

## ၃၃။ လှိုင်းရေယာဉ်ဦး

ဆို - ကိုအောင်ဖုန်း
မောင်မောင်ညွန့်

နှမ်တုံမြင့်ချိ မြေမညီတဲ့လမ်း ကြမ်းပါဘိ ကန္တာမြိုင်လို့ ထိုဘဝတွေက်တာ၊ ပြင်းပြစွာသောခရီး၌ ဆွေမြိုက်တွေ ဒီးဒီးမျှ စီးကျကာ ကြွေဖြာစေခဲ့ရာ၊ တုန်ခြေပန်းပါလို့ မလှမ်းချင်လှမ်းချင်မှာ ဖြာစိမ်းကြည်လင်တဲ့ လှိုင်းရေယာဉ်ဦးကို ဖန်ကာ၊ ရပ်နားမှိုနိုလော့ ဆီးယူကြိုလက်ခံနေတာ၊ ချမ်းမြေ့တည်ငြိမ်စွာ၊ ကွေ့ဝိုက်ရေညီအဏ္ဏဝါ၊ သီတာမြစ်ဂီတ လျှင် မြစင်မြသား မြယားနိုလာ စိတ်ကူးယဉ်လေအေး ပက်ဖြန်းဆောင်ယူသွေးတော့ လိမ်ခွေယှက်ကွေး တွန့်ရေပြင်လွှာ၊ လူးလွန့်မြူးခုန်ကာသာ လှိုင်းလိမ့်လေးတွေညီညာ မပျံမြေသောင်ခြေကမ်းကို ပန်းဝင်လုကာ သံသာမြည်ကြွေးရှာ။

❑

## ၃၄။ လွမ်းဆေး

ဆို - မောင်မောင်ညွန့်

လွှမ်းတယ်လေ့ မျှော်၍ငယ်စေပင်၊ မိုးယံဝဝယ် လကိုမြင်. . . အဇရာ ကောင်းကင်၊ ရွှေအမွှန်ခြူသင်တိုင်းဆင် ကြက်ညီနောင် မောင်ရင်ဆိုင်းနဲ့၊ ဟသာကြွယ် ခြံရုံဝိုင်းတဲ့ တိမ်နယ်ကျယ်လှိုင်း။ မြူလွှာမှိုင်းလွှင်. . . သွယ်သွယ်မိုးသားကြူး၍ လေရူ ဆော်လှုံ့နှင် ရွှေရည်လှုပါတဲ့ ကြွေလူလူရော်မြန်းရွက်ကျင်၊ ဝေယျာဘွေ စစ်မြေလမ်း တွင် လွမ်းဘွယ်နှောင် တောတောင်ဆီးကာ ကန္တာရခြား ဒိမ်သူဆွေချစ်သက်ထားခင်၊ စောင့်စားကာမျှော်ရှာရောမယ်ထင်၊ တရေးရေးခုမြင် နေထိသည့်ကြာနှယ် သူ့ရုပ်သွင်။

❑

## ၃၅။ သည်ဆောင်းဟေမန်

သည်ဆောင်းဟေမန်. . . မြောက်ပြန်လေညင်း. . . ၊ ဆော်တယ်ကို နှတ်တော် ပြာသို၊ ခွာညိုတည့်နှင်းဖုံဖုံ။ ။

ရွှေဝတ်မှုန်၊ ငွေဝတ်မှုန်၊ သုန်သုန်လေယူလွှင့်လို့ မိုးတံဆင့်ပင်မြင့်ယံမှာ၊ စံပယ် ညီလာ၊ ထိပ်ခေါင်ပန်းမြတ်၊ သမ္ဘတဘုရင်၊ ငွေသဇင် ယဉ်နွဲ့ကာ၊ ဝေဟင်ဘုံနန်းဇာတိ၊ မြေမထိတော်ဝင်မာလာ၊ ဖြူဖွေးလှိုင်လှိုင်ဝင်းတဖန့်ဖန့်၊ ကြူမွှေးကြိုင် သင်းတပျံ့ပျံ့၊ နှင်းသန့်တဲ့မြိုင်မှာ၊ ခိုင်ညာနေ့ကာ၊ ယဉ်ကြောနိုင်လွှန်းကြရှာ။ ။

သွယ်သွယ်ညွတ်ကိုင်း၊ ရွှေကျိုင်းတလူလူသာ၊ ငွေသိုင်းတံခွန် ထူကာ၊ သံဖြူငွေရာဇမတ်ကာ၊ မင်းဘဏ္ဍာတော်-မှတ် ချေရေရာလုမ်း သည်ပန်းမြတ်ကို သာ၊ ပန်ဆင်ချင်သူမှာ၊ မှန်သီကြီစိန်စီနန်းမှာ၊ ဒလှမ်းကွာ၊ မနမ်းသာ၊ လ,ရာသီပြောင်း၊ မြောက်ပြန်လေလောင်း၊ သည်ဆောင်းဟေမန်ခါ။ ။

❑

## ၃၆။ မြန်မာ့တေးသံ

ကမ္ဘာမှာ မြန်မာသစ်၍၊ တစ်ခေတ်ပြန်ဆန်း၊ မျက်နှာပန်းပွင့်ခဲ့ပြီ လွတ်လပ်တဲ့ မျိုးဂုဏ်ရည်၊ စောင့်ရှောက်စေချင်ပါသည်။

ကိုယ်ပိုင်ယဉ်ကျေးခြင်း၊ မျိုးမည်သန့်ရှင်းရမည်၊ နိုးရာထုံးတမ်း၊ လမ်းစဉ်မှန် ဘောင်ခို့ မြန်မာ့မူမြန်မာ့ဟန်၊ မြန်မာ့မူပိုင်ဉာဏ်ရည်၊ (သုခုမပညာသည်၊ တိုးတက် ၍ဖို့နံခါမှ ဆန်းသစ်ရမည်)၂

ထံတျာတေရှင်၊ သင်နိုးစံပြ၊ သံစဉ်ကြည်၊ သည်စည်းဝါး အမျိုးသားဟန် မူမှန်တည်။

(ပင်ကိုယ်ဉာဏ်သံဆန်းပြီး၊ နည်းလမ်းထွင်စေချင်ပြီ)၂

မြန်မာပီပီသည်စည်းဝါး၊ အမျိုးသားဟန် မူမှန်သည် ချောင်းကိုပစ်၍ မြစ်ကိုရှာ၊ ရေသာများ၍ ငါးမတွေ့၊ ထုံးဓလေ့ဆိုလေသည်၊ လူမျိုးခြားထံ နည်းနာခံမှားကြမည်။

(လူမျိုးစစ်ဂုဏ်အင်ညီ၊ တိုးတက်၍ ရှာကြစည်၊ တီးမှုတ်သင့်ပြီ)၂

❑

## ၃၇။ မိုး

မြူဟန်နဲ့ ညှိမန်တော်ဖွဲ့ ပဇ္ဇုန်ဒေဝါရယ်၊ ရွာမယောင်ခုများနော်ကွယ်၊ အသနားကင်းလို့ ညည်းနိုင်လေအားတယ်၊ စက်ခန်းသာ ဆောင်နန်းလယ်၊ ဖော်မဲ့သူ့ရွှေအားငယ်။

နေ့စဉ်စောင့်ပါလို့ရယ် နေပေမယ့်ကွယ် ချစ်ဖော်မဲ့သူ့မို့ကွယ်၊ ခင်ရယ်ခက်တယ်၊ မြင်လာပါစမ်း၊ စေချင်ပြီကွယ်၊ အေးစိမ့်စိမ့်ချမ်း ရှာလွန်းသူမယ်။

လျှပ်ပန်းလျှပ်နွယ် ဝင့်ကာ တိမ်လွှာတလွင့်လွင့် လေယူလောင်းလို့ရယ်၊ ညှိပြာရီမှောင် ရင်ဖိုအောင် မြူလေသလားကွယ်၊ တစ်ကိုယ်ထဲ မနေရဲ သဲလဲပဲ သဲနိုင်ပါပေတယ်၊ ကုလားသူ့တေး တွေးလေလေနိုးကြောက်ဖွယ် မိုးနတ်ဒေဝါများရယ် သနားစိတ်နဲ့ တိတ်စမ်းပါကွယ်။ ။

❑

## ၃၈။ ချစ်ခွန်းဆက်တေးလွှာ

(ချစ်ခွန်းဆက်တေးလွှာမေရယ်၊ ရွှေနားတော်ဆင်ပါ၊ မြူးမြူးလေးယဉ်နွဲ့နွဲ့ ဆင်းသူဇာ၊ နေ့စဉ်မြင်ရလေသမျှ အလှရွှေမျက်နှာ၊ သန်းခေါင်ယံအိပ်မက်ထဲမှာ ညတိုင်းအမြဲ တဝဲလည်ကာ၊ ထိမလိုငြိမလို တူနှစ်ကိုယ်တွေ့ရလေတာ)[၂]

မြူသလို မြူခဲ့ပေရှာ၊ ငယ်ရှုပ်ငယ်သွေး၊ တစ်ဖက်သားငေးအောင် လှောင်သလိုလို ရှုရသူ ဘဝင်မှာဖိုကာ၊ ကမ္ဘာတွေ ပြောင်းသွား၊ မမေ့နိုင်ဘဲ စွဲနေပြီထင်လာ၊ ဘယ်နည်းနဲ့ပေါင်းရဖို့ရန်မကြံသာ၊ ခက်ခဲမဝံ့သူမှာ၊ ကြိမ်ကြိမ်ခါခါ မျှော်ရင်းနဲ့ မှိုင်လျက် ဖူးရွှေလက်တင်ကာ၊ တရေးရေးမြင်သူ့တွင်၊ သိစေချင်လွန်းတာ၊ ချစ်ခွန်းဆက်တေးလွှာ၊ မေရယ် မောင့်အား ကြင်နာသနားပါ။ ။

❑

## ၃၉။ ပြည်တော်သာသို့

ဂီတနက်သန်အဖွဲ့

နေရေးစားရေး ဝတ်ဆင်ရေးရာ ကျန်းမာပညာအမြာမြာ လုံလောက်စွာ လူမှုစံစားခွင့်တွေ သင့်တင့်မျှတသာတူညီညာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးမှာ ပဒေသာပေါက်လို့ ရွှေမိုးရွာ လိုရာရတဲ့ မြောက်ကျွန်းပမာ ရွှေပြည်တော်သာနာမံသညာ ခံယူကာကျော်ကြားပေတော့မှာ။

မြန်ကျော့

အရုံကြယ်ငါးပွင့်နဲ့သာ ဝင့်ကြွားနေတဲ့ ငွေတာရာ မိုးပြာပြာတိမ်ပြင်ထက်မှာ တဝင်းဝင်းတလက်လက်လေးနက်တည်ငြိမ်စွာ. . . ပြည်သူတို့ကို ရှေ့ဆောင်လို့ရယ် သယ်ပို့ညွှန်ပြ လောကနိဗ္ဗာန်ပြည်တော်သာရှိရာ (သည်လမ်းစဉ်ကိုသာ မျှော်မှန်းယုံကြည်စွာ ချီပါစို့ ငါတို့ပါဝင်ကာ)။

ဝိသတိရာစုခေတ်ဟာ ရာဇဝင်သစ်မှာ ဂုဏ်ယူနိုင်လောက်စရာ ထူးထူးဆန်းဆန်းမှတ်တမ်းတင်ဘို့ ငါတို့တစ်တွေတာဝန်ကျေစွာ ကိုယ်နဲ့ထိုက်တန်သန်ရာသန်ရာ။

ပြည်ထောင်စုတိုင်းရင်းဘွား တို့ညီနောင်များ အမျိုးသားစုံစွာ ညီညီညာညာ စိတ်ထဲမှာဖွဲ့အားခဲကြစမ်းပါ. . . မိမိ၏ကံကြမ္မာ ကိုယ်တိုင်ဖန်တီးခွင့်နဲ့ သင့်လျော်ညီသောမနောစေတနာ နေ့စဉ်ညစဉ်အာရုံပြု ရှေ့ရှုချီတက်ရာ . . . တို့နိုင်ငံတော်သာယာမှုလိုအင်ဆုနဲ့ မဝေးလှချိန်မှာ။

မြန်ကျော့

အရုံကြယ်ငါးပွင့်နဲ့သာ ဝင့်ကြွားနေတဲ့ ငွေတာရာ မိုးပြာပြာတိမ်ပြင်ထက်မှာ တဝင်းဝင်းတလက်လက်လေးနက်တည်ငြိမ်စွာ. . . ပြည်သူတို့ကို ရှေ့ဆောင်လို့ရယ် သယ်ပို့ညွှန်ပြ လောကနိဗ္ဗာန်ပြည်တော်သာရှိရာ (သည်လမ်းစဉ်ကိုသာ မျှော်မှန်းယုံကြည်စွာ ချီပါစို့ ငါတို့ပါဝင်ကာ)။

ဗလအားငါးတန်ရင့်သန်အောင် မှန်မှန်ကျင့်သုံးကာ နိုင်ငံတော်အစိုးရများကို အားပေးစို့ကွယ်ပြည်သူတွေပါ သယံဇာတ မြေတွင်းမြေပ လွှမ်းပေါလှတာ သဘာဝပစ္စည်း ရွှေသီးတဲ့ပြည်မှာ လုပ်အားသာ လိုတော့တာ လူတိုင်းရယ် ကြွယ်ဝကာ စိတ်အေးချမ်းသာ ကိုယ်ရေဝမ်းစာ အရာရာပြည့်စုံကုံလုံစရာ။

မြန်ကျော့

အရုံကြယ်ငါးပါးနဲ့သာ ဝင့်ကြွားနေတဲ့ ငွေတာရာ မိုးပြာပြာတိမ်ပြင်ထက်မှာ တဝင်းဝင်းတလက်လက်လေးနက်တည်ငြိမ်စွာ. . . ပြည်သူတို့ကို ရှေ့ဆောင်လို့ရယ် သယ်ပိုးညွှန်ပြ လောကနိဗ္ဗာန်ပြည်တော်သာရှိရာ (သည်လမ်းစဉ်ကိုသာ မျှော်မှန်း ယုံကြည်စွာ ချီပါစို့ ငါတို့ပါဝင်ကာ)။

□

## ၄၀။ သားရှုပေါင်းဆောင် ဇာတ်ဝင်တေး

မြန်းလေသွဲ့ နွဲ့ကာညင်း အေးအေးကြိုင်ကြိုင် မွှေးမွှေးလှိုင်လှိုင် နိုင်နိုင်သင်း မြိုင်မြိုင်ဝင်း စပယ်နှင်းဆီစံပီ နွယ်သာကီ ဖူးငုံလို့ ဝတ်မှုန်စီစီ မာလာမြိုင်နန်း ပန်းစုံ ဆန်းကြသည်။

ပျိုမေဒူးဆွတ်လို့သာလှမ်း၊ စိန္တေယျာမှာ လျှာခါန်းဖို့ရည် ဘယ်ပဌာနာ ဆင်မြန်း ရမည်၊ နှစ်ပြာရေစက်ကယ် ဆုံချင်သည်၊ ဥဏှာလုံရွှေဖူးစာ ဂယောကူးကာ ချစ်သူမောင် နဲ့အတည်၊ ပေါင်းရစေ ဆုထူးချွေတော့မည်။

□


## ၄၁။ ဟန်

( လွတ်လပ်သောလူမျိုးတိုင်းထံ တည်ရှိအပ်သောယဉ်ကျေးခြင်းအမှန် ကိုယ်ပိုင်အကြဲ ကိုယ်ပိုင်ဉာဏ် ဂီတမှာလည်း ကိုယ်ပိုင်သီးခြားဟန် )[၂]
အများ ( မြန်မာများ တေးဆိုကြွားကာ အနိုင်နိုင်ငံ ဒါပဲ တို့ လူမျိုးအသံ ဂုဏ်ယူရန်)[၂]


□□□

(ဂီတနက်သန်ကိုစောညိန်းရေးခဲ့သော သီချင်းပုဒ်ရေ ၅၀ကျော် ၆၀ခန့်ရှိမည်ဟု သိရပါသည်။ သို့ရာတွင် ရှာဖွေရရှိသမျှကိုသာ ဤတွင်ဖော်ပြလိုက်ရပါသည်။)


''ဂီတနတ်သန် ကိုစောညိန်း၏ သီချင်းလက်ရေးစုများ''




ချစ်တဲ့သူ ကြီးပွားတာ. . . အစချီ သီချင်း
ကိုစောညိန်း၏ လက်ရေးမူ




ဖြေနိုင်ပေါင်တဲ့ကွယ်. . . အစချီ သီချင်း
ကိုစောညိန်း၏ လက်ရေးမူ




သပြေရွက်ရေသီချင်း ကိုစောညိန်း၏ လက်ရေးမူ



စံပယ်သီချင်း ကိုဇော်ညိန်း၏ လက်ရေးမူ



ချစ်ပြုံးနှင်းဆီသီချင်း ကိုဇော်ညိမ်း၏ လက်ရေးမူ




ဝဏ္ဏပဘာ


အသုံးအာကျော့ယူ ရေအိုဝယ် ရေကောင်ဖြစ်ရဲ့ ပဏ္ဏာ တား
ကေရိဘုရင် ဆိပ်ဖေ့ဒေါင်တပါးနှယ်၊ အရုပ်ထား ထယ်ဝါပါပေ့ကွယ်။
မျက်နှာတော်ရွှေက အင်း၊ လမင်းထင်ရ ပင်တိုင်တော်
ဆောင်လယ်မှ ဝဏ္ဏပဘာမယ်၊ နွယ်သွယ်ကြွရုံဖြိုး တကကိုင်ညှိုးဖြယ်
ဝဏ္ဏာရယ်၊ ကျီးကြွေကာ ဖြေမှာစံသို့၊ ဆံ့ဖြေပြောင်ဆိုက်ဝင်း
အယဝင်း လျှပ်နှယ်၊ ငြိုးညီမှိုင်ဆဲ သဘော့ယျ ခွဲ့ဆုံသဲ့ထင်တယ်
ဝေသဝတီမှ၊ ကိုယ်ထင်လာ ပြစောလသလား ကွယ်၊ အလှကောင်ဖြိုးဆယ်
သရီယပဘာ ကလျာဝဏ္ဏ အင်းသွင်ကြန်ကင်ဝယ်၊ ရွှေပေးနှံ
တာဟကွန်းတင်ဆိုက်သုံ့ရယ်။

ဖြူဖြာ နှယာ စုံကြွယ် (ချစ်ချစ်မဝဏ္ဏပဘာမယ်)
အင်း သိင်္ဂီ ဓမ္မတေး ရယ်၊ မို့ .. ဖြင်ရှုမျှား၊ ကလိုထင်ယောင်မှား
ရေ့ရှက်နွယ်လား ကွယ်၊ ရှုံးကြာညို သဇင်သွားငယ်၊ ရင်မှို့ကောင်
မှုဘိုင်အား ကြာတယ် သွန်းထားတသားရွှေစင် ဥပ်သွင်နှယ်။


ဝဏ္ဏပဘာသီချင်း ကိုစောညိန်း၏ လက်ရေးမူ



အရှက်သီချင်း ကိုစောညိန်း၏ လက်ရေးမူ




လွမ်းဓလေ့သီချင်း ကိုစောညိန်း၏ လက်ရေးမူ



သားရွှေဒေါင်းတောင်ဇာတ်ဝင်တေး ကိုစောညိန်း၏ လက်ရေးမူ

## ''ဂီတနတ်သန် ကိုစောညိန်းသို့ ငွေရတုဂုဏ်ပြုတေး''

ရေး - ရန်နိုင်ဆွေ
ဆို - ရိုရိုဝင်း

( နိုးနှင့်မလန်း . . . နှင်းငွေရည် ဖျန်းမှရှင် . . . သဇင်သင်းတဲ့ဓါသမယသည် . . . ဆယ့်နှစ်ရာသီမည်မှတ်ခေါ်ကြ . . . နတ်တော်လ ဘောင်ဆီ . . . သော်တာ့ရောင်ခြည် . . . )၂

ချမ်းမြမြဆောင်း . . . ဆောင်းရာသီ . . . ဆောင်းရာသီ . . . (ပြောင်းလာပြီဆိုမှဖြင့်)၂ အအေးဓာတ်သဘာဝစည် . . . သို့တစေမူ "မြန်စာပြန်"တွေ ရင်ဝယ်နွေး . . . မအေးတတ်ပါကြသည် . . . စာပေ့အသည်းနဲ့(အပွဲပွဲ)၂ နွဲ့လာကြပြီ။

(သံပြိုင်) (ရှေ့စာဆိုတော်ကြီးများကို (ဂုဏ်ပြုခဲ့ပါသည်)၂ ပုဇာစ ပုဇနေယျာနံ . . . စောန်ပြုရာမည်)၂ သမိုင်းမှတ်တိုင်အလီလီ . . . မြန်စာပြန်နေ့ဒ် စိုက်ထူခဲ့ပါသည်။

(အစဉ်အလာတစ်ခု. . . ပညာအနု . . . မင်္ဂလာအမှုယခုပြုမြြန်ပါသည်. . ပန်းမျိုးတစ်ရာဖူးပွင့်လာကြပြီ . . . ဂီတနက်သန်တေး . . . ရေးဖွဲ့သူရဲ့အမည် . . . တေးလောက ကျော်ဟိန်း . . . ကိုစောညိန်း ဖြစ်ပါတော့သည်)၂ . . .

(အမျိုးသားဟန် အမျိုးသားမာန် . . . နိုးကြားတဲ့အသံစလဲ (ဂီတနက်သန်)၄)၂ . . . (တွေးလို့အမှန် . . . ဆွေးဖို့မှန်လေပြီ)၂ နှမြောစရာအရေးမို့ မှိုင်ကာမကြည် . . . သောကမအေးနိုင်ပြီ . . . နပျိုငယ်ရွယ် ကိုစောညိန်း . . . ဇာတ်သိမ်းရရှာ . . . ထိန်းကာမြေလဲမဆည် . . .

(သံပြိုင်) ရှေ့စာဆိုတော် . . . စိုက်ထူခဲ့ပါသည်။

❑

## ''ဒိတနတ်သံနှင့် ကိုစောညိန်း၏ ငွေရတုသဘင် ကျင်းပခဲ့စဉ်က''

ကြည်ဦး

ကျွန်ုပ် ကြီးပြင်းလာရသောခေတ်သည် ကိုလံဘီယာဓာတ်ပြားများ စီးပွားရေးအရ အောင်မြင်နေသောခေတ်ဖြစ်ပါ၍ ကိုလံဘီယာအဆိုတော်များ ဖြစ်ကြသည့် ဒေါ်ကြည်အောင်၊ ဒေါ်မန္တလာမြင့်၊ ဒေါ်စိန်ပါတီ၊ ဒေါ်အေးမိစသော အဆိုတော်များ၏ သီချင်းတို့နှင့်သာ နားယဉ်ခဲ့ပါ၏။ အမျိုးသားအဆိုတော်များဆိုပါလျှင်လည်း ဦးစိန်မောင်၊ ဥက္ကာဘသောင်း၊ ရတနာ့ပုံမောင်စု၊ သထုံဘသိန်း စသော၊ အသံလုံးကြီးကြီးနှင့် အော်နိုင်ဟစ်နိုင်ကြသည့် အဆိုတော်များ၏အသံကို နားစွဲကာ နှစ်သက်ခဲ့ပါ၏။ ထိုခေတ်ကား ၁၉၃၀ - ၃၅ ခုနှစ်လောက် ဖြစ်ပါလိမ့်မည်။

၁၉၄၈ - ၄၉ ခုနှစ်၏ ခေတ်ဝန်းကျင်၊ မြန်မာ့အသံမှ ကာလပေါ် သီချင်းများကို ထုတ်လွှင့်ပေးသောအခါ၌မူ ရှေးကနှင့်မတူ တစ်မူကွဲပြားကာ လိုင်းသစ်ထွင် သီဆိုလာသည့် "ဆန်းသစ်စ" ဟူသော အပျော်တမ်းအဖွဲ့မှ "ဝသန်ခါဦး" သီချင်းကို နားသောတဆင်သူများက အာရုံပြုမိလာသည်။ ထို့နောက်လည်း ၎င်းအဖွဲ့မှပင် ဆက်ကာ "ငွေဝန်းသော်တာ၊ ဆောင်းနတ်မယ်၊ နွေဦး" စသည့်သီချင်းများကို ကြားလာရသည်။ ၎င်းသီချင်းများကို နားစွဲပါသည်ဟု ဆိုသော်လည်း လိုက်ဆို၍တော့မရ၊ အော်ဟစ်ဆို၍လည်းမရ၊ အဟန့်၊ အဖြတ်၊ အထေ့၊ အငေါ့စသည့် အသံကလေးများဖြင့် ခံစားချက်တစ်ခုခုကို ပြောပြနေသလားဟု ထင်မှတ်မှားလောက်အောင်ပင် နားထောင်နေရသူများ၏ရင်မှာ လှိုက်ဖိုလာသည်ဟု ပြောရပါမည်။ သို့သော် သီချင်းကိုသာ စွဲလမ်းနှစ်သက်နေကြရပါသော်လည်း ၎င်းသီချင်းများကို မည်သူကဆိုသည်၊ မည်သူကရေးသည်ဟု မှတ်မှတ်သားသား အာရုံထားမိသူများက နည်းပါးလှပါသည်။

၁၉၅၀ ခုနှစ် မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးမှ နတ်ရှင်နောင်ပြဇာတ်ကို ကာဒွေးရုံ၌ ကပြသောအခါသို့ရောက်မှ စာရေးဆရာပြဇာတ်များကို စဉ်ဆက်မပြတ် ကြည့်လာခဲ့သော ကျွန်ုပ်အတွက် နတ်ရှင်နောင်ပြဇာတ်ကို ကြည့်ရကျိုးနပ်စွာဖြင့် ပီတိများစွာခံစားလိုက်ရပါတော့၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်နှစ်သက်စွာဖြင့် ထာဝရဆိုညည်းနေခဲ့ပါသော သီချင်းများ၏သခင် စာဆိုရှင်သည် ဆရာကိုစောညိန်း ဖြစ်သည်ဟု သိလိုက်ရသောကြောင့်ဖြစ်ပါ၏။ ကိုစောညိန်းသည် နတ်ရှင်နောင်ပြဇာတ်အတွက် "နွေနှောင်းဝသန်" သီချင်းကို ရေးပေးသည်။ သို့သော် နတ်ရှင်နောင်လုပ်ရသည့် ဦးချင်းစိန်(ရွှေညာမောင်)အနေဖြင့် နွေနှောင်းဝသန်ကို အမှီကိုက်အောင် မဆို

နိုင်သဖြင့် မဆိုတော့ဟု ပယ်လိုက်၏။ ထိုအခါ ကိုစောညိန်းမှာလည်း အလွန်စိတ်ပျက်သွားသည်။ ထိုအခါ ဆရာသုခက နွေနှောင်းဝသန်ကို ဆိုချင်စိတ်ပေါ်လာသည်။ ကိုစောညိန်းလိုချင်သည့်အသံကို ရအောင်ဆိုပေးမည်ဟုဆိုလာသောအခါ ကိုစောညိန်း အလွန်ဝမ်းသာသွားသည်။

(ကိုစောညိန်းအစ်မကြီး၏သမီး မထားထားရီက ကိုစောညိန်းနှင့်ပတ်သက်ပြီး ကျွန်မကို ပြောပြခဲ့ဖူးသည်မှာ "ဦးလေးညိန်းက သူ့သီချင်းကို ဆရာသုခဆိုမယ်လို့သိရတော့ သိပ်ဝမ်းသာတာပဲဆိုတာကို ခဏခဏပြောတယ်လို့ ကျွန်မကို မေမေက ပြောပြဖူးတယ်" ဟု အမှတ်တရ ပြောပြသည်။ မထားထားရီမှာ ဦးလေးကိုစောညိန်းအောက် ကိုလှဝေဟူသော ဦးလေးတစ်ယောက်ရှိသေးသည်။ ကိုစောညိန်းနှင့် ကိုယ်လုံးကိုယ်ဟန် ရော မျက်နှာပါအလွန်တူသည်။)

နတ်ရှင်နောင်ပြဇာတ်မှာ ဆရာသုခက နတ်ရှင်နောင်အပေါ် အလွန်သံယောဇဉ်ကြီးသည့် တပည့်ရင်း(လက်စွဲတော်)ဖြစ်သည်။ နတ်ရှင်နောင်ကို ဇေယျကျော်တို့က လာရောက်တိုက်ခိုက်ပြီးလျှင် သန်လျင်သို့ ဖမ်းဆီးခေါ်ဆောင်သွားသောအခါ ဇာတ်စင်ပေါ်၏ရှုခင်းသည် နေလုံးကြီးကွယ်လုဆဲဆဲ၊ လွမ်းဆွတ်စဖွယ် မှုန်မှိုင်းမှိုင်းဖြစ်လျက်ရှိစဉ် တောင်ငူ(ကေတုမတီနန်း)တွင် ကျန်ရစ်ခဲ့ရသည့် လက်စွဲတော်(ဆရာသုခ)က လွမ်းလွမ်းဆွတ်ဆွတ်ဖြင့် သူ့အရှင်သခင်အား လွမ်းတ၊ မှန်းဆကာ "နွေနှောင်းဝသန်" သီချင်းကို ဆိုရသည်။ သီချင်းဆုံးသည်နှင့် ပြည်ဖုံးကားလိပ်ကို ဖြန့်ချလိုက်လျှင် ပရိသတ်များအားလုံး ရင်မှာ ခိုက်သွားရတော့၏။ နွေနှောင်းဝသန်၏သခင်သည်လည်း "ကိုစောညိန်း . . . ကိုစောညိန်း . . ." နှင့် နာမည်ကြီးသွားတော့၏။ လူတိုင်း၏နှုတ် ဖျားတွင်လည်း "စိန်မြေဖုံကြွ၊ ကြာညောင်သစ္စာ၊ ပန်းကြွတဲ့မဲစက်ရာမှာ၊ မယ့်ကိုယ်စား မွှေးမြလေသလား . . ." ဟူသော လှပလွန်းသည့် စာပိုဒ်ကလေးသည်လည်း သီးလျက် ရှိနေကြတော့၏။ ထို့နောက် မကြာခင် ဂီတနက်သန်အဖွဲ့မှ နွေနှောင်းဝသန်ကို ဆရာသုခသီဆို၍ အသံလွှင့်သောအခါမှာ ပို၍ကျော်ကြားလာတော့၏။ ဤသီချင်းကို ဓာတ်ပြားသွင်းပြီးလျှင် မကြာခဏထုတ်လွှင့်သောကြောင့်လည်း နွေနှောင်းဝသန်သည် အလွန်ကျော်ကြား လူသိများသောသီချင်းတစ်ပုဒ် ဖြစ်လာရလေသည်။ ဤကား ကိုစောညိန်း၏ လိုင်းသစ်တီထွင်လိုက်သောဘဝတွင် နိဒါန်းအစ ဖြစ်ပါလေ၏။

❑

ဤသို့ဖြင့် ကိုစောညိန်းသည် ကာတွန်းဆရာ၊ ပန်းချီဆရာကလေးဘဝ၊ သမာဓိ သတင်းစာတွင် သတင်းစာဆရာဘဝ၊ ပြဇာတ်များတွင် သရုပ်ဆောင်လုပ်ခဲ့သူ ကိုစောနိုင်၏ဘဝ၊ ဖက်ဆစ်တော်လှန်ရေးတွင် ဒေးဒရဲ၌ သိုင်းဆရာလေးဘဝ၊ မရဏာမောင်းသံ ဟူသောဝတ္ထုဖြင့် သိပ္ပံပညာကို ဖော်ထုတ်ရေးစမ်းခဲ့သည့် သိပ္ပံစာရေးဆရာဘဝ စသည်များအပြင်၊ မြန်မာ့ဂီတနယ်ပယ်တွင် လှေကြီးထိုးထိုးရိုးရိုးဟူသော အလိုက်စာဆိုမဟုတ်ဘဲ၊ မြန်မာမှု မြန်မာဟန်မပျက်၊ ဆန်းသစ်သော တေးသွား စာသားများဖြင့် အထွင်စာဆိုအဖြစ် ပညာရှင်များ၏သတ်မှတ်ယူဆခြင်းကို ကိုစောညိန်းခံယူခဲ့ရလေသည်။ ပြည်ထောင်စုခေတ်တွင် တစ်ခေတ်မှာတစ်ယောက် ပေါ်ပေါက်ထင်ရှားလာသည့် အနုပညာရှင်လူငယ်တစ်ဦးဖြစ်သည်ဟု ကိုစောညိန်းကို သတ်မှတ်လာကြသည်။

ထိုအခါ နှောင်းခေတ်ပညာရှင်ကြီးများဖြစ်ကြသည့် လယ်တီပဏ္ဍိတ၊ ဒီးဒုတ် ဦးဘချို၊ ပီမိုးနင်း၊ ဦးဖိုးကျား၊ သတင်းစာဆရာဦးသိမ်းမောင်၊ မဟာဆွေစသော စာပေပညာရှင်ကြီးများနှင့် ဇာတ်သဘင်၊ ဂီတအနုပညာရှင်ကြီးများဖြစ်ကြသည့် ရွှေစားကြီး စိန်ဗေဒါ၊ နန်းတော်ရှေ့ဆရာတင်၊ ရွှေတိုင်ညွန့်၊ မဟာဂီတဦးမြူ့ခို၊ ဘုရားဒကာဦးဘိုးစိန်စသည့် ပုဂ္ဂိုလ်ကြီးများအား ဂုဏ်ပြုပွဲအခမ်းအနားများ ကျင်းပခဲ့ခြင်းနှင့် အမှတ်တရ ဂုဏ်ပြုရေးသားထားသည့် စာအုပ်များကို ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းက "ဂီတနက်သန် ကိုစောညိန်း" အတွက် ဂုဏ်ပြုအခမ်းအနားကျင်းပခြင်းနှင့် အထိမ်းအမှတ်စာအုပ်ထုတ်ဝေခြင်းများပြုလုပ်ရန်ကို ညှိနှိုင်းတိုင်ပင်ကြသည်။

ထိုအခါ ကိုစောညိန်းသည် ပြည်ထောင်စုခေတ်တွင်မှ ပေါ်ပေါက်လာသည့် လူငယ်တစ်ဦးဖြစ်သောကြောင့် ဂုဏ်ပြုထိုက်သည် မထိုက်သည်ကို စဉ်းစားပါဟူသော ဝိဝါဒတစ်ရပ်သည် အမှုဆောင်များအတွင်း၌ ပေါ်ပေါက်လာလေသည်။ ထို့ကြောင့် ဤကိစ္စကို ထပ်မံဆွေးနွေးခြင်းမပြုတော့ဘဲ ယာယီအားဖြင့် ဆိုင်းငံ့ထားလိုက်ကြသည်။ (၁၉၅၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း (မြန်စာပြန့်သင်း)တွင် ကျွန်မသည် စတင်တည်ထောင်သူအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။ မြန်စာပြန့်သင်းသည် စာပေဝါသနာရှင်များအတွက် အဓိကထား၍ ဖွဲ့စည်းခဲ့သည်ဖြစ်သောကြောင့် အသင်းဝင်များပြားခဲ့သည်။ အမှုဆောင်များသည် တစ်လလျှင်တစ်ကြိမ် အမှုဆောင်များ၏အိမ်သို့ အလှည့်ကျ ဖိတ်ခေါ်ကာ စည်းဝေးခဲ့သည်။ ထို့ကြောင့် လအနည်းငယ်ကြာသွားလျှင် ခေတ္တဆိုင်းငံ့ထားခဲ့သည့် ကိုစောညိန်းကိစ္စကို ဆွေးနွေးကြပြန်သည်။ ထိုအခါ မြန်စာပြန့်သင်း၏ဥက္ကဋ္ဌဖြစ်သည့် ဆရာရန်အောင်က "ကိုစောညိန်းဂုဏ်ပြုပွဲကို အောင်မြင်ပြီးမြောက်သည်အထိ ဆောင်ရွက်ပါ"ဟု အဆုံး

အဖြတ် ပေးလိုက်၏။ ထို့ကြောင့် (၂၂. ၁၂. ၇၉)ရက်နေ့တွင် ရန်ကုန်မြို့၊ ဂန္ဓီခန်းမ ဆောင်ကြီး၌ ဂီတနက်သန် ကိုစောညိန်း ဂုဏ်ပြုပွဲကြီးကို ကျင်းပမည်ဟု အမှုဆောင်များ အားလုံး အင်တိုက် အားတိုက် လှုပ်ရှားကြရတော့သည်။

ဂုဏ်ပြုပွဲအတွက် ကုန်ကျစရိတ်ကို ပထမဆုံးဆွေးနွေးကြသောအခါ ကိုစော ညိန်း၏စာပေဂီတအနုပညာရပ်စသည်များကို စုဆောင်း၍ စာအုပ်ထုတ်မည်။ ထိုစာ အုပ်မှရရှိမည့် ဉာဏ်ပူဇော်ခငွေနှင့် စာပေနယ်ရှိ ရင်းနှီးသောပုဂ္ဂိုလ်များထံမှ ငွေအလှူခံ မည်ဟု ဆုံးဖြတ်ကြသည်။ ထိုအခါ ကိုစောညိန်း၏ဂုဏ်ပြုစာအုပ်ကို ထုတ်ဝေပေးမည့် (နှလုံးလှ)ပုံနှိပ်တိုက်ဦးချစ်အောင်က စာမူခကို ဆယ်ရာခိုင်နှုန်းပေးသည်။ စာအုပ်က ရှစ်ကျပ်တန်ဖြစ်၍ ငွေရှစ်ရာရမည်။ ထိုငွေဖြင့် မ, တည်ကာ အမှုဆောင်များ တာဝန်ခွဲ ယူကြရမည်။ အမျိုးသမီးအဆိုတော်များ ဂုဏ်ပြုပွဲနေ့တွင် ကိုစောညိန်း၏သီချင်းတစ်ပုဒ် စီကို သီဆိုပေးနိုင်ရန်အတွက်တာဝန်ကို ကျွန်မက ယူရမည်။ ထိုတာဝန်အတွက် ကျွန်မ ပင်ပန်းမှု မရှိလှပါ။ ကျွန်မနှင့် ရင်းနှီးခင်မင်မှုရှိသည့် ရီရီသန့်၊ ရီရီဝင်း(ကွယ်လွန် သူ)နှင့် မအေးမြင့်၊ ထား၊ မူမူခင် စသူတို့က စိတ်ပါဝင်စားစွာဖြင့် ကူညီပါမည်ဟု ကတိပေးကြသည်။ ထိုအခါ ကိုစောညိန်း၏ သီချင်းများအနက်မှ မည်သည့်အဆိုတော် က မည်သည့်သီချင်းကို ဆိုပါမည်နည်းဟု ကာယကံရှင်များကို ကျွန်မမေးရပါသည်။ သီချင်းထပ်နေမည်စိုးသောကြောင့် ဖြစ်လေသည်။

ထိုအခါ ရီရီသန့်က မြနှင်း၊ ထားက ဆည်းဆာ၊ မူမူခင်က ဆည်းဆာသီကြီး၊ မအေးမြင့်က မိုး၊ ရီရီဝင်းက ဆရာရန်နိုင်ဆွေရေးစပ်သည့် ကိုစောညိန်းသို့ဟူသော ဂုဏ်ပြုသီချင်းနှင့် အခမ်းအနားကို ဖွင့်လှစ်ရန်ဟု အစီအစဉ်ရေးဆွဲလိုက်သည်။ အမျိုး သားအဆိုတော်က မောင်မောင်ညွန့်နှင့် ရေနံ့သာစိုးလှိုင်တို့ဖြစ်သည်။ မောင်မောင်ညွန့် က ပွင့်ဦးနှင့် မိုးသက်လေနှင်၊ နွေနှောင်းဝသန်၊ တို့ကိုဆိုမည်။ ကိုစိုးလှိုင်က သူအသံနှင့် အလွန်လိုက်ဖက်သည့် ငွေဝန်းသော်တာ၊ ချစ်ပြုနှင်းဆီတို့ကို ဆိုမည်။ မူမူခင်နှင့်တွဲ၍ မှာလိုက်စမ်းပါရစေ စုံတွဲသီချင်းတို့ကိုလည်း ဆိုမည်ဟု စာရင်းပေးကြသည်။ ကိုစိုးလှိုင် သည် ထိုရက်များအတွင်း ကိုစောညိန်း၏ဂုဏ်ပြုပွဲနှင့်ပတ်သက်၍ သူတတ်နိုင်သမျှ ကူညီမည်ဟု ရန်ကုန်သို့ရောက်လာသည်။ ကျွန်မတို့အိမ်မှာ တစ်ပတ်လောက်တည်းခို ကာ သူမှာပါလာသည့် မယ်ဒလင်နှင့် သီချင်းများ တိုက်ကြဆိုကြသည်မှာ ယခုပြန်၍ တွေးကြည့်လိုက်လျှင် ကြည်နူးဖွယ်ရာကောင်းလှပါသည်။

တီးဝိုင်းအဖွဲ့ကိုမူ စာပြန့်သင်း၏အတွင်းရေးမှူးက တာဝန်ယူလိုက်သောကြောင့် ဂီတနက်သန် ကိုအုန်းလွင်က ဂီတာ၊ ဆရာရန်နိုင်ဆွေက တယော၊ ရေနံ့သာစိုးလှိုင်က

မယ်ဒလင်၊ ကိုမင်းကြည်(ပန်တျာက)စောင်း စသည်ဖြင့် မြိုင်ဆိုင်ပြည့်စုံသွားရလေပြီ။ အားရဝမ်းမြောက်မှုကို အမှုဆောင်အားလုံး အညီအမျှ ခံစားလိုက်ကြရသောအတွေ့ အကြုံများပင် ဖြစ်ပါလေ၏။

□

ဤသို့ဖြင့် ကိုစောညိန်း၏ငွေရတုသဘင်ဂုဏ်ပြုပွဲကြီးကျင်းပမည့်နေ့သို့ ရောက်လာလေပြီ။ ခန်းမနှင့်အပြည့် ပရိသတ်ကြီးကလည်း ဟီးထနေအောင် များပြားလှသည်။ ပရိသတ်သည် ခန်းမမှာ ပြည့်လျှံနေသောကြောင့် အချို့က လှေကားထစ်များတွင် နေရာယူသည်။ အချို့က မိုးတိုးမတ်တတ်၊ အချို့က အသံကို ကြားရလျှင်ပဲ တော်ပါပြီဟု သုံးထပ်ဆောင်ခန်းမကြီး၏ အောက်မြေလမ်း, ပလက်ဖောင်းများအပေါ်မှာပင် တိုးတိုးဝေ့ဝေ့ဖြင့် ရှိနေကြသည်။ ကျွန်မမှာလည်း အမျိုးသမီးအဆိုတော်များကို နေရာပေးထားသည့်အဆောင်မှာ လိုအပ်သည်များကို အကူအညီပေးရန်အတွက် အသင့်အနေအထားဖြင့် စောင့်ကြပ်နေရသည်။ တီးဝိုင်းကလည်း အဆင်သင့်ဖြစ်နေပြီ။ အခမ်းအနားကို နေ့လယ်တစ်နာရီမှ ညနေငါးနာရီအထိဟု သတင်းစာတွေမှာ ကြေညာထားသည်။ သို့သော် ပရိသတ်ကြီးက ဆယ့်နှစ်နာရီကတည်းက တဖွဲဖွဲရောက်လာနေကြပြီ။ ထိုအခါ ကျွန်မတို့ အမှုဆောင်များ၏ရင်တွင်း၌မူ "ငေါင်းဆူလှုမသိ" ဟူသကဲ့သို့ သောကမီးတွေ တောက်လောင်လျက်ရှိနေကြလေပြီ။ အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အသီးအသီးသက်ပြင်းများလည်း ချကုန်ကြပြီ။ ပြတင်းပေါက်များမှနေ၍ ဟို . . . အဝေးလမ်းပေါ်သို့ မျှော်သူကလည်း မျှော်နေကြလေပြီ။

အဘယ့်ကြောင့်ဆိုသော် ဤဂုဏ်ပြုပွဲကြီးကျင်းပခွင့်ပြုပါရန်ကို သက်ဆိုင်ရာ ကျောက်တံတားနယ်မြေ မြို့နယ်ကောင်စီရုံးသို့ တင်ထားသည်မှာ တစ်ပတ်ပင်ကျော်သွားလေပြီ။ သို့သော် ခွင့်ပြုအမိန့်က ယခုထက်တိုင် ရောက်မလာသေးသောကြောင့် အခမ်းအနားကြီး၏သဘာပတိဖြစ်သူ ဆရာကြီးမာယနှင့် အသင်း၏အတွင်းရေးမှူးတို့ မြို့နယ်ကောင်စီရုံးသို့ လိုက်သွားကြရာမှ ပြန်မရောက်လာကြသေးသောကြောင့်ဖြစ်သည်။ အချိန်က တစ်နာရီထိုးရန် မိနစ်နှစ်ဆယ်သာကျန်တော့သည်။ ခက်တာပဲ ဘာဆက်လုပ်ရမလဲဟူသော အတွေးများသည် အမှုဆောင်အားလုံး၏ရင်ကို ဖိစီးနေကြလေပြီ။ ထိုအချိန်မှာပဲ "ဟော . . . လာပြီ . . . လာကြပြီ . . . " ဟု ကြားလိုက်ရ

သည်။ တစ်နာရီထိုးလေပြီ။ အခမ်းအနားစပါတော့မည်။

အခမ်းအနားမှူးတာဝန်ကို ယူထားသည့် အသင်း၏အတွင်းရေးမှူးအသံသည် မောဟိုက်တုန်ခါစွာဖြင့် မိုက်ခွက်မှတစ်ဆင့် လွင့်ပြန့်လာ၏။

"ကိုစောညိန်းရဲ့ ငွေရတုဂုဏ်ပြုအခမ်းအနားကြီးကို ဆရာရန်နိုင်ဆွေသိကုံးပြီး အဆိုတော်ရီရီဝင်း သီဆိုမယ့် ကိုစောညိန်းဂုဏ်ပြုသီချင်းနဲ့ ဖွင့်လှစ်ပါ့မယ်၊ ဒီကနေ့ ဂုဏ်ပြုပွဲကြီးရဲ့ သဘာပတိက ဆရာကြီးမာယဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ဒီကနေ့ ကျင်းပဘို့အတွက် ခွင့်ပြုမိန့်မကျသေးတာကြောင့် ဆိုင်ရာအဖွဲ့အစည်းတွေကို လိုက်နေရပါတယ်၊ ခုတော့ အမိန့်ရလာပါပြီ ကျွန်တော်တို့လည်း မောလာကြပါပြီ စကားများများ မပြောနိုင်တော့ပါ. . ."

ဟု ပြောပြီးလျှင် အခမ်းအနားကို ဖွင့်လိုက်သည်။ ထို့နောက် သဘာပတိကြီး၏ ကိုစောညိန်းဂုဏ်ပြုပွဲကြီးကို ဘာ့ကြောင့်ကျင်းပပြုလုပ်ရသည်ဟူသော အချက်နှင့် ကိုစောညိန်းသည် အဘယ့်ကြောင့် ဂုဏ်ပြုထိုက်သောပုဂ္ဂိုလ်ဖြစ်ရသည်ဆိုခြင်းများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသွားသည်မှာ . . .

"ဒီဂုဏ်ပြုပွဲကြီးဖြစ်မြောက်အောင် ကျွန်တော်တို့ အများကြီး လုံ့လပြုရပါတယ်။ ကိုစောညိန်းလို အသက်နှစ်ဆယ့်ခုနစ်နှစ်သာ ရှိသေးတဲ့သူကို ဂုဏ်ပြုပွဲမလုပ်သင့်ဘူးလို့ ဆိုသူက ဆိုပါတယ်။ မှန်ပါတယ်၊ ကိုစောညိန်းဟာ သူ့ရှေ့က ဆရာကြီးများဖြစ်ကြတဲ့ ရွှေတိုင်ညွန့်၊ ရွှေပြည်အေး၊ မြို့မငြိမ်းတို့လို လူ့ဘဝမှာ သက်တမ်းပြည့်မနေသွားရရှာပေမယ့် နေသွားရတဲ့ ဘဝသက်တမ်းကလေးမှာပဲ သူ ထုတ်လုပ်သွားတဲ့သီချင်းတွေဟာ မှတ်ကျောက်တင်ခံနိုင်ခဲ့ပါတယ်။ ဘဝကို ချို့ချို့ငဲ့ငဲ့ရင်ဆိုင်ပြီး ခဲရာခက်ဆစ် လုပ်ဆောင်သွားခဲ့ရတဲ့ သူ့သီချင်းတွေဟာ သူမရှိတော့ပေမယ့် ဒီကနေ့အထိ ခေတ်မကုန်သွားပါဘူး၊ တိမ်မြုပ်သွားခြင်း မရှိပါဘူး၊ ရှင်သန်နေဆဲ၊ ပွင့်လန်းနေဆဲပါပဲဆိုတာကို အားလုံးအသိပါပဲ၊ ဒီကနေ့ ပရိတ်သတ်ကြီးဟာ အဲဒီအချက်ကြီးကို သက်သေပြလိုက်တာပါပဲ၊ ဒီတော့ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ ဂုဏ်ပြုထိုက်သူကိုဂုဏ်ပြုခြင်းဆိုတာ မင်္ဂလာတစ်ပါးပဲဖြစ်တယ်လို့ ဆိုချင်ပါတယ်။

ဥပမာတစ်ခုပြချင်ပါတယ်။ ပထမဆုံး အောင်ဆန်းသူရိယဘွဲ့ကို နိုင်ငံတော်က ထိုက်ထိုက်တန်တန် ပေးအပ်လိုက်ခြင်းကိုခံရတဲ့ ရဲဘော်လှသောင်းဆိုတာ အသက်ငယ်ပါသေးတယ်၊ ရာထူးအားဖြင့်လည်း သာမန်တပ်သားကလေးပဲ မဟုတ်ပါလား၊ ဒါပေမယ့် သူ့ရဲ့စွမ်းဆောင်ချက်ကြောင့် အောင်ဆန်းသူရိယဘွဲ့ကို ထိုက်တန်စွာရရှိခဲ့ပါတယ်။ ဂုဏ်ထူးဝိသေသဆိုတာ ကြီးကယ်ငယ်တယ်လို့ မရှိပါဘူး . . .။"

ဆရာကြီးသည် သဘာပတိမိန့်ခွန်းကို ပြည့်စုံစွာ ပြောသွားပြီးသည့်နောက်မှ ဒီကနေ့တွင် အခမ်းအနားကို ဘာ့ကြောင့်အနည်းငယ်နောက်ကျမှ ဖွင့်လှစ်ရကြောင်းကို ပရိသတ်အား တောင်းပန်စကားဆိုပြီးလျှင် ရှင်းလင်းပြောကြားသွားသည်မှာ စာပေပြန့်ပွားရေးအသင်းသည် အများနည်းတူ အသင်းအဖွဲ့များတည်ထောင်လိုလျှင် မှတ်ပုံတင်ရမည်ဟူသော ဥပဒေပေါ်လာ၍ မှတ်ပုံတင်ခဲ့လေသည်။ ကိုစောညိန်း၏ဂုဏ်ပြုပွဲကို ကျင်းပရန်အတွက် အသင်းအနေဖြင့် သက်ဆိုင်ရာ မြို့နယ်ကောင်စီရုံးသို့ ခွင့်ပြုမိန့် တောင်းခံခဲ့သည်။ သို့သော် ယနေ့နံနက်အထိ ခွင့်ပြုမိန့်ကျမလာသောကြောင့် ကိုယ်တိုင်သွား၍ စုံစမ်းသောအခါမှာ အသင်းအဖွဲ့များအတွက် ခွင့်မပြုနိုင်ပါဟုဆိုလာသည်။ အကျပ်အတည်းကြုံရပြီဟု ဆရာကြီးသည် ခံစားလိုက်ရသည်။ ဆရာကြီးသည် ကျောက်တံတားမြို့နယ်ကောင်စီရှိ လူကြီးများနှင့် ဆေးပညာဟောပြောနှီးနှောပွဲများတွင် မကြာခဏမြင်တွေ့၍ ရင်းနှီးထားသူရှိသည်။ ထို့ကြောင့် ဤခွင့်ပြုအမိန့်ရရန်အတွက် မည်သို့ပြုရမည်ဟူသော အကြံဉာဏ်ကို တောင်းလျှင် "အသင်းအနေနှင့် မဟုတ်ဘဲ ဂုဏ်ပြုပွဲကျင်းပမည့် ယာယီအမှုဆောင်အဖွဲ့အနေဖြင့် အမိန့်ထပ်တောင်းပါ" ဟု အကြံပြုသည်။ ဆရာကြီးမှာ ထိုအခါမှပဲ ခွင့်ပြုအမိန့်ရလာကြောင်းကို ရှင်းပြသောအခါမှာ အမှုဆောင်အဖွဲ့ဝင်များ သက်ပြင်းချကုန်ကြရတော့၏။

ထို့နောက် ဆရာလှသမိန်က "ကိုစောညိန်း၏အတ္ထုပ္ပတ္တိစာတမ်း" ကို အကျယ်တဝင့် ဖတ်ကြားသည်။ အခမ်းအနားမှူးကလည်း "ကိုစောညိန်း၏ဘဝနှင့် စာပေဂီတများ" ကို ဟောပြောသွားသည်။ အသက်( ၂၇ )နှစ်၊ ခုနစ်လ သာ လူ့ဘဝမှာ နေခွင့်ရသွားရှာသူတစ်ယောက်၏ သူမတူအောင် စွမ်းဆောင်နိုင်သွားခြင်းများ၏ ပြောင်မြောက်သွားမှုကို စေ့စပ်အောင် ဟောပြောသွား၏။

နောက်ဆုံး နိဂုံးချုပ်အနေဖြင့် တင်ပြသွားသူကား ယနေ့ကျင်းပသည့်တီးဝိုင်းတွင် ပါဝင်ကူညီတီးခတ်သွားသည့် ဂီတာကိုမြင့်ကြူဖြစ်၏။ ကိုမြင့်ကြူသည် "ပျော်ဘွယ်မြို့မ သန်းနွယ်"၏သား ဖြစ်သည်။ ကိုစောညိန်းသည် မြို့မသန်းနွယ်အတွက် "သစ္စာ" ဟူသော သီချင်းကို ရေးပေးပြီး သုံးရက်အကြာတွင် ကွယ်လွန်သွားရခြင်းဖြစ်သည်။ ထို့ကြောင့် ဂီတနက်သန်အဖွဲ့ ကိုအုန်းလွင်နှင့် မြို့မသန်းနွယ်တို့သည် မြန်မာ့အသံသို့ လာ၍ သစ္စာသီချင်းကို မြို့မသန်းနွယ်အဆိုဖြင့် ဓာတ်ပြားသွင်းကြသည်။ မြို့မသန်းနွယ်သည်လည်း သစ္စာသီချင်းတစ်ပုဒ်တည်းဖြင့် အဆိုကျော်ဖြစ်သွားရတော့၏။ ယခု မြို့မသန်းနွယ်ကွယ်လွန်သွားရသည်မှာလည်း မကြာသေးပါ။ လပိုင်းမျှသာရှိပါသေးသည်ဟု ကိုမြင့်ကြူသည် မျက်ရည်ကျရင်း ငိုရှိုက်ရင်း ဤအကြောင်းများကို ပြောသွားသည်မှာ

ပရိသတ်ကြီးအဖို့ပါ ပေးဝိုင်သွားကြရသည်ကို သတိပြုမိလိုက်လေသည်။

အခမ်းအနားရုတ်သိမ်းသောအခါမှာလည်း ဆရာရန်နိုင်ဆွေ၏ဂုဏ်ပြုသီချင်းနှင့်ပင် ရုတ်သိမ်းလိုက်ပါသည်။ ဤအခမ်းအနားကြီးကို စေတနာဖြင့် ပါဝင်ကူညီကြသည့်အဆိုတော်များ၊ အတီးပညာရှင်များနှင့် စာပြန်သင်း၏အမှုဆောင်အားလုံးကို ကုန်သည်လမ်း စာပေဗိမာန်အနီးရှိ မြရည်နန္ဒာ စားသောက်ဆိုင်ပိုင်ရှင် ဗိုလ်မှူးသိန်းအောင်(ငြိမ်း)မြင်းခြံမှ ဆိုင်သို့ ဖိတ်ကြား၍ အစားအသောက်များဖြင့် ●ည့်ခံကျွေးမွေးခဲ့သည်ကိုလည်း ယခုတိုင်အမှတ်တရရှိနေဆဲ ကျေးဇူးတင်နေဆဲပါဟု နိဂုံးချုပ်ပြောရပါသည်။

□



ဂီတနက်သန် ကိုစောညိန်း ငွေရတုအခမ်းအနားနှင့် ပတ်သက်၍
ဆရာကြီး ဦးမာဃ ဆွေးနွေး ပြောကြားနေပုံ (၁၉၇၉)

## ''တေး၏ကြေးမုံ''

( ကိုစောညိန်း၏အကြောင်း မြန်မာ့အသံ ဦးသန်းမြင့်၊ စာရေးဆရာ မင်းရှင်၊ ဂီတနက်သန် ကိုဘုံးလွင်၊ စာရေးဆရာ သန်းဆွေတို့၏ ဆွေးနွေးချက်ကို တေး၏ကြေးမုံကဏ္ဍ၌ ၁၉၆၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၆ရက်နေ့ ည ၈နာရီနှင့် ၂၇ရက်နေ့ နံနက် ၁၁နာရီတွင် မြန်မာ့အသံ ဒုတိယ မြန်မာပိုင်းအစီအစဉ်မှ အောက်ပါအတိုင်း အသံလွှင့်ခဲ့ပါသည်။)

တေး၏ကြေးမုံဆိုတဲ့ကဏ္ဍသစ်တစ်ရပ်နဲ့ သောတရှင်များကို ကျွန်တော်များ မျှော်မြေတင်ဆက်လာခဲ့တာ အခုအကြိမ်ပါနဲ့ဆိုရင် ၄ကြိမ်ရှိပါပြီခင်ဗျာ။

၄ကြိမ်ရှိပေမယ့် ဒီတေး၏ကြေးမုံကဏ္ဍဟာ ကဏ္ဍသစ်ပဲဖြစ်နေတဲ့အတွက် ဒါနဲ့ပတ်သက်လို့ အစီရင်ခံလိုပါတယ်။ ဤကဏ္ဍမှနေပြီး ကျွန်တော်များဟာ ခေတ်ပေါ် တေးများ ဘယ်အကြောင်းကြောင့် ပေါက်ဖွားလာခဲ့ရတယ်ဆိုတာကို သရုပ်ဖော်ကာ မျှော်မြေလိုပါတယ် ခင်ဗျာ။

သောတရှင်တို့ သိတော်မူကြတဲ့အတိုင်း သောတရှင်များ ကြားကြားနေကြတဲ့ သီချင်းများ ကြိုက်နှစ်သက်တော်မူကြတဲ့ သီချင်းများမှာ အသီးသီး ဘာကြောင့်ပေါက်ဖွားလာရတယ်ဆိုတာ ဘယ်လိုအခြေအနေက ဖန်လို့ ပေါက်ဖွားလာကြတယ်ဆိုတဲ့ အကြောင်းလေးတွေ ရှိပါတယ်။ တေး၏အရိပ်ကလေးတွေရယ်လို့ ခေါ်ကြပါစို့ခင်ဗျာ။ အဲဒီ တေးရဲ့အရိပ်ကလေးများကို ကျွန်တော့်ရဲ့ကိုယ်တွေ့များဖြင့်လည်းကောင်း၊ တေးသီချင်းရေးစီသူကိုယ်တိုင်ကလည်းကောင်း၊ တေးသီချင်းရေးစီကြသူနဲ့ အနီးစပ်ဆုံးပုဂ္ဂိုလ်များမှတစ်ဆင့်လည်းကောင်း၊ အစီရင်ခံမျှော်မြေသွားဖို့ ကျွန်တော်များ ဆန္ဒရှိပါတယ်။

အခုအပတ်တော့ ကျွန်တော်တို့မိတ်ဆွေရင်းလည်းဖြစ်တဲ့ ကွယ်လွန်သူ ဂီတနက်သန် ကိုစောညိန်းရဲ့လက်ရာများထဲမှ ဖော်ထုတ်ဖို့ ကိုစောညိန်းနဲ့ အရင်းနှီးဆုံးပုဂ္ဂိုလ်များဖြစ်တဲ့ ဟောဒီက စာရေးဆရာ ကိုသန်းဆွေ၊ စာရေးဆရာ ကိုမင်းရှင်၊ ဂီတနက်သန်ဆိုတဲ့နာမည်ကို ဆက်ခံသူ သီချင်းရေးဆရာ ဂီတပညာရှင် ဂီတနက်သန် ကိုဘုံးလွင်တို့နဲ့ ဆွေးနွေးရင်း သောတရှင်များကို ဒီ ကိုစောညိန်းရဲ့လက်သံများကို ကျွန်တော် ဖော်ထုတ်ပြီးတော့ကာ ကျွန်တော် အစီရင်ခံလိုက်ပါတယ်ခင်ဗျာ။ အဲဒီလက်ရာများ ဖြစ်ပေါ်လာရခြင်းအကြောင်း၊ သူ့တေးရဲ့အရိပ်ကလေးများကို ကျွန်တော် ဖေါ်ထုတ်ပြီးတော့ အစီရင်ခံလိုက်ပါတယ်။

ကျွန်တော့်တယ်ဘက်မှာ ဟောဒီက ဂီတနက်သန် ကိုတုံးလွင်ရှိပါတယ်။ ဟောဒီက အလယ်မှာ ထိုင်နေတာကတော့ဖြင့် စာရေးဆရာမင်းရှင်၊ ကျွန်တော့်ညာဘက်မှာတော့ စာရေးဆရာ ကိုသန်းဆွေ ရှိပါတယ်။ ကဲ ကိုမင်းရှင် ကိုမင်းရှင်ပဲ ကိုစောညိန်းကို ပထမဦးဆုံး ကျွန်တော်နဲ့ အသိပွဲပေးတဲ့လူပဲ။ နောက်ပြီးတော့ ကိုမင်းရှင်ပဲ ကိုစောညိန်းကို အသံလွှင့်ရုံကို ခေါ်လာတယ်ဆိုတော့၊ ကဲ ကိုစောညိန်း နာမည်ကျော်ကြားလာသည် အထိ သူ့ဖြစ်စဉ်လေးတွေပေါ့လေ ခင်ဗျား အဲဒါလေး ကိုမင်းရှင်သိသလောက် ကျွန်တော်တို့ ဆွေးနွေးရအောင်ခင်ဗျာ။

ကိုမင်းရှင်။ ။ဟုတ်ကဲ့ ဒီကိုစောညိန်းကို ကျွန်တော် ကိုသန်းမြင့်တို့ဆီ ခေါ်လာတဲ့ အချိန်ကျတော့ သူဟာ သီချင်းတွေဘာတွေ စရေးပြီပေါ့လေ။ စမ်းရေးနေပြီပေါ့လေ။ ဒါပေမယ့် သူမှာ ပိုင်းတွေဘာတွေတော့ မရှိသေးဘူး။ ဆုံးသွားတဲ့ စန္ဒရားကိုလှသွင်၊ အဲဒီ သူ့ဝိုင်းမှာပဲ သူလက်တည့်စမ်းတဲ့ သီချင်းလေးတွေ။

ဦးသန်းမြင့်။ ။အင်းပေါ့ အင်းပေါ့ ကိုမင်းရှင်တို့ ဆန်းသစ်စအဖွဲ့ကလား။

ကိုမင်းရှင်။ ။ဟုတ်ကဲ့ အောင်လင်းတို့ ကျွန်တော်တို့ အဲဒီ ကိုလှသွင်တို့ပေါ့ နောက် ကျွန်တော့်နမ စန်းစန်းတင့်တို့။

ဦးသန်းမြင့်။ ။အဲဒီ ကိုစောညိန်းနဲ့ ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေထဲမှာ ကိုအောင်လင်းလည်း ပါပါတယ်။ စာရေးဆရာ ကိုအောင်လင်းလေ။

ကိုမင်းရှင်။ ။ဟုတ်ကဲ့။

ဦးသန်းမြင့်။ ။အဲဒါ သူလဲ ဒီနေ့ညနေလာပါလို့ ကျွန်တော်တို့ ဆွေးနွေးရအောင်လို့ ခေါ်ထားတာ၊ သူ မအားလပ်လို့နဲ့ တူပါတယ်။

ကိုမင်းရှင်။ ။အဲဒီအချိန်မှာ ကျွန်တော်တို့ ငွေဝန်းသော်တာတို့ ဝသန်ခါဦးတို့ ဆိုတဲ့ သီချင်းလေးတွေကစပြီးတော့ စပ်ပါတယ်။

ဦးသန်းမြင့်။ ။စပ်စပြုတဲ့အချိန်ပေါ့။

ကိုမင်းရှင်။ ။ဟုတ်ကဲ့ အဲဒီ သူနဲ့ကျွန်တော် စသိရတာတော့ သီချင်းရေးဆရာ အဖြစ်နဲ့ မဟုတ်ပါဘူး။ ၁၉၄၆ခုနှစ်လောက်မှာ ကျွန်တော်တို့ စာရေးဆရာ ကိုဘုန်းကြွယ်(မြို့မဘုန်းကြွယ်) သူ့အိမ်ကို ကျွန်တော်တို့ အလည်အပတ် သွားရင်းလာရင်း ကိုသန်းဆွေတို့ ကျွန်တော်တို့ပေါ့လေ သွားရင်းကနေပြီးတော့ အဲဒီကိုစောညိန်းဆိုတဲ့လူ ပိန်ပိန်ပါးပါးနွဲ့နွဲ့လေးပဲ။ သူ့ကြည့်ရတာကို ခပ်ပျော့ပျော့၊ အဲဒါ သူ့စတွေ့တယ်၊

တွေ့တော့ ကိုဘုန်းကြွယ်က ပြောပြတယ်။ အဲဒါ ကိုစောညိန်းပဲတဲ့။ အဲဒီတုန်းက သူဟာ ကိုဘုန်းကြွယ်ရဲ့ဦးလေး ဦးဘကလေးရဲ့ သမာဓိ သတင်းစာ။

ဦးသန်းမြင့်။ ။ဟုတ်ကဲ့။

ကိုမင်းရှင်။ ။အဲဒီအလုပ်တိုက်မှာ အလုပ်လုပ်ပါတယ်။ သူဟာ စစ်မဖြစ်ခင်ထုတ်တဲ့ ကာတွန်းရုပ်စုံမှာ ပြိုင်ပွဲဝင်ပါတယ်။ ပြိုင်ပွဲဝင်ရာကနေပြီး ကာတွန်းတစ်ခုမှာ ဆုရတယ်။

ဦးသန်းမြင့်။ ။ဪ သူက ပန်းချီလည်း ဆွဲတတ်သကိုး။

ကိုမင်းရှင်။ ။ပန်းချီပါ တတ်မြောက်ပါတယ်။ ကျွန်တော်ကလည်း အဲဒီ ၄၅ခုနှစ်လောက်တုန်းက ကာတွန်းပြိုင်ပွဲဝင်တာ ကျွန်တော်လည်း ဆုရတယ်။ စုံလည်းစုံတယ်ဗျာ။ အဲဒီမှာ သူနဲ့ဆုံမိတော့ ကာတွန်းဆရာအဖြစ်နဲ့ သိရတာပေါ့လေ။ နောက်ကိုဘုန်းကြွယ်ကပြောတယ်။ တယောလေးဘာလေးလဲ ထိုးတတ်တယ်တဲ့။ တယောထိုးလဲ ကောင်းသတဲ့။ ကိုသန်းဆွေတို့တောင်မှပဲ တယောထိုးတာတွေ နားထောင်ရသေးတယ်။

ဦးသန်းမြင့်။ ။ဟုတ်ကဲ့။

ကိုမင်းရှင်။ ။အဲဒီလောက် သိရပြီးတဲ့နောက် သူနဲ့ကျွန်တော်နဲ့ ကွဲသွားခဲ့တယ်။ မတွေ့ရတော့ဘူး။ နောက် အတော်လေးကြာတော့ ကျွန်တော့်အိမ်သူပေါက်လာတယ်။ ပတ္တလားရွက်ကလေးပိုက်လို့။ သီချင်းတစ်ပုဒ်စပ်လာတယ်တဲ့။ အဲဒီသီချင်းက ငွေဝန်းသော်တာပဲ။

ဦးသန်းမြင့်။ ။ဪ ဪ

ကိုမင်းရှင်။ ။ငွေဝန်းသော်တာ သူ တီးပြတယ်။ ကျွန်တော်တို့ကုလားထိုင် ၂လုံးမှာ ပတ္တလားရွက်ကို သူချိုပြီးတော့ တီးပြပါတယ်။ အဲဒီတုန်းက ကျွန်တော်က ကိုလှသွင်တို့နဲ့ သီချင်းတွေ လွှင့်နေတယ်ပေါ့လေ။

ဦးသန်းမြင့်။ ။ဆန်းသစ်စပိုင်းအဖွဲ့

ကိုမင်းရှင်။ ။ဟုတ်ကဲ့ အဲဒီမှာ သူသီချင်းလွှင့်ချင်တယ်ဆိုတာနဲ့ ကျွန်တော်တို့ဆီကိုသန်းမြင့်ခေါ်လာတာ။

ဦးသန်းမြင့်။ ။ဟုတ်ကဲ့။

ဟိုမင်းရှင်။ ။ကျွန်တော်ပြောချင်တာကတော့ သူနာမည်မထွက်ခင် အပိုင်းလောက်ပဲ ပြောချင်ပါတယ်။

ဦးသန်းမြင့်။ ။အဲဒီ (ဟို ဒါက ဆန်းသစ်စဝိုင်းနဲ့တွဲပြီးတော့ လုပ်နေတဲ့အခါပေါ့လေ)

ကိုမင်းရှင်။ ။ဟုတ်ကဲ့။

ဦးသန်းမြင့်။ ။ပြီးတော့ သူ ဂီတနက်သန်ရယ်လို့ ထောင်ပါတယ်။

ကိုမင်းရှင်။ ။ဟုတ်ကဲ့။

ဦးသန်းမြင့်။ ။ဟောဒီ ကိုအုန်းလွင်ကတော့ ခင်ဗျား ဂီတနက်သန် ကိုအုန်းလွင်ဆိုတော့ ဂီတနက်သန်ကိုစောညိန်းရဲ့ အမွေဆက်ခံသူပေါ့လေ၊ ဂီတနက်သန် ဘယ်လိုပေါက်ဖွားလာရတယ်ဆိုတဲ့ဖြစ်စဉ်ကလေး ခင်ဗျားကတော့ အသိဆုံးဖြစ်လိမ့်မယ်ထင်တယ်။ ကျွန်တော်တို့ ဆွေးနွေးကြရအောင်ဗျာ။

ကိုအုန်းလွင်။ ။ကျွန်တော်ပြောရမယ်ဆိုရင် ရှည်တော့အတော်ရှည်မယ်။

ဦးသန်းမြင့်။ ။အတိုချုံးပေါ့ဗျာ။

ကိုအုန်းလွင်။ ။အတိုချုံးပြီးတော့ ပြောပါ့မယ်။ ကျွန်တော် ဒီ ဂီတနက်သန်အဖွဲ့ မတည်ထောင်ခင်ပေါ့။ မတည်ထောင်ခင်မှာဆိုလို့ ခုန ကိုမင်းရှင်ပြောသွားတဲ့ ဆန်းသစ်စ တူရိယာအဖွဲ့ဘဝပေါ့။

ဦးသန်းမြင့်။ ။ဟုတ်ကဲ့။

ကိုအုန်းလွင်။ ။ကျွန်တော် အပျော်တမ်းအဖွဲ့ပေါ့လေ၊ အဲဒီအပျော်တမ်းအဖွဲ့မှာ စန်းစန်းတင့်ဆိုတာ ကိုမင်းရှင်ရဲ့ညီမပါပဲ၊ သူဆိုထားတဲ့ ဝသန်ခါဦးသီချင်းကို ကျွန်တော် ကြားမိတယ်၊ ကျွန်တော် အဲဒီသီချင်းလဲ နားထောင်ပြီးရော ကိုစောညိန်းနဲ့ အင်မတန်တွေ့ချင်တဲ့ဆန္ဒ ရှိလာခဲ့တယ်။ ရှိတော့ ဘယ်သူတွေနဲ့များ ဆက်သွယ်လဲဆိုတာ စဉ်းစားကြည့်တော့ စာရေးဆရာ ကိုသန်းဆွေကို ကျွန်တော် သွားသတိရတယ်၊ ကိုသန်းဆွေကို ကျွန်တော်က မေးတယ်၊ ကိုသန်းဆွေ သိသလားဆိုတော့ သူက သိတယ်တဲ့၊ ဒါနဲ့ ကျွန်တော်က ကျွန်တော့်လိုက်ပို့ပါဆိုတော့ ကိုသန်းဆွေက လိုက်ပို့တယ်၊ မိတ်ဆက်ပေးပါတယ်၊ မိတ်ဆက်ပေးပြီးတဲ့နောက် ဂီတနက်သန်ဝိုင်းကို စပြီးထူထောင်တာပဲဆိုပါစို့။

ဦးသန်းမြင့်။ ။ဟုတ်ကဲ့။

ကိုအုန်းလွင်။ ။ထူထောင်ပြီးတော့ ကျွန်တော်တို့ ပထမဆုံးလွှင့်တဲ့ သီချင်းတွေဟာဆိုရင် ဂီတနက်သန် စလွှင့်လွှင့်ချင်းပေါ့လေ၊ 'စိန်'၊ ထို့နောက် စာရေးဆရာ ကိုအောင်လင်းဆိုထားတဲ့ 'မိုးသက်လေနှင်' ဆိုတဲ့သီချင်း၊ အဲဒီ

ကနေပြီး တော်တော်များများ ပါပါတယ်။ ပါတော့ ကျွန်တော်အကြိုက်ဆုံး သီချင်းကတော့ စိန်ရယ်၊ အဲဒီနောက်ပြီး ငွေဝန်းသော်တာရယ်၊ ဒီနှစ်ပုဒ်တော့ ကျွန်တော်အကြိုက်ဆုံးပါပဲ။

ဦးသန်းမြင့်။ ။ဟုတ်ကဲ့၊ ကိုအုံးလွင်ကဆိုလို့ရှိရင် တော်ရုံတန်ရုံသီချင်း တီးချင်တဲ့လူမှမဟုတ်ဘဲ။ အင်မတန် သီချင်းရွာန်ရွေးတဲ့သူပဲ။ ကိုစောညိန်း သီချင်းကျမှ စွဲစွဲလမ်းလမ်းနဲ့ ခုံခုံမင်မင် တီးတယ်ဆိုတာ အကြောင်းကတော့ အသံကို ကြိုက်လို့ပေါ့နော်။

ကိုအုံးလွင်။ ။အသံကိုလည်း ကြိုက်တယ်။ နောက်ပြီးတော့ မြန်မာသံစစ်စစ်နဲ့ အင်မတန်သိမ်မွေ့နက်နဲတယ်။ အသံသွားတာ လာတာလေးတွေကလည်း တော်တော်ချစ်စရာကောင်းတယ်။

ဦးသန်းမြင့်။ ။ပြီးတော့ သူ့ဟာက ကိမိုယာတန်ဆာပလာတွေလည်း များများလိုတဲ့ သီချင်းတွေ မဟုတ်ဘူး။

ကိုအုံးလွင်။ ။မလိုပါဘူး။

ဦးသန်းမြင့်။ ။နှစ်ခုလောက် သုံးခုလောက်နဲ့ တီးလိုက်လို့ရှိရင်လည်း နားထောင်ကောင်းတဲ့ သီချင်းတွေပဲ။

ကိုသန်းဆွေ။ ။အဲဒီ ဂီတနက်သန်ဆိုတဲ့ အဓိပ္ပာယ်ကိုလည်း ကိုအုံးလွင် ရှင်းပြပါဦး။

ကိုအုံးလွင်။ ။ဂီတနက်သန်ဆိုတဲ့အဓိပ္ပာယ်က ဂီတနက်သန်ဆိုတာ ကျွန်တော်တို့ တစ်ခါတလေကျလို့ရှိရင် ကိုသန်းဆွေတို့ ကိုမင်းရှင်တို့ တွေ့မိမှာပေါ့နော်၊ ကျွန်တော်တို့ ဂီတနက်သန်ဆိုတဲ့ စာကြောင်းကိုရေးလို့ရှိရင် သသေးသေးတင်နဲ့ သံထားတာ သိပ်မှားတယ်ဗျာ။

ကိုမင်းရှင်။ ။ကျွန်တော်တောင် မှားသေးတယ်။

ကိုအုံးလွင်။ ။အဲဒါ မှားတယ်ဗျ။ အဲဒါ နငယ်နဲ့သတ်ရတယ်။ အဓိပ္ပာယ်က ဘုမိနက်သန်တို့ သဘောမျိုးပါပဲ။ မြေစင်မြေမှန်သဘောမျိုးပဲ။ ဂီတအစစ်အမှန်သဘောမျိုးကို ဒီပိုင်းမှာရတယ်ပေါ့လေ။ အဲဒါကို သူ ရည်ရွယ်ပြီးတော့ သူ့ဂီတ နက်သန်ဆိုပြီးဖွဲ့တယ်။ ကင်ပွန်းတပ်တယ်။

ဦးသန်းမြင့်။ ။သူက တော်တော် လေးလေးနက်နက် စဉ်းစားတတ်တဲ့လူပဲ။ အသံအဖက်တွေမှာလည်း အတော်လေးလေးနက်နက် စဉ်းစားပြီးတော့ ဖက်စပ်ထားတဲ့အသံ၊ ဒီတော့ အခုပြောတဲ့ ခုန 'ဂိန်' ပေါ့နော်၊ စိန်ဟာ ပထမဦးဆုံး နားစွဲတဲ့သီချင်းပေါ့လေ၊ ဟောဒီ ကိုသန်းဆွေတော့သိမယ်၊

ကိုသန်းဆွေ။ ။ဟုတ်ကဲ့။

ဦးသန်းမြင့်။ ။ကိုသန်းဆွေကတော့ ဒီမှာ 'ပွင့်ဦး' တို့လို ဟို 'ချစ်ထံတစ္ဆာရှင်' တို့လို အဲဒီဝတ္ထုတွေနဲ့ ကိုစောညိန်းအကြောင်းရေးတဲ့လူဆိုတော့ ကိုစောညိန်းရဲ့အတွင်းရေးလေးတွေ ကိုယ်ရေးကိုယ်တာလေးတွေ တော်တော်များများ သိမယ်ထင်တယ်။

ကိုသန်းဆွေ။ ။ဟုတ်ကဲ့။

ဦးသန်းမြင့်။ ။အဲဒီ စိန် ဆိုတဲ့သီချင်းကို ကျွန်တော်လည်း နားတော်တော်စွဲတယ်။ အဲဒါ ဒီသီချင်းမှာများ ဒီလိုစပ်ရတဲ့အကြောင်းလေး ဘာလေးများ ရှိလား။ တေးအရိပ်ကလေးများ ရှိသလား။

ကိုသန်းဆွေ။ ။ဟုတ်ကဲ့ ဟို ဒီစာရေးဆရာတို့ ကဗျာဆရာတို့ သီချင်းရေးဆရာတို့ အစရှိသည်ဖြင့်ပေါ့လေ။ သူတို့တစ်တွေရဲ့ အလုပ်ကလေးတွေမှာ သူတို့ရဲ့စာလေး တေးကဗျာလေးတွေ သီချင်းတွေမှာ နောက်ကြောင်းကလေးတွေကို အရင်းခံပြီးတော့ သူတို့ရဲ့ အသည်းနှလုံးမှာ ခံစားလာရတာကနေပြီးတော့ ဒီသီချင်းကလေးတွေ ပေါ်ထွက်လာတာပဲ။ စိန်ဆိုတဲ့သီချင်းမှာဆိုရင်လည်း ကြားဖူးကြမှာပေါ့လေ။ ကြားကြတဲ့အတိုင်းပဲ စိန်ခေါ်ပြီးတော့ လိုက်တမ်းပြေးတမ်းကစားနေတဲ့ မိန်းကလေးတစ်ယောက်ကို မိခါမှဖြင့် ဘွာမခတ်ပါနဲ့လို့ ဆိုတဲ့စကားမျိုးကို သူတင်စားထားသလို သူ့ဘဝမှာ မိန်းကလေးတစ်ယောက်က စိန်ခေါ်ပြီးတော့ ပြေးတမ်းပုန်းတမ်း ကစားနေတဲ့သဘောလေးကို သူပေါ်လွင်အောင် ရေးထားတာပဲ။ ဘယ်သူဘယ်ဝါဆိုတာရယ်လို့တော့ မဟုတ်ဘူးပေါ့လေ။ စိတ်ကူးယဉ်လည်းပါမယ်၊ တကယ့်အဖြစ် အပျက်ပေါ်မှာ စိတ်ကူးယဉ် ခဲ့ထွင်ကြစမြဲမို့ ဒီသီချင်းကတော့ ဒီလိုပဲ အကြောင်းလေးတော့ ရှိလေရဲ့ မှတ်ပါတော့ခင်ဗျာ။

ဦးသန်းမြင့်။ ။နားထောင်ကြရအောင်၊ ကိုအုံးလွင် တီးဗျာ၊ ကိုမောင်မောင်ညွန့်ဆိုရအောင်၊ အမှတ်တရနဲ့။

မောင်မောင်ညွန့်။ ။(စိန်သီချင်းဆိုသည်။)

ဦးသန်းမြင့်။ ။ကျေးဇူးတင်ပါတယ်။ ကိုမောင်မောင်ညွန့်တို့ ကိုအုံးလွင်တို့ ကျွန်တော်တို့ ပြန်ပြီးတော့ သီချင်းလေးပြန်နားထောင်ရတာ အင်မတန်နှ

တယ်။ ဥပမာတင်စားပြီးတော့ထားတဲ့ သီချင်းလေ။ သူ့ဟာက ဘယ်သူရယ်လို့ မရည်ရွယ်ဘဲနဲ့ သူ့(ဇိုင်ဒီးလို့ခေါ်တဲ့) သူ့ရဲ့စိတ်ကူးယဉ်ထဲမှာ ပေါ်နေတဲ့ မိန်းကလေးတစ်ယောက်က သူ့ကို ပုန်းလား၊ ဟို မနီ တန်ရှိလုပ်လားပေါ့လေ၊ တယ်နွဲ့တာပဲ။

ကိုသန်းဆွေ။ ။ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။

ကိုမင်းရှင်။ ။အဲဒီဟာ နားထောင်လို့ပြန်သတိရတယ်။ သူ ဒီဟာလွှင့်ပြီးတဲ့ ခေတ်တုန်းကဆိုရင် ကျွန်တော်တို့ ကောလိပ်က

ဦးသန်းမြင့်။ ။ကိုမင်းရှင်တို့ ကောလိပ်မှာလား။

ကိုမင်းရှင်။ ။မဟုတ်ဘူး။ ကျွန်တော် မရှိတော့ဘူး။ ဟိုဖန်ရှင်တွေ ဘာတွေမှာဆိုရင် ကျွန်တော် ကြားတာပေါ့လေ။ လူတိုင်းက ပွဲတောင်းကြတယ်။

ဦးသန်းမြင့်။ ။ဒီ စိန်သီချင်း ရေပန်းစားတာပေါ့လေ။

ကိုမင်းရှင်။ ။စိန်တို့ ဆောင်းနတ်မယ်တို့ ပွင့်ဦးတို့ပေါ့လေ။

ဦးသန်းမြင့်။ ။ကိုသန်းဆွေ သူ့အကြောင်းရေးထားတဲ့ 'ချစ်ထံတဲ့ရှင်' ဝတ္ထု။

ကိုသန်းဆွေ။ ။ကျွန်တော် ရှုမဝမဂ္ဂဇင်းမှာ ရေးခဲ့ပါတယ်။ သူ ကွယ်လွန်အနိစ္စရောက်ပြီးတဲ့နောက်မှပါ။

ဦးသန်းမြင့်။ ။လုံးချင်းအဖြစ်နဲ့ ထပ်ထုတ်ဦးမယ်ကြားတယ် ဟုတ်လား။

ကိုသန်းဆွေ။ ။ဟုတ်ကဲ့ အခု လုံးချင်းအဖြစ်နဲ့ ပြန်ထုတ်ဖို့ ကြိုးစားနေပါတယ်။

ဦးသန်းမြင့်။ ။လုပ်စမ်းပါဗျာ။ ကျွန်တော်တို့ အကုန်ဝိုင်းပြီး ဖတ်ကြရအောင်။

ကိုသန်းဆွေ။ ။ဖတ်ရပါမယ်ဗျာ။

ဦးသန်းမြင့်။ ။ပြီးတော့ ကျွန်တော့်စိတ်ထဲမှာ အစွဲဆုံးသီချင်းတစ်ပုဒ်ရှိသေးတယ်။ အဲဒါကတော့ ဘယ်လိုလဲဆို ဟိုဒင်း ကျွန်တော်ပေါ့လေ။ ကံမျက်စိလည်လို့ ဒီတိုင်းပြည်ကနေပြီး တခြားတိုင်းပြည်သွားရမယ့်အခါမှာ အဲဒီသီချင်းကို နောက်ဆုံးကြားရတဲ့ သီချင်းမို့ စွဲတာပဲ။ ဆရာဦးသုခ ဆိုတယ်လေ၊ နွေနှောင်းရွက်ကျန် ဝသန်ခါဦး။

ကိုသန်းဆွေ။ ။နွေနှောင်းဝသန်လို့ ခေါ်တယ်။

ဦးသန်းမြင့်။ ။အဲဒီသီချင်းမှာကောဗျာ၊ တေးရဲ့အဓိပ်ကလေးများ ရှိသေးသလား၊

ကိုသန်းဆွေ။ ။ဒီသီချင်းကတော့ ကျွန်တော်တို့ အဲဒီအချိန်မှာ စာရေးဆရာအသင်းကနေပြီးတော့ နှစ်စဉ်စာဆိုတော်နေ့တိုင်းမှာ ပြဇာတ်လုပ်ပါတယ်။ ပြဇာတ်တင်တဲ့နှစ် အဲဒီနှစ်ကတော့ ၁၉၅၁ ခုနှစ်ပေါ့ဗျာ။ အဲဒီ

၁၉၅၁ ခုနှစ်မှာ ကျွန်တော်တို့ နတ်သျှင်နောင် ပြဇာတ်ပြဖို့ ရွေးချယ်ကြပါတယ်။

ဦးသန်းမြင့်။ ။ကိုသန်းဆွေကော ပါသေးလား။

ကိုသန်းဆွေ။ ။ပါပါတယ်။ တိုင်းပြည်ပျက်လို့ ပြေးတဲ့အခန်းလေး ဘာလေးပေါ့လေ ဟဲ ဟဲ။

ဦးသန်းမြင့်။ ။ဝါသနာအိုးတွေကိုး ဟဲ ဟဲ။

ကိုသန်းဆွေ။ ။နွေနှောင်းဝသန်သီချင်းမရေးခင်ကတည်းက သူ့ကို ဆရာသုခက ပြဇာတ်တစ်ခုမှာ ခေါ်ပြီး သုံးဖူးပါတယ်။ သူ့ကို သုံးတဲ့အခန်းမှာ ကိုစောညိန်းက ဘာလုပ်ရသလဲဆိုတော့ စစ်ခန်းမှာ နားနေတဲ့ စစ်သားလေးတစ်ယောက်အဖြစ် ပါဝင်ရတယ်။ ပြည်လှမေရဲ့ နတ်သျှင်နောင်သီချင်းကို ဆိုရတယ်။

ဦးသန်းမြင့်။ ။ဟုတ်ကဲ့။

ကိုသန်းဆွေ။ ။နတ်သျှင်နောင်သီချင်းကို ဆိုပြီးတော့ မယ်ဒလင်တီးရတယ်။

ကိုမင်းရှင်။ ။ကိုသန်းမြင့် မကြည့်ဘူးလိုက်ဘူးလား။ ကျွန်တော်တို့ တေးချိုချို ပြဇာတ်လေဗျာ။

ဦးသန်းမြင့်။ ။ကျွန်တော် မကြည့်လိုက်ရဘူး။

ကိုမင်းရှင်။ ။မြို့တော်ခန်းမမှာပြတာ။

ကိုသန်းဆွေ။ ။အဲဒီမှာကတည်းက ကိုစောညိန်းဟာ နတ်သျှင်နောင်ကို စိတ်ဝင်စားနေပါတယ်။ နတ်သျှင်နောင်ကို စိတ်ဝင်စားတဲ့အခါမှာ စာရေးဆရာအသင်းကလည်း နတ်သျှင်နောင်ပြဇာတ် ကပြမယ်။ ဆရာသုခကလည်း ကိုစောညိန်းရဲ့ ဆိုဟန်တီးဟန်ကို သဘောကျနေ၊ နတ်သျှင်နောင်ပြဇာတ်အတွက် သူ့ကို သီချင်းတစ်ပုဒ် ပေးမယ်ဆိုပြီးတော့ သီချင်းတစ်ပုဒ်စပ်ခိုင်းတယ်။ သီချင်းစပ်တဲ့အခါမှာ သီချင်းနှစ်ပုဒ်စပ်တယ်။ တစ်ပုဒ်ကတော့ နွေနှောင်းဝသန်ရယ်၊ နောက်တစ်ပုဒ်က ရတုဘုရင်ပါပဲ။

ဦးသန်းမြင့်။ ။ဟုတ်ကဲ့ ဟုတ်ကဲ့။

ကိုသန်းဆွေ။ ။ဒါပေမယ့် ရတုဘုရင်ကိုတော့ ပြဇာတ်မှာ မတင်ဖြစ်ဘဲနဲ့ ဒီနွေနှောင်းဝသန်ကို တင်ဖြစ်ပါတယ်။ ဒီနွေနှောင်းဝသန်သီချင်းကို သူဟာ သူစပ်ပြီးတော့ ကိုဘုံးလွင်နဲ့ပေါ့ဗျာ၊ ပြဇာတ်ခုံကို ယူလာတဲ့အခါမှာ

အားလုံးပြဇာတ်အဖွဲ့မှာပါနေတဲ့ စာရေးဆရာများသာမကဘဲနဲ့ အဲဒီပြဇာတ်ရဲ့ ဂီတတာဝန်ခံဖြစ်တဲ့ အလင်္ကာကျော်စွာ ဆရာအေး ဆရာ ရွှေပြည်အေးပေါ့လေ၊ ဆရာရွှေပြည်အေးကဆိုရင် အင်မတန် လက်ဖျားခါ နှိမ့်မှမ်းပါတယ်။ နှိမ့်မှမ်းတော့ ကိုစောညိန်းဟာ အင်မတန်အားတက်သွားပြီးတော့ ဂီတနယ်ကို ခြေစုံပစ်ဝင်ဖို့ ဆုံးဖြတ်တာပဲ ဆိုပါတော့ ခင်ဗျာ။

ဦးသန်းမြင့်။ ။ဟာ နှိမ့်လည်းနှိမ့်မှမ်းထိုက်တဲ့ သီချင်းပဲ။ ကဲ ထပ်နားထောင်ရအောင်ဗျာ။ ကိုမောင်မောင်ညွန့် လုပ်ပါဦး၊ ကိုအုံးလွင်လုပ်ပါဦး။

မောင်မောင်ညွန့်။ ။(နွေနှောင်းဝသန်ဆိုသည်။)

ဦးသန်းမြင့်။ ။ကျေးဇူးတင်ပါတယ် ကိုမောင်မောင်ညွန့်ခင်ဗျာ၊ ပြန်ပြီးတော့ ကျွန်တော်တို့နားထောင်ရတာ ကိုမောင်မောင်ညွန့်လည်း မောပြီ၊ ကျွန်တော်တို့ကြားရတဲ့စာကလည်း တယ်နုတဲ့ စာလုံးတွေပဲ၊ ဒီစာလုံးတွေဟာ နတ်သျှင်နောင်ရတုထဲကလည်း ပါ ထင်ပါရဲ့။

ကိုသန်းဆွေ။ ။ဟုတ်ပါတယ်၊ နတ်သျှင်နောင်ရတုထဲက တော်တော်များများ ယူသုံးထားပါတယ်။

ဦးသန်းမြင့်။ ။ဟိုကယူ ဒီကယူပြီးတော့ စပ်ပြီးသုံးထားတာပဲ၊ စာသားကတော့ နတ်သျှင်နောင်စာသားတွေဆိုတော့ ပြောစရာမလိုဘူးပေါ့ဗျာ၊ သို့သော်လည်း ကျွန်တော်တို့ အံ့ဩစရာက စာသားနဲ့လိုက်အောင် အသံဖက်တာ လေးနက်အောင်ဖက်တာ ကျွန်တော်နားထဲမှာ အရသာလေး တစ်မျိုးကြီးပဲ၊ ဆက်ပြီးတော့ ကိုသန်းဆွေကလည်း

ကိုသန်းဆွေ။ ။လုပ်ပြီ လုပ်ပြီ။

ဦးသန်းမြင့်။ ။ကိုသန်းဆွေ ခင်ဗျားကလည်း ကျွန်တော်တို့မိတ်ဆွေကြီးကို ဂုဏ်ပြုတဲ့ အနေနှင့် ခင်ဗျားလည်း တစ်ပုဒ်ဆိုဗျာ။

ကိုမင်းရှင်။ ။ငွေဝန်းသော်တာဆိုပေါ့ဗျာ။

ကိုသန်းဆွေ။ ။အင်း အင်း ဆိုချင်ပါတယ်လေ၊ ငွေဝန်းသော်တာဟာ နာမည်သိပ်မတက်ခင်မှာ စပ်ခဲ့တဲ့သီချင်းဆိုတော့ ကဲကိုအုံးလွင် မယ်ဒလင်လုပ်ဗျာ။

ငွေဝန်းသော်တာသီချင်းတစ်ပုဒ်ဆိုပြီး တော်လောက်ရောပေါ့ခင်ဗျာ။

ဦးသန်းမြင့်။ ။ကျေးဇူးတင်ပါတယ် ကိုသန်းဆွေ၊ ကျွန်တော်တို့ ဒီအပတ် တေး၏

ကြေးမုံကဏ္ဍမှာ ကျွန်တော်တို့ရဲ့မိတ်ဆွေဖြစ်တဲ့ ဂီတနက်သန်ကိုစော ညိန်း၊ သူ့ရဲ့လက်ရာများကို သူ့ရဲ့အရင်းနှီးဆုံးဖြစ်တဲ့ စာရေးဆရာ ကိုသန်းဆွေ၊ စာရေးဆရာ ကိုမင်းရှင်၊ ဂီတနက်သန်အမည် အမွေ ဆက်သူ ဂီတနက်သန် ကိုဘုံးလွင်တို့နဲ့ ကျွန်တော် အခုဆွေးနွေးပြီး တော့ ကျွန်တော်တို့ သောတရှင်များကို သူ့သီချင်းများနဲ့ တင်ဆက် ဖျော်ဖြေလို့ ပြီးပါပြီခင်ဗျား။

□□□

## ''မိုးအစ – မိုးအလယ် – မိုးအဆုံး''

### ရွှေရတုသဘင်အမှတ်တရ( ၁၉၂၅ – ၁၉၅၂ )

စောနိုင်ဦး

### ( ၁ )

" x x x မိုးဦးသစ်ခဲ့ပြန်ပြီ၊ ပြာပြာဝေဆိုင်း၊ ဘုံ့ကာသာပဲ မှိုင်းတလဲ့လဲ့၊ သိုင်းဖွဲ့ရွှေယုဂျန် သည်၊ ပြီမလိုလိုနဲ့၊ တိမ်ညိုပြိုင်းပြိုင်း ဆိုင်းသွဲ့ဝေရီ၊ ပြစိမ်းစိုဖန့်ဖန့်ပြေ၊ စုံမြေနံ့သာပြိုင်မဟီ၊ မှန်သီကြီရင့်၊ ပင်ယံကြွင်း၊ ပန်တော်မီး၊ ဝိတောက်ကျွန်ညာချို၊ ရာသီခါလင့် ပွင့်ဝါ သင်းလို့၊ တဝင်းဝင်းကြွေသက်၊ တညင်းညင်းခြွေရက်၊ လွမ်းပို အောင် တောင်ပြန်လေသွေး၊ စက်ရှုံအေးတော့သည် x x x "

၁၉၅၀ခု၊ မေလ၊ ၆ရက်နေ့တွင် မြန်မာ့အသံလေလှိုင်းမှ အထက်ပါသီချင်းကို ကြားကြရသည်။ သီချင်းခေါင်းစဉ်မှာ "ဝသန်ခါဦး" ဖြစ်၍ သီဆိုသူမှာ ကိုလှထွန်းဖြစ်သည်။ သီချင်းစာသားများက မိုးဥတု၏ ရာသီသဘာဝအလှကို မျက်စိထဲ လင်းခနဲ၊ ထင်းခနဲ မြင်ယောင်လာစေရန် ဖွဲ့နိုင်စွမ်းရှိသည်။ မိုးယံကောင်းကင်ရှိ တိမ်တိုက်များသည် ဆေးစပ်ခြယ်သထားသော ဝဈွန်ရုပ်၊ နဂါးရုပ်၊ မကန်းရုပ်များကဲ့သို့ ဖြစ်နေသည်ဟု ဖွဲ့သည်။ ဤမျှလွမ်းဖွယ်ကောင်းသော ဝသန်ရာသီသည် ဒီမောင်အား လွမ်းအောင်

ပူအောင် ဖန်နေပေပြီ၊ အချစ်ရေးမညီသူကလေးအား မိုးနတ်ဆွေက သိလှည့်ပါဟု တိုင်တည်ထားသည်။

"ဝသန်ခါဦး" သီချင်းမှာ စာသားတစ်ခုတည်း၌ပင် နူရွလှုပနေသည်မဟုတ်ပေ။ သံစဉ်ကလေးများကလည်း တစ်မျိုးတစ်ဘာသာ ဆန်းသစ်နေပေသည်။ ပုံမှန်ကြားနေကျ တေးသွားမျိုးမဟုတ်ဘဲ သံဆန်းအကွန့်ကလေးများ ထည့်ထားသည်။ ကြားရသူ သောတရှင်တချို့က ဤကဲ့သို့သော စာသား၊ တေးသွားမျိုးကို မည်သူများ ရေးစပ်နိုင်ပါလိမ့်ဟု သိလိုလာကြတော့သည်။ တေးပြုစာဆိုကား ကိုစောညိန်း တစ်ယောက်ပင် ဖြစ်၏။

သူရေးသားအသံသွင်းထုတ်လွှင့်ခဲ့သော "ဝသန်ခါဦး"သီချင်းသည် သူ၏ အစအမွန်ဦးဆုံး လက်ရာတစ်ပုဒ်ဖြစ်သည်။ သူသည် မိုးနှင့်ပတ်သက်သော သီချင်းဖြင့် ဂီတလောကသို့ စတင်ဝင်ရောက်လာခဲ့ပေသည်ဟု ဆိုနိုင်၏။

ယင်းနောက် "မှာလိုက်ပါရစေ (ငွေဝန်းသော်တာ)" သီချင်းကို သူကိုယ်တိုင် ရေးသားသီဆို အသံလွှင့်ခဲ့သည်။ သူ၏အသံမှာ အသံကောင်းမဟုတ်သော်လည်း ခပ်အေးအေး၊ ကျစ်ကျစ်လျစ်လျစ်ရှိသည်။ ဟန်မှင်မောင်းကောင်းပြီး သီချင်းတစ်ပုဒ် ဆိုပြနေသည်ဟု မထင်ရ၊ ကဗျာတစ်ပုဒ်ကို သံနေသံထားနှင့် ရွတ်ပြနေသည့်အလား နားထောင်သူ၏ စိတ်အာရုံ၌ ထင်မြင်ယောင်လာစေသည်။

ကိုစောညိန်းသည် ဂီတလောက၌ အမှိန်ရလာသည်နှင့်အမျှ "ဆောင်းနတ်မယ်၊" "နွေဦး" သီချင်းများကို ဆက်လက်ရေးသားအသံလွှင့်ခဲ့သည်။ သူ၏ "ပွင့်ဦး" နှင့် "သစ္စာ"သီချင်းများ၌ မေတ္တာ၊ သစ္စာအကြောင်းအရာများအပြင် အဘိဓမ္မာသဘောတရားများလည်း နက်နဲစွာ ပါဝင်လျက်ရှိသည်။ "ပွင့်ဦး" သီချင်းကို ကိုစောညိန်း ကိုယ်တိုင် သီဆိုအသံလွှင့်သောအခါ မြန်မာ့အသံညွှန်ကြားရေးဝန် ဦးခင်ဇော်ကိုယ်တိုင် တယ်လီဖုန်းဆက်၍ ထိုသီချင်းအား ဓာတ်ပြားကူးထားရန် လှမ်းမှာသည်။ အသံကူးပြီးသောအခါ ဓာတ်ပြားလေဘယ်(ကတ်ပြား)ပေါ်တွင် ဤသီချင်းသည် အနုပညာရသ အမြောက်ဆုံးသော ခံစားမှုတေးတစ်ပုဒ်ဖြစ်သည်ဟု ဦးခင်ဇော်ကိုယ်တိုင် အင်္ဂလိပ်လို ရေးကာလက်မှတ်ထိုးပေးထားသည်။ "ပွင့်ဦး"သီချင်းသည် ကိုစောညိန်း၏နှလုံးသား ခံစားချက်မှ ပေါက်ဖွားလာသော တေးတစ်ပုဒ်ဖြစ်သည်။ သူ၏ရင်တွင်းခံစားချက် ရေပေါက်ကလေးများသည် ဘဝတည်းဟူသော ကျောက်ဆောင်ပြင်သို့ကျရောက်လာသောအခါ တေးသွား၊ သံစဉ်ကလေးများအဖြစ် အစီအရီထွက်ပေါ်လာကြပေသည်။

ကိုစောညိန်းငယ်စဉ်က ( ၂၁ )လမ်းရှိ ဦးဘိုးအေးကျောင်းတွင် ပညာသင်ခဲ့ရာ

"ခင်"ဆိုသော မိန်းကလေးတစ်ယောက်နှင့် သိကျွမ်းခဲ့ရသည်။ "ခင်"တို့က ကြွယ်ဝချမ်းသာသည်။ နေဂုဏ်အသိုင်းအဝိုင်းကြားမှာ ကြီးပြင်းလာခဲ့ရသူတစ်ယောက် ဖြစ်သည်။ ဖြူစင်ချောမောသော အသားအရေရှိပြီး စိတ်သဘောထားမှာလည်း စင်ကြယ်သန့်ရှင်းသည်။ ထို့ကြောင့် ကိုစောညိမ်းက "ခင့်"ကို စပယ်ပန်းကလေးနှင့် တင်စားခဲ့သည်။

" x x x မှုမှန်တမင်ပွင့်၊ အဖြူခံအဆင်နှင့်၊ အသွင်တင့်
ယဉ်ကျေးပါပေတယ် x x x ငွေရည်ငွေသွေး၊ မိုးမိုးလေးနဲ့ မြင်သူ
ဖေးဖွယ်၊ ဘယ်ရွှေဆုတောင်းလဲကွယ့် စံပယ်ရယ်၊ အမျိုးဘော်ဝင်
အရွယ်၊ ချစ်ချစ်ဖို့ကောင်းလွန်းတယ်၊ (စံပယ်)[၆] - ဖြူစင်ကြယ်
သူလေးကို သည် နာမည်ပေးချင်ပါပြီကွယ် x x x "

ကိုစောညိမ်းက နေဂုဏ်ရှိတဲ့သော်လည်း ဥာဏ်ကောင်းသည်။ ဂီတ၊ စာပေ၊ အနုပညာ၌ ဝါသနာထုံသည်။ ရည်ရည်မွန်မွန်ရှိပြီး ခင်မင်စရာကောင်းသောကြောင့် လူတိုင်းက ချစ်ခင်ကြသည်။ "ခင့်"မှာလည်း လူတိုင်းထဲကတစ်ယောက်မို့ ကိုစောညိမ်းကို ခင်မင်တွယ်တာ စွဲလမ်းခဲ့ရသည်။ သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး တွယ်တာသံယောဇဉ်ဖြစ်နေခဲ့ကြသော်လည်း ဖွင့်ပြောဖို့မှာ လက်တွေ့တွင် မဖြစ်နိုင်ဘဲ ရှိနေသည်။ တစ်ဖက်သားမှာလည်း မိန်းကလေးတန်မဲ့ ဖွင့်ပြောရမှာခက်သလို တစ်ဖက်သားယောကျ်ားလေးမှာလည်း မတန်သည့်ပန်းကို မလှမ်းဝံ့ပုံဖြစ်နေခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ "ခင့်" အား တစ်နေ့နေ့တွင် ဖွင့်ပြောနိုင်လိမ့်မည်ဟု အားခဲထားနေစဉ်မှာပင် သူတို့နှစ်ဦးအား ဒုတိယကမ္ဘာစစ်ကြီးက တစ်နယ်တစ်ကျေးဆီသို့ ခွဲပစ်လိုက်လေသည်။

စစ်အတွင်းတွင် ကိုစောညိမ်းသည် အလျဉ်းသင့်သလို "ခင့်"အကြောင်းကို လိုက်လံစုံစမ်းသည်။ "ခင်"နှင့် ရင်းနှီးခဲ့ဖူးသူများနှင့် တွေ့တိုင်း "ခင့်"အကြောင်းမေးသည်။ ကြုံလျှင်ကြုံသလိုလည်း 'ခင့်'ကို ရှာဖွေနေမိပါတော့သည်။ လောကသစ္စာ၊ ပရမတ္ထသစ္စာကို ရှာဖွေတွေ့ဖို့ရန် ခက်ခဲသလို "ခင့်"ကိုရှာရသည်မှာလည်း လွယ်လှသည်တော့ မဟုတ်ပေ။

" x x x တရွေ့ရွေ့ ဝေးပါလို့၊ ရေမြေအဏ္ဏဝါ
ကမ္ဘာမြေခြားရာဝယ်၊ ထွက်ပြေးရှောင်ဖယ်၊ ပြေးရှောင်ဖယ်၊
မောင့်အပေါ်ဝယ် မူလွန်း နိုင်အားတယ် . . . ကွယ်၊ နာရီတွေ

နှောင်း၊ ရက်တွေသာ ညောင်းပါလို့ရယ်၊ လရာသီတွေ (ပြောင်းကာ)၂ နှစ်ပေါင်းတွေကြာခဲ့ပေါ့ မဟာကပ် ကမ္ဘာမြေလွှာပြင်ဝယ်၊ မြူခြေငွေနှင်းကျကာ ဆင်းသည့်နှယ်၊ သက်ဘယုံမှားလွဲစွာ မှောင်မည်း အဝိဇ္ဇာဖုံးဖိတ်ကွယ်၊ ခြော် . . . တွေ့နိုင်ခဲလှတယ် · x x x "

ရေမြေခြားစေသည့်တိုင် "ခင့်"ကို ရှာဖွေမည်ဟု အားခဲထားသော်လည်း "ခင်"နှင့်ပတ်သက်၍ ကိုစောညိန်းအတွက် စိတ်မကောင်းစရာသတင်းတစ်ခု ကြားခဲ့ရသည်။ မိတ်ဆွေတစ်ဦး၏ပြောပြချက်အရ "ခင့်"မှာ မိဘများပေးစားသော စက်သူဌေးသားတစ်ဦးနှင့် လက်ထပ်သွားပြီဟု သိလိုက်ရသည်။ ရွှေသည်းမှာဖို့ပါတဲ့ မညိုနုပင်ကလေးသည် ကြွေကြွေကာ နွမ်းခဲ့ရလေပြီ၊ သူ့အား အနိုင်းစံပယ်မို့ ပစ်ပယ်ခဲ့ပြီး နန်းထိုက်သည့် ပန်းမကိုဋ်ရွှေတော်သဇင်ကို ရွေးသွားသည်ဟုသာ မှတ်ယူလိုက်သည်။

ယင်းနောက်မှစ၍ သူသည် လောင်ကျွမ်းခဲ့ရသော အသည်းနှလုံးကို ဂီတနှင့် ဖုံးဖိကုစားခဲ့ရသည်။ "ချစ်တိုင်းမညား"၊ "ထီးကျန်ဘဝ"၊ "သည်းကြွေလှူပြီ (စန္ဒာပဝင်း)" စသော တေးသီချင်းများရေးစပ်၍ တစ်ယောက်တည်း ညည်းတွားနေခဲ့သည်။ အချိန်ကကုစားပေးသဖြင့် "ခင့်"အား တဖြည်းဖြည်းမေ့နိုင်လာသည်၊ နာကြည်းစိတ်နှင့် ဂီတတို့ကလည်း "ခင့်"အား သတိမရနိုင်စေရန် ကူညီပေးသည်။

အချိန်တွေ တစ်စတစ်စနှင့် တိုက်စားကုန်ဆုံးလာသည်၊ ဒုတိယကမ္ဘာစစ်ကြီးပြီးသွားသောအခါ "ခင်"သည် ရန်ကုန်သို့ ရောက်လာသည်။ သမာမီသတင်းစာတိုက်တွင် ကိုစောညိန်းနှင့် တွေ့၍ အကျိုးအကြောင်းရှင်းပြသည်။ မိဘများက စက်သူဌေးသားနှင့် လက်ထပ်ပေးရန် စီမံခဲ့သည်မှန်သော်လည်း မိမိမှာ ကိုယ်တကယ်ချစ်ရသူနှင့်သာ လက်ထပ်ရန်ဆုံးဖြတ်ထားသည်၊ အချစ်နှင့်ဘဝကို တစ်ထပ်တည်းကျအောင် တည်ဆောက်လိုသူသာဖြစ်ပြီး စစ်အတွင်း၌ ကိုစောညိန်းအား တစ်နေ့တစ်ရက်မှ မေ့မရပါကြောင်း ပြောသည်။ ကိုစောညိန်းလည်း အံ့ဩခြင်းကြီးစွာဖြင့် ဘာပြောရမှန်းမသိဘဲ ကြက်သေ,သေနေမိသည်။

သူ့ အနှစ်နှစ်ကာလက စိုက်ပျိုးထားခဲ့သော အချစ်ပန်းပွင့်ဖူးကလေးသည် ကြွေနွမ်းခြောက်သွေ့ခဲ့ပြီး ဖြစ်လေသည်၊ အချစ်တွေ ဆိတ်သုဉ်းခဲ့ပြီဖြစ်၍ ထပ်မံချစ်၍ မရတော့ပါ။ သို့သော် မုန်းသလားဆိုတော့လည်း မမုန်းပါ။

" x x x စံပယ်မြှုတုံးခါမှ ခင်ဖုန်းသက်ဝေရယ်၊ ဘယ်စိတ်လည်လို့ ပေါ်လာပြန်တယ်၊ လှောင်တာလေလားနော်ကွယ်၊ ဖန်လာပုံ အခုမှ ဆန်းကြယ်၊ အချစ်ဖြင့်ဆိတ်သုဉ်း၊ ဆုံးရှုံးခြောက်ခန်း၊ လောင်ကျွမ်းခဲ့ရ မောင့်ဘဝအစဉ်ဝယ်၊ ဆက်သွယ်သန္တတိ မပြိုသော ရုပ်နာမ် ပြောင်းလွဲသည့်နှယ်၊ ဖြစ်ပြန်ပျက်ပြန် အချစ်မှန် တရားရယ်၊ မှုလွှမ်းခဲ့သူရယ်၊ ပွင့်ဦးကြွေမှုဖြင့်ကွယ်၊ မပန်စေချင်ရက်တော့တယ် xxx"

သန္တတိသခါရသဘောတရားအရ အရာရာတိုင်းသည် တစ်သမတ်တည်း မရှိနိုင်ပါ။ အခုချစ်လို့ရပေမယ့် နောင် ချစ်လို့ရချင်မှရမည်။ မြေမှာခဲ့ရသော ပွင့်ခြောက်ကလေးအား တစ်ဖန်ပြန်ကောက်၍ မပေးချင်တော့ပါ။ ကြွေနွမ်းမှုသည် ပြန်လည်လန်းဆန်းလာနိုင်တော့မည်မဟုတ်ပေ။ ကိုစောညိန်း၏သဘောထားအမှန်ကို သိရသော "ခင်"မှာ မျက်ရည်သုတ်၍ ပြန်ခဲ့ရရှာသည်။

သန္တတိသခါရ အနိစ္စကြောင့် ကိုစောညိန်း၏စိတ်အစဉ်တွေ ပြောင်းလဲခဲ့တာလား၊ "သစ္စာ" သီချင်းထဲကလို "ဇရာကား ဝါးမျိုခဲ့ပြီကွယ်" ဆိုသည့်အတိုင်း "ခင့်"မှာ ယခင်ကလို မလှပနိုင်တော့ပြီလား၊ "မပြိုသောရုပ်,နာမ်ပြောင်းလဲသည့်နှယ်" ဆိုသည့်အတိုင်း နှစ်ခုစလုံးကြောင့်ပဲလား ဆိုတာကတော့ ကိုစောညိန်းတစ်ယောက်ပဲ သိနိုင်ပေတော့မည်။

□

( ၂ )

ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံစာရေးဆရာများအသင်းတိုက်၌ အသံများဆူညံနေသည်။ အချိန်မှာကား ၁၉၅၀ခုနှစ်၏ ညချမ်းအချိန်တစ်ချိန်၌ ဖြစ်သည်။ စာရေးဆရာအသင်းကြီးမှ စာဆိုတော်နေ့ အထိမ်းအမှတ်ပွဲအတွက် နတ်သျှင်နောင်ပြဇာတ် ကပြရန် ဇာတ်တိုက်နေကြ၏။ ဇာတ်မီးရောင်အောက်တွင် ပြဇာတ်၌ ပါဝင်မည့် အသင်းဝင်စာရေးဆရာများအပြင် ပြင်ပမှ ရုပ်ရှင်ပြဇာတ် မင်းသား၊ မင်းသမီးများလည်း စုံစုံညီညီ အားကြိုးမာန်တက် ဇာတ်တိုက်နေပေသည်။

ဇာတ်တိုက်သူကတိုက်၊ သီချင်းတိုက်သူကတိုက်၊ စကားစုပြောနေသူက ပြောနှင့် ရှုပ်ထွေးဆူညံနေသည်။ ထိုအချိန်တွင် အသားအရေ ဖြူရော်ရော်၊ ကိုယ်နေ ပိန်ပိန်ပါးပါးနှင့် အသက်နှစ်ဆယ်ကျော်ခန့်ရှိ လူရွယ်တစ်ဦး မယ်ဒလင်တစ်လက်ပိုက်ပြီး ရောက်လာသည်။ သူ၏ခေါင်းမှ ဆံပင်များမှာ မဖြီးမလိမ်းဘဲထားသောကြောင့် ရှုပ်ထွေးပွေလီနေသည်။ အဝတ်အစားများမှာလည်း ရှပ်အင်္ကျီအဖြူလက်ရှည်ကို လက်ခေါက်ပြီးဝတ်ကာ ခါးတွင် ချည်လုံချည်တစ်ပတ်နွမ်းကလေးကို ဝတ်ဆင်ထားသည်။ စီးထားသောဖိနပ်မှာလည်း ခုံဖိနပ်ကွင်းထိုးကလေးသာဖြစ်သည်။ သူ၏နောက်တွင် သက်တူရွယ်တူ လူငယ်လေးတစ်ယောက် အဖော်အဖြစ် ပါလာသည်။

သူတို့နှစ်ဦးမှာ သူစိမ်းတစ်ရံများဖြစ်သောကြောင့် ကြောင်တောင်တောင်ဖြစ်နေကြသည်။ အသင်းတိုက်မှ လူများကလည်း ဇာတ်တိုက်ရာကို လာကြည့်သည့် ဧည့်သည်များဟုထင်ကာ ဘာသိဘာသာနေကြသည်။ ခပ်နွမ်းနွမ်း၊ ချို့ချို့တဲ့တဲ့ဖြစ်နေသောသူတို့၏ပုံပန်းသဏ္ဌာန်ကြောင့် မည်သူမျှ အရေးမလုပ်ကြတာလည်း ဖြစ်နိုင်ပေသည်။

ယင်းနောက် မကြာမီ ဆရာသုခရောက်လာပြီး "ဟေး . . . ကိုစောညိန်း ခင်ဗျားသီချင်းဘယ်နှယ့်လဲ ဆိုပြစမ်း နားထောင်ကြည့်ရအောင်"ဟု လှမ်းပြောလိုက်သည်။ ထိုအခါ အသင်းတိုက်၏ အပြင်လေသာဆောင်ကို ထွက်၍ ကိုစောညိန်းက မယ်ဒလင်တီးပြီး သူ့အဖော်ကို သီချင်းဆိုစေသည်။

" x x x နွေနှောင်းရက်ကျန်၊ ဝသန်ပေါ်ဦးခါ၊ အုံ့ဖျမိုင်းဆန်း ယုဂန်ဘွေ မြနန်းမှာ၊ ရွှေလျှံ လျှပ်နွယ်ခွေကာ မိုလွှာချပ်ဆင် ဝေမှင်မှောင်မြာ၊ တိမ်တိုက်ရွှေပြောင်း လေလျှင်လောင်းရာ၊ ကြွေကာ ကြွေကာ မြေမှာကြဲလျက်၊ ပုလဲရည်ငွေစက်၊ ဖျန်းပက်ခွေရွှာ၊ မြူမှုန်လိမ်းကျံတဲ့၊ ညိုးပြောင်းရွက်ညာရွှေရောင်ရော်ဝါ၊ သဏ္ဍာလို ပြည့်ရောကာ၊ ကြွေလျော့ကုန်လု ပုရစ်နုညာချို၊ နှောင်းနွေ သန်လု စက်ရာသီမှာ၊ လေယူဆောင်နှင်း၊ မြေဆီမြေသင်းနံ့သာ၊ စိန်မြူအုံ့ကြွ ကြာညောင်းသစ္စာ၊ ပန်းကြဲတဲ့ပဲစက်ရာမှာ၊ မယ့်ကိုယ်က မွေးမြူလေသလား၊ ထင်မြင်ယောင်တွေးမိမှာကော သည်းအူချာ ကြွေအောင်ဖန်လာ၊ သက်လျှာဓာတုရဲ့ မြင်လှဲ့ပါ x x x "

သူ၏သီချင်းမှာ နတ်သျှင်နောင်၏ ရတုကဗျာကို ပြန်လည်ဆန်းသစ် လာ

အောင် ဖော်ပြနိုင်စွမ်းရှိသည်။ ကဗျာလင်္ကာ ဂီတရသအား ပေါ်လွင်လှသည်။ နုညက်လှပသော စကားလုံးလေးများအား သစ်ရွက်ကလေးများကြွေကာ ကျကာသွားသည့် သံစဉ်နှင့် တွဲဖက်ပေးထားသည်။ ပြောင်မြောက်သောသံစဉ်တေးသွားများကြောင့် ခေတ်သစ်ပတ်ပျိုးကလေးတစ်ပုဒ်ကဲ့သို့ ချစ်စရာကောင်းလှသည်။

သီချင်းဆိုပြီးသောအခါ ဆရာသုခက "အင်း . . . ခင်ဗျားသီချင်းက ကောင်းတော့ သိပ်ကောင်းတာပဲ။ ဒါပေမယ့် အဆိုကတော့ ခက်မှာပဲ၊ ဒီပြင်လူ မဆိုချင်ဘူးဆိုရင် ကျုပ်ဆိုမယ်ဗျာ" ဟု ပြောလိုက်လေသည်။

ထို့နောက် ဆရာဒဂုန်တာရာ၊ ဂီတာဘစောကြည်နှင့် ပြည်သန်းနွယ်တို့ ရောက်လာပြီး ၎င်းသီချင်းအား ဆိုခိုင်းပြန်သည်။ နောက်တစ်ကြိမ် သီချင်းကို ဆိုပြီးသောအခါ ဆရာဒဂုန်တာရာမှ ပြုံး၍ ချီးကျူးစကားဆိုသည်။ ဂီတာဘစောကြည်ကဆိုလျှင်လည်း "ချစ်စရာကောင်းလိုက်တဲ့သီချင်းကလေးဗျာ၊ ခင်ဗျားရဲ့ကြိုးစားမှုကို ကျုပ်ချီးကျူးပါတယ်။ ဒါပေမယ့် ခင်ဗျား ဒီသီချင်းမျိုးချည်းသာ ရေးမယ်ဆိုရင်တော့ လက်ရှိဂီတလောကမှာ ငတ်မှာပဲ" ဟု ပြော၍ ချီးကျူးသတိပေးသည်။

"နွေနှောင်းဝသန်" သီချင်းအား ကာဒွေးရုံ့မှ ဆရာရွှေပြည်အေးကိုယ်တိုင် ကြိုးကြိုးစားစား အပင်ပန်းခံတီးလုံးတိုက်ပေးပြီး 'နုတ်စ်'လည်း ထုတ်ပေးခဲ့သည်။ "ရှားပါတယ်ဗျာ၊ ဒီလိုလူတော့ ကျုပ်ထက်ငယ်ပေမယ့် ဆရာတင်ပါတယ်"ဟု ဆရာရွှေပြည်အေးက ကိုစောညိန်းအား ချီးကျူးစကားဆို၏။ ထို့နောက် သူ့အား ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် ဆရာရွှေပြည်အေးကိုယ်တိုင် ၎င်းသီချင်းအား စန္ဒရားနှင့် ဆိုတီး,တီး၍ မြန်မာ့ အသံတွင် အသံသွင်းပေးသွားခဲ့သည်။

၁၉၅၀၊ ဒီဇင်ဘာလ၊ (၁၀)ရက်နေ့တွင် နတ်သျှင်နောင်ပြဇာတ်ကို ကာဒွေးရုံ့မှ ကပြသည်။ ယင်းပြဇာတ်၌ သူ၏ "နွေနှောင်းဝသန်" သီချင်းအား ဆရာသုခကိုယ်တိုင် ပင် သီဆိုခဲ့သည်။ လွမ်းလွမ်းဆွေးဆွေးနှင့် သဘောတရားပိုင်နိုင်စွာ သီဆိုနိုင်သောကြောင့် ပရိသတ်ရင်ထဲတွင် ဆို့နင့်သွားခဲ့ရသည်။ ထိုသီချင်းကြောင့် ဆရာသုခရော ကိုစောညိန်းပါ နာမည်ရ လူကြိုက်များခဲ့တော့သည်။

၎င်း "နွေနှောင်းဝသန်"အား အကြောင်းပြု၍ ကိုစောညိန်းအား ဂီတလောက နယ်ပယ်က ဦးစားပေးလေးစားလာကြသည်။

ထို့ပြင် သူ့အား ရုပ်ရှင်လောက၊ ဓာတ်ပြားလောကမှ သီချင်းများ အရေးခိုင်းရသည်အထိ ဖြစ်လာသည်။

"နွေနှောင်းဝသန်"သီချင်းဖြင့် နတ်သျှင်နောင်၏ ရတုကဗျာကို ဖော်ပြကာ

ဂီတတေးသံဖြင့် ပြန့်လည်ဆန်းသစ်သော သူ၏ဂီတအနုပညာကို ဂုဏ်ပြုသောအားဖြင့် စာရေးဆရာအသင်းကြီးမှ အနုပညာဂုဏ်ထူးဆောင်လက်မှတ်ကို နှင်းအပ်ခဲ့ပေသည်။ ဤဂုဏ်ထူးဆောင်လက်မှတ်ကို အကြောင်းပြု၍ သတင်းစာများက သူ့အကြောင်း ရေးသားဖော်ပြကြသည်။ သူ၏ ဝိတောက်ပင်လမ်း နေအိမ်ရှေ့ရှိ "ဂီတနက်သန်"ဟူသော အဖြူရောင်ဆိုင်းဘုတ်ကလေးကို အကြောင်းပြု၍ "ဂီတနက်သန်စောညိန်း" "ဂီတနက်သန်စောညိန်း" ဟူ၍ အမည်သညာပေး၍ ခိုကျူးထောမနာခဲ့ကြသည်။ ဤသို့အားဖြင့် မိုးနှင့်ပတ်သက်သော သီချင်းအား အကြောင်းပြု၍ ဂီတလောကနယ်ပယ်၌ "ဂီတနက်သန်ကိုစောညိန်း"ဟူသော အမည်သည် တစ်စတစ်စ ထင်ရှားကျော်ကြားလာပေတော့သည်။

□

( ၃ )

အနောက်တောင်တွင် မည်းမှောင်နေသော မိုးသား မိုးလိပ်များ တလိပ်လိပ် တက်နေသည်။ မြို့ကျ ရွာသွန်းလေတော့မည်လားလို့လည်း ထင်ရသည်။ စာဆိုရှင်သည် အားငယ်စိတ်များ ဝင်လာ၏။ သည်မိုးမှောင်တုန်းတွင် ချစ်သူခင်သူ တစ်ဦးဦးထံ၌ ပုန်းခိုချင်စိတ်များလည်း ဖြစ်လာသည်။ ထို့ကြောင့် အားငယ်စိတ် ညိုနငယ်စိတ်များဖြင့် အောက်ပါကဲ့သို့သော သီချင်းမျိုးကို ရေးစပ်လိုက်လေတော့သည်။

" x x x အနောက်တောင်ဆီက။ ရွာမည်ဟန်ပြင်၊ မိုးသက်
လေနှင့် မှန်တိုင်းပင့်လျှင်. . . စမ်းမျက်နှာဖွင့်၊ တိမ်မိုးလွှင့်ကာနှင်၊
မှိုင်းမှိုင်းရိပ်မှောင် စွန်တောင်မှင် မြို့မှာလေလား . . . မိုးရဲ့
စိုအောင် ခုပင် အရွှန်မောင်ဖန်အားလေတဲ့အင် x x x
( လျှံ့ရွှေစင် မြူးမြူးပြက် လျှပ်စက်ရောင်ခြည်မှျင်၊ ဗျူဟာ
ဆင် မိုးလုံးပြည့် တရွေ့ရွေ့ယူဆဲတွင် )၂ x x x
နယ်ရှစ်ခွင် မင်းလွင်ဝန်းကျင်၊ လွမ်းအောင်ဖော်ပြ အာကာ
ဝေဟင်၊ ဘယ်ရွှေ ဝင့်ကြွေး တုံ့တင်ချေပြီထင်ခဲ့၊ နိဗ္ဗီရာမဲ့ ရှုလှည့်
မြင်လှည့်စေချင်၊ ချစ်တဲ့သူရဲ့ရင်ခွင်၊ သည်မိုးမှောင်တုန်း မောင်

ပုန်းပါရစေခင်၊ တစ်ကိုယ်ရေအားနွဲ့နွဲ့ တုန်ပြီရွှေဘဝင်၊ ငြိုရက်တဲ့
ဒေဝါဆွေနတ်ရှင်၊ ပြော်မိုးသက်လေနှင် x x x "

ဤသီချင်းသည် ဂီတနက်သန်ကိုစောညိမ်း၏ နောက်ဆုံးလက်ရာဖြစ်သည်။ ၁၉၅၂ခုနှစ်၊ မိုးဦးကျအချိန်တွင် ဂီတနက်သန်အဖွဲ့နှင့် နောက်ဆုံးအသံသွင်း ထုတ်လွှင့်ခဲ့သော တေးတစ်ပုဒ်ဖြစ်သည်။ ထိုသီချင်းရေးပြီး ငွေရေးကြေးရေးအခြေအနေကြောင့် "ဂီတနက်သန်"ဝိုင်းကိုပင် ရပ်နားထားလိုက်ရတော့သည်။ သူသည် ဥပစာတန်း စာမေးပွဲဖြေရန် သီချင်းရေးသားမှုကို ရပ်နားထားပြီး အိမ်တွင် စာကိုသာ မိကျက်နေခဲ့သည်။

၁၉၅၂ခု၊ အောက်တိုဘာလ၊ (၂၉)ရက်နေ့ည ဖြစ်သည်။ ညီဖြစ်သူ ကိုလှဝေ (အနီ)သည် ကြည့်မြင်တိုင် ပိတောက်ပင်လမ်းထိပ်ရှိ 'ရွှေပြည်အေး'လက်ဖက်ရည်ဆိုင်တွင် စစ်တုရင်ကစားနေသည်။ ထိုအချိန် ကိုစောညိမ်းရောက်လာ၍ ကိုလှဝေက ပိုက် ဆံတောင်းပြီး သူငယ်ချင်းတစ်ဦးနှင့် ရုပ်ရှင်သွားကြည့်သည်။ ကိုစောညိမ်းအား ရင်းထိုးလက်စ စစ်တုရင်ဝိုင်းအား ဆက်ထိုးနေစေသည်။ သူတို့သွားကြည့်သော ရုပ်ရှင်ရုံမှာ ရွှေတိုင်သီရိရုံဖြစ်၍ အင်္ဂလိပ်မင်းသားကြီး ဘလင်တီနိုပါသည့်ကား တင်နေသည်။

ည(၁၁)နာရီလောက်တွင် ရုပ်ရှင်ပြီး၍ အိမ်အပြန် ကိုလှဝေ ဖိနပ်ပျောက်သဖြင့် အုန်းပင်လမ်းထိပ်မှ မြင်းလှည်းသမားအုပ်စုနှင့် ရန်ဖြစ်ခဲ့သည်။ ကိုလှဝေလည်း အိမ်သို့ ပြန်ပြေးလာ၍ ဝတ်ထားသော ကုတ်အင်္ကျီအား ချွတ်ခဲ့ကာ သံတုတ်ဆွဲပြီး ပြန်ဆင်းသွားသည်။ ကိုစောညိမ်းလည်း ထိုအချိန် စာကျက်နေစဉ်ဖြစ်၍ စိတ်မချနိုင်၍ စာအုပ်ပိတ်ပြီး ညီနောက်မှ လိုက်သွားသည်။ ကိုစောညိမ်းတွင် ညီဖြစ်သူ ချွတ်ခဲ့သော ကုတ်အင်္ကျီနှင့်ဆင်တူ ကုတ်အင်္ကျီတစ်ထည် ဝတ်ဆင်ထားသည်။

ကိုစောညိမ်း လမ်းထိပ်သို့ ရောက်သောအခါ ကိုလှဝေနှင့် မှုနေသော မြင်းလှည်းသမားများ ခိုက်ရန်ဖြစ်ပွားနေလေသည်။ သူက ပြေလည်ရာပြေလည်ကြောင်း ဝင်ဖျန်သည်ကို မှုနေသော တစ်ဖက်လူမှ ပြန်ရန်မူသည်။ ကုတ်အင်္ကျီဝတ်ထားသူသည် သူတို့၏ရန်သူထင်၍ သံတုတ်ဖြင့် ဖိရိုက်ရာ ကိုစောညိမ်းလဲကျသွားသည်။ သွေးအလိမ်းလိမ်းဖြစ်နေသော ကိုစောညိမ်းအား ညတွင်းချင်းပင် ရဲကားဖြင့် ဆေးရုံကြီးသို့ပို့လိုက်ရသည်။ အကြောသေသလိုဖြစ်သွားပြီး ဦးခေါင်းက ဒဏ်ရာကြောင့် ဦးနှောက်တွင်းသို့ သွေးဝင်သွားသည်။ ဤသို့ဖြင့် အောက်တိုဘာလ၊ (၃၁)ရက်၊ တန်ဆောင်မုန်း လဆန်း (၁၄)ရက်နေ့ နံနက်ပိုင်းတွင် ချစ်ထံတဲ့ရှင်တစ်ယောက် သခါရသဘောနှင့်

အကြွေစောခဲ့ရရှာသည်။

ကိုစောညိန်း ကွယ်လွန်သောအခါတွင် အသက်မှာ (၂၇)နှစ်နှင့် (၇)လတိတိသာ ရှိသေးသည်။ သူချစ်သော မြန်မာစာပေနှင့် ဂီတလောကကို အရွယ်မတိုင်မီပင် ကျောခိုင်းသွားခဲ့ရှာသည်။ သူနှင့် ခင်မင်သိကျွမ်းခဲ့ဖူးသူတိုင်း ကြိမ်မီးအုံးကဲ့သို့ ပူဆွေးကြေကွဲခဲ့ရသည်။ ဂီတလောကအတွက်လည်း ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်ဖြစ်ခဲ့သည်။

ကိုစောညိန်း၏ တွယ်တာသံယောဇဉ်ဖြစ်ခဲ့ရသော တပည့်ဖြစ်သူ 'မြေလတ်မေ' မှာ သူ ကွယ်လွန်ချိန်၌ ရန်ကုန်သို့ ရောက်လာသည်။ သူတို့နှစ်ဦးမှာ စာချင်းသာ အဆက်အသွယ်ရှိပြီး လူချင်းတစ်ခါမျှ မမြင်ဘူးသေးချေ။ (၂ . ၁၁ . ၅၂ )ရက်နေ့တွင် ကိုစော ညိန်းအိမ်သို့ ရောက်လာသောအခါ တိုက်တိုက်ဆိုင်ဆိုင် အသုဘချသည့်နေ့ ဖြစ်နေသည်။ သို့သော် အသုဘချသွားပြီးဖြစ်၍ 'မြေလတ်မေ'မှာ အလောင်းကိုပင် တွေ့မသွားရှာပါ။ 'မြေလတ်မေ'သာမက ကိုစောညိန်း၏ အိမ်သူအိမ်သားများပါ ယူကျုံးမရဖြစ်ကာ ရှုံးပွဲချင်းငိုကြွေးခဲ့ကြသည်။ သူက "နွေနှောင်းဝသန်"သီချင်းထဲတွင် "သက်လျှာဓာတုရဲ့ မြင်လှည့်ပါ"ဟု ဆိုထားသော်လည်း "သက်လျှာမေ"ကတော့ မြင်မသွားနိုင်ရှာတော့ပါ။

ဂီတနက်သန် ကိုစောညိန်းသည် "ဝသန်ခါဦး"ဟူသော မိုးသီချင်းဖြင့် ဂီတလောကသို့ စတင်ဝင်ရောက်လာပြီး "နွေနှောင်းဝသန်" မိုးသီချင်းဖြင့်ပင် ဂီတလောက၌ နာမည်တစ်လုံးရခဲ့သည်။ တိုက်ဆိုင်ချင်တော့လည်း "မိုးသက်လေနှင်" မိုးသီချင်းသည် သူ၏နောက်ဆုံးလက်ရာ ဖြစ်နေသည်။ ကြွေချိန်မတိုင်မီမှာပဲ မိုးသက်လေနှင့်အတူ လွင့်ပါးလိုက်ပါသွားသည်။ မိုးနှင့်စ၍ မိုးနှင့်အောင်မြင်ကာ မိုးနှင့်ပဲ ဇာတ်သိမ်းသွားခဲ့လေတော့သည်။

ကိုစောညိန်းမှာ ပညတ်သွားရှာ ဓာတ်သက်ပါပဲဟုပဲ ဆိုရမလား နာမည်နှင့်လိုက်အောင် စောစောညိမ်းခဲ့ရသည်။ သို့သော် သူ၏တေးသီချင်းများသည် ယနေ့ခေတ်နှစ်(၅၀)ကျော်ကာလ ကြာသည့်တိုင်အောင် ပျောက်ပျက်မသွားသေးပါ။ သူ၏တေးသီချင်းများကို မြတ်နိုးကြသူတိုင်း၏ နှလုံးသားထဲ၌ ထိုးဖောက်ဝင်ရောက် ပျံ့နှံ့လျက်ပင် ရှိပါသေးသည်။ ကိုစောညိန်းသည် လူသာသေသော်လည်း နာမည်မသေသေးပါ။ သူ၏သီချင်းများအား ဆိုကြ၊ နားထောင်နေကြသမျှကာလပတ်လုံး သူ့အားလည်း အမှတ်ရ လွမ်းဆွတ်နေကြဦးမည်သာ ဖြစ်ပါတော့သည်။

□□□

(၂၀၀၂ခုနှစ်၊ ဩဂုတ်လထုတ် မဂ္ဂဇင်းမှ)

"မြေလတ်မေ(ခ)ရီရီမေ" ထံမှ "ကိုစောညိန်း"သို့ စေးစာ

ချစ်သော အစ်ကိုကြီးရေ

စာချက်ချင်း မပြန်တာကို စိတ်ဆိုးနေပြီလား၊ မဆိုးပါနဲ့ အစ်ကိုကြီးရယ်၊ ညီမလေးမှာ လွန်ခဲ့တဲ့ ၁၅ ရက်လောက်က မိုးရွာတုန်းအချိန်ကလေးမှာ ညီမလေးမေ ပြုစုစိုက်ပျိုးထားတဲ့ နှင်းဆီပင်တွေကို မိုးကလေးဖွဲဖွဲကြားမှာ ရေလောင်းလိုက်တာ ရွှံ့စေးနဲ့ ခုံဖိနပ်မြင့်မြင့်နဲ့ တစ်ခါတည်း နှစ်ပါးသွားပြီးချော်လဲလို့ ဆေးရုံမှာ ကုနေရပါတယ်လို့ဆိုရင် ကျေနပ်မှာပဲ ထင်ပါရဲ့နော်။

ဖြစ်ရပုံကတော့ ရယ်စရာပါပဲ၊ သစ်ပင်တွေ ရေလောင်းတာ ရွှံ့စေးထဲ ချော်လဲလို့ ခြေသလုံးရောင်နေလို့ ဆေးရုံကို မနက်တိုင်းသွားရပါတယ်။ ခုတော့ ပျောက်ပါပြီ။ ဆရာဝန်တွေ ဆရာမတွေကလည်း ရယ်ကြတယ်၊ မေချော်လဲတာကို ကလေးလဲမဟုတ်ဘဲနဲ့ ဒီလောက်ဆော့ရသလားတဲ့။ သူငယ်ချင်းမတွေကလည်း အားလုံးရယ်ကြတယ်။ သူတို့ကရယ်တော့ ခြေသလုံးက နာရတဲ့အထဲ ဒီလိုလာလာစတဲ့အတွက် မေတော့ ငိုလိုက်တာပေါ့။ ခုတော့ သက်သာသွားပါပြီ။

ဩော် ဒါထက် ကိုကြီးကို ဝမ်းသာစရာစကား ပြောရဦးမယ်၊ မေတို့လေ အသံလွှင့်ရတယ်၊ သီချင်းကတော့ မြန်မာသံစစ်စစ် ကျေးစေတမန်ရယ်၊ ပင်တိုင်ယံက ရွှေကျေးရယ် လွှင့်ခဲ့ရတယ်လေ။ မေတို့

မြို့က သူဌေးတစ်ယောက်က အစိုးရဆီက လက်မှတ်ယူပြီး အသံလွှင့်စက်တစ်ခု ဝယ်လိုက်တယ်၊ သူတို့တိုက်ရဲ့ အပေါ်ဆုံးအထပ်မှာ အသံလွှင့်ဌာန လုပ်ထားတယ်။ မြန်မာပြည်အလယ်ပိုင်းမှာ အကုန် အသံလွှင့်နိုင်တယ်။ မေလေးကတော့ အသံလွှင့်ခဲ့ပြီ။ အစ်ကိုကြီး ဝမ်းသာရအောင်လို့ မေကြိုးစားနေပါတယ်။ တစ်ခါမှ အသံမလွှင့်ခဲ့ဖူးဘူး။ ခုတော့ ဟန်ကျပြီ အားလုံးကလည်း မေလေးကို အားပေးကြတယ်လေ။ ဂရုစိုက်ကြတယ်၊ ချီးမွမ်းကြတယ်၊ အသံလည်း သိပ်ကောင်းတာပဲတဲ့။ ဒါပေမယ့် မေလေး သွေးမကြီးပါဘူး။ တကယ်လို့ မေသာ ရန်ကုန်လာရင် ဟန်ကျအောင်လို့ ဒီမှာ အသံလွှင့်စက်နဲ့တော့ ဆိုဖူးပြီ။ မေတို့မြို့က အဆိုတော်တွေထဲမှာတော့ မေဟာ ပထမပဲ၊ မေက ထိပ်ပဲ၊ မေ့ဆရာက ဘယ်သူလဲ မေသိပ်တော်ပါလားလို့ မေးကြတော့ မေက ဂီတနက်သန် ကိုစောညိန်းလို့ ပြောလိုက်ရတာပေါ့။ ကြွားလိုက်တာပေါ့။ ဂီတပညာ ကဗျာပညာတွေကို ရန်ကုန်က သင်ပေးပုံကို ပြောပြလိုက်တယ်။ မေလေ ခု နွေနှောင်းဝသန် တက်နေပါတယ်၊ ဆိုလို့ သိပ်ကောင်းတာပဲ။

ဒါထက် ကိုကြီးရဲ့ 'မြနန္ဒီ' သီချင်းကို ကြားလိုက်ရပါတယ်။ ဟိုအပိုဒ်ကလေးကိုတော့ ရလိုက်ပါရဲ့၊ 'လေရှူးသုန်သုန်' ဆိုတဲ့ အပိုဒ်ကလေးများ အသည်းကို စွဲသွားတာပဲ။ ဒါပေမယ့် အလိုက်မရဘူး။ အစ်ကိုကြီးရဲ့သီချင်းတွေကို ကိုယ့်အကြိုက်မှာ တစ်ခါတော့ မေလေး တောင်းရဦးမယ်။

မေဖြင့် ရန်ကုန်လာချင်လှပါပြီ ကိုကြီးရယ်။ မေ့ဓာတ်ပုံနဲ့ ဇာတ်လိုက်လုပ်လို့ရပါ့မလား။ သေချာတယ်လို့တော့ ပြောကြတာပဲ။ ဒါပေမယ့် အစ်ကိုကြီးပြောပြထားလို့ မင်းသမီးတော့ စိတ်ကပါပေမယ့် မလုပ်ရဲပါဘူး။ ဒီလို ကြောက်စရာကောင်းတဲ့ ရှုပ်လှတဲ့ မြို့ ရန်ကုန်ကိုတော့ လာရမှာတောင် ခပ်ကြောက်ကြောက်ပါပဲ။

မေလေး ကဗျာတွေလည်း စပ်ပြီးပို့ပါ့မယ်။ မေလေး ကဗျာကို ဝါသနာ အပါဆုံးပါပဲ။ သင်ပေးမယ်ဆိုလို့လဲ ဝမ်းသာရပါတယ်။ ကိုကြီးလည်း ကဗျာတွေထည့်ပါ။ အစ်ကိုကြီးရဲ့ကဗျာတွေ သီချင်းတွေ ဝတ္ထုတွေများဆိုရင် မေက သိပ်ဖတ်ချင်တာ။ ကဲ ကဲ

ဒီတစ်ခါ သီချင်းစပ်ရင် မေ့ကို မှတည်ပြီး သီချင်းစပ်လိုက်စမ်းပါ။ မေလေးတို့မြို့အကြောင်း၊ မေလေးတို့မြို့ရဲ့ သာယာပုံ၊ ဒီလိုမြို့ကလေးထဲက မေလေးအကြောင်းတွေကို သီချင်းတစ်ပုဒ်စပ်ပြီး ဆိုလိုက်စမ်းပါ။

တဲ လက်ညောင်းနေပြီ ညကလည်း ညဉ့်နက်မှ အိပ်ရတယ်၊ ဒါကြောင့် လက်ရေးသည်းခံဖတ်တော့နော်၊ မေလေး အိပ်တော့မယ်။

မင်္ဂလာရှိသော ညပါပဲ။

အစ်ကိုကြီး ထာဝစဉ် ကျန်းမာရွှင်လန်းပါစေ၊ စာပြန်နောက်ကျတာကိုတော့ စိတ်မဆိုးပါနဲ့!

ကိုကြီးရဲ့မေ။

စာမြန်မြန်ကလေးပြန်ပါ၊ အစ်ကိုကြီးရဲ့စာကို အင်မတန်မှဖတ်ချင်နေပါတယ်။ မေ မေ့နေလို့ အစ်ကိုကြီးရေ မေလေ ရှစ်တန်းစာမေးပွဲဝင်ဖြေတာ အောင်သွားပြီ၊ ဝမ်းသာလိုက်စမ်းပါ ချစ်သော အစ်ကိုကြီးရယ်။

❑

## "မမေ့တဲ့နိုင်"

မေ (မြေလတ်) ရေးသည်။

လူ့လောကကြီးကို ကျောခိုင်းပြီး ပျောက်ဆုံးသွားတဲ့ဆရာကို မမေ့တဲ့နိုင်လွန်းလို့ ကျွန်မရင်တွင်းမှာ ရှိသမျှတွေကို ရေးသားပေးပို့လိုက်ပါတယ်။

ကျွန်မနဲ့ ဂီတနက်သန် ကိုစောညိန်းနဲ့ သိခဲ့ရတာကတော့ ၁၉၄၉ခုနှစ်ကတည်းကပါပဲ။ ဦးလေး ကိုလှမြင့် မိတ်ဆက်ပေးမှုကြောင့် လူကို မမြင်ဘူးဘဲနှင့် ရန်ကုန်မှကိုစောညိန်းကို မြေလတ်ပိုင်းမှ ကျွန်မနဲ့ သိကျွမ်းခဲ့ကြပြီး ဂီတအနုပညာများကို ဆရာကိုစောညိန်းထံမှ ဆည်းပူးလေ့လာခဲ့ပါတယ်။ ဂီတဘက်မှာ ကျွန်မဟာ အင်မတန်ဝါသနာပါလှပါတယ်။ သီချင်းဆိုတာတို့ မယ်ဒလင်၊ ဂီတာတို့ကို အင်မတန်ဝါသနာပါပြီး ဂီတဘက်ကို ဝါသနာပါတဲ့လူတိုင်းကို ကျွန်မ ခင်မင်ပြီး တီးခိုင်း ဆိုဆိုင်းပြီး ကျွန်မ စည့်ခံကျွေးမွေးတတ်တဲ့ ဝါသနာပါခဲ့ပါတယ်။

ကိုယ်တိုင်ကလည်း ဂီတအနုပညာကို လေ့လာခဲ့ပါတယ်။ စာပေဘက်ကိုလည်း ဝါသနာပါတယ်။ ကဗျာရေး ဝါသနာပါတယ်။ ဂီတနက်သန်ကိုစောညိန်းထံမှာ တပည့်ခံပြီး ဂီတအနုပညာနဲ့ ကဗျာရေးနည်းများပါ သင်ကြားခဲ့ပါတယ်။ ကိုစောညိန်းရဲ့ ရိုးသားမှု စိတ်သဘောကောင်းမှု ဂီတကို တန်ဖိုးထားပြီး ချစ်ခင်မြတ်နိုးမှုတွေနဲ့ ပြည့်စုံတဲ့အပြင် ဂီတဘက်မှာ ထူးခြားစွာ ခက်ခဲနက်နဲသည့်သီချင်းများ စီကုံးပြီး မြန်မာသံစစ်စစ်များဖြင့် နာမည်ကျော်ကြားလျက်ရှိသော ကိုစောညိန်းထံမှာ တပည့်ခံပြီး ဂီတအနုပညာကို လေ့လာသင်ကြားနေရင်း တစ်ယောက်နဲ့တစ်ယောက် အတော်ပဲ ခင်မင်ရင်းနှီးခဲ့ပါတယ်။

ဆရာ့ကို အစ်ကိုကြီးလို ခင်မင်ခဲ့ပါတယ်။ ဆရာကိုစောညိန်းကလည်း ညီမလေးတစ်ယောက်အနေနဲ့ ခင်မင်ခဲ့ပါတယ်။ ကျွန်မဖြင့် ဆရာ့ကို ခင်မင်မှုံသေလေးစားခဲ့ပြီး အစ်ကိုကြီးတစ်ယောက်လို ခင်မင်ခဲ့ပါတယ်။ ၁၉၅၂ခု အောက်တိုဘာလထဲက ဆရာ့ထံက စာတစ်စောင် ရောက်လာပါတယ်။

ညီမလေး . . .

အစ်ကိုကြီးဆီက စာမလာလို့ စိတ်ဆိုးနေမှာပဲဆိုတာ အစ်ကိုကြီးသိပါတယ်။ ညီမလေး ကျေနပ်အောင် ရှင်းပြချင်ပါရဲ့၊ သို့သော်

လည်း အစ်ကိုကြီး အလုပ်များလို့ပါဆိုရင် တောင်းပန်ရင် ကျေနပ်ပါတော့။

လက်ရွေးစင် သီချင်းစာအုပ်တွေ မရောက်တာကတော့ တိုက်က ပို့ပေးဖို့ မှာထားတာ တိုက်က ပို့ပါတယ်ဆိုတော့ ယုံနေတာပေါ့။ ခုမှ ညီမလေးဆီကို လက်ရွေးစင်တွေ မရောက်ဘူးဆိုတော့ စုံစမ်းလိုက်တော့ Register မလုပ်ဘဲ ရိုးရိုးပို့ပါတယ်လို့ သိရပါတယ်။ လမ်းမှာ ပျောက်တယ်ထင်ပါရဲ့။ ဒါကြောင့်မို့ ဒီစာနဲ့အတူ လက်ရွေးစင်စာအုပ်ဝယ်ပြီး Register လုပ်ပြီး ပို့လိုက်ပါတယ်။ ညီမလေးထံက စာရလို့လဲ ဝမ်းသာကျေးဇူးတင်ပါတယ်။

အစ်ကိုကြီးရဲ့စိတ်ထဲမှာတော့ ညီမလေးကို ဂီတအနုပညာကို ဒီထက်ပိုပြီး သင်ပေးချင်ပါတယ်။ ဒါပေမယ့် ညီမလေးအတွက် မသင့်လျော်သေးတဲ့အကြောင်းတွေ ထောက်ထားပြီး ညီမလေး ရန်ကုန်လာမယ်ဆိုတာကို မလာပါနဲ့ဦးလို့ တားထားရတာကို စိတ်မကောင်းပါဘူး။ အနုပညာလောကဟာ တယ်ပြီး သာယာလှတယ်တော့ မအောက်မေ့လိုက်လေနဲ့ ညီမလေးရေ့၊ ခုဆို ကိုကြီးဟာ ဒီလောက် နာမည်ထွက်နေတာတောင်မှ စီးပွားရေးအခြေအနေဟာ အလွန်ဆိုးနေသေးတယ်။ ငွေရမှုအတွက် အနုပညာနဲ့ တိုင်းပြည်ကို သစ္စာမဖောက်နိုင်တဲ့ အစ်ကိုကြီးမှာ တချို့ကိစ္စတွေမှာ ရပ်ထားရသေးတယ်။

ဒါကြောင့် ဆူးငြောင့်ခလုတ်များတဲ့ လမ်းခရီးကို မိန်းမသား ဖြစ်တဲ့ ညီမလေး မလိုက်လျှောက်ချင်ပါနဲ့ဦးလို့ တားထားရတာပါ။ ညီမလေးရဲ့ဝါသနာကို မတားပါဘူး။ ခုတော့ သာယာဖြောင့်ဖြူးတဲ့ လမ်းခရီးကို အစ်ကိုကြီး လမ်းခင်းပေးနိုင်ပါပြီ။ အစ်ကိုကြီးရဲ့ မိန်းကလေးတပည့်ထဲမှာ ညီမလေးဟာ ဂီတအခြေခံတော်တော်ရှိတယ်။ ဒါကြောင့် အစ်ကိုကြီးကလည်း ဒုက္ခခံပြီး သင်ကြားပေးနေတာပေါ့။ ခုတော့ ကိုယ့်ညီမလေးတစ်ယောက်လို သံယောဇဉ်ကြီးတွယ်စရာ ရှိပါတယ်။ ညီမလေး ရန်ကုန်ကို လာချင်ရင် လာခဲ့ပေတော့။ အစ်ကိုကြီးတော့ သိပ်မအားလှပါဘူး။ ညညများ နှစ်ချက်တီးလောက်မှ အိပ်ရတယ်။ ဂီတနက်သန် တူရိယာအဖွဲ့လဲ ခဏရပ်ထားသေးတယ်။

ညီမလေး ရန်ကုန်လာရင် အောက်ပါလိပ်စာနှစ်ခုမေးရင် ရပါတယ်။ တစ်ခုက အိမ်လိပ်စာ၊ တစ်ခုကတော့ အလုပ်တိုက်က လိပ်စာပါပဲ။ ဒါပေမယ့် ညီမလေးတည်းမယ့်နေရာနဲ့ ဆိုရင်တော့ အလုပ်တိုက်က ပိုပြီး နီးပါတယ်။

အစ်ကိုကြီးစောညိန်း

ရန်ကျော်ဂျာနယ်တိုက်
ကျော်လင်းစာနယ်ဇင်း
၁၁၀၊ ၅၁လမ်း၊ ရန်ကုန်မြို့။

စောညိန်း ဂီတနက်သန်
၇၃၊ ပိတောက်တန်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။

အထက်ပါ ဆရာ့ထံက စာရပြီး မြေလတ်မှ ရန်ကုန်မြို့သို့ အလုပ်ကိစ္စတစ်ခု အတွက်ကြောင့်ရော ဆရာကိုစောညိန်းမှာလို့ တွေ့ရအောင်ရော ဝမ်းသာစွာ လာခဲ့ပါတယ်။ ရန်ကုန်ရောက်လို့ လျှောက်လာပြီး ၁၀ရက်လောက်ဖျားလိုက်တာကို ကိုစောညိန်းနှင့် မတွေ့ရသေးဘူး။ အဖျားပျောက်တော့မှ ၅၁လမ်းမှာရှိတဲ့ ရန်ကျော်ဂျာနယ်တိုက်ကို မမနဲ့သွားပြီး ဆရာ့ကို လိုက်ရှာပါတယ်။

မှတ်မိပါသေးတယ်။ အောက်တိုဘာလ ၂၉. ၁၀. ၅၂နေ့က သွားပါတယ်။ ရန်ကျော်တိုက်ရောက်တော့ ကိုစောညိန်း ၁၂နာရီမှာ အလုပ်ဆင်းပါတယ်။ လိပ်စာပေးခဲ့ပါဆိုလို့ ရေးပေးခဲ့ပြီး စောင့်နေလဲ ၂နာရီလုံးလုံး စောင့်နေရမှာမို့ ကျွန်မတို့တည်းအိမ် လိပ်စာရေးပြီး စိတ်မောလူမောနဲ့ ပြန်ခဲ့ပါတယ်။

ကျွန်မလိပ်စာတွေ့ရင်တော့ ဆရာကိုစောညိန်းတော့ ဝမ်းသာပြီး ပြေးလာမှာပဲ ဆိုတာသိပြီး အေးအေးစောင့်နေခဲ့ပါတယ်။ ၁၉၅၂ခု အောက်တိုဘာလ ၃၀. ၁၀. ၅၂ နံနက် ၁၀နာရီလောက်မှာ ကိုစောညိန်းညီ မောင်လှဝေ ရောက်လာပြီး "ကိုကို ဆေးရုံမှာ အတွင်းလူနာအဖြစ် ကုနေရပါတယ်" လို့ ကြားလိုက်ရတော့ အံ့ဩပြီး ထိတ်သွားတော့တာပေါ့။ ကိုလှဝေလည်း ဆေးရုံအခန်းနံပါတ် ခုတင်နံပါတ်ပေးပြီး ပြန်သွားရှာတယ်။

ကျွန်မလည်း ၃၁ ရက်နေ့ ညနေမှာ မမနဲ့ ဆေးရုံကြီးကို ဆရာ့ကို သွားကြည့်ပါတယ်။ ရှာပါတယ်။ ခုတင်ရော အခန်းရော တွေ့ပေမယ့် ဆရာနဲ့တူတာတောင် မရှိတော့ ဆရာမလေးတစ်ယောက်မေးတော့ "ဆင်းသွားပြီထင်တယ်"လို့ ပြောပြတာနဲ့ မှုန်ရွာက သူငယ်ချင်းဆရာမလေးကို ခဏဝင်တွေ့ပြီး "ကိုစောညိန်းကို လိုက်ရှာစမ်းပါ"

တွေ့ရင် ညီမလေးတို့ လာတာလဲသိအောင်ဆိုပြီး စာရေးပေးခဲ့တယ်။

"မှောင်လည်း မှောင်နေပြီ ပြန်ရမှာကလည်း ဝေးတော့ ကဲ မင်းပဲလိုက်ရှာလိုက်ပါကွာ မေတို့ပြန်မယ်။ လွဲချင်တော့ ကြုံဖန်လွဲရတာပဲလေ။

စိတ်မကောင်းဘဲ အိမ်ကိုပြန်ခဲ့ရတော့ စိတ်ပြေလက်ပျောက် ဒီတန်ဆောင်တိုင် မီးထွန်းပွဲ မြို့ထဲလျှောက်ကြည့် ဖျော်လပန်းခြံသွားပြီး အိမ်ပြန်လာတော့ တစ်ဖက်အိမ်က လှမ်းပြီး "လူတစ်ယောက်က စာတစ်စောင်လာပေးသွားတယ်။ မြေလတ်က မေ ပေးပါ" လို့ ပြောတယ်။ "ပြော် ပြီးတော့လည်း မှာသွားသေးတယ်။ အသုဘပို့ နှစ်နာရီ ဆက်ဆက်လာခဲ့ပါ" တဲ့။

"ဟင် ဘာပြောတယ်၊ မသာပို့ မသာပို့ ဟုတ်လား။ ဒေါ်ဒေါ် ဘုရား ဘုရား ဘယ်သူများ ဘာဖြစ်လို့ပါလိမ့်။ ဘယ်ကစာပါလိမ့်" လို့ ထိတ်ထိတ်ပျာပျာ စာရွက်လေးကို ဖြန့်ဖတ်လိုက်ပါတယ်။

'မေ'

ကိုကို ကိုစောညိန်းတော့ ၃၁. ၁၀. ၅၂နေ့ ၁၀နာရီလောက်မှာဆုံးပြီ။ နက်ဖြန် ၂နာရီကို ကျွန်တော်တို့အိမ်မှ ကြံတောသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်။ အား၍ လာနိုင်လျှင်တော့ ကြည့်မြင်တိုင် ပိတောက်ကန်းကို ဘူတာရုံတွင် မေးလျှင် ရနိုင်ပါသည်။

လှဝေ

၁. ၁၁. ၅၂

ဟို ကျွန်မ ဘာမှမမြင်နိုင်တော့ပါ။ မျက်ရည်လည်း မကျပါ။ ကျွန်မ ငိုင်နေမိပါတော့တယ်။ အင်မတန် ဝမ်းနည်းခဲ့ပါပြီ။ ကျွန်မအားကိုးရာ ဆရာတစ်ယောက်၊ ဂီတကို ချစ်မြတ်နိုးတဲ့ဆရာ၊ တန်ဖိုးထားတဲ့ဆရာ၊ ပညာရှိ သဘောကောင်း နှိုးသားဖြူစင်တဲ့ဆရာ၊ တပည့်အပေါ်မှာ အင်မတန်ကောင်းတဲ့ ဂီတနက်သန် ဗိမာန်ပွင့်ဦးကဘော့ ကြွေခဲ့ပါပြီ။ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်း ယူကျုံးမရဖြစ်ခဲ့ရပါပြီ။

ကျွန်မ ဆရာကို ပြန်မတွေ့ရတော့ဘူးဆိုတာ စဉ်းစားတွေးတောမိတိုင်း မျက်ရည်တွေသာ အလိုလိုကျလာတော့တာပဲ။ ဟို ငါ့ဆရာကို အသက်ရှင်စဉ်မှာ မတွေ့ရတော့ဘဲဟာ ငါ မသာမပို့ဘူး၊ ဘာပဲဖြစ်ဖြစ် ငါ့ဆရာ မသာ မပို့ရက်ဘူး။ ဆရာ့အလောင်းလည်း ငါ မကြည့်ရက်ဘူး။ ငါ့ဆရာလို အစ်ကိုကြီးလို ခင်မင်တဲ့ လူတစ်

ယောက် မြေထဲမြုပ်မှာ ငါ မကြည့်ရက်ဘူး။ ငါ့မျက်ရည်လည်း ငါ ဆည်လို့ရတော့မှာ မဟုတ်ဘူး ဆိုပြီး ငိုင်ထိုင်နေမိပါတယ်။

၁၂နာရီခွဲကျတော့ မမက "ဟဲ့ ကောင်မလေး အင်္ကျီလုံချည် လဲလေ၊ နင့်အစ်ကို မသာမပို့လို့ဖြစ်မတဲ့လား၊ နင် ခင်မင်ရာ ကျပါဦးမလား။ သွားမယ် ထ" တဲ့။

ကျွန်မလည်း ဘာမှ မပြောတော့ဘဲ အဝတ်လဲပြီး ကြည့်မြင်တိုင် ပိတောက်တန်းကို ဆရာ့အလောင်းကို နောက်ဆုံးကြည့်ခြင်း ပြုခြင်းအနေနဲ့ လာခဲ့ပါတယ်။ ဆရာ့အိမ်ကို ရောက်တော့ ကိုစောညိန်းအဖေကြီးက ဆီးပြီး "ခုနကလေးပဲ မသာချသွားပြီကွယ်၊ ထိုင်ကြ လာကြ" တဲ့။

ကိုစောညိန်း ယောက်ဖက ကျွန်မမြင်တော့ ဆီးငိုတော့တာပါပဲ။ ဒီို ကျွန်မလေ ဝမ်းနည်းယူကျုံးမရ ဖြစ်ခဲ့ရပါပြီရှင်။ ကြည့်ပါဦးတော့ လွဲချင်တော့ ကြမ်နဲ့လွဲရတော့တာပဲ။ ဆရာ့အလောင်းတောင် မမြင်ရ မပို့ရတော့ စိတ်ထဲတင်းထားသမျှ မျက်ရည်တွေဟာ ဟန်လုပ်ပြီး မထားနိုင်ဘဲ အားရပါးရ ငိုလိုက်တော့တာပဲ။

အလုပ်တိုက်သွားတော့လည်း ၁၂ နာရီမှာ အလုပ်ဆင်းမှာမို့ ပြန်ခဲ့ရတယ်။ "သေမယ်သိရင် ထိုင်တောင် စောင့်ပါရဲ့ အစ်ကိုကြီးရယ်"လို့သာ ပြောလိုက်ချင်ပါတယ်။ အခုတော့ အေးအေးပြန်ခဲ့တာပေ့ါ။ ဆေးရုံတက်နေတယ်ဆိုလို့ တစ်ခါ သွားရှာပါတယ်။ ဆင်းသွားပြီဆိုလို့ စိတ်ညစ်ပြန်ခဲ့ရတယ်။ တစ်ခါသေဆုံးတော့လည်း မသာတောင် မပို့လိုက်ရ မမြင်လိုက်ရတော့ ရုပ်အလောင်းတောင် မမြင်လိုက်ရတော့ ဝမ်းထဲမှာ ဘယ်လိုဖြစ်နေမှန်း မပြောတတ်တော့ပါဘူး။ အတိတ်က ဆရာ့အကြောင်းတွေကို တွေးမိတိုင်း မပေါင်းနိုင် မရိုးနိုင် လူ့လောက အဖိုးတန်သင်ခန်းစာများသာ ဖြစ်ရပါတော့တယ်။

"အစ်ကိုကြီး ရှမဝမဂ္ဂဇင်းထဲမှာ စာရေးဆရာ ကိုသန်းဆွေရေးတဲ့ ပွင့်ဦးဝတ္ထုဟာလေ ဆရာ့အဖြစ်တွေ မဟုတ်လားဟင်၊ မညာပါနဲ့ အစ်ကိုကြီးရာ ပွင့်ဦးသီချင်းအစအဆုံးပါတယ်။ ပြီး အစုံတူနေတာပဲဟာ ဟုတ်ရဲ့လား" လို့ 'မေးတိုင်း မေးမိတိုင်း'

"ဘာဖြစ်လို့ သိချင်ရတာလဲ ညီမလေးရာ မဟုတ်ပါဘူး" တဲ့။ ဒါပေမယ့် ကျွန်မက အစ်ကိုကြီးကို နိုင်ပြီးသားဆိုတော့ ထွတ်မေးကြည့်တော့ "ဟုတ်ပါတယ်ကွယ်၊ ဒါပေမယ့် ကိုသန်းဆွေက ပြုပြင်ပြီး ဖတ်ကောင်းအောင် ဝတ္ထုအဖြစ် ရေးထားတာပဲ၊ ဒါလောက်သိရရင် ကျေနပ်ပါတော့ ညီမလေးရာ" တဲ့။ ပြီး "ညီမလေး သိချင်တဲ့ ချစ်ကြွေးမပြေ ဝတ္ထုတို့ ချစ်သုံးလီတို့ရေးတဲ့ စာရေးဆရာဟာလည်း ပွင့်ဦးဝတ္ထု စာရေးဆရာ သန်းဆွေပါပဲ။ အစ်ကိုကြီးနဲ့တော့ တော်တော်ခင်တယ်၊ ပြီး ညီမလေး

သိချင်လို့ မေးတဲ့ ရွှက်ဝါ ဝတ္ထုရေးဆရာ မင်းရှင်ဟာလည်း အစ်ကိုကြီးတို့ ဆန်းသစ်စ တူရိယာအဖွဲ့ အသံကောင်း အဆိုတော်ပေါ့။ အဲ အဲ ပြီးတော့ (မရဏမောင်းသံ) ဝတ္ထုရေးဆရာပေါက်စ စောညိမ်းဟာလည်း ညီမလေးဆရာ စောညိမ်းပါပဲ။ နောက် ဘာသိချင်သေး သတုံး"တဲ့။

ဆရာ ဆရာ ဂီတနက်သန် ကိုစောညိမ်း ဆုံးရှုံးသွားတာကိုတော့ မမေ့နိုင်ပါ။ အမြဲမြဲအရှာရှာ ခေတ်စားလျက်ရှိသော လူထုအသည်းစွဲ ဂီတနက်သန်သီချင်းတွေထဲ က ကျွန်မရဲ့အမှတ်ရဆုံး အကြိုက်ဆုံးတွေကတော့ နွေနှောင်းဝသန်၊ မြနှင်း၊ သစ္စာ၊ စိန်၊ ဆောင်းနတ်မယ်၊ ပွင့်ဦး သီချင်းတွေကို အနှစ်သက်ဆုံးပါပဲ။ ဂီတပညာရှင် လူထု အသည်းစွဲ ကိုစောညိမ်း ချစ်ပြုံးပွင့်ဦးကတော့ ကြွေခဲ့ပါပြီ။ ဂီတနက်သန် ပညာရှိစာဆို ရှင် လေထဲက အသံရှင် ဂီတနက်သန်ပွင့်ဦးကတော့ ကြွေခဲ့ပါပြီ။

ဘယ်သူဘယ်ဝါတွေ ဆရာ့ကို ဘာပဲပြောပါစေ၊ ကိုစောညိမ်းလိုလူကတော့ ရှာမှရှားပါတယ်။ သစ္စာ သမာဓိပြည့်စုံသူဖြစ်ပါတယ်။ ကျွန်မရဲ့ ဂီတနက်သန် ကိုစော ညိမ်း။ နက်နဲခက်ခဲပြီး မြန်မာသံစစ်စစ်နှင့် မြန်မာ့ဟန်ပါသော တေးဂီတသီချင်းများကို လွှင့်ခဲ့သောလအတွင်းက ဂီတတူရိယာအဖွဲ့ချုပ် ဖျော်ဖြေခန်းမှ တစ်ညသောအခါဝယ် ရေဒီယိုမှ လွှင့်ခဲ့သည့် ကိုစောညိမ်း၏ မိုးသီချင်းကိုလည်း ကြားယောင်လျက် နေပါသေး သည်။

ပြိုဟန်နဲ့ ညိုမာန်တော်ဖွဲ့ ပဇ္ဇုန်ဒေဝါရယ်။ ရွာယောင်ခုများနော်ကွယ် သနား
ကင်းလို့ ညှင်းနိုင်လေအားတယ် စက်ခန်းသာဆောင်နန်းလယ်

တသားရော အသံပါ အနုပညာဂုဏ်ပြောက်လှပါပေသည်။ မိုးသဘာဝကို ဖွဲ့ကာနွဲ့ကာ စပ်ဆိုထားပုံမှာ ကဗျာဆန်လွန်း၍ တကယ်ပင် အနုပညာဂုဏ်ပြောက်လှ ပါတော့သည်။ ကိုစောညိမ်းရဲ့သီချင်းများမှာ ကောင်းသလောက် လူကြိုက်နည်းရသည် မှာ ဂီတအနုပညာအရသာကို မခံစားတတ်သောလူတွေအဖို့သာ ဖြစ်ပါတယ်။ ကိုစော ညိမ်းကား တကယ့်အနုပညာစာဆိုရှင် ဖြစ်ပေသည်။ မမျှော်လင့်သော အချိန်ကာလ တွင် ကိုစောညိမ်းကတော့ လူ့လောကကြီးကို ကျောခိုင်းသွားလေပြီ။ နှမြောတသ ယူကျုံးမရဖြစ်ခဲ့ရပါပြီ။ ဂီတနက်သန် ပွင့်ဦးကတော့ ကြွေရရှာပါပြီ။

ဂီတနက်သန်ဆရာအား ဤ "မမေ့တဲ့နိုင်"ဖြင့် ဂုဏ်ပြုပါသည်။

(မေ) မြေလတ်

၁၇. ၁၁. ၅၂

❑

## ‘‘အမြဲတဖွယ်သူ (ခေါ်) ကျွန်မဦးလေး ဂီတနက်သန် ကိုစောညိန်း’’

တူမစောညိန်း

အချိန်တို့သည် ကုန်ဆုံးလွယ်လွန်းပေစွ၊ ကြေကွဲသူတို့၏ရင်ဝယ် မနေ့တနေ့က လို ရှိနေမြဲ၊ အကြောင်းတရားတို့သည် တကယ်တမ်း အတိတ်ကို ပြန်လည်စောင်းငဲ့ ကြည့်သောအခါ နှစ်များစွာကြာခဲ့ပြီ၊ အော် အနှစ် ၅၀ တောင်ရှိခဲ့ပါရောလား၊ ဟုတ်ပါ သည်၊ ကျွန်မဦးလေး ဂီတနက်သန် ကိုစောညိန်း ကျွန်မဘဝထဲက ပျောက်ကွယ်သွား ခဲ့တာ နှစ်ပေါင်း ၅၀ ကြာမြင့်ခဲ့ချေပြီ၊ ကျွန်မကသာ အချိန်တွေဘာမှ မကြာလိုက်သလို ပါပဲ၊

ကိုစောညိန်းအကြောင်းကို ဟိုလူကရေး၊ သည်လူကရေး၊ ဟိုကဂုဏ်ပြု၊ သည် ကဂုဏ်ပြုနှင့် ကျွန်မကို အတော်များများက ကိုယ့်ဦးလေးအကြောင်းကို ရေးစမ်းပါ၊ ကိုယ့်ဦးလေးအကြောင်းကို ကိုယ်အသိဆုံးပဲဟု ပြောလာကြတိုင်း ကျွန်မအမြဲ ခေါင်းခါ ငြင်းမြဲပါ၊ ဘာဖြစ်လို့လဲဆို ဒါတွေကို ပြန်စဉ်းစားတိုင်း ကျွန်မရင်ထဲက ကြေကွဲမှုတွေကို အသစ်ပြန်လည် မခံစားချင်တော့လို့ပါ၊ ခုတော့ ကျွန်မ မွေးသည့်သားကပင် မြန်မာ တိုင်း(မ်)ဂျာနယ်မှနေ၍ “ဂီတနက်သန်ပွင့်ဦး သို့မဟုတ် ဂီတနက်သန် ကိုစောညိန်း”ဆို သည့် ဆောင်းပါးဖြင့် ကိုစောညိန်းကွယ်လွန်ခြင်း ရွှေရတုကို ကြိုဆိုရေးသားခဲ့ပါပြီ၊ သူသည် ဂီတနက်သန် ကိုစောညိန်း၏မြေးတော်စပ်ရသည်ကို အတော်ပင် ကျေနပ် ဂုဏ်ယူတတ်သူပါ၊ စကားစပ်မိတိုင်း “ဂီတနက်သန် ကိုစောညိန်းဆိုတာ ကျွန်တော့် ဘိုးလေးပေါ့၊ ကျွန်တော့်အမေရဲ့ ဦးလေးအရင်းပေါ့” ဟု၍ မြုံးမြုံးကြီး ပြောတတ်သူပါ၊ မမြင်ဘူးလိုက်ပါပဲ ဘိုးလေးတော်တယ်ဆိုတဲ့အသိနဲ့ ဂုဏ်ယူတတ်သူလေးက ရေးလာ ပြီဆိုတော့ ဦးစောညိန်းနှင့်လက်ပွန်းတတီးနေခဲ့သူ၊ သူ့အပေါ် တီတာဆိုးနွဲ့ခိုလှုံခဲ့ဖူးသူ၊ သူ့ကို အနိုင်ကျင့် ဂျီကျခဲ့သူ ကျွန်မက ပိုပြီးရေးသင့်ဂုဏ်ပြုသင့်တာပေါ့လေ . . .

အတိတ်ကို ပြန်စဉ်းစားတော့ မှုံရိုးရိုးဝါးရှိလှပါသည်၊ သူ ကွယ်လွန်စဉ်က ကျွန်မ ၆နှစ်သမီးအရွယ်သာ ရှိသေးသည်၊ အစဉ်တဆက်မဟုတ်သော်လည်း ရုပ်ရှင် တွေထဲကလို ဟိုတစ်ကွက် သည်တစ်ကွက် ပြကွက်လေးများသာ မြင်ယောင်တော့ သည်၊ လသာတဲ့ညတွေမှာ ကျွန်မတို့အိမ်ရှေ့မှာ လူရွယ်တွေနှင့် ဝါးလုံးချင်း တခွပ်ခွပ်ရိုက်ကြ တာကို မြင်ယောင်သည်၊ လူကြီးတွေကတော့ သိုင်းကစားတာတဲ့လေ၊ ပြီးတော့ ညစဉ်တိုင်း ည ၇နာရီ နှင့် ၈နာရီကြားမှာ အဘွားက ကျွန်မလက်ကိုဆွဲပြီး

သူ့သားအပြန်ကို အိမ်ရှေ့ဆင်းပြီး ကြိုမြဲပါ။ ဟိုလမ်းထိပ်ဆီက ဝိုက်စိုက်စိုက်နှင့် ဝင်လာတဲ့ ကျွန်မဦးလေးကို မြင်လျှင် အဘွားလက်ကို တစ်ခါတည်းလွှတ်ရစ်ခဲ့ပြီး "ဦးညိန်းညိန်း ပြန်လာပြီ" လို့ အော်ကာ ကျွန်မ ပြေးကြိုမြဲပါ။

ကျွန်မဦးလေးသည် ငွေကြေးရှားပါးသူပါ။ ဒါပေမယ့် တစ်ရက်မှာတော့ သူ့ငွေပိုလာသည် ထင်ပါရဲ့ ကျွန်မအတွက် လက်ဆောင်လေးတစ်ခု ဝယ်လာပါသည်။ ကလေးကစားစရာအရွယ်ထက် နည်းနည်းလေးကြီးသော အပြာရောင်အချိုပန်းကန်စုံလေးပါ။ သူပြန်လာသည့်အချိန်မှာ ကျွန်မအိပ်ပျော်နေတော့ ကျွန်မအိပ်တဲ့ဘေးမှာ အဲဒီ ပန်းကန်လေးကို လာထားပါသည်။ မနက် ကျွန်မနိုးလာတော့ အမေက "သမီး ဦးညိန်းညိန်းက ဒီမှာ လက်ဆောင်ပေးထားတယ်" ဟု ဆိုသည်။ ကျွန်မသည် ဝမ်းသာကြည်နူးသွားသည်မှာ ပြောစရာမရှိ အချိုပန်းကန်စုံလေးကို ကိုင်ပြီး ဝမ်းသာအားရ အိမ်ရှေ့ခန်း ထွက်လာတော့ ကျွန်မဦးလေးက အလုပ်ကို ထွက်သွားပြီတဲ့။ ကျွန်မသည် အဲဒီနေ့ကစ၍ မနက်လက်ဖက်ရည်သောက်လျှင် အဲဒီပန်းကန်လေးနှင့်ပဲ သောက်ပါသည်။ ဘယ်ပန်းကန်နှင့်မှထည့်တိုက်၍ မရတော့ပါ။ ခုနေပြန်စဉ်းစားလိုက်တော့ "ကြော် ငါ သိပ်ချစ်တဲ့လူကပေးတဲ့ပန်းကန်လေးမို့ မြတ်နိုးတန်ဖိုးထားမိတယ်ထင်ပါရဲ့" ဟု ထင်မိသည်။

ကျွန်မမှာ ဦးလေးနှစ်ယောက်ရှိသော်လည်း ကျွန်မသည် ဦးလေးအကြီးဖြစ်သူ ဦးညိန်းညိန်းကိုသာ ပို၍ ခင်တွယ်ခဲ့ပါသည်။ အကြောင်းမှာ သူသည် ကျွန်မ၏အနွံအတာကိုခံ၍ဖြစ်နိုင်သည်။ ကျွန်မသည် တစ်ဦးတည်းသောသမီးဖြစ်၍ ငယ်စဉ်က အင်မတန်ဆိုးပါသည်။ ကလေးမရှိသောအိမ်တွင် လူကြီးအားလုံးက ပ,စားပေး ဖူးဖူးမှုတ်ထားတာလည်း ပါသည်။ နေ့ညများ၌ ကျွန်မသည် အိပ်ရာထဲမှ ထလာခါ အိမ်ရှေ့ခန်း၌ ပတ္တလားခေါက်၍ သံစဉ်ရှာနေသော ဦးလေးပေါင်ပေါ် ပစ်လှဲချခါ "ဦးညိန်းညိန်း "ထား" ကျော့တွေ သိပ်ယားတယ် ကုတ်ပေးပါဟု ဆိုလျှင် သူသည် ဘယ်တော့မှ အော်ငေါက်မလွှတ်ပါ။ လက်တစ်ဖက်က ကျွန်မကျောကို ပွတ်ပြီး တစ်ဖက်က ပတ္တလားလက်ခတ်ကို ကိုင်ခါ တတောင်တောင် ပတ္တလားတီးတတ်သူပါ။ ကျွန်မက ကလေးအရွယ်ဆိုတော့ ဂီတကို နားမလည်ပါ။ သူ ကြောပွတ်ပေးတာကို ငြိမ်ခံရင်း သူ့ပတ္တလားသံ တနောင်နောင်ကို နားထောင်ပြီး အိပ်မောကျသွားစမြဲပါ။ ကျွန်မ ငယ်စဉ်က အင်မတန်မှ စကားများပါသည်။ တစ်နေ့ ကျွန်မဦးလေးကို မေးခွန်းတစ်ခု မေးပါသည်။ "ဦးညိန်းညိန်း မိုးပေါ်က လကြီးဟာ ဘာဖြစ်လို့ ကြီးလိုက် သေးလိုက် ဖြစ်နေရတာလဲ ဟင်" သူသည် ခဏမျှ စဉ်းစားနေပါသည်။ "ဦးညိန်းညိန်းတို့နေတဲ့

ကမ္ဘာကြီးက လည်နေတာ။ လမင်းကြီးကလည်း လည်နေတာပေါ့။ လမင်းကြီးကို တည့်တည့်မြင်ရတဲ့အခါ အကြီးကြီး တွေ့ရပြီး၊ လမင်းကြီးကို စောင်းမြင်ရတဲ့အခါ လမင်းကို သေးသေးတွေ့ရတာပေါ့။ လမင်းကြီး ကွယ်သွားတဲ့အချိန်ကျတော့ သူ့ကို မမြင်ရတော့ဘူး။" သူက စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ဖူးပါသည်။ ကျွန်မသည် ထိုအချိန်က စာကို မတောက်တခေါက် စာလုံးပေါင်း ဖတ်နေပါပြီ။ တစ်ရက်မှာ သတင်းစာထဲမှာ တွေ့ရသော စကားလုံးအသစ်တစ်ခုကို လူကြီးတွေကို မေးမိသည်။ ဘယ်သူမှ မဖြေတတ်ကြပါ။ ထိုနေ့က ကျွန်မ ဦးညိန်းညိန်း အလုပ်ကအပြန်ကို မအိပ်ဘဲ စောင့်နေပါသည်။ သူ ပြန်ရောက်သည်နှင့် "ဦးညိန်းညိန်းကို 'ထား' မေးခွန်းတစ်ခု မေးချင်လို့ စောင့်နေတာ" "ကဲ မေးပါဗျာ။ ဘာမေးမလို့လဲ မစကားတောင်စားရေ။" "မဟုတ်ပါဘူး။ 'ထား'သိချင်တာက အစိုးရဆိုတာ ဘယ်သူလဲ ဟင်၊ ဘယ်သူ့ကို ခေါ်တာလဲ၊ အစိုးရရဲ့နာမည်က ဘယ်သူလဲ။" ကျွန်မက ထိုစဉ်က အစိုးရဆိုတာ လူတစ်ယောက်ကို ခေါ်တာလို့ ထင်ခဲ့ပါသည်။ ကျွန်မ ဦးလေးသည် ကျွန်မခေါင်းလေးကို ကိုင်ပြီး ကျွန်မကို မျက်လုံးပြူးပြီးကြည့်ပါသည်။ ပြီးတော့မှ "အစိုးရဆိုတာ လူတစ်ယောက်ကို ပြောတာမဟုတ်ဘူး၊ လူတွေအများကြီးပါတဲ့အဖွဲ့အစည်းတစ်ခု၊ အဲဒီလူတွေပေါင်းစုတိုင်ပင်ပြီးမှ တိုင်းပြည်ကို အုပ်ချုပ်ကြတာ" ကျွန်မခေါင်းထဲမှာ စွဲသွားပါသည်။ "အစိုးရဆိုတာ လူတွေအများကြီးပါဝင်တဲ့ အဖွဲ့အစည်းတစ်ခု"တဲ့။ သူသည် ဤသို့ပင် ကလေးငယ်တစ်ယောက်ကို အလွယ်တကူသဘောပေါက်လွယ်အောင် ရှင်းပြတတ်သူပါ။

ဂီတနက်သန်ကိုစောညိန်းသည် ဘေးလောက တစ်ခေတ်ဆန်းကို တီထွင်သူ၊ ဂီတသမား၊ ပုံဆွဲတတ်တဲ့ပန်းချီဆရာ၊ ကဗျာတွေလည်းစပ်တဲ့ကဗျာဆရာ၊ ဝတ္ထုလည်း ရေးခဲ့တဲ့ စာရေးဆရာ၊ သူ့ကို အမျိုးမျိုးကမှည့်တင်ကြပါသည်။ ကျွန်မကတော့ ကျွန်မဦးလေးသည် နှလုံးသားနူးညံ့တဲ့ အနုပညာသမား၊ ကလေးများကို ချစ်ခင်၍ အနွံအတာခံတတ်သူပါလို့ ဂုဏ်ပုဒ်တစ်ခု ဖြည့်ပေးချင်ပါသည်။ သူ့အနားမှာ ကျွန်မရှိလျှင် ကျွန်မလက်ကလေးတွေကိုကိုင်ပြီး သူ့လက်နှင့်အမြဲတိုင်းထွာကြည့်တတ်ပါသည်။ "ငါ့တူမကို စန္ဒယားတီးသင်ပေးမယ်။ နိုင်ငံကျော်အနုပညာရှင်ကြီးဖြစ်အောင် ပျိုးထောင်ပေးမယ်" ဟု အမြဲတမ်း ကြိမ်းဝါးတတ်သူပါ။ ကျွန်မအမေကိုလည်း "မမရေ အောဝမ်းမှာ စန္ဒယား အဟောင်းတွေ သုံး၊ လေးလုံးရှိတယ်။ ကျွန်တော့်ကို လိုချင်ယူသွားလေလို့ ပေးနေတာ ကျွန်တော့်တူမ တီးနိုင်တဲ့အရွယ်ရောက်မှပဲ စန္ဒယားတစ်လုံးယူခဲ့ဦးမယ်။" သူတို့ပြောတဲ့ အဓိပ္ပာယ်ကို သိပ်နားမလည်ခဲ့ပါ။ သို့သော် ကျွန်မအတွက် စန္ဒယားတစ်လုံး

ယူခဲ့မယ်ဆိုတော့ ကျွန်မ ပျော်နေမိတာပဲ သိပါသည်။

သူသည် မြန်မာ့အသံတွင် သီချင်းတိုက်ရန်သွားတော့မည်ဆိုလျှင် ပိုက်ဆံမရှိ၍ သူ့ပုဆိုးကို သွားပေါင်တာကို ကျွန်မ မြင်ဖူးပါသည်။ ကျွန်မသည် အမေ့ဆီကို ပြေးသွားပြီး "အမေရယ် ဦးညိန်းညိန်းက ပိုက်ဆံမရှိလို့ သူ့ပုဆိုးသွားပေါင်တယ်။ သူလိုနေတဲ့ ပိုက်ဆံကို ထုတ်ပေးလိုက်ပါ အမေရယ်။" အမေသည် ချက်ချင်းထွက်လာပြီး "စောညိန်း၊ နင်ပိုက်ဆံမရှိလို့ ပုဆိုးသွားပေါင်တယ်ဆို၊ ရော့ ယူသွား ခုသွားရွေးခဲ့" ဟူ၍ ပြောပါသည်။ သူသည် ဆင်းဆင်းရဲရဲနှင့် အနုပညာကို ဖက်တွယ်ခဲ့သူပါ။

တစ်ညမှာ ကျွန်မနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ် တဝုန်းဝုန်း တဒိုင်းဒိုင်း အသံတွေကြောင့် နိုးလာပါသည်။ ကျွန်မကို အဘွားက ပြောပါသည်။ "အနီတို့ ရန်ဖြစ်ကြလို့တဲ့" အဘွားနှင့် ကျွန်မသည် အိမ်အောက်ဆင်းပြီး လမ်းထိပ်ကို မျှော်နေမိကြပါသည်။ တော်တော်လေးကြာတော့ ယိုင်ထိုး ယိုင်ထိုးနှင့် ဦးညိန်းညိန်း ပြန်လာတာကို တွေ့ပါသည်။ သူ့ခေါင်းမှာလဲ သွေးတွေနဲ့ "ကျွန်တော် မူးတယ်" ဟု ပြောပြီး လဲ့နေပါသည်။ ခဏနေတော့ ရဲစခန်းက ကားရောက်လာပြီး သူ့ကို ဆေးရုံကို ခေါ်သွားကြပါသည်။ ဤနေ့ညက သူ့ကို အသက်ရှင်လျက် ကျွန်မ နောက်ဆုံးတွေ့လိုက်ရခြင်းပါ။ နောက်နေ့မနက်ကျတော့ ကျွန်မတို့ခေါင်းရင်းအိမ်က အစ်မကြီးသည် ဆေးကျောင်းသူဆိုတော့ ဆေးရုံကပြန်လာပြီး ကျွန်မအမေကို ပြောပါသည်။ "မမရယ် ကိုကိုစောညိန်းကလေ သတိလစ်နေတဲ့ကြားက နာလို့ထင်ပါရဲ့ အတင်းရုန်းကန်နေတာပဲ။ သူ့လက်နဲ့ ခြေထောက်တွေကို ပတ်တီးကြိုးနဲ့ ချည်ထားရတယ်" ဟု ပြောတော့ ကျွန်မအမေသည် လှိုက်လှိုက်လှဲလှဲငိုပါသည်။ ကျွန်မက "အမေကလည်း ဘာလို့ ငိုတာလဲ" ဆိုတော့ ကျွန်မရှေ့မှာ မျက်ရည်တွေကို အတင်းသုတ်ပစ်ခဲ့ပါသည်။

နောက်တစ်နေ့မနက်စောစော ကျွန်မ နိုးလာတော့ ကျွန်မကို လက်ဘက်ရည်ဖျော်တိုက်ရန် အမေက နို့ဆီဘူး ဖေါက်နေပါသည်။ အိမ်ရှေ့က အဖေဆေးရုံမှ ပြန်လာပြီးနောက်ဖေးခန်းသို့ ဝင်လာပါသည်။ ကျွန်မက ကျောခိုင်းနေ၍ အဖေ့ကို မမြင်ပါ။ အဖေဘယ်လိုအမူအရာလုပ်ပြလိုက်သည် မသိပါ။ အမေက "အမလေး စောညိန်းရဲ့" ဟု အော်ပြီး ကျွန်မရှေ့မှာ မေ့လဲကာ ထက်သွားပါသည်။ ကျွန်မတို့အိမ်မှာ လူတွေ ရှုပ်ယှက်ခတ်နေပါသည်။ ဘာတွေဖြစ်ကြတာလဲ ကျွန်မ မသိပါ။ ကျွန်မကိုလည်း ဘယ်သူမှ ဘာမှလဲ မပြောကြပါ။ မနက် ၁၀နာရီလောက်ကြတော့ ဦးညိန်းညိန်းအလောင်းကို ခေါင်းထဲထည့်ပြီး အိမ်သို့ သယ်လာပါသည်။ ကျွန်မက တစ်ယောက်ကို မေးမိပါသည်။ "ဦးညိန်းညိန်းရော" အဲဒီတစ်ယောက်ကပင် "ဟို သေတ္တာထဲမှာလေ"

ဟု ပြောပါသည်။ ကျွန်မက " 'ထား' ကြည့်ချင်တယ် ပြပါ" ဆိုတော့ ကျွန်မကို မှီသွားပြီး ခေါင်းဖွင့်ပြပါသည်။ အမလေး! ဒီမြင်ကွင်းက ရက်စက်စွာ ကျွန်မ၏ငယ်နုတဲ့ နှလုံးသား တစ်ခုလုံးကို ချေမွလိုက်သလိုပါပဲ။ ဦးညိန်းညိန်းကို ခေါင်းမှာ ပတ်တီး စည်းထားပြီး လက်မှာလည်း ပတ်တီးစည်းထားပါသည်။ "သူ သိပ်နာရှာမှာပဲ" ဟု ကျွန်မတွေးလိုက်မိတဲ့အခါ "ဦးညိန်းညိန်းရေ၊ ဦးညိန်းညိန်း အရမ်းနာမှာပဲနော် အရမ်းနာမှာပဲနော်" ဟု ပြောပြီး အော်ငိုလိုက်ပါသည်။ ကျွန်မငိုတော့ ကျန်တဲ့လူကြီးတွေ ကလည်း ကျွန်မနောက်ကနေ အော်ဟစ်ငိုယိုကြပါသည်။ ငရဲပွက်သလိုပါပဲ။ ကျွန်မချက်ချင်း အငိုတိတ်လိုက်ပါသည်။ အဲဒီအသံတွေကို ကြောက်လိုက်တာ။

အသုဘချမဲ့နေ့ရောက်တော့ အမေက ကျွန်မကို ခေါ်ပြီး "သမီးအိမ်မှာ အဘိုး နဲ့နေခဲ့ ကလေးဆိုတာ သင်္ချိုင်းကို မလိုက်ရဘူး" သင်္ချိုင်းရဲ့အဓိပ္ပာယ်ကို မသိတဲ့ ကျွန်မက အလွယ်တကူ ခေါင်းညိတ်ခဲ့ပါသည်။ ခဏကြာတော့ အသုဘပို့တဲ့ မှန်ကားကြီး ရောက်လာပါသည်။ ဦးညိန်းညိန်းအလောင်းကို ထည့်ထားသည့်ခေါင်းကို သံရိုက်ကြသည်။ အိမ်သားတွေရဲ့ အော်ဟစ်ငိုယိုသံတွေ ပွက်လောရိုက်နေပါသည်။ ကျွန်မ လိုက်မငိုမိဘူးထင်ပါရဲ့။ အားလုံးကို အံ့ဩစွာ အိမ်ပေါ်မှ ငေးကြည့်နေမိ၏။ နောက်တော့ မှန်ကားကြီးသည် ဦးညိန်းညိန်းကို ခေါ်ဆောင်ပြီးတရွေ့ရွေ့ . . . ကျွန်မမျက်စိအောက်မှ ပျောက်ကွယ်သွားပါတော့သည်။ ကျွန်မသည် အဘိုးဘေးမှာ ထိုင်ပြီး တိတ်ဆိတ်စွာ ကစားနေမိပါသည်။ တော်တော်လေးကြာတော့ အိမ်ရှေ့ကနေ "ဒါ ကိုစောညိန်းတို့ အိမ်ပါလားရှင်" ဆိုသည့် အသံနှင့်အတူ အမျိုးသမီးတစ်ယောက် အိမ်ပေါ်ကို တက် လာပါသည်။ အဘိုးက အနားခေါ်ပြီး စကားပြောနေပါသည်။ အဲဒီအချိန်ထိ ကျွန်မ စိတ်မဝင်စားပါ။ သူတို့ကိုလည်း လှည့်မကြည့်မိပါ။ နောက်ခဏ နေတော့ အသုဘပို့ပြီး ပြန်လာတဲ့ အဘွားတို့ အမေတို့ အနီတို့တွေ ရောက်လာပါ သည်။ သူ့ဘေးမှာ ဝိုင်းထိုင်ပြီး ငိုကြသည်။ သူတို့ပြောတဲ့စကားထဲမှာ "ရေနံချောင်းက 'မေ' " ဆိုတဲ့အသံကိုကြားလိုက်သောအခါ ကျွန်မထိုင်နေရာမှ ဖျတ်ကနဲထပြီး ထိုအမျိုးသမီးရှေ့တည့်တည့်မှာ သွားထိုင်ပြီး သူ့မျက်နှာကို စေ့စေ့ကြည့်မိပါသည်။ အသားညိုညို အမျိုးသမီးတစ်ယောက်ဆိုတာပဲ မှတ်မိတော့သည်။ သူ့ကို ကျွန်မ သိတာပေါ့။ တစ်ခါတုန်းက ကျွန်မ အဘွားက အမျိုးသမီးတစ်ယောက်၏ဓာတ်ပုံကို လာပြပါသည်။ "ဒါ ညည်းရဲ့ ဦးညိန်းညိန်း ယူမယ့်မိန်းမပေါ့" ဟု ပြောပါသည်။ ကျွန်မသည် အဘွားလက်ထဲမှ ဓာတ်ပုံကို ဆတ်ခနဲကောက်ယူလွှတ်ပစ်လိုက်မိသည်။ "မယူပါဘူး၊ ဘယ်တော့မှ ဦးညိန်းညိန်းက မိန်းမ မယူပါဘူး" လို့လည်း အော်ဟစ်မိပါ

သည်။ ဦးနီကလည်း စပါသည်။ "ကိုကို မိန်းမယူတော့မှာ" ဟုဆိုလျှင် ခဏခဏ ကျွန်မ အော်ဟစ်ငိုကြွေးရပါသည်။ ကျွန်မ ဦးလေးကိုလည်း "ဦးညိန်းညိန်း မိန်းမ မယူဘူးမဟုတ်လား" ဟု မေးလျှင် ကျွန်မအာ ကြိုက်လိုက်ပြီး "မယူပါဘူး၊ ဦးညိန်းညိန်း ဘယ်တော့မှ မိန်းမ မယူဘူး၊ လူပျိုကြီးလုပ်မှာ" ဟု ပြောလျှင် ကျွန်မ သိပ်သဘောကျ ပါသည်။ ကျွန်မစိတ်ထဲမှာ ကျွန်မဦးလေး မိန်းမ ယူလျှင် ကျွန်မတို့ကို စွန့်ခွာသွားမည်ဟု ထင်မိတာပါ။

ခုတော့ ဟိုစဉ်က ပြောခဲ့ကြတဲ့ "မေ" က ကျွန်မရှေ့မှာ ရောက်နေပါသည်။ ကျွန်မဦးလေးက မရှိတော့ပါ။ ကျွန်မလည်းပဲ အဲဒီ "မေ" ကို အဲဒီတစ်ခါသာ တွေ့ဖူး လိုက်သည်။ နောက်ထပ် တစ်ခါမှ မတွေ့တော့ပါ။ ခုနေဆို ဘယ်ဆီများ ရောက်နေ မည် မသိပါ။ သူ့ကိုလည်း ကျွန်မ တွေ့ချင်ပါသည်။ ကျွန်မသည် ကျွန်မ၏ဦးလေးကွယ် လွန်သွားပြီ၊ သေသွားပြီဆိုတာကို သိပ်သဘောမပေါက်ပါ။ ငယ်လွန်းလို့သည်လေ။ ညတိုင်း ၈ နာရီလောက်ရောက်ပြီဆိုလျှင် အဘွားလက်ကိုသွားဆွဲပြီး အိမ်အောက်ကို မျက်စပစ်ပြတတ်သည်။ ထိုအခါ အဘွားက မျက်ရည်ဝဲလျက်က "ဘာလဲ ဦးညိန်းညိန်း ကို သွားကြိုမလို့လား" ဟု မေးပါသည်။ ကျွန်မ ခေါင်းညိတ်ပြလျှင် အဘွားက "သမီးရဲ့ ဦးညိန်းညိန်းက သေသွားပြီ၊ သေတယ်ဆိုတာ သူ ဘယ်တော့မှ ပြန်မလာတော့ဘူး၊ သူ့ကို ဘယ်တော့မှ မတွေ့ရတော့ဘူးကွယ်၊" ပထမဆုံးအဖြစ် အဘွားက ကျွန်မကို "သေခြင်း"၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပြသောအခါ မျက်ရည်ဝဲကာ အဘွားကို ငေးကြည့် ရင်း ရင်ထဲမှာ ပြင်းပြသောဝမ်းနည်းခြင်းများစွာဖြင့် ခံစားခဲ့ရသည်။

ထိုအခါမှစ၍ အိမ်မှာ ဦးညိန်းညိန်းအကြောင်းကို ကျွန်မရှေ့မှာ မပြောစေခဲ့ ပါ။ လူကြီးတွေ ပြောကြပြီဆိုလျှင် "မပြောပါနဲ့၊ မပြောကြပါနဲ့ 'ထား' မကြားချင်လို့ပါ" ဆိုပြီး ပြောတဲ့လူ၏ပါးစပ်ကို အတင်းလိုက်ပိတ်တတ်ပါသည်။ တစ်ခါတစ်ရံလည်း အဲဒီအသံတွေ မကြားရတဲ့နေရာမှာ သွားနေတတ်သည်။ လွမ်းတာပေါ့။ ကျွန်မရဲ့ ဦးလေး၊ ကျွန်မရဲ့အစ်ကို၊ ကျွန်မရဲ့မောင်လေး၊ ကျွန်မရဲ့သူငယ်ချင်းလေးဖြစ်တဲ့ သူ့ကို အရမ်းလွမ်းပါတယ်။ တစ်ဦးတည်းသော သမီးဖြစ်တဲ့ ကျွန်မရဲ့ဘဝမှာ ဘယ်လောက် အထီးကျန်ဆန်ခဲ့ပါသလဲ။ ဘယ်သူမှမသိအောင် တိတ်တိတ်ကြိတ်ပြီး မျက်ရည်ကျ ရပါသည်။ ဟိုတစ်ခါလို အော်ဟစ်မငိုတော့ပါ။ ကျွန်မငိုလျှင် ကျွန်မနောက်က လိုက်ငို ကြတဲ့အသံတွေကို ကြောက်လွန်းလို့ပါ။

ကျွန်မ နည်းနည်းလေးကြီးလာတော့ ဦးညိန်းညိန်း၏သီချင်း ရေဒီယိုမှလာလျှင် လူကြီးတွေမသိအောင် ရေဒီယိုကို ပိတ်ပိတ်ပစ်ပါသည်။ အမေသိလျှင်တော့ "ဟဲ့

ရေဒီယို ဘယ်သူပိတ်တာလဲ ပြန်ဖွင့်စမ်း"ဟု ပြောလျှင် အသာလေးဖွင့်ပြီး သီချင်းသံ မကြားရတဲ့နေရာမှာ သွားနေတတ်ပါသည်။ အဲဒီအကျင့်က ကျွန်မတော်တော်လေး အရွယ်ရောက်သည်အထိ အမှိုစွဲခဲ့ပါသည်။ ဦးညိန်းညိန်းအကြောင်းကို မပြောချင်တာ၊ သူများပြောလည်း မကြားချင်တာ၊ သူ့သီချင်းတွေလာရင် နားမထောင်ရဲတာ၊ ဒါတွေဟာ နုနယ်လှတဲ့ကျွန်မရဲ့နှလုံးသားကို ပြင်းထန်စွာ ရိုက်ခတ်ခဲ့တဲ့ အဖြစ်ဆိုးကြောင့်ပါပဲ။ နောက်ပိုင်း အရွယ်လေးရင့်လာ၊ ဘာသာတရားတွေလိုက်စားလာတဲ့အခါကျမှ "မြော် လူတွေမှာ မြှပြင်လို့မရတဲ့ အတိတ်အကြောင်းတရားတွေ ပါလာတတ်ပါလား၊ ကံကြွေး ရှိလျှင် ရှောင်ပြေးလို့မရပါလား" ဆိုတာကို နားလည်ယူခဲ့ရသည်။

ခုတော့လည်း သူ မရှိတော့တာ အနှစ် ၅၀ကျော်ရှိပြီ။ အားလုံးက သူ့ကို သတိရကြဆဲ၊ ဂုဏ်ပြုနေကြဆဲ၊ အားလုံးထဲမှာတော့ ကျွန်မက သူ့ကို အလွမ်းဆုံး၊ တမ်းတရဆုံးဖြစ်မည်ထင်ပါသည်။ ဦးညိန်းညိန်းရေ ဘဝတွေ အခါခါပြောင်းလဲရတဲ့ သံသရာမှာ တစ်ခါပြန်ဆုံခွင့်ရေစက်များရှိမယ်ဆိုရင်လေ၊ တစ်ခုသောဘဝမှာ ဦးညိန်း ညိန်းနဲ့ ပြန်ဆုံပါရစေ၊ အဲဒီအခါမှာ ဦးညိန်းညိန်းသည်လည်း ကြမ္မာဆိုးနဲ့ ကင်းပါစေ၊ ဖြစ်လေရာဘဝတိုင်းမှာလည်း ငြိမ်းချမ်းတဲ့ကိုယ်ဖြစ်ပါစေ၊ ပြီးတော့ ခုလိုအောင်မြင် ကျော်ကြားတဲ့ အနုပညာရှင်တစ်ဦးလည်း ဖြစ်ပါစေနော်. . . ။

□□□

# ''ရေဒီယိုချိုတေးသံပါ ဆောင်းပါး''

ရေဒီယိုချိုတေးသံ

## '' အနိစ္စ ဝတ သင်္ခါရာ ''

'' ဂီတနက်သန် - ကိုစောညိန်း ''
ရေဒီယိုချိုတေးသံမှ
လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းကြေကွဲ
နှုတ်ဆက်လျက် ... သဘောပါသည်။



ဂီတနက်သန်အမျှော်ထင်ကွတ်ရှိယာအမျိုးခေါင်းဆောင် ကိုစောညိန်း တယောက် လွန်ခဲ့သော အောက်တိုဘာလ ၃၀-ရက်နေ့ နံနက် ၁၀ နာရီ အချိန်ခန့်တွင် ၎င်း၏နေအိမ်-ကြည့်မြင်တိုင် ဝိတောက်တန်း၌ ကွယ်လွန် အနိစ္စရောက်သွားလေပြီ ဟူသော သတင်းဆိုးကြီးကား ကျွန်ုပ်တို့နှင့် တကွ တွေ့ရှိယာ ဂီတလောကမှ လူအပေါင်းတို့အား ရုတ်တရက် မယုံနိုင်လောက်အောင် ပမ်းလှိုက်လိုက်သည့် မိုးကြိုးသွားသကဲ့သို့ ဖြစ်သွားတော့၏။ အသက် ၂၈-နှစ် ငယ်ရွယ်စဉ်မှာပင် နုနယ်သည့်အရွယ်မှာပင် ကိုစောညိန်းကဲ့သို့သော ဂီတချစ်တယောက် လူ့လောကမှ ဆုံးပါးသွားသည်မှာ အလွန် ကြေကွဲဝမ်းနည်း စရာပင်ကောင်းလှတော့၏။ ထိုထက်ပင် ကြေကွဲနာကြည်းစရာ-ယူကြုံး မရနိုင်ရသည့်အချက်ကား ဂီတနက်သန် ကိုစောညိန်းမှာ ''ဒီဇော်ကျန်-ဆီးခင်း'' သေရိုးသေစဉ်မျိုးဖြင့်မဟုတ်ဘဲ ကွယ်လွန်ရခြင်းမဟုတ်ဘဲ နိုင်ငံရေးဆက်စပ်လျက်ရှိသော လူမသမာတို့၏ ဓားစာခံ-ထိုး၍ချက်ခြင်း အသက်ကျက် ကူညီဆေးရုံဆောင်ခြင်း ဖြစ်သည်ကို ကြားရသည့်အခါ နှမြော ပူဆွေးကြေကွဲရသည် ဖြစ်ရပေတော့သည်။ သို့သော်-သတင်းစာများတွင်ပါရှိသကဲ့သို့ မျှော်မှန်း၍မရသည့် ရုန်းမဟုတ်ချေ။

ရန်ကုန်မြို့-ဘုရားလမ်းစာတိ၊ ဦးအောင်ကြီး-ဝေ တင်တို့၏ သားသမီး၊ ကိုစောညိန်းအား ငယ်စဉ်ကပင် တွေ့ရှိယာဂီတကို အထူးဝါသနာပါခဲ့သည့်အလျောက် မဆူရူး မယ်ဘယ်တို့ကို အသက် ၁၆ နှစ်အရွယ်တွင် ကောင်းမွန်နိုင်နင်းစွာ တီးနိုင် မှုတ်နိုင်ခဲ့လေသည်။ ထို့ အသံမှ အမြဲတမ်းအသံလွှင့်ခဲ့သော ဂီတနက်သန် အမျှော်ထင်း တွေ့ရှိယာအဖွဲ့ကား သူကိုယ်တိုင်ဖွဲ့စည်းထောင်ထားပြီး သေဆုံးသည့်အချိန်ထိ သီချင်းအဖွဲ့ခေါင်း(မြတ်)ကျော်မှ ရေးသားဆင့်ဆိုခဲ့၏။ ... ကိုစောညိန်းကိုယ်တိုင် ရေးဆိုအသံလွှင့်ခဲ့လေသည်။ ... ''... ဆောင်း လက်မှုနိုင်း'' သောသီချင်းများသည်လည်း ကိုစောညိန်း၏လက်ရာလက်ရာ။ ယခုပင် သောတရှင်များ၏နားတွင် စွဲလျက်ကျန်ရစ်ခဲ့တော့သည်။ ကိုစောညိန်း၏သီချင်းများကား ... နှင့်တကွ ... ပြောင်မြောက်လှသော စကားလုံးသန့်သန့်များ ရွေးချယ် တန်ဆာဆင်ပေးထားသည်မှာ ၏ သီချင်းခေါင်းစဉ်များကပင်ပြနေပြီး ကရုဏာဆန်လှသည်။ ကိုစောညိန်းကား ပန်းချီ ကာတွန်းဝတ္ထု ဆောင်းပါးများကိုလည်း ရေးဆွဲတတ်သေး၏။



(သုံးပွဲဆို-နယ်ဥခေါ်ကက်စ်မှကျေးဇူးပြုသည်)

ကွယ်လွန်သည့်အချိန်တွင်- ကိုစောညိန်းသည် မြန်မာနိုင်ငံ ကာလပေါ် တွေ့ရှိယာ ဂီတ သသင်းရှင်၏ ဝါဒပြန့်ပွားရေးမှူး အဖြစ်နှင့် ဆောင်ရွက်နေခဲ့ပါသည်။ ကိုစောညိန်းနှင့် ကျွန်ုပ်တို့ တိုက်အတွင်း နောက်ဆုံးအကြိမ် တွေ့ဆုံခဲ့ကြစဉ်၊ သူက ''ကျွန်တော်တို့ကတော့ နံမယ်သာရှိပြီး မျက်နှာမရှိသူပါ၊ လူသူမရှိတဲ့ နေရာမှာ သွားပြီးပြီးမှတ်ပြမယ်ဗျာ'' ဟူသော စကားလုံးများကို ပြောခဲ့ဘူးရာ၊ ယခုမူ သူ၏ပြောဆိုချက် မှန်နေလေပြီ။ အေ်...ကိုစောညိန်း နံမယ်သာကျန်ရစ်ခဲ့ရှာလေပြီတကား။

※★※

ရေဒီယိုချိုတေးသံမဂ္ဂဇင်းပါ ကိုစောညိန်း၏ ရျာပန ဆောင်းပါး

## ''ဂီတနက်သန် ကိုစောညိန်း၏ စာပေ (စာတမ်း)''

တင်သွင်း ဖတ်ကြားသူ အောင်နိုင် (တက္ကသိုလ်)

ကျွန်တော် တင်သွင်းဖတ်ကြားမည့် စာတမ်းအမည်က "ဂီတနက်သန် ကိုစောညိန်း၏စာပေ" ဖြစ်ပါသည်။ ဤစာတမ်းကို အပိုင်း ၈-ပိုင်းခွဲပြီး ဖတ်ကြားဖို့ ပြင်ဆင်ထားပါသည်။ ၈-ပိုင်းဆိုသည်မှာ

၁။ နိဒါန်း
၂။ စာပေအဓိပ္ပာယ်နှင့် ကိုစောညိန်း၏ စာပေလက်ရာများ
၃။ ဝတ္ထု
၄။ စာညွှန်း
၅။ ကဗျာ
၆။ သီချင်းကဗျာ
၇။ ခြုံငုံသုံးသပ်ချက်
၈။ နိဂုံး ဆိုသည့် အပိုင်းတို့ ဖြစ်ပါသည်။

၁။ နိဒါန်း

ဂီတနက်သန်ကိုစောညိန်းဟုဆိုလျှင် ဂီတစာဆို ဂီတပါရမီရှင်ဟု အများက နားလည်လက်ခံထားကြပါသည်။ စာရေးဆရာတစ်ယောက်အဖြစ် သိသူနည်းပါး လှပါသည်။ ခေတ်ပြိုင်စာပေသမားများထဲမှပင် ကိုစောညိန်းကို စာပေသမား စာရေး ဆရာတစ်ယောက်အဖြစ် မသိသူများ ရှိပါသည်။ သာမန်လူတို့အဖို့မူ ပို၍ပင် မသိကြ သည်မှာ မဆန်းလှဟုဆိုရပါမည်။

စင်စစ်တော့ ကိုစောညိန်းသည် ဂီတစာဆိုတစ်ဦးဖြစ်ရုံသာမဟုတ်၊ စာပေ သမားလည်းဖြစ်၊ စာရေးဆရာလည်းဖြစ်ကြောင်းကို လေ့လာကြည့်သောအခါမှ သိသာ လာပါသည်။ ထို့ကြောင့် တိမ်မြုပ်မှေးမှိန်နေသည့် ကိုစောညိန်း၏စာပေကဏ္ဍကို ကျွန်တော်လက်လှမ်းမီသလောက်၊ ကျွန်တော်ဉာဏ်မီသလောက် ထုတ်ဖော်တင်ပြလို ခြင်း ဖြစ်ပါသည်။ ဤစာတမ်းသည် ကိုစောညိန်းထုတ် ဩဘာမင်္ဂလာဘွဲ့စာတမ်း မဟုတ်၊ ကိုစောညိန်းကို သူရှိသင့်နေရာသို့ ပို့ပေးရှိုးပေးမည့်စာတမ်းမျှသာ ဖြစ်ပါသည်။

❑

၂။ စာပေအဓိပ္ပာယ်နှင့် ကိုစောညိန်း၏ စာပေလက်ရာများ

စာတမ်းခေါင်းစဉ်တွင် ကိုစောညိန်း၏စာပေဟူသော စကားရပ်ပါ ပါသည်။ ဤတွင် စာပေဟူသည်မှာ အနုစာပေ၊ ဖန်တီးစာပေ၊ စိတ်ကူးစာပေဟု အမျိုးမျိုး သုံးကြသည့် ရသစာပေကိုသာ ရည်ညွှန်းပါသည်။ ရသစာပေတွင် အများသိကြသည့် အတိုင်း ဝတ္ထုတို ဝတ္ထုရှည်၊ ပြဇာတ်၊ ကဗျာ၊ ရသစာတမ်း စသည်တို့ ပါဝင်ကြပါသည်။ သမိုင်း၊ အရေးတော်ပုံ၊ အတ္ထုပ္ပတ္တိအချို့တို့လည်း ရသစာပေတွင် ပါကောင်းပါနိုင်ပါ သည်။ အဓိက ရသစာပေပုံသဏ္ဍာန်ကမူ ဝတ္ထု၊ ပြဇာတ်၊ ကဗျာတို့သာဖြစ်ကြပါသည်။ ကိုစောညိန်းသည် အဆိုပါစာပေပုံသဏ္ဍာန် သုံးမျိုးလုံးရေးသားခဲ့သည်ဟု ဆိုချင်ပါသည်။

ကိုစောညိန်းကို စာပေသမားအဖြစ်၊ စာရေးဆရာအဖြစ်၊ စာဆိုအဖြစ်သိသူ နည်းသည်ဟု အထက်တွင်ပြောခဲ့ပါသည်။ ဤသို့သိသူနည်းရခြင်းမှာ နည်းထိုက်သော အကြောင်းရင်းများကြောင့်ပင်ဖြစ်သည်ဟု ဆင်ခြင်မိပါသည်။ အကြောင်းရင်း(၁)မှာ စာပေများ များများစားစားမရေးခဲ့ရခြင်းနှင့် (၂)မှာ ရေးသားသိကုံးခဲ့သောစာပေတို့သည် စာပေကောင်းများဖြစ်ကြသော်လည်း အကောင်းဆုံးစာပေများဟု မဆိုနိုင်ခြင်း၊ (၃)ဂီတဘက်၌ အာရုံရောက်နေခြင်းနှင့် (၄)စောစောကွယ်လွန်သွားခြင်းတို့ကြောင့်

ဖြစ်နိုင်ပါသည်။ သို့ဖြစ်လျှင် ကိုစောညိန်း၏စာပေ ခေါင်းစဉ်ဖြင့် အဘယ်ကြောင့် ဤစာတမ်းကို တင်သွင်းရပါသနည်းဟု မေးဖွယ်ရှိပါသည်။ မေးနိုင်ပါသည်။ အဖြေလည်း ရှိပါသည်။ အဖြေကား ကိုစောညိန်း၏စာအချို့သည် တင်ပြထိုက်သောအရည်အသွေး ဂုဏ်ရည်တို့ ရှိနေသောကြောင့်ပင် ဖြစ်ပါသည်။

ပုံနှိပ်ထားသော ကိုစောညိန်း၏ စာအုပ်၊ စာတမ်းများနှင့် ကိုစောညိန်း၏မြေးကိုသိုက်ဦး၊ တက္ကသိုလ်များဇဟို စာကြည့်တိုက်မှူး ဒေါ်ခင်နှင်းဦးတို့ထံမှ ရရှိသောစာစု၊ စာရင်းအရ ကိုစောညိန်း၏ စာပေလက်ရာများမှာ

| | |
|---|---|
| ဝတ္ထုတို - ၁ပုဒ် | ပေးစာ ၄၊ ၅ ပုဒ် |
| ဝတ္ထုရှည် - ၁ပုဒ် | ကဗျာ ၂၆ ပုဒ် |
| စာညွှန်း - ၁ပုဒ် | သီချင်းကဗျာ ၄၀ ကျော်တို့ဖြစ်ပါသည်။ |

အမှန်အားဖြင့် ကိုစောညိန်း တကယ်ရေးသားခဲ့သော စာပေလက်ရာတို့မှာ ယခုဖော်ပြထားသည့်ထက် ပိုများပိုမိုရှိပါသည်။ ကိုစောညိန်းသည် စာပေလောကမှာ လုပ်ကိုင်ခဲ့သူလည်းဖြစ်၊ နာမည်ရ စာရေးဆရာများဖြစ်ကြသည့် သန်းဆွေ၊ မင်းရှင်၊ အောင်လင်း၊ မြို့မဘုန်းကြွယ်တို့နှင့်လည်း ရင်းနှီး၊ တင့်တယ်၊ သာရ၊ သုခတို့နှင့်လည်း ကျွမ်းဝင်နေပေရာ စာရေးလိုသောဆန္ဒနှင့် စာရေးနိုင်သော အခွင့်အလမ်းများရှိနေပါသည်။ ထို့ကြောင့် "ဂီတနက်သန် ကိုစောညိန်း စာပေနှင့်ဂီတ" စာအုပ်တွင် "စာရေးဆရာတစ်ဦးအဖြစ်ဖြင့် ဝတ္ထုတို ဝတ္ထုရှည်၊ ဆောင်းပါး၊ ကဗျာများစွာတို့ကို ရေးသားသွားခြင်း" ဟူသော စကားရပ်၊ " ကာတွန်းရုပ်စုံထဲတွင် ဝတ္ထုတိုလေးများ မကြာခဏဝင်ရေးသည်" ဟူသော စကားရပ်၊ "ကာတွန်းရုပ်စုံ၊ သာမာဓိသတင်းစာ၊ ဒီးဒုတ်ဂျာနယ်၊ လင်းယုန်ဂျာနယ်၊ ရန်ကျော်ဂျာနယ်တို့တွင် ဝတ္ထု၊ ဆောင်းပါးအများအပြား ရေးခဲ့ပါသည်" ဟူသောစကားရပ်၊ မြို့မဘုန်းကြွယ်ကလည်း "သူရေးသမျှဝတ္ထုတွေမှာ ဆန်းသည်။ စုံထောက်စွန့်စားခန်းစသည့်ဝတ္ထုမျိုးသာဖြစ်သည်" ဟုရေးခဲ့သော စကားရပ်၊ ကလောင်အမည်များမှာ "ကြယ်နီ၊ စောနိုင်၊ စောနွဲ့၊ လှဲလှဲဝင်း ဟူ၍ဖြစ်သည်" ဟူသောစကားရပ်များ တွေ့ရှိရလေရာ ထိုစကားရပ်များအရ ကိုစောညိန်း၏စာပေများမှာ ယခုထက်ပိုမည်ဟု သေချာပြောနိုင်ပါသည်။ ကလောင်အမည်များသာ တွေ့ရလျက် စာကိုယ်ကို မတွေ့ရသည်များ အမှန်ပင် ကျန်ရှိနေပါလိမ့်မည်။ ဖော်ထုတ်နိုင်စေရန် ဝိုင်းဝန်းကြိုးပမ်းသင့်ကြပါသည်။

ကိုစောညိန်း၏ ကဗျာ ၂၆ပုဒ်ခန့် တွေ့ရသော်လည်း များသောအားဖြင့် ပုံမနှိပ်

ရသေးဘဲ ကိုစောညိန်းလက်ရေးစာမူအဆင့်မျှသာ ရှိနေပါသေးသည်။

ကိုစောညိန်းသည် ဂီတသဘောတရား မြန်မာ့ဂီတအခြေအနေ၊ စာပေသဘောတရား ဆောင်းပါးများကိုလည်း ရေးသားထားခဲ့ပါသေးသည်။ ထိုဆောင်းပါးများကိုမူ ဤစာတမ်းတွင် ထည့်သွင်းမဆွေးနွေးတော့ပါ။

□

၃။ <u>ဝတ္ထု</u>

ကိုစောညိန်း၏စာများအနက်မှ မရဏမောင်းသံ (ဝတ္ထုရှည်၊ လတ်)နှင့် တတိယသဝဏ်လွှာ(ဝတ္ထုတို)တို့ကို မြန်စာပြန့်ထုတ်စာအုပ်တွင် တွေ့ရပါသည်။ "မောင်စိုးလှိုင်သို့မြန်စာ" စာမူကိုလည်း ဝတ္ထုတိုတွင် ထည့်လိုက ထည့်နိုင်သည်ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် "မြန်စာ"ဟုပင် ဆိုသော်လည်း ကိုစောညိန်းက အားကျဖွယ်ဖြစ်သော သူ၏ကြိုးပမ်းပုံများ၊ ရင်နာသနားဖွယ်ဖြစ်သော သူ၏ဂံကြမ္မာ၊ နာကျည်းဖွယ်ဖြစ်သော ပတ်ဝန်းကျင်၊ လေးစားထိုက်သော ကိုစောညိန်း၏ ဂီတမြတ်နိုးမှုတို့ကို စိတ်ဝင်စားဖွယ် ဖတ်ရှုခံစားရသောကြောင့် ဖြစ်ပါသည်။

"မရဏမောင်းသံ" ဝတ္ထုကို ကိုစောညိန်း သက်ရှိထင်ရှားရှိစဉ် <u>ခေတ်ပြင်စာအုပ်တိုက်</u>က ဦးစွာထုတ်ဝေခဲ့သည်။ ထိုနောက် ၁၉၇၉-ခု မြန်စာပြန့်က ထုတ်သည့် ဂီတနက်သန် ကိုစောညိန်းစာစုတွင် ထပ်မံဖော်ပြခဲ့သည်။ တတိယအကြိမ်အဖြစ် (**Quality Publishing House**)က မကြာမီက ထုတ်ထားပါသေးသည်။

<u>ရည်ရွယ်ချက်</u>

ဤဝတ္ထုသည် ထိုခေတ်တွင် ဆန်းသစ်မှုရှိသည်ဟုဆိုကြသည်။ အကြောင်းမှာ လောကဓာတ်ပညာခေါ် သိပ္ပံပညာကို အခြေခံရေးသားထားသောကြောင့်ဖြစ်သည်။ ဝတ္ထု၏ရည်ရွယ်ချက်မှာ တွေးစရာဖြစ်သည်။ တစ်ပုဒ်လုံးကိုခြုံကြည့်ပါက ဖက်ဆစ်ဝါဒီတို့အပေါ် မြန်မာတို့က နာကျည်းခံပြင်းမှုကို ဖော်ကျူးထားခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ နောက်ဆုံးစာပိုဒ်အရ တွေးပြန်လျှင် ဖက်ဆစ်ဝါဒီနှင့် နယ်ချဲ့ဝါဒီတို့အကြား မြန်မာသားကောင်းတစ်ဦး ကျဆုံးရပုံကို ဖော်ကျူးရိပ်တွေ့ရပြန်သည်။ ထို့အပြင် ဘာသာရေးအမြင်အားဖြင့် သူတစ်ပါးမကောင်းကြံသူသည် မကောင်းကံဖြင့် ဆုံးပါးရသည်ဟူသော သဘောကိုလည်း တွေ့နိုင်ပါသေးသည်။

ဇာတ်လမ်းနှင့် ဇာတ်ဆောင်

ဇာတ်လမ်းအကျဉ်းမှာ ဤသို့ဖြစ်သည်။

သူငယ်သား ကိုဘခက်နှင့် ကိုကျော်သာတို့သည် ကျောင်းနေဘက်သူငယ်ချင်းများဖြစ်ကြသည်။ ဘွဲ့ရပြီးနောက် ကိုကျော်သာက မြို့ပိုင်ဖြစ်၊ ကိုဘခက်က အင်္ဂလန်ပညာသင်သွား၊ ဂျာမန်သိပ္ပံပညာရှင်တစ်ဦးနှင့် ဂျာမဏီပြည်လိုက်သွား။ သိပ္ပံစမ်းသပ်ချက်တွေလုပ်၊ စစ်အတွင်း ဂျာမန်ပညာရှင်တွေကို စစ်ဘက်ဆိုင်ရာ လုပ်ငန်းရပ်တွေလုပ်နိုင်း၊ ဆရာ၊ တပည့် အန္တရာယ်ရှိလာ၊ ကိုဘခက် ထွက်ပြေး၊ ဇနီးဆုံး သမီးလေးနှင့် မြန်မာပြည်ပြန်လာ။

သမိုင်းမှာမြို့ကြီး တစ်ခုတွင်နေ၍၊ သိပ္ပံစမ်းသပ်ချက်တွေဆက်လုပ်၊ သမီးကိုကျောင်းထား၊ ဦးကျော်သာနှင့်ပြန်တွေ့၊ သားရေး၊ သမီးရေး ကတိကဝတ်ပြုကြ၊ စစ်အတွင်း တစ်ဖန်ကွဲသွားကြပြန်။

ဟံသာဝတီ ဒိစတြိတ်ရွာလေးတစ်ရွာ၏ မြို့ကျယ်ကြီးထဲမှာ အိမ်ကြီးတစ်ဆောင်၏ သတင်းမှာထူးခြား၊ ကြက်ခေါင်း၊ ဝက်ခေါင်း နတ်တင်ထားခြင်းမျိုး၊ ကြောက်စရာ အသံကြီးမျိုး အရုပ်ဆိုးဆိုးလူကြီးများ၊ ဥစ္စာစောင့်လိုလို မိန်းမပျိုလေးတို့ကို မကြာခဏတွေ့ရတတ်၊ ပတ်ဝန်းကျင်က ကြောက်ကြ။

အိမ်ကြီးခြံဝင်းနံဘေး အပေါ်သွားသူနှစ်ဦး ကတုန်ကရင်ဖြစ်ကာ စိတ်ကယောင်ချောက်ချားဖြစ်၊ တစ်ညတွင် ကင်းလှည့်သမား ၂-ဦး မြို့ကြီးနားရောက်နိုက် အုံ့ညြွှယ်အသံကြီးကြားပြီး ကွယ်လွန်သွားကြ၊ အားလုံး ပိုကြောက်ရွံ့လာကြ။

သိုင်းပညာတတ် တယောသမား ကိုစောနိုင်က သိချင်စိတ်ပြင်းပြ၊ ညမှာ တိတ်တဆိတ် မြို့ထဲခုန်ဝင်၊ သစ်ပင်ပေါ်တက်၊ အိမ်အတွင်းဘက်လှမ်းကြည့် စုန်းကဝေ အောက် လမ်းလက္ခဏာများမတွေ့၊ မိန်းမပျိုလေးလိုလိုမြင်ခဲ့ရ။

နောက်ရက်များမကြာမီ နေ့ခင်းမှာပင် မြို့ကြီးထဲဝင် မိန်းမပျိုလေးနှင့်တွေ့၊ စန္ဒယားလာသင်ပေးဖို့မှာ၊ နောက်ရက်သွားပြီး စန္ဒယားသင်ပေးနိုက် ကြီးမားကြံ့ခိုင် ကြမ်းတမ်းသည့် လူ ၂-ဦးနှင့် သတ်ပုတ်၊ အခြားလူကြီးတစ်ဦးက သေနတ်နှင့်ချိန်၊ ကိုစောနိုင်ကို စစ်မေး။

များမကြာမီ ဦးကျော်သာအိမ်ကို ထိုလူကြီးရောက်လာ၊ ဦးဘခက်ဖြစ်နေ၊ ဦးကျော်သာနှင့် စကားပြေည်ပြော၊ ကိုစောနိုင်ကိုလည်း ဖိတ်ခေါ်သွား၊ ကိုစောနိုင်က ဦးဘခက်သမီး နွဲ့နွဲ့ရီကို စန္ဒယားတီးသင့်ပေး၊ ဦးဘခက်က ကိုစောနိုင်ကို သိပ္ပံဘွဲ့ရဖြစ်မှန်းသိ သူ၏စမ်းသပ်ခန်းထဲလိုက်ပြ၊ ဗုဒ္ဓဂေါတမ၏အသံတော်ကို ပြန်လည်ဖမ်းယူ

စုစည်းဖို့ကြိုးစားပုံ၊ ယခုတော့ သဒ္ဒါယနေ့မြန်မာနှင့် မရဏမောင်းကိုဖန်တီးထား၊ အသံကို ကျယ်ချင်သလောက် ကျယ်အောင်လုပ်ဆောင်ထား။

ဦးဘခက်က မြန်မာတွေကို ယုတ်မာစွာနှိပ်စက်နေသည့် ဖက်ဆစ်တွေကို နာကျည်း၊ ဩဂုတ်လ ၂၅ရက် ၇း၀၅နာရီမှာ ဂျပန်ဘုရင်လွှင့်ထုတ်စဉ် ထိုအသံလှိုင်းထဲကို မရဏမောင်းသံထည့်လွှင်းခဲ့ထုတ်လွှင့်လိုက်လျှင် နားထောင်သူ စစ်သားအားလုံး သေကုန်ကြမည်။ ဤသို့ စောနိုင်ကိုရှင်းပြ။ ကိုစောနိုင်က စောဒကတက်သမျှကို ကျိုးကြောင်းပြချေဖျက်ပြီး အချိန်နီးသောအခါ နွဲ့နွဲ့ရီ ဒေါ်သူဇာနှင့် ကိုစောနိုင်တို့ကို ပုန်ကျင်းတွင်ဆင်းစေ၊ ဦးဘခက်က မြေတိုက်ခန်းထဲဝင်၊

မကြာမီ တုန်လှုပ်ချောက်ချားဖွယ်အသံကြီး ထွက်လာ၊ အားလုံးတုန်လှုပ်ကြောက်ရွံ့ကြ၊ နွဲ့နွဲ့ရီက ကိုစောနိုင်ကိုဖက်ထား၊ အသံတွေစဲသွား ကိုစောနိုင်ထွက်ကြည့် အိမ်ကြီးတစ်ခုလုံးပျောက်ကွယ်၊ ပြာမှုန့် သဲမှုန့်တွေ ပိတ်ဖုံးသွား အချိန်ကား ၇း၃၅ နာရီတိတိ။

ဤကား ဇာတ်လမ်းအချုပ်ပါတည်း။

စာတမ်းရှင်က ဇာတ်လမ်းပါ အလိမ်၊ အကွေ့များကို မြေဖြောင့်ပြီး ဖြစ်စဉ်အတိုင်း ပြန်ပြောထားခြင်းသာ ဖြစ်ပါသည်။ မရဏမောင်းသံဝတ္ထု မူရင်းဇာတ်လမ်းမှုကား ဝတ္ထုအတတ်ပညာကိုသုံးပြီး အကွေ့အလိမ် အဖုံးအဖိ၊ အဖွင့်အဖော် နိမိတ်ပြလှည့်ကွက်၊ ဇာတ်ကြောင်းပြန်တို့ဖြင့် လှပသေသပ်စွာ ရက်လုပ်ထားပါသည်။ အကျိုးအကြောင်းဆက်လျက် အနိဋ္ဌာတ်အဆက်မိမိ ကျစ်လျစ်သေသပ်စွာ တိုင်ဖောက် ရက်ရှယ်အကွက်လည်အောင် ခြယ်သထားသဖြင့် စွဲမက်ဖွယ်ရှိပါသည်။

အချို့ပညာရှင်တို့က "ဇာတ်လမ်းဟူသည်မှာ အားပြိုင်မှုတို့၏ သိကြိုးဖြစ်သည်" ဟု ဆိုမိန့်ကြပါသည်။ ထိုအားပြိုင်မှုတို့က စာဖတ်သူကို သိလိုဇောန်း ဆွခြင်း၊ မချင့်မရဲဖြစ်စေခြင်း၊ လျှို့ဝှက်သည်းဖိုဖြစ်စေခြင်းစသော တွန်းအားများကိုပေးတတ်ပါသည်။ ဝတ္ထုတွင်ရှိသင့်သော အဓိကဂုဏ်ရည်တစ်ရပ်ကား သိလိုစိတ်နှိုးဆွမှုပင် ဖြစ်ပါသည်။ သိလိုစိတ်နှိုးကြွမှသာ ဝတ္ထုကို ဆက်ဖတ်ဖြစ်ပါလိမ့်မည်။ ထို့ပြင် သည်းထိတ်ရင်ဖိုဖြစ်စေမှု၊ အံ့အားသင့်စေမှု၊ ကျေနပ်ကြည်နူးဖြစ်စေမှုတို့သည်လည်း သိလိုစိတ်နှိုးကြွစေရန် အားဖြည့်ပေးကြပါသည်။ မရဏမောင်းသံဝတ္ထုတွင် အဆိုပါဂုဏ်ရည်များပါဝင်သည်ကို လေ့လာတွေ့သိနိုင်ပါသည်။

ဝတ္ထုရေးဆရာသည် ဇာတ်လမ်းကို ဇာတ်လက်တက် ၂-ခု အပြိုင်ထားသည်။ ကိုစောနိုင်မိသားစုဖြစ်ပျက်စဉ်လက်တက်နှင့် ဦးဘခက်မိသားစုဖြစ်ပျက်စဉ်လက်တက်

တို့ဖြစ်ကြသည်။ ထိုလက်တက် ၂-ခု ကို ပေါင်းဆုံစေပြီး မရဏာမောင်းသံတည်းဟူသော ကျောနိုမြစ်မကြီးကို ဖြစ်ထွန်းစေပါသည်။ အဆိုပါ ဇာတ်လက်တက် ၂-ခုတို့အနက် ကိုစောနိုင်အပိုင်းကို များသောအားဖြင့် အပြောအပြနှင့် ဖော်ဆောင်လျက် ဦးဘခက် အပိုင်းကိုမူ ဇာတ်ကြောင်းပြန်ပြောနည်းကိုသုံးကာ အပြောသက်သက်နှင့် ဖော်ဆောင် ထားသည်။ ဦးဘခက်က သူ့ဇာတ်ကြောင်းစဆုံးကို တစ်ထိုင်တည်း ပြောပြခြင်း ဖြစ်ပါသည်။

ကိုစောနိုင်အပိုင်းတွင် ကိုစောနိုင်၏အတွေးအကြံအပြောနှင့် အပြုအမူတို့သည် (ဝါ) ကိုစောနိုင်၏ပြုမူလှုပ်ရှားမှုတို့သည် စာဖတ်သူကို ဆွဲဆောင်အား များစွာပေးနိုင် သည်။ ကိုစောနိုင်၏လှုပ်ရှားမှု အရပ်ရပ်ကို ကန့်သတ်သိရှုထောင့်ဖြင့် ကိုစောနိုင် ကိုယ်တိုင် ပြောလေဟန်နီးနီး စာရေးသူက ရေးသားထားသည်။ ထို့ပြင် ကိုစောနိုင်၏ ရုပ်ရည် အမူအရာ၊ အရည်အသွေး၊ စိတ်နေဟန်ထားတို့သည် ကိုစောညိန်း၏ကိုယ်ပိုင် အရည်အချင်းတို့နှင့် အလုံးစုံတူနေသဖြင့် ကိုစောနိုင်ကို ကိုစောညိန်းဟုပင် ထင်ယောင် လာစေသည်။

မရဏာမောင်းသံဝတ္ထုမှာ ဇာတ်လမ်းဇာတ်သက်လည်း သိပ်မရှည်၊ ဇာတ်အိမ် လည်းမကြီး၊ ဇာတ်ဆောင်လည်းမများ။ သို့သော် ဇာတ်လမ်းပါ ဇာတ်ခန်းအချို့ ဖြစ်ရပ် အချို့သည် ဆန်းသစ်သည်ဟု ဆိုနိုင်သည်။ ဗုဒ္ဓမြတ်စွာ၏အသံတော်ကို ပြန်လည် ဖမ်းယူစုစည်းရန် ကြိုးစားချက်နှင့် မရဏာမောင်းသံကို (Radio) လှိုင်းထုထဲ ထည့်သွင်း လွှင့်ထုတ်ရန် ကြံစည်ချက်တို့သည် ဆန်းသစ်မှုတို့ဖြစ်ကြသည်။ ဤအကြံသည် ကိုစောညိန်း၏ ကိုယ်ပိုင်စိတ်ကူးသာမှန်ခဲ့လျှင် ကိုစောညိန်းကို များစွာချီးကျူးထိုက်ပါ ပေသည်။ ဤအချက်တို့ပါဝင်သဖြင့်လည်း ဤဝတ္ထုကို သိပ္ပံဝတ္ထုဟု သတ်မှတ်ကြ သည်။ ဤဝတ္ထုပေါ်ထွက်ချိန်တွင် မြန်မာဝတ္ထုကဏ္ဍ၌ သိပ္ပံဝတ္ထုအလွန်ရှားပါးနေ ချိန်ဖြစ်သဖြင့် ဆန်းသစ်သည်၊ ဆန်းပြားသည်ဟုဆိုကြသည်။

ဇာတ်လမ်းတွင် အိမ်ကြီး၏ကြောက်ရွံ့ဖွယ် အခြေအနေများ၊ အိမ်ကြီး ပတ်ဝန်းကျင်မှာ ထူးဆန်းသည့်ဖြစ်ရပ်များ၊ ကင်းပတ္တရောင်နှစ်ယောက် သေဆုံးရပုံများ ကို သည်းထိတ်ရင်ဖိုဖြစ်အောင် မြှုပ်ကွက်များနှင့် စီရင်ထားသဖြင့် ဤဝတ္ထုသည် လျှို့ဝှက်သည်းဖိုဝတ္ထုလည်း ဖြစ်နေသည်ဟု ဆိုနိုင်သေးသည်။

ဇာတ်လမ်းပါ ဇာတ်ဆောင်တို့တွင် ကိုစောနိုင်နှင့် ဦးဘခက်တို့သည် ပဓာန ဇာတ်ဆောင်များဖြစ်ကြသည်။ ဝတ္ထုတစ်ပုဒ်လုံး၌ ကိုစောနိုင်အခန်းကဏ္ဍက ပိုများ သော်လည်း ဝတ္ထုဆုံးသောအခါ ဦးဘခက်၏အစီအမံများကသာ လွှမ်းမိုးစွဲထင်

တင်ကျွန်ရစ်သဖြင့် ဤဝတ္ထုကို ဇာတ်လမ်းပဓာနဝတ္ထုဟုလည်း ဆိုနိုင်သည်။

စာရေးသူက ကိုစောနိုင်ကို ပို၍အသားပေး အသေးစိတ်ဖော်ပြထားပါသည်။ ကိုစောနိုင်သည် အရပ်ရှည်၊ ကိုယ်ထည်သေး၊ တယောတီးကောင်း၊ သိုင်းပညာရှင်၊ (B.Sc)ဘွဲ့ရသူတစ်ဦး၊ သတ္တိကောင်းသူ၊ စူးစမ်းလိုသူတစ်ဦး၊ တွေးတောဆင်ခြင်တတ်သူအဖြစ် ပုံဖော်ထားသည်။ တိုက်ရိုက်နည်းနှင့်ရော သွယ်ဝိုက်နည်းနှင့်ပါ ပုံဖော်ထားသည်။

"သူ၏အမည်မှာ ကိုစောနိုင်၊ သူ၏အသက်မှာ နှစ်ဆယ်ကျော်အစိတ်မရှိတရှိ၊ အရပ်အမောင်း ငါးပေခွဲမျှ ရှိသည်။ သို့ရာတွင် သူသည် အားသမားမဟုတ်၊ ဓားသမားသက်သက်ဖြစ်ကြောင်း သူ၏ကိုယ်လုံးကိုယ်ထည်မှာ သန်မာဖျတ်လတ်ရှိသော်လည်း အရပ်အမောင်းနှင့် နှိုင်းစာလျှင် ပိန်ပိန်သေးသေးဟု မှတ်ထင်ရသည်"

ဟုစာရေးသူက တိုက်ရိုက်ဖော်ပြပေးသည်။ စင်စစ်မူ ကိုစောနိုင်သည် ကိုစောညိမ်း၏ အရိပ်ဟု ထင်စရာဖြစ်အောင် အလုံးစုံနီးပါးတူနေသည်ကို တွေ့ရသည်။ ကိုစောနိုင်သည် စနိုက်သေဇာတ်ဆောင်ဖြစ်သော်လည်း ကိုစောနိုင်၏လှုပ်ရှားမှုဖြင့် စွဲမက်ဖွယ်ဖြစ်အောင် ကိုစောညိမ်းက စင်တင်ပြနိုင်သည်။

ငယ်ရွယ်သူ စာရေးဆရာအချို့သည် မိမိကိုယ်ကို ဇာတ်လမ်းထဲ ဤသို့ထည့်သွင်းတတ်ကြသည်မှာယေဘုယျဆန်ပါသည်။

ဦးဘခက်၏ လူငယ်ဘဝဖြစ်စဉ်ကို ဝတ္ထု၏အလယ်လောက်ရောက်မှ ဦးဘခက်ကိုယ်တိုင် တိုက်ရိုက်ပြောစကားတို့ဖြင့် ဖော်ပြပြီး နောက်ပိုင်းဖြစ်စဉ်များကို ကံသုံးပါးအမှုအရာတို့ဖြင့် ဖော်ပြထားသည်။ ဦးကျော်သာ၏ ပြောပြချက်ဖြင့်လည်း ဦးဘခက်၏စရိုက်ကို ဖြည့်စွက် ဖော်ပြပေးသေးသည်။

ဦးဘခက်ကို သူဌေးသား၊ ပညာတတ်၊ အကြံကြီးသူ၊ စိတ်ကူးထက်မြက်သူ၊ စူးစမ်းတွေးခေါ်တတ်သူ၊ အမည်နှင့်လိုက်ဖက်အောင် ခက်ထန်တင်းမာသူ၊ ဇွဲကြီးသူအဖြစ် ဖန်တီးထားသည်။ ဦးဘခက်၏ရုပ်လက္ခဏာကို ကိုစောနိုင်မြင်ပုံ၊ တွေးပုံဖြင့် သရုပ်ဖော်ပေးသေးသည်။

"လူကြီး၏မျက်လုံးပုံပန်းမှာ အတော်ပင်ခက်ထန်နေပုံရလျက် ဓွတ်တရွတ်ကျမည့်ရုပ်မျိုး ဖြစ်သည်။ သို့ရာတွင် အောက်လမ်းဆရာဆိုသော လူစားမျိုး၌ ရှိတတ်သော ဇာကြောင်ကြောင်နှင့်

> ညှံ့ဖျင်းသည့်အင်္ဂါရုပ်မျိုးမရှိလှ၊ ကျယ်သောနဖူး၊ ပြန့်ကားကြီးမား
> သောနှာခေါင်း၊ အနည်းငယ်ထူ၍ပြုံးသောနှုတ်ခမ်းတို့နှင့် တွန့်နေ
> သော မျက်ခုံးအောက်မှာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံသော
> လူတစ်ယောက်ဟု ခန့်မှန်းလောက်ဖွယ်ရှိနေသည်"

ဟုအစချီကာ ဦးဘခက်မျက်နှာထူ၊ ထိပ်ပြောင်ပုံ၊ တွေဝေးတွေးတောနေပုံများကို ကိုစောနိုင်တွေ့မြင်၊ တွေးထင်ပုံဖြင့် အသေးစိတ်ဖန်တီးထားသည်။ ဤဖန်တီးထားမှုသည် ဦးဘခက်၏နောက်ပိုင်းလုပ်ရပ်များကို အကူအပံ့ဖြစ်စေခဲ့သည်။

နောက်ပိုင်း၌ ကိုစောနိုင်နှင့် တွေ့ကြုံဆက်ဆံရသောအခါ ဦးဘခက်၏လေးနက်သည့်အတွေးအခေါ်၊ ဘာသာရေးအမြင်၊ တည်တည်ငြိမ်ငြိမ် လုပ်ကိုင်တတ်ပုံ၊ သေသပ်တိကျစွာ တိုင်းဆလုပ်ကိုင်တတ်ပုံ၊ မိမိကိုယ်ကို ယုံကြည်စိတ်ချတတ်ပုံ၊ ဖက်ဆစ်မုန်းတီးပုံများကို စာရေးသူက တိုက်ရိုက်နည်း၊ သွယ်ဝိုက်နည်းတို့ဖြင့် ဦးဘခက်၏ ရုပ်လုံးပီသပေါ်လွင်လာအောင် ဖော်ထားသည်။ ဦးဘခက်သည် စရိုက်သေဇာတ်ဆောင်အဖြစ်နှင့်ပင် စိတ်ဝင်စားဖွယ်ပုဂ္ဂိုလ်ဖြစ်နေသည်ကို တွေ့ရသည်။

ရက်စက်ခက်ထန်သည့် ဖက်ဆစ်ဂျပန်တို့ကို အစုလိုက်သုတ်သင်ရန် စီမံကိန်းနှင့် ပတ်သက်၍ ကိုစောနိုင်က အကုသိုလ်မဖြစ်ပေဘူးလားဟု ဆွေးနွေးရာ ဦးဘခက်က ဖက်ဆစ်ဂျပန်ရော ဂျာမဏီပါ နိုင်သွားပါက တစ်ကမ္ဘာလုံး ဒုက္ခအကြီးအကျယ်ကျရောက်မည်ဖြစ်ကြောင်း၊ ရေများရေနိုင်၊ ကုသိုလ်များကုသိုလ်နိုင်မှာဖြစ်ကြောင်း ဘုရားဟောတရားများနှင့်ရှင်းပြသည်။ ဤသည်တို့ကြောင့် ဦးဘခက်သည် သိပ္ပံနှင့် ဘာသာရေး နှစ်ဖက်ထိစပ်ကာ စိတ်ဝင်စားဖွယ်အကောင်းဆုံး ဇာတ်ဆောင်ဖြစ်နေသည်။

ဦးကျော်သာနှင့် နွဲ့နွဲ့ရီတို့သည် အရံဇာတ်ဆောင်များဖြစ်ကြသည်။ ဝတ္ထုဖြစ်လျှင် ချစ်ရေးချစ်ရာလေးများ ထည့်တတ်ကြရာ နွဲ့နွဲ့ရီကိုလည်း ဤသဘောမျိုးထည့်ထားသည်ဟု ထင်စရာဖြစ်သည်။ သို့သော် အပိုင်းနှစ်ပိုင်းကို ဆက်စပ်ပေးရာ၌ ဤသူနှစ်ဦးသည် များစွာအရေးပါသည်။ ဝတ္ထုတွင် ဗုဒ္ဓ၏အသံတော် ဖမ်းယူရေး၊ သဗ္ဗါယာနမြူမှုန်၊ မရဏာမောင်းတို့ဖြင့် ဆန်းသစ်စေခြင်း လျှို့ဝှက်ဆန်းကြယ်ခြင်း၊ စွန့်စားခြင်းတို့ဖြင့် ဆွဲဆောင်နိုင်သည့်အပြင် ကိုစောနိုင်၊ နွဲ့နွဲ့ရီတို့၏အချစ်ရေးရာလေးများဖြင့်လည်း နှစ်သက်မှုကိုဖြစ်စေသည်။

မရဏာမောင်းသံဝတ္ထုတွင် ကိုစောညိန်း၏ဝတ္ထုအတတ်နှင့် ပတ်သက်၍ ဆွေးနွေးစရာများ များစွာပင်တွေ့ရသည်။ သို့သော် ဤစာတမ်းတွင် လက်လီစိတ်

မပြောတော့ဘဲ အရေးပါသည့်အချက်များကိုသာ ကောက်နုတ်ဆွေးနွေးပါတော့မည်။

ဝတ္ထုအစကို "ဂျပန်အုပ်စိုးခဲ့၍ နှစ်နှစ်မျှကြာသောသမယ" ဟူသော ကာလနောက်ခံကိုသာ ရှိုရှိုဖော်ပြပြီးသည့်နောက်တွင်မူ သိလိုစိတ်ကို နှိုးဆွသော မိုးမှောင်ည၊ တိတ်ဆိတ်နေခိုက် ကင်းလှည့်သမားနှစ်ဦးတို့၏ လှုပ်ရှားနေရပုံကို ချောက်ချားဖွယ် ရေးထားသည်။ စာဖတ်သူအဖို့ "ဘာဖြစ်လေမလဲ ဘာဖြစ်လေမလဲ" ဟု သိချင်နေအောင် ဆွဲဆောင်ရေးသားထားသည်

အိမ်ကြီးခြံဝနား လူနှစ်ယောက် ပက်လက်လဲကျသွားပုံနှင့် ကင်းလှည့်သမားနှစ်ဦးအသံကြီးကြားရပုံ၏ အကြောင်းရင်းများကို လျှို့ဝှက်ဆန်းကြယ်စေရန် နိမိတ်လည်းပြထားသည်။ မြှုပ်လည်းမြှုပ်ထားသည်။ နောင်တွင် ထိုနိမိတ်ပြချက်တို့သည် ဇာတ်လမ်းကို အခြေခိုင် စေနိုင်ခဲ့သည်။ စာဖတ်သူတို့ ရင်ဖိုအောင် သိချင်စိတ်လည်း မြင်းပြအောင် ဆွဲဆောင်ရေးသားထားသည်။

ဤနည်းအတိုင်း နိမိတ်ကိုသာပြပြီး မြှုပ်ထားမှုကလေးများ ဤဝတ္ထုတွင် အတော်များများ တွေ့နိုင်သည်။ ခြံကြီးအတွင်းမှ ချောသည့်မိန်းမပျိုလေးကို တစ်ခါတစ်ရံ တွေ့ရတတ်ပုံ၊ ဥစ္စာစောင့်မလေးဟု ထင်ကြပုံဖြင့် ဇာတ်ဆောင် နွဲ့နွဲ့ရီကို လှည့်စားပြထားသည်။ နိမိတ်သဘောပြထားခြင်းဖြစ်သည်။ အိမ်ကြီးထဲသို့ ကိုစောနိုင်ရောက်ခိုက် ဗုဒ္ဓကျမ်းစာ စာအုပ်များ၊ သိပ္ပံစာအုပ်များ တွေ့မြင်ရပုံဖြင့်လည်း ဦးဘခက်၏လျှို့ဝှက် လုပ်ငန်းကို ရှေ့ပြေးနိမိတ်ပြထားနိုင်ပြန်သည်။ ကိုစောနိုင်ကို နွဲ့နွဲ့ရီက ပထမဦးဆုံး တွေ့ရှိန်မှာပင် အမည်၊ ပညာတတ်ဖြစ်ပုံများကို ကြိုတင်သိနေခြင်း၊ စန္ဒယားတီးသင်ပေးဖို့ ချက်ချင်းဖိတ်ခေါ်ခြင်းတို့သည်လည်း သဲလွန်စပြချက်တို့ ဖြစ်သည်။ လျှို့ဝှက်ချက်လည်း ပါနေသည်။

ဦးဘခက်သည် မရဏမောင်းကို ဖန်တီးမှုအတွက် ခိုင်လုံသော နိမိတ်ပြအဖြစ် နိုင်ငံခြားသွားသလိုလို၊ တစ်ဦးတည်း လျှို့ဝှက်နေတတ်သလိုလို ဦးသာကျော်၏ပြောစကားများဖြင့် ဖော်ပြထားသည်။

ဤအချက်များသည် နိမိတ်ပြများဖြစ်သည်။ လျှို့ဝှက်ထားမှုများလည်းဖြစ်သည်။ ခြံကြီးပိုင်ရှင်က ယမ်ပူဇော်ဟန်၊ ကြက်၊ ငှက်များ ပသထားပုံ၊ မီးထွန်းထားပုံတို့သည် ဦးဘခက်၏ လှည့်ကွက်လည်းဖြစ်သည်၊ ဝတ္ထုဆရာ၏လှည့်ကွက်လည်း ဖြစ်သည်။ ညအခါ ကိုစောနိုင်က ခြံထဲဝင်ရောက်စဉ် မိန်းမပျိုလေးအား မြင်ရပုံများကို ဖော်ပြရာ၌ ဦးဘခက်ကို အကြောင်းကြောင်း အောက်လမ်းသမားမဟုတ်ဟု ကိုစောနိုင် ထင်မြင်ပုံဖြင့် စာဖတ်သူကို သို့လော၊ သို့လော သံသယဖြစ်စေနိုင်ခဲ့သည်။ ဦးဘခက်၏

ဓာတ်ခွဲခန်းတည့်တည့်ကို ဗုန်းထိမှန်သည်ဆိုသောအဖြစ်မှာလည်း စဉ်းစားဖွယ်ဖြစ်သည်။ ငန်းတိုက်ဗုံးကြဲရာမှ ဦးဘခက်၏ ဓာတ်ခွဲခန်းလည်း ထိမှန်ခံရခြင်းလော။ သို့မဟုတ် ရန်သူတို့က ဦးဘခက်၏အစီအမံ၊ အကြံဉာဏ်ကို ကြိုတင်ထောက်လှမ်းသိရှိထားသဖြင့် ချိန်ကိုက်ဖျက်ဆီးပစ်ခြင်းပေလောဟု စဉ်းစားစရာအဖြစ် ဝတ္ထုဆရာက ဖန်တီးထား သည်ဟု ထင်ပါသည်။ ကိုစောနိုင်က စန္ဒယားတီးသင်နေစဉ် နွဲ့နွဲ့ရီ စာအုပ်သွားယူရာမှ ပြန်မရောက်လာဘဲ လူသန်ကြီး ၂-ဦးနှင့် ဦးဘခက်တို့ ချက်ချင်းလာရောက်တိုက်ခိုက်ပုံ မှာလည်း နွဲ့နွဲ့ရီ၏ဖျားယောင်းထောင်ဖမ်းပုံမှိုးထင်ရအောင် ဖန်တီးထားသည်။

ကိုစောနိုင်တို့အိမ်ကို ဦးဘခက်ရောက်လာစဉ် ဦးဘခက်က ကိုစောနိုင်၏ ပညာ၊ သတ္တိတို့ကိုသဘောကျပုံ တစ်ချိန်တွင် သူ့အတွက်အသုံးကျလာမည်ဟု ဦးဘခက်က မတင်မကျပြောပုံများမှာလည်း ဖုံးတစ်ဝက်၊ ဖော်တစ်ဝက်နှင့် လျှို့ဝှက်ဆန်းကြယ်ဆန်လှသည်။

ညကမြဲကြီးအတွင်းသို့ ကိုစောနိုင်တိတ်တခိုးဝင်ခဲ့မှုကို ဘယ်သူမှမသိဟု ကိုစောနိုင်က ထင်သည်။ ပရိသတ်ကလည်း ထင်သည်။ သို့သော် နေ့အချိန် ကိုစောနိုင်ကို ဦးဘခက်တို့ ဖမ်းမိသည့်အခါ

"မနေ့ညက မြစည်းမိုးကို ခုန်ဝင်လာတာကတော့ ကျုပ်သမီးကို

စန္ဒယားသင်ပေးဖို့ ဟုတ်မယ်မထင်ပါဘူး"

ဟု ဦးဘခက်ပြောလိုက် ရာ ဇာတ်ဆောင်ရော စာဖတ်ပရိသတ်ပါ ရင်ဖိုသွားရသည်။

ဝတ္ထုတစ်ပုဒ်လုံးတွင် ဖုံးလိုက် ဖော်လိုက်၊ နိမိတ်ပြလိုက်၊ လှည့်စားထားလိုက်၊ ယုံထင်ကြောင်ထင် ဖြစ်စေလိုက်ဖြင့် ဖြစ်ရပ်များကို အချိတ်အဆက်မိမိ ဇာတ်လမ်းဆင်ထားသည်မှာ နှစ်သက်ဖွယ်၊ ချီးမက်ဖွယ်ရာကောင်းသည်။

မကြာသေးမီက ဤဝတ္ထုကို ပြန်လည်ရိုက်နှိပ်ရာ အရောင်းမသွက်လှသေးဟု ပြောသံကြားရသည်။ စင်စစ်မှာဝတ္ထုကိုစ၍ မကိုင်မိကြသေးသောကြောင့်သာ မသွက်သေးခြင်းဖြစ်ဖွယ်ရှိသည်။ စတင်ဖတ်မိပါမူ အပြီးထိ လက်ကမချ ဖတ်ဖြစ်မည်မှာ သေချာသည်ဟု ဆိုချင်ပါသည်။

ဤသို့ဆိုသဖြင့် ဤဝတ္ထုသည် အလုံးစုံကောင်းသည်၊ အပြစ်ဆိုဖွယ် မရှိဟု ဆိုလိုခြင်း မဟုတ်ပါ။ ယုတ္တိအားနည်းသည့်အဖြစ်များလည်း မကင်းဟုဆိုရပါမည်။ မြို့ငယ်လေးမှာ ပေါက်ကွဲသံကြီး ဖြစ်ပျက်ခဲ့သည်ကို သက်ဆိုင်သူတို့က မစုံစမ်း၊ အရေးမယူဟူသောအချက်မှာ စဉ်းစားစရာဖြစ်နိုင်ပါသည်။ ယုတ္တိနည်းသည်ဟု ဆိုချင်

စရာဖြစ်သည်။

တစ်ဖက်ကကြည့်လျှင်လည်း ထိုအချိန်ကား ကာလပျက်၊ လက်နက်များ ပြန့်ကျဲနေသောကာလ၊ အုပ်ချုပ်ရေး မတည်ငြိမ်သောကာလ၊ အချိန်မရွေး ဒေသမရွေး ပေါက်ကွဲနိုင်သောကာလဖြစ်သဖြင့် အထူးအဆန်းအဖြစ်သဘော မထားဘဲ လျစ်လျူရှု ထားခြင်းဖြစ်သည်ဟု ယူဆနိုင်ပြန်ပါသည်။

အချုပ်အားဖြင့် မရဏမောင်းသံဝတ္ထုသည် ထိပ်တန်းစာရင်းဝင် ဝတ္ထုတစ်ပုဒ် ဟု မဆိုနိုင်သော်လည်း ဤဝတ္ထု၌ ကိုစောညိန်းကို အထင်ကြီးလေးစားထိုက်သော ဝတ္ထုအတတ်ပညာများ ပါရှိနေသဖြင့် ကိုစောညိန်းသာ အသက်ရှည်ခဲ့ပါလျှင် ဝတ္ထု ကောင်းများ ဖန်တီးနိုင်လိမ့်မည်ဟု မှန်းဆတမ်းတနိုင်ပါသည်။

<u>တတိယသဝဏ်လွှာ</u>

ဝတ္ထုတိုအဖြစ် တတိယသဝဏ်လွှာတစ်ပုဒ်ကိုသာ တွေ့ရပါသေးသည်။

တတိယသဝဏ်လွှာဝတ္ထုတို၏ ရည်ရွယ်ချက်မှာ ပြည်တွင်းသောင်းကျန်းသူ နှိမ်နင်းရေးတွင် အသက်စွန့်တိုက်ပွဲဝင်သွားသူ ရဲဘော်တစ်ဦး၏အဖြစ်ကို ဖော်ကျူး လိုသော ရည်ရွယ်ချက်ဖြစ်သည်ဟုဆိုနိုင်ပါသည်။ စာရေးသူ ကိုစောညိန်း၏ ဘဝပေး အခြေအနေနှင့် ထင်ဟပ်ကြည့်လိုက်ပြန်ပါမူ အချစ်နှင့်ဆိုင်သော ရင်တွင်းခံစားချက်ကို အနုပညာဖြင့် အန်ထုတ်လိုက်ခြင်းဖြစ်သည်ဟုလည်း ကောက်ယူနိုင်ပါသေးသည်။ စစ်ရေးထက် အချစ်ရေးက ပို၍ အားသာနေသည်ဟု ထင်စရာဖြစ်ပါသည်။

ဝတ္ထုဖြစ်သည့်အတိုင်း ဇာတ်လမ်းတိုလေးပါဝင်သည်။

တယောပညာရှင် စမ်းအောင်က နွဲ့နွဲ့ရီ၏ အိမ်အနီးရှိ ကလေးမတစ်ဦးထံ ဂီတပညာ လာသင်ပေးနေရာ အထက်တန်းစားဖြစ်သူ နွဲ့နွဲ့ရီကို တွေ့ , တွေ့နေရ သဖြင့် နွဲ့နွဲ့ရီကို စိတ်ဝင်စားနေရသည်။ နွဲ့နွဲ့ရီက တယောလက်သံကို နှစ်ခြိုက်နေ သည်။ စမ်းအောင်မှာ မအောင့်အည်းနိုင်သဖြင့် မိမိကချစ်နေပါကြောင်း နွဲ့နွဲ့ရီထံ စာပေးသည်။ မိမိကို ပြန်ချစ်ပါဟုမူ အခွင့်မတောင်း။ ဤကား ပထမသဝဏ်လွှာဖြစ် သည်။

နွဲ့နွဲ့ရီသည် စာကြောင့်ရင်ခုန်ရသည်။ သူ့စိတ်တွေလှုပ်ရှားလွန်းသဖြင့် သူ့ကိုယ် သူ ပြန်လည်သုံးသပ်ရတော့သည်။ သို့သော် မဝေခွဲနိုင်။ ထိုစဉ် စမ်းအောင်က ချစ်အား ငယ်ရသူအဖြစ် လွမ်းသံနှောသော သီချင်းကို သီဆိုတီးခတ်သွားတတ်သည်။ နွဲ့နွဲ့ရီ နေမချည်၊ ထိုင်မသာပိုဖြစ်လာရသည်။

ဤသို့ဖြစ်နေစဉ် မကြာမီမှာပင် စမ်းအောင်ထံမှ စာတစ်စောင်ထပ်ရသည်။ ဒုတိယသဝဏ်လွှာဖြစ်သည်။ စာထဲ၌ ချစ်ပါသည်ဆိုသည့်စကားကို မဆိုထားနှင့် ပြန်စာပင် ပြန်မပေးနိုင်အောင် ဂုဏ်စနက္ခာခြားသဖြင့် ဝမ်းနည်းပါကြောင်း မစောင့်စားဝံ့တော့သဖြင့်လည်းကောင်း၊ နိုင်ငံအတွက် တပ်မတော်က လိုအပ်သဖြင့်လည်းကောင်း တပ်မတော်သို့ဝင်ကာ စစ်ထွက်တော့မည့်အကြောင်း စကားလုံးလှလှလေးများဖြင့် ရေးသားထားသည်။ ဒုတိယသဝဏ်လွှာဖြစ်သည်။

နွဲ့နွဲ့ရီ ဟန်မဆောင်နိုင်တော့သဖြင့် ချစ်ပါသည်ဆိုသော စကားမပါဘဲ စမ်းအောင်အပေါ် မေတ္တာရှိပါကြောင်း ပေါ်လွင်စေသည့် အသုံးအနှုန်းများဖြင့် စာတစ်စောင်ရေးထားသည်။ စမ်းအောင် စစ်ထွက်ချိန်ပေးရန် စဉ်းစားစီစဉ်ထားသည်။

တကယ်စစ်ထွက်သောအခါ စမ်းအောင်နှင့်လွဲသွားသည်။ နွဲ့နွဲ့ရီ စိတ်မကောင်းဖြစ်ရသည်။ စမ်းအောင်ကို သတိတရရဖြစ်ရင်း ဆုမွန်ကောင်းများ တောင်းပေးနေသည်။ ပြန်လာလျှင် ချစ်ကြောင်းဖွင့်ဟတော့မည်ဟု ဆုံးဖြတ်ထားသည်။

စမ်းအောင် ဒဏ်ရာရကြောင်း သတင်းရသည်။ နွဲ့နွဲ့ရီ စိတ်ပူနေရသည်။ နောက် စမ်းအောင် ဒဏ်ရာပျောက်ပြီး နေရပ်ကိုပြန်လာသည်။ စစ်ဝတ်စုံကို သပ်ရပ်ခံ့ညားစွာဝတ်လျက် ဝင့်ကြွားထည်ဝါစွာ လမ်းလျှောက်လာသည့် စမ်းအောင်ကား လှည့်မကြည့်။ နွဲ့နွဲ့ရီကလည်း နှုတ်မဆက်ရဲ။ ယခင်စာကိုပေးဖို့ဆိုသည်ကလည်း အချိန်ကြာပြီဖြစ်၍ မသင့်လျော်တော့။ နွဲ့နွဲ့ရီ အမျိုးမျိုးတွေးနေစဉ် ရက်များမကြာမီ စမ်းအောင် ပြန်သွားသည်။ နွဲ့နွဲ့ရီမှာ တမြည့်မြည့်ဆွေးကျန်ရစ်သည်။

နွဲ့နွဲ့ရီထံ စာတစ်စောင်ရောက်လာသည်။ စမ်းအောင်ထံက စာမဟုတ်။ တပ်ကြပ်ကြီး တင်ဝင်းထံက စာဖြစ်သည်။ စာကရှည်သည်။ စာထဲ၌ စမ်းအောင် တစ်ယောက် သောင်းကျန်းသူတို့နှင့်တိုက်တိုင်း အသက်စွန့်တိုက်ပုံ၊ တမင် သေအောင်ပင် စွန့်စားနေသလားထင်နေရပုံ၊ ဒဏ်ရာပြင်းထန်စွာရသည့်အခါ စမ်းအောင်က သူ့ကိုမှာထားခဲ့ပုံ အကျယ်တဝင့်ရေးထားသည့် အဆုံးနားတွင် "စမ်းအောင်၏သွေးဖြင့် နွဲ့နွဲ့ရီထံရေးသည့် စာပါလာသည်။ နောင်ဘဝကလည်း မျှော်နေမည်။ မိမိအသက်စွန့်တိုက်ပွဲဝင်ခဲ့သည်ကို သက်ဆိုင်သူတစ်ဦးအဖြစ်ဖြင့် ဂုဏ်ယူနိုင်ပါစေဟူသော အကြောင်းရာပါသည်။ ဤကား တတိယသဝဏ်လွှာပါတည်း။

ဝတ္ထုသည် စစ်ဝတ္ထုဟု ပို၍ဆိုသင့်သည်။ ဇာတ်လမ်းကို ပေးစာတို့နှင့် တည်ဆောက်ထားသည်။ ဇာတ်ကြောင်းကို ပြောရာတွင် စာရေးသူသည် အားလုံးသိရှုထောင့်ကို ယူထားသော်လည်း နွဲ့နွဲ့ရီကိုယ်စားပြောဟန်က ပိုကဲသည်။ နွဲ့နွဲ့ရီတွေးကြ

ပြောဆိုပြုမူပုံကို အားလုံးသိနေပုံမျိုးက ပိုထင်ရှားသည်။ စမ်းအောင်အကြောင်းကို မသိဟန် ရေးသည်။ ပေးစာများမှသာ စမ်းအောင်အကြောင်းကို သိခွင့်ရသည်။

စာရေးသူသည် စမ်းအောင်၏ ရုပ်လက္ခဏာနှင့် တယောတီးကျွမ်းပုံ သိဆိုရာ၌ နွဲ့ပုံများကို သရုပ်ဖော်ထားရာ၊ ကိုစောညိန်းနှင့် အတော်ပင်တူနေသည်။ ထို့အပြင် ဇာတ်ဆောင် မိန်းမပျို၏အမည်မှာ နွဲ့နွဲ့ရီ။ မရဏမောင်းသံတွင်ပါသော ဇာတ်ဆောင်မှာလည်း နွဲ့နွဲ့ရိုပင်။ ကိုစောညိန်း၏ စာအချို့၌ နွဲ့နွဲ့ရီ ရီလေး၊ ရီ ဟူသောအမည်များ ပါတတ်ပေရာ ထိုအမည်သည် ကိုစောညိန်း၏ရင်တွင်းက ရိုးဖြစ်ဖို့များသည်။

မရဏမောင်းသံဝတ္ထုသည် ထိုခေတ်အခြေအနေနှင့် ကိုစောညိန်း၏ အတွေးအမြင်ကို ထုတ်ဖော်သည့် ဝတ္ထုသဘောသက်ဝင်လျက်၊ တတိယသဝဏ်လွှာမှကား ကိုစောညိန်း၏ရင်မှခွဲထုတ်သော ဝတ္ထုသဘောမျိုး သက်ရောက်သည်ဟု ဆိုချင်ပါသည်။ လူငယ်တို့ စွဲမက်လောက်သော ဝတ္ထုလည်း ဖြစ်နိုင်ပါသည်။

ဝတ္ထုတွင် အားနည်းချက်နှစ်ခုပါဝင်သည်ဟုဆိုချင်သည်။ ပထမအချက်မှာ နွဲ့နွဲ့ရီ၏ (မပေးဖြစ်)သောပြန်စာတွင် "ချစ်ပါပြီ" ဟူသော စကားမျိုးမပါရအောင် သွယ်သွယ်လှယ်လှယ်ရေးသည်ဟု ဆိုထားသော်လည်း စာ၏အဆုံး၌

"စစ်တိုက်ရာကနေစဉ် သတိရပါတော့ မောင်"

ဟုအဆုံးသတ်ထားရာ 'မောင်' ဟုခေါ် လိုက်ခြင်းသည် နယ်ကျူးသွားရာရောက်ပါသည်။

နောက်တစ်ချက်ကား သွေးဖြင့်ရေးသောစာကိစ္စဖြစ်သည်။ ဒဏ်ရာမှ စီးကျသောသွေးဖြင့် ရေးသောစာသည် တိုတိုတုတ်တုတ်သာ ဖြစ်နိုင်သည်။ မင်ထည့်ထားသော ကလောင်ဖြင့်ရေးသော စာရှည်မျိုးမဖြစ်နိုင်။ ယခု သွေးစာမှာ စာလုံးရေ ၁၃၀ ထိရှိနေသည်။ သွေးကို တုတ်နှင့်တို့၍ရေးရသောစာသည် ဤမျှမရှည်နိုင်တန်ရာ။

မည်သို့ရှိစေ ဤဝတ္ထုတိုသည် အချစ်နှင့် စစ်ခွန်တွဲနေလျက် ထိုခေတ်အတွက် တန်ဖိုးရှိသော ဝတ္ထုတစ်ပုဒ်ဖြစ်ခဲ့ပါလိမ့်မည်။

( ပြီးအောင်မရေးခဲ့ရသော "အသစ်စက်စက်" ဝတ္ထု(လက်ရေးမူ)ကိုမူ ချန်ထားခဲ့ပါသည်။ ကာတွန်းရုပ်စုံစာစောင်တွင် ဝတ္ထုတို အမြောက်အမြား ရေးခဲ့သည်ဆိုသော်လည်း လက်လှမ်းမမီသဖြင့် မတင်ပြနိုင်တော့ပါ။ )

□

## ၄။ စာညွန့်

### တစ်ပွင့်တည်းသာဖြစ်ပေမယ့်

ကိုစောညိန်း၏လက်ရာ စာပေတစ်ခုသည်ကား "တစ်ပွင့်တည်းသာဖြစ်ပေမယ့်" စာဖြစ်သည်။ ဤလက်ရာကို မြန်စာပြန့်ထုတ် ကိုစောညိန်းစာအုပ်တွင် "စာညွန့်" ဟု ဖော်ပြထားသည်။

"စာညွန့်"၏အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "အကြောင်းအရာတစ်ရပ်ရပ်ကို လှပယဉ်နုသောစကားလုံးများဖြင့် ဖွဲ့ထားသော စကားပြေတစ်မျိုး" ဟု ဖွင့်ထားသည်။ ဤတွင် -

အကြောင်းအရာတစ်ရပ်

လှပယဉ်နုသောစကားလုံး

ဖွဲ့

စကားပြေ

ဟူသော စကားရပ်တို့ကို သတိမူရလိမ့်မည်။ စာညွန့်တွင် အကြောင်းအရာမှာတစ်ခုမျှသာ။ ထိုအကြောင်းအရာတစ်ခုကို လှပယဉ်နုသော စကားလုံးများနှင့်ရေးရလိမ့်မည်။ "ဖွဲ့"ဟူသောစကားပါသဖြင့် ရိုးရိုးရေးခြင်းမဟုတ် ကဗျာဆန်ရလိမ့်မည်။ သို့သော် စကားပြေသာဖြစ်ရမည်ဟူသော ဥပဒေသများ ပါရှိသည်။

"တစ်ပွင့်တည်းသာဖြစ်ပေမယ့်" ခေါင်းစဉ်ပါစာသည် သပိတ်လွယ်ငှက်နှင့် ပိုးရှပ်ဖုံး၊ ပိုးတုံးလုံးခေါ် ပိုးတွဲလဲတို့ စကားစမြည်ပြောဟန် ရေးထားသောစာဖြစ်သည်။ သစ်ကိုင်းထက်က ငှက်ကလေး၏အမူအရာကို ဖော်ပြသော ဝါကျကဏ္ဍတစ်ကြောင်းကိုသာ စကားပြေဟန်သုံးလျက် ကျန်သမျှအစအဆုံးထိကို စကားပြောဟန်ချည်း သုံးထားသည်။

ပိုးတွဲလဲလေး၏ရည်မှန်းချက်ကိုပင် ကိုစောညိန်းက စာ၏ဦးတည်ချက်အဖြစ်ထား ရေးသားသည်။ စကားလုံးနှင့်အသုံးအနှုန်းတို့ကား လှပယဉ်နုလှသည်ဟု မဆိုနိုင်။ ရိုးရိုးစကားများသာဖြစ်သည်။ ဖွဲ့ဟူသောဥပဒေသနှင့် တိုင်းရပါမူ ကာရန်ပါသည့် ကဗျာအဖွဲ့မဟုတ်သော်လည်း ငှက်ငယ်နှင့် ပိုးတွဲလဲတို့ စိတ်ကူးပုံ၊ ပြောဆိုပုံများလှပအောင် နှစ်သက်ဖွယ်ရှိအောင် ရေးသားထားသဖြင့် ကဗျာဆန်သည်ဟု ဆိုနိုင်ပါသည်။ စကားလုံးအသုံးအနှုန်း လှပသည်ဟု မဆိုနိုင်သော်လည်း တင်ပြပုံ လှပသည်ဟု ဆိုလိုပါသည်။ သို့သော် တစ်ခေတ်တစ်ချိန်က ရေးသားခဲ့ကြသော စာညွန့်တို့မှာ

စာတစ်မျက်နှာလောက်သာ ရှိတတ်ကြသည်။ ယခုမှာမူ ရှစ်မျက်နှာကျော်ကျော်ထိရှိနေသည်။

ဤစာသည် စကားအချီအချပြောပုံဖြင့် ဇာတ်ဆောင်တို့၏သဘောကို သိစေသည်။ အချီအချပြောပုံသည် ပြဇာတ်၏အင်္ဂါရပ်ဖြစ်သည်။ ကိုစောညိန်းသည် ဦးသုခ၊ ရန်ကုန်ဘဆွေလေးတို့နှင့် ပြဇာတ်များ။ ကပြဖူးလေရာ ထိုအတွေ့အကြုံမှ ရိုက်ခတ်ထင်ဟပ်ကာ ပြဇာတ်သန္ဓေကိန်းဝင်လာသဖြင့် ပြဇာတ်ဟန်ရေးခြင်းဖြစ်ကောင်း ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ ပုံသဏ္ဌာန်ဆိုင်ရာ အမည်ကား အရေးမကြီးလှ၊ စာ၏အရည်အသွေးကသာ အရေးကြီးသည်။ စာတွင် ကိုစောညိန်းက ငှက်ငယ်နှင့် ပိုးတွဲလဲတို့ကို သူတို့သဘာဝနှင့် လိုက်ဖက်ညီညွတ်စေပြီးမှ လူစကားပြောခိုင်းထားသည်။ စင်စစ်ငှက်နှင့်အင်းဆက်ပိုးကို သုံးကာ လောကလူ့သဘာဝကို ထင်ဟပ်ထားခြင်းပင်တည်း။ စာပေသည် လူ့ဘဝကို ထင်ဟပ်ထားသည်။ (**LITERATURE IS PRESENTS LIFE**)ဟူသော စကားနှင့်ညီသည်။ ဇာတ်ဆောင်ဟူသည် အရာခပ်သိမ်းဖြစ်သည်။ (**CHARACTER IS EVERYTHING**)ဟူသော သဘောနှင့်လည်း အကျုံးဝင်သည်။ ထို့ကြောင့် ဤစာသည် လူသားတို့ကို ထင်ဟပ်ထားသောဖြစ်ရပ်တစ်ခုအဖြစ် နားလည်နိုင်သည်။

ဤ "တစ်ပွင့်တည်းသာဖြစ်ပေမယ့်" စာသည် ကိုစောညိန်း၏ခံယူချက်ကို ထင်ဟပ်ပြထားခြင်းဖြစ်နိုင်သည်။ စပယ်သီချင်းနှင့်လည်း ဆက်စပ်ချင်ဆက်စပ်ပေလိမ့်မည်။ "အနီ၊ အဝါ၊ အကြောင်း၊ အကျား ရောင်စုံတွေ ရောယှက်ပြီး ကလက်နေတဲ့လောကကြီးရဲ့အလယ်မှာ တစ်ပွင့်တည်းပွင့်နေတဲ့ အဖြူရောင်ပန်းကလေး" ဟု ပြောပြကာ ပိုးတွဲလဲ၏ရည်မှန်းချက်ကို ရေးဖွဲ့ထားသောကြောင့် စပယ်သီချင်းနှင့်နီးစပ်နေသည်။

စာပါရည်ရွယ်ချက်မှာ မြင့်သည်ထက်မြင့်ရာသို့ တက်လှမ်းမည်ဟူသော အားမာန်ကို ဖော်ညွှန်းထားခြင်းဖြစ်သည်။ ထိုသို့ အမြင့်ကို တက်လှမ်းဖမ်းဆုပ်နိုင်ရန် ကြိုတ်၍ကြိုးစားရမည်ဟူသော သဘောလည်းပါသည်။

အကြောင်းအရာ၏အချုပ်မှာ ဤသို့ပါတည်း။

ပိုးတွဲလဲလေးက မိမိနားရောက်လာသည့် သပိတ်လွယ်ငှက်ကလေးကို နှုတ်ဆက်စကားပြော၊ ငှက်ကလေးက ပိုးတွဲလဲဘဝဟာ ဖျင်းစရာကောင်းတယ်လို့ဆို ၊ ပိုးတွဲလဲလေးက သူ့အထက်အမြင့်မှာရှိတဲ့ပန်းကလေးကို ရည်မှန်းပြီး ဖိုဝင်နေတယ်လို့

ပြန်ပြော၊

ဟိုအမြင့်မှာရှိတဲ့ ပန်းဖြူဖြူလေးဟာ ငုံရာမှ ပွင့်ခါနီးပြီ ယဉ်ကျေးလှပနေပြီလို့ ငှက်ကလေးက အသိပေး။ ပိုးတွဲလဲလေးက သူလိပ်ပြာဖြစ်လာချိန်နဲ့ ပန်းလေးပွင့်ချိန်ဟာ ချိန်ကိုက်ဖြစ်လိမ့်မယ်၊ သူပျံနိုင်ချိန်မှာ ဝတ်ရည်ကြွယ်ဝချိန်ဖြစ်လို့ စားသုံးနိုင်ခွင့်ရလိမ့်မယ်လို့ ယုံကြည်ထား၊

ငှက်ကလေးက ယခုလိုကျင့်ကြံစောင့်ဆိုင်းနေခိုက် အခြားတစ်ဦးဦးက ကိုက်ဖြတ်သွားနိုင်၊ မြေပြင်ကလဲ သူ့ရင်ခွင်ထက် လာရောက်မှီခိုဖို့စောင့်တနေ၊ ဒါကြောင့် ဖိုဝင်မနေဘဲ အခုပဲကိုက်ဖြတ်စားသောက်ပစ်ဖို့ ပိုးတွဲလဲကို အကြံပေး။

ပိုးတွဲလဲကလည်း သူ့ကျင့်ကြံအားထုတ်မှုကိုမှ မလျှော့တော့ "ရည်မှန်းထားတဲ့ ပန်းကလေး တစ်ခြားရင်ခွင်ထဲရောက်သွားလဲ ပူဆွေးမနေပါဘူး၊ (တွေဝေနေပြီးမှ) သူမရှိတော့လဲ သူ့ထက်မြင့်တဲ့ပန်းပွင့်တွေဆီ ပျံတက်ဦးမှာပေါ့" ဆိုသည့်အဖြစ်အပျက်ကလေးဖြစ်သည်။

ကိုစောညီန်းသည် ပိုးတွဲလဲကို လုလင်ပျိုနှင့်လည်းကောင်း၊ ပန်းငုံလေးကို လုံမငယ်နှင့်လည်းကောင်း၊ ငှက်ကလေးကို လူဆန်သူတစ်ယောက်အဖြစ်လည်းကောင်း၊ တင်စားထားကြောင်း စာဖတ်သူတို့ ခံစားရသည်။ တင်စားပုံသဘာဝကျသဖြင့် ထိမိထက်မြက်သည်ဟု ဆိုနိုင်သည်။

ကိုစောညီန်းက သဘာဝကျကျ တင်စားနိုင်ရုံသာမက အချိုအချစကားတို့ဖြင့် အချိတ်အဆက်မိမိပြောပြနိုင်သဖြင့် ဇာတ်ရည်လည်သည့်အမြင် လူ့လောကကို မြင်ယောင်လာကာ နှစ်သက်သာယာမှုနှင့်တကွ ဘဝအမြင်ကိုလည်း ရရှိစေသည်။

နိမ့်ကျနေသော ခုကောင်ဘဝက ပန်းဖူးကို မဖျက်ဆီး၊ အမြင့်မှာပွင့်မည့်ပန်းဘဝရောက်မှ ဝတ်ရည်ကို သုံးဆောင်ရအောင်၊ မိမိကလည်း အမြင့်သို့ ပျံသန်းချဉ်းကပ်နိုင်သည့်လိပ်ပြာဖြစ်လာအောင် ဖိုဝင်နေသော ပိုးတွဲလဲ၏သဘောထားသည် နှစ်သက်ဖွယ်ဖြစ်သည်။ မရသည့်အမဲ သဲနှင့်ပက်တတ်သည့်သဘောဆိုး မနောဆိုးမျိုးမဟုတ်ဘဲ၊ နှစ်ဖက်လုံးဘဝနှင့် တင့်တင့်တယ်တယ် ပျော်ရွှင်နိုင်သည့်အခွင့်အခါသို့ ရောက်စေရန်သည်းခံအားထုတ်ရပုံ၊ စိတ်ကောင်းစေတနာမွန်နှင့် ဖွဲမာန်ကို အရင်းပြုရပုံများကို ဖော်ကျူးပြနေသဖြင့်လည်း အားကျဖွယ်ဖြစ်သည်။ ထို့ပြင် ပန်းပွင့်ကလေးသူတစ်ပါးလက်သို့ ရောက်သွားလျှင်လည်း ထိုထက်မြင့်သည့်ပန်းပွင့်ဆီ တက်လှမ်းဦးမည်ဟုသောသဘောထားကလည်း အကြံကြီးဥာဏ်ကြီးသူတို့၏ စိတ်ဓာတ်မျိုးဖြစ်သဖြင့် အတုယူ အားကျဖွယ် ဖြစ်သည်။

တင်ပြပုံကို သုံးသပ်ကြည့်လျှင်လည်း နိုးကြားစရာပင်ဖြစ်သည်။ စာရေးသူက ဇာတ်ကြောင်းကို ရှင်းလင်းပြောပြသည့်စကားများမထည့်ဘဲ ဇာတ်ဆောင်နှစ်ဦးတို့ အချို အချ အချေအတင် ပြောနေပုံများဖြင့်သာ ဇာတ်ရည်လည်အောင် ရည်ရွယ်ချက်ပေါက်မြောက်အောင် ရေးဖွဲ့ထားခဲ့သည်။

ထို့ကြောင့် "တစ်ပွင့်တည်းသာဖြစ်ပေမယ့်" စာသည် ရည်ရွယ်ချက်ရော၊ တင်စားပုံရော၊ တင်ပြပုံပါ လှပသေသပ်ပြီး ရသကို ပေးကာဘဝအမြင်ကို ဖော်ဆောင်နိုင်သဖြင့် စာကောင်းတစ်ပုဒ်အဖြစ် သတ်မှတ်နိုင်ပါသည်။

ကိုစောညိန်းသည် ဝတ္ထုများကို စကားပြေဖြင့်လည်းကောင်း၊ စာညွှန်ကို အပြောစကားပြေဖြင့်လည်းကောင်း ရေးသားထားသည်။ သူ၏စကားပြေသည် နိုးရှင်းပြီးအဓိပ္ပါယ်ပေါ် လွင်သည်။ ဝါကျများကို ပုဒ်ပြည့်ပါဒ်ပြည့်ဖော်ကာ စကားလက်ဆံကြကြရေးတတ်သည်။ အထူးသဖြင့်ဝါကျရှည်ကြီးများကို သုံးတတ်သည်။ တစ်ခါတစ်ရံစာတစ်ပိုဒ်လုံးကိုဝါကျတစ်ကြောင်းတည်းဖြင့် ရေးထားသည်များ ရှိသေးသည်။ နမူနာဝါကျတစ်ခုကို ဖတ်ပြရလျှင်-

> "သူ့စာမှာ သူသည်ဆယ်တန်းပညာမျှလောက် မတောက်တစ်ခေါက်ကလေးဖြင့် တစ်ဝမ်းတစ်ခါးကို ဆင်းရဲငြိုငြင်စွာရှာဖွေစားသောက်ရသူဖြစ်သည့်အလျောက် မနဂုဏ် အလှဂုဏ်တို့ဖြင့် အဆင့်အတန်းချင်းမနှိုင်းယှဉ်သာအောင် ကွာလှမ်းလှသော နွဲ့နွဲ့ရီတို့လို မိန်းကလေးတစ်ယောက်အား မျှော်မှန်းကြံစည်ခြင်း မပြုဝံ့ပါကြောင်း"...

အစချီပြီးကြောင်း အကြိမ်ပေါင်းများစွာထည့်သွင်းကာ တစ်ဖန်ဆက်ရေးပြန်သည်ကား-

> "သို့သော် မိမိထင်မြင်ယူဆသည့်အတိုင်း မိမိအပေါ်၌ မေတ္တာမတုံ့ပြန်နိုင် သည်ဖြစ်ပါသော်လည်း ဤတစ်သက်တွင် ဤတစ်ကြိမ်သာ ဤအချစ်မျိုးနှင့် ကြုံဖူးခဲ့သော မိမိသည် ဂုဏ်ရည်ချင်းမမျှသည့်အတွက် ဖူးစာမဆုံရသောချစ်သူကလေး၏ကိုယ်စားမြတ်နိုးစွာသိမ်းဆည်းထားရပါရန် တတ်နိုင်သမျှ သက်ညာစွာသော အသုံးအနှုန်းဖြင့် မိမိအချစ်ကို ငြင်းပယ်လိုက်သောစာကလေးတစ်စောင်မျှကိုမူကား တုံ့ပြန် ပြေကြားလိမ့်မည်ဟုများစွာယုံကြည်လျက် စောင့်စားနေပါကြောင်း စသဖြင့် စာရေးစာသားအတော်ပြေပြစ်နွဲ့နှောင်းအောင် ရေးနိုင်သူဖြစ်သည်

> အတိုင်း သူ့အပေါ်တွင် စိတ်မဆိုးသာအောင် ရေးသားထားသည်
> ဖြစ်ရကား ထိုသနားဖွယ်ရာအောက်ကျို့ ရေးသားထားသော
> စာလုံးကလေးများ၏ ဆွဲငင်မှုကြောင့် သူ့စိတ်ထဲတွင် ကရုဏာ
> တွေ ပိုမိသည်။"

ဟူသောစာလုံးရေ ၄၀၀မျှပါသည့် ဝါကျမျိုးများကိုပင် တွေ့ရသည်။ အမှန်မှာမူ ကိုစောညိန်း၏စကားပြေဟန်သည် ခေတ်ပြိုင်စာရေးဆရာတို့ ရေးသားလေ့ရှိသည့် ယေဘုယျရေးဟန်မျိုးဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

"ခုနစ်သံချို ဘယ်ပြောင်းညာလှည့် နိမ့်တုံမြင့်တုံ အလူးအလိမ့်ကလေးတွေနှင့် စမ်းသွားသော တယောသံမှာ ကျွန်တော့်သခင်ဟာ သာမညတယောသမားမဟုတ်ပါဘူးဟု အော်မြည်နေသည့်အလား"

ဟူသော တွေ့ဝိုက်ရေးသားသည့် အရေးအသားမျိုး အလွန်နည်းသည်။ ကြောင်းကျိုးဆက်စပ်ပြီး နိုးနိုးရှင်းရှင်းနှင့် ပြေပြစ်နဲ့ပျောင်းအောင် ရေးသည်ကသာ များပါသည်။

ဤကား ကိုစောညိန်း၏ယေဘုယျစကားပြေရေးဟန်ကို တင်ပြခြင်းဖြစ်ပါသည်။

❑

၅။ <u>ကဗျာ</u>

ကိုစောညိန်း၏လက်ရာ ပုံနှိပ်ကဗျာဟူ၍လေးပုဒ်သာတွေ့ရသည်။

ဂီတနက်သန်ကိုစောညိန်းစာပေနှင့်ဂီတစာအုပ်တွင်ဖော်ပြထားသော-

မိုးနေ့အလွမ်း (ပဒညီပိုဒ်စုံရတု )

ဆောင်းနေ့အလွမ်း (ပဒညီပိုဒ်စုံရတု )

ဂီတဘုံနန်း ( လက်ာကဗျာ )

မတင်သာသည့် ( လင်္ကာကဗျာ ) တို့ဖြစ်ကြသည်။ ထိုလေးပုဒ်သည်လည်း ကိုစောညိန်း၏ လက်ရေးမူမှ မြန်စာပြန့်က ကူးယူပုံနှိပ်ထားခြင်းဖြစ်ပုံရသည်။

ပုံနှိပ်ကဗျာဟူ၍လေးပုဒ်သာရှိသော်လည်း ကိုစောညိန်း၏မြေး ကိုသိုက်ဦးထံမှ ရရှိသည့် လက်ရေးစာမူများထဲမှကဗျာများစွာ တွေ့ရသည်။ ကဗျာလည်းစုံသည်။

၁။ အချိုးအချည် ပါဒညီ ပိုဒ်စုံရတု - ၇ ပုဒ်

၂။ အဖြည့်ခံရတု - ၅ ပုဒ်

| | |
|---|---|
| ၃။ စကပိုဒ်ရတု | - ၂ ပုဒ် |
| ၄။ လေးလုံးစပ်လကာ် | - ၂ ပုဒ် |
| ၅။ တေးထပ်ရှိ | - ၃ ပုဒ် |
| ၆။ တေးထပ်ရှိ(မပြီး) | - ၁ ပုဒ် |
| ၇။ ရှစ်ဆယ်ပေါ် တေးထပ် | - ၃ ပုဒ် |
| ၈။ ပြောလေးချိုးကြီး | - ၁ ပုဒ် |
| ၉။ ရာသီဘွဲ့အဲချင်း | - ၁ ပုဒ် |
| ၁၀။ လကာ်သစ် | - ၁ ပုဒ် |

စုစုပေါင်း ၂၆ ပုဒ် ရှိသည်။

ကဗျာအများစုသည် အချစ် အလွမ်းကဗျာများ ဖြစ်ကြသည်။ ရတုများကို ရေးဖွဲ့ရာ၌လည်း ရှေးရတုစာဆိုကြီးများ၏ တွေးပုံရေးပုံများသာ လွှမ်းမိုးနေသည်။ အထူးသဖြင့်နတ်ရှင်နောင်၏စာများကိုတုု၍ရေးသည်ဟုခန့်မှန်းကြသည်။သို့သော် အတွေးရော စကားလုံးအလှအရာမှာပါ နတ်ရှင်နောင်ကို မကျော်လွှန်နိုင်ခဲ့ပါ။

တေးထပ်ပေါင်း၆ပုဒ်ရှိရာထိုကဗျာတို့သည်လည်း အချစ်ဘွဲ့အလွမ်းဘွဲ့ အလှဘွဲ့များသာများနေသည်။မြေလတ်မေထံရည်ရွယ်သည်(ရှိ)စကားလုံးပါ ရတုများလည်းတွေ့ရသည်။ကိုစောညိန်း၏သီချင်းတို့တွင်အလွမ်းအဆွေးကဲသလို ကဗျာတို့၌လည်းအလွမ်းအဆွေးပင်ကဲနေသည်။

သုံးဆယ့်တစ်ခွင်ဘုံဌာနဓိ ရှစ်ဆယ်ပေါ် တေးထပ်မှာမူ နိဗ္ဗန္နတေးထပ် ဖြစ်သည်။ရကွမူနိဗ္ဗန္နတေးထပ်ဟုအမည်ပေးထားသည်။ ထိုတေးထပ်သည်လည်း ကုန်းဘောင်ခေတ်နှောင်း နိဗ္ဗန္နတေးထပ်များနှင့်မခြားလှပါ။

အကြောင်းအရာပိုင်းက ပြောစရာရှိသောကဗျာနှစ်ပုဒ်တွေ့ရသည်။

(၁)ဆက်ကုန်းဘောင်ကား ချီပါတော်မူတမ်းချင်းအဖြည့်ခံရတုနှင့်

(၂)ဇမ္ဗူ့သမြေချီ ဇာတိမာန်ဖော်ကျူးသည့် ပြောလေးချိုးကြီးတို့ဖြစ်သည်။

ကိုစောညိန်းကဗျာများရေးဖွဲ့သောကာလကား ၁၃၀၀ပြည့် ဝန်းကျင် ကာလ ဖြစ်သည်။ထိုကာလကားလွတ်လပ်ရေးရရှိရန် အမျိုးသားရေးနှင့် ဇာတိမာန် နိုးထရေးတို့အတွက် လှုံ့ဆော်လှုပ်ရှားမှုများ မြင့်နေဆဲကာလ ဖြစ်သည့်အလျောက် ထိုလှုပ်ရှားမှု၏ ဝယက်ရိုက်မှုအရ အသက်၁၄-၅နှစ် အရွယ် ကိုစောညိန်း သည်လည်း မျိုးချစ်စိတ်နှင့်ဇာတိမာန်နိုးကြွကာ ဤကဗျာများကို ရေးဖွဲ့ ခဲ့ဟန်တူသည်။

နိုးဆွကြရာ၌လည်းပြဇာပေးစကားဖြင့် မထိရောက်၊ မလုံလောက်၊ရသပေး

စာသားဖြင့် နှိုးဆွမှုသာ အရာရောက်ကြောင်းကို ဤသို့တင်ပြထားသည်။

"မျိုးချစ်စိတ်ဓာတ်မာန်ထက်သန်အောင် ရည်ရွယ်၍ ရေးသားသော သီချင်းတစ်ပုဒ်၌ ကိုယ့်အမျိုးချစ်ကြပါ၊ စည်းလုံးညီညွတ်ကြပါ၊ စသည်ဖြင့် ထပ်ပြန်တလဲလဲ ဖော်ထုတ်နေရုံမျှဖြင့် အကျိုးထူးမည်မဟုတ်။ မြန်မာလူမျိုးတို့၏ စိတ်ထားမြင့်မြတ်သိမ်မွေ့ပုံ၊ ဉာဏ်ပညာကြီးမားပုံ၊ မဟုတ်မခံ ရဲရင့်သော သူရသတ္တိရှိပုံတို့ကို ပေါ်လွင်ထင်ရှားအောင်ဖော်ပြခြင်းဖြင့် မြန်မာလူမျိုးအဖြစ်ကို ခံ့မင်မက်မောဖွယ်ထင်မြင် လာအောင်ရေးစပ်နိုင်ရမည်။"

ဟုကိုစောညိန်းက စာပေရသ၏အားကိုထုတ်ဖော်ထားသည်။ ထိုသဘောထားအတိုင်း ပါတော်မူတမ်းချင်းကဗျာကိုရေးစီခဲ့သည်။

ပါတော်မူတမ်းချင်းရတုမှာ-

ဆက်ကုန်းဘောင်ကား၊ဘုန်းရောင်ဝေမြိုး
နေသတိုးဟုမှုဆိုးမင်းမှ
ဒေသသမျှ၊နန်းမ,စိုက်ထူ
မြန်နိုးထီးဖြူ၊တည်ဇမ္ဗူပိုင်သ
ရိုးမိုးကြခဲ့ တေဇကျော်ဟိုး
ဘုန်းတန်ခိုးနှင့်၊နန်းမြို့အမှန်
သီဟာပျံ့ဝယ်၊အသမ္ဘိန္န
ခတ္တိယဟု၊ သကျသာကီ
အာဇာနည်တို့ ပွားစည်မပြတ်
လောင်းမင်းမြတ်နှင့်၊ မန္တာတ်စကြာ
ရွှေဘုန်းမြှာသား၊ ရာဇဆူဆူ
ဤဇမ္ဗူအား၊ မတူနိုင်မျှ
ရှေးကာလက၊ တေဇသတင်း
ဂုဏ်ရောင်လင်းလည်း၊ ဖျက်ခြင်းမလှ
သဒ္ဒါရဖြင့်၊ ဒုက္ခမကင်း
သူ့လက်တွင်းသို့ ဆက်နှင်းပြည်လုံး
မ,ယူကျုံးသည်
သက်ဆုံးရှည်စွာမလွှမ်းလော။

ဟူ၍ မြန်မာမင်းတို့ ဘုန်းမီးနေလ တောက်ပခဲ့ပုံကို ခမ်းခမ်းနားနားရေးဖွဲ့သည်။ ပြီးမှ နယ်ချဲ့လက်တွင်းကျဆင်းခဲ့ရပုံကိုယ့်ဘုရင်ကိုယ့်သခင်ကို မလွမ်းကြ မတမ်းကြပြီလောဟု သတိပေးနှိုးဆော်ပုံများ ထည့်ထားသည်။ရသဖြင့် လှုံ့ဆော်ပေးထားခြင်းပင်ဖြစ်သည်။

ဒုတိယပိုဒ်တွင် ရှေးမြန်မာဘုရင်တို့သည် လက်နက်ရည်နှလုံးရည်ထက်ထက်ဖြင့် စစ်မက်အင်္ဂါကြီးများစွာနှင့် အပြည်ပြည်တို့အား တိုက်ခိုက်အောင်နိုင်ပုံများကို ရင့်ကျူးထားပြီး အဆုံး၌-

ဂန္ဓာလရစ်၊တရုတ်စစ်ကို
အမြစ်ပြတ်မျှ၊သတ္တိပြ၍
ရန်စချေမှုန်းနိုင်မန့်သည်
လက်နက်ရည်မှာမစွမ်းလော။

ဟုရှေးမြန်မာကို သတိရဖွယ်၊ ဂုဏ်ယူဖွယ်၊ အားတက်ဖွယ်များကို ထုတ်ဖော်ရေးဖွဲ့ထားသည်။ ဇာတိမာန်နိုးဆွခြင်းပင်ဖြစ်သည်။

ဇမ္ဗူငယ်မှသပြေ အစချီ ပြောလေးချိုးကြီးသည်လည်း သူ့ကျွန်မခံလိုသော ဇာတိမာန်ပြလေးချိုးကြီးပင်ဖြစ်သည်။
လေးချိုး၏ပထမချိုးကို-

"ဇမ္ဗူငယ်မှသပြေ၊ တောင်ကျွန်းဌေမှာ၊ ရေမြေပိုင်သ၊ ဇာနည်အနွှိုး၊
သာကီမျိုးတို့အစိုးငယ်ရခဲ့ကြ၊အနိစ္စရွေ့လျော၊ဒုက္ခပင်လယ်၊ ရေပြင်ကျယ်မှာ၊
စဉ်တကယ်မျောခဲ့ကြတယ်၊"

ဟု သာကီနွယ်မြန်မာဘုရင် ဆုံးပါးသွားရခြင်းကိုတမ်းတပြသည်။ စတုတ္ထချိုးမှာကား-

"ရွှေဘိုငယ်မှုမှုဆီး၊ မြန်မာတို့အမျိုးတွင်၊ နန်းမှိုတစ်ဆယ့်ငါး၊ ဆယ့်တစ်ဆက်
နောက်ကျန်၊ မာန်အစောင်ထား၊ ဤလေးပါးသည်၊ တိမ်ကြားအာကာ၊
ဒေါင်းဖန်ဝါသို့၊ မြန်မကြာထွန်းပါစေဟု၊ တောင်းဆုပတ္ထနာချွေသည်၊
ပြောင်းစေယှုတု။"

ဟူ၍ ဖြစ်သည်။ ရွှေဘိုဆယ့်တစ်ဆက်နောက်မှာ လေးပါးကျန်နေသေးသည်။ နေမင်းကြီးထွက်လာသလို မြန်မာဦးစွန်းမြန်မာမင်းတို့ ပေါ်ထွန်းလာစေရန် မြန်မာတို့ ဆုတောင်းလေဟန်ဖြင့်ဇာတိမာန်ကိုနိုးဆွ လွတ်လပ်ရေးကို တောင့်တ ရေးဖွဲ့ထားသည်။ ဤလေးချိုးကြီးကို ကိုစောညိမ်းသည် လွပ်လပ်ရေးမရမီ ၁၀နှစ်အကြို ၁၃၀၀ပြည့်တွင် သီကုံးခဲ့ခြင်း ဖြစ်သည်။

ကဗျာအကြောင်းအရာမှာ ဆန်းသစ်လှသည်ဟု မဆိုသာပါ။ ဆီးပန်းနီ ဆရာတော်၊ မန်လည်ဆရာတော်တို့၏အဘော်နှင့် သိပ်မကွာခြားလှ။ သို့သော် မင်းလေးပါးပေါ် လိမ့်မည်ဟူသော တဘောင်စကားသည် ထူးခြားသည်ဟု ဆိုချင်ပါသည်။ တဘောင်စကားကို အလေးထားတတ်သောမြန်မာတို့အဖို့ တစ်အားတက်ဖွယ် ဖြစ်ပါလိမ့်မည်။

အကြောင်းအရာ၊ စိတ်ကူးစိတ်သန်းနှင့် ပတ်သက်၍ ကိုစောညိန်း၏ကဗျာများသည် ဆန်းသစ်မှုမရှိလှပါ။ အနုပညာဖန်တီးမှု နည်းလမ်းနှင့် သက်ဆိုင်သော ဥပဒေသတစ်ခုကိုဆရာမင်းသုဝဏ်ကပေးထားသည်။ စုတုပြု ဟူသောနည်းလမ်းပင် ဖြစ်သည်။

ကိုစောညိန်း၏ကဗျာများကို အကဲခတ်ကြည့်ပါလျှင် စုအဆင့်ကို ပြည့်ပြည့်ဝဝကြီးကျော်လွန်လာပြီး တုအဆင့်မှာပင် ရပ်နေသေးသည်ဟု ဆိုချင်ပါသည်။ ယေဘုယျအားဖြင့် ပြုအဆင့်သို့ရောက်ပြီဟုဆိုရန် ခက်ခဲမည်ထင်ပါသည်။ ကဗျာအားလုံးလောက်မှာပင် ရှေးကဗျာဆရာတို့၏ အတွေးအခေါ် စိတ်ကူးစိတ်သန်းနှင့် စကားအသုံးအနှုန်းများ သုံးထားသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။ ဤသို့ဆိုသဖြင့် ကိုစောညိန်းဂုဏ်ပြုပွဲတွင် ဂုဏ်ပြုရာမရောက်ဘဲ ကိုစောညိန်းဂုဏ်ကို နှိမ်ရာရောက်သလို ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် ကိုစောညိန်းကို အထူးအလေးထား ချီးကျူးရမည့် အရည်အသွေးတစ်ရပ် မုချဆတ်ဆတ် တွေ့ရှိပါသည်။ ထိုအရည်အသွေး ကား 'စု' အဆင့်၊ 'တု'အဆင့်ကို ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ပိုင်ပိုင်နိုင်နိုင်ရောက်ရှိနေခြင်း အရည်အသွေးပင်ဖြစ်သည်။

ကိုစောညိန်းသည် ဖော်ပြပါကဗျာများကို ရေးဖွဲ့စဉ်က အသက် ၁၄-၅ နှစ်သာ ရှိသေးသည်။သို့သော် ကဗျာပုံသဏ္ဌာန်အတော်များများကို အစဉ်အလာ ကဗျာ့စည်းကမ်းများနှင့်အညီ စပ်ဆိုနိုင်ခဲ့သည်။ ရတုလင်္ကာ၊ တေးထပ်၊ ရှစ်ဆယ်ပေါ် တေးထပ်၊ လေးချိုးကြီး၊ အဲချင်းကဗျာများကို ကဗျာဥပဒေအတိုင်း အတိမ်းအစောင်းမရှိ တိတိကျကျ ရေးစီနိုင်ခဲ့သည်။

ရတုကဗျာကို ဧကပိုဒ်ရော၊ အပြည့်ခံရော၊ ပိုဒ်စုံပါ ရေးစီခဲ့သည်။ ပိုဒ်စုံရေးရာ၌
"တာရာမွှေးလျက်၊ မာလာမွှေးလျက်၊ ခါခါဆွေးလျက်" ဟူသောအချိုညီ၊
'ရေမြေရေးရေးမှုန်မှေးမှေး၊ လေပြည်အေးအေး ထုံမွှေးမွှေး၊
ထွေထွေတွေးတွေး ကျုံဆွေးဆွေး' ဟူသော အချညီမျိုးကို ထိမိတိကျ သပ်ရပ်စွာ ရေးစီနိုင်ခဲ့သည်။

'ပလျက်ဝေလင့်၊ ကျမျက်ရည်ဖြင့်၊ ပြသက်သေနှင့်- ဟူသောအချိုညီ၊'

'စန်းလအညီပြည့်တော့သည်၊ လွမ်းတမကြည်ရှိတော့သည်၊ ရမ်းဆရော်ရည်မိတော့သည်။' ဟူသောအချမ်းကို ရေးစီထားသည့်အပြင် ရတုသုံးပိုဒ်လုံး ပါဒရေများလည်း ညီအောင်ဖွဲ့ပြထားသည်။

'ဝင်းနေနီတျာ' ချိုပိုဒ်စုံရတုကို ရှေ့ချနောက်ချီစနစ်ဖြင့် ဆက်နွယ် ရေးစီထားသည်။ ပထမပိုဒ်ကို 'နှင်းငွေရည်ပြာဖျန်းသည်ခါ' ဟုချသည်။ ဒုတိယပိုဒ်ကို 'နှင်းငွေရည်ပြာကမ္ဘလာသို့' ဟုဆက်နွယ်ပြီးချီသည်။ ဒုတိယပိုဒ်ကို 'ညင်းလေသီတာ လွမ်းသည့်ခါ' ဟု ချပြီး တတိယပိုဒ်ကို ညင်းလေသီတာ ဟေဝန္တာသို့' ဟုဆက်နွယ်ပြီးချီသည်။ တတိယပိုဒ်ကို 'ဝင်းနေနီတျာသန်းသည့်ခါ' ဟုချပြီး၊ ပထမပိုဒ်သို့ပြန်ဆက်ကာ 'ဝင်းနေနီတျာသူရိယာ' ဟုချီပြန်သည်။ ဤသို့ဖြင့် ရတုသုံးပိုဒ်သည် ဝိုင်းကြီးပတ်ပတ်ဖြစ်လာသည်။ ပုံသဏ္ဍာန်ကွန့်မြူးပုံကို သာဓကပြလိုခြင်း ဖြစ်ပါသည်။ အတွင်းကာရန်များကိုလည်း အသံကာရန်ထက် အသတ်ကာရန်ညီအောင် ရေးသည်ကသာများသည်။ ထို့အပြင် အသံပြေပြစ် ညက်ညောစေရန် ၄၊၃၊၂ ကာရန်ယူနည်းကိုလည်း အများဆုံးသုံးထားသည်။ ကိုစောညိန်း၏ရတုများကိုကြည့်လျှင် ကိုစောညိန်းသည် ရှေးကဗျာများကို ကျေညက်အောင်လေ့လာထားပြီးဖြစ်ရုံသာမက စကားလုံးကြွယ်သည့်အပြင် ကာရန်ကိုလည်း နိုင်နင်းကြောင်းသိနိုင်သည်။

'တပို့တွဲလျှင်' အစချီ အဖြည့်ခံရတုသည် ပထမပိုဒ်ကို ပါဒ ၉၃ပါဒ၊ ဒုတိယပိုဒ်ကို ၉၉ပါဒထိ ရှည်အောင် ရေးဖွဲ့ထားသည် ကိုလည်းတွေ့ရသေးသည်။

အဲချင်းကဗျာကို ခေတ်သစ်ကဗျာဆရာတို့ ဖွဲ့လေ့ဖွဲ့ထ ရှိဟန်မတူပါ။ သို့သော် ကိုစောညိန်းကား 'စိတြငယ်မှတာရာလေ' အစချီအဲချင်းကို ရေးဖွဲ့ခဲ့သည်။ ဖွဲ့ရာ၌လည်း အဲချင်းစပ်နည်းအတိုင်း အတိမ်းအယိမ်းမရှိအောင် စီကုံးနိုင်သည့်ပြင် ရှေးစာဆိုကြီးတို့၏ ရာသီဘွဲ့ရေးဟန်ကိုတုအောင်တုနိုင်သည်။ ထိုကဗျာတို့၏အထက်တွင် ၁၂-ရာသီအဲချင်းကဗျာများရှိဦးမည်ဟု ခန့်မှန်းရသည်။

လေးချိုးကြီးကဗျာနှင့်ပတ်သက်၍အထက်တွင်တင်ပြပြီးခဲ့ပါပြီ။ သို့သော် ပြောစရာကျန်ပါသေးသည်။ ကိုလိုနီခေတ်မှစ၍ လေးဆစ်၊ လေးချိုး၊ သံချို၊ လေးချိုးကြီး၊ မဟာလေးချိုးကြီးများကို ကဗျာဆရာအသီးသီးရေးဖွဲ့ခဲ့ကြပါသည်။ ကိုစောညိန်းလည်း ရေးပါသည်။ သို့သော် ကိုစောညိန်း၏ လေးချိုးဟန်များသည် အခြားဆရာတို့၏ လေးချိုးဟန်နှင့်မတူဘဲ ဖိုးသူတော်ဦးမင်း၊ လှဦးမင်းတို့၏လေးချိုးကြီးများကဲ့သို့ စာခံကြီးဖြစ်နေသည်မှာ ထူးခြားသည်။ အသက်ငယ်ငယ်နှင့် ဤမျှစာခံအောင်ရေးနိုင်သည်မှာ နိုကျူး

ဖွယ်ရာပင်။

တေးထပ်ကဗျာစပ်နည်းသည် စည်းကမ်းကြီးသည်။ စည်းကမ်းလည်းများသည်။ ထို့ကြောင့် တေးထပ်ရေးဖွဲ့နိုင်ဖို့ အလွန်ခက်ခဲသည်။ ပါဒအရေအတွက်၊ ပါဒတစ်ခုရှိ စာလုံးအရေအတွက်၊ ကာရန်အရေအတွက်၊ ချိုသံ၊ ချသံတို့ကို တိတိကျကျသတ်မှတ်ထားသည်။ ပြောင်းလဲတိမ်းစောင်း၍မရအောင် တင်းကျပ်လွန်းသည်။ ဤသို့ တင်းကျပ်ခက်ခဲသော ကဗျာတို့ကို ကိုစောညိန်း ၁၄၊ ၁၅-နှစ်သားအရွယ်က ရေးစပ်နိုင်ခဲ့သည်။

> ပုလဲဝတ်နှင်းမှုန်ငွေ့၊ ဝန်းဝေ့၍လူ့လူ့
> ညင်းလေပြည့်ဆောင်ယူသော်၊ တဖြူဖြူဝိုက်သန်း
> လရာသီဟေမန်မှာ၊ လေပြန်လာနှင်းငွေ့ကြောင့်ချမ်း
> ဆောင်အကွန့် ငွေရိုပ်ကြာ၊ ဇွေသဉ္ဇာစက်ခန်း
> စောင်ထည်ထည်ခြုံကာ  လွှမ်းသော်လည်း၊ ရွှေနှမ်းမှုမလုံ

စသည်ဖြင့် တေးထပ်အင်္ဂါနှင့်အညီ ပိပိရိရိ စပ်ဆိုထားသည်။ အကြောင်းအရာ မဆန်းသစ်သော်လည်း အရေးအဖွဲ့မှာ စည်းကမ်းနှင့်ညီရုံသာမက ပြေပြစ်ညက်ညောသည်။

တေးထပ်သည် ရေးရခက်သည်ဟု ပြောပြီးခဲ့ပြီ။ ရှစ်ဆယ်ပေါ်တေးထပ်ကား ပို၍ခက်သည်။ အတွန့်အကွန့်တွေပါရသည်။ ကာရန် နဘေတွေပါရသည်။ ကိုစောညိန်းသည် 'သုံးဆယ့်တခွင်ဘုံဌာန' အစချီ ရှစ်ဆယ်ပေါ်တေးထပ်ကို ၁၃၀၄ ခု နတ်တော်လဆန်း ၂-ရက်နေ့၌ ရေးစပ်ခဲ့သည်။ ကိုစောညိန်း၏အသက် ၁၇-နှစ်မျှသာရှိသေးသည်။ ဤသည်ကိုကြည့်ခြင်းဖြင့် ကိုစောညိန်းသည် ရှေးစာပေများကို လေ့လာရုံသာမက လေ့ကျင့်ထားပြီးဖြစ်ကြောင်း သိသာသည်။

ကိုစောညိန်း၏ဂီတသဘောထား၊ စာပေသဘောထားကလည်း အဟောင်းကို နိုင်နင်းပြီးမှ အသစ်ကိုထွင်ရန်ဟူသော သဘောထားဖြစ်ကြောင်း သူ၏ဆောင်းပါးတွင် တွေ့နိုင်သည်။ ထို့ပြင် ကဗျာနှင့်ပတ်သက်၍ ရိုလေးဆိုသူထံ ပေးစာ၌

> "ကဗျာရေးသားရာမှာ အထူးသတိပြုရမယ့်အချက်ကတော့ ကိုယ်ရေးချင်တဲ့အကြောင်းအရာနဲ့ ဘယ်လိုမှ မပတ်သက်တဲ့စာလုံးအပိုတွေကို တတ်နိုင်သမျှရှောင်ဖို့ပဲ၊ . . . အဟုတ်တော်တဲ့လူ ရေးတဲ့

> ကဗျာကျတော့ စာတစ်လုံးဆိုတစ်လုံး အင်မတန် တိကျအသုံးဝင်အောင် ရွေးချယ်စပ်ဆိုထားတဲ့အတွက် အဓိပ္ပါယ်ပြန်ရာမှာ တစ်လုံးမှ ပစ်ပယ်ချန်လှပ်ထားခဲ့လို့ မရဘူး. . . "

ဟု ရေးထားရာ ထိုသဘောတရားသည် အစဉ်အလေးထားရမည့် ကဗျာသဘောတရား တစ်ချက်ပင် ဖြစ်သည်။

ကဗျာနှင့်ပတ်သက်၍ စာတမ်းရှင်တင်ပြခဲ့သည်မှာ ကဗျာပုံသဏ္ဍာန်ပိုင်း အကြောင်းတို့သာများနေသည်။ အကြောင်းအရာပိုင်း၊ အတွေးခေါ်ပိုင်းက နည်းနေသည်။ ဤသို့နည်းရသည်မှာ ကိုစောညိန်း၏ကဗျာတို့သည် အကြောင်းအရာ ဆန်းသစ်မှု၊ အတွေးအခေါ် ဆန်းသစ်မှုတို့နည်းနေသောကြောင့်သာ ဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

သူ၏ကဗျာများသည် ခံစားချက်ကဗျာများသာ များနေသည်။ ဆင်ခြင်မှုကဗျာ အားနည်းနေသေးသည်။ အားနည်းရသည်မှာ ကိုစောညိန်း၏ ကဗျာမူဝါဒကြောင့် ဖြစ်နိုင်သည်။ ကိုစောညိန်းက "စတင်လေ့ကျင့်သူများအဖို့တော့ စိတ်အာရုံမှာ ခံစားရတာ၊ တွေးမိတာ၊ သဘောပေါက်တာအစရှိတဲ့ စိတ်ပိုင်းပညာနဲ့ သက်ဆိုင်တာတွေကို မရေးသားဘဲ မျက်စိနဲ့ ဒိဋ္ဌကြည့်လို့မြင်ရတဲ့ ရုပ်ပိုင်းပညာနဲ့ သက်ဆိုင်တာတွေကိုသာ အရင် ရေးသားလေ့ကျင့်ရပါတယ်. . . . " ဟုပေးစာမှာ ရေးထားချက်ရှိပါသည်။ ဤသဘောထားကြောင့် အတွေးအမြင်ကဗျာ၊ ဆင်ခြင်သိကဗျာများ မရေးဖြစ်ခဲ့လေသလော။

ကိုစောညိန်းသည် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်ဝန်းကျင်မှာ ကဗျာအများဆုံး ရေးထားသည်ကို တွေ့ရသည်။ နောက်ပိုင်းတွင် ကဗျာရေးသည်ကို မတွေ့ရတော့ပါ။ သူ့ဘဝ၏နောက်ပိုင်း တစ်ဝက်လုံးလုံးမှာ ကဗျာမရေးဘဲနေခဲ့ပုံရသည်။

အဘယ့်ကြောင့် ဆက်မရေးတော့သနည်း။ ဂီတကိစ္စကြောင့်လား၊ ဘဝကိစ္စကြောင့်လား၊ သို့မဟုတ် ထိုခေတ်၌ ကဗျာဆရာတချို့၏ စိတ်ကူးကောင်းကောင်းမြင့် အတွေးအမြင်ကဗျာများ ထွန်းကားနေပြီဖြစ်ရာ ထိုသို့သော ကဗျာမျိုးကိုမရေးလို၍ လက်ရှောင်လိုက်ခြင်းလားဟု တွေးစရာများရှိလာသည်။

ထိုခေတ်တွင် ဆရာဇော်ဂျီ၊ မင်းသုဝဏ်၊ ခင်စောမူ၊ ဒဂုန်တာရာ စသူတို့၏ ကဗျာများ ခေတ်စားလျက် ရှိနေပါပြီ။ ရွှေနှင်းဆီ၊ ခင်လေးမောင်၊ မောင်အာယု၊ တက္ကသိုလ်တင်မြင့် စသူတို့သည်လည်း ကဗျာရေးနေကြပြီ။ ထိုသူတို့၏ကဗျာများ

သည် ခံစားချက်ကဗျာများအဆင့်သာမက ဘဝအမြင်ကဗျာများ၊ ဆင်ခြင်သိကဗျာများလည်းပါဝင်တွင်ကျယ်နေပါပြီ။ ကိုစောညိန်းကား အဆိုပါ ကဗျာမျိုးများ မရေးလိုသောကြောင့် ရပ်တန်းကရပ်ခဲ့ဖြစ်လေသလော။ တွေးစရာဖြစ်လာသည်။

ဤသို့မဖြစ်နိုင်ဟု ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ခံစားချက်ကို လှလှပပဖော်ကျူးထားသည့် စံပယ်သီချင်း၊ ပွင့်ဦးသီချင်းများကို ကိုစောညိန်းရေးသီနိုင်ခဲ့သည်။ သစ္စာသီချင်းကဲ့သို့ လေးနက်သည့် အတွေးအမြင်သီချင်းမျိုးကို ရေးသီနိုင်ခဲ့သည်။ ကိုစောညိန်း၌ ကဗျာပါရမီရှိကြောင်း အဆိုပါသီချင်းများက သက်သေခံနေသည်။ စင်စစ်မူ ကိုစောညိန်း၏သီချင်းများသည် ကဗျာများဖြစ်ကြသည်။ ထိုသီချင်းများသည် မည်မျှလှပသော ကဗျာများဖြစ်ကြပါသနည်း။ ကဗျာဖွဲ့နည်းအမျိုးမျိုးကိုလည်း ကျွမ်းကျင်၊ စိတ်ကူး စိတ်သန်းကောင်းလည်းရှိ အတွေးအမြင်လည်းရှိသူတစ်ဦးအဖို့ ခေတ်ပြိုင်ကဗျာမျိုး မရေးနိုင်စရာအကြောင်းမရှိပါ။ ရေးနိုင်မည်မှာ ယုံမှားစရာမရှိပါ။

ဘဝ၏နောက်ပိုင်းနှစ်များတွင် ကဗျာမရေးခြင်း မှန်ပါလျှင် ထိုမရေးဖြစ်ခဲ့ခြင်းအကြောင်းရင်းမှာ ဂီတကိစ္စ၊ ဘဝကိစ္စတို့ကြောင့်သာ ဖြစ်နိုင်စရာရှိသည်။ ကိုစောညိန်း၏ဆောင်းပါးများထဲတွင် ဂီတသဘော၊ စာပေသဘောနှင့်ဆိုင်သည့် အယူအဆများပါရှိသည်။ ကိုစောညိန်းက သူတို့ခေတ်တွင်စာပေကား အတော်အသင့် အဆင့်ရှိနေကြောင်း၊ ဂီတဘက်က အဆင့်မြှင့်ရန်လိုအပ်နေသေးကြောင်း၊ မိမိသည် ဂီတအဆင့်အတန်းမြင့်စေရန် အစဉ်တစိုက်အားထုတ်ပြုနေကြောင်းများကို ဆောင်းပါးများတွင်ရေးထားသည်။

တစ်ဖက်ကလည်း ဘဝရပ်တည်ရေး၊ မိဘနှစ်ပါးကို ပြုစုနိုင်ရေးအတွက် လုံးပမ်းနေရပုံများကို ပေးစာများ၌ ရှင်းရှင်းပင်ဖော်ပြထားသည်။ ဤအကြောင်းများကြောင့်သာ နောက်ပိုင်းကာလများ၌ ကဗျာမရေးတော့ခြင်းဖြစ်နိုင်သည်။

ကိုစောညိန်း၏ကဗျာဖန်တီးမှုနှင့် ပတ်သက်၍ ကိုစောညိန်း ထွင်ခဲ့သည်ဟုဆိုရမည့် စာပေပုံသဏ္ဌာန်သစ်တစ်ခုကို ဤတွင်တင်ပြရန်လိုလာသည်။ ကဗျာကိုဖတ်ပြခြင်းဖြင့် မည်သို့ထွင်ခဲ့သည်ကို ပညာရှင်များ သုတေသီများ သဘောပေါက်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

တွေးကြော်ကြက်ဦးတွန် ၊ သန်းယံလွန်ဝယ်
အကျွန်သည် ၊ ကြာခြည်စက်ဘုံ၌
မပျော်ပိုက်၍ ၊ နိုးနိုက်တွင်

သုတ်သင်ရန်ကိုယ်လက် ၊ ပြင်သို့ထွက်ရင်း<br>
တံစက်မြိတ် ၊ ဒိမ်မိုးရိပ်၏အောက်မှ<br>
အာကာသသို့ ၊ ပန်းလျှစွာ<br>
မျှော်ကာကြည့်မိလျှင်၊ ရှုတ်ချည်းမြင်ခဲ့ ၊ နီကြွင်မျော<br>
အားလျော့ဟန်ညှိုး ၊ မိုးသောက်ကြယ်သည်<br>
တိမ်လယ်က ၊ လမ်းပြခေါ်ဆောင်နေ<br>
အရှက်မေ၏ ၊ ရှုပ်ရည်လှ<br>
ရွှပနီကာယ်ကို ၊ ဆီးယူကြိုလျက်<br>
နုပျိုသော ၊ မက်မောဖွယ်သွင်ပြင်<br>
ဆင်းကြွန်အင်နှင့် ၊ ကောင်းကင်ဝယ်<br>
တင့်တယ်စေချင်သား ၊ သူ့သက်ထားကို<br>
ကြီးစားညွှန် ၊ အားသွန်စောင့်မျှော်ကာ<br>
နေနှင့်ရှာ၏ ၊<br>
တာရာရယ်<br>
သင့်ဝယ်မှာမှုကား ၊ ကြီးစွာမှားပေ့ါ။

ဟူသောကဗျာဖြစ်သည်။ ကဗျာ၏အသံကိုကြားရလျှင်ပင် ကိုစောညိန်း၏ထွင်မှုတစ်ခုကို သတိထားမိကြပြီဟုထင်သည်။ ထိုကဗျာသည် လင်္ကာသဘောသက်ဝင်သော်လည်း လုံးရေယူပုံမှာ ၅၊ ၄၊ ၃၊ ဖြစ်ကာ ကာရန်ယူပုံမှာ ၅၊ ၃၊ ၁ အဖြစ် ဆန်းသစ်ထားသည်။

ဤကဗျာသည် အများစုရေးဖွဲ့ကြသည့် လေးလုံးစပ်လင်္ကာနှင့်လည်းမတူ၊ ရှင်မဟာရဋ္ဌသာရ ထွင်ခဲ့သော ထောင့်တဲတွန့်ကဗျာနှင့်လည်းမတူ၊ အခြားမည်သည့်ကဗျာနှင့်မျှမတူဟု ထင်ပါသည်။ ကိုစောညိန်း၏ကိုယ်ပိုင်စိတ်ကူးမှ ပေါ်ထွက်လာသောဖွဲ့နည်းသစ်ပင်ဖြစ်တန်ရာပါသည်။

ဤကဗျာသည် ပုံသဏ္ဌာန်သာ ဆန်းသစ်သည်မဟုတ်၊ အတွေးအမြင်လည်းဆန်းသစ်သည်ဟု ဆိုရပါမည်။ စာဆိုသည် ကြက်ဦးတွန်ချိန်၌ အိပ်မပျော်တော့သောကြောင့် အပြင်ထွက်ကာ တံစက်မြိတ်အောက်မှ အာကာသကို ပန်းလျှစွာမျှော်ကြည့်လိုက်ရာ နွမ်းလျှသော မိုးသောက်ကြယ်သည် လှပနုပျိုသော ဆင်းအင်နီကာယ် အလှကြွယ်သော အရှက်မေကို ကောင်းကင်မှပင် တင့်တယ်လှပစွာ စံပယ်နေနိုင်ပါစေဟု

တမ်းတဆုတောင်းနေရှာသည်။ ဤသို့ဆုတောင်းနေခြင်းမှာ မိုးသောက်တာရာ၏ မိုက်မှားမှုသာဖြစ်တော့သည် " ဟု ကဗျာဆရာကဆိုထားသည်။ ဤအဆိုကို ကြားနာရသူ ပညာရှင်သုတေသီတို့ ကဗျာဘာဝနာပွားကာ ခံစားနားလည်နိုင်ကြပါစေသတည်း။

အထက်တွင် တင်ပြဆွေးနွေးခဲ့သည့်အတိုင်း ကိုစောညိန်းသည် အသက်ငယ်ငယ်နှင့်ပင် ကဗျာဖွဲ့နည်းများကို ပိုင်နိုင်ထားခဲ့သည်။ "အောက်ချင်းရှင်အောက်၊ အုမှ ပေါက်သည်၊ တောင်ရောက်နှုနယ် သနားဖွယ်" ကိုဖွဲ့ဆိုသော မောင်ညို၊ "အို. . တဲ့ ဘယ် အိုတဲ့ သမီးတော် စနွော် လနုယ်ဝင်း" ကိုဖွဲ့ဆိုသော မောင်မောက်တို့ကို မတုနိုင်သော်လည်း အသက်ငယ်ငယ်နှင့် ကဗျာစုံဖွဲ့နိုင်ခြင်းကိုကား အသိအမှတ်ပြုကြရပါလိမ့်မည်။

"လွတ်တဲ့ငါး. . ကြီး" သည်ဟု ဆိုချင်ဆိုကြပါစေ၊ ကိုစောညိန်းသာ သက်တမ်းစေ့နေရပြီး စာကိုဆက်လက်ရေးသားခဲ့ပါလျှင် အဆင့်အတန်းမြင့်စာပေများ ပေါ်ထွက်လာမည်မှာ သေချာသည်ဟု ဆိုချင်ပါတော့သည်။

❑

၆။ <u>သီချင်းကဗျာများ</u>

စာတမ်းသည် အတော်ရှည်သွားပြီဖြစ်သဖြင့် ဤအပိုင်းကိုချုပ်၍ ဆွေးနွေးပါတော့မည်။ ဂီတရှုထောင့်က ဆွေးနွေးမည်မဟုတ်ဘဲ ကဗျာရှုထောင့်ကသာ ဆွေးနွေးပါမည်။

သီချင်းနှင့် ကဗျာသည် ခြားနားချက်များရှိသော်လည်း ခြုံ၍ဆိုရလျှင် သီချင်းသည် ကဗျာပင်ဖြစ်သည်။ ဤသို့ဖြစ်ကြောင်းကို ပါရမီခန်းပျို့စာဆို၊ ကိုးခန်းပျို့စာဆို၊ နေမိပျို့စာဆို၊ ရွှေဟသာမင်းပျို့ စာဆိုတို့ကို သာချင်း သည်များဟု အမည်ပေးခြင်းက သက်သေခံနေသည်။ ထို့အပြင် "တေးကဗျာ" ဟူသော စကား၊ "ဂီတစာဆို" ဟူသော စကားတို့ကို ကြည့်ခြင်းဖြင့်လည်းတေးသီချင်းသည် ကဗျာမျိုးဖြစ်ကြောင်း သိနိုင်ပြန်ပါသည်။

ကဗျာနှင့် သီချင်းတို့၏ အဓိကခြားနားချက်တို့ကား

၁။ ။ သီချင်းကို တူရိယာနှင့် တွဲဖက်ကာ စည်းဝါးတကျသီဆိုရသည်။

၂။ ။ ကဗျာ၏အနက်သဘောကို ဝိဘတ်တို့ဖြင့် ပိုင်းခြားတတ်သည်။

၃။ ။ ကဗျာတွင် စိတ်ကူးဉာဏ်သုံး၍ခံစားမှု အတွေးအမြင်များကို ပို၍

ဖော်ကျူးသည်။ သီချင်းတွင်မူ အသံအတွဲအဖက်ကိုပို၍ အားပြုသည်။ ဤသို့ အကြမ်းဖျင်းခွဲခြားနိုင်မည်ဟု ထင်ပါသည်။

ကိုစောညိန်း၏ သီချင်းတို့သည် ကဗျာများဖြစ်ကြသည်ဟု အထက်တွင်ပြောခဲ့သည်။ ဤသို့ပြောခဲ့သည်မှာ ယေဘုယျသဘောပြောခြင်းသာ ဖြစ်ပါသည်။ ယခုသီချင်းများကို ကဗျာရှုထောင့်က ကြည့်ရှုဆွေးနွေးလိုပါသည်။

ကိုစောညိန်း၏ သီချင်းများသည် ခံစားချက် မြိုင်မြိုင်မြက်မြက် ရှိလှသည်ကို နားဆင်ဖူးသူတိုင်း သိကြသည်။ ထို့အပြင် လှပဆန်းသစ်သည့်စိတ်ကူးများကိုလည်း သတိထားမိနိုင်ကြသည်။ ဤသို့ ခံစားချက်ပေါ်ခြင်း၊ စိတ်ကူးကောင်းခြင်းတို့သည် ကဗျာဆန်ခြင်းတို့ပင်တည်း။ သစ္စာရှင်သီချင်းပါ သစ္စာ၏အနက်ကို သစ္စာလေးပါးဟု ကောက်ယူတတ်ကြသည်။ ဤကောက်ယူချက်သာ အမှန်ဖြစ်ပါလျှင် နားဆင်သူတို့ကလည်း ဤသို့ခံစားရပါလျှင် အလွန်လေးနက်သည့် အဘိဓမ္မာကဗျာတစ်ပုဒ်အဖြစ် သဘောထားနိုင်သည်။ ကဗျာလည်းဆန်လှသည်။ ခေတ်စမ်းကဗျာတို့နှင့် ရင်ဘောင်တန်းနိုင်သော အတွေးအမြင် အတင်အစားပါ ကဗျာတစ်ပုဒ်ဟု ဆိုရလိမ့်မည်။ "မျှော်ရှာသူသပြေရွက်ကို ရေတွက်ပါလို့စောင့်ကာနေရှာမည်" ဟူသော စိတ်ကူးလည်း ကဗျာဆန်လှသည်ပင်။ 'ဆောင်းနတ်မယ်သီချင်း'တွင် ဆောင်းကို နတ်မယ်အဖြစ် အသက်သွင်းကာ ဆောင်းဘုရင်မလေးဟုလည်းခေါ်ပြီး နတ်မယ်၏အမူအရာကိုလည်း 'အကျီစယ်ကြမ်း'၊ အသက်ရှူမှားအောင် 'ကစားကာမြူတယ်' မူရာစုံကြွယ် ဟူသော စကားတို့ဖြင့် ဖော်ထုတ်ပြသည်။

"ယုန်စန္ဒာအား ရှုစားတော့ကွယ်လေ၊ ငွေလွှာစက်ဝိုင်း ထက်ပိုင်းပြတ်ကြွေ၊ မောင့်အသည်းလိုကွဲကာသာနေ" အဖွဲ့သည် ကဗျာဥာဏ်၊ ကဗျာစိတ်ကူးကောင်းခြင်း၏ သာဓကလည်းဖြစ်သည်။ လဆုတ်လဝန်းကြီး ယုတ်လျော့သွားသည်ကို "ငွေလွှာစက်ဝိုင်း ထက်ပိုင်းပြတ်ကြွေ" ဟုဖွဲ့သည့်အပြင် မောင့်အသည်းလည်း ဤသို့ပြတ်ကြွေရပုံကို နှိုင်းပြလေရာ စိတ်ကူးဥာဏ်မည်မျှလှသည်ကို ဤသာဓကဖြင့်ပင် ရိပ်စားမိနိုင်ပါသည်။

ကိုစောညိန်း၏စာပေတို့ကို သုံးသပ်စဉ်က ကိုစောညိန်းသည် ဝေါဟာရကြွယ်၍ ကာရန်နိုင်သည်ဟုလည်း ပြောခဲ့သည်။ ဤသဘောကို သီချင်းတို့တွင်လည်း ထင်ဟပ်နေသည်။ စကားလုံးလှလှများကို ဖောဖောသီသီရွေးချယ်ကာ စကားမြိုင်အောင် စပ်ဟပ်သုံးစွဲထားတတ်သည်။ ကိုစောညိန်းသည်ဂီတတွင် အသံကိုအလေးထားသလို သီချင်းစာသားကိုလည်း တန်းတူအရေးထားသည်။

ဂီတ၏စာသားအရေးပါပုံကို သူကိုယ်တိုင် ထုတ်ဖော်ခဲ့သောစာသား ရှိပါသည်။

> "မည်မျှသာယာငြိမ့်ညောင်းသော တီးကွက်အသံပင်ဖြစ်စေကာမူ သီချင်းစာသားမပါဘဲ အဓိပ္ပါယ်ပြည့်စုံနိုင်မည်မဟုတ်ချေ၊ လူ၏စိတ်ကိုလည်း များစွာဆွဲငင်နိုင်မည် မဟုတ်ချေ"

ဟု တိတိလင်းလင်းရေးထားသည်။ ထိုသဘောထားအတိုင်း ကိုစောညိန်း ကိုယ်တိုင် စာသားကို အထူးဂရုပြုသည်။ စာသားကိုလည်း အနက်ရရုံသက်သက်မဟုတ်ဘဲ ခံစားချက်ယိုစိမ့်လာအောင် စကားလုံးကို ထိထိမိမိရွေးချယ်သုံးစွဲသည်။ အဓိပ္ပါယ်နိုင်မာအားကောင်းစေရန် အနက်တူစကားလုံးများကို ထပ်သုံးတတ်သည်။ ဆောင်းနတ်မယ် သီချင်း၌ 'ကိုယ်စယ်'၊ 'ကစား'၊ 'မြူး'၊ 'အချစ်စမ်း'၊ 'မူရာစုံ' စကားတို့ကို အနီးကပ်ဖက်စပ်သုံးစွဲထားသည်ကိုကြည့်၍ သိနိုင်သည်။

အချို့နေရာများတွင် အနက်တူစကားများကို ပူးတွဲသုံးသည်မှာ များစွာထိရောက်သည်ကို တွေ့ရသည်။

"ခုလို ကြူသင်းမွှေးမှုဖြင့် တရေရေးမြင်မိ၊ တဆွေးဆွေး ဘဝင်မချည့်
နေထိသည့် မာလာနွယ်" စာသား၌ ကြူ၊ သင်း၊ မွှေးတို့ကို တွေ့နိုင်သည်။
ဆောင်းဦးဖို့သစ်၊ မူရာစုံကြွယ်၊ အချစ်စမ်းတာလား၊ သနားစေချင်တယ်"

စာသားတွင်လည်း 'ဦး၊ ဖို့၊ သစ်' တို့သည် အနက်တူလျက် အစပ်အဖက်ကောင်းသဖြင့် သောတနားကို လတ်ဆတ်စေသည်။ ပြီးတော့ ချိုမြိန်စေသည်။

ကြိယာတစ်လုံးချင်းကို တာသွားအောင် နေရာပေးထားသုံးထားသည်များကိုလည်း တွေ့နိုင်သည်။

> "ပြုံးမှာလေလား မိုးရဲ့ ဝိုးအောင်ခုပင်၊ အမှုန်မောင် ဖန်အားလေတဲ့ အင်"

စာသားပါ 'ပြုံး' ကြိယာ၊ 'ဝိုး' ကြိယာ၊ 'အင်' (နာမ်)တို့သည် တစ်လုံးချင်းနှင့် ထိရောက်သည့် ဝန်ကိုထမ်းထားကြသည်။ ခံစားမှုကိုအားကောင်းစေရန် တွန်းအားပေးထားကြသည်။ 'အင်' နာမ်သည် ကြန်အင်လက္ခဏာကို (ဝါ) အမှုအရာကိုပြနိုင်သည်။ ကျစ်လစ်လှသည်။

"အသည်းလွှာမြေဝယ်၊ အမြစ်ဖြာ ယှက်သွယ်၊ အချစ်ညာခက်ကာနွယ်"

တွင်ပါသည့် 'ခက်'

"မာလာပင်နန်း၊ ချစ်ပန်းပွင့်ဦးစအရွယ်" တွင်ပါသော 'ဦး'

"ချစ်တဲ့အရေးကို အပြေးစိန်သူရယ်" တွင်ပါသော 'စိန်'

"တိမ်တိုက်ရွှေပြောင်း၊ လေလျှင်လောင်းရာ" တွင်ပါသော 'လောင်း'

"ဆောင်းပေဟမန်လုတဲ့ နှင်းအုစရာသီ" တွင်ပါသော 'အု'

တို့သည် လုံးချင်းကြိယာအဖြစ် နေရာရွှေ့သုံးထားသဖြင့် သစ်နေသည်။

ကိုစောညိန်းသုံးထားသည့် နဘေထပ်ကာရန်များသည် တစ်ခါတစ်ရံ နရီသဘောလည်းဆောင်သည်။

"ရော်ရွက်ဝါတို့သက်ကြွေဆဲ၊ ဖော်နည်းသူမို့ မျက်ရည်ဝဲ" (နဘေထပ်)
ကိုယ့်ချစ်သူနဲ့ပေါင်းရန်ဝေးကာ၊ ထိုအသစ်လူနဲ့ အကြောင်းကံပေးလာ
(နဘေထပ်)
တရေးရေးမြင်မိ၊ တဆွေးဆွေး ဘဝင်မချည့်၊ နေထိသည့်မာလာနွယ်
(နဘေထပ်)
လွတ်အောင်သာရှောင်စမ်းပ၊ မောင်ဖမ်းယူ လှမ်းချူကာပွေ့မယ်(နဘေထပ်)
အချစ်စာခွေရယ်၊ မေတ္တာဂဟေသွယ်      (နဘေထပ်)၊
ပြေလည်းပြေဘဲ ကြွေသည်းကျွမ်းရလေအောင်      (နဘေထပ်)၊
ချူပေးသူဝေး၊ ပူဆွေးနှောင်ပြီ အစ်ကို အစရှိသည့် (နဘေထပ်)
တို့သည် စာဂုဏ်မြောက်စေသည့် အစီအကုံးများပင်ဖြစ်ပါသည်။

ခွါပြာညို၊ အနိုင်းစံပယ်၊ အပြေးစိန်သူ စကားတို့ကို ကိုစောညိန်းပင် စတင်သုံးလေရော့သလား စဉ်းစားကြည့်မိပါသည်။

"ဘယ်မာန်ပြိုးလေတယ်
ဘယ်ဝင့်ကြွေး တုံ့တင်ချေပြီထင်ခဲ့

မာလာကိုကွယ် နူးဆွတ်လို့ ဘုန်း၊ မောင်နမ်းသာမယ်" - အသုံးတို့သည် သာမန်စကားပြောတို့၌ မတွေ့နိုင်၊ စာဆိုအခွင့်ထူး(poetie license)အရ သုံးထားသော ဆန်းသစ်မှုများ ဖြစ်သည်။ ယတိပြတ်စပ်နည်းများ ပါဝင်နေသည်ကိုလည်း တွေ့နိုင်သည်။

ချစ်ကြည်ညိုရင်ဖိုနွေးကာ စကားစုတွင် ချစ်၊ ကြည်ညို၊ ရင်ဖို၊ နွေး ကြိယာတို့သည် ဂီတစာဆို၏ ခံစားချက်ကို အစုလိုက်၊ အပြုံလိုက် အန်ထုတ်လိုက်သလို ခံစားသိရှိနိုင်သည်။ ဤနည်းနှင့်နှင့်ဖြင့် စကားအလှ၊ အသုံးဆန်း၊ နဘောကာရန် စသည့် ကဗျာ့အင်္ဂါရပ်များကို သီချင်းတိုင်းမှာလိုလို တွေ့နိုင်သည်။ အောက်ဖော်ပြပါစာပိုဒ်ကလေးတစ်ခုကိုပင် နှားဆင်ကြည့်ပါ။

ဘုံ့မှုမှိုင်းဆန်း၊ ယုဂန်တွေမြနန်းမှ၊ ရွှေလှုံ့လျှပ်နွယ်ခွေကာ၊ မိလ္လာချပ်ဆင်၊
ဝေမင်မှောင်ပြာ၊ တိမ်တိုက်ရွှေပြောင်းလေလျှင် လောင်းကာ

ဟူသောအပိုဒ်ဖြစ်ပါသည်။ ကိုစောညိန်းသည် တေးသွားကိုသာဆန်းသစ်စေသည်မဟုတ်ဘဲ တေးသားကိုလည်း ဤသို့နှယ် ဆန်းသစ်ထူးခြားစေကြောင်း ထင်ရှားသိနိုင်လောက်ပါပြီ။

❑

၇။ <u>ခြုံငုံသုံးသပ်ချက်</u>

ကိုစောညိန်းသည် စာပေ၊ များများမရေးခဲ့သော်လည်း ဝတ္ထုစာညွှန့် (ပြဇာတ်) နှင့် ကဗျာအမျိုးမျိုး ရေးခဲ့ကြောင်း သူရေးခဲ့သော အဆိုပါ စာတို့သည် ထိပ်တန်းစာရင်းဝင် စာပေများဟု မဆိုနိုင်သော်လည်း အဆင့်အတန်းမနိမ့်သော စာများဖြစ်ကြောင်း သိနိုင်လောက်ပါသည်။ စာပေ၏အဓိက အင်္ဂါရပ်များဖြစ်သည့် အတွေးအမြင်၊ စိတ်ကူးစိတ်သန်းနှင့် ဘာသာစကား ကျွမ်းကျင်ကြွယ်ဝမှုတို့ကို သူ၏အနည်းငယ်သော စာပေထဲမှာပင်ပေါ်လွင်စွာ တွေ့နေရပါသည်။ ထို့ပြင် မရဏာမောင်းသံ ဝတ္ထုတစ်ပုဒ်ထဲမှာပင် ကိုစောညိန်း၏ကြွယ်ဝသော ဝတ္ထုပညာကို တွေ့ကြရပါသည်။ ကဗျာပါရမီဉာဏ်ထက်သန်ကြောင်းကိုလည်း သူ၏သီချင်းများက ပြောပြနေပါသည်။

ယခင်ပြောပြီးသောစကားကို ထပ်ပြောရပါလျှင် ကိုစောညိန်းသာ သက်တမ်းစေ့နေခွင့်ရခဲ့ပါလျှင် ထင်ရှားသောစာဆို၊ စာရေးဆရာတစ်ဦးဖြစ်နေမည်ဟု ပြောခွင့်

ရှိပါတော့သည်။

□

၈။ နိဂုံး

နိဒါန်းတွင် ကိုစောညိန်းနှင့် ကိုစောညိန်း၏ စာပေလက်ရာများကို နေရာမှန် ရောက်နိုင်ရန် အားထုတ်ပါမည်ဟု အစီရင်ခံခဲ့သည့်အတိုင်း ကိုစောညိန်း၏ စာပေလက်ရာများကို ဝတ္ထု ပြဇာတ်(စာညွှန်း) ကဗျာ၊ သီချင်းကဗျာဟူသော ကဏ္ဍ ၄-ရပ်ဖြင့် ပိုင်းခြားသုံးသပ်တင်ပြခြင်း၊ လက်ရေးစာမူများကို ခက်ခဲစွာ ဖတ်ရှုနားလည်သုံးသပ်ရခြင်းတို့ကြောင့်လည်းကောင်း၊ မအားမလပ်သည့်ကြားမှ အချိန်ကိုလုရ၍ရေးရခြင်းတို့ကြောင့်လည်းကောင်း စာတမ်း၌ မပြည့်စုံမှု၊ တိမ်းယိမ်းမှုများ ရှိကောင်းရှိနိုင်ပါသည်။ ကြွရောက်လာကြသည့် ဂီတပညာရှင်များ၊ စာပေပညာရှင်များ၊ သုတေသီများနှင့် ကိုစောညိန်း ချစ်သူတို့က ကွယ်လွန်သူ ဂီတပါရမီရှင် ကိုစောညိန်း၏ဂုဏ်ကို ဖော်ထုတ်လိုသောစေတနာဖြင့် ဤစာတမ်းကို ဖြည့်စွက်တည့်မတ်ပေးနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း အစီရင်ခံရင်း စာတမ်းကို နိဂုံးချုပ်ပါသည်။

ကျေးဇူးတင်ပါသည်။

အောင်နိုင် (တက္ကသိုလ်)

မှတ်ချက်

ဤစာတမ်းသည် ကိုစောညိန်းကွယ်လွန်ပြီး အနှစ်( ၅၀ )မြောက် ရွှေရတုအထိမ်းအမှတ်စာတမ်းဖတ်ပွဲတွင် တင်သွင်းဖတ်ကြားရန်ဖြစ်သော်လည်း စာတမ်းဖတ်ပွဲမကျင်းပဖြစ်ခဲ့သဖြင့် စာတမ်းကို ဤစာအုပ်တွင် ထည့်သွင်းဖော်ပြအပ်ပါသည်။

□

## ''ဂီတနက်သန် ကိုစောညိန်း စာစုစာရင်း ဇီဇဉ်ဒုံ''

ပြုစုသူ - ခင်နှင်းဦး၊ တင်ဆောင်

ဂီတနက်သန် ကိုစောညိန်း ရေးသားခဲ့သော ကာတွန်း၊ ဆောင်းပါးနှင့် ဝတ္ထုများ တင်ပြထားပါသည်။

ရှာဖွေတွေ့ရှိသမျှစာများကို စာအမည်(စာခေါင်းစဉ်)ဖြင့် က မှ အ ထိ အက္ခရာဝလီ စီထားပါသည်။ စောညိန်းအမည်နှင့် အခြားကလောင်အမည်များကို စာအုပ်၊ စာစောင်တွင် တွေ့ရသော စာလုံးပေါင်းအတိုင်း ဖော်ပြထားပါသည်။

**Annotation** အဆုံးတွင် ရေးသားသော စာ၊ ကာတွန်းနှင့်စပ်ဆိုင်သည့် ပညာရပ်ခေါင်းစဉ် ဖော်ပြပေးထားပါသည်။

ကိုစောညိန်းသည် စာများကို ကာတွန်းရုပ်စုံ သမာဓိသတင်းစာ၊ ဒီးဒုတ်ဂျာနယ်၊ လင်းယုန်နှင့် ရန်ကျော်ဂျာနယ်တို့တွင် ရေးသားခဲ့သည်ဆိုသော်လည်း လက်တွေ့တွင် ကာတွန်းရုပ်စုံနှင့် လင်းယုန်တွင်သာ တွေ့ရှိရပါသည်။

ကာတွန်းရုပ်စုံတွင် စောညိန်း(SN)၊ မောင်ကျွဘမ်း အမည်(၂)မျိုးဖြင့် ရေးဆွဲထားပါသည်။ အသုံးပြုခဲ့သော ကလောင်အမည်များအနက် မောင်ကျွဘမ်းနှင့် ကြယ်နီကိုသာ ကလောင်ခွဲအဖြစ် တွေ့ရပါသည်။ စောညိန်း၊ စောညိန်း(ဂီတနက်သန်)နှင့် စောညိမ်းရေးသားပုံ ၃မျိုးတွေ့ရှိရပါသည်။

□

## ဂီတနက်သန် ကိုစောညိန်း ( ဘဝဖြစ်စဉ်အကျဉ်း )

၁။ ၁၂၈၆ခုနှစ် နှောင်းတန်ခူးလဆန်း ၈ရက် အင်္ဂါ/ ၃၁. ၃. ၁၉၂၅ ရက်နေ့တွင် အဘ ဦးမောင်ကြီး + အမိ ဒေါ်တင်တို့မှ မြင်းခြံမြို့နယ်၌ မွေးဖွားခဲ့သည်။

၂။ ၂၁ လမ်း၊ ရန်ကုန်အနောက်ပိုင်း ဦးဘိုးဗေား မြန်မာကျောင်းတွင် သတ္တမတန်းထိ ကျောင်းနေခဲ့သည်။

၃။ အဋ္ဌမမှ ဒသမတန်းထိ သရက်တောကျောင်းတိုက်အတွင်းရှိ ဦးပရမ၏ တိုင်းရင်းဘာသာကျောင်းမှအောင်မြင်ခဲ့သည်။

၄။ ၁၄နှစ်တွင် ကဗျာစစပ်၊ ပန်းချီစဆွဲခဲ့သည်။

၅။ ၁၉၃၈ခုနှစ်တွင် ကာတွန်းရုပ်စုံစာစောင်ကပြုလုပ်သော ကာတွန်းပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည်။

၆။ ဒုတိယကမ္ဘာစစ်ဖြစ်လာစဉ် ခရမ်းမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

၇။ ခရမ်းတွင် ထုံငါလုပ်ငန်းနှင့်အသက်မွေးသူ ဦးငွေနိုးထံမှ ဟွန်းတယောတီးနည်း သင်ယူခဲ့သည်။

၈။ ဂျပန်ခေတ်တွင် အမှတ်(၁) ဦးဖိုးထူးလမ်း၊ ကြည့်မြင်တိုင်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

၉။ (ဘုံဝါဒ)ဦးအောင်စိန် တည်ထောင်၍ ရန်ကုန်ဘဆွေ ဒါရိုက်တာလုပ်သည့် ပြဇာတ်အဖွဲ့တွင် ကိုစောညိန်းကို ပါဝင်ခွင့်ပြုခဲ့သည်။
ခဝဲပွင့်ချိန်၊ တာဝန်၊ ကိုပေါ်၏ဂူနှင့် စစ်ပြန်ကြီး ပြဇာတ်များတွင် အရေးကြီးသော ဇာတ်ဆောင်နေရာများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။

၁၀။ ဒေးဒရဲမှ ဖျာပုံသို့ သွားရောက်ကပြခဲ့သည်။

၁၁။ ရဲဘော်မြလှိုင်၏ကူညီမှုကြောင့် ရန်ကုန်၊ ဗဟန်းရပ်ရှိ နေသူရိန်ရုံတွင် ဆက်လက်ကပြကြသည်။ "စစ်ပြန်ကြီး" ပြဇာတ်ကို ၂ရက်ကပြီးနောက် ပုလိပ်မင်းကြီးက တား၍ ပုလိပ်မင်းကြီးရုံးသို့ သွားရှင်းပြီး၊ တားမြစ်သောအခန်းများကို ပြင်ပေးရသည်။ ထိုပြဇာတ်ကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် လာရောက်ကြည့်ရှုခဲ့သည်။ စစ်ပြန်ကြီးတွင် သူကြီးသားစံမြင့်အဖြစ် ကိုစောညိန်း ပါဝင်သရုပ်ဆောင်ခဲ့သည်။

၁၂။ ၁၉၄၇ခုနှစ် ဦးညီညီ၏သမာဓိသတင်းစာတိုက်တွင် စာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ကာတွန်းရုပ်စုံဂျာနယ်တွင်လည်း ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

၁၃။ ၁၉၄၈ခုနှစ် ဇွန်လတွင် ကြည့်မြင်တိုင်၊ ပိတောက်တန်းသို့ ပြောင်းရွှေ့နေထိုင်သည်။

၁၄။ ၁၉၅၀ခုနှစ်တွင် ဆန်းသစ်စကာလပေါ် အငြော်တမ်းအဖွဲ့မှ ထုတ်လွှင့်သော သီချင်းများအနက် ကိုစောညိန်း၏ ဝသန်ခါဦး၊ ငွေဝန်းသော်တာ၊ ဆောင်းနတ်မယ်၊ နွေဦးသီချင်းများ ပါဝင်ခဲ့သည်။

၁၅။ ၁၉၅၀ခုနှစ်တွင် ဂီတနက်သန် အငြော်တမ်းအဖွဲ့ ဖွဲ့ခဲ့သည်။

၁၆။ ၁၉၅၀ ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူး၍ ကာဒေးရုံ၌ တင်ဆက်ကပြခဲ့သော "နတ်ရှင်နောင်" ပြဇာတ်အတွက် "နွေနှောင်းဝသန်" နှင့် "ရတုဘုရင်" သီချင်းများကို ကိုစောညိန်း ရေးစပ်ပေးခဲ့သည်။ နွေနှောင်းဝသန်သီချင်း အလွန်ကျော်ကြားသွားပြီး ခေတ်ပြားသွင်းခဲ့သည်။

၁၇။ ၁၉၅၂ခုနှစ်၊ ပြည်တော်သာညီလာခံတွင် ပြည်တော်သာသီချင်းရေးပြိုင်ပွဲ ကျင်းပခဲ့ရာ ကိုစောညိန်းပထမဆုရရှိခဲ့ပါသည်။

၁၈။ ကိုစောညိန်းရေးသားသော မရဏမောင်းသံဝတ္ထုကို ခေတ်မြင်စာပေတိုက်က (၁၉၅၀-၅၁)တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

၁၉။ တူရိယာဂီတအဖွဲ့ချုပ်အတွက် မြနဒီသီချင်းကို ရေးသားလှူဒါန်းခဲ့သည်။

၂၀။ "မိုးသက်လေနှင်" သည် နောက်ဆုံးရေးစပ်ခဲ့သော သီချင်းဖြစ်သည်။

၂၁။ ၃၁. ၁၀. ၁၉၅၂ရက်နေ့ ၁၃၁၄ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ရက် သောကြာနေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။

၂၂။ ၂. ၁၁. ၁၉၅၂ ရက်နေ့တွင် ကိုစောညိန်းကို သင်္ဂြိုဟ်ခဲ့သည်။

❑

## ဂီတနက်သန် ကိုစောညိန်း စာရင်း

၁။ ကိုစောညိန်း၏သီချင်းများ ၊ ဂီတနက်သန်ကိုစောညိန်း၊ ရန်ကုန်မြန်မာနိုင်ငံ
စာပေ ပြန့်ပွားရေးအသင်း ၁၉၇၉၊ စာ-၂၃၄-၁၆၄၊
ကိုစောညိန်းရေးစပ်ခဲ့သော သီချင်း (၃၈)ပုဒ်ကို ဖော်ပြထားသည်။

၂။ "ခေါင်းစဉ်မဲ့ကာတွန်း"၊ ရေးသူမောင်ကျဘမ်း၊ ကာတွန်းရုပ်စုံ၊ အတွဲ-၂
အမှတ်-၁၂ (ဩဂုတ် ၁၉၄၆) စာ-၂၁၊
နိုင်ငံရေးသရော်ကာတွန်း၊

၃။ " - - - - - "၊ ရေးသူ စောညိန်း၊ - - - - -၊ အတွဲ-၂ အမှတ်-၁၃၊
(စက်တင်ဘာ ၁၉၄၆) စာ-၅၊
စက္ကူဖြူစာတမ်းကို သရော်သည့်ကာတွန်း၊

၄။ " - - - - - " ရေးသူ မောင်ကျဘမ်း၊ - - - - -၊ အတွဲ-၂ အမှတ်-၁၃၊
(စက်တင်ဘာ ၁၉၄၆) စာ-၄၀၊
နိုင်ငံရေးသရော်ကာတွန်း၊

၅။ " - - - - - " ရေးသူ စောညိန်း၊ - - - - -၊ အတွဲ-၂ အမှတ်-၁၄၊
(အောက်တိုဘာလ ၁၉၄၆) စာ-၁၅၊
နိုင်ငံရေးသရော်ကာတွန်း၊

၆။ " - - - - - "၊ - - - - -၊ - - - - -၊ အတွဲ-၂ အမှတ်-၁၄၊
(အောက်တိုဘာလ ၁၉၄၆) စာ-၁၇၊
တစ်ဦးပေါ်တစ်ဦးအသာစီးရလိုသည့် လူ့သဘာဝကို သရော်သည့်ကာတွန်း၊

၇။ " - - - - - "၊ - - - - -၊ - - - - -၊ အတွဲ-၂ အမှတ်-၁၄၊
(အောက်တိုဘာလ ၁၉၄၆) စာ-၂၉၊
ဝန်ထမ်းလောက သရော်ကာတွန်း၊

၈။ ဂီတဘုံနန်း ၊ ရေးသူ စောညိန်း(ဂီတနက်သန်)၊ ရန်ကုန်၊ မြန်မာနိုင်ငံ
စာပေပြန့်ပွားရေးအသင်း၊ ၁၉၇၉၊ စာ ၅၂-၅၄၊
"စိတ်ကစောသည် - - - - - " အစချီကဗျာ၊ လေးလုံးစပ်ကဗျာဖွဲ့နွဲ့ပုံ
နမူနာ ရေးစပ်ပြသောကဗျာ၊

၉။ "စာပေသစ်ပြဿနာ" ရေးသူစောညိန်း၊ ဂီတနက်သန်ကိုစောညိန်း၊ ရန်ကုန်၊
မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ ၁၉၇၉၊ စာ ၇၄-၈၃၊

ဂီတ၊ စာပေဆန်းသစ်မှု၏အဓိကအနှစ်သာရကို ရေးသားသည်။ ဆောင်းပါး။

၁၀။ "စာမဲ့ကာတွန်း" ၊ - - - - - ။ ကာတွန်းရုပ်စုံ၊ အတွဲ-၂ အမှတ်-၁၅၊
(နိုဝင်ဘာ ၁၉၄၆)၊ စာ-၁၀။
နိုင်ငံရေးသရော်ကာတွန်း။

၁၁။ "ဆင်မဖြင်ဘူးသော အဒေါ်ကြီးနှင့် မောင်ကျဘမ်း" ၊ ရေးသူမောင်ကျဘမ်း၊
ကာတွန်းရုပ်စုံ၊ အတွဲ-၂ အမှတ်-၁၆၊ (ဇွန် - ၁၉၄၇) စာ-၂၇။
နိုင်ငံရေးသရော်ကာတွန်း။

၁၂။ "ဆောင်းနေ့အလွမ်း" ၊ ရေးသူစောညိန်း။ ဂီတနက်သန်ကိုစောညိန်း၊ ရန်ကုန်၊
မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ ၁၉၇၉။ စာ ၅၀-၅၁။
"ဝင်းနေနီတျာ" အစချီရတု။

၁၃။ "တတိယသဝဏ်လွှာ" ၊ ရေးသူစောညိန်း(ဂီတနက်သန်)။ ဂီတနက်သန်ကို
စောညိန်း၊ ရန်ကုန်၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ ၁၉၇၉။
စာ-၈၄-၁၀၈။
ဖက်ဆစ်တော်လှန်ရေးသမိုင်းနောက်ခံဝတ္ထုတို။

၁၄။ "တစ်ပွင့်ထဲသာဖြစ်ပေမယ့်" ၊ ရေးသူစောညိန်း။ ဂီတနက်သန်ကိုစောညိန်း၊
ရန်ကုန်၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ ၁၉၇၉။ စာ-၅၇-၆၅၊
အချစ်အကြောင်းကို လူတို့ကိုယ်စား၊ တိရစ္ဆာန်လေးများ ဆွေးနွေးဖလှယ်ဟန်
ရေးသားထားသည်။ စာညွှန်း၊

၁၅။ "နိုင်ငံရေးသမား" ၊ ရေးသူစောညိန်း။ ကာတွန်းရုပ်စုံ အတွဲ-၂ အမှတ်-၁၅၊
(နိုဝင်ဘာ ၁၉၄၆) စာ-၄။
နိုင်ငံရေးသရော်ကာတွန်း။

၁၆။ "မတင်သာသည်" ၊ ရေးသူစောညိန်း(ဂီတနက်သန်)။ ဂီတနက်သန်ကိုစော
ညိန်း။ ရန်ကုန်၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ ၁၉၇၉။ စာ-၅၅-၅၆။
"ဘယ်ဆုတောင်းဆက် - - - - - " အစချီကဗျာ။ အချစ်ဘွဲ့ကဗျာ။

၁၇။ မရဏာမောင်းသံ၊ ရေးသူစောညိန်း။ ရန်ကုန်၊ ခေတ်ပြင်စာပေ (၁၉၅ -)
၉၉စာ၊ ၁၈စင်တီ(ခေတ်ပြင်စာစဉ်အမှတ်-၅)။
သိပ္ပံဝတ္ထုတစ်ပုဒ်ဖြစ်သည်။
" - - - - - " ၊ ရေးသူစောညိန်း။ ဂီတနက်သန်ကိုစောညိန်း။ ရန်ကုန်၊
မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ ၁၉၇၉။ စာ-၁၁၄-၂၃၃။

" - - - - - "၊ ရေးသူ ဂီတနက်သန်ကိုစောညိန်း။ တတိယကြိမ်ပုံနှိပ်ခြင်း။ ရန်ကုန်၊ ကွာလတီစာပေ၊ ၂၀၀၁။ ၁၅၃စာ၊ ၁၆စင်တီ(**Quality Publishing House** စာအုပ်အမှတ်-၃၂)။

၁၈။ "မိဘနှစ်ပါးထံသို့ပေးစာ"၊ စောညိန်း။ ဂီတနက်သန်ကိုစောညိန်း၊ ရန်ကုန်၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ ၁၉၇၉။ စာ-၄၄-၄၆။
ပေးစာ။

၁၉။ "မိုးနေ့အလွမ်း"၊ ရေးသူစောညိန်း။ ဂီတနက်သန်ကိုစောညိန်း။ ရန်ကုန်၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ ၁၉၇၉။ စာ-၄၇-၄၉။
"တာရာမှေးလျှက် - - - - - " အစချီရတု။

၂၀။ "မောင်ဖိုးလှိုင်သို့မြန်စာ"၊ ရေးသူစောညိန်း(ဂီတနက်သန်)။ ဂီတနက်သန်ကိုစောညိန်း။ ရန်ကုန်၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ ၁၉၇၉။ စာ-၆၆-၇၁။
ရေနံ့သာကိုဖိုးလှိုင်ဖြစ်လာမည့် မောင်ဖိုးလှိုင်ထံပေးစာ။

၂၁။ "မြန်မာဂီတပြန်လည်ထူထောင်ရေးနှင့် အတွေ့အမြင်သစ်များ"၊ ရေးသူ ဂီတနက်သန်ကိုစောညိန်း။ လင်းယုန်၊ အတွဲ-၃၊ အမှတ်-၁၊ (မတ်လ ၁၉၅၁) စာ-၂၂၊၄၄၊၄၆။
ဂီတနက်သန်ကိုစောညိန်း၏ မြန်မာ့ဂီတပြန်လည်မြင့်မားတိုးတက်နိုင်ရေး အတွေးအမြင်သစ်ဆောင်းပါး။

၂၂။ "ယနေ့မြန်မာဂီတ"၊ ရေးသူစောညိန်း(ဂီတနက်သန်)။ လင်းယုန်။ အတွဲ-၁၊ အမှတ်-၃၊ (၁. ၉. ၁၉၅၀) စာ-၁၆၊ ၂၆။
တိုးတက်သောဂီတဟူသည့် အယူအဆနှင့်စပ်လျဉ်း၍ မြန်မာဂီတလောကတွင် အုပ်စုများကွဲပြားနေပုံ အမြင်မတူကြပုံများကို ရေးသားဖော်ပြထားသည်။
ဆောင်းပါး။

၂၃။ "ရဲဘော်ဘယ်ခြေမြောက်"၊ ရေးသူစောညိန်း။ ကာတွန်းရုပ်စုံ၊ အတွဲ-၂ အမှတ်-၁၄၊ (အောက်တိုဘာ ၁၉၄၆)၊ စာ-၄။
နိုင်ငံရေးသရော်ကာတွန်း။

၂၄။ "သူဟာနဲ့သူတော့ ဟုတ်-တုတ်တုတ်"၊ ရေးသူမောင်ကျဘမ်း။ ကာတွန်းရုပ်စုံ အတွဲ-၂ အမှတ်-၁၁၊ (ဇူလိုင် - ၁၉၄၆)၊ စာ-၃။
နိုင်ငံရေးသရော်ကာတွန်း။

□□□

" ဂီတနက်သန် ကိုစောညိန်း"

- အသက် ၁၄ နှစ်ကပင် ကာတွန်းပြိုင်ပွဲတွင် သုံးကြိမ်တိုင် ပထမဆုရခဲ့သူ ကာတွန်းဆရာ၊ ပန်းချီဆရာကလေး မောင်စောညိန်း။

- သမာဓိသတင်းစာတွင် စာပေလုပ်သားတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ရသည့် သတင်းစာဆရာ ကိုစောညိန်း။

- ဖက်ဆစ်တော်လှန်ရေးအပြီးတွင် ဒေးဒရဲမြို့သို့ ရောက်လာသည့် သိုင်းဆရာလေး စောရန်နိုင်၊

- တာဝန်၊ ကိုပေါ်၏ဂူ၊ စစ်မြန်၊ တေးချိုချို ပြဇာတ်များတွင် ဇာတ်ဆောင်လုပ်ခဲ့သူ ကိုစောနိုင်၊

- "မရဏာမောင်းသံ" သိပ္ပံဝတ္ထုအပြင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ စာညွှန်း အမြောက်အမြားကို ကြယ်နီ၊ စောနိုင်၊ လှဲလှဲဝင်း၊ စောနွဲ့၊ စသည့် ကလောင်ခွဲများဖြင့် ရေးသားသွားသည့် စာရေးဆရာလေး ကိုစောညိန်း။

- မြန်မာ့ဂီတနယ်ပယ်တွင် လှေကြီးထိုးထိုး ရှိုရှိုဟူသော အလိုက်စာဆိုမဟုတ်ဘဲ မြန်မာ့မှု၊ မြန်မာ့ဟန်မပျက်၊ ဆန်းသစ်သောတေးသွား စာသားများဖြင့် လိုင်းသစ်တွင်ခဲ့သော ဂီတစာဆို ဂီတနက်သန် ကိုစောညိန်း။

- ယနေ့တိုင် မမေ့နိုင်သေးသည့် တစ်ခေတ်တွင် တစ်ယောက် ပေါ်ပေါက်ခဲ့သူ ပါရမီရှင် ဂီတနက်သန် ကိုစောညိန်း။

□□□